မှော်ဘီမြို့

ရဟန္တာပုဂ္ဂိုလ်ထူးဟု ကျော်ကြားခဲ့သော

# မူလသဲအင်းဂူဆရာတော်ဘုရားကြီး

## ဘဒ္ဒန္တဥက္ကာဌမထေရ်

၏

# (ထေရုပ္ပတ္တိကထာ)

## သဲအင်းဂူ ပဋ္ဌိပတ္တိ သာသနာ

(ပထမတွဲ)

ဦးပညာဇောတ (သဲအင်းအကာလိကော)
ပြန်ရပ်ပြန်စဉ်မှတ်တမ်းများစုဆောင်းရေးသား၍
ဆရာဓမ္မပါလနှင့်ယောဂီအဖွဲ့မှ
အနီးကပ်ကြီးကြပ်တည်းဖြတ်ပူဇော်သည်။

# မျက်နှာဖုံးအဓိပ္ပာယ်ဖွင့်ဆိုချက်

၁။ **အလွန်ကျယ်ဝန်းသည့် သမုဒ္ဒရာရေပြင်ကြီး –**
ကမ်းမမြင်၊လမ်းမမြင်၊ ရှည်လျားထွေပြားကြောက်မက်ဖွယ်ရာ ဘဝသံသရာ ဒုက္ခကို ဆိုလိုပါသည်။

၂။ **နေရောင်ခြည်နှင့် ကြည်ကြည်လင်လင် အာကာသဟင်းလင်းပြင် –**
အကြင်သူသည်မဟာသတိပဋ္ဌာန်လမ်းစဉ်အရ လုံ့လဝီရိယရှေ့ထား၍တရားအားထုတ်ပါက–
အဝိဇ္ဇာတည်းဟူသော အမှောင်ထုကို ဖြိုခွင်းပြီး ဝိဇ္ဇာဉာဏ်အလင်းရောင်ကို ရရှိလာပါလိမ့်မည်။
ရှည်လျား ထွေပြားသည့် ဘဝသံသရာ ဝဋ်ဒုက္ခမှ ကျွတ်လွတ်ပြီး ဤမှာဘက်ကမ်းမှထိုမှာဘက်ကမ်းတည်းဟူသော နိဗ္ဗာန်ရွှေပြည်မြတ်သို့ ကေန်မုချ ဆိုက်ရောက်နိုင်မည်ဖြစ်ကြောင်းကို သရုပ်ဖော်ထားပါသည်။

၃။ **ဓမ္မာသန ပလ္လင်တော်ကြီး–**
သဲအင်းဂူ–အရိယာဓမ္မာရုံကြီးအတွင်း၌ ဝင်းဝင်းတောက်ပြောင်လျက်(၂၂)ပေ အမြင့်ရှိသောဓမ္မာသန ပလ္လင်တော်ကြီးရှိပါသည်။ ကျေးဇူးရှင်မူလသဲအင်းဂူ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားမရှိစေကာမူ ဤဓမ္မာသန ပလ္လင်တော်မှဆရာတော်ဘုရားကြီးက ယနေ့တိုင်တရားပြသနေသည့်အလား မူလအသံအတိုင်း ကြည်ကြည်လင်လင် ပီပီပြင်ပြင် အသံသွင်းထားသော တိတ်ခွေများမှတစ်ဆင့် ကြားနာနိုင်ပါသည်။
သဲအင်းဂူဆရာတော် အလောင်းအလျာကဲ့သို့ အချိန်မီသတိသံဝေဂရပြီး မဟာသတိပဋ္ဌာန် တရားတော်အတိုင်း တရားအားထုတ်နိုင်ပါလျှင် အရိယာသူတော်ကောင်းဘဝသို့ အမှန်မုချရောက်နိုင်ပါသည်။ သဲအင်းဂူဆရာတော် အလောင်းအလျာသည် **(လူသေလျှင်သေ မသေလျှင် ကိလေသာသေ)** တည်းဟူသော စိတ်ဓါတ်ဖြင့် (၂) လတိုင်တိုင် တရားအားထုတ်တော်မူ၍ သစ္စာလေးပါး တရားထူးကိုရရှိသဖြင့် ဤဓမ္မာသနပလ္လင်တော်ကြီးသည် ရွှေရောင်တဝင်းဝင်းဖြင့် ထင်လင်းစွာပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်ထူးဟု ကျော်ကြားခဲ့သော

မော်ဘီမြို့

# မှူလသဲအင်းဂူဆရာတော်ဘုရားကြီး

# ဘဒ္ဒန္တဥက္ကာဋ္ဌမထေရ်

၏

# ထေရုပ္ပတ္တိကထာ

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် ၂၈၆/၉၉ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၁၁/၉၉ (၇)

မျက်နှာဖုံးအတွင်းဒီဇိုင်းနှင့်ကာလာခွဲ
Sunn Scanner

ပုံနှိပ်ခြင်း
၁၉၉၉ ဇွန်လ
အုပ်ရေ ၂၀၀၀

ထုတ်ဝေသူ
ဦးမြသန်း
အသိုင်းအဝိုင်းစာပေ
၃၅/ဇွဲစုံရပ်ကွက်၊ ကမ္ဘာအေး

ခွင့်ပြုချက်အမှတ်
၀၁၅၀

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးဝင်းရှိန်

မြရည်သန္တာအော့ဖ်ဆက်
(၀၅၅၉၆)
၄၁၊ ရွှေလှိုင်လမ်း၊ ကြည့်မြင်တိုင်ညဈေးအနီး၊ ရန်ကုန်မြို့။

# ကျေးဇူးတင်ရှိခြင်း


ကျေးဇူးရှင် သဲအင်းဂူ ဆရာတော်ဘုရားကြီး ခန္ဓာဝန် ချပြီးသည်မှစ၍ ရေတွက်လျှင် (၂၇)နှစ် ကျော်ကြာမှသာလျှင် ပြည့်စုံကျနပ်ဖွယ် ကောင်းမွန်သော သဲအင်းဂူ ထေရုပ္ပတ္တိ-ကထာ စာအုပ်(ပထမတွဲ) ထွက်ပေါ်လာခဲ့ပါသည်။ ဤစာအုပ် ဖြစ်မြောက်စေရန်အတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော သဲအင်း ယောဂီ အပေါင်းတို့အား မှတ်တမ်းတင်အပ်ပါသည် -

- ✧ ထောက်ကြံ့တောရကျောင်း ဆရာတော် (ဆရာ -ဓမ္မပါလ) နှင့်သဲအင်းဂူ ကမ္မဋ္ဌာန်းတိုက်မှ သံဃာတော်များ။
- ✧ သဲအင်းဂူဥပဋ္ဌာကအဖွဲ့ကြီး၏နာယကကြီးများ၊ ဥက္ကဋ္ဌကြီး၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ယောဂီများ။
- ✧ သီလရှင်ဆရာကြီးဒေါ်စန္ဒမာလာ(ဒေါ်ထိပ်တင်စု) သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီး၊ ဆရာလေးများနှင့် ကမ္ဘာလှည့် ဒေါ်တင်တင်စိန်။
- ✧ သဲအင်းယောဂီ (ဦးမြဟန်)ဒေါ်သိန်းမြင့်မိသားစု၊ ထိုင်ဝမ်နိုင်ငံမှ ကိုမောင်ကြီး မိသားစု၊မအေးအေးမူမိသားစု၊ မစောဟုန်မိသားစု၊ Dr. မောင်ထွေးမိသားစု။
- ✧ ဦးစံထွန်းကျော်(ရခိုင်)၊ဦးစံကျော်သာ(ဦးပိန်)၊ ဦးသန်းထွန်း(အကောက်ခွန်ငြိမ်း)၊ ရန်ကင်းမိုးကောင်းသဲအင်းယောဂီဟောင်းများ၊ရုပ်ရှင်သရုပ်ဆောင်ဦးအေးကြူ
- ✧ တာမွေမြို့နယ်မှ သဲအင်းယောဂီ မလှလှငွေး မိသားစု၊ မသိမ့်သိမ့်အေး နှင့် ညီအစ်မများ၊ မကေသီ၊မထားထားအေး၊ မမျိုးမျိုး၊မနန္ဒာ၊ (စံပြပရိဘောဂ) ဒေါ်မြင့်မြင့် မိသားစု။
- ✧ ဦးအေးကိုနှင့်ယောဂီများ၊ အရက်ဦး ကွန်ပျူတာ မိသားစု၊ ဆရာဦးဝင်းရှိန် (မြရည်သန္တာ အော့ဖ်စက်) မိသားစု၊ ဒေါ်မာမာဘို (မြန်မာ့သစ်လုပ်ငန်း ရုံးချုပ်-အလုံ)၊ ဦးမောင်မောင်မြင့် (ဒါရိုက်တာ ကောင်းမြတ်ကုမ္ပဏီ) ။
- ✧ ဒေါ်ခင်စောသန့်နှင့်တူ ကိုအောင်မင်း။
- ✧ ဦးတင်လှိုင်၊ ဒေါ်ခင်သောင်း ။
- ✧ ဦးခင်မောင်ညွန့် ( မီးရထားရုံပိုင် ) ။

သဲအင်းဂူ ထေရုပ္ပတ္တိကထာနှင့် ပတ်သက်၍ ဆက်သွယ်လိုပါက

- ★ မှော်ဘီသဲအင်းဂူ- ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဖုန်း- ၆၂၀၀၁၉၊ ၆၂၀၃၁၄
- ★ ဦးအေးဟန် ၁၂၂၊ ရွှေဘုံသာလမ်း၊ ရန်ကုန်၊ ဖုန်း- ၂၈၆၉၀၂၊၂၄၁၀၈၂၆
- ★ ဦးဘိုမိသားစု၊ ၁၆- သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။





ဘဒ္ဒန္တ ဝါယမ သက်တော်ရှည်မဟာထေရ်
မှော်ဘီမြို့၊ သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓါနမဟာနာယက



**ဘဒ္ဒန္တဝါယမ သက်တော်ရှည်မဟာထေရ်**

**မှော်ဘီမြို့ သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓါနမဟာနာယက**

**(အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ) ၏**

## ဥယျောဇနကထာ

❊❊❊

သဲအင်းဂူတပည့်ယောဂီများ၏ အလိုဆန္ဒနှင့်အညီအာဒိကမ္မိကမူလသဲအင်းဂူ ဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိကထာ အပြည့်အစုံပေါ်ထွက် သင့်တာမှန်ပါသည်။ သိလည်းသိလိုကြသည်။ မေးလည်း မေးနေကြသည်။ ဆရာတော်ကြီး ခန္ဓာဝန်ချတော်မူသွားသည်မှာပင် (၂၅)နှစ်ကျော်ခဲ့ပြီးပြီ။

မြန်မာနိုင်ငံပြည်တွင်းမှာရော ပြည်ပမှာပါ မဟာသတိပဋ္ဌာန်လမ်းစဉ် မဂ္ဂင်အကျင့်ထေရဝါဒပဋိပတ္တိသာသနာတော်အရှည် **တည်တံ့ထွန်းကားပြန့်ပွားရေးလုပ်ငန်း**သည် ယနေ့အလွန် အရေးကြီးနေပေသည်။ **ရောက်ရာ၊ ပေါက်ရာ၊ သန်ရာဘက်မှ** သာသနာ့ စိတ်ထားဖြင့်ပံ့ပိုးကူညီလုပ်ဆောင်သွားကြမှ **တော်မည်။**

**အထူး**သဖြင့် ဆရာတူတပည့်ဖြစ်သော အရှင်ဓမ္မရက္ခိတ (ထောက်ကြန့် **တောရကျောင်းဦး**ဆရာတော်)က "ဆရာတော်ဘုရား - သဲအင်းဂူကျင့်နည်း၊ ဝိပဿနာ လမ်းစဉ်မှန်**တို့**ကို ကျကျနန ဂဃနဏ ကျမ်းစာ တစ်အုပ်တစ်ဖွဲ့ပြုစု၍ ဖေါ်ထုတ်ရန် အချိန်ရောက်ပါပြီ" ဟု ဆန္ဒပြုလျှောက်ထားလာသည်။

မကြာသေးမီ နှစ်များမှလည်း တိုက်တွန်းခဲ့ဖူးသည်။ ယခုလည်းတိုက်တွန်းပါ သည်။ ရေးကြပါ၊ ပြုစုကြပါ။ သဲအင်းဂူဆရာတော်ဘုရားကြီးကိုသိမီလိုက်ပြီးစုဆောင်း မှတ်တမ်းပြုမှုအား ကောင်းသော အဂ္ဂာလိကမောင်ဘို (သံဝေဂ- ဦးပညာဇောတ- သဲအင်း)၏မှတ်စုမှတ်တမ်းများအပြင် ထိုထိုသိမီလိုက်သော သုတဂဝေသီယောဂီများ မှ ရနိုင်သမျှ စုဆောင်းရေးသားပြုစု တည်းဖြတ်ထုတ်ဝေကြရန် ခွင့်ပြုတိုက်တွန်းခြင်း ဥယျောဇဉ်ဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်လိုက်သည်။

**ဘဒ္ဒန္တဝါယမ**
**သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်**
**နှောကုန်းရွာ၊ မှော်ဘီမြို့။**

✧✧✧

## သဲအင်းဂူထေရုပ္ပတ္တိကထာ - သဲအင်းဂူပဋိပတ္တိသာသနာ

## ပဏာမ

***

**"ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော"** ဟူသော ကျမ်းဂန်လာစကားရှိပါသည်။ "ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို သိအပ်၏"ဟု ညွှန်းဆိုပါသည်။ အလေးဂရုပြုအပ်၏။ ဆည်းကပ်မှီခို အရိုအသေပြုကာ ပူဇော် အပ်၏ဟု ဆိုလိုပါသည်။

မှန်သည်။ ရဟန္တာပုဂ္ဂိုလ်ထူးဟု ဥက္ကောဋ္ဌေယျ ထင်ပေါ်ကျော်ကြားခဲ့သော သဲအင်းဂူဆရာတော်ဘုရားကြီးသည် ပဋိပတ္တိသာသနာတော်ဝင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် စာရင်းတွင် တစ်ပါးအပါအဝင်ဟု ဆိုရပါမည်။ အကြောင်းဆိုရသော် သဲအင်းဂူ ဆရာတော်သူမြတ်ကြီး၏ ဖြစ်ရပ်ဖြစ်စဉ် အကျင့်တရားလမ်းစဉ်သည် "မှန်ကန်ပါ ပေသည်၊ ထူးပါပေသည်၊ တိကျပြတ်သားလှပါပေသည်" ဟု သူတော်ကောင်းဓလေ့ တရားကျင့် သုံးမွှေ့ပျော်သူတို့၏ လောက၌ မအုံ့ဩ မချီးကျူးဘဲ မနေနိုင်လောက်အောင် **"ရဟန္တာပုဂ္ဂိုလ်ထူး"** ဟု အထူး သတင်း ဂယက်ရိုက်ခဲ့ကြသောကြောင့် ဖြစ်သည်။

သဲအင်းဂူမထေရ်သူမြတ်၏ အကျင့်ပဋိပတ် သာသနာဝင်အကြောင်းတို့ကို တရားထူးဖွေရှာသူတိုင်း သိသင့်သိထိုက်၏။ ဘာဝနာကုသိုလ်တို့ကို ဆည်းပူးနေသူ တိုင်း လေ့လာသင့်လေ့လာထိုက်၏။ ဘုရားတရား သံဃာ၊ ရတနာမြတ်သုံးပါးအား ကြည်ညိုသဒ္ဓါစိတ် ယိုဖိတ်သူတိုင်း ပူဇော်သင့်ပူဇော်ထိုက်ပါပေ၏။ ပုဂ္ဂလဝိသေသ - ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်သောကြောင့်(ဝါ) ပုဂ္ဂိုလ်ထူး-ပုဂ္ဂိုလ်မြတ်၌ တရားထူး၊ တရားမြတ် တည်ရှိပြီး ရရှိပြီး ဖြစ်သောကြောင့်ပါတည်း။

## မျှော်တလင့်လင့် တရားစန္ဒာလမင်း

◆◆◆

သဲအင်းဂူဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိကထာ ထွက်ပေါ်လာသင့်သည် မှာကြာပါပြီ။ ခန္ဓာဉာဏ် တွေ့တရားစစ်တရားမှန်ကို ဖွေရှာလေ့ရှိကြကုန်သော ယောဂီ သူတော်ကောင်းတို့၏ ကမ္မဋ္ဌာန်းလောက၌ "သဲအင်းဂူ တရားနည်းက ဘာနည်းလဲ ဘယ်လိုလဲဘာလဲ"ဟု မေးကြ၊ တွေးကြ၊ ရေးကြ၊ ဆွေးနွေးကြနှင့် - တရားလှိုင်း ဂယက် ထခဲ့ကြသည်၊ မျှော်တလင့်လင့်လည်း စောင့်စားခဲ့ကြသည်။

ယနေ့သော် မျှော်လင့်တမ်းတရကျိုး နပ်ကြပေတော့မည်။ ကမ္ဘာဦးကာလက အမှောင်ကျနေ ကြသော လူသားတို့သည် ညအမှောင်ကိုခွင်းသော လအရောင်ကို လိုလားတမ်းတကြသည့် အာသာဆန္ဒအရ (စန္ဒာ) လမင်းကြီးပေါ်ထွန်းလာဘိအလား သဲအင်းဂူ"ထေရပ္ပတ္တိကထာသဲအင်းဂူပဋ္ဌိပတ္တိသာသနာကျမ်းစာအုပ်ကြီးကားပေါ်ထွန်း လာခဲ့ပါပြီ။

## ကလျာဏ မိတ်ဆွေကောင်း ဆရာကောင်းလိုပြီ

◆◆◆

"ပုဂ္ဂိုလ်ခင်မှ တရားမင်သည်၊ တရားခင်မှ ပုဂ္ဂိုလ်မင်သည်" ဟူသော လူ အဘိဓမ္မာသဘောတရားတစ်ခုရှိပါသည်။ ပုဂ္ဂိုလ်နှင့် တရားဟူသည်မှာလည်း တည်ရာ နှင့် မှီရာပကတိနှင့် အဆင်တန်ဆာ၊ အကြောင်းနှင့် အကျိုး ဆက်နွယ်နေသည် မဟုတ်ပါလား။ ။

ကလျာဏမိတ်ဆွေကောင်း (ပုဂ္ဂိုလ်)ကို ခင်မင်ကြည်ညိုရသည်မှာ တရား ကောင်းကိုပင် ရသောကြောင့်ဖြစ်သည်။ တရားကောင်း၊ တရားစစ်တရားမှန်ကို သင်ကြားကျင့်သုံးခွင့်ရရှိခြင်းမှာလည်း ကလျာဏမိတ်ဆွေကောင်း ပုဂ္ဂိုလ်သူမြတ်တို့၏ လမ်းညွှန်ပြသဆိုဆုံးမမှု ကျေးဇူးတရားကြောင့်ပင်ဖြစ်သည်။

ထို့ကြောင့်ပုဂ္ဂိုလ်ဖြစ်သော ကလျာဏမိတ်ဆွေကောင်း ဆရာသမားကောင်း တို့ကို မှီဝဲဆည်းကပ်ရခြင်းသည် သူတော်ကောင်းတရား အလုံးစုံကို ပြီးမြောက်နိုင် ကြောင်း ဗုဒ္ဓရှင်တော်မြတ်ဟောကြားတော်မူခဲ့ဘူးပါသည်။ ကလျာဏမိတ်ဆွေကောင်း ဆရာကောင်း(ပုဂ္ဂိုလ်ကောင်း)ကိုလည်းရှာမှီးပြီး ဆည်းကပ်နည်းယူ အားထုတ်ကျင့်သုံး ရစ်ကြရန် လမ်းညွှန်မှာကြားတော်မူခဲ့ပါသည်။

ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗော ( သံယုတ်ပါဠိတော် )

## ရေးပို့ ချွတ်ပို့ တည်းဖြတ်ပို့

◆◆◆

**တစ်နေ့သော** မဂ်လာရှိ-ဆည်းဆာနံနက်ခင်းတွင် မော်တော်ကားငယ်တစ်စီး စာရေးသူနေရာတောစခန်းသို့ ထိုးဆိုက်လာ၏။ ကားပေါ်မှာရဟန်းနှစ်ပါးနှင့် ကပ္ပိယ များဆင်းလာကြသည်။ စာအုပ်ထုပ်ကြီးများ၊ ဖိုင်တွဲအထပ်ကြီးများ၊ တရားကက်ဆက် ခွေ အထုပ်များ ကိုယ်စီဆွဲချလာကြ၏။

အကာလိက - မောင်ဘို တဖြစ်လဲ သံဝေဂ- ဦးပဥ္စင်းကြီး ဦးပညာဇောတ
ဦးဆောင်လာသောဥပဒ္ဒာကယောဂီဦးအေးဟန်(B.Ed)တို့ ယောဂီအုပ်စုပင်ဖြစ်သည်။
ဤပုဂ္ဂိုလ်များ မလာစဖူး၊ အလာထူးလှ၏ ဟုအကဲခတ်မိသည်။ ဘာအတွက်လာ
ကြောင်း ကိုတော့ အနည်းငယ်ရိပ်စားမိသလိုရှိသည်။

**"ဟောဒီမှာ ..... သဲအင်းဂူထေရုပ္ပတ္တိရေးဖို့ ချုတ်ဖို့တည်းဖြတ်ဖို့ တာဝန်ကျလာပါပြီ.."** ခရီးရောက်မဆိုက်ပင် ဦးပညာဇောတ၏ "တာဝန်" ဟူသော စကားသံကြောင့်ရုတ်တရက်အံ့သြခြင်းနှင့်အတူ ဝမ်းသာပီတိဖြစ်ရပါသည်။ အလုပ်နှင့် စပ်သဖြင့် တာဝန်ရှိသည်ကိုလည်း တာဝန်မပိစေရန် သတိပြုမိလိုက်ပါ သည်။

## တိုက်တွန်းတောင့်တ စုဆောင်းပြုစု

◆ ◆ ◆

သဲအင်းဂူဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ် (ရုပ်ကြွင်း) တော်မြတ်အား အဋ္ဌိမ အဂ္ဂိစျာပန ပူဇော်သင့် / မပူဇော်သင့် အငြင်းပွားပြီး အခင်းများနေစဉ် နှစ်ပိုင်းကာလက

(က) သဲအင်းဂူမဟာနာယက (ဇီးကုန်းကြီးဆရာတော်ဘုရား ဦးကေသရ

(ခ) ဘီးလင်း(လေသာဆရာတော်ဘုရား ဘဒ္ဒန္တဝါယမ)

အခြားသော နာယကဆရာတော်ကြီး များဖြစ်တော်မူကြသော -

(ဂ) သရက်တောကျောင်းတိုက် သာသနာဝံသကျောင်းဆရာတော်
ဦးသာသနာဘိဝံသ

(ဃ) ရွှေတိဂုံဘုရားလမ်း ကျားကူးဆရာတော် ဦးစက္ကိန္ဒ မထေရ်ကြီး
တို့ ကျားကူးဓမ္မဗိမာန်၌ ဆုံမိကြ၏။

ဤတွင်စာရေးသူလည်း အနီးကပ်ဖူးမျှော်ဆည်းကပ်ခွင့်ကြုံနေ၏။ သဲအင်းဂူ တရားအကြောင်း ဆွေးနွေးတော်မူကြရင်းက စာရေးသူအား သဲအင်းဂူဆရာတော် ဘုရားကြီး၏ **ထေရုပ္ပတ္တိစာအုပ်ရေးသားရန် တိုက်တွန်းတော်မူခဲ့ကြဖူးသည်။**

ဆရာတော်ဘုရားကြီးများကို လေးစားသောအားဖြင့် လွယ်ကူစွာလက်ခံခဲ့ပြီး သဲအင်းဂူလောင်းလျာ သူတော်စင်ဦးအောင်ထွန်းကြီး တရားအားထုတ်ပုံ **အခန်း** အပိုင်းထိ**ရေးသားခဲ့ဖူးပါသည်။** သို့သော် အကြောင်းကြောင်းတို့ကြောင့် ပြည့်စုံသော ထေရုပ္ပတ္တိ တစ်စောင် တစ်ဖွဲ့ကား ရိုက်နှိပ်ထွက်ပေါ် မလာနိုင်ခဲ့ပေ။

ယနေ့သော်ကား - အခါတော်ပေးသဖြင့် ဇေယျမင်္ဂလာ ရက်မြတ်သာသို့ ဆိုက်ရောက်ခဲ့လေပြီ၊ သဲအင်းဂူ ပဋိပတ္တိသာသနာတော်နှင့် စပ်သမျှ အစုအဆောင်း ကောင်းသော အကာလိက ဦးဘို ကြိုးကြိုးစားစား အားထုတ်ခဲ့သော လုံးလဥဿာဟ သည် ယခုအခါစုဆောင်းရကျိုးနပ်တော့ပေသည်။ စာရေးသူလည်း ပရိယတ်၊ ပဋိပတ် မအားမလပ်သည့်ကြားမှပင် ပြုစုတည်းဖြတ်ခွင့်ရခဲ့ရပြန်ပါသည်။

## အာဂမ သဘာဝ တိတိကျကျ

◆◆◆

ထေရုပ္ပတ္တိစာပေတွင် ဖြစ်ရပ်ဖြစ်စဉ်များကို မှတ်တမ်းပြုစုရေးသားရာ၌ တိကျ မှန်ကန်ရေးသည် အဓိကအရေးကြီးဆုံးပင်ဖြစ်သည်။ အထူးသဖြင့် သက်ရှိ သက်မဲ့အရာဝတ္ထုတို့တွင် သက်ရှိဖြစ်သော အကြောင်းအရာတို့၌ ပိုမိုအရေးကြီး လေသည်။ တရားအကျင့်မြတ်တိုဖြင့် ဆိုင်ရာကိစ္စများပြီးစီး ပေါက်မြောက်တော်မူကြ သော မထေရ်မြတ်များ၏ ထေရုပ္ပတ္တိများ တိကျမှန်ကန်ရေးသည် ပို၍ပင် အရေးကြီး ပြန်ပါသည်။

မှန်၏။ အကျင့်ပိုင်းဆိုင်ရာ ဖြစ်ရပ်ဖြစ်စဉ်သည် သာမညဖော်ပြ၍ မဖြစ်ပေ၊ ဓမ္မသုတေသန၊ ဓမ္မဒဿန၊ ဓမ္မဂဝေသီ၊ အမြင်များထားရှိစေရပြီး ဓမ္မမာမက၊ ဓမ္မဂရု စိတ်ထားများလည်း ပြည့်ဝစေရမှာ ဖြစ်ပါသည်။

သို့မှသာ တရားဓမ္မ၏ လုပ်ငန်းစဉ် (အကျင့်ခွင်) ၏ ကျင့်ထုံးနည်းအမှန် တရားအစစ်၊ တရားအမှန် တို့ကို ပေါ်လွင်ထင်ရှားစွာ တွေ့ရမှာဖြစ်ပါသည်။

ထို့ကြောင့် အကြောင်းအရာ အချက်အလက်တို့သည် အနည်းငယ်မျှ အမှားမခံဘာဝနာအကျင့် တရားနှင့်စပ်၍ စပ်၍ အထောက်အထား အသင့်ယုတ္တိ အာဂမ၊ သဘာဝ စသည်ဖြင့် တိတိကျကျ ရှိရန် လိုအပ်လှ၏။

## မြန်မာစကားပြေရေးနည်း (၄) မျိုး

◆◆◆

ဤတွင် မြန်မာမှုစာပေအရေးအသား၌ ရေးသားတင်ပြပုံတင်ပြနည်း(၄)နည်း ရှိသည်ဟုသတ်မှတ် ကြသည်။ ၄င်းတို့မှာ -

(၁) သရုပ်ဖော်ရေးနည်း၊ (၂) ဖြစ်စဉ်ပြရေးနည်း၊ (၃) ဖွင့်ဆိုရှင်းပြရေးနည်း နှင့် (၄) ကြောင်းကျိုး ဖော်ပြရေးနည်း တို့ဖြစ်ပါသည်။

သဲအင်းဂူဆရာတော်ပုဂ္ဂိုလ်ထူး မထေရ်မြတ်၏ ထေရုပ္ပတ္တိကိုရေးသားရာ၌ ၁ နှင့် ၂ ရေးသား နည်းတို့ကို အသုံးပြု၍ တိကျခိုင်မာစွာ ရေးသားတင်ပြထားခြင်း ဖြစ်ကြောင်း အသိပေးလိုပါသည်။ ပြုစုတည်းဖြတ် သူများမှ အားရှိသော ဓမ္မစာပေ တစ်ရပ်ဖြစ်စေရန် ကြိုးစားတော်မူကြပါသည်။ ဤသို့ တင်ပြရေးသားခြင်းဖြင့်သာ သဲအင်းဂူပုဂ္ဂိုလ်ထူး မထေရ်မြတ်၏ ပုဂ္ဂလဓိဋ္ဌာန ဓမ္မလမ်းကြောင်းကို စိတ်မျက်စိ၊ စိတ်နားတို့တွင် မြင်ယောင်၊ ကြားယောင် မြင်ခွင့်ကြားခွင့် ကောင်းစွာရကြမှာ ဖြစ်ပါသည်။

## ပဋိပတ်စွမ်းအာင်ပေါ် လွင် ဖြန့် –မွှား

◆◆◆

ဤသို့သဲအင်းဂူဆရာတော် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်နှင့် သဲအင်းပဋိပတ် သာသနာဝင်တို့ကို ကြည်လင်ပြတ်သားစွာ ကြည်ညိုဖူးမျှော်နိုင်ပါရန် ဆရာတော် ဘုရားကြီး၏ ဟောပြောချက် တရားတိတ်ခွေများ၊ ကိုယ်တွေ့သိမီလိုက်ကြသော ဆရာတော် သံဃာတော် (မထေရ်ကြီး)များနှင့် ယောဂီများရပ်နီးရပ်ဝေး ဓမ္မမိတ်ဆွေ များ၏ ပြောပြချက်များကို စုစည်းပြီး သုတေသနပြုကာ အလေးအမြတ် ပူဇော်ထား ခြင်းသာ ဖြစ်ပါသည်။

သဲအင်းဂူဆရာတော်ပြောပြသော သဲအင်းဂူထေရုပ္ပတ္တိ၊ သဲအင်းဂူဆရာတော် ဟောပြတော်မူခဲ့သော သဲအင်းဂူတရားကျင့်စဉ်တို့မှာ မြတ်ဗုဒ္ဓသာသနာတော်ထက်ဝက် ကျော်ခဲ့ပြီဖြစ်သော (ဝိမုတ္တိယုဂ – ခေတ်) ကာလကောင်း၌ မနှောင်းလှသေးသည့် သာသနာတော်ကို (ဝါ) ပဋိပတ္တိသာသနာတော်ကို အားဖြည့်ပေးတော်မူ လိုက်ခြင်းဟု ဆိုနိုင်ပါလိမ့်မည်။

သဲအင်းဂူဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်မှာရော၊ ခန္ဓာဝန်ချ တော်မူပြီးသော ယနေ့နှောင်းပိုင်း၊ ကာလတို့မှာပါ မြန်မာပြည်တစ်နံ၊ တလျှား၌ သဲအင်းဂူကမ္မဋ္ဌာန်း သဲအင်းဂူကျင့်စဉ်ဘာဝနာများသည် ပြန့်ပွားထွန်းကားလျက်ပင် ရှိနေခဲ့ပါသည်။

**"ပရိယတ်သည် ကျယ်၏၊ ပိဋကတ်တော်အတိုင်းဖြစ်၏။ ပဋိပတ်သည် ကျဉ်း၏ ခန္ဓာအတိုင်းဖြစ်၏"** ဟူသော အဆိုအမိန့် တစ်ရပ်သည် ဤ၌ **အလေးအနက်** မှတ်ကျောက်တင်ရန်ပင်ဖြစ်ပေသည်။ ပြောလိုသည်မှာ

သဲအင်းဂူဆရာတော်ဘုရားသည် စာမတတ်ဟုဆိုသော်လည်း သေစာရှင်စာတော့ ဖတ်တတ်ပါသည်။ (စွန်းလွန်းဂူ ဆရာတော်၏ ထေရုပ္ပတ္တိကို ဖတ်ခဲ့သည်ကိုအထောက်ပြုပါ) သို့သော် ပိဋကတ်တော်လာ အဆိုအမိန့်များ ကျမ်းဂန်လာခက်ခဲသော အဘိဓမ္မာများစသည်ကိုကား မတတ်သိခဲ့ပါ။ သူသိသည်ကား **"ခန္ဓာအကျင့်"** ပင်ဖြစ်သည်။ ဤကျမ်းစာ၌ အပြည့်အစုံ ဖတ်ရှုကြည့်ရှုသိခွင့်ရပါလိမ့်မည်။ ကျယ်ဝန်းသဖြင့် ပ - ဒုခွဲ၍လည်း စီစဉ်ထားပါသည်။ စာရေးသူ၏ ပဏာမ အမှာစကားကို မြတ်ဗုဒ္ဓ၏ ပဋိပတ္တိ သာသနာတော်ကို ခန္ဓာဉာဏ်တွေ့ အကျင့်နယ်စခန်းမှ ရှင်လန်းနှစ်သက်စွာ ပူဇော်နိုင်ကြပါစေဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါသည်။ ။

မေတ္တာဖြင့်

**ဆရာဓမ္မပါလ**

**ခေတ္တ - ဓမ္မပါလ ကမ္မဋ္ဌာန်းကျောင်းဆောင်**

**သဲအင်းဂူ၊ မော်ဘီ - နှောကုန်း။**

✧ ✧ ✧



သဲအင်းဂူမုခ်ဦး



အင်းကူးတံတားရောက်သောအခါ လေးကျွန်းမမွစကြာရှင်စေတီတော်နှင့်



အင်းတံတားကူးပြီးလျှင် ဖူးမြင်ရမည့် လေးကျွန်းစကြာရှင်စေတီတော်




သဲအင်းဂူအဝင်ဝမုခ်ဦး





တံတားဦးလက်ျာဘက် မိုင်ဝက်အကွာတွင်
ဓါတ်တော်မြှုးစေတီတော်(ဝဲ)ပုံနှင့်
မုခ်ဦးအဝင်ဝလောပိတာခတ်အားပြောင်းစက် (ယာ)ပုံတို့အား ဖူးမြင်ရပုံ။





သဲအင်းဂူဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိနှင့် တရားတော်မ
အကြောင်းကျောက်စာတိုင်များအားတွေ့မြင်ရပုံ။



သဲအင်းဂူဆရာတော်ကိုယ်တော်တိုင်တည်ဆောက်တော်မူခဲ့သည့်
အရိယာသိမ်တော်ကြီး



သဲအင်းဂူဆရာတော်၏ မူလပထမစံကျောင်းတော်



ရှင်ဦးနေလ မတည်ငွေဖြင့် သဲအင်းဂူဆရာတော်ကြီးသက်တော်ထင်ရှားရှိစဉ်က
တ်မြစ်ချခဲ့သည့်စံကျောင်းတော်၊၊ယခုဒုတိယသဲအင်းဂူဆရာတော်စံကျောင်း





ဝါတွင်းအစိဋ္ဌာန် ဓမ္မာရုံ ဦးနန်းညွန့် (ဦးကာဝိဓ
နှင့် ဦးဇော်ဝင်းမိသားစုကောင်းမှု

ယသဲအင်းဂူဆရာတော်သစ္စာပြု



သဲအင်းဂူဆရာတော်ဓါးပြုပြန်ပေးအဆွဲခံခဲ့ရသည့် သဲအင်းဂူဆရာတော်ဘုရားကြီး
ဒုတိယစံကျောင်းတော်ပုံ။ (ဒေါ်မြသိန်း၊ ကျွန်းတောလမ်း၊ စမ်းချောင်း
ကောင်းမှု)



သဲအင်းဂူဝါတွင်းအဓိဋ္ဌာန်ဝင်ရန် ဂူကျောင်းတော်များပုံ။




သဲအင်းဂူဆရာတော်ဘုရားကြီး၏ မယ်တော် ဒေါ်မယ်အုံလှူဒါန်းခဲ့သည့်
ဆွမ်းစားကျောင်းဆောင်



မျက်ရှင်တော်နှင့် ခါတ်တော်များ ရောင်ခြည်တော်ကွန့်မြူးသည့် သဲအင်းဂူဆရာတော်တတိယ စံကျောင်းတော် (ဒေါ်မြသိန်း၊ ကျွန်းတောလမ်း၊ စမ်းချောင်း ကောင်းမှု)



သဲအင်းဂူဆရာတော်တတိယစံကျောင်းတော်၏ အရှေ့မျက်နှာစာ၊ ရေကန်အတွင်း၌



ဆွမ်းအုပ်တော်ပုံ　　　　ကွမ်းအုပ်တော်ပုံ



# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ ဘဒ္ဒန္တ ဉက္ကဋ္ဌ မထေရ်သူမြတ်၏ ဇာတိမဟာ - ဂါမ လူငယ်ဘဝ | ၁ |
| ၂။ သဲအင်းဂူ သာသနာ ဂုဏ်ရောင် - (ရတုပိုဒ်စုံ) | ၂ |
| ၃။ နိဒါန်း | ၅ |
| ၄။ သဲအင်းဂူဆရာတော်ဘုရား၏ ဇာတိချက်ကြွေနှင့် မိသားစု | ၁၂ |
| ၅။ မှော်ဘီမြို့နှင့် သာသနာရောင် | ၁၄ |
| ၆။ ငယ်စဉ်ဘဝ - သူ့ဗိဇ | ၁၆ |
| ၇။ ဖြတ်ထိုးဉာဏ် | ၁၇ |
| ၈။ အိမ်ထောင်ဦး မင်္ဂလာနှင့် ဘဝသံသရာ | ၂၀ |
| ၉။ မောင်အောင်ထွန်းနှင့် လှည်းလမ်းကူးသူကြီးဦးဘိုးညွန့် | ၂၃ |
| ၁၀။ ဓါးပြကြီးအောင်ထွန်း | ၂၄ |
| ၁၁။ ထောင်တွင်းအတွေ့အကြုံများ | ၂၆ |
| ၁၂။ သေကံမရောက် - သက်မပျောက် | ၂၉ |
| ၁၃။ အိမ်အပြန်ရင်ဆို့ရပြီ | ၃၁ |
| ၁၄။ ပစ္ဆိမ ဘဝိကသား | ၃၃ |
| ၁၅။ သံကိစ္စ သာမဏေ | ၃၈ |
| ၁၆။ ခုနှစ်နှစ်သား ရဟန္တာရှင် ဒဗ္ဗ | ၃၉ |
| ၁၇။ ချမ်းသာသုခကို ရှာဖွေခြင်း | ၄၁ |
| ၁၈။ အင်းမတရားပွဲ (လိုရင်းကောက်နုတ်ချက်) | ၄၃ |
| ၁၉။ အာသံသသုတ် - သူဖြစ်ရင်ငါလဲ ကျင့်ရင်ဖြစ်မှာပဲ | ၄၅ |
| ၂၀။ ဝဋ်ကြွေး - ကျေးဇူးတင်ပါ၏ | ၄၆ |
| ၂၁။ ငါတရားကျင့်ဘို့ အချိန်ကျပြီ (အင်းမတရားပွဲကောက်နုတ်ချက်) | ၄၈ |
| ၂၂။ သမ္မပ္ပဓါန် - အင်္ဂါလေးပါး | ၄၉ |
| ၂၃။ မဟာသတိပဋ္ဌာနသုတ် | ၅၆ |
| ၂၄။ လမ်းစဉ်မှစွမ်းအင် | ၆၁ |

# မာတိကာအဆုံး


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၂၅။ အကောင်းဆုံး တရားဖြစ်တော်မူခြင်း | ၆၂ |
| ၂၆။ အာနာပါနအကျိုး - ခုနစ်ပါး | ၆၅ |
| ၂၇။ သချိုင်းတွင် | ၈၁ |
| ၂၈။ ကာယနုပဿနာ - နဝသီဝထိက ပဗ္ဗ (ပထမပိုင်း) | ၈၄ |
| ၂၉။ မဟာသတိပဋ္ဌာန်လမ်းစဉ်ပေါ်တွင် | ၈၅ |
| ၃၀။ ဝဋ်ကြွေး | ၈၉ |
| ၃၁။ ဦးပါရမီနှင့် ဦးထွန်းညွန့် | ၉၃ |
| ၃၂။ ယောဂီဦးအောင်ထွန်းနှင့် ယောဂီ ဦးစုရ (မှော်ဘီ) | ၉၄ |
| ၃၃။ သန္တေပင် ဟောကွက်မှ ကောက်နုတ်ချက် | ၁၀၄ |
| ၃၄။ အနာဂါမ်အဆင့် ဉာဏ်အမြင် - (မင်္ဂလေးပါးဟောကွက်မှ) | ၁၀၉ |
| ၃၅။ အတိတ်နိမိတ် | ၁၁၃ |
| ၃၆။ ဖြူစင်ခြင်းမှ မြင့်မြတ်ခြင်းသို့ | ၁၁၆ |
| ၃၇။ သဲအင်းဂူဆိုသည်မှာ | ၁၂၂ |
| ၃၈။ သဲအင်းဂူကျောင်းထိုင်ခါစ - ပဏာမပေးဆပ်ရသည့် ဝဋ်ကြွေး | ၁၂၄ |
| ၃၉။ မြေလျှော် လှုပ်ခြင်း | ၁၂၅ |
| ၄၀။ သန်လျင်တောရကျောင်း ဆရာတော်၏ အိပ်မက်ထူး | ၁၂၆ |
| ၄၁။ သန်လျင်တောရ ရေကန်ထက်တွင် | ၁၂၉ |
| ၄၂။ မြန်မာ့အလင်း သတင်းစာ ( ၂၉ - ၁၂ - ၆၁) | ၁၃၂ |
| ၄၃။ ဟသ်ာတဟောကွက် | ၁၃၃ |
| ၄၄။ သန်လျင် တောရဆရာတော်ဦးတိလောကဉာဏ မေးသမျှ | ၁၃၉ |
| ၄၅။ ဘဒ္ဒန္တသြသဓ - ပခန်းကျောင်းတိုက် ဟသ်ာတ - မိတ်ဆက်လွှာ | ၁၄၉ |
| ၄၆။ ဂွတ္တလစ်ရပ်ကွက် ဆရာတော်များနှင့် သဲအင်းဂူဆရာတော်ဆွေးနွေးပွဲ | ၁၆၆ |
| ၄၇။ ကျောက်သဘော်ဆရာတော်အဖွဲ့ အမေး၊ အဖြေ - အသျှင်ဥက္ကဋ္ဌကအဖြေပေး | ၁၇၇ |
| ၄၈။ နိဂုံးချုပ် | ၂၀၆ |


***

## "မော်ဘီသဲအင်းဂူ ပုဂ္ဂိုလ်ထူး ဘဒ္ဒန္တဥက္ကဋ္ဌမထေရ်သုမြတ်

## ၏

## ဇာတိမဟာဂါမ လူငယ်ဘဝ"

> တောင်တောင်ဟူသမျှ၌ ပတ္တမြား မရှိ။
>
> ဆင်ဆင်ဟူသမျှ အမြူတေ မရှိ။
>
> တောတောဟူသမျှ၌ စန္ဒကူး မရှိ။
>
> အရပ်တိုင်း အရပ်တိုင်း၌ ပညာရှိသူခမိန် မရှိ။

(လောကနီတိ)

ဤကမ္ဘာမြေမှာ အရှေ့တောင်အာရှရှိ ပြည်မြန်မာကား ထေရဝါဒ ဗုဒ္ဓသာသနာတော် အထွန်းကားဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဂန္ထဓုရ - ပရိယတ်လုပ်ငန်းနှင့် ဝိပဿနာဓုရ-ပဋိပတ် လုပ်ငန်းများ ရှင်သန် ပွင့်လင်းသော နိုင်ငံလည်းဖြစ်သည်။ ကျမ်းပြုစာချ၊ တရားဟောတရားပြ ကျမ်းပေါက်စာသင်၊ စာမေးပွဲ နှင့် ဓမ္မသဘင်များ တရားဝင်၊ တရားထိုင်၊ အဓိဋ္ဌာန်တရားစခန်းများဖြင့် ပြည့်နှက်နေသည့် သာသနာတော် ခေတ်တလျှောက်ထိုးဖေါက်ထွန်းကား အင်အားသစ်များ တိုးပွားလျက် ရှိနေသည်။ ပခုံးပြောင်း လက်ဆင့်ကမ်း ပြန့်ပွားထွန်းကားလျက်လည်း ရှိသည်။

ပရိယတ်သည် နိကာယ်ငါးရပ် ပိဋကတ်တော်နှင့် စပ်သဖြင့် ကျယ်ပြော နက်ရှိုင်းခြင်းရှိသည်။ ပဋိပတ်သည် ခန္ဓာနှင့်စပ်သဖြင့် သဘောထွေပြားနက်ရှိုင်းခြင်း ရှိသည်။ ဝီရိယအင်အား ဉာဏ်အင်အားတို့ကို အဓိကလက်ကိုင်အသုံးပြု၍ လေ့ကျင့် ကျက်စားတော်မူကြရသည်။ တောင်တောင်ဟူသမျှ၌ ပတ္တမြားမရှိသလို တောတော ဟူသမျှ၌လည်း စန္ဒကူးနံ့သာမတွေ့နိုင်ကြပေ။ ထို့အတူ ဒေသတိုင်းကာလတိုင်းမှာ လည်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ပေါ်ထွန်းခဲ့ပါသည်။ တစ်ရံတစ်ခါမှာ ရာစုနှစ်ပေါင်း များစွာ ကြာသည့်တိုင်အောင် မျှော်တကြရသည်။

သို့သော် မဝေးလှသေးသော မြတ်ဗုဒ္ဓသာသနာတော်နှစ်တစ်ဝက်ခန့်ဖြစ်သော (ဝိမုတ္တိယုဂခေတ်) မှာကား ပြည်မြန်မာတစ်နံ တစ်လျား၌ လောကုတ္တရာ–ဓမ္မရတနာ သံဃာရတနာ တရားထူးများ ပုဂ္ဂိုလ်မြတ် ပုဂ္ဂိုလ်ထူးများ ထူးထူးခြားခြားပေါ်ထွန်း ခဲ့ကြပါသည်။ မြန်မာ့သာသနာ သမိုင်းမှတ်တိုင်ကြီးများ စိုက်ထူထောင် ခဲ့ကြပါသည်။ မပြတ်စောင့်သိကြည်ညိုနေကြသည့် ဓမ္မမာမကအများသိရှိပြီး ဖြစ်ပါလိမ့်မည်။

တရားထူးရရှိသော ပုဂ္ဂိုလ်မြတ် ပုဂ္ဂိုလ်ထူးတို့၏ ကျော်စောမှုစာမျက်နှာတွင် အာနာပါနသမထ လမ်းစဉ် အခြေခံ၍ "အသုဘဖြင့် တဏှာသတ်၊ ဝေဒနာအသိဆုံး အောင်ကြည့်၍ ဒိဋ္ဌိသတ်" ဟူသောကျင့်စဉ်(ဝါ) သမုဒယပယ်နိုင်အောင် ဒုက္ခကို မြင်အောင်ရှု" ဟု သစ္စာအမြင်ကို ဟောပြပေးတော်မူခဲ့သော မော်ဘီသဲအင်းဂူ ဆရာတော် ဘုရားကြီးလည်း တစ်ပါးအပါအဝင်ပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဤထေရုပ္ပတ္တိပုံရိပ်တော်လွှာ မြတ်ကျမ်းစာမှာ ထိုကျေးဇူးရှင်သဲအင်းဂူ ဆရာတော် ပုဂ္ဂိုလ်ထူး မထေရ်မြတ်နှင့် မထေရ်မြတ်၏ကျင့်စဉ် "သဲအင်းဂူဒေသနာ" သဲအင်းသာသနာဝင် အကြောင်းအရာတို့ကိုဝေဝေဆာဆာကြည်ညိုကြရမှာဖြစ်ပါသည်။

ပြည်မြန်မာအောက်ပိုင်းမှ ရန်ကုန်တိုင်း မြောက်ဘက်ခြမ်းသည် ရာသီဥတု ကောင်းမွန်သည်၊ ရှုခင်းဝေဆာ သာယာစိုပြေသည်။ တောရိပ်မြိုင်ရိပ်ဥယျာဉ်၊ လယ် မြေ၊ ချောင်း၊ ကန် အင်းအိုင်များဖြင့် ပြည့်လျှမ်း နေသည်။

ဟံသာဝတီခေတ် ရှေးဟောင်းမြို့တစ်မြို့ဖြစ်ခဲ့ဘူးသော မော်ဘီမြို့သည် မြို့တော်ရန်ကုန်၏ မြောက်ဘက်မျက်နှာစာ ပြည်လမ်းမပေါ်၌ တည်ရှိနေသည်။ လယ်ယာစိုက်ပျိုးရေးစည်ပင်ဖွံ့ဖြိုးသောကျေးရွာကြီး တိုဖြင့်ဝန်းရံထားသည်။

ထိုမော်ဘီမြို့အထွက် ပြည်လမ်းမ၏ ဝဲဘက်(၅)မိုင်ခန့်အကွာတွင်ကား အိမ်ခြေ(၃၀၀)ခန့်ရှိသော နှောကုန်းကျေးရွာကြီးတည်ရှိပေသည်။ သဲအင်းဂူဆရာတော် ဘုရား၏ လောင်းလျာကို ထိုနှောကုန်းဂါမ၌ ဖွားသန့်စင်ဖဲ်တော်မူခဲ့ပါသည်။

# ပြည်မြန်မာ
# ပဋ္ဋိပတ္တိ သာသနာ
# မွေ့ပုံရိပ်လွှာ

## သဲအင်း သာသနာ ဂုဏ်ရောင် (ရတုပိုဒ်စုံ)

◆◆◆

**သဲအင်းငထရ်ကျော်။** ဆရာတော်ကား၊ အဟော်ဝတ၊ ဝိသေသန္ဒင့်သာသနာ့ တံခွန်၊ ပုဂ္ဂိုလ်မွန်တည့်၊ ထူးချွန်စိတ်ဓာတ်၊ ပြင်းထန်လတ်၍ ပဋိပတ်ပျော်မွေ့၊ ကျင့်မြတ်လေ့ဖြင့်၊ ကိုယ်တွေ့တရား၊ ကျင့်မှုများ၌၊ ရှုပွါးခန္ဓာ၊ ဓာတ်သစ္စာကို၊ ယုဂ်နန္ဓ လမ်းစဉ်ချလျှက်၊ ဒုက္ခသမု၊ ငြိမ်းကြောင်းရှု၍၊ အေးမှုပေါလော၊ အကာလောကို၊ စာပြောမတတ်၊ ခန္ဓာဓာတ်၌၊ ခဲကတ်နှောက်မွှေ၊ ဟောတတ်လေရှင့်၊ ပရမေသာသနာ၊ နှောင်းခေတ်ခါတွင်၊ ကြေညာဖြန့်ပေး၊ တရားဆေးကို၊ တိုက်ကျွေးတန်တန်၊ စိတ်ဇော သန်၍၊ ဘုန်းကံထူးခြား၊ ဉာဏ်ရည်သွားသည်၊ ဘုရားနိဗ္ဗာန် ယူလှမ်းတည်း။

**ဇွဲတင်းနေသော်။** မိုက်မှူးပျော်၍၊ မေ့မော်မောက်မာ၊ ဝဋ်ခန္ဓာမှ၊ လျှင်စွာ မနှေး၊ ငြိမ်းလွတ်အေးဖို့၊ ရှုပ်ထွေးရုပ်နာမ်၊ ဖြစ်ပျက်မြန်ကို၊ သဏ္ဌာန်ဘာဝ၊ မှုန်ပြာ ကျအောင်၊လက္ခဏယာဉ်၊ သဘောထင်လျှက်၊ ဉာဏ်မြင်ပရမတ်၊ ရှုပွါးတတ်၏။ မလပ် သတိ၊ ပေါ်တိုင်းသိ၍၊ နာဖိပူမာ၊ ဖေါက်ပြန်လာသည့်၊ ဝေဒနာတစ်လုံး၊ ရှုချုပ်ဆုံး သော်၊ ကျင့်သုံးဇွဲစိုက်၊ ထိုစဉ်ခိုက်တွင်၊ အမြိုက်တဒင်္ဂ၊ ချမ်းသာရလိမ့်၊ ထိုမှခါခါ၊ ဉာဏ်လင်းဖြာသော်၊ ခန္ဓာငါးရပ်၊ ချုပ်ပြတ်ဖြစ်ထွေ၊ နေကောင်းနေ၍၊ အသေဖြောင့် စင်၊ ဇောကောင်းဝင်ပွါး၊ ဉာဏ်မြင်ထားသည်၊ တရားမိဋ္ဌာန်ဂူနန်းတည်း။

**မြဲလင်းစေနော်။** သတင်းကျော်၍၊ ရှင်တော်ဘုရား၊ မြတ်တရားကို၊ ဆပ္ပါ
ရှန်းပြောင်၊ ကျင့်သုံးဆောင်လျက်၊ ဂုဏ်ရောင်ကဲမိုး၊ ယုံသူကိုး၍၊ လူမျိုးမရွေး၊ တရာ
ပေးသော်၊ ငြိမ်းအေးရှင်ပြ၊ သက်သာကြ၏။ ဥက္ကဋ္ဌမင်း၊ အောင်ထွန်းလင်း၍၊ သဲအင်
မဏ္ဍိုင်၊ လေးစင်တိုင်မှ၊ ရိပ်မြိုင်ပွါးစီး၊ မြို့သီးသီး၌၊ တရားနည်းပျိုးချ၊ လုပ်ငန်းစခွဲ
မရတရား၊ မလျော့အားနှင့်၊ ဆုံးပါးအသက်၊ မငဲ့ကွက်ပဲ၊ ခွဲဖျက်မဆိတ်၊ ခန္ဓာရိပ်တွင်
ကိုယ့်စိတ်ကိုယ်စစ်၊ မန္တမ်းညစ်အောင်၊ ပိုက်ချစ်ဉာဏ်စဉ်၊ မဂ်ပန်းယာဉ်ဖြင့်၊ တွဲယှဉ်
ဆင့်ပွါး၊ ကိလေပါးသည်၊ အများစိတ်မှန် ဖြူခန်းတည်း။

(ချောင်းဦး၊ မောင်စန္ဒာ ရေးသားစီကုံးပူဇော်ပါသည်)
ရန်ကုန်မြို့
၁၅၊ ၅၊ ၅၅

◇◇◇

# နိဒါန်း

◆◆◆

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ (ခရစ်သက္ကရာဇ် ၁၀၄၄ခုနှစ်) အနော်ရထာဘုရင်မင်းမြတ် လက်ထက်မှစပြီး ယခု ၁၉၆၁-၆၂ ခုနှစ်အထိ နှစ်ပေါင်း ၁၀၀၀ နီးပါးကာလ အတွင်းတရားထူး၊ တရားမြတ်ရရှိကာ (ရဟန္တာ)ဟု (ကျော်ကြား)ခဲ့သော သံဃာတော်များစွာ ပွင့်လင်းပေါ်ပေါက် တော်မူခဲ့ပါပြီ။ ထိုသံဃာတော်များအနက် မှော်ဘီမြို့နယ်၊ နှောကုန်းကျေးရွာဇာတိ သဲအင်းဂူဆရာတော် ဦးဥက္ကဌသည်လည်း တစ်ပါးအပါအဝင်ဖြစ်ပါသည်။

ဗုဒ္ဓသာသနာတော်တွင် ပရိယတ္တိသာသနာတော်နှင့် ပဋိပတ္တိသာသနာတော်ဟုရှိရာ ပရိယတ္တိ သာသနာတော်နှင့် စပ်လျဉ်း၍ ဘွဲ့ထူး/ဂုဏ်ထူးများကို တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူက ဆက်ကပ်ပူဇော်ခြင်းနှင့် ကာယကံရှင် ကိုယ်တိုင်က စာပေကျမ်းဂန်များကို ဖြေဆိုကာ အောင်မြင်သောကြောင့် ထိုက်သင့်ရာ ဂုဏ်ထူး/ဘွဲ့ထူးကို ဆွတ်ခူးအပူဇော်ခံကြရခြင်းဖြစ်ပါသည်။ ပဋိပတ္တိသာသနာတော်၌မူကား ဤကဲ့သို့မဟုတ်ပါ။ မြတ်စွာဘုရားကိုယ်တော်တိုင်က သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ တရားဓမ္မကိုထိုးထွင်း သိမြင်တော်မူခြင်းကြောင့် ထိုပုဂ္ဂိုလ်နှင့်ထိုက်တန်သော ဘွဲ့ထူး/ဂုဏ်ထူးများကို မြွက်ဟမိန့်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ပုထုဇဉ်က အရိယာစိတ်ကို မသိနိုင်ပါ။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီးနောက်၌ ပဋိပတ္တိနယ်ပယ်မှ ထွန်းလင်းတောက်ပလာသောပုဂ္ဂိုလ်ထူး/ပုဂ္ဂိုလ်မြတ်များ၏သီလဂုဏ်၊သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကိုအကြွင်းမဲ့ကြည်ညိုကြသောလူအချို့မှစ၍တစ်ယောက်မှတစ်ရာဆိုသကဲ့သို့ (ရဟန္တာ)ဟုခေါ် ဆိုသမုတ်ရာမှလက်ခံသူပရိသတ်များလာလျှင် (ရဟန္တာ)ဟု (ယုံကြည်ချက်ဖြင့်)ကိုးကွယ်လာကြသည့် အစဉ်အလာရှိခဲ့ပါသည်။ ယုတ်စွအဆုံး မိမိမစွမ်းနိုင်သောအလုပ်ကိုထိုသူကစွမ်းနိုင်လျှင်ပင်မိမိကလေးစားပြီးပူဇော်လာကြသည်မှာကောင်းမြတ်သည့်အစဉ်အလာ တစ်ရပ်ဖြစ်ပါသည်။

မပုပ်ဘဲနှင့်မပေါ်၊ မဟုတ်ဘဲနှင့်လည်းမကျော်နိုင်ပါ။ တစ်ခါတစ်ရံပုဂ္ဂိုလ်
ဟု ကျော်ကြားသော လူအချို့ရှိခဲ့သော်လည်း ကြာကြာမခံပါ။ ကြက်ပျောက်၊ ငှ
ပျောက် ပျောက်သွားပါသည်။ **ဆရာတော်က မိမိကိုယ်ကို မည်သည့်အခါက
ရဟန္တာ ဟူ၍ မသမုတ်ခဲ့ပါ။ ဦးပဥ္စင်းကြီး ဟုသာ သမုတ်ခဲ့ပါသည်။** ယခုဖေ
မည့် သဲအင်းဂူဆရာတော်ဘုရားအနေဖြင့် **(တေဝိဇ္ဇ ပတ္တ ရဟန္တာ)** ဟု (ကျော်ကြ
ပွင့်လင်း)နေသောအခါသမယတွင်သိပ္ပံပညာတိုးတက်နေသောအချိန်အခါနှင့်အကြော
တိုက်ဆိုင်နေပါသည်။ သဲအင်းဂူဆရာတော်ဘုရား ကျင့်ကြံအားထုတ်ခဲ့ပုံ၊ တရားရ
နှင့်တကွ သာသနာပြန့်ပွားစေရန် ဓမ္မရတနာများဖြန့်ဖြူးခဲ့ပုံ အလုံးစုံတို့ကို သဲအ
ဆရာတော်ဘုရား၏ မှုရင်းတိတ်ခွေသံများအား လူအများကြားနိုင်ခွင့် ရှိပါသေးသည

သဲအင်းဂူ ဆရာတော်ဘုရားသည် ငယ်ဖြူမဟုတ်ပါ။ မွေးဖွားသည်မှ
သက်တော်(၄၆)နှစ်တိုင်တိုင် လူဆိုးဘဝတွင် နစ်မွန်းနေရာမှ ၁၉၅၉ ခုနှစ်တွင် သံ
ရရှိပြီး တရားအားထုတ်ခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် ရဟန်းဘောင်သို့ တက်ခဲ့
၁၉၇၃ ခုနှစ်၌ ရုပ်နာမ်နှစ်ပါး ချုပ်ပျက်သွားပါသည်။

အချိန်ကာလ အတိုင်းအတာအားဖြင့် (၁၂)ဝါအတွင်း မြန်မာနိုင်ငံအနှံ့အပြ
ရောက်ရှိပြီး တရားပြသခဲ့ပါသည်။ တရားဟောခဲ့ပါသည်။ အရှေ့ဘက်တစ်
ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ အနောက်ဘက်တစ်ခွင် ရခိုင်ပြည်နယ်၊ စစ်တွေ
မြောက်ဘက်တစ်ခွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ တောင်ဘက်တစ်ခွင် တနသ
တိုင်း၊ မြိတ်မြို့များသို့ ပင့်ဆောင်သူများရှိသောကြောင့် တရားဓမ္မဟောပြော ပြသ
ကြွရောက်တော် မူခဲ့ပါသည်။

ဤကဲ့သို့ ပထဝီနယ်နိမိတ်အရ အရှေ့အနောက်တောင်နှင့်မြောက် နယ
သကဲ့သို့ ဉာဏ်ပညာကျက်စားရာဖြစ်သည့် ကမ္ဘာအေးကုန်းတော်+တက္ကသိုလ်ဓမ္မာရုံ
ရန်ကုန်မြို့တော်ခန်းမတို့၌လည်း ခန္ဓာကိုယ်တွေ့ တရားပြသခဲ့ပါသည်။ တစ်နေ့လ
(၂)ကြိမ်ခန့်မှာပုံမှန်ပင်ဟောပြောပြသလေ့ရှိပါသည်။ ဤသို့လျှင်အနယ်နယ်အရပ်ရပ်
ကြွရောက်တော်မူရာ၌ နောက်တော်ပါးမှ ယောဂီပုဂ္ဂိုလ် (၃၀)ကျော်ခန့်မှာ အမြဲတ
လိုက်ပါလေ့ရှိပါသည်။ တရားလက်ထောက်၊ အသံချဲ့စက်၊ အသံဖမ်းစက်စသ
အကူအညီများ ဖြစ်ကြပါသည်။ ခရီးထွက်ရာ၌ ခေတ်အလျောက် ကုန်း၊ ရေ၊ လေ
ယာဉ်အမျိုးမျိုးအား လက်မှတ်များ အခက်အခဲဖြစ်နေစေကာမူ သဲအင်းဂူဆရာတော
နှင့်နောက်လိုက်ယောဂီများအတွက် ရောက်ရာဒေသ ပလ္လင်ပေါ် သို့ တက်ရောက်သ

အထိ မည်သည့်အခက်အခဲမျှမရှိပါ။ နတ်တို့ဖန် ရေကန်အသင့်၊ ကြာအသင့်ဖြစ်ပါသည်။ ရောက်သွားသည့် နေရာတိုင်းတွင်လည်း သာသနာရေး အခမ်းအနားများဖြင့်လိုက်လှဲစွာကြိုဆို၍ ပူဇော်ကြသော ရဟန်းပုဂ္ဂိုလ်များ၊ လူပုဂ္ဂိုလ်များမှာအံ့မခန်းဖြစ်ပါသည်။ အမျိုးသမီးယောဂီများ လမ်းဘေး ဝဲယာတစ်လျှောက်မှ ဓမ္မတေးများပြိုင်ကျူးရင့် သီဆိုပြီးဆရာတော်ဘုရားအား ဆီးကြိုပူဇော်ကြပါသည်။

ဆရာတော်ဘုရားအနေဖြင့် ရောက်ရာဒေသများတွင် မိမိကိုယ်တိုင် စွမ်းစွမ်းတမံ (၂၁) လတိတိ (လူသေလျှင်သေ၊ မသေလျှင် ကိလေသာသေရမည်) ဟူသောတွန့်မဆုတ်သော ဇွဲလုံ့လ၊ ဝီရိယတို့ဖြင့် အားထုတ်ရာ၌ ကိုယ်တိုင်မြင်သိ ခံစားရသော တရားဓမ္မ အဆီအနှစ်များကို အဓိကထား၍ ဟောပြောပြသ လေ့ရှိပါသည်။ ဥပမာအားဖြင့် ပုဂ္ဂလပညတ်ပယ်နိုင်သည်မှာအဘယ်ကြောင့်၊ သဏ္ဍာနပညတ်ကိုပယ်နိုင်သည်မှာ အဘယ်ကဲ့သို့ အမြင်ဉာဏ်ရသည့် အကြောင်းကြောင့်။ ဃနကျေသွားသည်မှာ အဘယ်ကဲ့သို့ မြင်ပါမှ ဖြစ်နိုင်ကြောင်း စသည်တို့ကို အကျိုးတရားဖြစ်ပေါ်ခြင်း၏ အကြောင်းကိုပြကာ အလုပ်သဘောဖြင့် ယှဉ်ပြီးလျှင် ဟောလေ့ရှိပါသည်။ အချုပ်အားဖြင့်ဒိဋ္ဌိသတ်ပုံနှင့် တဏှာသတ်ပုံများအပြင် မြင့်မြင့်မားမားမဂ်လေးပါးတိုင်အောင်ရေစေ့ တွင်းကျ ဟောခဲ့ပါသည်။

သဲအင်းဂူဆရာတော်၏ တရားဟောကြားသောအချိန်၌ ဖမ်းယူထားသော အသံဖမ်း တိတ်ခွေကို ယောဂီများက ဆရာတော်ဘုရား၏ "ဟောကွက်"ဟုခေါ်ပြီးတရားပြသောအချိန်၌ ဖမ်းယူထားသော တိတ်ခွေကို "သဲအင်းရှုကွက်"ဟု ခေါ်လေ့ရှိပါသည်။ ထိုသို့နှစ်မျိုးရှိသည့်အနက် သဲအင်းဂူ ဆရာတော်ဘုရား၏ ရှုကွက်မှာသာသနာ့သမိုင်းတွင်မော်ကွန်းတင်လောက်သည့်အထိ ထူးခြားနေသည်ကို လေ့လာသူများ သိနိုင်ပါသည်။

သဲအင်းဂူဆရာတော်အနေဖြင့်တရားဟောပြောပြီးသောအခါ "ကဲဦးပဥ္စင်းကအလုပ်သမား။ အလုပ်သမားဆိုတော့ အလုပ်လုပ်မှ ကြိုက်တယ်။ ပရိကံယူကြ" ဟုသည်ဖြင့်မိန့်ကြားပြီး တရားပြသလေ့ရှိပါသည်။ သဲအင်းဂူဆရာတော်သည် တရားဟောရသည်ထက်တရားပြရ၊ တရားပေးရသည်ကိုစိတ်အားထက်သန်ကြောင်း သိနိုင်ပါသည်။သဲအင်းဂူဆရာတော်ချီးမြှင့်ခဲ့သောတရားကိုယောဂီများ၏ နှလုံးသားဝယ် အစဉ်အဖြင့်သံမှိုနှင့် နှက်သကဲ့သို့ စွဲမြဲသွားကြပါသည်။ အသည်းစွဲလောက်ပါပေသည်။ သဲအင်းဂူဆရာတော် ရှုကွက်ပေးသောအခါများတွင် ပလ္လင်ပေါ်မှအာရုံစိုက်ပြီးတရား

ထိုင်သူများ၏ အရိပ်လက္ခဏာ အခြေအနေများကို သုံးသပ်၍ ရှုကွက်များ ပေး
ရှိသည်သာမကဓါတ်ကြီးလေးပါး အစုအဝေးဖြစ်သော ရုပ်ကြီးကမခိုမဆန့်ဖောက်
နေသည့်အားလျော်စွာ တရားထိုင်နေသောယောဂီအဖို့အသက်ထွက်လုနီးပါး ခံစား
ရစဉ်၊ သဘာဝလက္ခဏာအား ပေါ်လွင်စေရန်၊ အသက်ရှူပုံ၊ ရှုနည်း။ အ
အမြန်ရှုကြပုံမှအစပြုပြီး ရုပ်တရားတို့၏သဘာဝဖောက်ပြန်ခြင်း၊ နာမ်တရားတို
သဘာဝဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ခံစားရခြင်းများကို ပလ္လင်ပေါ်မှဆင်
အနီးကပ်ပြီး ရှုကွက်ပေးလေ့ရှိပါသည်။ ဓါတ်တစ်ပါး ဖောက်ပြန်မှု ကုန်ဆုံးသ
တိုင်အောင် တရားအားထုတ်သော ယောဂီအဖို့ အသည်းစွဲသွားပါသည်။ ထို့ကြေ
ယောဂီများအဖို့ ဆရာတော်အနီးကပ်ပေးသော ရှုကွက်များအား ခန္ဓာပျက်သ
တိုင်အောင် မမေ့နိုင်တော့ပါ။ သဲအင်းယောဂီများအသိပင်ဖြစ်ပါသည်။ အသည်
သွားပါပြီ။ တနည်းအားဖြင့်လည်းဆရာတော်ပေးသည့် ရှုကွက်များမှာအပါယ်လေး
မှလွတ်စေရန် ကယ်တင်ခြင်းလည်းဖြစ်ပါသည်။ ဤရှုကွက်နှင့်ပတ်သက်၍ ထေရုပ္ပ
တွင် တရားမထိုင်ဘူးသေးသော ယောဂီများအတွက် အခြေခံ ရှုကွက်ဖြစ်သော (
ထားဝယ်ရှုကွက်နှင့် (၂) တောင်တွင်းကြီးရှုကွက်ကောက်နှုတ်ချက်များအား ရေးသ
ထားပါသည်။ တရားအားထုတ်ဖူးသော ယောဂီများအတွက် ဒိဋ္ဌိနှင့်တဏှာပူးတွဲသတ်
အဆင့်မြင့်သော ကော့မှူးရှု ကွက်ကောက်နှုတ်ချက်ကိုလည်းရေးသားထားပါသည်။

ထိုထက်လွန်ကဲပြီး မြင့်မြင့်မားမား သုတေသီများအတွက် မဂ်တက်
(ယောကွက်) နှင့် ဂန္ထဓူရ ဝိပဿနာဓူရ စွယ်စုံရတော်မူသော ဆရာတော်ကြီးမျာ
အမေး၊ အဖြေမူရင်းများကိုပါ ဖော်ပြထားပါသည်။ ထိုမှတစ်ပါး သဲအင်းဂူဆရာတေ
ဘုရားမှ တရားအားထုတ်သော ယောဂီများအား "သောတာပန်၊ သကဒါဂါမ် အသ
အားနောက်မှထား။ အသေတတ်ဖို့ကအရေးကြီးတယ်။ ငါစွဲဒိဋ္ဌိကြီးကသေကာနီးနေ
ဝင်ယူလိုက်ရင်သွားရော၊ သွားရော။ မိုးကျော့ခိုင်းပြီး လေးဘက်ထောက်ရှော့ဗျား
ဤမမွရတနာအရ အနေမြတ်ပြီး အသေတတ် ကြသော ယောဂီများအကြော
ဒုတိယတွဲစာအုပ်တွင်ရေးသားဖော်ပြထားပါသည် ။

အထက်တွင်ဖော်ပြခဲ့သည်မှာယောဂီများအားခန္ဓာကိုယ်တွေ့ပြသပြီး မှာကြ
သတိပေးပုံမှာသဲအင်းဂူဆရာတော်၏ထူးခြားချက်များဖြစ်ပါသည်။သဲအင်းဂူဆရာတော
အနေဖြင့်အထက်ဖော်ပြပါ ထူးခြားချက်များအပြင် ပို၍ထူးခြားသော အချက်တစ်
ရှိပါသေးသည်။ အခြားမဟုတ်ပါ။ မြန်မာနိုင်ငံတော်ဗုဒ္ဓဘာသာလောကတွင် (ရဟန္တာ

ကျော်ကြားခဲ့သော)သူတော်စင်များ ပွင့်လင်းခဲ့ပါသည်။ အများပြည်သူတို့မှထိုသို့သော သူတော်စင်များအား (ရဟန္တာ)ဟူ၍ ခေါ်ဆိုသမုတ်လေ့ရှိကြပါသည်။) ယခုသဲအင်းဂူဆရာတော်အနေဖြင့်(ကျော်ကြားခဲ့သည်မှာ) **(တေဝိဇ္ဇာပတ္တရဟန္တာ)**ဟူ၍(ကျော်ကြားခဲ့ခြင်းဖြစ်ပါသည်။)

မိရိုးဖလာ ဗုဒ္ဓဘာသာများအနေဖြင့် **(တေဝိဇ္ဇာပတ္တ)**ဟူသော ပါဠိဘာသာစကားအပိုသုံးလုံးပါဝင်နေသည်ကိုမသိနိုင်ပါ။ ဤသို့ပါဠိစကားလုံးပိုမိုသုံးပြီးကျော်ကြားခြင်းသည်မိရိုးဖလာဗုဒ္ဓဘာသာဝင်များက သဒ္ဓါပို၍ စတင်ခေါ်ဆိုကြခြင်းမဟုတ်နိုင်ပါ။ ပညာရှိကဝိများနှုတ်မှစတင်ထွက်ပေါ်လာခြင်းသာဖြစ်မည်ဟု ယူဆရပါသည်။ စတင်သုံးစွဲသော ပုဂ္ဂိုလ်၏အမည်နာမကို မသိကြသော်လည်း သဲအင်းဂူဆရာတော်သည် (တေဝိဇ္ဇာပတ္တရဟန္တာ)ဟု(ကျော်ကြားခဲ့သည်)မှာအထင်အရှားပင်ဖြစ်ပါသည်။ဤအချက်နှင့်စပ်လျဉ်းပြီး သုတေသီများ လေ့လာနိုင်ရန်အတွက် ဂန္ထဓူရ၊ ဝိပဿနာဓူရ စွယ်စုံရမဟာထေရ်ကြီးများနှင့် သဲအင်းဂူတရား မေးမြန်းကြပုံ၊ ဖြေကြားပုံများကိုလည်း အသံဖမ်းတိတ်ခွေမှတစ်ဆင့် ကူးယူ၍ ဤထေရုပ္ပတ္တိစာအုပ်တွင် ဖော်ပြထားပါသည်။ ဤနိဒါန်း၏ နိဂုံးမချုပ်မီ သဲအင်းဂူ၏ ထူးခြားစွာ အသုံးပြုခဲ့သည့် စကားတစ်လုံးကို ဖော်ပြလိုပါသေးသည်။ "သဲအင်းယောဂီ ကိုယ့်စိတ် ကိုယ်စစ်"ဟူသော စကားပင်ဖြစ်ပါသည်။

သဲအင်းဂူဆရာတော်ဘုရားအနေဖြင့် တရားကျင့်ကြံအားထုတ်ခဲ့စဉ်၊ အထွဋ်အထိပ်သို့ မရောက်သေးမီ **"ကိုယ့်စိတ်ကိုယ်စစ်ခဲ့ပုံ"**မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဟိုနားဒီနားသွားချင်တဲ့စိတ်ရှိသေးလား။
သိချင်တယ်ဆိုတဲ့စိတ်ရှိသေးလား။
ထိချင်တယ်ဆိုတဲ့စိတ်ရှိသေးလား။
စားချင်တယ်ဆိုတဲ့ စိတ်ကလေးရှိသေးလား။
နမ်းချင်တယ်ဆိုတဲ့စိတ်ကလေးရှိသေးလား။

အနိစ္စဆိုတာ ဘာလဲ။ ဒုက္ခဆိုတာဘာလဲ။ အနတ္တဆိုတာဘာလဲ။ ဤသည်ကို ထောက်ရှုဝေဖန်သုံးသပ်လျှင် ဓမ္မရတနာအနေဖြင့် အလွန်နက်ရှိုင်းစေကာမူ လူတန်းစားမရွေး နားလည်နိုင်သည့် စကားလုံးဖြစ်နေကြောင်း ထင်ရှားစွာသိနိုင်ပါသည်။

# ကိုယ့်စိတ်ကိုယ်စစ်

◆◆◆

ဤကဲ့သို့ မိမိစိတ်ကို မိမိပိုက်စိပ်တိုက် စစ်ခဲ့ခြင်းကြောင့်လည်း "ပညာရဲ့ ပွဲလယ်တင့်"ဆိုသကဲ့သို့လူပုံအလယ်တရားပွဲများတွင်"စိတ်ကလေးတွေကိုတော့အပ် ထားတာကစပြီးသိတယ်"ဟု ဝန်ခံစကားပြောလေ့ရှိပါသည်။ ဤသို့ဟောကြားချက် မယုံသကာ်စိတ်ဖြင့်စမ်းသည့်သဘောမဟုတ်ကြသော်လည်းခြောက်ထပ်ကြီးဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ၏ညီတော် လူပျိုတော်ပညာရှိ (ဗိုလ်စိန်မှုန်ရပ်ကွက်နေ) ဦးစိန်မော အနေဖြင့် သဲအင်းဂူသို့ ရောက်လာပြီး သဲအင်းဂူဆရာတော်အား တရားဓမ္မမေးမြန် လျှောက်ထားသည်ထက် ထိုစဉ်ကသတင်းထူးနေသည့် ဂျပန်ကြယ်တံခွန်ဖြစ်ပေါ်လ ခြင်း ၏ အနာဂါတ် အကျိုးတရားများကို လျှောက်ထားမည်ဟု သူ့စိတ်က ရည်စူး သဲအင်းဂူဆရာတော် ရှေ့မှောက် ရောက်လာပါသည်။ ခရီးရောက်မဆိုက် ဆရာတော က "ဒကာကြီးရေ **ကြယ်တံခွန်အကြောင်း**တွေ သိချင်ရင် ဂိုဏ်းဆရာတွေကိုမေးပါ ခန္ဓါငါးပါး၊ ရုပ်နာမ်နှစ်ပါးအကြောင်း သိချင်ရင်တော့ ဦးဥင်းကအပ်ချထားဖြေပေးမယ်" ဟုစတင်ပြောလိုက်သောအခါ ဦးစိန်မောင်မှမနေသာဖြင့် "တပည့်တော်ကို ခွင့်လွှတ် တော်မူပါ"ဟု လျှောက်ထားလိုက်သောအခါ ဆရာတော်ကနှုတ်ဖြင့် "ကောင်းတယ် ဒကာကြီး။ ကောင်းတယ်"ဟု ပြောရိုးပြောစဉ် ရင်းနှီးစွာ ပြောလိုက်ပါသည်။

အချုပ်အားဖြင့် မြတ်စွာဘုရားက

(၁) ဗုဒ္ဓဘာသာဝင်များ၏ ရည်မှန်းချက် ပန်းတိုင်သည် နိဗ္ဗာန်ဖြစ်သည်။

(၂) နိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ဆိုက်ရောက်ရန် ချီတက်ရမည့် လမ်းစဉ်သည် မဟာသတိပဋ္ဌာန် တရားတော်အရ ဖြစ်ပါသည်။

(၃) မဟာသတိပဋ္ဌာန်လမ်းစဉ်အရ ကြိုးစားအား ထုတ်ရမည်မှာ မိမိအလုပ်မိမိတာဝန်သာ ဖြစ်ပါသည်။

မြတ်စွာဘုရား၏အလိုတော်ကျဦးအောင်ထွန်းဘဝမှစ၍ သဲအင်းဂူဆရာတော် ဥက္ကဌသည်မည်သို့မည်ပုံတရားအားထုတ်ခဲ့သည်ကိုလည်းကောင်း၊တရားအားထုတ်ခဲ့ သ၁အကြောင်းကြောင့် မည်သည့်အကျိုးတရားများ ရရှိကြောင်းကို လည်းကောင်း၊ ထေရုပ္ပတ္တိတွင်သူ့အပိုင်းနှင့်သူခွဲခြားရေးသား ဖော်ပြထားပါသည်။ထေရုပ္ပတ္တိ အထဲမှာ င် သဲအင်းဂူဆရာတော်ဘုရားရရှိခဲ့သော အကျိုးတရား များကိုပင်အကြောင်းခံယူပြီး ျှင့်ကြံ အားထုတ်ခဲ့ကြသော ယောဂီများအနေဖြင့် မည်သည့် အကျိုးထူးများကို ရှိကြပုံကို ဒုတိယတွဲ တွင်ထိုက်သင့်စွာ ဖော်ပြထားပါသည်။ အနေမြတ်ကြပါပြီ၊ သေတတ်ကြပါပြီဟု လိုရင်းကိုဖော်ပြထားပါသေးသည်။ ဆရာတော်တရားပေး ည်ကို ရသူများကြပြီ။ ပေးကားပေး၏မရ။ ကျွေးကား ကျွေး၏မဝ။ မဖြစ်ခဲ့ပါ။ ဒါန်းကို ဖတ်ရှုပြီးနောက် အောက်ပါအတိုင်း လေ့လာနိုင်ပါသည်။

၁။ မွေးဖွားသည်မှစ၍ အသက် (၄၆)နှစ်အထိ မိုက်လုံးကြီးခဲ့ပုံ

၂။ သံဝေဂရရှိပြီး (၂၁)လတိုင်တိုင် တရားအားထုတ်ခဲ့ပုံ နှင့်

၃။ သဲအင်းဂူ ဦးပဥ္စင်းကြီး – **တရားရရှိသည်ကို**

(က) သန်လျင်တောရဆရာတော်

(ခ) ကျောက်သဘော်ဆရာတော်အဖွဲ့

(ဂ) ဂွတ္တလစ်ဆရာတော်များ

စစ်ဆေးမေးမြန်းခဲ့ပုံများကို ဖေါ်ပြထားပါသည်။

◇◇◇

## သဲအင်းဂူဆရာတော်ဘုရား၏ ဇာတိချက်ကြွေနှင့်မိသားစု

◆◆◆

သဲအင်းဂူဆရာတော် အလောင်းအလျာ မောင်အောင်ထွန်းအား မော်ဘ
မြို့နယ်၊ နှောကုန်းကျေးရွာနေ၊ (အညာသား) ဓါတ်ဗိန္ဒောဆရာ ဦးသော်တာနှင့် အည
ဇာတိနှောကုန်းသူဒေါ်မယ်အုံ့တို့မှ ၁၂၇၄ ခုနှစ် တပေါင်းလဆန်း၁၀ရက်(တနင်္ဂနွေနေ့
ခရစ်သက္ကရာဇ် ၁၉၁၃ခုနှစ် မတ်လ(၁၆)ရက်နေ့ နံနက်၈နာရီခန့် အချိန်တွင် နှောကုန်း
ကျေးရွာ၌ မီးရှူးသန့်စင်ဖွားမြင်တော်မူ ခဲ့ပါသည်။

ဆရာတော်၏ မွေးချင်းမိသားစုများ –

(၁) ဒေါ်ဖွားစိန် (သီလရှင်)

(၂) ဒေါ်ပန်းရှင်

(၃) ဦးအောင်ထွန်း (သဲအင်းဂူဆရာတော်)

(၄) ဦးထွန်းညွန့် (အနုပညာ+ဘာသာရေးကိုင်းရှိုင်းသူ)

(၅) ဦးထွန်းကွန့်

(၆) ဦးသောင်းစိန် (ခေါ်) ငခွေး (အလံနီ–သတ်)

(၇) ဦးချစ်ဖူး (ဓါတ်ဗိန္ဒောဆရာ) တို့ ဖြစ်ကြပါသည်။

## အိပ်မက်ထူး

◆◆◆

မိခင်ဖြစ်သူ ဒေါ်မယ်အုံ့သည် မောင်အောင်ထွန်းအား ပဋိသန္ဓေတည်နေစ
က တစ်ကြိမ်နှင့် မွေးဖွားပြီးနောက်တစ်ကြိမ်၊ စုစုပေါင်း (၂)ကြိမ် အိပ်မက်ထူးမျ
မြင်မက်သည်။ မိမိသည် နှောကုန်းကျေးရွာမှစ၍ ကောင်းကင်ယံသို့ ၄က်ပမာပျံဝဲပြ
လျှင်မြေပြင်ပေါ် ရှိရှုမျှော်ခင်းများနှင့်သတ္တဝါတို့အားကြည့်ရှုခဲ့သည်ဟု မြင်မက်ပါသည
အိပ်မက်အရမွေးဖွားသော တတိယမြောက်သားသည် **တစ်မိပေါက်** တစ်ယောက်ထွန်

ဆိုသကဲ့သို့ မုချထွန်းကားမည့် သားကောင်းရတနာဖြစ်သည်ဟူ၍ အများကနိမိတ်ကောင်းယူဆဝမ်းမြောက်ကြပါသည်။

## မိခင်ပက်မှ အဖိုးအဖွားများ

◆◆◆

လူတို့မည်သည် မိဘနှစ်ပါးရှိရာ မိခင်ဘက်နှင့် ဖခင်ဘက်ဆွေစဉ်မျိုးဆက် (ဇာတိပုညဂုဏ်မာန) ဖြစ်လာပုံသုံးသပ်ရသော် မောင်အောင်ထွန်း၏ မိခင်ဖြစ်သူ ဒေါ်မယ်အုံ၏ဖခင်မှာ ဦးဘိုးနောင်+ဒေါ်မယ်အိမ်ဖြစ်၍ ၎င်းတို့တွင် ဒေါ်မယ်အုံ အပြင် ဦးဘိုးလှ၊ ဦးဘိုးအို၊ ဦးဘချို့ဟူ၍သားသမီးစုစုပေါင်း (၄)ယောက်ရှိပါသည်။

ဦးအောင်ထွန်း၏ ဖွားအေတော်စပ်သူ ဒေါ်မယ်အိမ်သည် ကလေးငယ်များကြီးပြင်းလာသောအခါ သီလရှင်ဝတ်၍ နှောကုန်းကျေးရွာ၌ပင် အသက်ထက်ဆုံးနေထိုင်ခဲ့ပါသည်။ အဘိုးဖြစ်သူ ဦးဘိုးနောင်မှာ တောသဘာဝ ရိုးရိုးသားသားအသက်ထက်ဆုံး လူအေးကြီး တစ်ယောက်အနေဖြင့် နေထိုင်ခဲ့သည်များကို ထောက်ရှုလျှင် ဦးအောင်ထွန်း၏မိခင်၊ ဖခင်နှင့် အဘိုး၊ အဘွားများမှာ အန္ဓပုထုဇဉ်များ မဟုတ်ကြကြောင်း သိနိုင်ပါ သည်။

## ဖခင်ဘက်မှ အဘိုးအဘွားများ

◆◆◆

ဦးအောင်ထွန်း၏ ဖခင်ဖြစ်သော ဦးသော်တာ၏ မိခင်ဖခင်များသည် အညာဒေသ(မြင်းမူ) ဇာတိသားများဖြစ်ကြပါသည်။ ဦးသော်တာ၏ ဖခင်မှာ သီပေါ်ရှင်ဘုရင်လက်ထက်တွင် ဓါတ်ဗိန္ဒော၊ ပယောဂ ဆရာကြီး (ယိုးဒယား)ဆရာဖိုးဖြစ်ပါသည်။

ယိုးဒယားဆရာဖိုးတွင် မောင်သော်တာ၊ မောင်ပေါ်လာနှင့်(မလေး)ဟူသော သားသမီးစုစုပေါင်း(၃)ယောက် ထွန်းကားခဲ့ရာသားအကြီးဆုံးဖြစ်သောမောင်သော်တာမှာ ဦးအောင်ထွန်း၏ ဖခင်ဖြစ်ပါသည်။

ဒုတိယမြောက်သားဖြစ်သော မောင်ပေါ်လာသည်ဆိုင်းဆရာအဖြစ်ရပ်တည်ခဲ့ပြီး ဦးပေါ်လာမှမွေးဖွားသောသားတစ်ဦးမှာလည်း ဆိုင်းဆရာစိတ်ဟူသော အမည်ဖြင့် အနုပညာလောကတွင် ဆက်လက်ရပ် တည်ခဲ့ပါသည်။

✧✧✧

# မှော်ဘီမြို့နှင့်သာသနာ့အရေး

◆ ◆ ◆

မှော်ဘီမြို့သည် ရန်ကုန်မြို့မှ မိုင်ပေါင်း (၃၀)ကွာဝေးပြီး ရန်ကုန်-ပြည်သွာ မီးရထားလမ်းနှင့် မော်တော်ကား လမ်းမကြီးပေါ်တွင် တည်ရှိနေပါသည်။ ရှေးယခင် မွန်အမျိုးသားများအများအားဖြင့် နေထိုင်ခဲ့သောကြောင့် မွန်ဘာသာအားဖြင့်မှော်တပိ ဟူ၍လည်းကောင်း၊မူတပိဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲခဲ့ပါသည်။ မြန်မာဘာသာ အားဖြင့် မော်နှင့်မူသည် အစွန်း၊ တပိတသည် ဥသျှစ်။ နှစ်ခုပေါင်းသော် ဥသျှစ်စွန်း ဟု ဆိုလိုပါသည်။ ("ရွှေမော်တင်ဘုရားသမိုင်း - မှော်ဘီဆရာသိန်း၏သားရေး")

မှော်ဘီမြို့သည် သာသနာတော်အရေးတွင် မော်ကွန်းမှတ်တမ်းများတင်ထား ရမည့် ဆောင်ရွက်ချက်များစွာရှိပါသည်။ နိုင်ငံတော်မှ ဗုဒ္ဓသာသနာတော် သန့်ရှင်း/ တည်တံ့/ပြန့်ပွားရေးအလို့ငှာ မှော်ဘီမြို့၏ စိုက်ပျိုးရေး ပန်းခြံ၊ သကြားပင်များ၊ အရိပ်အာဝါသအောက်တွင် သံဃာဂိုဏ်းပေါင်းစုံ မျက်နှာစုံညီ အစည်းအဝေးပွဲကို ၁၃၂၆ တပေါင်းလ (၁၉၆၅-မတ်လ)တွင် ကျင်းပခဲ့ပါသည်။

အချိန်ကာလအားဖြင့် ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးကောင်စီအစိုးရ မှ ၁၉၆၂ခုမတ်လတွင် အာဏာသိမ်းခဲ့ပြီးနောက် သာသာနရေးကိစ္စများ ဆောင်ရွက် နေချိန်နှင့် ၁၉၆၁ခု ဒီဇင်ဘာလမှစ၍ သဲအင်းဂူ ဆရာတော်ဦးဥက္ကဋ္ဌမှာ လာသမျှ ဝေနေယျများအား ဟောပြောကျင့်ကြံစေခဲ့သော အချိန်ဖြစ်ပါသည်။

ထိုသို့မှော်ဘီမြို့နယ်အတွင်း ပဋိပတ္တိသာသနာထွန်းလင်းတောက်ပလာသော အချိန်အခါနှင့်တော်လှန်ရေးကောင်စီအစိုးရမှ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွား ရေးလုပ်ငန်းများစတင်ဆောင်ရွက်သော အချိန်အခါနှင့်တိုက်ဆိုင်မှုမှာလည်းလွန်စွာပင် ထူးခြားပေါ်လွင်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် ပခုက္ကူမြို့ အဘိဓမ္မမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ဦးသုန္ဒရကသြဝါဒကထာ ပေးပါသည်။ ထိုသြဝါဒကထာကို

ာင်မြို့ဆရာတော်မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသကရေးသားတင်ဆက်
က်ကပ်ပါသည်။ထိုမျက်နှာစုံညီအစည်းအဝေးသို့ ယခု(ဒုတိယ) သဲအင်းဂူဆရာတော်
ရားကြီးဖြစ်တော်မူသော ဘဒ္ဒန္တဝါယမ (အဂ္ဂမဟာကမ္မဌာနာစရိယ) မဟာထေရ်
ရှင်သူမြတ်သည်လည်း ဘီးလင်းမြို့နယ်၊ လေသာဂိုဏ်း၏ ကိုယ်စားလှယ် အနေဖြင့်
က်ကြွစွာ ကြွရောက်ခဲ့ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းပင် တော်လှန်ရေးကောင်စီအစိုးရမှလည်း
ာသနာတော်ကြီးအား **သန့်ရှင်းတည်တံ့ပြန့်ပွားရေး** ကိစ္စရပ်များလုပ်ဆောင်
သော **အချိန်၌** သဲအင်းဂူဆရာတော်ဦးဥက္ကဌက မကြာခဏ ပြောခဲ့ဘူးသည့်
ားတစ်ရပ်မှာ(အစိုးရပညတ်က **"သန့်ရှင်း"၊ "တည်တံ့"၊ "ပြန့်ပွား"**၊ ပညတ်
ားရာခါတ်သက်ပါ အဓိပ္ပါယ်ရှိတယ်။ ဦးဇင်းကတော့ အဝိဇ္ဇာစိတ်တိုက်ပြီး ဝိဇ္ဇာစိတ်
ပြောင်းခဲ့တာပဲ။ ဦးနေဝင်းရဲ့ လုပ်ငန်းနဲ့ ဦးဇင်းလုပ်ငန်းကတူတယ် ဟု အမိန့်ရှိခဲ့ဖူး
သည်။

တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူ၏ အာဏာစက်သည် တိုင်းသူပြည်သားများ
ပေါ်၌ ပြန့်နှံ့စေသကဲ့သို့ သံဃာတော်တစ်ပါး၏ တရားတော်များသည်လည်း
ဝေနေယျနှင့်သူ ပြန့်နှံ့စေပါသည်။

စကြာဝဋ္ဋာအနန္တ၊ သတ္တဝါအနန္တ၊ ဖြစ်ကြ၊ ပျက်ကြ၊ မွေးကြ၊ သေကြ၊
ကြသည်မှာ သဘာဝနိယာမအရ အဆန်းမဟုတ်ပါ။ သို့သော် **(ပုဂ္ဂလဝိသေသော၊
နိတဗ္ဗော)**ဟူသောပါဠိတော်အတိုင်းပင်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထွန်းပြောင်မြောက်
င် ထိုပုဂ္ဂိုလ်၏အစွမ်းကြောင့် အများသတ္တဝါ ဝေနေယျ သူကောင်းမျိုး ဖြစ်ထွန်း
သည့် လုပ်ငန်းများကိုမူကား ထိမ်ချန်ခြင်း၊ ပျောက်ကွယ်စေခြင်း၊ မဖြစ်စေဘဲပြန့်ပွား
နိုင်ရန် ခိုင်လုံသည့် အမှတ်အသားများရှိမှသာလျှင် သဘာဝကျပေမည်။

ကိုးကွယ်မှုဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ လူမှုစားဝတ်နေရေး၊ ကျန်းမာရေးမှ
ထိုသို့သော ပုဂ္ဂိုလ်ထူးများ၏စွမ်းအင်ကြောင့်သာလျှင် ယနေ့လူသားများ လွယ်ကူ
းသာစွာ အကျိုးထူးများ ခံစားနေရသည် ကို အထူးဖော်ပြရန်လိုအပ်မည်မထင်ပါ။

ယခုသာသနာရေး သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ များစွာရှိသည့်အနက်တစ်ပါး
ပါအဝင်ဖြစ်သည့် မော်ဘီမြို့ နှောကုန်းကျေးရွာသား သဲအင်းဂူအရှင် အလောင်း
လျာ၏ဘဝဖြစ်စဉ်အား ရှေးဦးစွာဖော်ပြသွားမည်ဖြစ်ပြီးနောက်ပိုင်းတွင် ရဟန်းဘဝ
သနာပြုခဲ့ပုံများကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။ ဦးအောင်ထွန်း ဘဝ၏
ကောင်းမှုဒုစရိုက်များကြောင့် သူကိုယ်တိုင်ခံခဲ့ရသည့်အပိုင်းနှင့် သူတော်စင်ဘဝ
င်ကြံအားထုတ်မှုများကြောင့် သူနှင့်တကွ သူ၏ဝေနေယျများ စံခဲ့ရသည့်အပိုင်းပင်
ပါသည်။

မော်ဘီမြို့၏အနောက်ဘက်ယွန်းယွန်း(၅)မိုင်သာကွာဝေးသည့် လယ်ကွင်
တွင် ဦးအောင်ထွန်း၏ ဇာတိချက်ကြွေဖြစ်သော နှောကုန်းရွာကြီးမှာ အိမ်ခြေအာ
(၃၀၀)ကျော်ခန့်ရှိပြီး ကျောင်းကြီးနှင့်ကျောင်းလေးအမည်ရှိသည့် ကျောင်းနှစ်ကေ
တွင် ရခိုင်ဘုန်းတော်ကြီးတစ်ပါးနှင့် မြန်မာဘုန်းတော်ကြီး တစ်ပါး စံပျော်သီတင်
လျက် ရှိပါသည်။ ရွာသူရွာသားများမှာ အညာဒေသမှလာရောက် အခြေချနေထို
များ နှင့် အောက်အရပ်မှ လာရောက်နေထိုင်ကြသောသူများဖြစ်ပါသည်။

နှောကုန်းကျေးရွာပတ်လည်တွင် ကြာအင်း၊ ညောင်ပင်အင်း၊ ခွေးပုတ်အ
သဲအင်းစသည်ဖြင့် အင်းလေးအင်းရှိရာ သောင်ထွန်းနေသည့် သဲအင်းမြေပေါ်
ဆရာတော်ဦးဥက္ကဋ္ဌမှစတင်သာသနာပြုသောကြောင့် ၄င်းနေရာ "သဲအင်းဂူ" ဟူ
အမည်ဖြင့် ပညတ်ဖြစ်ပေါ်လာခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ၁၁အင်းဟူသော ဒေသအမည်တို့ အစွဲပြု၍ ကျော်ကြ
သော သဲအင်းဂူဆရာတော်တစ်ပါးရှိခဲ့ပါသည်။ ထိုတစ်ပါးသည် ကုန်းဘောင်မင်းဆ
သာယာဝတီမင်းလက်ထက် အညာဒေသမန္တလေးအထက်သဲအင်းမှ သူရိယာ ဝံသ
သီရိပဝါရာလင်္ကာရ၊ ဓမ္မသေနာပတိ၊ မဟာဓမ္မရာဇာဓိရာဇာဂုရု ဘွဲ့တံဆိပ်တေ
သဲအင်းဆရာတော် ဘုရားကြီး ဖြစ်၍ ဒုတိယတစ်ပါးမှာ ဦးနေဝင်း (တော်လှန်
ကောင်စီအစိုးရ) လက်ထက် တေဝိဇ္ဇာပဋ္ဌရဟန္တာ ဟုကျော်ကြားခဲ့သည့် သဲအ
ဆရာတော်ဘုရားကြီး ဦးဥက္ကဋ္ဌပင် ဖြစ်ပါသည်။

## ငယ်စဉ်ဘဝသူ့ဗီဇ

◆◆◆

မော်ဘီမြို့နှင့် (၅)မိုင် ကျော်ကွာဝေးသော နှောကုန်းကျေးရွာတွင် မွေး
ကြီးပြင်းလာခဲ့သော မောင်အောင်ထွန်းမှာ နီးစပ်ရာ ဘုန်းတော်ကြီးကျောင်း၌
ပညာသင်ကြားရန် မိဘနှစ်ပါးမှ အပ်နှံပေးခဲ့သော်လည်း မောင်အောင်ထွန်းအနေ
ကောင်းစွာစာမသင်။ လစ်လျှင်လစ်သလို ကျောင်းပြေးတတ်ပါသည်။

မကြာခဏကျောင်းပြေးတတ်သော မောင်အောင်ထွန်းအားရွာမှ ကာလသ
များက အလကားမထားပါ။ တွေ့သောနေရာတွင် ၄င်းတို့အတွက် လိုအပ်သော က
များကိုမောင်အောင်ထွန်းအားချော့မြူ၍ရင်းနှီးစွာခိုင်းပါတော့သည်။ မောင်အောင်ထွ
ကလည်းသွက်လက်စွာပင် ခိုင်းသမျှလုပ်ပေးတတ်ပါသည်။ ရွာထဲတွင်ရှိသော ဘုံဆ
များမှာ မောင်အောင်ထွန်းမသိသော ဘုံဆိုင်မရှိတော့ပါ။ မိဘများမှကျောင်းသွား
မုန့်ဖိုးပေးသမျှရွာထဲရှိကာလသားများနှင့်ဆေးလိပ်သောက်ခြင်း၊ ထန်းရည်သောက်ခြ

းဖြင့်အချိန်ကုန်ခဲ့ပါသည်။ မောင်အောင်ထွန်းအား အချိန်ကာလကြာလာသည်နှင့် မျှ မိဘများ ရိပ်စားမိလာပြီး နောက်ဆုံးလက်လျှော့ ထားလိုက်ကြပါသည်။

ထို့ကြောင့်မောင်အောင်ထွန်းအနေဖြင့် စာပေနှင့်ပတ်သက်လာလျှင် စာလုံး ပါင်းများပင်မှန်ကန်အောင်မပေါင်းနိုင်တော့သောအခြေအနေသို့ရောက်ရှိလာပါသည်။

သို့သော် တောရွာ ဓလေ့ထုံးစံအတိုင်း စပါးရိတ်သိမ်းပြီး သည့်အခါမှစ၍ ပြးခုန်ပြိုင်ပွဲအမျိုးမျိုး၊ အနုပညာ ပျော်ပွဲရွှင်ပွဲများတွင်လည်း ထူးချွန်စွာ ရှေ့တန်းက ဝင် အောင်မြင်ခဲ့သည့်အပြင် ရပ်ရွာသာရေး၊ နာရေး ကိစ္စများတွင်လည်း သဒ္ဓါ က်သန်စွာ အင်တိုက်အားတိုက် ဝေယျာဝစ္စများကို ဦးစီးဆောင်ရွက်လေ့ရှိတတ် သာကြောင့် တောရွာသူတောရွာသားအားလုံး ချစ်ခင်လေးစားယုံကြည်ကြပါသည်။

## ဖြတ်ထိုးဉာဏ်

◆◆◆

ကျေးရွာအချင်းချင်း အပြေးပြိုင်ပွဲများပြုလုပ်ရာ၌ ပြိုင်ဘက်ချင်းခြေရည်တူ စ်လျှင် မောင်အောင်ထွန်းမှာဉာဏ်လွှာသုံးတတ်သောကြောင့် မောင်အောင်ထွန်းမှာ ဆင့်သာနေတတ်ပါသည်။

တစ်နေ့သောအခါ အပြေးပြိုင်ပွဲတစ်ခုဖြစ်ခဲ့ရာ ကျေးရွာအုပ်စုမှ ကရင် မျိုးသား မောင်ဂိဆိုသူနှင့် မောင်အောင်ထွန်းတို့ နှစ်ဦးအား ရွာလူကြီးများက ပိုင်ပွဲသို့ယှဉ်ပြိုင်ရန် ရွေးချယ်လိုက်ပါသည်။ မောင်ဂိဆိုသူ ကရင်အမျိုးသားမှာ အနီး တ်ဝန်းကျင် တဝိုက်တွင် နာမည်ရှိသော အပြေးသမားတစ်ယောက် ဖြစ်ပါသည်။ မာင်အောင်ထွန်းကလည်းခေသူမဟုတ်၊ တက်ကြွဇွဲသန်သော အပြေးသမားကောင်း စ်ယောက်အဖြစ်ရွာမှ အထင်ကြီးပြီးသား ဖြစ်ပါသည်။ ထိုပြိုင်ပွဲသို့ အနီးအနား တ်ဝန်းကျင်မှ ရွာသူရွာသားများမှလည်း ပြိုင်ပွဲဝင်မည့် သူများ၏ အကြောင်းကို ကြိုတင်သိထားသည့်အတိုင်းပင် သူ့ထက်ငါ လှည်းပေါင်၊ လှေပေါင်၊ ပစ္စည်းများကို ပေါင်နှံကြပြီးသူ့ဘက်၊ ကိုယ့်ဘက်လောင်းကြေးကြီးစွာဖြင့် လောင်းကစားကြပါသည်။

ကျေးလက်တောရွာ အပြေးပြိုင်ပွဲများသည် အများအားဖြင့် အင်္ဂလိပ် က်ထက် ကျောင်းသူကျောင်းသားများ အပြေးပြိုင်ပွဲကဲ့သို့မဟုတ်ပါ။ သေနတ်ပစ် ဖါက်ခြင်းမရှိသောတောသဘာဝတွင် နှစ်ယောက်ချင်းအပြေးပြိုင်ကြရာ၌ တစ်ဦးနှင့် တစ်ဦးမျက်စိခြင်းနှစ်ခါသို့မဟုတ်သုံးခါကြည့်ပြီး သဘောတူလျှင်တာထွက်ကြပါသည်။

ကျေးရွာစည်းကမ်းအရတစ်ဦးမကျေနပ်၍တောမထွက်လျှင် ခပ်လှမ်းလှမ်းမှဒိုင်လူကြ
လုပ်သူကအလံပြခဲ့လျှင်ပြိုင်ပွဲကိုပြန်လည်စတင်ရပါသည်။ပြိုင်ပွဲစတင်ပါပြီ။အနီးအနား
လူအုပ်ကြီးများကလည်း အားပေးသောအသံများ၊ ပျော်ရွှင်စွာအော်ဟစ်ကြသောအသ
များ ကွင်းလယ်တဝိုက် ဆူညံနေကြပါသည်။ မောင်အောင်ထွန်းမှာ မိမိ၏ပြိုင်ဘဂ
မောင်ဂိအကြောင်းအား ကြိုတင် သိထားသည့် အတွက် မောင်ဂိ ဒူးနှစ်ခါ ညွတ်
မျက်စိချင်းနှစ်ခါဆုံပြီ။ တတိယအကြိမ် ဒူးညွှတ်တော့မည့်ဆဲဆဲ စက္ကန့်ပိုင်းအဂ
မောင်အောင်ထွန်းက တစ်လှမ်းဦးပြီး တောထွက်ခဲ့ရာ ယှဉ်ပြိုင်သည့် မောင်ဂိ
တစ်လှမ်း နောက်ကျခဲ့ပါသည်။

သို့သော် မောင်ဂိမှာ အပြေးသန်သောကြောင့် ပန်းတိုင်သို့အတူ ဝင်ရောက
လာပါသည်။ ဝါးလုံးတိုင်ထဲတွင် စွပ်ထားသောကြိမ်လုံး (တောရွာအခေါ် ပန်း)အာ
ပြိုင်တူလှမ်းယူလိုက်သောအခါမောင်အောင်ထွန်းကလျှင်မြန်စွာကြိမ်လုံးကို ဆောင့်ပြ
ဆွဲယူလိုက်ပါသည်။ ကြိမ်လုံးကိုမောင်ဂိလက်ထဲတွင်ကိုင်မိသော်လဲ မိမိရရ ဆွဲယူ
မရတော့ပါ။ မောင်အောင်ထွန်းအနေဖြင့် ကြိမ်လုံးကိုလက်ထဲတွင် မိမိရရဆုပ်ကိုင်
မိသောကြောင့် အဆိုပါပြိုင်ပွဲတွင်အနိုင်ရရှိသွားပါသည်။ တနည်းအားဖြင့် လူငယ်ခြင်
ပန်းဝင်ခြင်း တူညီသော်လည်း ဉာဏ်အရာတွင် မောင်ဂိ ထက်သာလွန်သောကြော
ဤပွဲတွင် မောင်အောင်ထွန်းက အနိုင်ရရှိခြင်းလည်းဖြစ်ပါသည်။ ဤကားငယ်စဉ်ဘဂ
သူ့ဇာတိ သာမကေ သိထားဖွယ်ရာ ပဏာမဖြစ်ပါသည်။

ကျေးရွာမှာရှိကြသော လူကြီး၊ လူငယ်များအားလုံး မောင်အောင်ထွန်းထံ
သို့ဝမ်းသာအားရ ပြေးလာကြပါသည်။ တစ်ရွာလုံးအတွက် အနိုင်ရရှိရန် ကြိုးစား
ဆောင်ရွက်လိုက်သောမောင်အောင်ထွန်းမှာ ရွာထဲသို့အဝင် မျက်နှာပွင့်လန်းရွှင်လန်း
နေပါသည်။ ဆီးကြိုနှုတ်ဆက်ကြသော လုံမငယ်များကြားတွင် အထူးပျော်ရွှင်နေသော
မောင်အောင်ထွန်း။

ယခုဆက်လက်၍ သူရသတ္တိအရာ၌လည်း မိမိထက်များစွာ အသက်အရွယ်
ကြီးသည်သာမကတစ်ရွာလုံးကကြောက်ရွံ့နေခဲ့ရသည့် (အမည်မဖေါ် လိုပါ)လူမိုက်အား
ယှဉ်ပြိုင်ခဲ့ပုံကို အနည်းငယ်ဖော်ပြပါမည်။ ဤသို့ရေးသားဖော်ပြနေရခြင်းမှာ လူတစ်ဦး
တစ်ယောက်သည်မွေးရာပါဇာတိဉာဏ်လည်းရှိ သတ္တိလည်းရှိခဲ့သော်မကောင်းမှုပြုလျှင်
အောင်မြင်နိုင်သကဲ့သို့ကောင်းမှုပြုသောအခါများ၌လည်း အောင်မြင်စေနိုင်သည့် မူလ
အခြေခံစွမ်းအင်ဖြစ်ကြောင်းထိုက်သင့်သည့်အားလျော်စွာဖော်ပြနေရခြင်းဖြစ်ပါသည်။

# အနိုင်အမခံ

◆◆◆

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ မြို့ကြီးပြကြီးများ အတွင်းတွင် လည်းကောင်း၊ ကျေးလက်တောရွာများတွင်လည်းကောင်းမိုက်ကြေးခွဲစားသောသူများရှိပါသည်။ရန်ကုန်အရှေ့ပိုင်းတွင်ကျွန်းပြန်ငမိုး၊အလယ်ပိုင်းတွင်ကုလားသူဌေးမတ်စကီး၊ရန်ကုန်အနောက်ပိုင်းတွင်လမ်းမတော်ဘိုးတုတ်နှင့်ပုဏ္ဏားဘကွန်း၊ ရေကျော်/ကန်တော်ကလေးဖက်တွင်ကျောက်ပေါက်မ၊ မှန်စီလူလေးစသည့် လူမိုက်များအား မယှဉ်ရဲကြပါ။ ထိုခေတ်တွင် တစ်ရပ်ထဲနေ တစ်ရေထဲသောက်က ရှိန့်ကြောက်ကြောက်နေကြပါသည်။

ထိုအချိန်ကာလ၌ နောကုန်းကျေးရွာတွင်လည်း ရိုးသားသောတောသူလယ်သမားများနှင့်လက်လုပ်လက်စားများအား ခေါင်းပုံဖြတ်မိုက်ကြေးခွဲစားသူလူမိုက်တစ်ဦး(အမည်မဖော်လိုပါ)ရှိခဲ့ပါသည်။ ၄င်းလူမိုက်သည်တစ်ရွာတည်းနေ၊တစ်ရေတည်းသောက်သူ အချင်းချင်းထံမှငွေလိုလျှင် ငွေတောင်းခံတတ်ပါသည်။ နေ့မရွေးညမရွေး ၄င်းတက်စားချင်သော အိမ်များသို့ တက်စားတတ်သောကြောင့် ထိုလူမိုက်ကြီးကိုကြောက်အားပို၍ ရှေ့တွင်သာလျှင် ကောင်းမွန်အောင်ပြောဆိုဆက်ဆံကြသော်လည်း နောက်ကွယ်တွင် ၄င်းအားမကျေနပ်သောသူများပါသည်။

ထိုလူမိုက်၏ဒဏ်ကို မောင်အောင်ထွန်း၏မိဘများဖြစ်ကြသောဦးသော်တာနှင့် ဒေါ်မယ်အုံ့တို့မှာပို၍အခံရဆုံးပင်ဖြစ်ပါသည်။ မောင်အောင်ထွန်းမှာလည်း မကြာခဏဝင်ရောက်စားသောက်ဗိုလ်ကျတတ်သော ထိုလူမိုက်အားကြည့်မရတော့။ တစ်နေ့တွင် ထိုလူမိုက်ကမောင်အောင်ထွန်းတို့အိမ်အပေါ်အတက် မောင်အောင်ထွန်းမှထိုလူမိုက်အား မျက်နှာတည့်တည့်သို့ ထင်းစနှင့်ရိုက်ထည့်လိုက်ပါသည်။ ထိုလူမိုက်ကလည်း ကြေးစားလူမိုက်ပီပီအရှောင်ကောင်းသောကြောင့် ဒဏ်ရာကြီးကျယ်စွာမရခဲ့ပါ။ ရှက်စိတ်မွန်ကာမောင်အောင်ထွန်းကိုလိုက်၍ အမိဖမ်းပြီးလက်လွန်ခြေလွန်ပြုလုပ်မည့်စဲစဲတွင် ဘေးလူများကဝိုင်းဆွဲထားသောကြောင့် မောင်အောင်ထွန်းသက်သာရာ ရသွားပါသည်။ သို့သော်တစ်ရွာလုံးမှမော်မကြည့်ရဲသည့် ထိုလူမိုက်အားမိမိရရ ခံတွယ်လိုက်သည့် မောင်အောင်ထွန်း၏ သတ္တိအား တစ်ရွာလုံးလေးစားသွားကြပါသည်။

# အိမ်ထောင်ဦးမင်္ဂလာနှင့်ဘဝသံသရာ

◆◆◆

နှောကုန်းကျေးရွာတွင် လူငယ်ဘဝကာလသားများဖြစ်ကြသော အေးမော
အောင်ရင်၊အောင်ထွန်းသူငယ်ချင်းသုံးယောက်တို့သည် ကျေးရွာအတွင်းစိတ်တူကိုယ်
ပေါင်းသင်းကြသောသူငယ်ချင်းသုံးယောက်ဖြစ်ကြပါသည်။ ကြက်တိုက်၊ဖဲရိုက်အတူ
ပင်။ အေးမောင်၊အောင်ရင်တို့မှာငွေကြေးချောင်လည်သောမိသားစုများဖြစ်ကြပါသည်
ငွေကြေးချောင်လည်သော်လည်းအေးမောင်နှင့်အောင်ရင်တို့၏ သုံးဖြုန်းမှုဒဏ်ကို မ
နိုင်သည့်အဆုံး မိဘများ၏ဝတ္တရားအရ သားသမီးများအား ငွေကြေးနှင့်ပတ်သက်
ကြပ်တည်းစွာ ထိန်းချုပ်ထားခဲ့ပါသည်။ အေးမောင်နှင့်အောင်ရင်တို့မှာယခင်ကဲ့သို့မိဘ
များထံမှ ငွေကြေးမရရှိသောအခါ လူငယ်သုံးဖြုန်းရန် ငွေရပေါက်ရလမ်းရှာကြံရ
အောင်ထွန်းအားအားကိုးအားထားပြုခဲ့ကြပါသည်။ ၎င်းတို့အားကိုးမည်ဆိုလျှင်လည်
အားကိုးလောက်ပါသည်။ အောင်ထွန်းမှာငယ်စဉ်ကာလမှာပင် ရွာကာလသားများ
ခိုင်းစေမှုကြောင့် နွားပြန်ပေးနှင့် အရက်ပုံးဒုစရိုက်မှု လုပ်ငန်းများအား အရှယ်နှ
မလိုက်အောင် ကောင်းစွာ နားလည်ခဲ့ပါသည်။

ထိုသို့သောအကြောင်းတရားများဖြစ်ပေါ် နေချိန်မှာပင် မောင်အောင်ထွန်းမှ
ယခင်အပြေးပြိုင်ပွဲတွင်လက်ခုပ်သံမစဲအားပေးကူညီပြီး အပြုံးပန်းများစွာဖြင့် ကြို
ခဲ့သော နှောကုန်းရွာသူမဖွားညွှန့်နှင့်ဖူးစာဆုံကြပါလေတော့သည်။ လင်ယောကျ်ား
ဝတ္တရားအတိုင်းပင် မယားကျွေးမှု၊ သားကျွေးမှုကို ရှာဖွေရတော့မည့်အချိန်တွင် မိ
သိနားလည် ကျွမ်းကျင်သော လုပ်ငန်းကိုသာ မောင်အောင်ထွန်းရွေးချယ်ရပါသည်
တနည်းအားဖြင့်အမှောင်လောကသို့ **"ငါဝမ်းပူစာမနေသာ"** ဆိုသည့်အတိုင်းဝင်ရောက်
ရန်အကြောင်းဖန်လာပါတော့သည်။ လူငယ်တို့သဘာဝကာလသားမိတ်ဆွေ အပေါင်း
အသင်းသံယောဇဉ်ကိုအလွန်ပင်ခင်မင်တတ်သော မောင်အောင်ထွန်းမှာ သမီးဦးအာ
မျက်နှာမြင်ပြီးသောအခါ နောက်ထပ်သံယောဇဉ်တစ်ချောင်းချည်နှောင်ခြင်း ခံရပြန်ပါ
သည်။ ရရှိလာသောသမီးဦးကလေးအား ယုယပိုက်ထွေးချစ်မဝအောင် ဖြစ်နေသည့်
အချိန်တွင်အလုပ်လက်မဲ့ဖြစ်နေသေးသော အောင်ထွန်းအနေနှင့်မိဘများ၊ ယောက္ခမ
များ၏မျက်နှာကို ကြည့်ရသည်မှာ အောင်ထွန်းစိတ်ထဲတွင် တစ်မျိုးဖြစ်နေပါသည်။
သောကမီးကြီးကအောင်ထွန်းအား လောင်ကျွမ်းနေပြီဖြစ်ပါသည်။ မောင်အောင်ထွန်း
၏ ခံစားချက်မည်မျှ ပြင်းထန်သည်ကိုစာဖွဲ့ရန်ပင်မလိုပါ။

တရားထူးတရားမြတ်များ ရရှိချိန်တွင် မိမိ၏ အမှားကို အများသိရှိစေရန် အလျှဉ်းသင့်သလိုလေ့ယူဘဝဟောင်း၏ အတွေ့အကြုံများကို ပြန်လည်ဟောပြော လေ့ ရှိပါသည်။

(ယောကျာ်းမြင် ယောကျာ်းသိ မလွတ်သေးဘူး။ မိန်းမမြင် မိန်းမသိမလွတ် သေးဘူး။ အဲ မိန်းမမြင် မိန်းမသိကတော်သေးတယ်။ ဖြူတယ်၊ မည်းတယ်၊ ပိန်တယ်၊ ဝတယ်များသိလိုက်ရင် သိလိုက်တာနဲ့သွားရော့၊ သွားရော့) ဟုဟောပြောခဲ့ဘူးပါတယ်။ (အဲဒီအမြင်၊ အဲဒီအသိဟာ မိစ္ဆာအမြင်၊ မိစ္ဆာအသိလို့ ခေါ်တယ်) ဟူ၍ပြောပြီး မိစ္ဆာအမြင်နှင့် သမ္မာအမြင် နှစ်မျိုးကို ယောဂီများ သဘောပေါက်စေရန် သဲအင်းဂူ ဆရာတော်မှ မိုးကောင်းဓမ္မာရုံကြီးတွင် မိစ္ဆာလင်္ကာနှင့်တကွ အကျယ်တဝင့် ဟောပြ ပါသည်။

## မိစ္ဆာလင်္ကာ

◆◆◆

(၁) အဆင်းရုပ်နှင့် မျက်စိအကြည်ဓါတ်နဲ့ ထိမှန်တဲ့အခါတွင် မျက်စိက မြင်တယ်၊ မြင်တယ်လို့ထင်။ အမှားတွေမြင်။ အမှားတွေမြင်တော့ မရှိပညတ်ပေါ် မှာထင်။ မရှိပညတ်ပေါ်မှာထင်တော့ ယောကျာ်း၊ မိန်းမရယ်လို့ထင်။ ယောကျာ်း၊ မိန်းမရယ်လို့ထင်တော့ ယောကျာ်းအပေါ်၊ မိန်းမအပေါ် လောဘတဏှာ ကိလေသာ တွေဝင်။လောဘတဏှာကိလေသာဝင်တော့သံသရာအပါယ်လေးခွင်၊ကေန်မလွတ်ကင်း တာတွေမြင်

(၂) အသံရုပ်နှင့် နားအကြည်ရုပ် ................................ (စသည်ဖြင့်)

(၃) အနံ့ရုပ်နှင့် နှာခေါင်းအကြည်ရုပ် ......................... (စသည်ဖြင့်)

(၄) ရသာရုပ်နှင့် လျှာအကြည်ရုပ် ............................. (စသည်ဖြင့်)

(၅) အတွေ့ရုပ်နှင့် ကိုယ်အကြည်ရုပ် ........................... (စသည်ဖြင့်)

(၆) ဓမ္မရုပ်နှင့် နှလုံးအကြည်ရုပ် ................................. (စသည်ဖြင့်)

အထက် ဖော်ပြပါ လင်္ကာအတိုင်းပင် မောင်အောင်ထွန်း ပန်းပြိုင်ပွဲတွင် န်းဝင်လာသည်ကို မဖွားညွန့်က မျက်စိအကြည်ရုပ်ဖြင့် မြင်ခဲ့သလိုပင်

မောင်အောင်ထွန်းကလည်းပဲမျက်စိအကြည်ရုပ်ဖြင့် **မဖွားညွန့်** လက်ခုပ်ဩဘာ
နေသည်ကိုမြင်တွေ့ရသောကြောင့် ကိလေသာဝင်ပြီးသံသရာတစ်ခွင် ရေအလျဉ်ကြေ
မှာ ပထမအကြိမ် မျောခဲ့ရပါသည်။ ဤကဲ့သို့ လေးကြိမ်လေးခါ မိစ္ဆာအသိဝ
ပါသည်။

သားကျွေးမှု မယားကျွေးမှုများနှင့် ရတက်ပွေနေသည့်အထဲ တစ်ဘက်
လည်း ကာလသား သဘာဝအတိုင်းပင် ရွာထဲ၌ရှိသောကြက်ဝိုင်း၊ ဖဲဝိုင်းစသ
အပျော်အရွှင်ဝိုင်းများတွင် မောင်အောင်ထွန်းနှင့် ၎င်း၏ အပေါင်းအသင်းများဖြ
သော အေးမောင်၊ အောင်ရင်တို့မပါလျှင် ပွဲမစည်ပါ။

နဲ့သမားကဲ့သို့ပင် မောင်အောင်ထွန်းတို့မှာ ပိန်လိုက်ဖေါင်းလိုက် နိုင်
တစ်လှည့်၊ ရှုံးချီတစ်ခါဖြင့် လူးလွန့်နေရာ ကြံကြံဖန်ဖန်ကြပါတော့သည်။ သမ္မာအာဇီ
တော့မဟုတ်။ ကြေးစားလူမိုက်အနေဖြင့်၊ ခုတ်ရ၊ ထစ်ရ၊ ပါးပါးလှီးရသည့် လုပ်င
မျိုးစုံတို့ကိုစတင်ကျူးလွန်ပါတော့သည်။ ပြစ်မှုများအားကျူးလွန်ရန်အတွက် ပြင်ဆ
နေသည့်အချိန်တွင် မိမိဇနီးကမေးမြန်းလျှင် မောင်အောင်ထွန်းမှာ **ကြွေးတောင်း**
**ကိစ္စ**ဟုအကြောင်းပြလေ့ရှိ၏။ (မကောင်းမှုပြုရန်ဟုပြောလေ့မရှိပါ။) ကနဦး၌ ရွာသ
များမရိပ်မိကြသော်လည်းရွာသူကြီးဦးကျော်ကတော့ရိပ်စားမိပါသည်။ တစေ့တစေ
လေ့လာရင်းပင်အကဲခတ်ကြည့်နေလိုက်ရပါသည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်
မရှိဟုဆိုသော ဝေါဟာရအတိုင်းပင် ၎င်းတို့၏လုပ်ဆောင်ချက်များမှာ တစ်နေ့တခြ
ပုလိပ်ဂါတ်တဲတွင် တိုင်ချက်များနေပါသည်။ ထို့ကြောင့် ပုလိပ်များကလည်း အမှုန
ပတ်သက်သော အကြောင်းအရာများကို အသေးစိတ်လိုက်လံ လေ့လာပါသည
မောင်အောင်ထွန်းတို့အား စွဲချက်တင်နိုင်လောက်သော ခိုင်လုံသည့် အထော
အထားများ တစ်စုံတစ်ရာ မတွေ့ရှိသောကြောင့် ၁၉၃၂ ခုနှစ်တွင် အောင်ထွန်းအ
မှော်ဘီမြို့ရှိ ပုလိပ်ဂါတ်တဲမှ နာမည်ကြီးစာရင်း ဖွင့်လှစ်၍ ပုဒ်မ (၁၁၀)ဖြ
အဖျောက်မြို့နယ် လှည်းကူးကျေးရွာသို့ နယ်ပြောင်းလိုက်ပါသည်။

ထိုသို့ နယ်ပြောင်းချိန်တွင် မောင်အောင်ထွန်း၌ ကလေးသုံးယောက်ရ
နေပြီဖြစ်ပါသည်။ ရွာတွင် ကျန်ရစ်ခဲ့သော မိသားစုများမှာ အောင်ထွန်းအတွ
မျက်ရည်နှင့်မျက်ခွက်ဆိုသလိုပင် ကျန်ရစ်ခဲ့ရှာပါသည်။

✧✧✧

# မောင်အောင်ထွန်းနှင့်လှည်းလမ်းကူးသူကြီးဦးဘိုးညွန့်

◆◆◆

| | |
|---|---|
| လင်နှင့်မယား | မယားနှင့်လင် |
| ဖြစ်ကြကြင်သော် | ချစ်ကြင်မဝ |
| သက်တမျှလည်း | မိန်းမတို့တမ်း |
| သူ့မှာကျွမ်းတ | စိတ်ဝမ်းလင်မှာ |
| လွန်ပူဆာ၏ | ပမာတို့လား |
| ယောကျ်ားတို့လည်း၊ | သူနှင့်ရည်းသော် |
| အသည်းကြွေမျှ | မိန်းမတို့ထုံး |
| မီးနှယ်အုံး၏၊ | |

(မဟာသုတကာရီမဃဒေဝလင်္ကာသစ်)

မောင်အောင်ထွန်း၏ စိတ်ဝယ်လေးလံနေပါသည်။ မိမိကြောင့် ဖြစ်ပေါ်လာခဲ့သော အခက်အခဲများကို မိမိသာမက ဇနီး၊ သားသမီးများပါမကျန် ခံရသည်ကို အောင်ထွန်းလုံးဝစိတ်မကောင်းပါ။ လှည်းလမ်းကူး ကျေးရွာ၌ သတ်မှတ်ပေးသည့် (၂)နှစ်တိတိ ကောင်းမွန်စွာ နေထိုင်ရပါမည်။

အောင်ထွန်းလှည်းလမ်းကူးရွာသို့ ရောက်ရှိပါပြီ။ လှည်းလမ်းကူးရွာသူကြီး ဦးဘိုးညွန့်မှ ၄င်းအိမ်၌ပင် အောင်ထွန်းအား နေထိုင်စေပြီး ၄င်းပိုင်ဆိုင်သော ကျွဲ၊ နွားများအား ထိန်းကျောင်းစေရာ အောင်ထွန်းကလည်း မဆိုင်းမတွပင် ပေါ့ပါးစွာ လုပ်ဆောင်ပေးခဲ့ပါသည်။ ထို့အပြင် အိမ်တွင်းအလုပ်များဖြစ်သော ထင်းပေါက်ခြင်း၊ ရေခပ်ခြင်း၊ သူကြီးကတော်ဒေါ်အုံးပွင့်အတွက် ဈေးဝယ်ပေးခြင်းစသည့် အိမ်မှုကိစ္စအဝဝကိုလည်းတိကျစွာပင်ဆောင်ရွက်ပေးသောကြောင့်မကြာမီမှာပင်အောင်ထွန်းအား ရွာသူကြီး ဦးဘိုးညွန့်မှ(၆)လသာ အပြစ်ဒဏ်ခံစေပြီး လူကောင်းအဖြစ် အသိအမှတ်ပြု၍မိမိအိမ်မှာပင်ဆက်လက်နေစေပါသည်။အားလပ်သောရက်များတွင်အောင်ထွန်းမှာ ၄င်းဝါသနာပါသော သီချင်းကြီး၊ သီချင်းခန့်များအား ညဉ့်ဦးပိုင်းတွင် ရွာမှလူငယ်များနှင့် သီဆိုလေ့ရှိပါသည်။ လှည်းလမ်းကူးရွာ ရွာသားများမှာ အောင်ထွန်း သီဆိုသော သီချင်းကြီးများအားလွန်စွာပင် သဘောကျနှစ်ခြိုက်သောကြောင့် ရွာရှိလူငယ်၊ လူကြီးများနှင့် အောင်ထွန်းမှာ သံယောဇဉ် ဖြစ်သွားကြပါသည်။

ကျွဲကျောင်းရန် တာဝန်ကျသော ဦးသာထွန်းနှင့် မောင်အောင်ထွန်းတို့ နေဝင်ကာနီး နွားရိုင်းသွင်းချိန်တွင် (ချည်တိုင်ဟော့ ချည်တိုင်)ဟု လူဘာသာစကားဖြင့် အော်လိုက်ဟစ်လိုက်ရာ ကျွဲ၊ နွားများမှာ တိရစ္ဆာန်ပင် ဖြစ်သော်လည်း မောင်အောင်ထွန်းတို့၏ စကားကို နားလည်ပြီး ငြိမ်ငြိမ်သက်သက်ရပ်နေကြပါသည်။ ထိုအခါ ဦးသာထွန်းနှင့်မောင်အောင်ထွန်းတို့မှာမပင်ပမ်းဘဲတိုင်ငုတ်တွင် ကြိုးချည်ရပါသည်။ တိရစ္ဆာန်များမှာ ညလုံးပေါက် မှက်၊ ခြင်၊ ယင်များ အကိုက်ခံကြရ နံနက်မိုးလင်းမှသာ ကွင်းထဲသို့လွှတ်ကျောင်းခြင်းခံ ရပါသည်။ ထိုကဲ့သို့ တိရစ္ဆာန်များအား ရက်စက်စွာ နှိပ်စက်ပြီး သင်တန်းပေးခဲ့ရသည့် ဝဋ်ကျွေးများအား နောက်ပိုင်း သံဝေဂရရှိ၍ တရားအားထုတ်စဉ် မှက်ကိုက်၊ ခြင်ကိုက်စသည်ဖြင့် အတိုးအရင်းပါ ပေးဆပ်ခဲ့ရသည်။ မိမိဝတထားသည့် ပိတ်ဖြူမှာ ဆေးဆိုးပန်းရိုက်အဝတ်ကဲ့သို့ အနီကွက်များပြည့်နှက်နေပါသည်။

မိမိဇာတိချက်ကြွေ နှောကုန်းကျေးရွာရှိ ရွာသူရွာသားများ ကျေနပ်သကဲ့သို့ လှည်းလမ်းကူး၊ ရွာသူကြီးမှအစတစ်ရွာလုံးက ခင်မင်ကြပါသည်။ ရွာသူကြီးဦးဘိုးညွန့်က မောင်အောင်ထွန်းအား အပြစ်ဒဏ် (၂)နှစ်မပြည့်မီ မိမိ၏ နေရပ်နှောကုန်းရွာသို့ ပြန်ခွင့်ပြုလိုက်ပါသည်။

## ခါးပြကြီးအောင်ထွန်း

◆ ◆ ◆

အဖျောက်မြို့မှ ခြေလျင်ပြန်လာသော မောင်အောင်ထွန်းမှာ အဝေးမှနေ၍ သစ်ပင်ကြီးငယ်များဖြင့် အုံ့ဆိုင်းနေသောနှောကုန်းကြီးသို့လှမ်းမြင်နေပြီ ဖြစ်ပါသည်။ ရွာ၌ရှိသောမိမိ၏ဇနီးနှင့်သားသမီးများမည်ကဲ့သို့နေထိုင်ကြမည်ကို မောင်အောင်ထွန်း သိချင်နေပါသည်။ ထို့ကြောင့် ယခင်အိမ်မှ ထွက်လာစဉ်က နှင့်မတူ ခြေလှမ်းများမှာ ပို၍သွက်လက်လာပါသည်။ ရွာသို့ရောက်လျှင်ရောက်ချင်း မောင်အောင်ထွန်း၏ မိခင် နှစ်ပါးနှင့် ညီအစ်ကိုမောင်နှမများမှာဝိုင်းအုံ၍ ဆီးကြိုပါသည်။ နီးစပ်ရာ ဆွေမျိုး သားချင်းများမှာလည်း မောင်အောင်ထွန်းပြန်ရောက်ကြောင်း ကြားသိရသောကြောင့် ဝမ်းသာ၍ မဆုံးခင် မောင်အောင်ထွန်း၏ ကံကြမ္မာက မျက်နှာသာမပေးပါ။

မောင်အောင်ထွန်းအိမ်သို့ ပြန်ရောက်ပြီး နှစ်ရက်သုံးရက် အကြာမှာပင် အဖျောက်ရဲဌာနမှ ခါးပြမှုဖြင့် လာရောက်ဖမ်းဆီးပါတော့သည်။ အကြောင်းမှာ မောင်အောင်ထွန်းလှည်းလမ်းကူးရွာမှမိမိဇာတိရွာသို့ပြန်လာစဉ်လမ်းတွင် ကျုံကလင် ရွာမှ ငဒွေးနှင့်ကုလားဆိုသူ နှစ်ဦးစားဝတ်နေရေး ဒုက္ခရောက်နေသောကြောင့်

အကူအညီတောင်းသဖြင့် မောင်အောင်ထွန်းက ပိတုံးပိတ်ရွာနေ ချစ်တီးလူမျိုး "ပေါ်ကက်"ဆိုသူ၏ အိမ်သို့ငွေး၊ ကုလားတို့နှင့်အတူ ဝင်ရောက်ဓါးပြတိုက်ခဲ့ပါသည်။

အဖျောက်မြို့နယ်၊ ပိတုန်းပိတ်ကျေးရွာ၊ ပေါ်ကတ်ဆိုသူအအိမ်၌ ဓါးပြတိုက်ခဲ့သောကြောင့်
(ပန်းချီ - မေတ္တာတော်ဓာတ်ပုံတိုက် တ/ဥက္ကလာ)



ငှင်းအမှုတွင် ကြံရာပါ ငွေးနှင့်ကုလားတို့အား အဖျောက်ရဲဌာနမှ ဖမ်းဆီးပြီးနောက်ဓါးပြတိုက်ရာ၌ရှေ့ဆုံးမှခေါင်းဆောင်ပြီး တိုက်ခိုက်ခဲ့သောမောင်အောင်ထွန်းအား အချိန်မီလာရောက်၍ ဖမ်းဆီးကြခြင်းဖြစ်ပါသည်။ ပြစ်မှုမှာ ထင်ရှားသောကြောင့်ဟင်္သာတမြို့နယ်တရားစီရင်ရေးအဖွဲ့(၅)မှ (၇)လအကြာမျှ အသေးစိတ်စစ်ဆေးပြီး မောင်အောင်ထွန်းအား ထောင်ဒဏ်(၇)နှစ် အပြစ်ပေးလိုက်ပါသည်။ တရားခံရှေ့နေဦးပီကေ့စိန်မှ လျှောက်လဲချက်ပေးသော်လည်း သက်သာခွင့်မရပါ။ ဟင်္သာတတရားရုံး တွင် မောင်အောင်ထွန်း၏ ဓါးပြမှုအား တရားစီရင်ချက် ချမှတ်လိုက်သောအချိန်တွင် ဖခင်ဖြစ်သူဦးသော်တာမှ မိမိ၏သားကို မြင်တွေ့လိုဇောဖြင့် လိုက်လာနေစဉ်တရားရုံးမှစာရေးငယ်၏ **"အောင်ထွန်းဓါးပြမှုထောင်ဒဏ်(၇)နှစ်ဟု"** အော်လိုက်သည့် အသံကြားလိုက်ရာ ခေါင်းငိုက်စိုက်ကျသွားပါတော့သည်။

ထောင်ဒဏ် (၇) နှစ်ကျခဲ့စဉ်က အကျဉ်းသားအဖြစ်
မုပ္ပလင်ထောင်တွင်းကျောက်များထုခဲ့သည့်ပုံ



## ထောင်တွင်းအတွေ့အကြုံများ (သို့မဟုတ်) ဘဝတက္ကသိုလ်သို့

◆ ◆ ◆

အကျဉ်းသားဘဝ မောင်အောင်ထွန်းအား ထောင်အာဏာပိုင် အရာရှိမျ
တရားစီရင်ချက် ချမှတ်သော ဟင်္သာတထောင်၌ပင်လျှင် ခေတ္တ ထားရှိခဲ့ပါသ
နောက်ပိုင်းတွင် မောင်အောင်ထွန်းအားပုသိမ်ထောင်သို့ဆက်လက်ပို့အပ်၍ ၎င်းပု
ထောင်မှတစ်ဆင့် မုပ္ပလင်အကျဉ်းထောင်သို့ ပြောင်းရွှေ့ခြင်းခံရပြန်ပါသည်။ မုပ္ပ
ထောင်တွင်လအနည်းငယ်ကြာမြင့်လာသောအခါထပ်မံ၍ မန္တလေးထောင်သို့ပို့အပ်
အကျဉ်းချထားခြင်းခံခဲ့ရသောကြောင့် မောင်အောင်ထွန်းမှာထောင်တွင်းအတွေ့အ
များစွာ ရင့်ကျက် ခဲ့ရသည့်အလျောက် သံဝေဂများစွာလည်း ဖြစ်ခဲ့ရပါသည်။

ပုသိမ်ထောင်အတွင်း အကျဉ်းချထားခြင်းခံရစဉ် မောင်အောင်ထွန်
အကျဉ်းသားအချို့မှာ တစ်နေ့လျှင် တာဝန်အရ မိမိကိုယ်တာနှင့် ဖျာ(၁၆)ချပ်ယ
အပ်ပေးရပါသည်။အကျဉ်းထောင်များတွင်ထောင်ကျအကျဉ်းသားများအားလက်သ
ပညာ၊ ပန်းရံပညာ၊ စက်ချုပ်ပညာ၊ ဇာထိုးပန်းထိုးပညာ၊ ဆံပင်ညှပ်ပညာ စသ
လူ့ဘဝတစ်လျှောက် လုပ်စား၍ ရမည့်ပညာများအား ထောင်တွင်းပညာတတ်

လူခံများနှင့်အတူတွဲ၍ သင်ကြားပေးကြပါသည်။ အကြောင်းမျိုးစုံဖြင့် ရောက်ရှိလာသော အကျဉ်းသားများအနေဖြင့် ထောင်မှလွတ်ရက်စေ့၍ အပြင်လောကသို့ ရောက်ရှိလျှင် အသက်မွေးဝမ်းကြောင်း ပညာတစ်ခုတော့ ရရှိ သွားကြပါသည်။ ထို့ကြောင့် ထောင်ကျအကျဉ်းသားများသည် အပြင်လောကသို့ ပြန်ရောက်လျှင် ထောင်တွင်း အတွေ့အကြုံများအား နီးစပ်ရာ မိတ်ဆွေများအား ပြောပြကြရာ၌ ရာဇဝတ်သားတို့အား အပြစ်ပေးရာအကျဉ်းထောင်အား ဘဝတက္ကသိုလ်ဟု တင်စားပြောဆိုခဲ့သည်ကို ဗဟုသုတကြားဘူးခဲ့ရပါသည်။ သဲအင်းဂူ ဆရာတော်ဘဝသို့ ရောက်သောအခါ ဖျာယက်တရားနှင့် ကျောက်ထုတရားများကို ဟောကြားခဲ့ပါသည်။

ပုသိမ်ထောင်ကြီးချုပ် ဘူးဝတွင် မောင်အောင်ထွန်းနှင့် အကျဉ်းသားများမှာ သံခြေကျင်း ကိုယ်စီဖြင့် ပုံစံထိုင်နေရပါသည်။ ထောင်ဝါဒါများမှ မောင်အောင်ထွန်းနှင့် အကျဉ်းသားများအား တစ်ဦးစီ လိုက်လံစစ်ဆေး၍ နာမည်တစ်ဦးစီခေါ်ပြီး အသင့်စောင့်နေသော အချုပ်ကားကြီးများပေါ်သို့ ရဲအစောင့် အကြပ်များနှင့်အတူ တင်ဆောင်ပြီး မုပ္ပလင်ရဲစခန်းသို့ ဆက်လက်ပို့အပ်လိုက်ပါသည်။

မုပ္ပလင်အကျဉ်းစခန်းတွင်အပြင်ထုတ်၍ အကျဉ်းသားတစ်ဦးလျှင် ရှစ်ကျင်းကျကျောက်ထု ရပါသည်။ အပေါ်ပူ၊ အောက်ပူဖြင့် နေပူကြဲကြဲ ကျောက်ထုရသည့် ဒဏ်နှင့် သံခြေကျင်းခတ် ထားသောကြောင့် သံ၏ ပွတ်တိုက်မှု ဒဏ်များသည် မောင်အောင်ထွန်း၏ ဘဝတစ်သက်တာတွင်မေ့မရနိုင်သောသံဝေဂဉာဏ်များ ဖြစ်ပေါ်စေခဲ့ပါသည်။ မုပ္ပလင်ထောင်တွင် အလုပ်ကြမ်းများကို ပင်ပမ်းကြီးစွာ လုပ်ကိုင်နေရသောအချိန်တွင် ဒုတိယကမ္ဘာစစ်မီးကြီး စတင်လောင်ကျွမ်းလာပါသည်။ အာဏာပိုင်များမှမောင်အောင်ထွန်းနှင့်တကွ ထောင်ကျအကျဉ်းသားများအား မန္တလေးအကျဉ်းထောင်သို့ ပြောင်းရွှေ့လိုက်ပါသည်။ ထိုအချိန်တွင် မန္တလေးအကျဉ်းထောင်တွင် နိုင်ငံရေးအခြေအနေအရ မန္တလေးရဟန်းပျိုသမဂ္ဂအဖွဲ့ဝင်များ၊ ဒို့ဗမာ သခင်များ၊ သာရာစံတော်လှန်ရေး တပ်သားများ၊ ရေနံမြေအလုပ်သမားများ၊ ကျောင်းသားလူငယ်များ နှင့်သူခိုး၊ ဓါးပြများစသည်ဖြင့် အနယ်နယ် အရပ်ရပ်မှ ပြောင်းရွှေ့လာသူများ အစုံပင်ရှိပါသည်။ ထိုအချိန်တွင် မန္တလေးထောင်ပိုင်ကြီးသည် ယနေ့ယောဂီဒေါ်တင်တင်စိန် (ကမ္ဘာလှည့်)၏ ဖခင် MR. SKINNAR ဖြစ်ပါသည်။

၁၉၃၀ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ (၁၀)နှစ်အတွင်း မြန်မာပြည်၏ အခြေအနေမှာလည်း လှည်းနေလှေအောင်း မြင်းဇောင်းမကျန် နိုင်ငံရေးလှုပ်ရှားမှု

နိုးကြားတက်ကြွသောအခါသမယဖြစ်၍ထောင်တွင်းထောင်ပြင်အဆက်အသွယ်ရှိနေပ
သည်။ ထိုအခါမျိုးတွင် မောင်အောင်ထွန်းမှာ ထောင်အတွင်းဘုတ်ကိုင်အဆင့် ရရှိ
ပုသိမ်ထောင်အတွင်း၌သိက္ခမ်းရင်းနီးခဲ့သော အကျဉ်းသားချစ်မောင်မှာလည်း ထမ
စားတန်းစီအဆင့်သို့ထောင်အာဏာပိုင်များကတာဝန်ပေးအပ်ထားပါသည်။ထောင်တွ
ဘုတ်ကိုင်အဆင့်၊ထမင်းစားတန်းစီအဆင့်ရရှိသော ထောင်သားများအနေဖြင့် သာမ
အကျဉ်းသားများကဲ့သို့မဟုတ်ပေ။သာမန်အကျဉ်းသားများအပေါ်၌ အခြေအနေပေါ်
တည်၍ လုပ်ပိုင်ခွင့်အာဏာများရှိပါသည်။ သို့သော်ထိုကဲ့သို့အခွင့်အရေးများရစေက
မူ မောင်အောင်ထွန်းနှင့် မောင်ချစ်မောင်တို့သည် ဘဝတူအကျဉ်းသားများအပေါ်
သနားညှာတာကြသည်။ ဆရာစံတောင်သူလယ်သမား တော်လှန်ရေးတပ်သားမျ
နှင့် ရင်းနှီးခင်မင်ခဲ့ပါသည်။ ၄င်းတို့မှ မောင်အောင်ထွန်းအား သူတို့ တတ်ကျွမ်းသေ
ဗေဒင်၊ လက်ဖွဲ့၊ အင်းအိုင်၊ ဆေးပညာများကို ဆရာစားမချန် သင်ကြားပေးသေ
ကြောင့် ဆေးဆရာ ဦးသော်တာ၏သား မောင်အောင်ထွန်းမှာဘဝ ရှေ့ရေးအတွ
အားတက်ခဲ့ပါသည်။

ကမ္ဘာစစ်မီးကြီးမှာလည်း အရှိန်ကောင်းစွာ တဟုန်းဟုန်း တောက်လော
လာသောအခါ မြန်မာနိုင်ငံ သို့ဂျပန်စစ်သားများ အများအပြား ဝင်ရောက်လာသေ
ကြောင့် အုပ်ချုပ်ရေးယန္တရားများ ပျက်စီးသွားပြီး ထောင်အာဏာပိုင်များက အကျ
သားများအား (၇)ယောက်တစ်တွဲစီ၊ လမ်းစရိတ် (၁၅)ကျပ်ပါ ထုတ်ပေး၍ ပြန်လွှ
လိုက်ပါသည်။ မောင်အောင်ထွန်းမှာ ထောင်အတွင်းနေစဉ် ရရှိသော ဆေးကျမ်းအ
လွယ်အိတ်တစ်လုံး ဖြင့်ထည့်ကာ အဖော်ခြောက်ယောက်နှင့်အတူ စစ်ဘေးကင်းရာ
ဦးတည်၍ထွက်ပြေးလာခဲ့ပါသည်။ ရှေ့ဆုံးမှ လွှတ်လိုက်သော အကျဉ်းသားများလည်
သူ့အုပ်စုနှင့်သူ သွားနှင့်ကြပြီဖြစ်ပါသည်။

✧✧✧

# သေကံမရောက်သက်မပျောက်

◆◆◆

အချိန်အတော်ကြာသည့်တိုင်အောင်ပင် ရှေ့နောက်သွားလာလှုပ်ရှားနေသည့် ထောင်သားများအုပ်စုချင်း မကွဲသေးပါ။ ခပ်သုတ်သုတ်လျှောက်လှမ်းနေသောအကျဉ်းသားများအား အဝေးမှလှမ်းကြည့် မည်ဆိုလျှင် လုပ်အားပေးသွားနေကြသူများဟုပင် ထင်ရလောက်ပေသည်။ ထိုအချိန်တွင် ခြေလှမ်းကြဲကြဲဖြင့် လျှောက်လှမ်း သွားသော မောင်အောင်ထွန်း၏ဖိနပ်မှာ သဲကြိုးပြတ်သွားသောကြောင့် ခေတ္တထိုင်၍ ပြင်နေစဉ် ရုတ်တရက်သေနတ်သံများဆူညံစွာပေါ် ထွက်လာပြီး မောင်အောင်ထွန်းရှေ့မှဖြတ်သန်း သွားသော ထောင်သားငါးယောက်၊ ခြောက်ယောက်ခန့် အတုံးအရုံး လဲကျသွား ပါသည်။

မောင်အောင်ထွန်းမှာ ဘာလုပ်ရမှန်းမသိ။ ကျည်လွတ်ရာသို့ပြေးရင်းဒဏ်ရာများဖြင့် လဲကျနေ သောဘဝတူအကျဉ်းသားများ၏ ရုပ်အလောင်းများအား ချက်စိထဲတွင် စွဲနေပါသည်။ သေနတ်သံများ စဲသွားသောအခါ ပြေးလွှားနေသော ထောင်သားများမှာ လူစုကွဲသွားကြပြီ ဖြစ်ပါသည်။ လမ်းတွင်စစ်ပြေး ဒုက္ခသည် မိတ္ထီလာမှ ဦးလှမောင်မိသားစုများနှင့် မောင်အောင်ထွန်းမှာ ရင်းနှီးခင်မင်သွားသောကြောင့် မောင်အောင်ထွန်းအား ၎င်းတို့နှင့်အတူ စစ်ဘေးကင်းရာသို့ လိုက်ပါရန် ခေါ်ဆောင်သွားပါသည်။ ကျန်ခြောက်ယောက်မှာ ဆက်လက်ထွက်ခွာသွားပါသည်။နောက်ပိုင်းတွင် ဦးအောင်ထွန်းနှင့်လိုက်ပါသော အကျဉ်းသားခြောက်ယောက်အား မြစ်ငယ်တံတားသို့ အရောက်တွင် အရပ်သားများမှ ၎င်းတို့အား သင်္ကာမကင်းဖြစ်၍ ဖမ်းဆီး ကြပြီး လက်ပြန်ကြိုးတုတ်ကာ သတ်ပစ်လိုက်ကြောင်းနှင့် ၎င်းတို့၏အလောင်းများအား မြစ်အတွင်းသို့ မျှောလိုက်ကြောင်း ကြားသိရသောအခါ မောင်အောင်ထွန်းများစွာ တုန်လှုပ်သွားပါသည်။

မန္တလေးအကျဉ်းထောင်၌ကျနေစဉ် စစ်ကြီးဖြစ်၍ ထောင်သားများအာ
ဘေးမဲ့လွတ်ခဲ့သော်လည်း လမ်းခရီးတွင် တရုတ်စစ်သားများနှင့်တွေ့
သေနတ်ဒဏ် ကြောင့် အကျဉ်းသားများသေဆုံးသော်လည်း
လူဆိုးဦးအောင်ထွန်းအသက်မသေခဲ့ပါ။



သေကံမရောက်သက်မပျောက်ဆိုသည့် စကားပုံကဲ့သို့ မောင်အောင်ထွ ဦးလှမောင်မိသားစုများနှင့် စစ်ဘေးငြိမ်သက်စပြုသည့်အချိန်အထိ အတူနေ ရပါသည်။ ထို့နောက် ဦးလှမောင်မှ၄င်းတို့နေထိုင်ခဲ့သော မိတ္ထီလာမြို့သို့ ခေါ် သွားကြပြီး မောင်အောင်ထွန်းအား ယခင်မြေမြှုပ်ထားသည့် ပစ္စည်း များ ရှာဖွေစေပါသည်။ ကိစ္စပြီးဆုံးသည့်အခါ၌ မောင်အောင်ထွန်းအား အပြန်လမ်း ငွေ(၂၀၀)ကျပ်ပေးလိုက်ပါသည်။ အပြန်ခရီးတွင်ပျော်ဘွယ်၌ခေတ္တဆင်း၍ ကျေး မိခင်၊ ဖခင်ကြီးအတွက် ဆိတ်သားခြောက် နှင့် မုန့်ကြွပ်များကို ဝယ်ယူပြီး ရွှ စွာဖြင့် ဘဝရှေ့ရေးစဉ်းစားရင်းပင် ရွာသို့ပြန်လာခဲ့ပါသည်။ ရွာသို့ ပြန်ရောက် ဇနီးနှင့်သားမယားအား မိဘရိုးရာမြန်မာ့ဆေးပညာဖြင့် လုပ်ကျွေးပြုစုမည်။ မိဘ အားလည်း အိမ်ဦးခန်းတွင် တင်ထားနိုင်တော့မည်။ လက်ထဲတွင် အသင့်ရှိနေ ဆေးကျမ်းဖြင့် လက်တွေ့ကုသလျှင် မုဆိုးစိုင်သင် ဆိုသကဲ့သို့ပင် မကြာမီအဆ နိုင်စရာရှိသည့် အိမ်ထောင်ရေး ဘဝတစ်ခုအား လေးနက်စွာစဉ်းစားရင်း ဇာတိ ပြန်ဝင်လာခဲ့ပါသည်။

# အိမ်အပြန်ရင်ဆို့ရပြီ။

◆◆◆

မိမိဇာတိ နှောကုန်းရွာသို့အဝင် အင်းတံတားအကျော်တွင် တစ်ရွာလုံးမှ မောင်အောင်ထွန်းပြန်လာကြောင်း သိရှိသွားပြီးနောက် မိခင်ဒေါ်မယ်အုံနှင့် မိသားစုများရွာသစ်ကုန်းသို့ထွက်ကြိုရန် ပြင်ဆင်နေချိန်မှာပင် မောင်အောင်ထွန်းမှာအိမ်ပေါ်သို့ရောက်ရှိနေပြီဖြစ်ပါသည်။ မိခင်ဒေါ်မယ်အုံမှာ မိမိ၏သား မောင်အောင်ထွန်းအားကြည့်ကာဝမ်းသာဝမ်းနည်းဖြင့် မျက်ရည်များစီးဆင်းလာပြီး "ဟဲ့၏၏ အောင်ထွန်းရဲ့နှင့်အဖေမရှိတော့ဘူး။ မဖွားညွန့်လဲ ကလေးသုံးယောက်နဲ့ အိမ်ပေါ်ကဆင်းသွားပြီ" ဟု ပြောဆိုကာ ရှိုက်ကြီး တငင်ငိုပါတော့သည်။ မောင်အောင်ထွန်းမှာ ဘာလုပ်ရမှန်းမသိ ငိုင်တွေရင်း မျက်ရည်များကျလာပါသည်။ အနီးအနားမှ ဝိုင်းအုံလာကြသောရွာသားများမှာလည်း မောင်အောင်ထွန်းအား ကြည့်လိုက် ဒေါ်မယ်အုံ အားကြည့်လိုက်နှင့်ပင် စိတ်မကောင်း ဖြစ်နေကြပါသည်။

မောင်အောင်ထွန်း၏ ရည်မှန်းချက်များလွင့်ပျောက်သွားပါသည်။ ငယ်ကချစ်အနှစ်တစ်ရာ မပေ့နိုင်သောချစ်ဇနီးနှင့် သားသမီးငယ်များမှတစ်ပါး ဟသာ်တတွင်အမှုဆိုင်နေစဉ် တောင်ဝှေးတစ်ချောင်းဖြင့် ရှိသည့် ခွန်အားနှင့် အနိုင်နိုင်အားယူကာအကြိမ်ကြိမ်လာရောက်ခဲ့သော ဖခင်ကြီး၏မျက်နှာ၊ ဘယ်တော့မှပြန်ဆုံနိုင်တော့မည်မဟုတ်ဟူသော အသိက မောင်အောင်ထွန်း၏ နှလုံးသားအား ဆို့နစ်စေခဲ့ပါသည်။

မောင်အောင်ထွန်း ဘာမှမြင်နိုင်စွမ်းမရှိတော့ပါ။ တစ်နေ့နံနက်စောစောလင်းအားကြီးအချိန်တွင်ကတုံးဆံတောက်၊ ဘဲမြီးဆံပင်နှင့်ဘောင်းဘီရှည်ကို ဝတ်ဆင်ထားပြီးကက်ဦးထုပ်ကိုကျနစွာဆောင်း၍ လွယ်အိတ်ကိုဘေးလွယ်ကာ ခပ်သုတ်သုတ်လျှောက်သွားသူ တစ်ယောက်အား လမ်းသွားလမ်းလာများမှ မြင်လိုက်ကြပါသည်။ သို့သော် မည်သူမည်ဝါရယ်ဟူ၍ သဲကွဲစွာ မသိကြချေ။ မောင်အောင်ထွန်း ဒုစရိုက်နယ်ထဲသို့ သက်ဆင်းပါပြီ။

ရန်ကုန်မြို့ ကြည့်မြင်တိုင်တွင်နေထိုင်သော မောင်ချစ်မောင် (ယခင်ပုသိမ်ထောင်တွင်သိက္ခမ်းရင်းနှီးခဲ့သူမှာ) ရုတ်တရက်ဝင်ရောက်လာသော မောင်အောင်ထွန်းအား သိပ်မမှတ်မိပါ။ အနားကပ်၍ သေချာစွာ ကြည့်လိုက်မှသာ မောင်အောင်ထွန်းမှန်းသိရှိသောကြောင့် ဝမ်းသာစွာပင် ညည့်ခံကျွေးမွေးပြုစုရင်း ရှေးဟောင်းနှောင်းဖြစ်များကိုအားရပါးရပြောဆိုခါငှင်း၏အိမ်တွင်တည်းခိုနေထိုင်စေခဲ့ပါသည်။ ထိုအချိန်တွင်

မောင်အောင်ထွန်းမှာ အသက်(၂၈)နှစ်ပင် မပြည့်တတ်သေးပါ။ မောင်ချစ်မောင် ဆက်သွယ်ပေးမှုများဖြင့်ရန်ကုန် မှာပင် သတ္တိ၊ ဗျတ္တိကောင်း၍ ကြံ့ရည်ဖန်ရည် ပြည့်စုံသောဘအေးဆိုသူနှင့် မြွေမြွေချင်းခြေမြင်ဆိုသည့် စကားအတိုင်း ရင်းနှီးခ ခဲ့ရပြန်သည်။ ၄င်းတို့နှင့် ရင်းနှီးခင်မင်စွာ ပေါင်းသင်းဆက်ဆံ နေသည့်အလေ့ အလုပ်သဘောများပါ စိတ်တူကိုယ်တူလုပ်ဆောင်ကြပြီး မောင်အောင်ထွန်း၏အ မှာ လည်းရန်ကုန်ဒုစရိုက်နယ် မြေတွင် တစ်စစဖြင့် လူသိများလာခဲ့ပါသည်။

၁။ ဦးအောင်ထွန်း ဖခင်ကြီးမှာ မိမိအကျဉ်းခံနေစဉ်က သေဆုံးသွား ပါသည

၂။ မိခင်ကြီးမှာ တစ်နေ့တစ်ခြား ဇရာထောင်းလာပါပြီ။

၃။ ဇနီးနှင့် သားငယ်သမီးငယ်များမှာ မိမိနှင့် ရှင်ကွဲကွဲသွားကြရပါပြီ။

၄။ ဤကဲ့သို့စိတ်သောကရောက်နေစဉ် ရေများရေနိုင် မီးများမီးနိုင် ဆိုသကဲ့ အဝိဇ္ဇာစိတ်က နိုင်သွားပါသည်။

အမှောင်လောကအတွင်း အပေါင်းအသင်းများနှင့် ၁၉၃၉/၄၀ နှစ်မှ ၁ ခုနှစ်အထိ ရာဇဝင်လူဆိုးကြီးဘဝဖြင့် အသက်ရှင်နေခဲ့သောကြောင့် ၄င်းတို့ကျက် ရာနယ်အတွင်းပြည်သူလူထုအဖို့ အကြီးအကျယ် ဒုက္ခရောက်ခဲ့ကြရပါသည်။ သေ ကျန်းသူများ၏ အသက်အန္တရာယ်နှင့်သူခိုးဓါးပြတို့၏ ရန်စွယ် အကြား ပြားပြား နေခဲ့ကြရသည့်ခေတ်ဖြစ်ပါသည်။

## ခေတ်ပျက်သူဌေး

◆◆◆

ဂျပန်ခေတ်တွင် လက်ဖျား ငွေသီးနေသောသူများ များစွာရှိသည့်အ ဦးအောင်ထွန်းလည်းတစ်ဦးအပါအဝင်ဖြစ်ပါသည်။ ငွေရှာပုံနည်းများမှာတော့များ ပါသည်။သို့သော်သမာအာဇီဝဖြင့်ရှာခြင်းမဟုတ်သည်ကတော့သေချာပါသည်။ ဘယ် နည်းဖြင့်ရှာရှာ ဦးအောင်ထွန်း အနေဖြင့်လက်ထဲတွင် ငွေရှိနေဘို့ကအရေးကြီးသ မည်သည့်ကိစ္စမျိုးမဆို ငွေရှိမှသာလျှင်အရာရာ အဆင်ပြေချောမွေ့နိုင်သော လော ကြီးတွင်လက်ထဲတွင် ငွေများများထားရှိနေသည်မှာ အဆန်းတော့မဟုတ်ပါ။ ထိုကဲ့ သော အချိန်မျိုး ဦးအောင်ထွန်း အနေဖြင့် ဒုတိယအကြိမ် နှောကုန်းသူ မကျင်စိန် အိမ်ထောင်ပြုလိုက်ပါသည်။ထိုကဲ့သို့နောက်အိမ်ထောင်ထပ်မံပြုသော်လည်း၄င်းဇနီး ကလေးတစ်ယောက်မှာ မကြာမီပင် ဆုံးပါးသွားခဲ့ပါသည်။ သေကွဲကွဲရပြန်ပါပြီ။

ထိုခေတ်တွင် လူတိုင်းကြောက်နေရသော ဂျပန်စကားပြန်၊ ဌာနာပိုင်၊ အစရှိသည်ကိုလည်း ဦးအောင်ထွန်းအနေဖြင့် ထိုက်သင့်သလို ပေါင်းသင်းဆက်ဆံထားသောကြောင့် ဦးအောင်ထွန်းနှင့် အဖွဲ့မှာမည် သည့်ကိစ္စမျိုးလုပ်ခဲ့ပါစေ၊ အစစအရာရာပြီးစီးပြီးသားဖြစ်နေပါသည်။ မည်သို့သော ပြဿနာမှ မဖြစ်ခဲ့ပါ။ ဘာသာရေးဘက်တွင်လည်း၊ ဦးအောင်ထွန်းအနေဖြင့်ရက်ရောစွာလှူဒါန်းလေ့ရှိပါသည်။ မိမိရပ်ရွာသာယာရေးအတွက် ကျောင်းပြုပြင်ရန် ဆရာတော်မှ မှာကြားသည့်အခါ လိုအပ်သလောက်ငွေအားကျောင်းသို့သွားရောက်လှူဒါန်းတတ်ပါသည်။အချိန်တန်၍ ဘုန်းတော်ကြီးကျောင်း ပြုပြင်ပြီးစီးသောအခါ ဘုန်းတော်ကြီးမှ ဦးအောင်ထွန်း အားခေါ်၍ ရေစက်ချရန် အကြောင်းကြားရာ၌ ဦးအောင်ထွန်းအနေဖြင့် ရွာရှိဘုန်းတော်ကြီးအားတပည့်တော် ပြတ်ပြီးသားပါဘုရားဟု လျှောက်ထားလေ့ရှိပါသည်။

ငွေကိုထိုကဲ့သို့ရက်ရောစွာသုံးစွဲနေသော ဦးအောင်ထွန်းအနေဖြင့်ဒုတိယဇနီးနှင့် ကလေးငယ်ဆုံးပါးပြီး လူဆိုးဘဝသွားလာလုပ်ရှားရင်းမှ နှောကုန်းရွာအနီးရှိစွယ်တော်ကုန်းမှကရင်အမျိုးသမီးဒေါ်စီ (ယခုဒေါ်ပုညဝတီအမည်ဖြင့်သီလရှင်ဝတ်နေလျှက်ရှိပြီး သက်ရှိထင်ရှားရှိပါသေးသည်) အား ထပ်မံလက်ထပ်ပေါင်းသင်းရာမှ နောက်ဆုံး ရန်ကုန်မြို့ ကမာရွတ်နေ ဒေါ်သန်းရှိန်အား ပေါင်းသင်းဆက်ဆံခဲ့ပါသည်။

## ပစ္ဆိမဘဝိကသား (သို့မဟုတ်) သံသရာ၏ နောက်ဆုံးဘဝ

◆ ◆ ◆

လူသားတစ်ဦးတစ်ယောက် လောကကြီးထဲသို့ ဝင်ရောက်လာပြီး နောက်မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သေခြင်းလေးမျိုးထဲမှ တစ်ပါးပါးသောသေခြင်းမျိုးဖြင့်သာ မုချသေရမည်သာဖြစ်ပေသည်။ ထိုသေခြင်းလေးမျိုးမှာ–အသက်တမ်းစေ့၍သေရခြင်း၊ ကံအကြောင်းတရားများ ကုန်ဆုံး၍ သေရခြင်း၊ ရောဂါကပ်ရောက်သောကြောင့် သေရခြင်း၊ သူတစ်ပါး၏ ပယောဂကြောင့် သေရခြင်းဟူ၍ဖြစ်ပါသည်။

ထိုသေခြင်းဟုလေးမျိုးကို ဦးအောင်ထွန်းတွင် သူတစ်ပါးကြောင့် သေရခြင်းဟူသော အကြောင်းတရား မပါရှိခဲ့ဟုယူဆပါသည်။ အဘယ့်ကြောင့်ဆိုသော်ဦးအောင်ထွန်းမှာ ငယ်စဉ်ဘဝမှစ၍ တရားထူး၊ တရားမြတ်များ ရသည့်တိုင်အောင်

အသက်ဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့ခဲ့ရပါသည်။ ထိုကိစ္စနှင့် ပတ်သက်
ဦးအောင်ထွန်းနှင့်ပတ်သက်သော မိတ်ဆွေများပြောကြားချက်အရသော်လည်းကော
ဦးအောင်ထွန်းဘဝမှသဲအင်းဂူဆရာတော်ကြီးဘဝသို့ရောက်ရှိစဉ် ကိုယ်တိုင်ဟောကြ
ခဲ့သော တရားခွေများမှလည်းကောင်း မှတ်သားသိရှိရ၍ တင်ပြသွားမည်ဖြစ်ပါသည်

(၁) ဦးအောင်ထွန်းအား မန္တလေးထောင်တွင် အကျဉ်းချထားခြ
ခံရစဉ်သက်ဆိုင်ရာအာဏာပိုင်များမှခေတ်ကာလအခြေအနေအရအကျဉ်းသားများအ
ခုနှစ်ယောက်တစ်တွဲလွှတ်ပေးလိုက်ရာတွင် ဦးအောင်ထွန်းနှင့်အတွဲမှာ စစ်ဘေးဒ
ကြောင့် ပြေးရင်းလွှားရင်းနှင့်ပင် စီးလာသောဖိနပ်မှာ ပြတ်သွားသောကြေ
ခေတ္တထိုင်ချလိုက်စဉ်ပင် အနောက်ဖက်မှ တရုတ်စစ်သားများ ပစ်လိုက်သေ
ကျည်ဆံများက ဦးအောင်ထွန်းခေါင်းပေါ်မှ ကျော်ဖြတ်၍ ရှေ့မှပြေးလွှားနေသေ
အကျဉ်းသားများမှာသေနတ်ကျည်ဆံထိမှန် သေဆုံးကုန်သော်လည်းဦးအောင်ထွန်း
လွတ်မြောက်ခဲ့ပါသည်။

(၂) ထိုသို့လွတ်မြောက်ခဲ့သော်လည်း ဦးအောင်ထွန်းနှင့် အဖွဲ့ဝင် (
ယောက်အနက်(၆)ယောက်မှာမြစ်ငယ်သို့ ရောက်သောအခါ သူတစ်ပါး၏ သတ်ဖြတ်
ကြောင့် သေဆုံးကုန်ကြပြီး ဦးအောင်ထွန်းတစ် ယောက်တည်းသာ (မိတ္တီလ
ဦးလှမောင်နှင့် ကျန်ရစ်ခဲ့သောကြောင့် သေဘေးမှ လွတ်မြောက်ခဲ့ခြင်း။

(၃) ဦးအောင်ထွန်းထောင်မှလွတ်မြောက်၍ နှောကုန်းကျေးရွာသို့ ပြ
ရောက်စဉ်သူကြီးဦးထော်ကံနှင့် ဦးအောင်ထွန်းတို့မှာတစ်ရွာတည်းသား ဖြစ်သော်ငြ
လည်းအဆင်မပြေပါ။ကိစ္စအမျိုးမျိုးဖြင့် တစ်ဦးနှင့်တစ်ဦးအလစ်ချောင်း၍ အပြတ်ရှ
ရန်သာ ကြံစည်နေကြသော သူများဖြစ်ပါသည်။ ထိုကိစ္စ အကြောင်းအရာကို သိသေ
မျော်ဘီမြို့ ရွှေမော်တင်ဘုရားလမ်းနေ ဦးရွှေဝကိုယ်တိုင် နှစ်ဦးနှစ်ဘက် အဆင်ပြေ
စေရန်အတွက်ဝင်ရောက်စေ့စပ်ညှိနှိုင်းပေးရာ နှစ်ဦးစလုံးနားလည်သဘောပေါက်သွ
သောကြောင့် နှစ်ဦးနှစ်ဘက် အသက်အန္တရာယ် အချိန်မရွေးကျရောက်နိုင်သေ
အခြေအနေမှ လွတ်မြောက်သွားကြပါသည်။

စွတ်ကျယ်အကျႌနှင့်မတ်တပ်ရပ်နေသူ



နွားကုန်းကျေးရွာ–သူကြီးဟောင်းဦးထော်ကံဖြစ်ပါသည်။ ဦးထော်ကံနှင့်
ဦးအောင်ထွန်း (ဝါ) ရွာသူကြီးနှင့် လူဆိုး–ရန်ညိုးဖွဲ့၍
သူသေကိုယ်သေ–ကြံစည်ဖူး ခဲ့ကြပါသည်။ ယခုအခါ ဦးထော်ကံသည်
(ဦးအောင်ထွန်း) သဲအင်းဂူဆရာတော် ဘုရားအားကြည်ညိုနေပါပြီ။
၎င်း၏သား(ကိုမြတ်ထွန်း)ကိုပင် ရဟန်းခံစေပြီးဤဆေးရိုးပင် ကျောင်းတော်မှာ
ရဟန်းခံပြီး (ဦးတိက္ခ) သံဃာတစ်ပါးအဖြစ်ဖြင့် သာသနာပြု နေပါပြီ။

(၄) ယခင်ခေတ်အခြေအနေမှာ ရောင်စုံသောင်းကျန်းသူများသည်နယ်တကာ၊ ရပ်တကာတွင် ဆူပူသောင်းကျန်းနေသောအချိန်အခါဖြစ်ပါသည်။ ၎င်းအခြေအနေမျိုးတွင်မှော်ဘီမြို့နယ်အား တာဝန်ယူအုပ်ချုပ်နေရသော အမှတ်(၂၂) ယူ/အမ်/ပီ/စစ်ဗိုလ် ဦးစိန်မောင် (ယခင်လက်ထောက်ပြည်သူ့ ရိက္ခာမင်းကြီး) မှ ၎င်းတာဝန်ယူထားရသော နယ်မြေအတွင်းရာဇဝင်လူဆိုး ဦးအောင်ထွန်းနှင့် အဖွဲ့လှုပ်ရှားနေသောသတင်းကို ကောင်းစွာသိရှိပါသည်။ သို့ဖြစ်သောကြောင့် ၎င်း၏ရဲဘော်များအား ဦးအောင်ထွန်းနှင့် အဖွဲ့သားများအား တွေ့ရှိသောနေရာတွင် အပြတ်ရှင်း လင်းရန် အမိန့်ပေးခဲ့ပါသည်။ ရဲဘော်များကလည်း ဦးအောင်ထွန်းသွားလာ လှုပ်ရှားတတ်သော နေရာများသို့ ခြေရာခံလိုက်သော်လည်း လက်မတင်အချိန်ပိုင်းအတွင်းမှာပင် လွဲချော်ခဲ့သည် ကများပါသည်။ နောက်ပိုင်းတွင် ရဲဘော်များမှ စိတ်ပျက်အားလျော့

သွားသောကြောင့် ၄င်း၏အမိန့်မှာ အကောင်အထည်မပေါ်တော့ပါ။ ဤအကြေ
နှင့်ပတ်သက်၍နောင်တွင်ဦးအောင်ထွန်း တရားထူးရရှိပြီးနောက် သဲအင်းဂူဆရာ
ဘဝဖြင့် ထင်ရှားစဉ် ဦးစိန်မောင်မှ ရင်းနှီးသော ဓမ္မမိတ်ဆွေဦးဘို (အကာလိဂ
အား "ကျွန်တော်လည်းဦးအောင်ထွန်းကို အပြတ်ရှင်းဖို့ ရဲဘော်များကို အမိန့်
ခဲ့ဖူးပါတယ်။ ဒါပေမယ့် လူတစ်ယောက်ဟာ ဆိုးတုန်းကဆိုးခဲ့ပေမယ့် သံဝေဂရရှိ
တရားတော်အားထုတ်လိုက်တော့ အရိယာသူတော် ကောင်းကြီးဖြစ်သွားတာ
ကျွန်တော်တို့မျော်ဘီမြို့ရဲ့ သာသနာ့ဂုဏ်ကျက်သရေကြီး တစ်ခုပါပဲဗျာ" ဟု ဝန်ခံ
ပြောကြားခဲ့ပါသည်။ သူ့ဓါတ်ပုံကို ရိုက်ခွင့်ပြုခဲ့ပါသည်။



ဗိုလ်စိန်မောင်
မြန်မာနိုင်ငံတော်အတွင်း ရောင်စုံသူပုန်သောင်းကျန်းနေသည့်
ခေတ်ကလူကောင်းများကို အန္တရာယ်အမျိုးမျိုးမှ ကာကွယ်ပေးခဲ့ရသည့်
ပုဂ္ဂိုလ်တစ်ဦး

(၅) မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရောင်စုံသူပုန်များသောင်းကျန်းနေစဉ်
အောင်ထွန်း၏ညီ ဦးသောင်းစိန်ကို အလံနီများက ရွာတွင်သတ်လိုက်ကြပါသည်။
သောင်းကျန်းသူအလုပ်နှင့် ဦးအောင်ထွန်း၏အလုပ်မှာသူစားကျက်-ကိုယ့်စားကျက်-
ကြံတူရန်သူအလုပ်ဖြစ်ရာ ရန်ဆိုင်တွေ့ခဲ့ရသော် ဦးအောင်ထွန်းအသတ် ခံရမည်မှာ
သချာပါသည်။

(၆) နောက်ဆုံးအိမ်ရှင်က ဓါးနှင့်ခုတ်လိုက်သောကြောင့် ဦးခေါင်းတွင်
သရာပါသွားသည့် ဓါးဒဏ်ရာရရှိခဲ့ပါသည်။ ဦးအောင်ထွန်း ကိုယ်တိုင်က အကယ်၍
ာ အိမ်ရှင်က ဓါးချွန်နှင့်ဖြစ်စေ၊ လှံနှင့်ဖြစ်စေထိုးလိုက်ပါက ထိုနေရာမှာပင် ခန္ဓာ
ကြွရမည်ကို မိန့်ကြားခဲ့ပါသည်။ မသေသောကြောင့်ပင် တရားအားထုတ်ခွင့် ရခဲ့ပါ
သည်။

အထက်ဖော်ပြပါအချက်(၆)ချက်သည်ဦးအောင်ထွန်းအားရတ်တရက်အသက်
သေနိုင်လောက်သော အဓိကအကြောင်းအချက်များပင် ဖြစ်ပါသည်။ မထင်မရှား
ဖြဿနာများလည်း ရှိပါသေး၏။ သို့သော် ဤနေရာတွင် စာရှုသူများအတွက် လိုအပ်
သော အကြောင်းများသာ ဖော်ပြအပ်ပေသည်။

ပစ္ဆိမဘဝိကသားဟူသည်မှာနောက်ဆုံးဘဝဟုအဓိပ္ပာယ်ရပါသည်။ အကျယ်
အားဖြင့် ဘဝသံသရာအဆက်ဆက် မရေတွက်နိုင်အောင်ကျင်လည်ခဲ့ရပြီး နောက်ဆုံး
လူ့ဘဝ၌တရားထူး၊တရားမြတ်များအားရရှိပြီး ကျွတ်တမ်းဝင်ရမည့်ပုဂ္ဂိုလ်အမျိုးအစား
ကိုခေါ်ဆိုပါသည်။ သို့ဖြစ်ပါ၍ ၎င်းပုဂ္ဂိုလ် အမျိုးအစားတို့သည် နောက်ဆုံးရရှိသော
လူ့ဘဝ၌ တရားထူးမရရှိမီ သူတစ်ပါး၏ လုံ့လပယောဂများဖြင့် သေဆုံးရခြင်း မရှိ
ကြောင်းကို မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ် ခုနစ်နှစ်သားအရွယ် ရှင်သံကိစ္စ
သာမဏေအကြောင်းအား အလျဉ်းသင့်စွာထည့်သွင်းဖော်ပြအပ်ပါသည်။

◇◇◇

# သံကိစ္စသာမဏေ

◆ ◆ ◆

သံကိစ္စသာမဏေယ်သည်အရှင်သာရိပုတ္တရာတပည့်ဖြစ်သည်။အသက်အရွ
အားဖြင့် ခုနစ် နှစ်သာရှိသေး၏။ ကိုရင်လေး၏မိခင်သည် သာဝတ္ထိမြို့၌ ဥစ္စာပစ္စ
ကြွယ်ဝချမ်းသာသော သူတစ်ဦး၏ သမီးဖြစ်သည်။ ထိုအမျိုးသမီးသည် ကိုရင်သံက
အလောင်းအလျာကိုကိုယ်ဝန်ဆောင်နေစဉ်မှာပင် တစ်ခုသောအနာရောဂါဖြင့်ခဏချ
ကွယ်လွန်သွားရှာသည်။ ထိုအမျိုးသမီး၏ ရုပ်အလောင်းကို သုသာန်၌မီးသင်္ဂြိုဟ်
အခြားကိုယ်အစိတ်အပိုင်းများကို မီးလောင်ကျွမ်းသော်လည်း ဝမ်းဗိုက်မှာမီးမလော
ဘဲကျန်ရှိနေသည်။ ထိုအခါမီးသင်္ဂြိုဟ်သူတို့သည် သူမ၏ဝမ်းဗိုက်သားကို ထင်းပုံ
မှချ၍ နှစ်နေရာသုံးနေရာတို့၌ တံစူးဝါးဖြင့် ထိုးဆွကြလေသည်။ ထိုစဉ်ဝမ်းဗိုက်ထဲ
သူငယ်၏ မျက်စိထောင့်စွန်းကို တံစူးဝါးအစွန်းဖြင့် ထိုးမိ၏။ ထိုသူတို့သည် ဝမ်းဗို
သားကို တံစိုဖြင့်ထိုး၍ မီးကျီပုံးထဲသို့ပစ်ချပြီး မီးကျီတို့ဖြင့် ဖုံးအုပ်ကာ ထွက်သွ
ကြလေသည်။ဝမ်းဗိုက်သားအားမီးလောင်ကျွမ်းပြီးနောက်မီးငြိမ်းသွားသည်။ရွှေအဆင်
နှင့် တူသောသူငယ်သည် ပဒုမ္မာကြာတိုက်၌ အိပ်စက်နေရသကဲ့သို့ မီးသွေးပြာပုံပေါ်
အိပ်နေရရှာ၏။

မှန်၏။ ပစ္ဆိမဘဝိကသားတို့သည် မြင့်မိုရ်တောင်ကြီးဖြင့် လွှမ်းမိုးဖိညှတ်ခြင်
ခံရသော်လည်း အရဟတ္တဖိုလ်သို့ မဆိုက်ရောက်မိကြားကာလ၌ အသက်သေရိုးထုံး
မရှိကြပေ။

နောက်တစ်နေ့နံနက်၌ အိမ်သူအိမ်သားများ ထင်းပုံကို မီးငြိမ်းရန်လာကြရ
မီးကျီပုံတွင် အိပ်နေရှာသော သူငယ်အားတွေ့ရှိကြသဖြင့် ဤမျှလောက် ထင်းပုံကြီ
မီးလောင်သွားပြီး အလောင်းကောင်မီးကျွမ်း သွားတာတောင် ဒီသူငယ်မီးမလော
ပါလား။ဘယ်လိုဖြစ်ရတာပါလိမ့်ဟု မဖြစ်စဖူးအဖြစ်ထူးနေသည်ကိုတအံ့တဩပြောဆို
နေကြပြီး သူငယ်ကလေးအားယူဆောင်၍ ရွာထဲသို့ပြန်သွားကြသည်။ ထို့နောက်
နိမိတ်ဖတ်တတ်သောသူတို့အားနိမိတ်ဖတ်ခိုင်းကြသည်။ နိမိတ်ဖတ်သူတို့ကဤကလေး
သည် လူ့ဘောင်တွင်နေလျှင် ဆွေမျိုးခုနှစ်ဆက်တိုင်အောင် ဆွေမျိုးတို့ပင်ပမ်းဆင်းရဲ
ကြပေလိမ့်မည်။ အကယ်၍ရဟန်းပြုလျှင်ကား ရဟန်းငါးရာခြံရံလျက် လှည့်လည်ရ
ပေမည်ဟုနိမိတ်ဟောကြလေသည်။ ထိုသူငယ်၏ မျက်စိထောင့်စွန်း၌ တံစူးချွန်နှင့်
ထိုးမိသော အနာရှိသောကြောင့် သံကိစ္စဟု အမည်ပေးလိုက်ကြသည်။

သံကိစ္စ - သင်္ကု + ကတ - သံက္ကတ + ဏျ ။ သင်္ကု = တံစူးချွန်။
သူသေကောင်အား မီးရှို့ရာ၌ ထိုးဆွသည့် ဝါးချွန်၊ တုတ်ချွန်။

ဆွေမျိုးအပေါင်းတို့ကလည်း ရှိစေတော့ ဒီသူငယ်ကြီးပြင်းလာမှပဲ အရှင်သာရိပုတ္တရာထံ အပ်နှံပြီး ရှင်ပြုပေးရမှာဘဲဟု ကြံစည်ပြီး ကျွေးမွေးပြုစု စောင့်ရှောက်လာခဲ့ကြပါသည်။ သံကိစ္စသာမဏေငယ် ခုနစ်နှစ်သားအရွယ် သို့ရောက် သောအခါသင်၏မိခင်ဝမ်းခေါင်း၌သင်ရှိစဉ်သင်၏မိခင်ကွယ်လွန်သွားရာ၏။ သင်၏ မိခင်အလောင်းကိုမီးရှို့သော်လည်း သင့်ကိုမီးမလောင်ခဲ့ဟု ဆွေမျိုးများက ပြောပြကြ သည်။ သံကိစ္စသာမဏေ ငယ်လေးသည် မိမိ၏ဘဝအဖြစ်အပျက်များကို ကြားသိရ သောအခါ ငါသည်ဤကဲ့သို့ ကြောက်မက်ဖွယ်ရာ ဘေးကြီးမှ လွတ်မြောက်လာခဲ့၏။ ငါ့အားလူဘောင်၌နေခြင်းဖြင့် ဘာအကျိုးရှိမည်နည်း။ ကိုရင်ဝတ်မည်ဟု ကြံစည်၍ ဆွေမျိုးတို့အားပြောပြလေသည်။ဆွေမျိုးတို့ကလည်းဝမ်းမြောက်ဝမ်းသာစွာဖြင့်သံကိစ္စ သာမဏေငယ်အား ရှင်ပြုရန် အရှင်သာရိပုတ္တရာထံ အပ်နှံကြလေသည်။ အရှင်သာရိ ပုတ္တရာသည်သံကိစ္စအားတစပဥ္စကမ္မဋ္ဌာန်းပေး၍ရှင်ပြုလိုက်သည်။ သူငယ်လေးဆံချပြီး အဆုံး၌ ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံသော ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာ အဖြစ်သို့ ရောက်ရှိသွားပြီး သံကိစ္စသာမဏေငယ်ဟု ထင်ရှားကျော်ကြားခဲ့ပါသည်။

## ခုနှစ် နှစ်သား ရဟန္တာရှင်ဒဗ္ဗ

◆◆◆

ကုသိနာရုံပြည်၊ မလ္လတိုင်း၊ အနုပိယမြို့၌မလ္လမင်းမျိုးမှတစ်ဦးသောမင်းသမီး သည် ကိုယ်ဝန်အရင့်အမာဖြင့် မွေးဖွားခါနီး၌ ကွယ်လွန်သွားရာသည်။ ထိုမင်းသမီး၏ အလောင်းကိုသုသာန်သို့သယ်ဆောင်၍ထင်းပုံပေါ်၌တင်ကာမီးသင်္ဂြိုဟ်နေစဉ်ထင်းတုံး ကိုမီးလောင်ကျွမ်းသော မီးအရှိန်ကြောင့် ထိုမင်းသမီးကလေးအလောင်း၏ ဝမ်းဗိုက် လွှာသည် နှစ်ဖြာနှစ်ခြမ်းကွဲသွားလေ၏။ ထိုအခါ ဝမ်းဗိုက်အတွင်း ရှိသော သူငယ် သည် မိမိ၏ ဘုန်းတန်ခိုးအစွမ်းကြောင့် ဝမ်းဗိုက်ထဲမှ ထွက်ကျကာ နေစာမြက် (သမန်းမြက်) အခင်းပေါ်သို့ ကျလေသည်။ တစ်ယောက်သောသူသည် ထိုကလေးကို ကောက်ယူ၍ အဖွားဖြစ်သူအားပေး လိုက်သည်။ အဖွားဖြစ်သူသည် နေစာမြက်ခင်း ပေါ်ကျ၍ အသက်ရှင်ရသောကြောင့် ထိုကလေး၏ အမည်ကို "ဒဗ္ဗ"ဟုနာမည် ပေး လိုက်သည်။ ဒဗ္ဗဟူသော ပါဠိ၏ အဓိပ္ပါယ်မှာ (ဉာဏ်ပညာရှိသူ) ထင်းတုံး၊ သစ်တုံး၊ သမန်းမြက်ကို ဟောပါသည်။

ဒဗ္ဗမင်းသား ခုနစ်နှစ်အရွယ်တွင် ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျှက် မလ္လတိုင်းသို့ ကြွချီတော်မူလာရာအနုပိယမြို့သို့ရောက်ရှိ၍ အနုပိယ သရက်ဥယျာဉ်၌

သိတင်းသုံးနေတော်မူ၏။ ဒဗ္ဗမင်းသားလေးသည် ဘုရားရှင်ကို ဖူးမြင်ရသ
အလွန်ကြည်ညိုကာ ရဟန်းပြုလိုစိတ်ဖြစ်ပေါ်လာ၏။ ထိုအခါ အဖွားထံ ခွင့်တေ
ရာ အဖွားကလည်း ကျေကျေနပ်နပ် ခွင့်ပြုလိုက်သောကြောင့် ဒဗ္ဗမင်းသားလေး
ဘုရားရှင်ထံ ကိုယ်တိုင်ခေါ်ယူသွားကာ အရှင်ဘုရား ဤကလေးငယ်ကို ရှင်ပြ
ပါဘုရားဟုလျှောက်ထားလေသည်။ ဘုရားရှင်မှ ဒဗ္ဗမင်းသားလေးအား ရှင်ပြုပေ
တော်မူ၏။ ရဟန်းတစ်ပါးမှ မင်းသားလေးအား ရှင်ပြုပေးစဉ် ဆံပင်၊ မွေး
ခြေသည်း၊လက်သည်း၊ သွား၊ အရေဟူသော(တစပဉ္စက)ကမ္မဋ္ဌာန်းအကြောင်းသင်
ပေးလေသည်။ ရှင်လောင်းလေးဒဗ္ဗသည် ရှေးပါရမီအကြောင်းကောင်းမှုနှင့် ပြ
သောကြောင့် ရှေးဆုတောင်းနှင့် ပြည့်စုံသောကြောင့်ဆံချနေစဉ် တစပဉ္စကကမ္မ
ကို ရွတ်ဆိုစီးဖြန်းနေရာ ခေါင်းတစ်ချက်ရိတ် လိုက်စဉ်မှာပင် သောတာပန်ဖြစ်
သည်။ ဒုတိယတစ်ချက်ရိတ်စဉ် သကဒါဂါမ်၊ တတိယတစ်ချက်ရိတ်စဉ် အနာဂါမ်
ပြီး ဆံချပြီးအဆုံး (ခေါင်းရိတ်ပြီးသည်နှင့်) မရှေးမနှောင်း ရဟန္တာအဖြစ်သို့ ရေ
ရှိလေသည်။

ဘုရားရှင်သည် မလ္လတိုင်း၌ မွေ့လျော်သမျှ နေထိုင်သိတင်းသုံးပြီးနေ
ရာဇဂြိုလ်ပြည်သို့ ပြန်လည်ကြွရောက်၍ ဝေဠုဝန်ကျောင်းတော်၌ ဝါကပ်တော်
ရှင်ဒဗ္ဗသည် မိမိ၏ ရဟန်းကိစ္စပြီးစီးကြောင်းကို ကြည့်ရှုဆင်ခြင်၍ သံဃဝေယျာ
အားကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ရမူ ကောင်းလေစွဟု ကြံစည်မိသည်။ ရှင်ဒဗ္ဗ ပြု
လိုသည့် သံဃဝေယျာဝစ္စမှာ သံဃာတော်များအတွက် အိပ်ရာနေရာ ခင်းပေးခြင်း
ဆွမ်းသွန်ခြင်း(ဆွမ်းစားအလှည့် အစီအစဉ်ချပေးခြင်း)တို့ဖြစ်သည်။ ရှင်ဒဗ္ဗသည်မိမိ
အစီအစဉ်ကို ဘုရားရှင်အား လျှောက်ထားလိုက်သည်။ ဘုရားရှင်မှလ
"ကောင်းလေစွ"ဟုချီးမွမ်းတော်မူပြီး ရှင်ဒဗ္ဗအားကျောင်းအိပ်ရာနေရာခင်းသောရ
(သေနာသနပညာပတ)၊ ဆွမ်းသွန်သောရဟန်း (သတ္တုဒ္ဒေသက) အဖြစ် ခွင့်ပြုတေ
လေသည်။ ထိုမျှမကရှင်ဒဗ္ဗသည် လူပင်ငယ်သော်လည်းကြီးမြတ်သောအရာ၌တ
ဟု နှလုံးသွင်း၍ ခုနစ်နှစ်သာရှိသေးသော်လည်း မြင့်မြတ်သော ရဟန်းအ
ချီးမြှောက်တော်မူလေသည်။

ကျောင်းအိပ်ရာနေရာခင်းခြင်း၊ သံဃာ့ဝေယျာဝစ္စကို ပြုရာ၌ အမြင့်မြတ်
(ဧတဒဂ်) ဘွဲ့ထူးကို လည်း ချီးမြှင့်အပ်နှင်းတော်မူလေသည်။

✧✧✧

## ချမ်းသာသုခကို ရှာဖွေခြင်း

◆◆◆

လောကရှိသတ္တဝါအပေါင်းတို့မှာ ရှေးအတိတ်ကံ အကျိုးတရားများကြောင့် ရရှိလာသောဇာတိရုပ်ခန္ဓာကိုယ်ကြီးအား အကြောင်းပြု၍ချမ်းသာသုခကို ရှာဖွေနေကြရသော သူများဖြစ်ကြပါသည်။ ပထမအဆင့်အနေဖြင့် ဝါတ်ကြီးလေးပါးနှင့် ဖွဲ့စည်းထားသော ခန္ဓာကိုယ်ကြီး၏ ဖေါက်ပြန်မှုများကို ညီညွတ်စေရန်အတွက်လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် မိမိနှင့်စပ်ဆိုင်သော ပတ်ဝန်းကျင်ပါ တသွေးထဲမျှတစေရန်အတွက်လည်းကောင်း ဒုက္ခအားအရင်းခံ၍ သုခကိုရှာကြခြင်းဖြစ်ကြပါသည်။ ထိုကဲ့သို့ သတ္တဝါ အပေါင်းတို့မှ မနုဿလူသားတို့သည် အထက်ဖော်ပြပါ ပထမအဆင့်နှင့် ဒုတိယအဆင့်ပါ အကျုံးဝင်သော သတ္တဝါပင်ဖြစ်ပါသည်။ လူသားသည် အထူးသဖြင့် အသိဉာဏ်အရာ၌ကျန်သောသတ္တဝါများထက်ပို၍ အဆင့်မြင့်သောကြောင့် မရပ်မနားပင် ချမ်းသာသုခကို ရှာဖွေကြသည်။ ကြံစည်တွေးတောကြရင်း ပေါ်ပေါက်လာသော ထိုအကြံအစည်အတိုင်းပင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပါသည်။ ထို့ကြောင့် လယ်တီ ဆရာတော် ဘုရားကြီး၏ ပဋ္ဌိစ္စသမုပ္ပါဒ်လင်္ကာတွင် ချမ်းသာသုခ၊ တစ်ခုမျှ၌၊ လောကအထု၊ အဟုန်စု၏။ ပုပုရွရွ၊ မြင်သမျှလည်း၊ သုခဖို့ချည်း၊ လှုံ့လသည်း၏ ဟုစပ်ဆိုတော် မူခဲ့ပါသည်။

## ချမ်းသာသုခနှင့် ဆင်းရဲဒုက္ခ

◆◆◆

ဤလောက၌ ချမ်းသာသုခနှင့် ဆင်းရဲဒုက္ခတို့သည် အမြဲဒွန်တွဲလျက်ရှိပါသည်။

ဒုက္ခဿ နန္တရံ သုခံ - ဒုက္ခ၏အဆုံး၌ သုခရှိ၏။

သုခဿ နန္တရံ ဒုက္ခံ - သုခ၏အဆုံး၌ ဒုက္ခရှိ၏။

ဟူသောဇာတကပါဠိတော် (ဇာ - ၁၊ ၁၈၂) လာအတိုင်း သုခနှင့်ဒုက္ခရှေ့နောက်အပြန်အလှန်ဆက်စပ်လျက်ရှိ ပါသည်။ ထို့ကြောင့် ဆင်းရဲဒုက္ခကို ခံစားဖူးသောသူသည် ချမ်းသာသုခကို တန်ဖိုးထားတတ်ပါသည်။ ဆင်းရဲဒုက္ခပြင်းထန်လေလေ ချမ်းသာသုခကို ပိုမိုလိုလားလေလေဖြစ်တတ်သည်။ ဆင်းရဲဒုက္ခ၏ အတိုင်းအတာ ပမာဏသည် အနည်းငယ်မျှလျော့နည်းသွားလျှင် သက်သာရာရသွားသည်။ ဤကဲ့သို့ဒုက္ခလျော့နည်းသွားခြင်းကို ချမ်းသာသုခတစ်မျိုးဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဒုက္ခမှန်သမျှ အလုံးစုံအကြွင်းမဲ့ ကုန်ဆုံးသွားပါက ချမ်းသာသုခ အတိသာ ဖြစ်ပေါ်တည်ရှိ နေပေတော့မည်။ (ဦးအုံ့မောင် ရေး/ဗုဒ္ဓဘာသာလက်စွဲကျမ်း (ဒုတိယတွဲ)အားမှီးပါသည်။)

## ဒေါ်သန်းရှိန် ချမ်းသာကို ရှာခြင်း

◆◆◆

ဦးအောင်ထွန်းအနေဖြင့် ရန်ကုန်မြို့ ကမာရွတ်နေ ဇနီးဖြစ်သူ ဒေါ်သန်း နှင့် ဆက်လက်အိမ်ထောင်ပြုပြီးနောက် **နှောကုန်းရွာတွင် အနေနည်းပါးလာပါသ** ဒေါ်သန်းရှိန်အနေဖြင့် ၄င်းထက်အသက်(၉)နှစ် **ကြီးသောဦးအောင်ထွန်းအား** မယ ဝတ္တရားများကျေပွန်အောင်ပြုစု လုပ်ကျွေးရှာပါသည်။ **သို့သော်ဦးအောင်ထွန်းနှင့်ရဲ** ရံခါလိုက်ပါလာသော ဧည့်သည်များအား ကြည့်၍မရပါ။ တဖြည်းဖြည်းနှင့် ဦးအောင်ထွန်းမှာလည်း မူလပုံစံအတိုင်းပင် အပေါင်းအသင်းများနှင့် ပြန်လ ခြေသွက်လာပြီး လင်ယောက်ျားနှင့်အတူ အရက်သမားများ၊ ဖဲသမားများမှာ နေ့စ လိုလိုပင် အိမ်သို့ အဝင်အထွက်များ လာကြသောကြောင့် ကြာလာသည်နှင့်အ ဒေါ်သန်းရှိန် ထွက်ပေါက်ရှာလာပါတော့သည်။ ဒေါ်သန်းရှိန်၏ နဂိုမူလစိတ်ဓါ ရေးရာအရ သာသနာတော်အား ကြည်ညိုသည့် အလျောက် စိတ်အေးချမ်းသာယ ရနိုင်ရန် ရန်ကုန်မြို့တွင်းရှိ မင်းကွန်းဝိပဿနာတရားရိပ်သာသို့ မကြာခဏတရာ သွားရောက်အားထုတ်လေ့ရှိပါသည်။ တနည်းအားဖြင့်တော့ ဒေါ်သန်းရှိန်စိတ်ထဲတွ **"အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်လျှ နောင်ပြင်ရန် ခက်လိမ့်အမျိုး"** ဆိုသည့်အတိုင်း မိမိမစဉ်းစား မဆင်ခြင်၍သာ မကြာခဏ စိတ်ဆင်းရဲ ဒုက္ခရောက်ရသည်ဟု မိမိဘဝကံ အကျိုးပေးအတိုင်းသာ လျစ်လျူပြုရင်း ငြိမ်းအေးချမ်းသာရာအစစ်ဖြစ်သော တရားတိုက်သို့ သွားရောက်၍ ချမ်းသာကိုရှာဖွေခြင်းပင် ဖြစ်ပါသည်။

ထိုအကြောင်းများနှင့်ပတ်သက်၍ ဦးအောင်ထွန်းလုံးဝမသိပါ။အချိန်ရှိသရွေ့ အပေါင်းအသင်းများနှင့်သာ သွားလာလှုပ်ရှားနေသော ဦးအောင်ထွန်းအနေဖြင့်အချိန် မရှိ ပြန်လာသောအချိန်များတွင် ခယ်မဖြစ်သူ ဒေါ်သန်းစိန်အား မေးမြန်းတတ်ပါ သည်။ ဦးအောင်ထွန်းဘဝမှ နောက်ပိုင်းတွင် သဲအင်းဂူဆရာတော်အဖြစ် ရောက်ရှိပြီး နောက်အထက်ပါအကြောင်းများကို အတိတ်ဆောင်၍ ဟောကြားတော်မူသော မူရင်း အသံသွင်း တိတ်ခွေ၌ ကူးယူထားသော ဆရာတော်၏ အာဘော်အား နဂိုမူလမပျက် ဖော်ပြအပ်ပါသည်။

## အင်းမတရားပွဲ (လိုရင်းကောက်နုတ်ချက်)

◆ ◆ ◆

ဦးပဥ္စင်းအတိတ်တုံးက ကမာရွတ်မှာနေပါတယ်။ ဦးပဥ္စင်းကဆိုးတာကိုး၊ အဖော်ရှိမှအပေါင်းအသင်းနဲ့နေတော့ အပေါင်းအသင်းမရှိရင် မနေတတ်ဘူး။ ဒကာမက ထမင်းချက်ကျွေးနေတာ (ဒေါ်သန်းရှိန်ကို ဆိုလိုပါသည်။) ဒကာမက ထမင်းချက်ကျွေးနေတာ စိတ်ညစ်တယ်ထင်ပါရဲ့။ ငါတော့လွတ်အောင်ပြေးမှပဲဆိုပြီး တစ်ခါတည်း အိပ်ရာလိပ်ကလေးပါယူပြီး တရားဌာနသွားတော့တာပေါ့။ ဦးပဥ္စင်းဟိုတုံးက တရားဆိုတာ ဘာမှ မသိဘူး။

ဘုန်းကြီးကိုလည်းအင်မတန်ကြောက်တယ်။ ဘုန်းကြီးကနေပြီးဦးအောင်ထွန်းရေ ကျောင်းဘယ်လောက်ကုန်တယ်ဆိုရင် ငွေသာပေးလိုက်တယ်။ အရှင်ဘုရားသဘောပါပဲ လုပ်ချင်တာလုပ်။ အဲ ဘယ်လောက်လို တယ်ဆိုရင်လဲ ငွေသာပေးလိုက်တယ်ရေစက်မချဘူး။ ပြီးပြီစိတ်ဘဲ။ စေတနာကံကို အဲဒီတုန်းကသိလို့တော့ မဟုတ်ဘူး။ နဂိုစိတ်ကဒီလိုဖြစ်လာတယ်လှူပြီးပြီ။ ဦးပဥ္စင်းစိတ်က ကျောင်းလဲကျောင်းဒကာဖြစ်ပါတယ်။ကျောင်းဒကာဖြစ်ပေမယ့် ကျောင်းကိုမသွားဘူး။ ဥပုသ်ဆိုတာဝေလာဝေး။ လှူတော့ကာသူများထက် ပိုလှူပါ တယ်။ တစ်ခါတည်းကုန်ချင်ကုန်သွားပါစေ။

ဦးပဥ္စင်းပြန်လာတဲ့ အချိန်ကျတော့ ခယ်မ မသန်းစိန်ရှိတယ်။ ဟဲ့ မသန်းစိန် သူဘယ်သွားလဲ။ တရားသွားကျင့်တယ်တဲ့၊ အဖော်ရှိတော့ အိပ်ရာလိပ်တွေနဲ့သွားပြီ။ ထ ထ ထ ထ ထ ထ ဦးပဥ္စင်းစိတ်မကောင်းဘူး။တရားထိုင်တဲ့ ဥစ္စာတွေကပြောသံဆိုသံကြားတယ်။ ယိတယ်ဆိုတာကတရား။ (ထိတယ်-သိတယ်)မုန့်လက်ဆောင်းကုန်းက ဦးမြသိန်းထွန်း တရားကြားဖူးတယ်။ ဒီတရားများ သွားသလားးလို့ ဦးပဥ္စင်းစိတ်မကောင်းဘူး။ ခုနစ်ရက်သွားကျင့်တယ်။ လာပါစေ။ လာရင်တော့ ဒုက္ခတွေပြီဆိုပြီး စိတ်ကိုဒီလိုဖြစ်ထားတော့ ဒကာမကပြန်လာပြီးအခန်းထဲဝင်၊ အိပ်ရာလိပ်လေးထားပေါ့။ အပြင်ထွက်အောင်မစောင့်နိုင်ဘူး။ ပြောချင်လာပြီ။ ဒေါ်သဖြစ်လာတော့ သူ့နောက်လိုက်သွားတယ်။ ဟဲ့နင်ဘယ်သွားတာလဲ။ ကျွန်မတရားသွားအားထုတ်တာပါ။ ဩော် တရားသွားကျင့်တယ်။ နင်တရားသွားကျင့်တဲ့ဥစ္စာ "ထိ" ခဲ့သေးလား။ ရှင်ကလဲဘုန်းကြီးကျောင်းသွားတာရှင့်။ ဘယ်ကျောင်းသွားတာလဲ။ မင်းကွန်း မင်းကွန်း။

မင်းကွန်းဆိုတာ ဘုန်းကြီးလား။ လူလား။ ဘုန်းကြီးမင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိသုဒ္ဓ။ အဲဒီဘုန်းကြီးလို့ပြောလိုက်တော့ စိတ်မကောင်းတော့ဘူး။ ဟယ် ငါမှားသွားပြီ။နောက်လဲသွားကျင့်ပေါ့ကွာလို့ အဲဒီလိုဦးပဥ္စင်းက ပြောလွှတ်လိုက်တယ်။

နောက်တစ်ခါကတော့ ဘယ်လိုဖြစ်လာလဲ၊ တရားကျင့်ပြီးတော့ ရွှေတိဂုံဘုရား တက်ပြီးတော့ စွန်းလွန်းထေရုပ္ပတ္တိကြီး ဝယ်လာတယ်။ ဦးပဥ္စင်းက စာတတ်တာ မဟုတ်တာ။ စာလုံးလေးတွေမနည်းပေါင်းဖတ်ရတယ်။

ဦးပဥ္စင်းကိုဦးအောင်ထွန်းရေဟောဒါလေးတဲ့။ စွန်လွန်းစာအုပ်ကြီး၊ စွန်းလွန်း ဆရာတော်ဘုရားကြီးဟာရဟန်းကိစ္စပြီးပြီ။ ရဟန္တာဖြစ်သွားပြီလို့ပြောတယ်။ထေရုပ္ပတ္တိ စာအုပ်ကြီးကိုအသာကြည့်လိုက်၊ ရုပ်ပုံလေးတွေပဲ လျှောက်ကြည့်တာပေါ့။ ရုပ်ပုံလေး တွေကုန်သွားတော့ သွားပြီးတွေ့လိုက်တယ်။ ဘယ်လိုသွားတွေ့ လဲ။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ အဲဒါလေးသွားတွေ့တယ်။ အဲဒါလေးဖတ်ပြီးရော ဘယ်လိုဖြစ်သွားလဲ မသိဘူး။

ကာယ သတိပဋ္ဌာန်၊ ကာယ နုပဿနာ

ဝေဒနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာ

စိတ္တ သတိပဋ္ဌာန်၊ စိတ္တ နုပဿနာ

အဲဒီလိုစိတ်လေးအဆုံး စိတ်ထဲမှာဘယ်လိုဖြစ်သွားလဲ။ ခန္ဓာကိုယ်ကြီး ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်းဆိုပြီး တုန်လှုပ်လာပြီးတော့ ချုပ်သွားတယ်။ ရုပ်နာမ်ချုပ်သွားမှန်းမသိဘူး ငါဘယ်လိုများဖြစ်ပါလိမ့်မလဲ။ အဲဒီလိုစိတ်ကလေးကအောင့် မေ့ရတယ်။ သတိပဋ္ဌာန် လေးပါးလည်း ဆုံးအောင်ဖတ်လိုက်ရော **"သူတောင် ရဟန္တာဖြစ်ရင် ငါလဲကျင့်ရင် ဖြစ်မှာဘဲ"**။

အထက်ဖော်ပြပါ အတိတ်အကြောင်းနှင့်ပတ်သက်၍ သဲအင်းဂူဆရာတော် ဘုရားကြီးမှရွှေတောင်မြို့အနီးရှိ အင်းမတွင် ဟောကြားအပ်သော အသံသွင်းတိတ်ခွေ မှ သက်ဆိုင်ရာ ကဏ္ဍအားကောက်နုတ် တင်ပြခြင်းဖြစ်ပါသည်။

**"ထိုကဲ့သို့ သူတောင် ရဟန္တာ ဖြစ်သေးတာ ငါလဲကျင့်ရင်ဖြစ်မှာပဲ"**

ဟူသောစိတ်ဖြစ်ပေါ် လာရခြင်းသည် ဦးအောင်ထွန်း၏ ပါရမီမည်မျှ ရင့်သန် နေကြောင်း စာရှုသူ အပေါင်းမှန်းဆနိုင်ပါသည်။ ဤနေရာ၌ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် သက်တော်ထင်ရှားရှိစဉ် ဟောကြားတော် မူသောအဌကထာ (အင်္ဂုတ္တရပါဠိတော်–တိကနိပါတ်မာတိကာ/ပထမပဏ္ဏာသကပဌမသုတ်(၅၀)ရယကာရဝဂ် –စာမျက်နှာ(၁၂၄)၌ပါရှိသော အာသံသသုတ်တော်အား ဗဟုသုတအကျိုးငှာထည့်သွင်း ဖော်ပြအပ်ပါသည်။

# အာသဝသုတ်

## သူဖြစ်ရင် ငါလဲကျင့်ရင်းဖြစ်မှာပဲ

◆◆◆

ရဟန်းတို့ -

ဤပုဂ္ဂိုလ် သုံးမျိုးတို့သည် ရဟန်း၌ထင်ရှားရှိကုန်၏။ အဘယ်သုံးမျိုးနည်း ဟူမူ တောင့်တခြင်း မရှိသော ပုဂ္ဂိုလ်သည်လည်းကောင်း၊ တောင့်တခြင်းရှိသော ပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊တောင့်တခြင်းကင်းသောပုဂ္ဂိုလ်ဟူ၍လည်းကောင်းတို့တည်း။

ရဟန်းတို့

တောင့်တခြင်းမရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလမရှိ၊ ယုတ်မာသောသဘောရှိ၏။ မစင်ကြယ်သော အကျင့်ရှိ၏။ ယုံမှားဖွယ်သော အကျင့်ရှိ၏။ ဖုံးလွှမ်းသောအမှုရှိ၏။ ရဟန်းမဟုတ်ဘဲလျှင် ရဟန်းဟုဝန်ခံ၏။ မြတ်သော အကျင့်ရှိသူမဟုတ်ဘဲ မြတ်သော အကျင့်ရှိသူဟုဝန်ခံ၏။ အတွင်းသဘောပုပ်၏။ ဖြစ်ပေါ်သောရာဂ စသည်ဖြင့် စွတ်စို၏။ ဖြစ်ပေါ်သော ရာဂအမှိုက်ရှိ၏။ ထိုပုဂ္ဂိုလ်သည် ဤမည်သော ရဟန်းသည် အာသဝေါတရားများ ကုန်ခမ်းခြင်းကြောင့် အာသဝေါတရားစိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း၊ အရဟတ္တဖိုလ်သမာဓိဖြင့် ကိလေသာမှ လွတ်မြောက်ခြင်း၊ အရဟတ္တဖိုလ်ပညာကိုမျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက် ပြုလျက်ရောက်၍နေ၏။ ဤသို့ကြားသော်လည်းအဘယ်အခါ၌ ငါသည် အာသဝေါ တရား ကုန်ခမ်းခြင်းကြောင့် အာသဝေါတရားကင်းသော ကိလေသာမှ လွန်မြောက် သော အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာ တို့ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရအံ့နည်းဟု ရဟန်းအား ဤသို့သော အကြံအစည် သည်မဖြစ်။ ရဟန်းတို့ ဤပုဂ္ဂိုလ်အား တောင့်တခြင်းမရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ရဟန်းတို့

တောင့်တခြင်းရှိသော ပုဂ္ဂိုလ်ဟူသည်အဘယ်နည်း။ ရဟန်းတို့ ဤသာသနာ တော်၌ ရဟန်းသည် သီလရှိ၏။ ကောင်းသောသဘောရှိ၏။ ထိုရဟန်းသည် ဤမည်သောရဟန်းသည်အာသဝေါတရားတို့ကုန်ခမ်းခြင်းကြောင့်၊ အာသဝေါတရားတို့

ကင်းသောစိတ်၏ ကိလေသာမှလွတ်မြောက်သော အရဟတ္တဖိုလ် သမာ
ကိလေသာမှ လွတ်မြောက်သော အရဟတဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တို
သော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏ဟုကြား၏။ ဤသို့ကြား
အဘယ်အခါ ငါသည်လည်း အာသဝေါတရား ကုန်ခမ်းခြင်းကြောင့် အာသဝေါ
များ ကင်းသောစိတ်၏ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ် သမာ
ကိလေသာမှလွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တို
သောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရအံ့နည်းဟု ရဟန်း
ဤအကြံသည်ဖြစ်၏။ ရဟန်းတို့ဤပုဂ္ဂိုလ်ကိုတောင့်တခြင်းရှိသောပုဂ္ဂိုလ်ဟုဆိုအပ်

အထက်တွင် ဖော်ပြခဲ့သည့် အာသံသသုတ်တော်အရ ပုဂ္ဂိုလ်သုံးမျိုး
ကွဲပြားစွာခွဲခြား ပြထားသည်ကို တွေ့ရပါမည်။

(၁) တောင့်တခြင်းမရှိသော ပုဂ္ဂိုလ်

(၂) တောင့်တခြင်း ရှိသော ပုဂ္ဂိုလ်

(၃) တောင့်တခြင်းကင်းသော ပုဂ္ဂိုလ်

ဟူ၍ ထိုသုံးမျိုးသုံးစားတို့တွင် ဦးအောင်ထွန်းသည် စွန်းလွန်းထေရုပ္ပတ္တိစာအုပ်
သေချာစွာစာလုံးပေါင်း၍ ဖတ်ပြီးအဆုံး သူတောင်ရဟန္တာဖြစ်သေးတာ။ ငါလဲကျ
ဖြစ်မှာပဲဟု တောင့်တကြံစည်သောစိတ်သည် နံပါတ်(၂) အမျိုးအစားတွင် ပါဝင်
ပုဂ္ဂိုလ်ထူးဖြစ်ကြောင်း ထင်ရှားပါသည်။

တိတ်ခွေများနှင့်မဂ်လေးပါးစသည့် တရားစာအုပ်များကို ရန်ကုန်
မှော်ဘီမြို့နယ်၊ နှောကုန်း ကျေးရွာအနီး၌ တည်ရှိသော သဲအင်းဂူကမ္မဋ္ဌာန်းရိပ်
(ဌာနချုပ်) ၌ အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။

✧✧✧

## ဝင့်ကြွေး–ကျေးဇူးတင်ပါ၏

◆◆◆

ဒုစရိုက်လုပ်ငန်းများကို ဦးအောင်ထွန်းအနေဖြင့် လုပ်နေစေကာမူ စွန်း
ဆရာတော်၏ထေရုပ္ပတ္တိအား ဖတ်ရှုပြီးနောက် စွန်းလွန်းဆရာတော်ကဲ့သို့ ကျင့်ကြံ
သောစိတ်ကလွှမ်းမိုးနေပါသည်။ သို့ရာတွင် ဦးအောင်ထွန်းမှာ ဇနီးသည် နှစ်ယော
နှင့်မိသားစုများ စားဝတ်နေရေးကို လုံလောက်စေရန်အတွက် လက်ထဲတွင်ငွေရှိ
အရေးကြီးပါသည်။ မှော်ဘီဈေးအတွင်း အပ်ချုပ်ဆိုင်ဖွင့်နေသော ညီဝမ်းကွဲတော်

ောင်တင်အောင်မှလည်း၊ ၄င်းအတွက်အပ်ချုပ်စက်ခေါင်းတစ်လုံး ဝယ်ပေးရန်ပူဆာ ည့်အတွက် ဦးအောင်ထွန်းအနေဖြင့် လုပ်နေကျအလုပ်တစ်ခုအား ကြာကြာမဆိုင်း င်တော့ပဲ ယခင်တွဲဘက်များ ဖြစ်သည့် တပည့်ဟောင်း များနှင့် အလုပ်ကိစ္စအတွက် ွေးနွေးတိုင်ပင်ကြပြီး သွားလာရမည့်ရက်အား သတ်မှတ်လိုက်ကြပါသည်။

၁၃၂၁ခု ဝါခေါင်လ(ရက်အတိအကျမမှတ်မိ) ညနေပိုင်း နေဝင်ချိန်တွင် ာခုကန်ဘက်မှ ရန်ကုန်ဘက်သို့ တပည့်များနှင့်အတူ ထွက်လာခဲ့ရာတွင် လမ်းတစ် လျှာက် မိုးကြီးမှာလည်း သည်းထန်စွာ ရွာသွန်းနေပါသည်။ မိုးရေများ ရွှဲနေသော ေအာင်ထွန်းနှင့် တပည့်များအား စီးလာသောကားမှ ဒရိုင်ဘာနှင့် ခရီးသည်များက ကြည့်ကြပါ။ အရက်နံ့များကလည်း ခရီးသည်များအား အနှောင့်အယှက်ပေး ကဲ့သို့ ဖြစ်နေပါသည်။ ဦးအောင်ထွန်းတို့အဖွဲ့မှာရည်ရွယ်ချက်ပိုင်ပိုင်နိုင်နိုင်မရှိဘဲ ားပေါ်မှရုတ်တရက် ဆင်းလိုက်ကြပါသည်။ လုပ်ရိုးလုပ်စဉ် မဟုတ်သော အလုပ် စ်ခုအား ဦးအောင်ထွန်းတို့အဖွဲ့မှ လုပ်ဆောင်လိုက်ပါသည်။ လူဆိုးကြီးတို့၏ ုံးစံမှာပထမဝင်ပြီးသော အိမ်အားနောက်တဖန်ပြန်ဝင်ရိုးထုံးစံမရှိပါ။ ဦးအောင်ထွန်း နေဖြင့် လက်တစ်ဘက်တွင် လက်နှိပ်ဓါတ်မီးတစ်လက်ကိုင်ဆောင်ပြီး ကျန်လက် စ်ဘက်တွင်သေနတ်ကိုင်ဆောင် ထားလေ့ရှိပါသည်။ ယခုလက်ထဲတွင် ဘာမျှမကိုင် ားပါ။

ယခုမူ ခြံကြီးတစ်ခြံထဲသို့ စွတ်ဝင်ပြီး အကဲခတ်ကြရာ အခြေအနေ ကောင်းသေးသောကြောင့် ထပ်မံ၍ အခြားသောအိမ်များအား ထောက်လှမ်းကြပြန် သည်။ မိုးကလည်း မစဲတဖွဲဖွဲရွာနေဆဲပင်။ စိတ်ကြိုက် သိပ်မတွေ့သည့်အဆုံး ထမအိမ်ကြီးသို့ ပြန်ဝင်လိုက်ပါသည်။ ပါလာသော သေနတ်အား လွယ်အိတ်ထဲမှ ထုတ်မိပါ။ အနားကပ်ပြီး တံခါးကိုလက်နှင့် အသာတွန်းလိုက်ပါသည်။ တံခါးဖွင့်ရန် ်အားမစိုက်လိုက်ရပါ။ ပွင့်သွားသည်နှင့်တပြိုင်နက် အသင့်စောင့်နေသော အိမ်ရှင် ဦးအောင်ထွန်းအားဆီးကြို၍ ဓါးဖြင့်ခုတ်ချလိုက်ပါသည်။ ဦးအောင်ထွန်းအနေဖြင့် ်တရက် မရှောင်နိုင်တော့ဘဲ ထိုနေရာမှာပင် ဖင်ထိုင်ရက်သား ကျသွားပါသည်။ ာက်မှလိုက်ပါလာသော အပေါင်းအသင်းတပည့်များက အိမ်ရှင်အား သေနတ်နှင့် ရန် ကြံစည်သော်လည်း ဦးအောင်ထွန်းမှ ပစ်ခွင့်မပေးသောကြောင့် လဲကျနေ ာ ဦးအောင်ထွန်းအား ဘေးကင်းရာ သို့ ခေါ်ထုတ်သွားရပါသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ သဲအင်းဂူ ဆရာတော်ဘုရားမှ ဝဠ်ကြွေး ဆပ်ခဲ့ရခြင်းများကို အင်းမတရားပွဲ၌ပင် ဆက်လက် ဟောကြားခဲ့ပါသည်။ တရားထဲမှ ဤအခန်းကဏ္ဍနှင့်ပတ်သက်သော အကြောင်းတရားအား အနည်းငယ် ာက်နုတ်တင်ပြပါမည်။

## ငါတရားကျင့်တို့ အချိန်ကျပြီ (အင်းမတရားပွဲကောက်နုတ်ချက်)

◆◆◆

အဲဒီတုန်းက ခေါင်းစမ်းကြည့်တော့သွေးမထွက်ဘူး။ ငိုက်တိုက်တိုက်နဲ့မှုး တယ်။ကက်ဦးထုပ်ကြီးဖြုတ်တော့ စမ်းကြည့်တာလက်ညှိုးဝင်သွားတယ်။ လက်ညှိုး သွားတော့ သွေးတွေထွက်။ **"အဲဒီမှာသံဝေဂဖြစ်တာပါဘဲ"** တော်သေးရဲ့ ငါတ ကျင့်ဖို့ သူလုပ်တာ။ သူ့ကိုငါကျေးဇူးတင်ရသေး။ အိမ်ပေါ်တက်လိုက်တုံးက ရင် မှိန်းနဲ့သော်လည်းကောင်း၊ လှံနဲ့သော်လည်းကောင်း၊ ဝါးချွန်နဲ့သော်လည်း ကော ထိုးလိုက်ရင်ဖြင့် ငါသေရရဲ့။ အခုငါမသေဘူး။ ငါ့ကိုသူတရားကျင့်ဖို့လုပ်တာ။ အဲဒ သံဝေဂဖြစ်တာပဲ။

ဆရာဝန်နဲ့ကြိတ်ကု (၇)ရက်လောက်ကြာတော့ သက်သာလာတယ်။ ပျေ သလားဆိုတော့ မပျောက်ဘူး။ အနာမပျောက်ခင် ဟော့ မိသန်းရှိန် လာအုံး။ န စားဘို့ငါကြံခဲ့တယ်။ ငါဒီလိုနေတော့ ဒုက္ခများတော့မယ်။ ငါတရားကျင့်ဘို့ အ ကျလာပြီ။ **"ကျင့်ပါ ကျင့်ပါ"** ဒီလိုပြောတယ်။ ဒီကနေ့ ခုနစ်ရက်စေ့ပြီ ဘယ်မှ စွန်းလွန်းစာအုပ်ကြီး။ နင်နှောကုန်းကို မလိုက်ခဲ့နဲ့။ အိမ်တွေဘာတွေ ငှားစားတေ **"ငါကိုမမျှော်ကိုးနဲ့ လင်ယူချင်လဲယူပေတော့။"** လို့ပြောပြီး ဆင်းလာခဲ့တယ်။

တောမှာတစ်ယောက်ရှိတယ်။ ကရင်မထံရောက်တဲ့အချိန် ငါတရားကျင့် မယ်။ နင်တို့အဖို့မှာငယ်လဲငယ်သေးတယ်။ ရှာလဲစားနိုင်သေးတယ်။ **"လင်ယူချ ယူနိုင်တယ်။ ငါ့ကိုတော့မမျှော်ကိုးနဲ့"**။ ကျောင်းသွားတော့မယ်။ နဝင်္ဂသိ ယူပြီးရောသိမ်တံခါးပိတ်ပြီး ဘယ်သူမှမဝင်ရဘူး။ အာနာပါနသတိယူပြီး ကျင့်လို ဥစ္စာ ဗိုင်းကနဲပစ်လဲသွားတယ်။ အသိလေးဆုံးမှထတယ်။ ထပြီးတစ်ခါပြန်ထိုင်

စသည်ဖြင့် နောက်ဆုံး အကုသိုလ်ဒုစရိုက်များကြောင့် ဝဋ်ကျွေး ပေ ရခြင်းများကို အကျယ် တဝင့်ဟောကြားခဲ့ပါသည်။

ဦးအောင်ထွန်း ရရှိထားသော ဒဏ်ရာအနည်းငယ် သက်သာသော နှောကုန်းရွာ ကျောင်းလေးကျောင်း၏ သိမ်အတွင်း၌ တရားကျင့်နေခဲ့ပါ နီးစပ်ရာဆွေမျိုးသားချင်းများကလည်း အားရဝမ်းသာစွာဖြင့် အစစအရာရာ အညီ ပေးကြပါသည်။

ဦးအောင်ထွန်း၏ ညီဖြစ်သူ ဦးထွန်းညွန့်အနေဖြင့် နဝင်္ဂသီလမဆိုထ ငါးပါးသီလကို နေ့စဉ် ခံယူဆောက်တည်ခဲ့သော်လည်း နှစ်ပါးလောက်သာ အ ထိန်းနိုင်သောသူ ဖြစ်သောကြောင့် ဦးအောင်ထွန်း နဝင်္ဂသီလဆောက်တည်၍ ကျင့်နေသည်ကို အားရဝမ်းသာဖြင့် အားပေးပါသည်။

# သမ္မပ္ပဓါန်လေးပါး
## (သမ္မပ္ပဓါန်၏အနက်အဓိပ္ပာယ်)

◆◆◆

သမ္မပ္ပဓါန်ဆိုသည်မှာ ဘုသံ ဒဟတိ ဝဟတိတိ ပဓါနံ၊ သမ္မာဒေဝ ပဓါနံ သမ္မပ္ပဓါနံ။

ဘုသံ=လွန်စွာ၊ ဒဟတိ ဝဟတိတိ=ရှက်ဆောင်တတ်၏။ ဣတိ=ဤသို့သော အကြောင်းကြောင့်၊ ပဓါနံ=ပဓါနမည်၏။ သမ္မာဒေဝ=ကောင်းစွာသာလျှင်၊ ပဓါနံ= လွန်စွာရှက်ဆောင်တတ်သော တရားသည်၊ သမ္မပ္ပဓါနံ=သမ္မပ္ပဓါန်မည်၏။

## သမ္မပ္ပဓါန်အင်္ဂါလေးပါး

◆◆◆

တွန့်တိုခြင်းမရှိသောဝရိယကိုသမ္မပ္ပဓါန်ဟုဆိုသည်။ အာကာဝရိယဟု လည်း ခေါ်သည်။ အားထုတ်မှုအရာ၌ အလွန်ပင် အပူအပင်၊ အပင်ပမ်းခံနိုင်သော စွရိယ ဟူလို။ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စွရိယ၏အမည်တည်း။

## အင်္ဂါလေးပါးဟူမှုကား

◆◆◆

တာမံ၊ တစော စ၊ နှာရု စ၊ အဋ္ဌိ စ၊ အဝသုဿတု၊ ဥပသုဿတု၊ မေ သရီရေ မံ သလောဟိယံ။

ယိတံ ပုရိသ ပရက္ကမေန ပတ္တဗ္ဗံ၊ န တံ ပတ္ဂာ ဝီရိယဿ သဏ္ဌာနံ ဘဝိဿတိ။

ဟု မြတ်စွာဘုရားဟောကြားတော်မူ၏။

မေ = ငါ၏၊ သရီရေ = ကိုယ်၌၊ တစောစ၊ အရေသည် လည်းေ
နှာရု စ = အကြောသည်လည်းကောင်း၊ အဋ္ဌိ စ = အရိုးသည်လည်းေ
အဝသုဿတု = ကြွင်းကျန်လေစေ၊ ယံတံ = အကြင် ရှာန် မင်္ဂဖိုလ်တ
မည်သည်ကို၊ ပုရိသထာ မေန = ယောကျ်ားတို့၏အစွမ်းအားဖြင့်၊ ပုရိသပရက္က
ယောကျ်ား တို့၏ မတွန့်မရွံ့ စွန့်စားမှုဖြင့်၊ ပတ္တဗ္ဗံ = ရောက်ထိုက်၏။ တ
ထိုဈာန်မင်္ဂဖိုလ်တရားကို၊ အပထွာ = မရောက်သည်ရှိသော်၊ စွရိယဿ = စွရိ
သဏ္ဌာနံ - တန့်ရပ်ခြင်းသည်၊ ဘဝိဿတိ = မဖြစ်လတ္တံ။

(၁) အရေကြွင်းစေ အင်္ဂါ (၁)ပါး

(၂) အကြောကြွင်းစေ အင်္ဂါ (၁) ပါး

(၃) အရိုးကြွင်းစေ အင်္ဂါ (၁) ပါး

(၄) အသားအသွေးကုန်ခမ်းခြောက်လေ့စေ အင်္ဂါ (၁) ပါး

ဤကားသမ္မပ္ပဓါန်ဝီရိယ၏ အင်္ဂါလေးပါးတည်း။ ဝီရိယကိုအားထုတ်နိုင်
ရထိုက်သောအရာမျိုးသာမှန်ပါစေ။ မရသရွေ့ ငါမနေ။ ဝီရိယကို မလျှော့ပြီဟု
သောဏထေရ်စက္ခုပါလထေရ် တို့ကဲ့သို့ ဖြစ်သော စွရိယတည်း။ စွရိယအား
ကုန်အောင် လွှတ်မှုတည်း။

**(ဗောဓိပက္ခိယဒီပနီ)**

# (လူသေလျှင်သေ၊ မသေလျှင် ကိလေသာသေ)

◆◆◆

ဗောဓိဉာဏ်ချစ်၊ လောင်းတော်စစ်တို့၊ နေက္ခမ္မဇ္ဈာ၊ ကြီးဋ္ဌဗ္ဗာဖြင့်၊ ယရာ
သဗ္ဗာဝဟု၊ ကာမဖျင်းသိမ်၊ ဝဋ်စည်းစိမ်ကို၊ နှောင်အိမ်လောင်တိုက်၊ မှတ်ပိုက်
အမြဲသိ၏။

ပဝိဝေက၊ အဇ္ဈာသယဖြင့်၊ ကာမကိလေ၊ ဖော်ရံချွေကို၊ ငန်းမြွေပတ်ရစ်၊ ဘေး
သို့ စင်စစ် ထင်ကြ၊ အလောဘဓါတ်၊ အလိုမြတ်မြင့်၊ နတ်၏ရိပ်ငြိမ်၊ ကြီးစည်းစိ
တွေ့ကြိမ်ဘိလည်း၊ လောင်ညှိလျှံညီး၊ မီးပုံကြီးသို့၊ အပြီးထင်လစ်၊ အလော
မေတ္တာဟူက၊ ကြီးဆန္ဒဖြင့် -

**(မဃဒေဝလင်္ကာ)**

အချိန်ကား၁၃၂၁ခု၊ တော်သလင်းလဆန်း(၆)ရက်(တနင်္လာနေ့)ခရစ်သက္ကရာဇ် ၁၉၅၉ခုစက်တင်ဘာလ(၇)ရက်နေ့ဖြစ်ပါသည်။ နှောကုန်းကျေးရွာကျောင်းလေးကျောင်း၏ သိမ်အတွင်း၌ ဦးအောင်ထွန်းမှာ တရားအားမထုတ်မီ ကျောင်းထိုင်ဘုန်းတော်ကြီးထံမှ နဝင်္ဂသီလကို ခံယူပါသည်။

လက်ရှိဇနီးဖြစ်သူနှင့်သားမယားတို့အား၊ ၄င်းတို့သဘောကျသလိုလုပ်ဆောင်ကြရန်ခွင့်ပြုပြီးနောက်၊မကောင်းသောအကုသိုလ်ဒုစရိုက်များအားမစင်၊ တံတွေးပေါက်ကဲ့သို့ စွန့်လွှတ်၍တရားအားထုတ်ရာ၌ နောက်ဆံမတင်းစေရန်နှင့် မိမိစိတ်မှာလည်းလုံးဝသန့်ရှင်းစင်ကြယ်စေရန်ရည်ရွယ်ပြီးယခုကဲ့သို့ကျောင်းထိုင်ဘုန်းကြီးထံ နဝင်္ဂသီလအား ခံယူဆောက်တည်နေခြင်းလည်း ဖြစ်ပါသည်။

သီလခံယူပြီး ဦးအောင်ထွန်းမှာ သိမ်တံခါးအား လုံခြုံစွာပိတ်ပြီး ဝင်လေထွက်လေအား တစ်စက္ကန့်မျှ အသိမလွတ်စေဘဲ စတင်ကျင့်ပါတော့သည်။ ထိုကဲ့သို့စတင်ကျင့်သောအချိန် ဝင်လေထွက်လေနှုန်း မှာတစ်မိနစ်လျှင် ဝင်လေခြောက်ဆယ်၊ ထွက်လေခြောက်ဆယ်နှုန်းဖြစ်၍ စုစုပေါင်း ၁၂၀ နှုန်းခန့်ဖြစ်ပါသည်။ သာမန်အားဖြင့် လူတစ်ယောက်၏ အသက်ရှူနှုန်းမှာ တစ်မိနစ်လျှင် (၁၈)ကြိမ်နှုန်းမျှသာရှိပါသည်။ ဦးအောင်ထွန်း အနေဖြင့် ခပ်ဆတ်ဆတ်ရှူနေရာမှ ပြောင်းလဲမရှူပါ။ ဇောတင်း၍လည်းမရှူပါ။ အိပ်ချင်စိတ် ပေါ်လာသောအခါ၌လည်းကောင်း၊ စိတ်မတည်ငြိမ်သောအခါ၌လည်းကောင်း အရှူပြောင်းလဲပြီးဆက်တိုက် အမြန်နှုန်းဖြင့်ရှူလေ့ရှိပါ သည်။

ထိုမှတစ်ပါး လေရှူနှုန်း ပုံမှန်ဖြစ်လာသောအခါ မိမိစိတ်ကြိုက်လေကိုလေ့ကျင့်ရင်း အမျိုးမျိုး ပြောင်းလဲရှူပါသည်။ အဆုတ်အညာပိုင်း၊ လည်ချောင်း၊ ရင်ကပ်၍လေကိုရှူခြင်း၊ မတိုမရှည်အလယ်အလတ် ရင်ဝမှကပ်၍ရှူခြင်း၊ ချက်တိုင်မှာစ နှာသီးဝ အဆုံးလေရှည်ရှည်ရှူခြင်းစသည်ဖြင့် နေရင်းထိုင်ရင်း လေ့ကျင့်ခန်းဝင်သကဲ့သို့ လေအပြောင်းအလဲလုပ်၍ နေပါသည်။ ထိုကဲ့သို့ လေအရှူအရှိုက်များအား တစ်နေ့လျှင် (၁၆)နာရီမျှ အားထုတ်လေ့ရှိပါသည်။ ယောဂီဦးအောင်ထွန်းအနေဖြင့် လက်ရှိခန္ဓာကိုယ်ကြီးအား လုံးဝမညှာ၊ ပါဠိတော် အဌကထာများတွင်ပါရှိသည့်ခန္ဓာကိုယ်၊ အရိုး၊ အကြော၊ အသား၊ အသွေးများ ခမ်းခြောက်လျှင်ခမ်းခြောက်ပလေ့စေ တရားမရလျှင် ငါမထပြီဟူသော ထက်သန်သော သမ္မပ္ပဓါန်လုံ့လဝီရိယ တရားဖြင့် ပြင်းပြင်းထန်ထန်ကျင့်ကြံအားထုတ်နေခြင်း ဖြစ်ပါသည်။

ရှေ့ပိုင်းတွင် ဖော်ပြထားသော ပါဠိတော်များကို ဦးအောင်ထွန်းမသိပါ။ ဦးအောင်ထွန်း၏ စိတ်က <u>**လူသေလျှင်သေ မသေလျှင်ကိလေသာသေ**</u> ဟူသော စိတ်ပင်ဖြစ်ပါသည်။

ခန္ဓာကိုယ်ဖေါက်ပြန်မှု ဝေဒနာများက မခံမရပ်နိုင်အောင်ဖြစ်လာပါသ ထိုအခါမျိုးတွင် ဦးအောင်ထွန်းအနေဖြင့် သည်းခံ၍ ဝေဒနာ (အစ/အလယ်/အ ထင်ရှားအောင်လိုက်ပါသည်။ သို့သော် သည်းမခံနိုင်သည့်အဆုံး ခန္ဓာကိုယ်ကြ တဗိုင်းဗိုင်းလဲကျနေသည်အထိ ဖြစ်ရပါသည်။

အခြေအနေအရ နာကျင်ကိုက်ခဲသော်လည်း ခန္ဓာကိုယ်အား မရွှေ့ရှား လက်ရှိအရှုနှုန်းကိုသာ ဆတ်ဆတ်တစ်မျိုး၊ နှေးနှေးတစ်လှည့် အရှုပြောင်းလဲ သောအခါ ခံစားမှုတစ်မျိုးဖြင့် သက်သာရာရလာသည်ကို သိလာပါသည်။ တ တစ်ရံ ပြင်းထန်စွာနာကျင်ကိုက်ခဲ့သည့် ဝေဒနာမချိမဆံ့ခံစားနေရာမှ ရုတ်တရက် ငြိမ်းသွား၍အလွန်တရာအေးမြချမ်းသာသည်ကိုလည်း တွေ့ကြုံခံစားရပါသည်။ စုံ ထားသော မျက်စိထဲတွင် အကြည်ဓါတ်များ၊ အလင်းဓါတ်များ တောက်ပလ မိမိခန္ဓာကိုယ်အတွင်းအပြင် ပုံစံ အမျိုးမျိုးဖြင့် တဖြည်းဖြည်း ရှင်းရှင်းလင်း မြင်လာရပါသည်။

တရားဖြုတ်ပြီး၍ ညပိုင်းသို့ရောက်သောအခါ ဦးအောင်ထွန်းအနေဖြင့်ဘု ဝတ်တက်ရာ၌ အများကဲ့သို့ စနစ်တကျမဟုတ်ပါ။ စိတ်ထဲ၌ မြတ်စွာဘုရား နဝင်္ဂသီလအလွတ်မရသောကြောင့် အာရုံပြု၍ ပါးစပ်မှမြတ်စွာဘုရား၊ မြတ်စွာဘု ဟုသာရွတ်ဆိုပူဇော်တတ်ပါသည်။ ကိုးပါးသီလသည် ရှစ်ပါးသီလထက် မေတ္တာတ တစ်ပါး ပိုသည်ကိုသိပါသည်။ ထို့ကြောင့် ဘုရားရှိခိုးပြီး၍ မေတ္တာပို့သသော တွင်လည်း ထိုနည်းလည်းကောင်းပင် ပါးစပ်မှအားလုံးကျန်းမာပါစေ၊ ချမ်းသာပ ဟု စိတ်ထဲမှစူးစူးစိုက်စိုက် မေတ္တာပို့လေ့ရှိကြောင်း မှတ်သားရဖူးပါသည်။ သ သတ္တာ၊ သဗ္ဗေပါဏာကိုနားမလည်ပါ။ ထို့ကြောင့် တောစောင့်နတ်၊ တောင်စောင့် ရွာစောင့်နတ်၊ တောလမိုင်း၊ တောင်လမိုင်း၊ ရွာလမိုင်း၊ အာကာလမိုင်း၊ ကဝိလ ဘုမ္မစိုး၊ ရုက္ခစိုးတို့အားလည်းကောင်း၊ အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်း၊ မနဲ့ ရွှေနဘေ၊ အရှေ့မယ်တော်၊ အနောက် မယ်တော် တို့အားလည်းကောင်း၊ ရွှေ ဆူးလေ၊ မှော်ဘီ၊ ဗိုလ်တထောင်နှင့် လောကကြီးကိုစောင့်ကြသော နတ်အ တို့အားလည်းကောင်း၊ ဗြဟ္မာအပေါင်းတို့အား လည်းကောင်း၊ တိုင်းပြည်အုပ်ချုပ် လုပ်သော ပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း၊ အရှေ့နေထွက်၊ အနောက်နေ မြောက်ဓူဝံ၊ တောင်တံငါကွန်တိုင်အတွင်း နေထိုင်ကြကုန်သော ပုဂ္ဂိုလ်အပေါင် အားလည်းကောင်း၊ ယက်ကန်းစင်တောင်၊ ဘိုးဘိုးအောင်၊ အရှင်အဇ္ဇဂေါဏ၊ ဗ ဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာတို့အားလည်းကောင်း၊ မိခင်၊ ဖခင်ကျေးဇူး တို့အား လည်းကောင်း၊ ရပ်နီးရပ်ဝေးနေ မိတ်ဆွေတို့အား လည်းကော



နှောကုန်းကျေးရွာ ကျောင်းလေးဘုန်းကြီးကျောင်းပုံ



နှောကုန်းကျေးရွာ ကျောင်းလေးဘုန်းကြီးကျောင်းသိမ်တော်၊

အထက်ဘဝင်၊ အောက်အဝိစိအထိကုန်းမှာ နေကိုးကုဋေ၊ ရေမှာနေ ဆယ်ကုဋေ ကုန်းသတ္တဝါ၊ရေသတ္တဝါ၊ သဗ္ဗေသတ္တာအပေါင်းတို့အားလည်းကောင်းကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ မေတ္တာပေးဝေပါ၏။ ကျွန်ုပ် ယနေ့ပြုရသည့် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် အဖို့ဘာဂကိုလည်းရကြပါစေ။ ရကြပါစေ။ အမျှ အမျှ အမျှ ရကြပါစေသော်။အရိယာသူတော်ကောင်းများ ပို့သသောမေတ္တာကိုလည်း တပည့်တော် က သာဓု သာဓု သာဓု ခေါ်ဆိုပါ၏။ ဤသို့ အနည်းငယ် ရှည်ရှည် လျားလျား ရွတ်တတ်သည်မှာလည်း၊ လူဆိုး၊ လူမိုက်ဘဝများတွင် မိမိတို့အနေဖြင့် ကိုယ်ရေး ကိုယ်တာ လုံခြုံရန် သက်ဆိုင်ရာရွာအဝင်၊ အထွက်များတွင် သက်ဆိုင်ရာ ကွင်းပိုင် မှအစနယ်ပိုင်အဆုံး ဆုတောင်းပတ္ထနာပြုခဲ့ဘူးသည့် အလေ့အထကြောင့် ဖြစ်ပါသည်။

ဘုရားဝတ်တက်၍ ပြီးဆုံးသွားသောအခါ ကျန်အချိန်၌ ပုတီးစိပ်ပါသည်။ ပုတီးပတ်အရေ အတွက်မရှိ၊ အနုလုံ/ပဋိလုံမသိ၊ ၄င်းသဘောပေါက် နားလည်သည့် အတိုင်းပင် မြတ်စွာဘုရားဟု စကားတစ်ခွန်း၊ ပုတီးတစ်လုံးကျ၊ စိပ်တတ်ပါသည်။ ပါးစပ်နှင့် လက်မြန်ချင်သလောက်မြန်ပါစေ ပါးစပ်သွက်သလောက် လက်ကလည်း သွက်လက်ပါသည်။ ရုတ်တရက်ပြောင်းလဲနေသော ဦးအောင်ထွန်းအား၊ ရွာသူရွာသား များနားမလည်နိုင်ကြပါ။ ဦးအောင်ထွန်းတစ်ယောက် တရားထိုင်ရင်း ရူးနေပြီဟုသာ ဝေဖန်ကြသည်ကများပါသည်။ဤသို့ဖြင့်လေးငါးရက်ကြာလာသောအခါဦးအောင်ထွန်း တရားထိုင်နေချိန်အတွင်း အာရုံထဲ၌ သက်တော်ထင်ရှား မြတ်စွာဘုရားအား ဖူးတွေ့ ရခြင်း၊ အပြန်အလှန်စကားပြောရခြင်းများ မြင်တွေ့ရသော်လည်း ရှေ့ဆက်လက် တရားအားထုတ်ရန်သာ ကြိုးစားနေပါသည်။

ဦးအောင်ထွန်းတရားအားထုတ်နေစဉ်အတွင်း အအိပ်အနေအလွန် နည်းပါး ပါသည်။ ထကြွဝီရိယ အားသန်နေခြင်း၊ ဝင်လေ/ထွက်လေရှူရှိုက်ရာ၌ သတိဦးစီး နေခြင်း။ အနေအထိုင်၊ အပြောအဆိုမှစ၍စကားပြောနည်းပါးလာပြီး တစ်ကိုယ်တည်း ပင် တရားထိုင်နေသည်က များပါသည်။ နေ့စဉ်နေ့တိုင်း ကျောင်းလေးကျောင်း၏ သိမ်ထဲတွင် တရားအားထုတ်နေသော ဦးအောင်ထွန်းမှာ (၆)ရက် ကြာမျှရှိခဲ့ပြီ ဖြစ်ပါ သည်။ စတင်တရားအား ထုတ်သည့်နေ့မှစ၍ ၄င်းခြောက်ရက်မြောက်နေ့ နေ့လည် (၁၂)နာရီ သာသာအချိန်တွင် ဦးအောင်ထွန်း မချိမဆံ့ခံစားနေရသည့် ဝေဒနာများ ရုတ်တရက်ပျောက်ခြင်းမလှ ပျောက်သွားပြီး ထိုဒုက္ခဝေဒနာ၏ဆန့်ကျင်ဘက်ဖြစ်သော အလွန်တရာ အေးချမ်းသည့် အတွေ့ထူးတစ်မျိုးကို ခံစားရပါသည်။

အလွန်ထူးသည်ဟု ဆိုနိုင်ပါသည်။ ဘာထူးသည်ကို မိမိမပြောနိုင်သော်လည်း ဦးအောင်ထွန်းအနေဖြင့် ပြောနိုင်သည့် အချက်နှစ်ချက်တော့ရှိပါသည်။ ၎င်းတို့မှာ -

(၁) ယခုလူအများပြောဆိုသမုတ်ကြသော ငါဆိုသည့်သတ္တဝါမှာနာကိုင်ကိုက်ခဲမှု အပြည့်အဝရှိသော ဓါတ်ပေါင်းစုပင်ဖြစ်ပါသည်။

(၂) ငါ့သဘောနဲ့ငါ ပြုပြင်လို့ရတာ ဘာမှမရှိပါလား။ မမြဲခြင်းတရားမှာကိုယ်တွေ့၊ဆင်းရဲခြင်းတရားမှာကိုယ်တွေ့ပါလား။မြတ်စွာဘုရားဟောကြားခဲ့သည့် တရားများဟာအလွန်ပင်မှန်ပါလား စသည်ဖြင့်ပြတ်ပြတ်သားသား တွေ့မြင်လာပါသည်။ တွေဝေခြင်းမရှိပါ။

## အပိုင်း (၁)ကဏ္ဍအား ပြန်လည်သုံးသပ်ခြင်း

◆◆◆

ဦးအောင်ထွန်း၏ မွေးဖွားရာဇာတိမှစ၍ ယခုကာလအထိ အကျဉ်းအားဖြင့်လေ့လာ သုံးသပ်လျှင် အောက်ပါအချက်များအား တွေ့ရှိရမည်ဖြစ်ပေသည် -

(က) ဦးအောင်ထွန်းအား မမွေးဖွားမီ တစ်ကြိမ်၊ မွေးဖွားပြီးနောက်တစ်ကြိမ်/မိခင်ကြီးဒေါ်မယ်အုံသည် ကောင်းကင်ယံသို့ ပျံတက်၍ငှက်များသဖွယ် ပျံသန်းရသည်ဟု အိပ်မက်ထူး မြင်မက်ခြင်း၊

(ခ) ဦးအောင်ထွန်းမှာ အသက်(၄၆)နှစ်တိုင်အောင် ရာဇဝင်လူဆိုးကြီးအဖြစ် မကောင်းသော အကုသိုလ် ဒုစရိုက်များကို ကျူးလွန်ခဲ့ပြီးသေဘေးမျိုးစုံနှင့်ကြုံတွေ့ရသော်လည်း ပစ္စိမဘဝိကသား၏အကျိုးပေးကံတရားဖြစ်သော ဥပစ္ဆေဒကကံ မပါရှိခြင်း။

(ဂ) မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် အာသံသသုတ်တော်အရပုဂ္ဂိုလ်သုံးမျိုးတွင် ဒုတိယ ပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်သော <u>သူတောင်ရဟန္တာဖြစ်သေးတာ ငါလဲကျင့်ရင်ဖြစ်မှာပဲ</u> ဟူသောတောင့်တကြံဆသော စိတ်ဓါတ်ရှိခြင်း၊

(ဃ) ဦးအောင်ထွန်းဘဝ၌ရင်ဆိုင်ဖြစ်ပေါ် တွေ့ကြုံခဲ့ရသောဒုက္ခများနှင့် သေဘေးအမျိုးမျိုးကြောင့် သတိသံဝေဂ ဉာဏ်ရင့်သန်လာ၍ဇနီးနှင့်သားသမီးများအား စွန့်လွှတ်ပြီး ယတိပြတ် တရားအားထုတ်ရန် စိတ်ဆုံးဖြတ်ခြင်း။

(င) စွန်းလွန်းဆရာတော်၏ ထေရုပ္ပတ္တိအား ကြိုးစား၍ စာလုံးပေါင်း ဖတ်နေရာ သတိပဋ္ဌာန်လေးပါး စာလုံးများအား ပေါင်းဖတ်ပြီး အဆုံးခန္ဓာကိုယ်ကြီးမှတဖျဉ်းဖျဉ်းဖြစ်သွားသည်အထိ ထူးခြားချက် ခံစားရခြင်း။

(စ) တရားကျင့်တော့မည့်အခါ ရှေးဦးစွာ ကမ္မဋ္ဌာန်း ရိပ်သာများတွင် ပရိကံယူသည့်အတိုင်း ကျွမ်းကျင်စွာ မလုပ်တတ်သေးသောအချိန် ကာလတို့၌ မေတ္တာပို့ခြင်း၊ သီလစောင့်ထိန်းခြင်း၊ အာနာပါနသတိ ထူထောင်၍ သမာဓိရရန်ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်း၊

(ဆ) ဦးအောင်ထွန်းတရားစတင်ကျင့်သော နေရာသည် လူသူလေးပါး ကင်းရှင်းခြင်းနှင့် တရားအား ထုတ်နေစဉ်အတွင်း မချိမဆံ့ခံစား နေရသောဝေဒနာများကြောင့် ခန္ဓာကိုယ်ကြီးတဗိုင်းဗိုင်းလဲနေသော် လည်း ထက်သန်သော သမ္မပ္ပဓါန်လုံ့လဝီရိယ ရှိခြင်း။

(ဇ) **<u>လူသေလျှင်သေ၊ မသေလျှင် ကိလေသာသေ</u>** ရမည်ဟူသော မလျှော့သောလုံ့လဝီရိယ သမ္မပ္ပဓါန် ထက်သန်ပြင်းထန်သော တိဟိတ်ပုဂ္ဂိုလ်များ၏ စိတ်ဓါတ်သဘာဝရှိခြင်း၊

(ဈ) ဝင်လေ၊ ထွက်လေရှူရှိုက်ရာတွင် အနွေး၊ အမြန်၊ အတို၊ အရှည်၊ ခပ်ဆတ်ဆတ်ရှူခြင်း စသည်ဖြင့် လေ့လာသုံးသပ်၍ အကျိုး သက်ရောက်ပုံများကိုလေ့ကျင့်ပြီးသင်ခန်းစာများရရှိသောကြောင့် ။

အထက်တွင်ဖော်ပြပါ အချက်(၉)ချက်မှာ ရှေ့သို့ ဆက်လက်၍ တရားကျင့် နိုင်ရန်အဓိကအခြေခံအချက်များ ဖြစ်ပါသည်။ ထို့နောက် ဦးအောင်ထွန်းမှာအစ်မကြီး ဖြစ်သူဒေါ်ဖွားစိန်၏ ခြံဝန်းအတွင်းသို့ပြောင်းရွှေ့၍အသိမလွတ်တမ်းထပ်မံတရားကျင့် နေပါသည်။

✧✧✧

## မဟာသတိပဋ္ဌာန်လမ်းစဉ်လမ်းစဉ်အရ တိုးတက်မှုစွမ်းအင်

◆◆◆

သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သောသတ္တဝါအပေါင်းတို့၏အလုံးစုံသေ ဒုက္ခချုပ်ငြိမ်းရာ တစ်ခုတည်းသော လမ်းကြောင်းသည် မြတ်စွာဘုရားရှင် အဆူဆူ ဟောကြားတော်မူခဲ့သော မဟာသတိပဋ္ဌာန် လမ်းစဉ် ပင်ဖြစ်ပါသည်။

ထိုသို့ ဟောကြားတော်မူခဲ့သော မဟာသတိပဋ္ဌာန် လမ်းစဉ်အတိုင်းပ မြတ်စွာဘုရားရှင်အပေါင်းတို့သည်လည်းကောင်း၊ ထိုဘုရားရှင်တို့၏ တပည့်သာဝ အပေါင်းတို့သည် လည်းကောင်း ကျင့်ကြံကျိုးကုတ် အားထုတ်ခဲ့သောကြောင့် နိဗ္ဗာ ဟူသော ရွှေပြည်မြတ်သို့ ကြွသွား ထွက်မြောက်ဆိုက်ရောက်တော်မူကြပါ သည်။

ထို့ကြောင့် ဤမဟာသတိပဋ္ဌာန်သုတ်တော်အား ကျေးဇူးရှင်များဖြစ်ကြသေ မဟာစည်ဆရာတော်မှ ရေးသားသော မဟာသတိပဋ္ဌာန်ပါဠိတော် နိဿယများတွ ပြိုင်ဘက်ရှားသည့် ကျေးဇူးရှင်ဆရာတော် ဦးဗုမ်၏ နိဿယများအား မှီငြမ်း ဤနေရာတွင် အလျဉ်းသင့်သလို ရေးသားဖော်ပြအပ်ပါသည်။

## မဟာသတိပဋ္ဌာနသုတ်

◆◆◆

အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် ဂုရုတိုင်း၊ ကမ္မာသဓမ္မမည်သေ ရွာနိဂုံး၌ သတင်းသုံးတော်မူစဉ် ဤမဟာသတိပဋ္ဌာန် သုတ်တော်ကို ရဟန်းအပေါ တို့အား ဟောကြားတော်မူခဲ့ပါသည်။ ဤမဟာသတိပဋ္ဌာန်သုတ်တော်၌ ပါရှိသ အကျင့်နည်းလမ်းအတိုင်း ကျင့်သုံးပါလျှင် သတ္တဝါအပေါင်းတို့သည် စိတ်အည အကြေးမှလွတ်ကင်းပြီးစိုးရိမ်ပူပန်ခြင်းငိုကြွေးခြင်းတို့မှလွတ်မြောက်နိုင်၍ကိုယ်ဆင်းရ စိတ်ဆင်းရဲခြင်း အပေါင်းမှ လွတ်မြောက်နိုင်ကြောင်းနှင့် အရိယာမဂ်ကိုရ လည်းကောင်း၊ နိဗ္ဗာန်မဂ်ဖိုလ်သို့ မျက်မှောက်ပြုနိုင်ရန် တစ်ကြောင်းတည်းသေ လမ်းခရီးပင်ဖြစ်ကြောင်း၊ယင်းလမ်းခရီးကားမဟာသတိပဋ္ဌာန် လမ်းကြောင်းပေတည ဟု အစချီ၍ ဟောကြားတော်မူခဲ့ပါသည်။

အဘယ်လေးပါးနည်းဟူမူကား -

(၁) ဤသာသနာတော်မြတ်၌ ပြင်းစွာအားထုတ်သော လုံ့လဝီရိယ ရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ လိုချင်တပ်မက်မှု အဘိဇ္ဈာနှလုံးမသာခြင်း ဒေါမနဿ ကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

(၂) ပြင်းစွာအားထုတ်သည်ဖြစ်၍(ပ)ဝေဒနာတို့၌ ဝေဒနာတို့ကိုအကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။

(၃) ပြင်းစွာအားထုတ်သည်ဖြစ်၍ (ပ) စိတ်၌စိတ်ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည် ဖြစ်၍နေ၏။

(၄) ပြင်းစွာအားထုတ်သည်ဖြစ်၍(ပ)သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိ သည်ဖြစ်၍ နေ၏။

အဘယ်သို့လျှင် အာနာပါနရုပ်အပေါင်း၌ ရုပ်အပေါင်းဟူ၍ ရှုလေ့ရှိ၍နေသနည်း။ တရားအား ထုတ်လိုသော ပုဂ္ဂိုလ်သည်တောသို့သွားရောက်၍ ဖြစ်စေ၊ တင်ပျဉ်ခွေထိုင်ပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ သတိကိုရှေ့ရှု၍ထိုင်၏။ သတိရှိလျက်သာလျှင် ထွက်သက်လေကိုရှိုက်၏။ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏။

ရှည်လျှင်လည်းရှည်ရှည်ရှူသည်ဟုသိ၏။ တိုလျှင်လည်းတိုတိုရှူခြင်း၊ရှိုက်ခြင်းပြုသည်ဟုသိ၏။ အစ၊ အလယ်၊ အဆုံးရှုမည်၊ ရှိုက်မည်ဟုလေ့ကျင့်၏။ ဥပမာသော်ကား။ကျွမ်းကျင်သောပန်းပွတ်သမား၏ တပည့်သည်လည်းကောင်း၊ ပွတ်ကြိုးကိုတိုတို/ရှည်ရှည်ဆွဲငင်လျှင် တိုတို/ရှည်ရှည် ဆွဲငင်သည်ဟုသိ၏။ ထို့အတူပင် ရှည်ရှည်/တိုတို ရှူလျှင် ရှိုက်လျှင်သိ၏။

ထွက်သက်/ဝင်သက်လေ အစ၊ အလယ်၊ အဆုံးအလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိ လျက် ရှိုက်မည်/ရှူမည်ဟု ကျင့်၏။ မိမိ၏ရုပ်အပေါင်း၊ သူများ၏ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ရုပ်အပေါင်း၌ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘော၊ ပျက်ကြောင်း သဘောနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ထို့အပြင် ရုပ်အပေါင်း၌ရှိသည်ဟု သတိသည် ရှေးရှုထင်၏။ ထိုသတိသည် အဆင့်ဆင့်အသိ ဉာဏ်တိုးပွားခြင်းငှာသာဖြစ်၏။ တဏှာ - ဒိဋ္ဌိတို့ဖြင့် ငါ့ဥစ္စာ ဟု စွဲလမ်းမစွဲလမ်း။ ဤသို့လည်း ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

( ထွက်သက် / ဝင်သက်ရှုခြင်း ဆင်ခြင်ခြင်း အပိုင်းပြီး၏။ )

ကျန်ရှိသော ဒေသနာအားမှုရင်းစာအုပ်တွင် ဆက်လက်လေ့လာနိုင်ပါသည်။

မဟာသတိပဋ္ဌာန်တရားတော်ကို အပိုင်းကြီးလေးပိုင်း ခွဲခြား၍ ရေးသားထားသည် တွေ့ရမည်ဖြစ်ပါသည်။

(က) ကာယသတိပဋ္ဌာန်

(ခ) ဝေဒနာသတိပဋ္ဌာန်

(ဂ) စိတ္တသတိပဋ္ဌာန်

(ဃ) ဓမ္မာသတိပဋ္ဌာန်

သတိပဋ္ဌာန်လေးပါးတွင် **ကာယာနုပဿနာသတိပဋ္ဌာန်၌**

(၁) အာနာပါနပဗ္ဗ။ (၂) အရိယာပထပဗ္ဗ။ (၃) သမ္ပဇာနပဗ္ဗ။ ပဋိကူလမနသိကာယပဗ္ဗ။ (၅) ဓာတု မနသိကာယပဗ္ဗ၊ (၆) နဝသိဝထိကပဗ္ဗအား တစ်ဆယ့်လေးပိုင်းအပြားရှိသည်သာလျှင် ဖြစ်သည်။

**ဝေဒနာနုပဿနာသတိပဋ္ဌာန်** ၌ (၁) သုခဝေဒနာ။ (၂) ဒုက္ခဝေဒနာ အဒုက္ခ-မသုခ ဝေဒနာ။ (၄) သာမိသသုခဝေဒနာ။ (၅) နိရာမိသံသုခဝေ (၆)သာမိသဒုက္ခဝေဒနာ (၇) နိရာမိသဒုက္ခဝေဒနာ။ (၈) သာမိသအဒုက္ခ-မသုခဝေ (၉) နိရာမိသအဒုက္ခ - မသုခဝေဒနာဟု ကိုးပါးအပြားရှိ၏။ သောဝေဒနာ ပုပ အကျဉ်းတည်း။

**စိတ္တာနုပဿနာသတိပဋ္ဌာန်၌** စိတ်သည် (၁) သရာဂစိတ်။ (၂) ဝီတရာဂစိ (၃) သဒေါသစိတ် (၄) ဝီတဒေါသစိတ်။ (၅) သမောဟစိတ်။ (၆) ဝီတမောဟစိတ်။ သံခိတ္တံစိတ် (၈) ဝိက္ခိတ္တံစိတ်။ (၉) မဟဂ္ဂတံ စိတ်။ (၁၀) အမဟဂ္ဂတံစိ (၁၁)သဉတ္တရံစိတ်။ (၁၂) အနုတ္တရံစိတ်။ (၁၃) သမာဟိတံစိတ်။ (၁၄) အ ဟိတံစိတ်။ (၁၅) ဝိမုတ္တံစိတ်။ (၁၆) အဝိမုတ္တံစိတ် - ဟူ၍ တစ်ဆယ့်ခြောက် အပြားရှိသည်သာလျှင် ဖြစ်၏။

**ဓမ္မာနုပဿနာသတိပဋ္ဌာန်၌** (၁) နီဝရဏပဗ္ဗ။ (၂)ခန္ဓပဗ္ဗ။ (၃) အာယတန (၄) ဗောဇ္ဈင်္ဂပဗ္ဗ။ (၅) သစ္စပဗ္ဗ။

(က) ထိုငါးပါးတို့တွင် နဝရဏပဗ္ဗ၌ -

(၁) ကာမစ္ဆန္ဒ နီဝရဏ

(၂) ဗျာပါဒ နီဝရဏ

(၃) ထိန၊ မိဒ္ဓ နီဝရဏ

(၄) ဥဒ္ဓစ္စ၊ ကုက္ကုစ္စ နီဝရဏ

(၅) ဝိစိကိစ္ဆ နီဝရဏ အားဖြင့် ငါးပါးရှိသည်။

(ခ) ခန္ဓပဗ္ဗ ဥပါဒါနဖြစ်သော အာရုံသည် -

(၁) ရူပခန္ဓာ

(၂) ဝေဒနာက္ခ ခန္ဓာ

(၃) သညာက္ခန္ဓာ

(၄) သင်္ခါရက္ခန္ဓာ

(၅) ဝိညာက္ခန္ဓာ ဟူ၍ ငါးပါးရှိသည်။

(ဂ) အာယတနပဗ္ဗ အာယတနသည် -

(၁) စက္ခုာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာယာယတန၊ မနာယတန ဟူ၍ အဇ္ဈတ္တိကာယတန ခြောက်ပါးရှိသည်။

(၂) ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန ဟူ၍ ဗာဟိယတန ခြောက်ပါးအပြားအားဖြင့် စုစုပေါင်း တစ်ဆယ့်နှစ်ပါး ရှိပါသည်။

(ဃ) ဗောဇ္ဈင်္ဂပဗ္ဗ ဗောဇ္ဈင်တရားသည် -

(၁) သတိ သမ္ဗောဇ္ဈင်

(၂) ဝီရိယ သမ္ဗောဇ္ဈင်

(၃) ပီတိ သမ္ဗောဇ္ဈင်

(၄) ဓမ္မဝိစယ သမ္ဗောဇ္ဈင်

(၅) ပဿဒ္ဓိ သမ္ဗောဇ္ဈင်

(၆) သမာဓိ သမ္ဗောဇ္ဈင်

(၇) ဥပေက္ခာ သမ္ဗောဇ္ဈင် ဟူ၍ ဖြစ်ပါသည်။

(င) သစ္စာပဗ္ဗ -

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူ၍ လေးပါးရှိသည်။ အထက်ဖော်ပြပါအချက်များသည် သတိပဋ္ဌာန်တရားတော်၏ မာတိကာအကျဉ်းမျှသာ ဖြစ်ပါသည်။ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် ဤမဟာသတိပဋ္ဌာန် သုတ်တော်၌ ပါဝင်သည့် အချက်များအတိုင်း လိုက်နာကျင့်သုံးပါက မိမိတို့၏ အဓိကရည်မှန်းရာ နိဗ္ဗာန်ရွှေပြည်သို့ ရောက်ရမည်သာလျှင် ဖြစ်ပေသည်။

ထိုသို့မဟာသတိပဋ္ဌာန်ပါလမ်းစဉ်အတိုင်း မည်သူမဆို လိုက်နာကျင့်သုံးပါက ကေန် မုချရောက်နိုင်ကြောင်းကိုလည်း မြတ်စွာဘုရားရှင်မှ ဆက်လက်ဟောကြား ထားပါ၏။

# နိဗ္ဗာန်ရောက်ရန်မဟာသတိပဋ္ဌာန်

◆◆◆

မည်သူမဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်နှစ်ပတ်လုံး ငါဘု
ဟောကြားသောနည်းဖြင့် ပွားပြားအံ့။ ထိုပွားများသော ပုဂ္ဂိုလ်**အား** မျက်မှောက်
၌ပင် အရဟတ္တဖိုလ်ဖြစ်စေ။ ဥပါဒါန်အကြွင်းရှိ သေးလျှင် **အနာဂါမ်ဖိုလ်ဖြစ်**
ဤဖိုလ်နှစ်ပါး၌ တစ်ပါးပါးသော ဖိုလ်အား အမှန်ရပေမည်ဟု **အလိုရှိအပ်၏။**

ခုနစ်နှစ်ကိုထားဘိဦး။ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်တရားလေး
တို့ကို ခြောက်နှစ်တာ ကာလပတ်လုံး ဤဟောကြားသောနည်းဖြင့် ပွားများအံ့။
**ငါးနှစ်တာကာလပတ်လုံး။** (ပ) လေးနှစ်တာကာလပတ်လုံး။ (ပ) သုံးနှစ်တာကာ
**ပတ်လုံး။** (ပ) နှစ်နှစ်တာကာလပတ်လုံး။ (ပ) တစ်နှစ် တာကာလပတ်လုံး။

တစ်နှစ်ကို ထားဘိဦး။ ခုနစ်လတာကာလပတ်လုံး (ပ) သတိပဋ္ဌာန်တ
လေးပါးတို့ကို ဤသို့ဟောတော်မူအပ်သည့်အတိုင်း ပွားစေပြားအံ့။ မျက်မှောက်
ကိုယ်အဖြစ်၌ပင်လျှင် အရဟတ္တဖိုလ်လည်းဖြစ်လတ္တံ့။ ဥပါဒါန်တရား အကြွင်းရှိ
ဖြစ်သော အနာဂါမ်ဖိုလ် မူလည်းဖြစ်လတ္တံ့။ နှစ်ပါးကုန်သော ဖိုလ်တို့တွင် တစ်ပါ
သော ဖိုလ်သို့ရအပ်၏။

ခုနစ်လကိုထားဘိဦး ။ (ပ) ခြောက်လ၊ ငါးလ၊ လေးလ၊ သုံးလ၊ နှ
တစ်လ၊လခွဲကာလပတ်လုံး။ လခွဲကိုထားဘိဦး။ ခုနစ်ရက်ပတ်လုံး ဤဟောပြော
နည်းဖြင့်ပွားပြားအံ့။ ထိုပွားများသော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရ
ဖိုလ်မူလည်းဖြစ်လတ္တံ့။ဥပါဒါန်အကြွင်းရှိသေးလျှင် အနာဂါမ်ဖိုလ်ဖြစ်စေ။ဤဖိုလ်နှ
တွင် တစ်ပါးပါးသောဖိုလ်ကို အမှန်ရပေမည်ဟု အလိုရှိအပ်၏။

ဤခရီးလမ်းသည် သတ္တဝါအပေါင်းတို့၏ စိတ်အညစ်အကြေးများ သန့်
စင်ကြယ်စေရန် သတ္တဝါအပေါင်းတို့၏ စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့
လွန်မြောက်စေရန် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခြင်း အပေါင်းတို့ကို လွန်မြောက်စေ
ချုပ်ငြိမ်းစေရန် တစ်ကြောင်းတည်းသောလမ်း၊ တစ်ခုတည်းသော လမ်းပင် ဖြစ်၏။

(မဟာသတိပဋ္ဌာနသုတ်တော်) အဆုံး

◇◇◇

# လမ်းစဉ်မှ စွမ်းအင်

◆◆◆

ဤသို့မြတ်စွာဘုရားဟောကြားတော်မူအပ်သော မဟာသတိပဋ္ဌာန် လမ်းစဉ်အားလိုက်နာ ကျင့်သုံးနိုင်ရန်အတွက် လိုအပ်သော အဓိကစွမ်းအင်များမှာ -

(က) ဝီရိယ = မိမိအလိုရှိသည်ကို ရနိုင်ရန်မပြတ်မလပ်ကြောင့်ကြစိုက်၍နေရန်။
(ဝီရိယကင်း၊ ပျင်းလျှင်ဖျင်း၊ လူချင်းမတူရာ)

(ခ) သတိ = သတိမမူ ဂူမမြင်။ ဥပမာအားဖြင့် အဝိဇ္ဇာနှင့်ဝိဇ္ဇာ ရင်ဆိုင်တိုက်ပွဲသည် ရန်သူနှင့် တွေ့ဆုံတိုက်ပွဲဝင်နေသောစစ်သားများကဲ့သို့ သတိမြဲနေရမည် ဖြစ်ပါသည်။

(ဂ) အာကာပီ= ကိလေသာအစေး၊ စိတ်အညစ်အကြေးများကိုပူနွေးကင်းပျောက်စေ ရမည်။

အာကာပီသမ္ပာဇနောသတိမာ = ဖောက်ပြန်နေသည့် ကာယခန္ဓာကိုယ် ကို သတိပြုရှုသောအခါ၌လည်းကောင်း၊ခံစားမှုဝေဒနာတို့ကို ရှုပွားသောအခါ၌ လည်းကောင်း၊သဘာဝအကြောင်းအကျိုးကိုရှုပွားသောအခါ၌လည်းကောင်း၊ ကိလေသာကြားမဝင်နိုင်စေရန် သတိဖြင့်ရှုရ၏။

(ဃ) သိက္ခတိ = လေ့ကျင့်၏။ အားကစားသမားများ ကဲ့သို့၊ အနုပညာသမားများကဲ့သို့ပင် တရားသမားများအနေဖြင့် လေ့ကျင့်မှုမမှန်လျှင် လိုချင်သည့် ဆု၊ လိုချင်သည့်ပန်းတိုင် မရနိုင်။

## အစစ်အမှန်တရားတော် (ဗုဒ္ဓဘာသာလက်စွဲကျမ်း-ဒုတွဲ)

◆◆◆

အောက်သို့ကျမသွားအောင် ဆောင်ထားနိုင်သော သဘောကို ဓမ္မတရ ဆိုရ၏။ မည်သည့်ပုဂ္ဂိုလ်က ဟောပြောညွှန်ပြသည် ဖြစ်စေ၊ ဓမ္မအစစ်အမှန်ဖြစ် ထိုဓမ္မအတိုင်း နေထိုင်သူအား အောက်တန်းသို့ကျမသွားအောင် ဆောင်ထားနိုင် သတ္တိစွမ်းအားရှိရမည် ဖြစ်သည်။ မှန်ပါသည်။ လောကကြီးပွားရေးကို လိုလ အာသေဝနာစ ဗာလာနံ စသော မင်္ဂလာတရားတော်ကို လိုက်နာသူသည် လော အောက်ကျနောက်ကျ လူစားမျိုးမဖြစ်ရအောင် တရားတော်က ဆောင်ထားသ အဆင့်အတန်းမြင့်သောလူတန်းစားအဖြစ်သို့ရောက်နိုင်ပါသည်။

အပါယ်ဆင်းရဲကိုကြောက်၍အထက်တန်းတရားကိုလိုက်စားကြသောကျင့် အားထုတ်သော ပုဂ္ဂိုလ်သည် ထိုတရားက ဆောင်ထားသောကြောင့်အပါယ်ဆင်း ကျရောက်ခြင်းမရှိဘဲ အထက်တန်းဘဝဖြင့် နိဗ္ဗာန်သို့ ရောက်နိုင်ပါသည်။ ထို့ကြ သတ္တဝါတို့ကိုအောက်ကျနောက်ကျမဖြစ်ရလေအောင်အပါယ်လေးပါးသို့ကျရောက် မရှိရလေအောင်ဆောင်ထားနိုင်သော ဓမ္မတရားကိုသာ တရားစစ်တရားမှန်ဟုမှ သင့်ပါသည်။

## အကောင်းဆုံးတရားဖြစ်တော်မူခြင်း

◆◆◆

အောက်သို့ ကျမသွားနိုင်အောင် ဆောင်ထားနိုင်၍ နိဗ္ဗာန်သို့ရောက် နည်းလမ်းကောင်းများယခုအခါဘုရားရှင်၏ညွှန်ကြားချက်အတိုင်းမူမပျက်အထင်အ ရှိနေပါသည်။ ထိုနည်းလမ်းကို လိုက်သူမှသာတရားဟောကဆောင်ထားသဖြင့် ဤ ဘဝ၌ပင် အဆင့်အတန်းမြင့်သော လူတန်းစားအဖြစ်သို့ ရောက်ရှိ၍ ချမ်းသာအ စံရမည် ဖြစ်သော်လည်း ထိုလမ်းစဉ်အတိုင်း မလိုက်နာသော သူများမှာ ယခုဘ ပင် အောက်ကျနောက်ကျဖြစ်၍ လူ့ဘဝအဆက်ဆက်တွင် သံသရာဝဋ်ဒုက္ခများ မုချရင်ဆိုင်ရမည်သာ ဖြစ်ပါသည်။

ဤနေရာတွင်ဘုရားရှင်လက်ထက်တော်အခါက ဂဏကမောဂ္ဂလ္လာနပုဏ္ဏား ၏ ဘုရားရှင် အားလျှောက်ထားတင်ပြချက်များကို များစွာ မှတ်သားသင့်ပါသည်။

ပုဏ္ဏားကြီး – အရှင်ဂေါတမ အရှင်ဂေါတမ၏ အဆုံးအမတော်ခံရသူ တပည့်များမှာ အကုန်လုံးပင် နိဗ္ဗာန်ရကြပါသလား။

ဘုရားရှင် – အကုန်မဟုတ်။ အချို့ကရကြ၍ အချို့ကမရကြချေ။

ပုဏ္ဏားကြီး – အရှင်ဂေါတမ နိဗ္ဗာန်လည်း ထင်ရှားရှိ၍ နိဗ္ဗာန်ရောက်နည်းလမ်းလည်းအထင်အရှားပင်ရှိ၏။ နည်းပေးလမ်းပြသူ အရှင်ဂေါတမလည်း ရှိနေသည်သာလျှင်တည်း။ သို့ပါလျက် အချို့ကရကြ၍ အချို့ကဘာကြောင့် မရကြသနည်း။

ဘုရားရှင် – ပုဏ္ဏားကြီး ဤအချက်၌ သင့်ကိုပင်မေးရဦးတော့မည်။ သင်ကြိုက်သလိုဖြေလော့။ ရာဇဂြိုလ်ပြည်သွားရာလမ်းကို သင်သိသလော။

ပုဏ္ဏားကြီး – သိပါသည်။

ဘုရားရှင် – ပုဏ္ဏားကြီးလူတစ်ယောက်သည်သင့်အား ရာဇဂြိုလ်ပြည်သွားရာလမ်းကို မေးလျှင် သင်က ဘယ်ကနေဘယ်သွား ဘယ်ရောက်လိမ့်မည်ဟု လမ်းညွှန်ရာ ထိုသူမှာ သင်လမ်းညွှန်ရာမဟုတ်ဘဲ လမ်းလွဲလိုက်ကာ နောက်သို့ ပြန်လာ၏။ တစ်ယောက်ကမူ သင်လမ်းညွှန်သည့်အတိုင်း သွား၍ရာဇဂြိုလ်ပြည်သို့ရောက်၏။ ပုဏ္ဏားကြီးရာဇဂြိုလ်ပြည်လမ်းလည်း ထင်ရှားရှိ၏။ လမ်းညွှန်တတ်သူလည်း အထင်အရှားရှိ၏။ သို့ပါလျက်တစ်ယောက်မှာရာဇဂြိုလ်ပြည်သို့ရောက်လျက် တစ်ယောက်မှာ ရာဇဂြိုလ်ပြည်သို့ မရောက်ဘဲ ရှိသည်မှာအဘယ့်ကြောင့်ပါနည်း။

ပုဏ္ဏားကြီး – အရှင်ဂေါတမတပည့်တော်ဘာလုပ်နိုင်မှာလဲ။တပည့်တော်က လမ်းညွှန်သူသာ ဖြစ်ပါသည်။

ဘုရားရှင် – ပုဏ္ဏားကြီး နိဗ္ဗာန်လည်းရှိနေလျက်သား နိဗ္ဗာန်ရောက်ကြောင်းလည်း အရှိပင်။ နည်းပေး လမ်းပြသူ ငါဘုရားလည်းရှိသည်သာတည်း။ သို့ပါလျက် အချို့ နိဗ္ဗာန်ရကြ၏။ အချို့ကား မရကြ။ ဤအရာ၌ ငါဘုရားဘာတတ်နိုင်ပါမည်နည်း။ ငါဘုရားကား နည်းပေးလမ်းညွှန်သာ ဖြစ်ပေသည်။

ပုဏ္ဏားကြီးသည် ဘုရားရှင်၏ တရားတော်အဖြေစကားကို နာကြား၍ အလွန်အားရဝမ်းသာလှသဖြင့် အရှင်ဂေါတမ**အမြစ်နံ့သာမှန်သမျှတွင် ကရမက်**ကို အကောင်းဆုံးဟုဆိုအပ်ပါ၏။ **အနှစ်နံ့သာတို့တွင် စန္ဒကူးနံ့ကို** အထူးအခြား အမြတ်ဆုံးဟု ဆိုအပ်ပါ၏။ **အပွင့်နံ့သာမျိုးတို့တွင် မြတ်လေးပန်းကို** အမြတ်ဆုံး ဟု ဆိုအပ်ပါ၏။ ထိုနည်းတူစွာပင် ယခုခေတ်ပေါ်တရားတို့တွင် **အရှင်ဂေါတမ၏ ဩဝါဒမှာ အကောင်းဆုံး အမြတ်ဆုံးဖြစ်ပါ**သည်ဟု ချီးကျူးလေသည်။

ဘုရားရှင်၏ လမ်းညွှန်ဟောကြားချက်ကို သိရှိမှုဖြင့် ကျေနပ်မနေကြ၍ နိဗ္ဗာန်ပေါက် ရောက်အောင်ကျင့်ကြံလျှောက်လှမ်းသင့်ပေသည်။

အထက်ဖော်ပြပါ ဒေသနာအား လေ့လာကြည့်လျှင် (၁) ဗုဒ္ဓဘာသာဝင်များ ယုံကြည်အားထားသည့် နိဗ္ဗာန်သည် ရှိပါ၏။ (၂) နိဗ္ဗာန်သို့ သွားရာလမ်းလည်းရှိပါ၏။ (၃) နိဗ္ဗာန်သို့ရောက်ရန် ဘုရားရှင် ဟောကြားတော်မူအပ်သော မဟာသတိပဋ္ဌာန် လမ်းစဉ်သည်လည်း အထင်အရှားပင်ရှိပါသည်။ သို့သော် မရောက်သေးသော သူ များစွာရှိနေသည်မှာ အဘယ့်ကြောင့်ပါနည်း။ ထိုဒေသနာ၌ပင် ရှင်းလင်းစွာ မြတ်စွာ ဘုရားလမ်းညွှန်သည့် ခရီးအတိုင်းမသွားရောက်သောကြောင့် သာဖြစ်ပါသည်ဟု တိကျစွာ မိန့်ကြားထားပါသည်။

ယခု ဦးအောင်ထွန်းအနေဖြင့် မြတ်စွာဘုရားရှင်၏ အလိုတော်အတိုင်း ဖြင့် အာနာပါန (သတိပဋ္ဌာန်)လမ်းစဉ်အတိုင်း မိမိစွမ်းအင်ရှိသ၍ ဓမ္မအားရှာဖွေခဲ့ပါသည်။ (ဦးအောင်ထွန်းရရှိသော ဓမ္မအားလည်း နိုင်ငံတော်အစိုးရ၏ သာသနာရေးဝန်ကြီး ဌာန၊ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသော ဗုဒ္ဓဘာသာလက်စွဲကျမ်း (ဒုတိယတွဲ) တွင် ထင်ရှားစွာ ဖော်ပြပြီး ဖြစ်ပါသည်။)

ထို့ကြောင့် အာနာပါန (ကမ္မဋ္ဌာန်း) ဖြင့် အလောင်းတော် သိဒ္ဓတ္ထမင်းသား သည်တောထွက်တော်မူပြီး ဒုက္ကရစရိယအကျင့်ကို ကျင့်တော်မူ၍နောက်ဆုံးသဗ္ဗညုတ ရွှေဉာဏ်တော်ရရှိခြင်းအား၊ ၄င်းဗုဒ္ဓဘာသာလက်စွဲကျမ်း(ဒုတိယတွဲ)မှာပင် ဆက်လက် ဖော်ပြထားပါသည်။

✧✧✧

## အာနပါန အကျိုးခုနစ်ပါး

◆◆◆

အာနာပါန သတိကို ကြိမ်ဖန်များစွာ ပွားများလေ့လာလျှင်၊ အားထုတ်လျှင် ခုနစ်ပါးသော အကျိုးအာနိသင်တို့ကို မချွတ်ရလိမ့်မည်ဟု မျှော်လင့်အပ်ကြောင်းကို မဟာဝဂ္ဂသံယုတ် ပါဠိ ဒုတိယဖလသုတ်၌ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါသည်။ အာနာပါနသတိကို ကြိမ်ဖန်များစွာ ပွားများအားထုတ်သော သူသည် -

(၁) မျက်မှောက်ဘဝ၌ပင် မသေမီ စောစောအရဟတ္တဖိုလ်ရနိုင်ခြင်း၊

(၂) အရဟတ္တဖိုလ် ကိစ္စမပြီးခဲ့သော် သေခါနီး အရဟတ္တဖိုလ်ကို ပြီးနိုင်ခြင်း၊

(၃) မသေမီစောစောနှင့် သေခါနီးတို့၌ အရဟတ္တဖိုလ်ကိစ္စမပြီးခဲ့သော် အောက်သံယောဇဉ် ငါးပါးကုန်ခြင်းကြောင့် သက်တမ်းအလယ်၌ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုရ သော အန္တရာပရိနိဗ္ဗာန်ရှိ အနာဂါမ်ဖြစ်နိုင်ခြင်း၊

(၄) သက်တမ်းထက်ဝက်လွတ်မှ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန် ပြုရသော ဥပဟစ္စ ပရိနိဗ္ဗာန်ရှိ အနာဂါမ်ဖြစ်နိုင်ခြင်း၊

(၅) လုံ့လပယောဂမပါဘဲ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုရသော အသင်္ခါရ ပရိနိဗ္ဗာန်ရှိ အနာဂါမ် ဖြစ်နိုင်ခြင်း၊

(၆) လုံ့လပယောဂနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုရသော သသင်္ခါရိက ပရိနိဗ္ဗာန်ပြုနိုင်ခြင်း၊

(၇) အထက်ခရီးသို့ အဆင့်ဆင့်တက်၍ အကနိဋ္ဌဘုံ ရောက်မှ အရဟတ္တဖိုလ်သို့ရောက်သော ဥဒ္ဓံသောတ အကနိဋ္ဌဂါမ် အနာဂါမ် ဖြစ်နိုင်ခြင်း တို့ဖြစ်ပါသည်။

## အာနပါနအကျိုးငါးမျိုး (တစ်နည်း)

◆◆◆

ဝင်သက်/ထွက်သက်လေကို သတိဖြင့် ရှုမှတ်လျက် အာနာပါန ကမ္မဋ္ဌာန်း အားထုတ်သောယောဂီပုဂ္ဂိုလ်များရနိုင်သည့် အကျိုးတရားများစွာရှိသည့်အနက် မဇ္ဈိမ ပဏ္ဏာသ အင်္ဂုတ္တရ... အဌကထာမဟာရာဟုလောဝါဒသုတ်တွင် အာနာပါနအကျိုးငါးမျိုးကို ကောက်နုတ် တင်ပြပါမည်။

အာနာပါန ကမ္မဋ္ဌာန်းအားထုတ်သူသည် -

(က) တပိုင်တည်းဖြင့် အာသဝေါတရားများကုန်ခမ်း၍ ရဟန္တာဖြစ်နိုင်ခြင်း။

(ခ) ထိုကဲ့သို့ မဖြစ်ခဲ့သော် သေခါနီးကာလ၌ သမသီသိရဟန္တာ ဖြစ်နိုင်ခြင်း။

(ဂ) ထိုကဲ့သို့ မဖြစ်ခဲ့သော် နတ်ပြည်သို့ ရောက်၍ နတ်ပြည်၌ ဓမ္မကထိ နတ်သားဟောကြားသော တရားကို နာကြားရသဖြင့် အရဟတ္တဖိုလ် ရောက် ရှိခြင်း။

(ဃ) ထိုသို့မဖြစ်ခဲ့သော် သာသနာပကာလ၌ ပစ္စေကဗုဒ္ဓဖြစ်နိုင်ခြင်း။

(င) ထိုသို့မဖြစ်ခဲ့သော် နောင်ကြုံတွေ့ရမည့် ဘုရားရှင်၏ မျက်မှောက်တော်တွ အရှင်ဗာဟိယဒါရု စရိယကဲ့သို့ လေးပါဒတစ်ဂါထာဖြင့် ရဟန္တာဖြစ်နိုင်ခြင်း။

## သမသီသိ ရဟန္တာသုံးမျိုး

◆◆◆

အထက်တွင်ဖော်ပြပြီး အကျိုးငါးပါးအနက် အပိုဒ်(ခ)ပါ သမသီသိရဟန္တာ သည် သုံးမျိုးရှိသည်။ ၄င်းတို့ကိုအောက်တွင် ဖော်ပြအပ်ပါသည် -

(က) **<u>ဣရိယာ ပထယမ သီ သိ ရဟန္တာ</u>** ။ အရဟတ္တဖိုလ်မရလျှ အရိယာပုတ်မှမထဟု အဓိဋ္ဌာန်ပြု၍ အားထုတ်ရာ အရဟတ္တဖိုလ် လည်းရဣရိယာပုတ်မှလည်းထ။ ဤနှစ်မျိုးတစ်ပြိုင်နက် ဖြစ်သော ရဟန္တာ။

(ခ) **<u>ရောဂသမသီ သီရဟန္တာ</u>** ။ တစ်စုံတစ်ခုသော အနာရောဂါစွဲကပ် နေရာတွင် ဤရောဂါ မပျောက်ကင်းမီ အတွင်း၌ပင်လျှ အရဟတ္တဖိုလ်ရအောင် အားထုတ်အံ့ဟု အဓိဋ္ဌာန်ပြု၍ အားထုတ် ရာအရဟတ္တဖိုလ်သို့လည်းရောက်ရောဂါလည်းပျောက်။ ဤနှစ်မျိုး တစ်ပြိုင်နက်ဖြစ်သော ရဟန္တာ။

(ဂ) **<u>ဇီဝိတသမ သီ သီ ရဟန္တာ</u>**။ အရဟတ္တဖိုလ်လည်းရ ဇီဝိတိန္ဒြေ လည်း ချုပ်ငြိမ်း။ ဤနှစ်မျိုးတစ်ပြိုင်နက်ဖြစ်သော ရဟန္တာ။

(သဂါထာ ဝဂ္ဂသံယုတ် အဋ္ဌကထာ၊ ဂေါဝိဿတသုတ်)

ဤသမသီသိရဟန္တာသုံးမျိုးအနက် ဤအာနာပါနအကျိုး ငါးမျိုး၌ လိုအပ် သော ရဟန္တာမှာ ဇီဝိတသမသီသိရဟန္တာ ဖြစ်သည်။ (ဇီ ဝိ တိ = အသက် ... အညီအမျှ (သို့မဟုတ်) တစ်ပြိုင်နက် + သီသိ = ငြိမ်းချမ်းခြင်း၊ ကိလေသာ ...လောင်မှု တိုငြိမ်းချမ်းခြင်း၊ အရဟတ္တဖိုလ်ရပြီး တစ်ဆက်တည်းပရိနိဗ္ဗာန် ပြုခြင်း)

## အာနပါန အားထုတ်သူ ပြည့်စုံရမည့်တရားများ

◆◆◆

(က) အမှုသစ်ကိုအားထုတ်မှု ကိစ္စနည်းပါး၍ မွေးမြူလွယ်၏။ အသက်ရှည်ခြင်း၏ အကြောင်းဖြစ်သောပစ္စည်းတို့၌ ရောင့်ရဲလွယ်၏။

(ခ) အစားအသောက်နည်းပါး၏။ ဝမ်းရေးကို အားမထုတ်။

(ဂ) အကြားအမြင်များ၏။ အကြားအမြင်ကို ဆောင်ထား၏။ အကြားအမြင်ကို ဆည်း၏။ အနက်သဒ္ဒါနှင့် ပြည့်စုံ၍ အကျင့်မြတ်ကို ဖော်ပြသော အစ၊ အလယ်၊ အဆုံးကောင်း ခြင်းရှိသော တရားတို့ကိုများစွာနာကြားဖူး၏။ ဆောင်ထား၏။ နှုတ်ဖြင့်လေ့ကျက်ထား၏။ စိတ်ဖြင့်မှတ်သားထား၏။ ပညာဖြင့် ကောင်းစွာထိုးထွင်းသိ၏။

(ဃ) အလိုနည်းမှုနှင့် စပ်သောစကား၊ ကိလေသာ မှလွတ်မြောက်မှုဉာဏ်အမြင်နှင့် စပ်သောစကားများစသည်တို့ကို အလိုရှိတိုင်းရ၏။

(င) ကိလေသာမှ လွတ်မြောက်တိုင်း စိတ်ကို ဆင်ခြင်၏။

ဤတရားများနှင့် ပြည့်စုံသော ယောဂီမှာ မကြာမီမှာပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်သည်။

## ဘုရားရှင်သည် အာနပါနသတိဖြင့် အနေများခြင်း

◆◆◆

အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရဟန်းတို့ကိုခေါ်၍ "ရဟန်းတို့-ငါသည်သုံးလပတ်လုံးတစ်ပါးတည်း ကိန်းအောင်းနေလို၏။ ဆွမ်းပို့မည့် ရဟန်းမှတစ်ပါး ငါဘုရားထံသို့ မည်သူမျှမချဉ်းကပ်ရ" ဟု မိန့်တော်မူ၏။ ဘုရားရှင်သည် သုံးလလွန်သဖြင့် တစ်ပါးတည်း ကိန်းအောင်းတော်မူရာမှ ထလာတော်မူကာ ရဟန်းတို့အား ဤသို့မိန့်ကြားတော်မူ၏။

"ရဟန်းတို့-သာသနာပြင်ပအယူရှိသူ ပရိဗိုဇ်တို့ကငါ့ရှင်တို့-ရဟန်း ဂေါတမသည် မိုးလေးလပတ်လုံး အဘယ်နေခြင်းမျိုးဖြင့် အနေများသနည်းဟု အကယ်၍မေးလာပါက ထိုပရိဗိုဇ်တို့အား-ငါ့ရှင်တို့-မြတ်စွာဘုရားရှင်သည် မိုးလေးလ ကာလပတ်လုံး အာနာပါနသတိ သမာဓိဖြင့် အနေများ၏ ဟု ဖြေကြကုန်"

( အာနာပါန သံယုတ်။ ဣစ္ဆာနင်္ဂလသုတ် )

## တိုက်တွန်းခြင်း

◆◆◆

မိမိကိုယ်ကိုချစ်အပ်သည်ဟု သိခဲ့ပါမူ မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏။ ပညာရှိသူတော်ကောင်းသည် အရွယ်သုံးပါးတွင် တစ်ပါးသော အရွယ်မှစ၍ ရှင်းလင်းသုတ်သင် ရာ၏။ (တရားအားထုတ်ရာ၏)။

(ဓမ္မပဒ)

အာနာပါနသတိသည်များသောအကျိုးအာနိသင်ရှိခြင်းကြောင့် အမြော်အမြင် ဉာဏ်ပညာဖြင့် ပြည့်စုံသော ပညာရှိသည် ဤပြဆိုခဲ့ပြီးသည့်အတိုင်း များပြားသော အာနိသင်နှင့် ပြည့်စုံသော အာနာပါနသတိ တမ္မဋ္ဌာန်းကို နေ့ရောညပါ အခါခပ်သိမ်း မမေ့မလျော့ဘဲ ကေန်မုချပွားများရာသတည်းဟု တိုက်တွန်းထားပါသည်။

(ဝိသုဒ္ဓိမဂ်)

✧✧✧

ယောဂီဦးအောင်ထွန်းသည် တရားထိုင်သည့်နေ့မှစ၍ ( ၉ ) ရက်စေ့သော အခါ ဘုန်းကြီးကျောင်း သိမ်အတွင်းမှရွှေ့ပြောင်းပြီး မိမိ၏အစ်မကြီးဒေါ်ဖွားစိန်ခြံ အတွင်းရှိ ဆေးရိုးပင်အောက်တွင် တရားအားထုတ်ပါသည်။ ထိုအခါတွင်ကိုးပါးသီလ စောင့်ထိန်းရာမှ ရှစ်ပါးသီလကို စောင့်ထိန်းပါသည်။ အကြောင်းမှာ သက်သတ်လွတ် စားရန် ချက်ကြပြုတ်ကြရသော သူများကို အားနာပြီး ပစ္စုပ္ပန်တည့်တည့်ကြုံရာဖြင့် အာဟာရသုံးဆောင်လိုသည့် ဆန္ဒဖြစ်ပေါ်လာသောကြောင့်ဖြစ်ပါသည်။ အစ်မကြီး ဖြစ်သူဒေါ်ဖွားစိန်ကလည်း မိမိခြံအတွင်းဆေးရိုးပင်အောက် မြေပြင်ပေါ်တွင် တရား အားထုတ်မည့်အစား လေးတိုင်စင်တဲတစ်လုံးကို ဝါး၊ ဓနိတို့ဖြင့် ဆောက်လုပ်ပေး ပါသည်။ ညီဝမ်းကွဲ တော်စပ်သူ မောင်ချင်းယောက်က လုပ်အားလှူခဲ့ပါသည်။ ဇနီး ဖြစ်သူဒေါ်စိကမူ ဦးအောင်ထွန်းအိပ်ရန်၊ စားသောက်ရန်၊ အနားယူရန်အလို့ငှါ ရှစ်ပေသာသာ ကျယ်ဝန်းသော တဲတစ်လုံးကို ထိုတရားစင် အနီးမှာပင် ဆောက်ပေး ပါသည်။

ဦးအောင်ထွန်းအတွက် တရားစင်တည်ဆောက်ရာတွင် ဝါးနှင့်ဓနိအဆင်ပြေ သလို ဆောက်လုပ်လိုက်သော်လည်း **“ဇမ္ဗူဒိတ် နိမိတ်”**ဟုဆိုသည့် အတိတ်နိမိတ် ကောက်ရန်ဖြစ်နေသည်မှာ –

| | | | |
|---|---|---|---|
| (၁) | တိုင်ရှစ်လုံး | – | (မဂ္ဂင်ရှစ်ပါး) |
| (၂) | ယက်မသုံးချောင်း | – | (လက္ခဏာသုံးပါး) |
| (၃) | ဆင့်ခုနစ်ချောင်း | – | (ဗောဇ္ဈင်ခုနှစ်ပါး) |
| (၄) | ဝါးကြမ်းခြောက်ပြား | – | (ဓါတ်ခြောက်ပါး) |
| (၅) | ကြမ်းခင်းအပေါ်ကွပ်လေးချောင်း | – | (သစ္စာလေးပါး) |

အထက်ဖော်ပြပါအတိုင်း ရွှေပြေးနိမိတ်ပေါ် ထွက်နေပါသည်။ ထိုနေ့
သဲအင်းဂူဆရာတော်၏တရားကိုပူဇော်သည့်အနေအားဖြင့်ယခုအခါ"**အောင်ထူးမြ**"
ဘွဲ့တော်အမည်ဖြင့် စေတီတစ်ဆူတည်ထား ကိုးကွယ်နေကြပါသည်။ ထိုစေတီပု
အတွင်း၌ သံဃာတော်များအတွက် ဘုန်းကြီးကျောင်းကိုလည်းတည် ဆော
သဲအင်းဂူဆရာတော်ဘုရားအား အနိုးကပ်အလုပ်အကျွေးပြုခဲ့သည့် ဘုန်းတော်ကြီး
ဦးကောသလ္လအား ပင့်ဆောင်သီတင်းသုံးစေပါသည်။ ဤစေတီနှင့်အတူ ဆရာ
ဘုရားကြီး သာသနာတော်တွင် ပြည်လုံးချမ်းသာစေတီ၊ လေးကျွန်းစကြာရှင်စေ
ဓါတ်တော်မြှုပ်စေတီများကို တည်ထားကိုးကွယ်လျက်ရှိရာ ဆိုစေတီများ၏ သ
အကျဉ်းနှင့် ထူးခြားချက်ဝိသေသများကို သီးခြားဖော်ပြထားပါသည်။

ယခုဆက်လက်၍ ဆေးရိုးပင်အောက်တွင် တရားအားထုတ်ပုံကို ဖော်ပြ
မည်။ ဦးအောင်ထွန်း အနေဖြင့် ယခင်ရက်အတွင်းက တက်လာခဲ့သောဝေဒ
နင်လားငါလားယှဉ်ပြိုင်တိုက်ခိုက်ခဲ့သောကြောင့်တဖုံးဖုံးတဗိုင်းဗိုင်းလဲကျခဲ့သော်လ
ယခုလဲမကျတော့ပါ။ တရားအားထုတ်ကြသော ယောဂီတစ်ဦး တစ်ယောက်အ
လိုအပ်သည့်ကာယိဒန္ဒတည်ငြိမ်လာပါသည်။ ဥပမာ - ယခင်ကစစ်သင်တန်းတက
ကောက်ရိုးခြေထောက်၊ မြက်ခြေထောက်။ ဘယ်ညာခြေလှမ်းမမှန်သည့် လူသစ်
အထားမျှသာရှိခဲ့ပါသည်။ လေ့ကျင့်မှုအသားမကျသေးမီဖြစ်တတ်သော သဘာ
ပါသည်။ ဓါတ်ကြီးလေးပါး ပြောင်းလဲဖောက်ပြန်သော အခါ ဆင်ခြင်ရှုပွားနို
မရှိသေးပါ။

တရားအားမထုတ်မီထုံးစံအတိုင်းပရိကံမယူတတ်သေးသောကြောင့်
ပိုခြင်း၊ သီလဆောက်တည်ခြင်းပြုပါသည်။ ပြီးသောအခါ "**လူသေရင်သေ၊မသေ
ကိလေသာသေရမည်**"ဆိုသည့်စိတ်ဓါတ်နှင့်အာသံသသုတ်တော်တွင် ဖော်ပြထား
အယူအဆအတိုင်း"**သူဖြစ်ရင်၊ ငါလဲဖြစ်ရမယ်**"ဆိုသည့် စိတ်ဓါတ်ကိန်းအေ
နေသည့် အားလျော်စွာ အာနာပါနတရားကိုသာ ဆက်လက်အားထုတ်နေပါ
(၂၄)နာရီအတွင်း အိပ်ချိန်တစ်မိနစ်မျှမရတော့ပါ။ ယုံရမှာလားဟု သံသယဖြစ်နိုင်
ရှိပါသည်။ တရားအားထုတ်ပုံကို လေ့လာလိုက်သောအခါ အကယ်အမှန် အိပ်ခွ
တော့ပေ။ အံ့ဩဘွယ်ရာ သိရှိလာမည်သာဖြစ်ပါသည်။ သတိသတိအမြဲကပ်
ပါသည်။ သတိလွတ်ခဲ့သောအခါများရှိခဲ့လျှင်လည်း အတွေ့ထူးတစ်မျိုးမဟုတ်တ
နှင့် ရင်ဆိုင်တိုးခဲ့ရပါသည်။

# ဦးအောင်ထွန်း၏ နေ့စဉ်လုပ်ငန်းများ

◆◆◆

| | | | | | |
|---|---|---|---|---|---|
| နံနက် | (၄)နာရီ | မှ | (၅)နာရီ | | တရားထိုင် |
| နံနက် | (၅)နာရီ | မှ | (၅)နာရီခွဲ | | ဘုရားဝတ်ပြု |
| နံနက် | (၅)နာရီခွဲ | မှ | (၆)နာရီ | | ယာဂုသောက် |
| နံနက် | (၆)နာရီ | မှ | (၉)နာရီ | | တရားထိုင် |
| နံနက် | (၉)နာရီ | မှ | (၁၀)နာရီ | | နံနက်စာစား |
| နံနက် | (၁၀)နာရီ | မှ | (၁၂)နာရီ | | တရားထိုင် |
| | | | (၁)နာရီ | | |
| နေ့လည် | (၁)နာရီ | မှ | (၂)နာရီ | | အနားယူ |
| နေ့လည် | (၂)နာရီ | မှ | (၅)နာရီခွဲ | | တရားထိုင် |
| ညနေ | (၅)နာရီခွဲ | မှ | (၇)နာရီ | | ဘုရားဝတ်ပြု |
| ည | (၇)နာရီ | မှ | (၁၂)နာရီ | | တရားထိုင် |
| | | | (၁)နာရီ | | |

ဤဇယားကိုကြည့်လျှင် တစ်နေ့လျှင်တရားထိုင်ချိန် (၁၅)နာရီ သို့မဟုတ် (၁၆)နာရီခန့်ကြာပါသည်။တရားထိုင်ချိန်မှအပ ကာယခန္ဓာကိုယ်အနားယူသောအချိန်မှာလည်း မှိန်းရုံမျှသာ မှိန်းနေတတ်ပါသည်။ အလုပ်ပင်ပမ်းလာသည့် အလုပ်သမားများကဲ့သို့ အိပ်မောကျသွားခြင်းမျိုးမရှိခဲ့ပါ။ အချုပ်အားဖြင့် ပထမအကြိမ် တရားထူးရရန် သမာဓိအင်အား တစ်ကျပ်သားကို အသုံးပြုခဲ့ရာ ယခုဒုတိယအကြိမ် တရားထူးရရန် သမာဓိ အင်အား· (နှစ်ဆ) နှစ်ကျပ်သားဖိုးသုံးရသည်ဟု သဲအင်းဆရာတော်ပြောလေ့ပြောထရှိပါသည်။ စားရင်း၊ သောက်ရင်း၊ နေရင်း၊ ထိုင်ရင်း၊ ထိသိ သတိမလွတ်စေရန်(အာတာပီ သမ္ပဇာနောသတိမာ) ဆိုသည့်အတိုင်း အာတာပီ=ကိလေသာအစေး၊ စိတ်အညစ်အကြေးတို့ကို ပူနွေးသွေ့ခြောက်ကင်း ပျောက်စေရန်သမ္မပ္ပဓါန်=လုံ့လရှိသည်ဖြစ်၍ (သို့မဟုတ်) အပြင်းအထန် အားထုတ်သည်ဖြစ်၍ သမ္ပဇာနော - မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍၊ သတိမာ = သတိရှိသည်ဖြစ်၍ ဝိဟာရတိ=နေ၏။

ဦးအောင်ထွန်းသတိမလွတ်ရန်ကြိုးစားနေပါသည်။ သတိလွတ်သွားလျှင်သတိပေးမည့်ပုဂ္ဂိုလ်သို့မဟုတ်အသံပေါ်လာပါသည်။အသံဖြစ်ပေါ်လာပုံမှာ ဤသို့တည်း။

ဦးအောင်ထွန်းသည် အိပ်ချိန်တန်၊ နားချိန်တန်လျှင်ဒေါ် စီဆောက်လုပ်ပေးထားသည့် တဲငယ်အတွင်းသို့သွားပြီး အိပ်ရာခင်းကာ လဲလျောင်းလေ့ ရှိပါသည်။ အလုပ်ပင်ပန်း သည့်အားလျော်စွာ အိပ်ပျော်လုနီးပါးဖြစ်သွားသောအခါ၌ အောင်ထွန်း၊ အောင်ထွန်း ဟု မိခင်ကြီး၏ ခေါ် သံကိုကြားလိုက်ရပါသည်။ မိခင်ကြီး၏ အသံကို ကြားလိုက်ရ သောအခါ နံနက်အရုဏ်တက်ပြီဟုထင်ပြီး အိပ်ရာမှထ လိုက်ပါသည်။ အသံကိုလည်း နားဖြင့် ဆတ်ဆတ်ကြားလိုက်ရသော်လည်း မိခင်ကြီးကိုတော့ မတွေ့ရပါ။ နာရီကြည့် လိုက်သောအခါ နံနက်အရုဏ်တက်ချိန်မရောက်သေးပါ။ သန်းခေါင်ယံသာသာမျှသာ ရှိပါသေးသည်။ ထိုအတွေ့အကြုံအရ ဦးအောင်ထွန်းအား တစ်စုံတစ်ယောက်သော သူက ပါရမီဖြည့်နေသည် ဟုဆိုနိုင်ပါသည်။ ဦးအောင်ထွန်းအဖို့ည အိပ်ချိန် မရတော့ ပါ။ အိပ်ချင်စိတ် ဖြစ်ပေါ် ပြန်လျှင်လည်း သတိပေးမည့် အတွေ့တစ်မျိုးမဟုတ် တစ်မျိုး နှင့်ကြုံရပါသည်။ ခန္ဓာကိုယ်ကို အနားပေးသည့် သဘောဖြင့် ဇ္ဈာန်ရိယာပုထ် ပြောင်းလဲပြီး နေရပါသည်။

ယခင်ရက်များက ဦးအောင်ထွန်း၏သမထ သမာဓိအင်အားသည် အကြွင်းဓါတ်၊ အမြင်ဓါတ် ထိုက်သည့်အားလျော်စွာရခဲ့ပါသည်။ ဒေသနာအလိုအရ တကယ် ဆိုသလိုမိမိ၏ခန္ဓာကိုယ်ကြီးကို ပုံသဏ္ဍာန်အမျိုးမျိုး အိပ်ရာထဲ၌နေစဉ်ဖြစ်စေ၊ တရား ထိုင်နေစဉ်အခါ၌ဖြစ်စေ မြင်ဖူးပါသည်။ မှိတ်ထားသောမျက်စိဖြင့် တစ်ခါ တရံ မြင်နေရာမှ ယခုအခါ ဝိက္ခမ္ဘနသဘာန မကြာမကြာမြင်ရပါတော့သည်။ ဤအခြေအနေမှ တစ်ဆင့် မျက်စိမှိတ် ထားသည်ဖြစ်စေ၊ ဖွင့်ထားသည်ဖြစ်စေ သမုစ္ဆေဒ အမြင်ကောင်း ရရန်အကြောင်းပေါ် လာပါတော့သည်။

ဤသို့ဦးအောင်ထွန်းမြင်နေရသည်မှာ စိတ်ပျက်စရာ၊ မသဒ္ဒီစရာ ပုံပျက်များ ကိုသာ မြင်နေရခြင်း ဖြစ်ပါသည်။ မိမိခန္ဓာကိုယ်နှင့်တကွ မြင်မြင်သမျှ ယောကျ်ား မိန်းမ၊ ကျွဲ၊ နွားတိရစ္ဆာန်များ၏အနေ အထားမှာ မြင်ရိုးမြင်စဉ်ပုံသဏ္ဍာန်မဟုတ်တော့ဘဲ ဖရိုဖရဲစွဲမက်တွယ်တာဖွယ်ရာမရှိသည့် ပုံပျက်များသာ မြင်နေရပါသည်။ ထိုပုံပျက် မျိုး၌အသက်ရှူ ပုံရှူနည်းမှာ ပန်းပြေးသမားများကဲ့သို့မောနေစဉ်တစ်မျိုး၊ အချို့မှာ အနည်းငယ် ပြေလျှင်တစ်မျိုး သဘာဝအလျောက်လေရှူရှိုက်ပုံ အမျိုးမျိုး ပြောင်းလဲ နေပါသည်။ သာမန်လူသားများ အသက်ရှူနေပုံနှင့် ကွာခြား နေခဲ့ပါသည်။

ဤအခြေအနေအရ အိပ်ချိန်မရသည့်အပြင် အသုဘစိတ်ဝင်နေသောကြောင့် အစားအသောက်များမှာလည်း ကနုတန်ကိုစားရသကဲ့သို့မှာမာတောင့်တောင့်ကတော့

ပျော့ပျော့ပျောင်းပျောင်းက တစ်နည်း စားရသောအခါ၌လည်း အရသာကင်းမဲ့နေပါသည်။ ခါတ်လေးပါး အစုအဝေးဖြင့် ဖွဲ့စည်းတည်ထားသည့် ကာယ ခန္ဓာအနေအထားသည် သဘာဝအလျောက်ယိုယွင်းလာပါသည်။ ဤဒဏ်ရာဒဏ်ချက် ကြောင့်ငိုက်ကျသွားလျှင်အထက်မှလည်းကောင်းဘေးဘက်လေးမျက်နှာအရပ်မှလည်းကောင်းအောက်မျက်နှာ အရပ်မှလည်းကောင်း၊ လူအများဝိုင်းဖွဲ့ပြီး "ဟားတိုက်"နေသည့်အလား ရယ်သံများကို ကြားနေရပြန်ပါသည်။ ဦးအောင်ထွန်းအခက်ကြုံ နေပြန်ပါသည်။ ထိုသို့လှောင်ပြောင်နေသောအသံကြားရသောအခါ ရှက်သွေးမွှန်လာပါသည်။ သတိရလာပါသည်။ ဩော် - ငါငိုက်ကျသွားတာ သိတဲ့လူ သိနေကြပါလား။ လူမသိပေမဲ့ နတ်သိတယ်။

ယခင်ခံစားခဲ့ရသော နာကျင်ကိုက်ခဲဝေဒနာများ ခံစားမှုမရှိတော့ပါ။ တစ်နေကုန်သည့်တိုင်အောင် တရားထိုင်နေစေကာမူ နာသည်/ ကျင်သည်/ ကိုက်ခဲသည်ဟူ၍မရှိသည့်နှယ် မသိတော့ပါ။ အမှန်စင်စစ် ဝေဒနာမရှိ၍မဟုတ်ပါ။ နာကျင်ကိုက်ခဲဝေဒနာနှင့် နှိုင်းစာလျှင်မကြည့်ဝံ့မနာသာသော ပုံပျက်အမြင်က လွှမ်းမိုးနေ ပါသည်။ နာကျင်ကိုက်ခဲသောဝေဒနာများကို ယခင်ရက်များက နာတာကသိုးခြား သတ်သတ်၊ ဖောက်ပြန်သော ရုပ်ကသိုးခြားသတ်သတ်ခွဲခြား၍ ရှုနိုင်စွမ်းရှိခြင်းနှင့် တက်လာသောဝေဒနာများကို ဥပေက္ခာ ပြုနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုအခါနာကျင်ကိုက်ခဲသောဝေဒနာကို ဖုံးလွှမ်းနေသည့်မကြည့်ဝံ့မနာသာ ရုပ်ပျက်ကြီးကို မျက်စိဖြင့် တပ်အပ်သေချာစွာ မြင်နေရပါသည်။

ဦးအောင်ထွန်းအဖို့ ရုပ်ပျက်ကြီး မျက်စိထဲကမထွက်ဘဲ တစ်နေ့တစ်ခြားဆိုးဝါးသည်ထက် ဆိုးရွားသော ပုံသဏ္ဌာန်များကိုသာ မြင်နေရပါတော့သည်။ မိမိအရှေ့၌မိမိခန္ဓာတစ်ခုပေါ်လာပြီး ရေမြှုပ်၊ ရေစိုင်ခဲကြီးပုံသဏ္ဌာန်ပြောင်းသွားပါသည်။ ထို့နောက်ဆီချက်သည့်ပမာ ဆူပွက်လာပါသည်။ မီးပြင်းတိုက်၍ ပရမ်းပတာဆူပွက်နေသော ဆီအိုးကြီးကဲ့သို့ မြင်ရပြန်ပါသည်။ ထိုခန္ဓာပျက်သွားပြီးနောက် ဗိုက်ပူလာပါသည်။ မျက်လုံးများမို့ထွက်လာပါသည်။ ပါးစပ်မှ အပုပ်ရည်များစီးဆင်းလာပါသည်။ အပုပ်ရည်နောက်မှ သွေးပုပ်များ လိုက်လာပါသည်။ မျက်လုံးများမို့နေရာမှ ပြူးထွက်လာပါသည်။ မျက်နှာကြီးမှာ ဆန်ကောလောက် ဖြစ်လာပါ သည်။ တဖြည်းဖြည်းအရည်ပျော်ကျလာပါသည်။ လောက်တဖွားဖွားထွက်လာပါသည်။ အနာပေါင်း၊ အနာသွေးကြီးကဲ့သို့ လောက်ကောင်များဝိုင်းဆွဲနေကြပါသည်။ အပုပ်ကောင်များပျောက်သွားသောအခါ မိမိခန္ဓာကိုယ်ကြီးကို ပြိုးပြိုးပြက်ပြက်မီးရောင်များပြည့်နှက်ပြီးမီးလောင်နေပါသည်။ မီးရှူး၊ မီးပန်းများလွှတ်လိုက် သကဲ့သို့ မီးများပန်းထွက်နေပါသည်။ ပန်းပဲဖိုတွင်ဖုတ်ပြီးသားသံတုံးအနီကြီးကို ပေပေါ်တင်ထုလိုက်သောအခါ

အရှိန်ပြင်းစွာ မိုးများလွင့်စင်နေသကဲ့သို့ ခန္ဓာကိုယ်မှာမိုးစများလွင့်စင်နေပါသည်
အိုးကင်းထဲထည့်၍လှော်ထားသော ပေါက်ပေါက်များကဲ့သို့ ခန္ဓာကိုယ်ကြီးမှာ ပရမ်
ပတာမီးပေါက်နေပါသည်။ ဤသို့လျှင် ခန္ဓာကိုယ်ကြီး မီးလောင်နေသည်မှာအသား
အရိုးစုအရိုးစုမှုပြာ ဖြစ်သည့်တိုင်အောင်မြင်နေရပါသည်။ ဦးအောင်ထွန်းသည် မိမိ
ခါတ်ရုပ်ကြီးကို မိမိ၏ပကတိမျက်စိဖြင့် မမြင်ချင်မနေရ ပုံပျက်အမျိုးမျိုး မြင်နေ
ပါသည်။ ဤသည်တို့မှာ ဒေါ်ဖွားစိန်ခြံအတွင်းရှိ ဆေးရိုးပင်အောက်တွင် တရားအ
ထုတ်မဥ်က တွေ့မြင်ခဲ့ရသည့် အမျိုးမျိုးသော အသုဘမြင်ကွင်းများဖြစ်ပါသည်
ဤမြင်ကွင်းမှာလည်း အဇ္ဈတ္တသဏ္ဍာန်မျှသာဖြစ်၍ ဗဟိဒ္ဓိအမြင်နှင့် သမာဓိ စွမ်းအ
အနည်းအများအလျောက ရှေ့ဆက်ပြီး အမျိုးမျိုးတွေ့မြင်ရပါဦးမည်။ ဦးအောင်ထွ
စိတ်မချမ်းမသာ ဖြစ်နေပါသည်။ မကြည့်ချင်၍ မျက်စိမှိတ်လိုက်လျှင် ပို၍ဆိုးပါသေ
သည်။ မျက်စိဖွင့်ထားသည်ဖြစ်စေ၊ မှိတ်ထားသည်ဖြစ်စေမရှု့၊ မနာသာမြင်နေရသည်
အလျောက် ခွေးသေကောင်ပုပ်ကို လည်ပင်းတွင် ချိတ်ဆွဲခံ ရသကဲ့သို့မြင်နေ
ပါသည်။ ပြေးစရာမြေမရှိ ဒုက္ခအတိဖြစ်နေပါပြီ။

သက်သာရာသက်သာကြောင်း ကောင်းကင်လဟာပြင်ထက်သို့ ခေါင်းမေ
ပြီး မျက်နှာမူသောအခါ အပေါ်မှာလည်းပုံပျက်ကိုသာမြင်နေရပါသည်။ မျက်နှာ
ဘေးသို့လှဲ၍ကြည့်နေသောအခါ ဘေးဘက်တွင်လည်း ပုံပျက်ကိုသာမြင်ရပြန်သည်
တွေ့ရမြင်ရသက်သာစေရန် အခြားပုဂ္ဂိုလ်တစ်ယောက်ကိုဖြစ်စေ၊ တိရိစ္ဆာန်တစ်ကော
ကိုဖြစ်စေ ကြည့်နေပြန်သော်လည်း ထိုသတ္တဝါတို့၏ ကိုယ်ကာယအပြင်ကိုဖောက်
အတွင်းအရေပြား၊ အသား၊ အသည်းနှလုံး၊ အူသိမ်၊ အူမစသည်တို့ကိုသာ မြင်နေ
ပါသည်။ ယောဂီဦးအောင်ထွန်းအဖို့ ကြည့်ကောင်း ဘွယ်ရာမရှိတော့ပါ။

ဦးအောင်ထွန်း တရားထိုင်ပုံမှာ ယခင်ကကဲ့သို့မဟုတ် ပုံပျက်နေပါပြီ
ဦးအောင်ထွန်းဆောင့်ကြောင့်ထိုင်နေပါသည်။ဒူးနှစ်ဖက်ကြားတွင်လက်နှစ်ဖက်ထားပြီ
ကြမ်းပြင်ပေါ်သို့ လက်နှစ်ဖက်စုံထောက်ထားရပါသည်။ ယခင်က ဦးအောင်ထွ
ရှုနေပြီဟု လှောင်ကြရာ ယခင်ကမရှုးပါ။ ယခုရှုးချင်လာပါပြီ။ မျက်စိကြည့်ပုံမှ
လည်း အာရုံစိုက်မိရာစိုက်ရာသို့ မကြည့်ချင်ကြည့်ချင်ကြည့်နေပါသည်။ မျက်တော
ခတ်ပုံမှာမသွက်လက်တော့ပါ။ မစားနိုင်၊ မသောက်နိုင်ဖြစ်နေသောကြောင့် ခန္ဓာကိုယ်
ချုံးကျသွားပါသည်။ ပုံပျက်များသာ မြင်နေရသောကြောင့် စိတ်မချမ်းမသာဖြစ်ပြီ
ရုပ်ဆင်းအင်္ဂါမှာ အိုကျသွားပါသည်။ နာတာရှည်လူမမာကြီးကဲ့သို့ မရွှင်လန်း
အမြဲညှိုးငယ်ပြီးမျက်နှာပျက်နေပါတော့သည်။ ဤကဲ့သို့ဖြစ်နေသောကြောင့် ယခင်ရက်
များကဲ့သို့ နာကျင်၊ ကိုက်ခဲဘက်သို့ အာရုံမရောက်တော့ဘဲ မျက်မြင်အပျက်ဒဏ်ကို
တဖက်သတ်စွဲလန်းနေပါသည်။

သက်သာရာ သက်သာကြောင်း အနည်းငယ် အကောင်းကလေးများ ရှိဦး မလားလို့တရားစင်မှ စွယ်တော်ကုန်းရှိမိမိ၏ဇနီး ဒေါ်စိဘက်သို့အာရုံပြု၍ လှမ်းမျှော်ကြည့်လိုက်သောအခါ ပုံသဏ္ဌာန်အမျိုးမျိုး ပျက်ခြင်း အလှပျက်နေသည်ကိုသာမြင်ရပါသည်။ ဇနီးသည်ကရင်မ၏ အသုဘကိုသာမြင်တွေ့ရပါသည်။ တဖန်ကမာရွတ်ဒေါ်သန်းရှိန်အားမျှော်မှန်းပြန်လျှင်လည်း မကြည့်ဝံ့မနာသာ ဒေါ်စိန်ညည်းတူအပျက်ကြီးပျက်နေသည်ကိုသာတွေ့ရပါသည်။ မိမိ၏ဇနီးသည်ပုံပျက်နေသောကြောင့် သက်သာရာသက်သာကြောင်းအာရုံပြောင်းပြီးနေပါသည်။ ချောပါသည်ဟုထင်ပေါ်နေသော ရုပ်ရှင်သရုပ်ဆောင်အမျိုးသမီးများကို အာရုံထဲ ပေါ်လာစေရန် နာမ်ညွှတ်ကြည့်ပြန်လျှင်လည်း သာယာမှုတစ်စက်မျှမတွေ့ရ။ အပျက်သာတွေ့နေရပါသည်။ မျက်စိဖြင့်ကြည့်၍ကောင်းတာမှန်သမျှ ယနေ့အဖို့မကောင်းတာသက်သက် မနှစ်သက်ဘွယ်ရာအတိဖြစ်နေပါသည်။ သို့သော်အသချေသောဘဝက အဇ္ဈတ္တသဏ္ဌာန်၌ ကိန်းစက်နေသောရာဂမီးသည်ညီးညီးပြောင်ပြောင် တောက်လောင်ခဲ့ရာ လက်ကျန်အရှိန် မကုန်သည်နှင့်အမျှ အလွန်လှပသောအလှမယ် မိန်းကလေးများ ထင်ထင် ရှားရှားပေါ်လာတတ်ပါသည်။ မယ်ဗလာများ၊ အဝတ်မပါဗလာကျင်း၍ အနားကပ်လာပါသည်။ ထို့နောက်မျက်နှာတည့်တည့်ဆောင့်ကြောင့်ထိုင်ချလိုက်ပါသည်။ ချော့မြှူတာကတစ်မျိုး၊မကြည့်ဝံ့မနာသာ ပုံဆန်းကတစ်မျိုး ကမ်းကုန်အောင် အာရုံပျက်စေသည့် မြင်ကွင်းများကိုမျက်စိဖြင့် တပ်အပ်တွေ့နေခဲ့ရပါသည်။ ခက်ပါပြီ။ အပုပ်အပွကိုလည်း မကြည့်ချင်။ ကောင်းနိုးရာရာကို အာရုံပြုပြန်သော်လည်း ထိုင်ရမလို၊ ထရမလို အခက်ကြုံနေရပါသည်။

တရားဘာဝနာ ခြောက်ရက်ကျင့်ကြံအားထုတ်ခဲ့ရာတွင် ကာယခန္ဓာဓါတ်လေးပါးတို့၏ သဘာဝအလျောက် ပြောင်းလဲ ဖောက်ပြန်ခြင်းကို သေလုနီးပါးခံစားခဲ့ရပါသည်။ ယခုစိတ်အမြင်၊ သဘောအမြင်ထက်လွန်ကဲပြီး မျက်စိအမြင်အရသာ၍ပင် ဆိုးရွားနေပါသည်။ ကိလေသာတိုက်ပွဲ စစ်မြေပြင်ရှေ့ဘန်းရောက်နေပါပြီ။ သမာဓိအင်အား အလျော့အတင်း အလျောက် ပုံမှန်မရှိဘဲ ဖြစ်နေပါသည်။ တိုက်ပွဲတွင်အုပ်ချုပ်ရန် ဗိုလ်လိုနေပါသည်။ သဒ္ဒါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ။

မယ်ဇလာပေါ် လိုက်၊ အသုဘအလောင်းမြင်လိုက်

ကြိုးကြာသံ ကရဝိက်သံကြားလိုက်၊ မသာဆိုင်းသံကြားလိုက်

မွှေးရနံ့ကြိုင်လိုက်၊ ပုပ်စော်နံလိုက်

ရသာကောင်းဟုထင်လိုက် ၊ ကနုတံဝါးမျိုလိုက်

စိတ်ကြည်သလိုလိုဖြစ်လိုက်၊ ရှုးချင်စိတ်ပေါ် လိုက်

ဤရက်အတွင်း ဒေါ်စီဆောက်ပေးထားသည့် **အပန်းဖြေတဲလေးပေါ်** အထက်လမ်းဆရာ **ဦးပါရမီ၊ ညီတော်မောင်ထွန်းညွန့်၊** ဓမ္မမိတ်ဆွေ **ဝေဠုဝန်ဦး** နှင့် ဦးတင်စောတို့ကလည်း **ဦးအောင်ထွန်းအား အကြားအမြင် အတိမ်အန** စမ်းရန် လာကြပါသေးသည်။ **အထက်လမ်းဆရာကြီးဦးပါရမီ** စမ်းသပ်ပုံသီးခြား ပြထားပါသည်။ **ဦးအောင်ထွန်းလည်း သမထအင်အား တိုးတက်နေသည်အလျော** **မြင်တတ်ကြားတတ်လာပါသည်။**

ဥပမာ-မနက်ဖြန် နံနက် အရက်စားရန်အတွက် ထမင်းကြမ်းနှင့်ပဲပြု သို့မဟုတ်ဆန်ပြုတ်စသည်တို့ကို မည်သူလာပို့မည်။ ပန်းကန်အနေအထားက မည် ဟု ကြိုတင်သိနေပါသည်။ ဤအတိုင်း မှန်ပါ သည်။ သို့သော်အစားအသော စားသောအခါ ကနုတံများကို ဝါးမျိုရသကဲ့သို့ အခက်ကြုံရသည်ဟု မိန့်ဆိုလေ့ရှိ သည်။ လျှာပေါ် တွင် အရသာဟူ၍ ဘာမျှမပေါ် တော့ပါ။ ဗိုက်ပြည့်ရုံမျှက်စိမှိတ် ပါးစပ်ထဲသို့ ခပ်မြန်မြန်သွင်း၊ ခပ်မြန်မြန်ဝါးပြီးမျိုချခဲ့ရပါသည်။ ထိုခန္ဓာကိုယ်ကြီး ကလည်း ပိုးလောက်တွေတွယ်ပြီး ရွစိရွစိဖြစ် နေပါသည်။

လေဝင်လေထွက် ရှူရှိုက်သောအခါများတွင် နှာခေါင်းမှမီးခိုးအဖြူလုံးမျ ကျစ်ကျစ်လစ်လစ်ထွက်သွားသည့်နှယ် လေကြောင်းများထွက်လာပုံကိုလည်း မြင် သည်။ ထိုအခိုက်သစ်ပင်ပေါ် မှ ကျီးကန်းများကလည်း တအာအာမြည်လိုက် ရှိုက်ထုတ်လိုက်သောလေကြောင်းကို ရေကြောင်းတွင်လှေလောင်းစီးသကဲ့သို့လေဟု စီးနေသည်ကို မြင်လိုက်ဖြစ်ခဲ့ပါသည်။ ထိုသို့ဆူဆူညံညံ ကျီးသံကြားရသည်ကို ဦးအောင်ထွန်း မကျေနပ်ပါ။ "ဒီကျီးကလဲ အရေးထဲ" ဟုစိတ်ကဖြစ်၊ ပါးစပ်ကလည် အသံမထွက်တထွက်ဖြစ်ခဲ့ပါသည်။နောက်တစ်ခါတရားထိုင်လိုက်သည်တွင် မိမိရှူရှိုက် နေသည့်လေကြောင်းနှင့်အတူ နတ်နှစ်ပါးပေါ် လာပြီး နတ်တစ်ပါးက ကျီးကန်းလေ တစ်ကောင်ကိုကိုင်ပြီး "ဒီကျီးကန်းလား" ဟု မေးပြီးပြလိုက်ရာ ဦးအောင်ထွ အနေဖြင့် "ဟာ" ငါ့စိတ်ကို လူမသိပေမယ့် နတ်သိပါလား။ နာမ်လွတ်သွားသည်ကို သမာဓိ ပြန်ထူ လိုက်ရပါသည်။

ထိုမှတစ်ပါးအရေးကောင်း၊ ဒိန်းဒေါင်းဖျက်ဆိုသည့်အလား ရပ်ရွာလုံခြုံရေး အတွက်တာဝန်ယူရသော ပြောက်ကျားလက်နက်ကိုင်များက ဦးအောင်ထွန်းနှင့် မနီး မဝေးတွင် မသကာသူများနှင့် အရက်သမားများ ကို ထိုက်သင့်သလို ဆုံးမသံကြား ရသည်ကိုနားမခံသာပါ။ ဤသည်ထက် ပိုဆိုးသည်မှာ ထိုသူများက ဦးအောင်ထွန်း၏ အနားမှကပ်၍ သေနတ်ပစ်ကြ၊ ဖောက်ကြပါသည်။ ထိုသူတို့၏ ရည်ရွယ်ချက်မှာ တရားအားထုတ်နေတဲ့အကောင် သေနတ်သံကြားပြီး ထပြေးလျှင် ဝိုင်းပြီး "ဟား" တိုက်ရန်ဖြစ်ပါသည်။ ဦးအောင်ထွန်း ဣန္ဒြေမပျက်ခဲ့ပါ။ ထိုအခိုက် အမျိုးသမီး ထူးဆန်းစွာပေါ်လာပြီး လုပ်အားလှူပါသည်။ ရွာစောင့်ဟု မနောက သိလိုက်ပါ သည်။ ဘာကူညီရမလဲဟုမေးရာ ဦးအောင်ထွန်းမနောက ဒီလိုညည်းသံ၊ ညူသံ၊ သေနတ်သံများ မကြားလိုကြောင်း အသိပေးလိုက်ပါသည်။ နောက်တစ်နေ့နံနက်တွင် ထိုလက်နက်ကိုင် ပြောက်ကျားများ အခြား တစ်ရွာသို့ ရွှေ့ပြောင်းသွားကြပါသည်။

ဤကြားထဲ ကလေးအရွယ် လူမမယ်တစ်ယောက်သည် မိမိတွင်ပျဉ်ခွေ ထိုင်ပြီး လက်နှစ်ဖက် ယှက်ထားသည့်အပေါ် ရောက်လာပြန်သည်။ အခြားကလေး မဟုတ်ပါ။မိမိချစ်လှစွာသောမြေးငယ်လေးမောင်ဝင်းသိန်းဖြစ်နေပါသည်။ (ကိုဝင်းသိန်း မှာ ယခုနှောကုန်းတွင်နေပါသည်။) ဦးအောင်ထွန်းသမာဓိယူပြီး နင်လားငါလား လေရှူရပြန်ပါသည်။ သံယောဇဉ်နှောင်ကြိုးဖြတ်ရန်လိုပါသေးသည်။

ဤကြားထဲ နောက်တစ်မျိုး လာပါသေးသည်။ ထိုနေ့ကစွယ်တော်ကုန်းရွာ တွင်အာဝါဒေးပွဲကျင်းပနေပါသည်။ အာဝါဒေး (ကျွန်ုပ်တို့၏နေ့) ဆိုသည်မှာ နယ်ချဲ့ အင်္ဂလိပ်များက တောင်သူလယ်သမားများအား အကျင့်စာရိတ္တ ဖျက်လိုဖျက်စီး လုပ်လိုသော ရည်ရွယ်ချက်ဖြင့် ပျော်ပျော်ပါးပါး သောက်စားမူးယစ်ပြီး အလောင်း အစားကစားဝိုင်းများကို အကြီးအကျယ်လွတ်လပ်စွာပြုလုပ်ခွင့်ပေးသော နေ့တစ်နေ့ ဖြစ်ပါသည်။ အဖမ်းအဆီး မရှိပါ။ စွယ်တော်ကုန်းရွာတွင် ထိုနေ့က လေးကောင် ဂျင်ဝိုင်း၊ အနီထောင်ဝိုင်းစသည်တို့ကို တရုတ်သူဌေးက ဒိုင်ပြုလုပ်၍ ရွာသားများက ထိုးသားအဖြစ် ရက်ရက်ရောရောကစားနေကြပါသည်။ ဦးအောင်ထွန်း၏စိတ်က စွယ်တော်ကုန်းအနီ ထောင်ဝိုင်းသို့ ရောက်သွားပါသည်။ ဒိုင်နှင့်တကွထိုးသားများကို ပကတိအတိုင်းမြင်နေရပါသည်။ ထို့ထက်ထူးဆန်းသည်မှာ လေးထောင့်ကြေးအုပ် သောင်းဖြင့် လုံခြုံစွာ ဖုံးအုပ်ထားသည့် အံစာကို နှောကုန်းတပ-းစင်ပေါ်မှ သမာဓိ အရှိန်ကြောင့် မြင်နေရပါသည်။ ထိုမြင်ကွင်းကို ကြည့်ပြီး ဒီဘက်က "အော" လိုက်ရင်တော့ တရုတ်ကြီး ဘောင်းဘီကျွတ်ပြီး ပြေးရတော့မှာ သေချာတယ်။ အခုတော့ဟိုအကောင်တွေက ကြိုးလောက်ပဲ ရံထားကြတယ်ဟု စိတ်ဝင်စားခဲ့ပုံကို

လည်း ဆရာတော်ကိုယ်တိုင်စိတ်၏ ဆန်းကြယ်ပုံ ဟောကွက်များတွင် မိန့်ကြား ရှိပါသည်။ ယောဂီများအား တရားထိုင်နေစဉ် **"အတိတ်စိတ်ကျသည်"**ဟု ရှု ပေးသောအခါများ၌ ပြောလေ့ရှိပါသည်။ ဆရာတော်ချီးမြှင့်တော်မူခဲ့သည့် ဟော အမျိုးမျိုး၊ ရှုကွက်အမျိုးမျိုးအခန်းတွင် ဖော်ပြပါမည်။ ဒေသနာအရ နိဝရ ဥပက္ကိလေသာ တရားများက တားဆီးပိတ်ပင်မှုဖြစ်ပါသည်။ ထိုအတားအဆ ကျော်လွှားနိုင်သည့် စွမ်းအင်လိုပါသည်။ ဗိုလ်ငါးပါးလိုပါသည်။အတ္တာဟိ အတ္တ နာထော မိမိကိုယ်မိမိ အားကိုးနေရပါသည်။

ဦးအောင်ထွန်းအနေဖြင့် ပုံပျက်နှင့်ပုံကောင်း၊ ဒုက္ခနှင့် သုခ ရင်ဆိုင်တို ပြင်းထန်နေစဉ် ထောက်ထားညှာတာရမည့် မိခင်အိုကြီးပါ ပါသေးသည်။ ဂရုဏ ဖြင့် ဆိုးမစကားလာပြောနေသည်ကိုလည်း ကြားရပြန်ပါသည်။ မိခင်ဘက်ရှုထေ မှသုံးသပ်လျှင်မိဘ၏မေတ္တာ၊ တရားအားထုတ်နေသည့်ရှုဒေါင့်မှ ကြည့်လျှင် အ အယှက်ဖြစ်နေပါသည်။ မိခင်အိုကြီးက တရားစင်လာပြီး ဖောင်ထွန်းဟု စက ပျိုးရာတွင် ဦးအောင်ထွန်းနားဝတွင် အောင်ထွန်းဆိုသည့်စကားသံကို တဆက်တ မကြားဘဲ (အ–အ–အ–အ) စသည်ဖြင့် (အ) ပေါင်းများစွာ အထစ်ထစ်အငေ ကြားပြီးသည့်နောက်မှ (အောင်–ဟောင်–ဟောင်) အပိုင်းပိုင်း အပြတ်ပြတ် ကြာ ရာ (အောင်နှင့်ထွန်း) နှစ်လုံးတည်းနှင့် အတော်ရှုပ်သွားခဲ့ပါသည်။ အမေလုပ်သူ သားမျက်နှာကို စေ့စေ့ကြည့်ပြီး ငါကြားဖူးတာက မဇ္ဈိမပဋိပဒ္ဒာ။ ငါ့သားဆို ကလည်း တာတေလန်ရော။ တစ်နေ့က အုန်းပင် လှဲတုန်းကလည်း ဖယ်မနေ ဇွတ်ထိုင်နေတာပဲ။ သစ်ပင်မပိလို့တော်သေးတာပေါ့။ အခုမင်းကို ကြည့်ရ လူမမာကြီးလိုပဲ မျက်လုံးနှစ်ဖက် ဟောက်ပက်ကြီးနဲ့ နံရိုးတွေကလည်း ငေါ မိခင်ကြီးကဂရုဏာဖြင့်ညည်းညူနေပါသည်။ ဦးအောင်ထွန်း၏ကိုယ်ကာယအနေအ မှာလည်း နာတာရှည်လူမမာကြီးကဲ့သို့ မရွှင်မလန်းဖြစ်နေပါသည်။ ဤသို့တရားအ ထုတ်နေစဉ် မှက်၊ ခြင်နှင့် ယင်တို့၏ ဒဏ်ကြောင့် ပိတ်ဖြူအဝတ် အစားများ အနီကွက်များ များစွာစွန်းနေပါသည်။ ဦးအောင်ထွန်း၏ လေးတိုင်စင်တွင် အမိုး အခင်းသာ ရှိပါသည်။ လေးဘက်လေးတန် အကာအရံမရှိပါ။ မွန်းလွဲသောအ နေရောင်ခြည် ထိုးပါသေးသည်။ မှက်နှင့် ခြင် ကိုက်လျှင်လည်း ဦးအောင်ထွန်း မောင်းမပစ်ပါ။ ရုပ်ကိုရုပ်ချင်းထိခိုက်သည်ဟု ကြည့်နေခဲ့ပါသည်။ မှက်ဆိုသည့်သတ္တ သည် ခြင်ကောင်ထက်ကြီးပါသည်။ သတ္တဝါများ၏သွေးကို ဗိုက်ဝအောင် သည်းသ

ညည်းမည်း စုပ်ယူတတ်ပါသည်။ ကျွဲနွားများပင် ဤအကောင်၏ သွေးစုပ်သည့်ဒဏ်ကို အခံရခက်ပါသည်။ဤအကောင်မျိုးသည်ဗိုက်ဝသည့်တိုင်အောင်ပျံမသွားဘဲဆက်လက်၍ သွေးစုပ်လေ့ရှိသည့်အပြင် ပိုလျှံသည့်သွေးများကို စအိုမှ တစ်စက်တစ်စက်ထုတ် နေတတ်ပါသည်။ လိုရာခရီးသို့ပျံမသွားသေးဘဲ သွေးစုပ်မြဲ စုပ်လေ့ရှိပါ သည်။ ဦးအောင်ထွန်းအဖို့ နာတာ၊ ကျင်တာ၊ ကိုက်တာ ခံခဲ့ရပေါင်းများခဲ့ရပါပြီ။ လွတ်သည့် နေရာမှာ စိတ်ကိုထားတတ်နေပါသည်။

ယခုမျက်မြင် ပုံပျက်ရုပ်များအကြောင်းကြောင့် ခံစားနေရသည့် နာမ်အကျိုး ကို လက်တွေ့ကျော်လွှန်နိုင်ရန် ကြိုးစားနေခြင်းဖြစ်ပါသည်။ ဒုတိယအဆင့်အကြောင်း သတ်မှအကျိုးရပ်မည်ကို ထိုအချိန်က သဘောမပေါက်သေးသည့် အလျောက် ဒုက္ခ ရောက်နေခဲ့ရပါသည်။ သို့သော်ဆက်လက်ကြိုးစားလျက်ပင်။

သားဖြစ်သူ ဦးအောင်ထွန်းအား ဂရုဏာသက်နေသည့်အလျောက် အမျိုးမျိုး နားချခဲ့သော်လည်း မိခင်ကြီးမှာ လက်လျှော့နေခဲ့ရပါသည်။ သို့သော် သားတို့ ရုပ်ရည်သီတာမည်သား၊ ရေကြည်ချမ်းမြ တစ်ပေါက် လေးကျရုံမျှ မိဘတို့ဝမ်းငြိမ်း စတမ်းတည့် ဆိုသကဲ့သို့ မောင်အောင်ထွန်း ကိုယ်ဝန်ရှိစဉ်ကတစ်ကြိမ်၊ မွေးဖွားပြီး သည့်နောက်တစ်ကြိမ်စုစုပေါင်းနှစ်ကြိမ်တိုင်တိုင် မိမိသည်ကောင်းကင်ယံသို့ ပျံဝဲသည့် ငှက်ပမာ ပျံဝဲလျှက် မြေပေါ်ရှိ ရှုမျှော်ခင်းများကို ကြည့်ရှုခဲ့ရသည့် အိပ်မက်ကို သတိရလာသောအခါ စိတ်သက်သာရာ ရရှိခဲ့ပြန်ပါသည်။ ထိုမှတစ်ပါး မိမိကိုယ်တိုင် တရားရှုမှတ်နေစဉ် မိမိ၏ ရင်သွေးသားတော်မောင်အောင်ထွန်း တရားထိုင်နေသည့် တဲပေါ်သို့ အလင်းရောင်တစ်မျိုးထိုးနေသည်ကို ကိုယ်တိုင်မြင်ဖူးသောကြောင့် အောင်ထွန်း မှာ အန္တရာယ်မဖြစ်နိုင်ပါဘူးဟု စိတ်ဖြေမှုသာရရှိပြန်ပါသည်။ ၄င်းအပြင် မိခင်ကြီး၏အာရုံထဲတွင် မိမိ၏သားတရားအားထုတ် နေသည့်နေရာသို့ ရဟန္တာတစ်ပါး ကြွရောက်သည်ဟု မနောအာရုံတွင် ထင်မြင်နေသောကြောင့် ဝမ်းသာစိတ်ဖြစ်ပေါ် နေပြန်ပါသည်။ ဤသို့အတိတ်နိမိတ်များကို ဆင်ခြင်မိပြန်သောအခါ မိခင်ကြီးမှာ သောကဗျာပါဒ ချုပ်ငြိမ်းသွားပြန်ပါသည်။

## သဲအင်းဂူဆရာတော်ဘုရားကြီး၏ မယ်တော်ဒေါ်မယ်အုံ



အချုပ်အားဖြင့် ဦးအောင်ထွန်း တရားအားထုတ်နေသည့် နေရာသည် နှောကုန်းကျေးရွာအတွင်းရှိ အစ်မကြီးဒေါ်ဖွားစိန်ခြံဝင်းတွင်ဖြစ်ရာ တောရွာဓလေ့ တွေ့ရင်းကြုံရင်းနွားပျောက်၊ ကျွဲပျောက်များကိုလည်း မေးတတ်ကြပါသည်။ထို့ကြောင့် ဦးအောင်ထွန်းသည် လူသူလေးပါးဝေးရာဖြစ်သည့် နှောကုန်းကျေးရွာ သင်္ချိုင်းသို့ နေ့အချိန်တရားထိုင်ပြီး ညဥ့်နက်နေသောအခါမှသာ ရွာသို့ပြန်ဝင်လာပါသည်။



နော့ကုန်းသင်္ချိုင်းတွင် မိမိစိတ်ကြောင့်ဖြစ်သောကြောက်စိတ်ကို မိမိစိတ်က ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ပုံ

(ပန်းချီ မေတ္တာတော်ခာတ်ပုံတိုက် (တ/ဥက္ကလာပ)



သံချိုင်းကုန်း၌တရားအားထုတ်နေသောအခါအပြင်လူများ၏အနှောင့်အယှက်ပျောက်ကင်းသွားပါသည်။ အပြင်လူများ၏ အနှောင့်အယှက်ကင်းသော်လည်း ဆင်လောက်မျှကြီးမားစေကာမူ မလိုရာကြမ္မာငင် ဆိုသကဲ့သို့ အဆိပ်ပြင်းသည့်ပုရွက်ဆိတ်များကိုကြားသည်ကြား ဝင်ကိုက်သည်ကတစ်မျိုး၊ အဆိပ်မရှိသော်လည်းသမာဓိကိုအနှောင့်အယှက်ပြုသည့် ယင်ကောင်များက တစ်ဖုံအမျိုးစုံခံရပြန်ပါသည်။ တရားအားထုတ်ဖူးသူများအတွေ့အကြုံ ရှိဘူးကြပါသည်။ တရားအားထုတ်နေသော ယောဂီတစ်ဦး၏အား ပျက်ချေးတင်လေ့ရှိသော မျက်စိထောင့်တွင် ယင်ကောင်ဆိုသည့်သေးငယ်သောသတ္တဝါက အသံပြုသည်ပြီး မိမိစိတ်ကြိုက် နှိုက်စားနေသောအခါ ကလိနေသောအခါ၊ သမာဓိမဏ္ဍိုင်ကို ယိမ်းယိုင်စေသည်နှင့် တူပါသည်။ ဦးအောင်ထွန်းအနေဖြင့် ဗဟိဒ္ဓိမှ ဖျက်စီးတတ်သည့်လူသားများ၏ အနှောင့်အယှက်ကိုဖြစ်စေ သေးသေးကြီးကြီး တိရစ္ဆာန်များ၏ ဒဏ်ကိုဖြစ်စေ ခံနိုင်ရည်ရှိခဲ့ပါသည်။ ပညာဖြင့် လျစ်လျူရှုနိုင်ခဲ့ပါသည်။ ရုပ်ကို ရုပ်ချင်းထိတော့ ဖဿဝေဒနာသာရှိပါလား။

အပြင်ဗဟိဒ္ဓိတိုက်ပွဲနှင့် အလားတူ အဇ္ဈတ္တသန္တာန်မှ မိမိစိတ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ခံစားချက်များကိုလည်း ဆက်လက်တိုက်ဖျက်ရပါဦးမည်။ တရားရှာသူများ၏ အင်အားမှာ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်နှင့် ပညာဗိုလ်ဟူ၍ဗိုလ်ငါးပါးရှေ့တန်းတင်ထားရမည်ဟု ဒေသနာတွင် ညွှန်ကြားထားသည့်အတိုင်း ဦးအောင်ထွန်းတွင် အထက်ပါဗိုလ်ငါးပါးကို ရှေ့တန်းတင်ထားပါသည်။ သို့သော်လည်းဗိုလ်သင်တန်းဆင်းကာစ တိုက်ပွဲဝင်ရသည့်အတွေ့အကြုံနည်းသေးသည့် ဗိုလ်ကဲ့သို့ဖြစ်သောကြောင့် ဒဏ်ရာအမျိုးမျိုးရခဲ့ပါသည်။

## သချိုင်းတွင်

◆ ◆ ◆

နှောကုန်းသင်္ချိုင်းတွင် တိုက်ပွဲစပါတော့မည်။ ရုပ်ထဲရွာထဲနှင့်မတူ။ ယခုအခါ လူသူလေးပါးကင်းဝေးရာ ဆိတ်ငြိမ်ရပ်ကွက်သို့ရောက်နေပါပြီ။ သင်္ချိုင်းဆိုတာ လူသေမြှုပ်တဲ့နေရာပြီးတော့သရဲလည်းခြောက်တတ်တယ်လို့ လူကြီးများ ပြောသံကြားဖူးသည်။ ဦးအောင်ထွန်း ဗျာပါဒနီဝရဏ စိတ်ထဲဝင်ရောက်ကျက်စားနေပါသည်။ သို့သော်လုပ်နေကျအတိုင်း တရားအားထုတ်နေပါသည်။တရားအားထုတ်၍မကြာမီမှာပင်ဦးအောင်ထွန်း၏ မှိတ်ထားသောမျက်စိတွင် လူသေမြှုပ်လေ့ရှိသော မြေပုံတစ်ခု ထင်ပေါ်လာပါသည်။ ထိုအခိုက်သရဲဆိုတာမသာခါင်းကြီးထမ်းလာတတ်တယ်ဆိုသည့်

သင်္ချိုင်းကုန်း၌တရားအားထုတ်နေသောအခါအပြင်လူများ၏အနှောင့်အယှက်မှကင်းသွားပါသည်။ အပြင်လူများ၏ အနှောင့်အယှက်ကင်းသော်လည်း ဆင်လောက်မကြီးမားစေကာမူ မလိုရာကြမ္ပာငင် ဆိုသကဲ့သို့ အဆိပ်ပြင်းသည့်ပုရွက်ဆိတ်များ ဟိုကြားသည်ကြား ဝင်ကိုက်သည်ကတစ်မျိုး၊ အဆိပ်မရှိသော်လည်းသမာဓိကိုအနှောင့်အယှက်ပြုသည့် ယင်ကောင်များက တစ်ဖုံအမျိုးစုံခံရပြန်ပါသည်။ တရားအားထုတ်ဖူးသူများအတွေ့အကြုံ ရှိဘူးကြပါသည်။ တရားအားထုတ်နေသော ယောဂီတစ်ဦးအား ပျက်ချေးတင်လေ့ရှိသော မျက်စိထောင့်တွင် ယင်ကောင်ဆိုသည့်သေးငယ်သော သတ္တဝါက အသံပြုပြီး မိမိစိတ်ကြိုက် နှိုက်စားနေသောအခါ ကလိနေသောအခါ၊ သမာဓိမဏ္ဍိုင်ကို ယိမ်းယိုင်စေသည်နှင့် တူပါသည်။ ဦးအောင်ထွန်းအနေဖြင့် ဗဟိဒ္ဓိမှ ဖျက်စီးတတ်သည့်လူသားများ၏ အနှောင့်အယှက်ကိုဖြစ်စေ သေးသေးကြီးကြီး တိရစ္ဆာန်များ၏ ဒဏ်ကိုဖြစ်စေ ခံနိုင်ရည်ရှိခဲ့ပါသည်။ ပညာဖြင့် လျစ်လျူရှုနိုင်ခဲ့ပါသည်။ ရုပ်ကို ရုပ်ချင်းထိတော့ ဖဿဝေဒနာသာရှိပါလား။

အပြင်ဗဟိဒ္ဓိတိုက်ပွဲနှင့် အလားတူ အဇ္ဈတ္တသန္တာန်မှ မိမိစိတ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ခံစားချက်များကိုလည်း ဆက်လက်တိုက်ဖျက်ရပါဦးမည်။ တရားရှာသူများ၏ အင်အားမှာ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်နှင့် ပညာဗိုလ်ဟူ၍ဗိုလ်ငါးပါးရှေ့တန်းတင်ထားရမည်ဟု ဒေသနာတွင် ညွှန်ကြားထားသည့် အတိုင်း ဦးအောင်ထွန်းတွင် အထက်ပါဗိုလ်ငါးပါးကို ရှေ့တန်းတင်ထားပါသည်။ သို့သော်လည်းဗိုလ်သင်တန်းဆင်းကာစ တိုက်ပွဲဝင်ရသည့်အတွေ့အကြုံနည်းသေးသည့် ဗိုလ်ကဲ့သို့ဖြစ်သောကြောင့် ဒဏ်ရာအမျိုးမျိုးရခဲ့ပါသည်။

## သင်္ချိုင်းတွင်

◆◆◆

နှောကုန်းသင်္ချိုင်းတွင် တိုက်ပွဲစပါတော့မည်။ ရပ်ထဲရွာထဲနှင့်မတူ။ ယခုအခါ လူသူလေးပါးကင်းဝေးရာ ဆိတ်ငြိမ်ရပ်ကွက်သို့ရောက်နေပါပြီ။ သင်္ချိုင်းဆိုတာ လူသေမြှုပ်တဲ့နေရာပြီးတော့သရဲလည်းခြောက်တတ်တယ်လို့ လူကြီးများ ပြောသံကြားဖူးသည်။ ဦးအောင်ထွန်း ဗျာပါဒနီဝရဏ စိတ်ထဲဝင်ရောက်ကျက်စားနေပါသည်။ သို့သော်လုပ်နေကျအတိုင်း တရားအားထုတ်နေပါသည်။တရားအားထုတ်၍မကြာမီမှာပင်ဦးအောင်ထွန်း၏ မှိတ်ထားသောမျက်စိတွင် လူသေမြှုပ်လေ့ရှိသော မြေပုံတစ်ခု ထင်ပေါ်လာပါသည်။ ထိုအခိုက်သရဲဆိုတာမသာခါင်းကြီးထမ်းလာတတ်တယ်ဆိုသည့်

ပြောသံဆိုသံကြားဖူးတာပဲဟုသည့် စိတ်ဖြစ်ပေါ်လာသည်တွင် ဦးအောင်ထွန်း၏ အာရုံမျက်စိထဲ၌ တွေ့မြင်နေသည့် လူသေအလောင်း မြှုပ်နှံရာမြေပုံကြီးမှ တဖြည်းဖြည်းပတ်ကြားအက်လာပြီး ခေါင်းတစ်လုံးပေါ်လာသည်ကို မြင်ရပြန်ပါသည်။ ထိုအခိုက် ခေါင်းကြီးထမ်းပြီး ငါ့ဘက်လာရင်တော့အခက်ပဲ စသည့်အတွေးပေါ်လာ သည်တွင် သရဲတစ်ကောင်က ထိုအခေါင်းကြီးကိုထမ်းပြီး မိမိဘက်သို့ တစ်လှမ်းချင်း လျှောက်လာပြန်သည်။ ဤအခြေအနေတွင် ဦးအောင်ထွန်းကမလာနဲ့၊ ငါ့ဆီမလာနဲ့ မလာနဲ့ဟု နှုတ်ဖြင့်တားဆီးခြင်းမဟုတ်သော်လည်း သူ၏စိတ်တွင် ငါ့ဆီမလာနဲ့ မလာနဲ့ စိတ်ဖြစ်ပေါ်လာပါသည်။ ဤစိတ်ကို သရဲကြီးအကယ်ပင်နားလည်သည့် အမူအရာဖြင့် ရှေ့မတိုးဘဲရပ်နေ လိုက်ပါသည်။

ပါရမီရှင် ဦးအောင်ထွန်း သိပါပြီ။ ဉာဏ်ပေါ်လာပါသည်။ ငါ့စိတ်၊ ငါ့စိတ် သင်္ချိုင်းဆိုတာလူသေမြှုပ်တဲ့နေရာဖြစ်တယ်။ သရဲလည်းခြောက်တယ်ဟု တရားမထိုင် ခင်က မိမိကြားဖူးနားဝစိတ်ဖြစ်ပေါ်ထားသည်ကတစ်ကြောင်း၊ တရားထိုင်လိုက်သည့် အခါတွင် မိမိအာရုံထဲတွင်လူသေများမြှုပ်နှံထားသည့်မြေပုံပေါ် နေစဉ်အတွေးအခေါ် လွန်သွားသောကြောင့် သရဲကြီး ခေါင်းထမ်းလာတာကို မြင်နေရပါလား။ မိမိစိတ်က ထိုသရဲကိုမကြည့်လို၊ မမြင်လိုသောစိတ်ဖြစ်ပေါ်သည်နှင့်အမျှ ထိုသို့မြင်နေရသည့် သရဲက ရပ်တန့်သွားပါကလား။ တန်တော့သိပြီ။ ငါ့စိတ်၊ ငါ့စိတ်ဟု မိမိစိတ်ကိုသိပြီး နောက်ဆက်လက်၍ ထိုသရဲအားခေါင်းကြီးချလိုက်။ သရဲကခေါင်းကြီးချလိုက်ပါသည်။ ခေါင်းကြီးထဲဘာရှိသလဲ။ သရဲကခေါင်းကိုမှောက်ပြီး မီးသွေးဖြင့်ဖုံးလွှမ်းနေသည့် လူသေကောင်ကို မီးသွေးများယက်ထုတ်ပြီးပြပါတော့သည်။ ဤတွင်ဦးအောင်ထွန်း အနေဖြင့် စိတ်၏ဆန်းကြယ်ပုံ၊ အသုံးချလျှင်ရနိုင်ပုံကို သဘောပေါက်သွားပါသည်။

ဤတွင် စိတ်တန်ခိုးကြီးပုံ လက်တွေ့စမ်းသပ်လိုသည့်ဆန္ဒဖြစ်ပေါ်လာပြန် ပါသည်။ လယ်ကွင်းထဲတွင် အလွန်လှပသော ညိုခံမဏ္ဍာပ်တစ်လုံး ဆောက်လိုစိတ် ဖြင့်အစမ်းသဘောဖြင့်ဆောက်လိုက်ပါသည်။ ရွှေရောင်တဝင်းဝင်းမဏ္ဍာပ်ကြီးပေါ်လာ ပါသည်။ ဩော် - စိတ် - စိတ်။

မိမိ၏မြေးငယ်လေးမောင်ဝင်းသိန်းသည် မိမိတရားထိုင်စဉ် မိမိရင်ခွင်ထဲ လာရောက်ပုံ သံယောဇဉ်စိတ်။ စွယ်တော်ကုန်း အာဝါဒေး အနီထောင်ဝိုင်းကို တရား စင်ပေါ်မှအာရုံရောက်ကာကြည့်ပြီး မည်သူရှိ၍ မည်သူနိုင်မည်ကိုသိခဲ့သည်။ ဝါသနာ ဗီဇအတိတ်စိတ်စသည်ဖြင့် ဆင်ခြင်ပြီး လေရှူခြင်း၊ ရှိုက်ခြင်း၊ သမာဓိထူထောင်ခြင်း စသည့် တရားအားထုတ်မှုကို ဆက်လက်ကြိုးစားနေပြန်ပါသည်။

တရားထိုင်သည်နှင့် တစ်ပြိုင်နက် သမာဓိအရှိန်နှင့် ပါရမီအဟုန်ကြောင့် ပုံပျက်များကိုသာ မြင်နေရပြန်ပါသည်။ မိမိခန္ဓာကိုယ်လည်းပျက်၊ သားမယားကိုလည်း ပျက်၊ကျောက်ဆင်းတုလည်းပျက်၊ ရွှေတိဂုံဘုရားကြီးလည်းပျက်၊ တစ်လောကလုံးပျက် နေသောကြောင့် ခင်မင်တွယ်တာစရာမရှိ။ ဒုက္ခအကြီးအကျယ် ရောက်သွားပါသည်။ မြင်ပုံမြင်နည်းကလည်း အဆင့်ဆင့်ဖြစ်ပါသည်။ ရှေးဦးစွာ မောင်ဖြူ မောင်မဲ။ ထို့နောက် အပေါ်ယံအဝတ်အစားအကြောင်းအကျား။ ဤမှတစ်ဆက်တည်းအရေပြား၊ အရေပြားအောက်အသား။ အသားနှင့်အတူအဆီ၊ အဆီပြီးအရိုးစသည်ဖြင့် ဆရာဝန်များခွဲစိတ်ပြီး ကြည့်သကဲ့သို့ တစ်လွှာပြီးတစ်လွှာမြင် နေရပါသည်။ ထိုခန္ဓာကိုယ်ကြီး အတွင်းရှိအူသိမ်၊ အူမ၊ အသည်းနှလုံး စသည်များကိုလည်း ပိုးအမျိုးမျိုး စားသောက်နေရာ ပိုးတစ်ကောင်၏ အရွယ်အစားမှာ နှီးဖျားခန့်ရှိသည်ဟု ပြောလေ့ဟောလေ့ ရှိခဲ့ပါသည်။

ဤအမြင်ကြောင့် နှစ်သက်ဖွယ်ရာ၊ တွယ်တာဖွယ်ရာ ဘာတစ်ခုမျှမရှိတော့ကြောင်း သဲအင်းဂူဆရာတော်ဘုရားက အတိုကောက်လင်္ကာ ရွတ်ပြလေ့ရှိသည်မှာ -

ပုံမပျက်တော့ စုံမက်တာတွယ်
ပုံပျက်တော့ မစုံမက် မတာတွယ်

စွဲလန်းမှုတဏှာသတ်ရန် သဲလွန်စတရားတွေ့နေရပါပြီ။ ဗုဒ္ဓဘာသာမြန်မာစကားတွင်မသာတစ်ခေါက်၊ ကျောင်းဆယ်ခေါက်ဟူ၍ အသုဘရုပ်အလောင်းကို ရှုရသည့်တန်ဖိုးကို ဆုံးဖြတ်ချက်ပေးသည့် ဆောင်ပုဒ်ကို အများသိကြပါသည်။ ယခုအခါဦးအောင်ထွန်းအနေဖြင့် မသာအိမ်သို့အခေါက်ပေါင်း မရေမတွက်နိုင်အောင် ပင်ရောက်နေပါသည်။ တစ်ရက်မသာကလူတစ်ယောက်အိပ်နေသလို။ နှစ်ရက်မသာကျတော့ တောင့်တောင့်တင်းတင်း။ သုံးရက်မသာကျတော့ ဗိုက်ကမို့မို့ဖေါင်းဖေါင်း။ လေးရက်မသာကျတော့ သွေးပုပ်ပြည်ပုပ်ယိုစီး၊ အပုပ်နံ့ကတထောင်းထောင်း စသည်ဖြင့် ဆယ့်လေးငါးရက်မသာအလောင်းများကိုရှုပြီး ဘာဝနာ ပွားနေပါသည်။

ဒေသနာတော်အရ အသုဘဘာဝနာပွားလိုသည့် ယောဂီသည် သုသာန်တစသ်ချိုင်းဝသို့ သွားရောက်၍ မသာအလောင်းများကို ကြည့်ရှုသုံးသပ်ပြီး နိမိတ်ပေါ်စေရန် နည်းလမ်းပေးထားပါသည်။ ထိုသို့ သုသာန်သို့သွား၍ အသုဘကမ္မဋ္ဌာန်းစီးဖြန်းရမည့်ယောဂီအဖို့လိုက်နာရန်ကြိုတင်ပြီး သတိမူရမည့်အချက်များကို ညွှန်ကြားထားပါသည်။ယခုဦးအောင်ထွန်း နှောကုန်းသုသာန်သို့သွားရောက်၍ တရားအားထုတ်နေပါပြီ။ ဆေးရိုးပင်အောက်၌ တရားထိုင်ရသည်မှာ ဆိတ်ကွယ်ရာမရဟုယူဆပြီး နားအေးရာတစ်ကိုယ်တည်းတရားအား ထုတ်ခြင်းဖြစ်ပါသည်။ နိမိတ်အမျိုးမျိုးပေါ်လာသည်မှာလည်း သူ့ပါရမီနှင့်သူဖြစ်ပါသည်။ သတိပဋ္ဌာန်လမ်းစဉ်အရ နဝသီဝထိက အသုဘကမ္မဋ္ဌာန်းရှုနည်း ( ၉ )မျိုးဖော်ပြထားပါသည်။

## မဟာစည်ဆရာတော်၏ မဟာသတိပဋ္ဌာန်သုတ် ပါဠိနိဿယ ကာယာနုပဿနာ နဝသီဝထိကာပဗ္ဗ ပထမပိုင်း

◆ ◆ ◆

ဤနဝသီဝထိကာပိုင်းတို့၌လည်း၊ သမုဒယဝမ္မာ နုပဿီစသည်ဖြင့် ဝိပဿနာ မြင်ပုံကိုပြထားသည့်အပြင် မဟာသိဝမထေရ်ကလည်း အာဒိနဝါနုပဿနာဟု ဆိုထား ပေ၏။ သို့ဖြစ်၍ သီဝထိက ဘာဝနာဖြင့် ဝိပဿနာမြင်ပုံကို ဤသို့မှတ်ယူသင့်ပေ၏။ ဒွါရခြောက်ပါး၌ ဖြစ်ခိုက်ရုပ်နာမ်တို့ကို မပြတ်ရှုမှတ်နေသော ယောဂီသည် ထိုသို့ ရှုမှတ်နေရင်းပင် မိမိကိုယ်ကောင်ကြီးဖူးဖူးယောင်သော သူသေကောင်စသည်ကိုပင် ဖြစ်နေသည်ဟုထင်ရတတ်၏။ တမင်နှလုံးသွင်း ဆင်ခြင်သောကြောင့်လည်း ဤကဲ့သို့ ထင်ရတတ်၏။ ထိုအခါမှာ ယောဂီသည် ထင်မြင်ရသော ထိုမိမိကိုယ်ကောင်ကိုပင် မြင်တယ်၊ မြင်တယ်စသည်ဖြင့် မှတ်လျက်ပေါ်လာ သောကိုယ်ကောင်၏ ပျောက်ပျက် သွားခြင်းကိုထင်ရှားတွေ့ရ၏။ ဤသို့တွေ့ခြင်း၊ သိခြင်းကိုပင်ဝိပဿနာဟု မှတ်ယူသင့် ပေ၏။ မှန်လှပေ၏။ ထိုသို့ရှုမှတ်ရာ၌ ဖူးဖူးယောင်သော လူသေကောင်ဟန် စသည် ဖြစ်လျက် ထင်ပေါ်လာသော ပုံသဏ္ဌာန်အာရုံမှာ တကယ်ဖြစ်ပျက်သော **<u>ပရမတ်မျှ အစစ်မဟုတ်ပြားသော်လည်း</u>** အမည်ပညတ် အာကာသပညတ်စသည်ကဲ့သို့ မိုးရ အထည်ဒြပ်လုံးဝကင်းသည်လည်းမဟုတ်သေးပေ။ ရှုမှတ်နေသောယောဂီမှာ တကယ် ပင် ဖြစ်ပျက်သွားသည့်အနေအားဖြင့်လည်း ထင်ရှားပေ၏။ ထို့အပြင် ထိုပုံသဏ္ဌာန် ကို မြင်သိနေသော မနောဝိညာဏ်စိတ်သည်ကား **<u>ပရမတ်အစစ်ပင်တည်း</u>**။ ယောဂီမှာ ထိုစိတ်ပါဝင် ဖြစ်ပျက်သွားသည်ကို တွေ့မြင်ရပေ၏။ ထို့ကြောင့်ပေါ်လာသော ထိုရုပ်ကိုယ်ပုံသဏ္ဌာန်နှင့်တကွထင်မြင်နေသော မနောဝိညာဏ် စိတ်၏ပေါ်မှုပျောက်မှု ကို တွေ့မြင်ခြင်းသည်ပင် ဤသီဝထိပိုင်း၌ သမုဒယ ဓမ္မာ နုပဿနာ၊ ဝယ ဓမ္မာ နုပဿနာ မည်သည်ဟု မှတ်ယူသင့်ပေတော့၏။

# မဟာသတိပဋ္ဌာန် လမ်းစဉ်ပေါ် တွင်

◆◆◆

မဟာသတိပဋ္ဌာန်ဒေသနာတော်တွင် ညွှန်ကြားပြသထားသည့် လမ်းစဉ်ပေါ် သို့ ဦးအောင်ထွန်း ရောက်နေသည်မှာ အလွန်ထင်ရှားနေပါသည်။ လမ်းစဉ်ပေါ် သို့ ရောက်နေသော ဦးအောင်ထွန်း၏ စွမ်းအင်ကား အဘယ်မျှ နည်း။ ဤနေရာတွင် သဲအင်းဂူဆရာတော်ဘုရား၏ ဆုံးမဩဝါဒ တစ်ရပ်မှာ သူများစိတ်ကို မစစ်နှင့် **"ကိုယ့်စိတ်ကိုယ်စစ်"**ဟု မိမိ၏ ခန္ဓာကိုယ်တွေ့အရ တပည့်ယောဂီများကို ဟောလေ့ရှိခဲ့ပါသည်။ ဦးအောင်ထွန်းသည် ပထမအကြိမ် တရားထူးရရန် (၆)ရက်မျှ သတိပဋ္ဌာန်တရားတော်အရ အာနာပါနအားထုတ်ခဲ့ပြီးဖြစ်ပါသည်။ ယခုရေးသားဖော်ပြနေသည့် အပိုင်းသည် ဒုတိယအကြိမ် တရားထူးရရန် (တစ်လနှင့် သုံးရက်) တိုင်တိုင် သေးရိုးပင်အောက်ဥလည်းကောင်း။ သုသာန်သချိုင်းမြေဥလည်းကောင်းဂုံပျက်အသုဘများကို မနောအမြင်၊ သဘောအမြင်၊ မျက်စိအမြင် ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံ နိမိတ်များကြောင့် အလူးအလဲ ခံနေရသည့် အခြေအနေမှ မည်ကဲ့သို့ လွတ်ရာလွတ်ကြောင်း ကြိုးပမ်းခဲ့ပုံ စွမ်းအင်ကိုဆက်လက်ဖော်ပြပါမည်။

ဦးအောင်ထွန်းအနေဖြင့် လုံခြုံရေးရဲဘော်၏ သေနတ်သံကြောင့် ဖြစ်ပေါ်လာသည့် ဗျာပါဒကို ရှာစောင့်နတ်က ကူခဲ့သည်။ ကျီးကန်းအာသံအနှောင့်အယှက်ကြောင့်သမာဓိကျဲသွားသည်ကို နတ်ကရှက်သွေးမွှန်စေရန်ပြုသည့်အနေဖြင့် ဒီကျီးကန်းလားဟု ပြုပြီး ဦးအောင်ထွန်း၏ စိတ်ပျက်မှု ဗျာပါဒ နီဝရဏကို ဖယ်ရှားပေးခဲ့သည်။ ဦးအောင်ထွန်းအိပ်ချိန်တန်လျှင် အနားယူမည်ဟု လဲလျောင်းလိုက်သောအခါ မိခင်ကြီး၏ အောင်ထွန်းဟု ခေါ် လိုက်သည့်အသံကြားလေ့ရှိပါသည်။ ဤသည်မှာလည်း ထိနမိဒ္ဓ နီဝရဏ အပိတ်အပင်မဖြစ်စေရန် သမာဒေဝများက ကူညီပုံရသည်။ မိခင်ကြီး ဒေါ် မယ်အံ့၏ စေတနာမှာ **"လူသေရင်သေ မသေရင်ကိုလေသာသေရမယ်"**ဆိုသည့် သားအတွက်ရတက်ပွေပြီး၊ မကြာခဏဆိုသလို ဦးအောင်ထွန်းအား နားပူနာဆာလုပ်ခဲ့ပါသည်။ မိမိသားတရား အားထုတ်သည့်နေရာသို့ ရဟန္တာတစ်ပါးကြွပုံ၊ အလင်းရောင်မြင်ရပုံနှင့် မိမိကိုယ်ဝန်ဆောင်စဉ်က အိမ်မက်များမြင်မက်ပုံတို့ကိုသတိရစေပြီး ဦးအောင်ထွန်းအား နားပူနားဆာမဖြစ်စေရန် တစ်နည်းတစ်ဖုံ ကူညီသည်ဟုဆိုရမည်သာဖြစ်ပါသည်။ ဤသည်တို့မှာ ဗဟိဒ္ဓမှဦးအောင်ထွန်း၏ ပါရမီကို ကူညီဖြည့်ဆည်းကြသည်ဟု ယူဆရမည်သာဖြစ်ပါသည်။

ဗဟိဒ္ဓအပြင်လောကမှ ကူညီသော်လည်း ကာယကံရှင်၏ **"စွမ်းအား"** ကလည်းရှိပါမှ အောင်မြင်မှုရရှိနိုင်ပါမည်။ **"ဝီရိယထူ၊ မိုးကကူ၊ ထွန်ချက်အတူ၊ နောက်ချေးချ၊ အဲဒီတော့မှ ငါ(နတ်) က မ"** ဆိုသကဲ့သို့ အတွင်း၊ အပြင်ဘက်ကို လိုပါသည်။ ဦးအောင်ထွန်း (၆) ရက်အတွင်း တရားထူးရစဉ်က -

(၁) လေရှူ လေရှိုက် (သမာဓိ)နှင့် နာကျင်၊ ကိုက်ခဲဒဏ် (ပညာ ဖြစ်လာမည့် ဝေဒနာ) ဤနှစ်ရပ်မညီမျှ "တစ်ဘက်စောင်းနင်း ဖြစ်ခဲ့စဉ်က တောသဘာဝ လှည်းမောင်းရာတွင် နွားပြေးနှင့် နွားလိုက်အဆွဲမညီလျှင် ခရောင်းပေါ် တက်တတ်ကြောင်း၊ အိုး မတွင်ကြောင်းသတိရပြီး လေရှူပုံနှင့် နာကျင်ကိုက်ခဲ ဒဏ်ချက်ကို ညီမျှစေရန် ဉာဏ်ဝင်ခဲ့ပါသည်။

(၂) တောသဘာဝရိုးတံတား၊ အင်းတံတားကူးကြရသည့်အခါ ခြေနင်းရ သည့်ခနော်ခနဲ့တံတားနှင့်ဘေးဘက်ရှိ ဟိုလှုပ်ဒီလှုပ်လက်ကိုင်တန်း ကိုကိုင်ပြီး ဖြတ်ခဲ့ရသည့်အခါမျိုး၌ ခြေနင်းရပုံနှင့် လက်တန်းကိုင် ရပုံ၊ ခြေလှမ်းရပုံ(ပညာ)နှင့် လက်ကိုင်တန်း ကိုကိုင်ရပုံ (သမာဓိ)။ မလျှောက်လျှင်လည်းမဖြစ်၊ လက်လွှတ်ထားပြန်လည်း အသက် ကြုံရသည့်နည်းတူ လေရှူပုံနှင့် နာကျင် ကိုက်ခဲ သတိ ဤနှစ်မျိုး ညှိရပုံ ဉာဏ်ပေါ် ခဲ့ပါသည်။

(၃) တောသဘာဝ အလေးချိန်ခွင်ချိန်တွယ်ရာတွင် ဝန်ကျယ်သည့် ပစ္စည်းများ၊ ရောင်းသူ၊ ဝယ်သူမနစ်နာစေကြောင်း ချိန်ခွင်လျှာက် သက်သေပြရမည့် အလားလျှာကိုဂရုစိုက် ရသည်ကို **"ဘောင်ချိန် ပေး၊ ဘောင်ချိန်ပေး"**။ ဤနည်းတူ လေရှူပုံနှင့် နာကျင် ကိုက်ခဲ မညီမမျှဖြစ်နေစဉ် **"ဘောင်ချိန်"**သည့် သဘော အယူအဆဉာဏ် ဝင်လာပါသည်။

(၄) ဒေသနာတော် ပဋ္ဌိသမ္ဘိဒါမဂ်၊ ယုဂနဒ္ဓဝဂ္ဂတွင် ဖော်ပြထားသည့် သမထနှင့် ဝိပဿနာ။ ဝိပဿနာနှင့်သမာဓိ၊ ဤနှစ်မျိုး ရှေ့နောက် သွားပုံနှင့် ပြိုင်တူသွားပုံ ဖော်ပြထားသည့်အတိုင်း သဘော သဘာဝခြင်းတိုက်ဆိုင်နေပါသည်။ ဤဒေသနာတော်ကို သူ့အခန်း နှင့် သူဖော်ပြထားပါသည်။ ဦးအောင်ထွန်းသည် ဒေသနာတော်ကို အကိုးအကားမပြုတတ်သောကြောင့် ကျေးလက်တောရွာ အတွေ့ အကြုံများကို ဥပမာပေးခြင်းဖြစ်ပါသည်။

အထက်ဖော်ပြပါအချက်များသည် (၆)ရက်အတွင်းက ဉာဏ်ဝင်ပုံဖြစ်ပါသည်။ ယခုပုံပျက် အသုဘပေါ်တွင် ဉာဏ်ဝင်ခဲ့ပုံများမှာ -

(၁) တရားထိုင်စဉ် မိမိမြေးငယ်လေး ရင်ခွင်ထဲ ရောက်လာပုံ၊ သံယောဇဉ်စိတ်

(၂) ဝါသနာဗီဇ မစွန့်နိုင်သည့်အလျောက် စွယ်တော်ကုန်း အနီ ထောင်ဝိုင်းရောက်သွားသည့် **"အတိတ်စိတ်"**များကို ဖယ်ရှားပြီး သည့်နောက် ရလာသည့်သမာဓိစိတ်

(၃) နေ့မအား ညမလပ် အသုဘပုံပျက်အမျိုးမျိုးကို မြင်နေရသော အခါ သင်္ချိုင်း သုသာန်တွင် လူသေအလောင်းထမ်းလာသည်တို့ မြင်ရခြင်းစသည်များကိုအခြေပြုပြီး**"စိတ်၏စွမ်းရည်"**ကို သဘော ပေါက်ခဲ့ပါသည်။ ကြားဖူးနားဝ အတွေးအခေါ် မရိပ်စားမိသော ကြောင့် ဖြစ်တတ်သောစိတ်၊ သရဲကိုမြင်ရသည့်စိတ်၊ သရဲကြီး အနားသို့ ကပ်မလာစေရန် ဖြစ်ပေါ်လာသည့်စိတ်ကြောင့် သရဲ ရပ်တန့်သွားစေခဲ့သည့်စိတ်။ ထိုစိတ်ကို အသုံးပြုပြီးခေါင်းချလိုက် ဟုစိတ်က ပြောသောအခါ သရဲကခေါင်းချလိုက်သည်ကို တွေ့ကြုံ ရခြင်း စသည်ဖြင့် စိတ်လှည့်စားပုံ၊ စိတ်တန်ခိုးကြီးပုံ အသုံးချပုံ ချနည်း သဘောပေါက်ခဲ့ ပါသည်။

ဤသည်တို့မှာ ဦးအောင်ထွန်းအဖို့ တရားထူးတရားမြတ် ရစေနိုင်သည့် စွမ်းအင်ဖြစ်နေပါသည်။ ဤစိတ်စွမ်းအင်ကို ယခုပုံပျက်အသုဘအမြင်တွင် အသုံးပြု ပါတော့မည်။ သို့သော် မြင်းစီးလို့အထီးမှန်း၊ အမမှန်း မသိဘူး ဆိုသကဲ့သို့ ပထမ အကြိမ်တရားထူးအကြောင်းနှင့်ဒုတိယအကြိမ်တရားထူးအကြောင်း ရေရေလည်လည် မသိခဲ့သေးကြောင်းဝန်ခံခဲ့ပါသည်။ ဤအကြောင်းများကို တတိယအကြိမ်တရားထူး ရသောအခါ မှသာလျှင် သဘောပေါက်ခဲ့ကြောင်း ဥပမာပေးပြီးပြောခဲ့ပါသည်။

**ဥပမာပေးပုံ** -ကိုယ့်ကိုသတ်မည့်သူတွေကလည်းနောက်ကတုတ်ဆွဲ၊ ဓါးဆွဲနဲ့ အတင်းဒလကြမ်း လိုက်လာကြပြီး ကိုယ်ကအသက်ဘေးက လွတ်ရာလွတ်ကြောင်း မောမှန်းပမ်းမှန်းမသိ ဒုန်းဆိုင်းပြေးနေရတယ်။ ချောင်းကိုကူးလိုကူးရ၊ ဗွက်ကိုနင်းလို နင်းရ၊ ချုံကိုတိုးလိုတိုးရ၊ တန်းကိုခုန်လို့ခုန်ရ မောဟိုက်နေပြီ။ ချွေးတဒီးဒီး ကျပြီး ဒုက္ခတွေ့နေပြီ။ ကိုယ့်သတ်မည့်လူတွေကလည်းနောက်က ထက်ကြပ်မကွာလိုက်နေပြီ။ ရှေ့ကို လှမ်းမျှော် ကြည့်ပြန်တော့ အုတ်တံတိုင်း အမြင့်ကြီး ခံနေတာမြင်တော့

ရင်ဆို့သွားတာပဲ။ ရှေ့လည်းမတိုးသာ၊ နောက်လည်းမဆုတ်သာ ဖြစ်နေကျ နောက်ဆုတ်ရင်လည်းသေဘို့ပဲရှိတယ်။ရှေ့ကမြင့်တဲ့တံတိုင်းပေါ် တက်နိုင်ရင်လွတ်မယ် တံတိုင်း ပေါ် မတက်နိုင်ရင်တော့ ဘာပဲဖြစ်ဖြစ်ရအောင် တက်မယ်ဆိုတဲ့စိတ် ခုန်တက်လိုက်တဲ့ အခါတံတိုင်းပေါ် ဖင်ထိုင်ရက်သားကျသွားတဲ့ လူလိုပဲ ခြေထော နှစ်ဘက်ကကိုယ်တက် လာတဲ့လမ်းဘက်မှာ စုံချထားပြီး လာလမ်းကို ပြန်ကြ တယ်။ ကျော်ခဲ့ရဖြတ်ခဲ့ရတဲ့ အတက်အဆင်းအကွေ့အကောက်တွေကို ပြန်ကြည့်မိ လူလိုပဲ ဒါဥပမာပြောတာ။ ရန်သူလက်ကကြောက်အားလန့်အားနဲ့ လွတ် လွတ်ကြောင်း ပြေးခဲ့စဉ်က ဒီအခက် အခဲက ဒီလိုကျော်ခဲ့ရတယ်။ ဟိုကွေ့ကျတော့ ဟိုတက်နဲ့လျှော်ခဲ့ရတယ် စသည်ဖြင့် ဥပမာပေးပြီး ပုံပျက် အသုဘကို ပယ်ခဲ့ရပုံမှ အောက်ပါအတိုင်းဖြစ်ပါသည်။

အဲဒါနဲ့ရန်သူလည်းလွတ်ပြီ၊ အမောလည်း ပြေလောက်ပြီ အခြေအနေ ရောက်တော့ ရန်သူဘက်လာလမ်းမှာ ချထားတဲ့ခြေနှစ်ဖက်စလုံးရုပ်ပြီး ရန်သူ မလိုက်နိုင်တော့တဲ့ အုတ်တံတိုင်းတစ်ဘက်ကို ခုန်ဆင်းလိုက်တော့ စိတ်အေး လက်အေး ဖြစ်သွားသလိုပေါ့ဟု ဥပမာတင်စား၍ ဟောပြောခဲ့ပါသည်။

ဦးအောင်ထွန်းသည် အသုဘပုံပျက်များကို အချိန်ရှိသမျှ တွေ့မြင်နေရသော ကြောင့် အားထားရာ၊ ကိုးကွယ်ရာမရှိဖြစ်နေပါသည်။ ပြေးစရာလည်းမြေမရှိ သုသာန်သို့သွားသော်လည်းအခက်။ ဆေးရိုးပင် အောက်မှာလည်းမနေသာ။ သက်သာ ရာသက်သာကြောင်း အာရုံပြောင်းကာ အကောင်းအလှများကို ကြည့်သော်လည်း မယ်ဇလာပေါ် လိုက်၊ အနီထောင်ဝိုင်း ပေါ် လိုက် ဖြစ်ခဲ့ပါသည်။

သို့သော် တစ်နေ့သောအခါ ဦးအောင်ထွန်းသည် မိမိတွေ့မြင်နေကျဖြစ် သော အကောင်ပုပ် အသုဘပုံပျက်ကို မမှိတ်မသုံ အာရုံစိုက်ပြီး ရှုနေစဉ်သွေးပုပ် ပြည်ပုပ်များတရွဲရွဲကျနေသည်ကို ကြည့်ရင်း ပြည်ပုပ်ဆိုတာ ယိုစီးနေတဲ့သဘော ပါလား။ မီးပန်း၊ မီးတောက်များလွှတ်လိုက်သလို ရဲရဲတောက်နေတာမီးသဘော ပါလား။ အပူသဘောပါလား။ လောက်ကောင်တွေ တရွရွထိုးပြီး ဗိုက်ကြီးဖောင်းမှု လှုပ်ရှားနေတာ လေသဘောပါလား။ ဖြုဖြုဖွေးဖွေးတစ်မျိုး၊ မည်းမည်းကြုတ်ကြုတ်က တစ်ဖုံ။ ဟိုမှာ တစ်ပုံဒီမှာတစ်ပုံ ဖရိုဖရဲ ဖြစ်နေတဲ့ အရိုးပုံတွေဟာလည်း မာမာ ကျောကျော သဘောပါလားစသည်ဖြင့် မိမိမြင်တွေ့နေရသည့် ပုံပျက်အမျိုးမျိုး ပေါ်သည့်အခါတိုင်း ရေဓါတ်၊ မြေဓါတ်၊ မီးဓါတ်၊ လေဓါတ်တည်းဟူသော ဓါတ်ကြီး လေးပါးမျှသာဖြစ်ကြောင်းအသိဉာဏ်ဝင်လာသည့်အခါ မိမိမြင်တွေ့နေသော အသုဘ ပုံပျက်အမျိုးမျိုးသည်ဓါတ်လေးပါးအစုအဝေးသာဖြစ်ပြီးထိုဓါတ်လေးပါးတို့သည်လည်း ပုံစံအမျိုးမျိုးပြောင်းလဲနေခြင်းသာဖြစ်သည်ဟု ခံယူချက်ဉာဏ်အမြင် ထင်လင်းလာ သည်။

ပထမအကြိမ် ခြောက်ရက်အတွင်း တရားအားထုတ်စဉ်က နာကျင်ကိုက်ခဲ ချက်ကျားပူအေးချွေး ကျသည်များကို ခံစားရစဉ်က ဝေဒနာ။ ဝေဒနာ။ ဝေဒနာသည် ဘာလဲ။ နာမ်။ နာမ်၏သဘာဝကဘာလဲ။ သုခ၊ ဒုက္ခခံစားတတ်တဲ့သဘော၊ ခံစားပြီး ပျက်တဲ့သဘောပါလားဟု ဉာဏ်ဝင်ခဲ့ပါသည်။ တောင့်တာတင်းတာ ပထဝီသဘော။ ချွေးတွေစီးတာ အာပေါသဘော။ ကိုယ်ခန္ဓာနှင့် ခြေလက်လှုပ်ရှားခြင်းသည် ဝါယော သဘော။ မီးစနှင့် အထိုးခံရသကဲ့သို့ ဖြစ်လာတာတေဇောသဘော။ ထိုဓါတ်လေးပါး ပြောင်းလဲနေသည့်သဘောကို ခံစားရသည့်နာမ်ကလည်း ကွမ်းယာစားဘိသကဲ့သို့ ပါလား။ ကွမ်းယာထဲထုံးများတော့ ထုံးပေါက်တယ်။ ကွမ်းသီးများတော့ မူးတယ်၊ ဝေတယ်စသည်ဖြင့်လွန်ကဲသည့်ဓါတ်ကို ထင်ရှားပေါ်လွင်စွာသိရသည်၊ မြင်ရသည်မှာ သဘာဝပင်ဖြစ်ပါသည်။

သဲအင်းဂူဆရာတော်က ပထမအကြိမ်အတွေ့အကြုံကို တရားသဘောအား ဖြင့် မဂ်တက်စဉ်တွင် ပညတ်တတ်ပေးပုံ အတိုကောက်မှာ (၁) ဒိဋ္ဌိသတ် (၂) အထင်ဉာဏ် (၃) ကာယသတိပဋ္ဌာန် - ကာယနုပဿနာ (၄) နာမ်အကြောင်း ရုပ် အကျိုး (၅) ပုဂ္ဂလ ပညတ်ပယ်တယ် ။

အထက်တွင်ဖော်ပြခဲ့သည့် ဒုတိယအကြိမ်အတွေ့အကြုံကို အတိုကောက် ပညတ်တတ်ပေးပုံမှာ (၁) တဏှာသတ် (၂) အမြင်ဉာဏ် (၃) ဝေဒနာ သတိပဋ္ဌာန်ဝေဒနာနုပဿနာ (၄) ရုပ်ကအကြောင်း နာမ်ကအကျိုး (၅) သဏ္ဍာန ပညတ်ပယ်တယ်။

## ဝဋ်ကြွေး

◆◆◆

ဝိပါတ်ဟူသည်ပြန်လည်တတ်မျိုး၊ မကောင်းကျိုးဖြင့်၊ သူ့ကိုဖျက်က၊ ကိုယ် ပျက်တတ်စွာ၊ သူ့ထက်သာရှင်၊ စေတနာဆိုးကောင်း၊ အကြောင်းနှစ်ဖြာ၊ ဤလူ့ရွာ ဝယ်၊ ဓမ္မတာအရိုး၊ ပမာခိုးမှု၊ ခါးမျိုးချိုမျိုး၊ စေ့စိုက်ပျိုးက၊ ထိုမျိုးအလား၊ မခြား တူပြီး၊ ခါးချိုသီးသို့၊ သားကြီးမင်းပျို မှတ်လိုက်လေတဲ့။

သူ့သရမ်းကို ၊ မကြောင့်ကြမ်းနှင့်၊ လူနှမ်းကိစ္စ၊ ကျိုးမလှဘူး၊ နိယာမမျိုး၊ ကောင်းအဆိုးတိ၊ ပြစ်ကျိုးနှစ်ပါး၊ ဖြစ်တတ်ငြား၏။ ဘုရားသော်မှ၊ လွတ်မရဘူး၊ စိတ်ကပြစ်မှား၊ မတရားဖြင့်၊ သူ့အားကိုယ်ကြံ၊ ကိုယ့်အကြံတိုင်း၊ သူကြံကြမြဲ၊ မလွဲမှန်လှ ကေန္ဒတည့်။

(မာဃဒေဝ)

ပစ္ဆိမ ဘဝိကသားဟုခေါ် ဆိုအပ်သော နောက်ဆုံးဘဝ ပုဂ္ဂိုလ်များသ
ဤနောက်ဆုံးဘဝ၌ ဘဝသံသရာအဆက်ဆက်မှ ကြွင်းကျန်သော ဝိပါတ်ကြွေးများ
တစ်စွန်းတစ်စမကျန်ရအောင် ပေးဆပ်ပြီးမှသာလျှင် ဘဝချုပ်ငြိမ်းခန္ဓာဝတ်ဇာတ်သိ
ခြင်းရှိကြသည်ကို ဗုဒ္ဓဘာသာဝင်သူတော်စင်အများသိရှိပြီးဖြစ် ကြပါလိမ့်မည်။

ဤနိယာမသဘောတရားအရပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ဖြစ်သောဦးအောင်ထွ
မှာလည်း တရားအားမထုတ်မီ ဓါးခုတ်ခံရသော ဝဋ်ကြွေးပေးဆပ်ခဲ့ရပါသ
ယခုလည်း ကျန်ရှိနေသေးသည့်ဝဋ်ကြွေးကို မလွဲမသွေပေးဆပ်ရန် အကြောင်းဖြ
ပေါ် ခဲ့ပါသည်။

မြန်မာနိုင်ငံတော်သမ္မတကြီးဒေါက်တာဘဦး (အငြိမ်းစား)၏ အိမ်တေ
ပစ္စည်းများ ပျောက်ဆုံးသောအခါ သက်ဆိုင်ရာအာဏာပိုင်များက မိမိတို့တာ
အလျောက် လူဆိုးစာရင်းများကိုထောက်လှမ်း ဖမ်းဆီးပြီး စစ်ဆေးနေကြပါသည်။

ဦးအောင်ထွန်းသည် ယခင်ဓါးခုတ်ခံရစဉ်က သံဝေဂရရှိပြီး မိမိဇနီးသ
အား ဓါးဒဏ်ရာ အနာမကျက်သေးမီ ငါတော့တရားအားထုတ်တော့မယ်။ နင့်အ
နှင့် နောက်အိမ်ထောင်ပြုချင်လည်းပြုဟု မှာထားချက်သည် ပစ္စည်းခန်းနှင့် စပ်လ
ပြီး တရားဝင်မဟုတ်သေးရာ ယခုအခါလူရောပစ္စည်းပါ အပြတ်ရှင်း လိုသည့်သဘေ
ဖြင့် ကမာရွတ်သို့သွားလိုက်ပါသည်။ နောက်တစ်မျိုးမှာလည်း အထက်လမ်းဘ
ဝါသနာပါသည့် ညီတော်မောင်ဦးထွန်းညွန့်အားလည်း တရားစကား ဓမ္မသာက
ဆွေးနွေးချင်သော စိတ်က ရှိနေခဲ့ပါသည်။

ကမာရွတ်သို့ရောက်သောအခါ စုံစမ်းထောက်လှမ်းရေးများနှင့် ပက်ပင်း
တွေ့လိုက်သည်နှင့် မေးမြန်းစစ်ဆေးရန် ဦးအောင်ထွန်းအား ခေါ် ဆောင်သွားကြ
ပါသည်။ ရဲဌာန (ပုလိပ်ဂတ်တဲ) နှင့် အင်းစိန် ထောင်ထဲတွင် (၄၅) ရက်ကြ
နေထိုင်ခဲ့ရပါသည်။ ဒုတိယအကြိမ် တရားထူးရပြီးမှ ဖြစ်ပါသည်။

ပုလိပ်အဖွဲ့ရှုထောင့်မှ သုံးသပ်လျှင် လူကောင်းသူကောင်း သမာအာဇီဝဖြင့်
နေထိုင်စားသောက်သူများ၏ လုံခြုံမှုကို ကာကွယ်စောင့်ထိန်းရသည့်တာဝန် ဖြစ်ပါ
သည်။

ဦးအောင်ထွန်းသည် အမှုနှင့်မည်သို့မျှမပတ်သက်ကြောင်း ထင်ရှားသဖြင့်
အာမခံမလို ကွင်းလုံးကျွတ်လွှတ်လိုက်ပါသည်။ ဤတွင် သတိထားသင့်သည်မှာ
လူနှင့် ပတ်ဝန်းကျင်ဆက်ဆံရာ၌ နာမည်တစ်ခါ ပျက်ခဲ့ဖူးလျှင် နာမည်ကောင်း
ပြန်လည်ရရှိရန် မလွယ်လှပါ။ လူ့လောကတွင် လူသာလျှင် အသေခံမည်။ နာမည်
အသေမခံသည့် လူစားမျိုးလည်းရှိသည်ကို အတုယူဖွယ်ရာ ကြားဖူးကြပါလိမ့်မည်။

(၄၅)ရက်အချုပ်နှင့် နေရစဉ် ဦးအောင်ထွန်းအဖို့ ဆေးရိုးပင်အောက်နှင့် သုသာန်သင်္ချိုင်းမှာကဲ့သို့ မိမိနှစ်သက်ရာ ဣရိယာပထဖြင့်တရားအားထုတ်ရန် အခွင့်အရေးမရှိပါ။ အချုပ်သမားဟူသည် သူ့စည်းသူ့ကမ်းနှင့်သာနေရပါသည်။ မည်သည့်ဣရိယာပုတ်နှင့် နေရသည်ဖြစ်စေ ဦးအောင်ထွန်းအနေဖြင့် အာနာပါနသတိ ဦးစီးထားပါသည်။ ဝင်လေထွက်လေကို မဝင်နဲ့မထွက်နဲ့ ဟူ၍ မည်သို့မျှအမိန့်ပေး၍ ရကောင်းသော သဘာဝမဟုတ်ပါ။ သတိကိုလည်း မည်သူမျှတားဆီးနိုင်ခွင့်မရှိပါ။ ဦးအောင်ထွန်း အာနာပါန ဝင်သက်၊ ထွက်သက် ရှုရှိုက်ရင်းသတိထားနေပါသည်။ ကာယခန္ဓာ အနေအားဖြင့် အချုပ်ခန်းထဲမှာသာဖြစ်ပါသည်။ လည်ပင်းတွင်ဆွဲထားသော စိပ်ပုတီးမှာလည်း ဆွဲလျက်သာရှိပါသည်။ စစ်ဆေးမေးမြန်းသူသည် ဦးလှမြင့်(ရှမ်း) ဖြစ်ပါသည်။ ဦးအောင်ထွန်းလည်း မှန်မှန်ကန်ကန် ဖြေဆိုပါသည်။

ဦးအောင်ထွန်းပုလိပ်ဂတ်တဲတွင် ထက်ဝယ်ဖွဲ့ခွေထိုင်ရန် အခွင့်အရေးမရှိပါ။ ခုံတန်းလျား ရှည်ပေါ်တွင် ပက်လက်နေရပါသည်။ လက်ထိပ်နောက်ပြန်ခတ်ထားပါသည်။ ခြေနှစ်ချောင်းကို ကြိုးဖြင့်တုတ်ထားပါသည်။ မျက်နှာပေါ်တွင် ရေစွတ်ထားသောပိတ်ပါးပါးကို လုံအောင်ဖုံးထားပါသည်။ ခြေသလုံး ပေါ်တွင် မျဉ်းလုံးများကို လမ်းကြိတ်စက်ကဲ့သို့ လှိမ့်နေခြင်းကို ခံနေရပါသည်။ မျက်နှာပေါ်တွင် ရေစွတ်ထားသည့် ပိတ်ပါးဖုံးလွှမ်းထားခြင်းကြောင့် လူဆိုးကြီးအောင်ထွန်း အသံ/မြည်သံကို ကြားပင်မကြားရတော့ပါ။ ထိုအခိုက် အကြီးအကဲလုပ်သူက တော်ကြတော်ကြ မြောနေပြီ မြောနေပြီ သေသွားလိမ့်မယ်။ ဤကဲ့သို့ စစ်ပုံစစ်နည်း တစ်ကြိမ်တစ်ခါတည်းမဟုတ်ပါ။ ဆရာဝန်ထံပို့ရသည်အထိခံခဲ့ရပါသည်။

ယောဂီဦးအောင်ထွန်း စိတ်ဓါတ်စွမ်းအင် မှတ်ကျောက် တင်ခံခဲ့ရပါသည်။ ဦးအောင်ထွန်းအနေဖြင့် တရားအရှိန်မပျက်သည့်အားလျော်စွာ ရုပ်ကို ရုပ်ချင်းထိခိုက်ရန်ဖဿဝေဒနာသာရှိပါလား။ ဒုက္ခလည်းမရှိ၊ သုခလည်းမရှိ။ခံစားပြီးပျက်တတ်တာပဲစသည့် ရုပ်၏သဘာဝလက္ခဏာ၊ သာမညလက္ခဏာနှင့် နာမ်၏သဘာဝကို လေ့ကျင့်ပြီးသား၊ သိရှိပြီးသားဖြစ်ပါသည်။ ထို့ကြောင့်ပင် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနအာရုံငါး၊ အာရုံခြောက်နှင့် တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း လွတ်တဲ့နေရာတွင်မိမိစိတ်ကိုပြောင်းထားနိုင်ခဲ့ပါသည်။ ထိုစဉ်အခါကအမြင်ဉာဏ်ဟုဆရာတော်ခေါ်ဆိုခဲ့သည့်ပညတ်သည့်အတိုင်း မျက်စိဖွင့်ထားသည်ဖြစ်စေ၊ မှိတ်ထားသည်ဖြစ်စေ တွေ့မြင်ခဲ့ရသည့် သွေးပုပ်၊ ပြည်ပုပ်များကို အာပေါဓါတ်၊ ခြေလက်များဖောင်းပွနေတာက ဝါယောဓါတ် စသည်ဖြင့် တရားထိုင်စဉ်က ကြောက်မက်ဖွယ်ရာပုံပျက်များ

တွေ့ဖူးသည့်အငိုင်း ယခုမျက်မြင်လက်တွေ့ ဝင့်ကြွေး ဆပ်ရင်း တရားနှလုံးသွ
နေပါသည်။ စာသင်ကျောင်းသား များသည် ပထမအစမ်းစာမေးပွဲနှင့် ဒုတိယအစ
စာမေးပွဲကို ကျေညက်အောင် ကျက်မှတ်ပြီးသောအခါ အတန်းတင်စာမေးပွဲ
မကြောက်မရွံ့ အောင်မြင်စွာ သွက်သွက်လက်လက်ဖြေဆိုနိုင်ပါသည်။ ကျောင်းနေ
သူတိုင်း သိကြပါသည်။ ဦးအောင်ထွန်း အတန်းတင်စာမေးပွဲ အောင်မြင်မ
ကျောင်းသားများကဲ့သို့ စာမေးပွဲစစ်သည်ကို မကြောက်တော့ပါ။

ဤအတောအတွင်း ထောင်ကြီးအချုပ်အတွင်း၌နေရစဉ် ထောင်မှူးကြီး
အလုပ်ဝတ္တရားအတိုင်း အကျဉ်းသားများကို လှည့်လည်ကြည့်ရှုစစ်ဆေးပါသည
ဦးအောင်ထွန်းလည်ပင်းတွင် ဆွဲထားသောစိပ်ပုတီးကိုကြည့်ပြီး "အင်း-လိမ်ကွင်းကြ
ဆွဲလို့ပါလား" ဟု ပြက်ရယ်ပြုပါသည်။ ဦးအောင်ထွန်းက "ဆရာကြီးကတေ
မနက်ဖြန်ခါစောစော ပန်းပန်ပြီး ထွက်လာပါလိမ့်မယ်ဆရာကြီး"ဟု လှတ်ခနဲပြေ
လိုက်သောအခါ ထောင်မှူးကြီးက အရေးမစိုက်သောသဘောဖြင့် သူ့ဝတ္တရား
ဆောင်ရွက်ပါသည်။ သို့သော် အိမ်ပြန်ရောက်သောအခါ ထောင်မှူးကြီးက ၄င်း
ဇနီးအားမင်းမနက်ဖြန်ပန်းမပန်နှင့်ကြားလားဟု မိမိ၏စိတ်မှာ အချုပ်သမား တစ်ဦး
စကားကိုစိတ်မဝင်စားသော်လည်း ပြောချင်စိတ်ဖြင့်ပြောလိုက်သောအခါ ဇနီးသည်
တအံ့တသြ ဘာကြောင့်ဒီစကားကိုပြောပါလိမ့်။ သိချင်ဇောဖြင့် မိမိယောက်ျားအ
မေးလိုက်သည့်အခါအေးကွဲ့ ထောင်သားတို့ အကျဉ်းသားတို့ဆိုတာ အမျိုးမျိုး
ဟုဆိုပြီး ဦးအောင်ထွန်း၏ စကားကိုပြန်ပြောလိုက်ပါသည်။

နံနက်မိုးလင်းသောအခါ ထုံးစံအတိုင်း ခြေလက်သုတ်သင်ပြီး မှန်ကြည့်
စားပွဲအံဆွဲကို ဆွဲလိုက်သည်တွင် လှပသောပန်းကို တွေ့လိုက်သည်နှင့် တစ်ပြိုင်န
အမှတ်တမဲ့ ခေါင်းတွင်ထိုးပြီး မှန်ကြည့်နေရာ ထောင်မှူးဝင်လာပြီး "ဟေ"
အာမေဋိတ်သံ ထွက်သွားပါသည်။ ဤအကြောင်းကို ဆရာတော် သက်ရှိထင်ရှားရှိစ
ခေတ်ပညာတတ် သိပ္ပံဘွဲ့ရယောဂီကိုကျင်တီးအား ပြန်လည်ပြောပြချက် ဖြစ်ပါသည
ယောဂီကိုကျင်တီးသည် ခေတ်အလျောက် လခစားလုပ်ကိုင် စားသောက်နိုင်ပါလျ
ဆရာတော်အပါး ခစားပြီး မော်တော်ကား ဒရိုင်ဘာအဖြစ်လုပ်အား လှူခဲ့သော
ဖြစ်ပါသည်။ ဆရာတော်မရှိသောအခါ၌ ဇီးကုန်းကြီးဆရာတော်၊ ဘီးလင်းဆရာတော
များထံ ဝင်ခစားရင်း ဦးအရိယာဝံသဘွဲ့အမည်ဖြင့် ရဟန်းဘောင် တက်လိုက်ပါသည
ယခုအခါ မှော်ဘီသဲအင်းတွင် သီတင်းသုံးနေပါသည်။ ထောင်မှူးကတော်သည
ချိန်ကုန်အရှေ့ပိုင်းတစ်နေရာတွင် နေသည်ဟု ဦးအရိယာဝံသက ပြောပါသည်။



သဲအင်းဂူဆရာတော်၏မော်တော်ယာ
မောင်းသူဦးကျင်ထိုး(ဘီ–အက်–စီ)(
ဦးအရိယာဝံသ(ယောဂီဦးအောင်ထွန်း
ထောင်သွင်းအချုပ်ခံရစဉ်အတွေ့အကြ
မှတ်သားထားသူ)



ဦးလွန်းညွန့်(ကွယ်လွန်)သည်။သဲအင်းဂူဆရာတော်ဘုရား၏ ညီတော်အရင်းဖြစ်ပါသည်
(ဦး ဒိ) (အကာလိကော) က သဲအင်းဂူဆရာတော်ဘုရား၏ ထူးခြားချက်များကို ဓမ
မြန် နေစဉ်၊ ရန်ကုန်မြို့ (၃၁)လမ်း၊ အမှတ် (၂၀၄)နေ၊သဲအင်းယောဂီ ဦးသန်းမောင်
ငင် ဇနီးဒေါ်တင်မေတို့ကပါသိလိုသည့် တရားကိစ္စများကို နာယူနေကြပါသည်။

ဦးအောင်ထွန်းသည် သူ့ပါရမီနှင့်အတူ ဆေးရိုးပင်အောက်တွင် တစ်မျိုး၊ သုသာန်သင်္ချိုင်းတွင် တစ်တန်၊ အချုပ်ခံ ဘဝတွင်တစ်ဖုံ အတွေ့အကြုံများရှိခဲ့သည့်အတွက် အသိဉာဏ်ပညာ တစ်မျိုးတိုးသည်ဟု ယူဆရန် အကြောင်းဖြစ်ပေါ်လာပါသည်။ ဆေးရိုးပင်အောက်နှင့် သုသာန်သင်္ချိုင်းတွင် တရားအားထုတ်စဉ်က ရုပ်တရား၊ နာမ်တရား၊ ပရမတ် တရားရရေးအတွက် တစ်ဖက်သတ်အာရုံစိုက်ခဲ့ရပါသည်။ အချုပ်ခန်း ရောက်သောအခါ အာဏာပိုင်များ အထင်လွဲမည်ကို ကြီးစွာသော သတိထားပြီး သမုဒိနယ်က စကားပြောခဲ့ရပါ သည်။ အမေးအမြန်းမရှိသောအခါ၌ရုပ်တရား၊ နာမ်တရားဘက် အာရုံစိုက်ရပါသည်။ ဤတွင် အမြတ်ထွက်လာသည်မှာ ပရမတ်တရားရရန် အာရုံကိုပြုသကဲ့သို့ ပညတ်အာရုံလည်း ပြုတတ်ရန် စွယ်စုံလေ့ကျင့်မှုရသကဲ့သို့ ဖြစ်ခဲ့ပါသည်။ တရားထူးရသောအခါ **"ပညတ် - ပရမတ်၊ နှစ်ခုစပ်၊ သိတတ်သူမှမြတ်"**ဟူ၍ ဟောလေ့ရှိခဲ့ပါသည်။ တတိယအကြိမ်တရားထူးရရန် လေ့ကျင့်အားထုတ်ရာ၌လည်း အောင်ထွန်းကြီး ထူးတော့ထူးနေတယ်၊ ဘာထူးနေသလဲဟု သိချင်စိတ်ရှိသူများအား ဖြေကြားရ သည်မှာ ပရမတ်သဘော ပြောပါဆို လက်ပိုက်နေရုံပဲရှိ မယ်။ အခုပြောနေတာ ပညတ်တွေပါဟု ပြောလေ့ရှိပါသည်။

## ဦးပါရမီနှင့် ဦးထွန်းညွန့်

◆◆◆

တရားထူး ကလည်းရ၊ အချုပ်ခန်းမှလည်း၊ ကွင်းလုံးကျွတ်လာသူ ဦးအောင်ထွန်း သတင်းကြားရသူများမှာ တရားစကား မေးရသည်ထက် ကျွဲပျောက်နွားပျောက် ကိုယ်ရေးကိုယ်တာစသည်များကိုသာ အကြားအမြင် ဂိုဏ်းဆရာကြီးများကိုမေးသော မေးခွန်းများကဲ့သို့သာ မေးမြန်းချင်ကြပါသည်။ ဤကဲ့သို့ အမေးထူသော လူစုထဲတွင် နှောကုန်းရွာတစ်ရွာလုံးလိုလိုက ကြည်ညိုလေးစားခြင်းခံရသည့်ဆရာကြီးဦးပါရမီသည် ယောဂီဦးအောင်ထွန်း၏ အကြားအမြင်အဆင့်အတန်းကို ထောက်လှမ်းတိုင်းထွာပါသည်။ ယောဂီဦးအောင်ထွန်းအဖို့ အစိုးရထောက်လှမ်းစုံစမ်းရေးကတစ်မျိုး၊ အကြားအမြင်ဆိုင်ရာ ထောက်လှမ်းစစ်ဆေးရေးက တစ်မျိုးကြုံတွေ့နေရပါသည်။ ဦးအောင်ထွန်းကိုယ်တိုင်ကလည်း အခြားရွာသားများနည်းတူ ဦးပါရမီကို လေးစားနေသူ ဖြစ်ပါသည်။ ဆရာကြီးဦးပါရမီနှင့်အတူ ဆရာတော်၏ညီ ဦးထွန်းညွန့်လည်းပါလာပါသည်။

ဦးအောင်ထွန်းသည် သူ့ပါရမီနှင့်အတူ ဆေးရိုးပင်အောက်တွင် တစ်မျိုး၊ သုသာန်သင်္ချိုင်းတွင် တစ်တန်၊ အချုပ်ခံ ဘဝတွင်တစ်ဖုံ အတွေ့အကြုံများရှိခဲ့သည့်အတွက် အသိဉာဏ်ပညာ တစ်မျိုးတိုးသည်ဟု ယူဆရန် အကြောင်းဖြစ်ပေါ်လာပါသည်။ ဆေးရိုးပင်အောက်နှင့် သုသာန်သင်္ချိုင်းတွင် တရားအားထုတ်စဉ်က ရုပ်တရား၊ နာမ်တရား၊ ပရမတ် တရားရရေးအတွက် တစ်ဖက်သတ်အာရုံစိုက်ခဲ့ရပါသည်။ အချုပ်ခန်း ရောက်သောအခါ အာဏာပိုင်များ အထင်လွဲမည်ကို ကြီးစွာသော သတိထားပြီး သမုဒ်ိနယ်က စကားပြောခဲ့ရပါ သည်။ အမေးအမြန်းမရှိသောအခါ၌ရုပ်တရား၊ နာမ်တရားဘက် အာရုံစိုက်ရပါသည်။ ဤတွင် အမြတ်ထွက်လာသည်မှာ ပရမတ်တရားရရန် အာရုံကိုပြုသကဲ့သို့ ပညတ်အာရုံလည်း ပြုတတ်ရန် စွယ်စုံလေ့ကျင့်မှုရသကဲ့သို့ ဖြစ်ခဲ့ပါသည်။ တရားထူးရသောအခါ **"ပညတ် - ပရမတ်၊ နှစ်ခုစပ်၊ သိတတ်သူမှမြတ်"**ဟူ၍ ဟောလေ့ရှိခဲ့ပါသည်။ တတိယအကြိမ်တရားထူးရရန် လေ့ကျင့်အားထုတ်ရာ၌လည်း အောင်ထွန်းကြီး ထူးတော့ထူးနေတယ်၊ ဘာထူးနေသလဲဟု သိချင်စိတ်ရှိသူများအား ဖြေကြားရ သည်မှာ ပရမတ်သဘော ပြောပါဆို လက်ပိုက်နေရုံပဲရှိ မယ်။ အခုပြောနေတာ ပညတ်တွေပါဟု ပြောလေ့ရှိပါသည်။

## ဦးပါရမီနှင့် ဦးထွန်းညွန့်

◆◆◆

တရားထူး ကလည်းရ၊ အချုပ်ခန်းမှလည်း၊ ကွင်းလုံးကျွတ်လာသူဦးအောင်ထွန်း သတင်းကြားရသူများမှာ တရားစကား မေးရသည်ထက် ကျွဲပျောက်နွားပျောက် ကိုယ်ရေးကိုယ်တာစသည်များကိုသာ အကြားအမြင် ဂိုဏ်းဆရာကြီးများကိုမေးသော မေးခွန်းများကဲ့သို့သာ မေးမြန်းချင်ကြပါသည်။ ဤကဲ့သို့ အမေးထူသော လူစုထဲတွင် နှောကုန်းရွာတစ်ရွာလုံးလိုလိုက ကြည်ညိုလေးစားခြင်းခံရသည့်ဆရာကြီးဦးပါရမီသည် ယောဂီဦးအောင်ထွန်း၏ အကြားအမြင်အဆင့်အတန်းကို ထောက်လှမ်းတိုင်းထွာပါသည်။ ယောဂီဦးအောင်ထွန်းအဖို့ အစိုးရထောက်လှမ်းစုံစမ်းရေးကတစ်မျိုး၊ အကြားအမြင်ဆိုင်ရာ ထောက်လှမ်းစစ်ဆေးရေးက တစ်မျိုးကြုံတွေ့နေရပါသည်။ ဦးအောင်ထွန်းကိုယ်တိုင်ကလည်း အခြားရွာသားများနည်းတူဦးပါရမီကို လေးစားနေသူ ဖြစ်ပါသည်။ ဆရာကြီးဦးပါရမီနှင့်အတူ ဆရာတော်၏ညီဦးထွန်းညွန့်လည်းပါလာပါသည်။

ဆရာကြီးဦးပါရမီအား နောက်ကုန်းရွာကလေးစားမည်ဆိုလျှင် လေးစားထိုက် သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ ယနေ့သဲအင်းရိပ်သာ ဖြစ်ပေါ်နေသည့် လယ်ကွင်း ထဲတွင် ရာဇမတ်ကာပြီး ကန်တော့ပွဲပေးခါ ဒီနေရာမှာ ရှေးဟောင်းစေတီရှိခဲ့ ကြောင်း၊ သာသနာ့နယ်မြေဖြစ်ခဲ့ဖူးကြောင်း နှစ်အတော်ကြာကကြိုတင်ပြီး ပြောပြ ခဲ့ဖူးပါသည်။ ထိုစဉ်အခါက လူဆိုးဓားပြကြီး အောင်ထွန်းက ဤကွင်းထဲမှ အကြိမ်ကြိမ်အခါခါ ဖြတ်သန်းသွားလာနေကျ ဖြစ်ပါသည်။

( မေး ) မောင်အောင်ထွန်းရေ(ဆရာကြီး)ငါကိုင်နေကျထီးရိုးဝါးတောင်ဝှေး ဟိုမှာထောင်ထားတယ်။ အဲဒီအထဲမှာ ဘာရှိသလဲ။

( ဖြေ ) ဆရာကြီး ဓါတ်လုံးရှိပါတယ်။ **(မှန်နေပါသည်)**

( မေး ) ငါ့ဓါတ်ခန်းထဲမှာကော ဘာတွေရှိသလဲ ။

( ဖြေ ) (မျက်စိမှိတ်ပြီးအာရုံပြုကာ) မြသပိတ်သုံးလုံးရှိပါတယ်။ **(မှန်နေပါသည်)**

( မေး ) မင်းအာရုံနှင့် မင်းဆင်ခြင်ပြီး မင်းမြင်သမျှပြောစမ်းပါအုံး ။

( ဖြေ ) ရန်ကုန်မြို့မှာ ဒီလိုမနေရဘူး။ ရွှေကြပြောင်းကြတာသိပ်များမှာပဲ။ **(မှန်နေပါသည်)**

ယနေ့ -တဲပေါ်မှ တိုက်ပေါ်သို့ - လမ်းဘေးပျံကျတဲအိမ်မှ မြို့သစ် ကိုယ်ပိုင်အိုးအိမ်သို့ (၁၉၉၇ ခု)

## ယောဂီဦးအောင်ထွန်းနှင့်ယောဂီဦးစုရ (သွားစိုက်ဆရာ) မှော်ဘီ

◆◆◆

အထက်တွင် ဖေါ်ပြသကဲ့သို့ ယောဂီဦးအောင်ထွန်း အသက်သေလုမတတ် ကြိုးပမ်းနေစေကာမူ နောက်ကုန်းတောပရိသတ်နှင့် ရန်ကုန်မြို့နေအချို့ ဆွေမျိုးသား ချင်းများသာ သိကြပါသည်။ မကြာမီ မှော်ဘီမြို့မှ စ၍ သန်လျင်မြို့ သန်လျင်မြို့မှ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကင်းမြို့နယ်၊ တာမွေမြို့နယ်၊ ပန်းဘဲတန်းမြို့နယ် ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်မြို့နယ် စသည်ဖြင့် ရန်ကုန်တစ်မြို့လုံး အလွန်လျင်မြန် စွာပျံ့နှံ့သွားခဲ့ပါသည်။ ထိုမှတစ်ဆင့် တစ်နှစ်၊ နှစ်နှစ်အတွင်း မြန်မာပြည် အရှေ့ဘက် တောင်ကြီး၊ လွိုင်ကော်၊ အနောက်ဘက် စစ်တွေ၊ သံတွဲ။ မြောက်ဘက် မြစ်ကြီးနား၊ မိုးကုတ်။ တောင်ဘက်ရေး၊ မြိတ်၊ ထားဝယ်အထိ နှံ့စပ်သွားပါသည်

ဤကားသတိပဌာန်တရားတော်၏ လမ်းစဉ်နှင့် ယောဂီဦးအောင်ထွန်း(ဝါ) သဲအင်းဂူထေရ်ရှင် ၏ စွမ်းအင်ကြောင့်ဖြစ်ကြောင်းပေါ် လွင်လာပါလိမ့်မည်။

ယောဂီဦးစုရ (သွားစိုက်ဆရာ)သည် ပွဲဦးထွက် နိဗ္ဗာန်ဆော်ကြီးတစ်ဦးဖြစ်ပါသည်။ ယခုဦးစုရမှာ အသက် (၇၀)နှစ်တွင် ခန္ဓာပျက်သွားပါပြီ။ သို့သော် ဦးစုရ၏ ပြောကြားချက်၊ အသံဖမ်း တိတ်ခွေ မှတ်တမ်းမှ ကောက်နုတ်ချက်များကို သူ့အခန်းနှင့်သူ ဖော်ပြသွားပါမည်။

**သဲအင်းဂူဆရာတော်ဘုရားကြီးအား တရားထူး၊ တရားမြတ်ရရှိခဲ့လျှင် ၄င်းအား ပထမဦးဆုံး ပြောကြားရန် လျှောက်ခဲ့သည့်၊ မှော်ဘီမြို့ သွားစိုက်ဆရာ ဦးစုရ**



ကောက်နုတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

သဲအင်းဂူဆရာတော်ဘုရားကို ဘိုးသူတော်ဘဝ (ပိတ်ဖြူ ဝတ်ကြီးနဲ့တွေ့နှုန်း အကြောင်းတွေကို အကျဉ်းချုံးပြီး ကျွန်တော် (ဦးစုရ)က ပြောပါမယ်။ ဘိုးသူတော် ဝတ်ကြီးနဲ့ ဒေါ်အုန်းစိန်ဆိုတဲ့ အိမ်မှာဇာတိဖြစ်ပုံအကြောင်း သူပြောနေတာ အတော် ထူးဆန်းပါလား။သူပြောပုံက လူတိုင်းလူတိုင်း သမာဓိရှိတယ်။ ဘာသမာဓိလဲဆိုတော့

တဏှာသမာဓိ၊ တဏှာမဂ္ဂင်။ နာမ် ညွှတ်ရာရုပ်ဇာတိဖြစ်ပုံအသေးစိတ်ဟောနေပါတယ်။ ဒါနဲ့ကျွန်တော်အနားမှာသွားပြီး နားထောင်မိတ်ဆက်တဲ့အခါ ဘိုးသူတော်ကြီးက ကျွန်တော် နောကုန်းရွာကပါ။ ကျွန်တော့်နာမည်က ဦးအောင်ထွန်းလို့ ခေါ်ပါတယ်။ ဒါနဲ့သူ့ဘေးနားကပ်ပြီး ကျွန်တော်က အဲဒီရွာမှာတရား အားထုတ်နေတဲ့ ဆိုတာရှိတယ်။ ဒါပေမဲ့ဘယ်သူမှန်းမသိဘူး။ ဇာတိဖြစ်ပုံဆက်ပြောပါဦး နားထောင်ပါရစေ။

ဦးအောင်ထွန်းကကျွန်တော့်မှာ ယောက်ဖတစ်ယောက်ရှိတယ်။ သူအင်မတန် ဆင်းရဲတော့ သူများအိမ်မှာဘဲ ကျောင်းသားလုပ်ရတယ်။ အဲဒီဘဲတွေထားတဲ့ တဲကို သွားပြီး ကြွက်ဆေးတွေသွားကျွေးရတာသူ ... ကြွက်သေတွေရ တော့ တောဝကျေး တောပက်ကြီးဆိုပြီး အရေဆုတ်ခွါ ကင်စားကြပါတယ်။ မကြာ ပါဘူးမိုးချုပ်ခါနီးမှာ စားတဲ့လူနှစ်ယောက်သေသွားပါလေရော့။ ဒီအကြောင်းတခြားလူ ဆို မပြောလိုပါဘူး။ ကျုပ်ယောက်ဖနှင့် ကျုပ်တူဖြစ်နေလို့ပြောတာပါ။ သူတို့စွဲတဲ့အစွဲ သူတို့စွဲတဲ့အစွဲ (တဏှာ) သူတို့ပဲခံနေရတယ်။ ကြိမ်လုံးတစ်ချောင်းနဲ့ အမေကျွန်း နတ်စင်ကွင်းမှာ (ဘဲတွေရှိတာတော့ ရှိတာမဟုတ်ဘူး) ကြိမ်လုံးတစ်ချောင်းနဲ့ ဘဲကျောင်းနေကြတယ်။ သေခါနီးမှာဘဲ စွဲဖြစ်သွားတဲ့အတွက် သေပြီးတော့ ဘဲ ကျောင်းနေရတယ်။ နာမ်ညွှတ်ရာမှာ ဘဝဖြစ်နေရတယ်။

နောက်တစ်ယောက်ကလည်း ရွှေလက်စွပ်ကို ခေါင်းရင်းမှာ မြှုပ်ထားတယ် အဲဒါလဲ ကျွန်တော့် အဒေါ်ပါပဲ။ အဲဒီရွှေကို စွဲပြီးတော့ ဥစ္စာစောင့်ဖြစ်နေတယ်။

နာမ်ညွှတ်ရာမှာ ရုပ်ဇာတိဖြစ်တယ်ဆိုတာ သူတို့ဖြစ်နေတာကို အသေးစိပ် ဟော အကုန်ဟော ပြန်ပြီးပြောနေရမယ်ဆိုရင် အများကြီး အချိန်ကုန်မှာမို့လို့ အမြွက်လောက်ပြောတာ။ လူတိုင်း လူတိုင်း အစွဲဥပါဒါန်ရှိတယ်။ ရွှေဆိုင်ကို စွဲတဲ့ ပုဂ္ဂိုလ်။ လက်စွပ်ကိုစွဲတဲ့ ပုဂ္ဂိုလ်၊ ခြံကိုစွဲတဲ့ပုဂ္ဂိုလ်၊ သစ်ပင်ကိုစွဲတဲ့ပုဂ္ဂိုလ်။ အဲဒီ အပေါ်မှာ ဥပါဒါန်သွားဖြစ်ပြီး အဲဒီမှာ ဘဝသွားဖြစ်ရတယ်တဲ့။

အစွဲပေမယ့် အစွဲမြင့်၊ အစွဲနိမ့်ရှိတယ်။ ရုပ်တရား၊ နာမ်တရား၊ ပရမတ် တရား၊ ဓါတ်တရား၊ သစ္စာတရားတို့ကို မသိလို့ရှိရင် သေလေတိုင်း သေလေတိုင်း ပုဂ္ဂိုလ်တွေအားလုံး အပါယ်လေးပါးကို ဆင်းရတယ်တဲ့။

အဲဒီလို အဆင့်မြင့်မြင့်ပြောနေတော့ ကျွန်တော်ကဆရာကြီးရဲ့ကျင့်ဖွယ်ကိစ္စကုန်ဆုံးတဲ့အခါကျရင် ကျွန်တော့်အားတစ်နေရာမှာ သုံးနှစ်လောက်သာသနာပြုပေးပါလို့ပြောတော့ သူကမျက်စိမှိတ်ပြီး ဆင်ခြင်တယ်။ ကျုပ်ဘုန်းကြီးဖြစ်ရင် ဒကာကြီးဦးဆောင်ပြီးသာသနာပြုပေးရမယ်လို့ အဲဒီအချိန် အမိန့်ရှိခဲ့ပါတယ်။

အဲဒီအချိန်ကသူဘယ်ကပြန်ရောက်လာသလဲဆိုတော့ တစ်ချိန်ကသူကလူဆိုးဖြစ်ခဲ့တော့ လူတစ်ယောက်က သူ့ကို ချောက်တွန်းလိုက်တာနဲ့ လာဖမ်းပါလေရော့။ အခုတော့ ဖမ်းဆီးတဲ့လူတွေက အပြစ် မရှိလို့ပြန်လွှတ်လိုက်တာပဲ။

## (၁၁)နှစ်နှင့် (၃)လ စွမ်းအင်ကွာခြားပုံ

◆◆◆

ကျွန်တော်ကလဲ အဲဒီအချိန်တုန်းက ဟံသာဝတီတရားတိုက်မှာ တရားအားထုတ်ပါတယ်။ မသိတဲ့လူတွေကိုလဲ တရားပြနေတာ (၁၁)နှစ်ရှိနေပါပြီ။ ဒီလိုတရားစကားပြောနေတာ အားမရနိုင်တော့ ဆရာကြီးသိတဲ့တရားတွေ ဆက်လက် ဆွေးနွေးရအောင်မနက်ဖြန်ခါ ကျွန်တော့်အိမ်ကြွခဲ့ပါလို့ ဖိတ်ကြားလိုက်တော့ သူရောက်လာပါတယ်။ ကျွန်တော်က ဘာစိတ်ကူးတစ်မျိုး ပေါက်လာသလဲဆိုတော့ ကမ္မဋ္ဌာန်းဆရာလဲဖြစ်တော့လူလည်လုပ်တဲ့သဘောပေါ့။ သူ့ကိုတရားစကားမပြောခင် သူ့လက်ကို ဆွဲကိုင်လိုက်တယ်။ ပြီးတော့ လိမ်လိုက်တယ်။ လိမ်လိုက်တာမှ တအားပဲ။ ဒါနဲ့မရပ်သေးဘူး။ ပေါင်တွင်းကြောကို လိမ်ပါသေးတယ်။ ခပ်နာနာလိမ်လိုက်မိတယ်။ သူ့မှာအသား ရယ် လို့မရှိဘူး။ အရိုးနဲ့အရေပဲရှိတယ်။ လက်ကလိမ်ရင်းနဲ့ မျက်နှာကို အကဲခတ်ကြည့်တော့ သူ့အနေနဲ့ လုံးလုံးမသိသလိုဘဲ နေတယ်။ ဒီတော့မှ ငါလုပ်တာမှားပြီ မှားပြီ။ ခွင့်လွှတ်ပါလို့ သူ့ကိုတောင်းပန်တော့ သူက ခွင့်လွှတ်လိုက်ပါတယ်။

ကျွန်တော်က ကမ္မဋ္ဌာန်းဆရာလုပ်နေတာ မှန်ရိမှန်မှားတော့ သိတာပေါ့။ ရုပ်မှန်း၊ နာမ်မှန်းသိပြီ ပေါ့လေ။ သူ့အနေနှင့် ရုပ်ပေါ်မှာ သက္ကာယဒိဋ္ဌိပြုတ်နေတယ်။ အတ္တပြုတ်နေတယ်။ ဟောတဲ့နေရာမှာလည်း ဇာတိတရားကြီးကို ပိုင်းခြားထိုးထွင်းမြင်တယ်ဆိုတာ အင်မတန်ခဲယဉ်းတာပဲ။ စာဟောတာဟောတယ်။ ခန္ဓာဟောနိုင်တဲ့ပုဂ္ဂိုလ်ဟာမရှိပါလား။ ဒီပုဂ္ဂိုလ်ထူးဆန်းပါလား။ ကျွန်တော်ကသူ့ကို ကြည်ညိုတဲ့စိတ်နဲ့စတင်ဆွေးနွေးပါတယ်။ သူနဲ့ ဆွေးနွေးနေတဲ့အချိန်မှာပဲ ကျွန်တော့်စိတ်က နတ်ပြည်တက်ချင်စိတ်က ရောက်သွားခဲ့ပါတယ်။

ယောဂီကြီးစိတ် နတ်ပြည်ရောက်နေတယ်။ နတ်မိဖုရားတွေနဲ့ ပျော်ချင်သေးတယ်နဲ့ တူတယ်။

ကျွန်တော်အံ့ဩသွားပါတယ်။ မှန်လဲမှန်တယ်။ ဟာ ငါ့စိတ်အစဉ်ကို သူသိနေပါလား။

သူက ဒကာကြီး သစ္စာလေးပါးဆိုတာ သိလားလို့မေးတော့ ကျွန်တော်က ဆရာသမားပြောတဲ့ သစ္စာ မှတ်ထားတဲ့သစ္စာကို ပြောလိုက်ပါတယ်။ သူက ဆရာကြီး ကလဲ သူများသစ္စာကို ပါးစပ်ဖျား အငှားလိုက်ယူပြောနေတာပဲ။ သူပြောတာမှ ပါတယ်။ သစ္စာလေးပါးဆိုတာ ကိုယ်ပိုင်သိရမယ်။ ဘယ်ဆရာမှ ကူညီလို့မရဘူး အဲဒီလိုသိမှ သာသနာပြုရမည့် ပုဂ္ဂိုလ်ဖြစ်တယ်။ တရားထူးရအောင် ကြိုးစား အားထုတ်ပါဦး။

အဲဒီအချိန်မှာ ကျွန်တော်တို့ဇနီးမောင်နှံရယ်၊ ရွှေမော်တင်ဘုရားလမ်းက ဦးရွှေဝတို့ဇနီးမောင်နှံရယ်၊ ဒေါ်အေးငွေရယ် အဲဒီလူစုဟာ နှောကုန်းကို လိုက်သွား ကြပါတယ်။

**အထက်ဖော်ပြပါ အကြောင်းအရာများသည် ယောဂီဦးအောင်ထွန်း တရား အားထုတ်သည့် နေ့ ၁၃၂၁ ခုနှစ် တော်သလင်းလဆန်း ၆ ရက်နေ့မှစ၍ (၁) ကျောင်းကလေးသိမ်အတွင်း (၂) ဆေးရိုးပင်အောက် (၃) နှောကုန်းသင်္ချိုင်း (၄) အချုပ်ခံဘဝ ၄၅ရက်စသည့်** နေရာလေးဌာနတို့တွင်အချိန်ကာလအားဖြင့် သုံးလတာ ကာလအတွင်း မိမိခန္ဓာတွင်တွေ့ရှိပြီး ဉာဏ်ပေါ်သမျှ အကြားအမြင်ကိုစွပြောပြခြင်း နှင့် တရားဓမ္မ ဆွေးနွေးခဲ့သည့်အချက်အလက်များသာဖြစ်ပါသည်။ ယောဂီဦးစု (သွားစိုက်ဆရာ) တရားပြဆရာ၏ အတွေ့ အကြုံကာလမှာ (၁၁)နှစ် ဖြစ်ပါသည်။ ဤတွင် ယောဂီဦးစုရက ကိုယ့်စိတ်ကိုယ်စစ်ပြီး သူတော်ကောင်းတို့၏ ဖြူစင်သော စိတ်ထားအလျောက်ဦးအောင်ထွန်း၏ နောက်တကောက်ကောက်လိုက် တော့မည်ဖြစ် ကြောင်း ရှေ့ဆက်ပေါ်လွင်လာပါလိမ့်မည်။ လူလည်မလုပ်တော့ပါ။

ယခုဤအကြောင်းအရာဖော်ပြနေခြင်းသည် တရားအားထုတ်ရာတွင် ဒုတိယ အကြိမ်တရားထူးရရှိပြီးနောက် ဦးအောင်ထွန်းနှင့်ပရိသတ်တွေ့ဆုံကြပုံ ပဏာမမျှသာ ဖြစ်ပါသေးသည်။ ယောဂီ ဦးအောင်ထွန်း အနေဖြင့် ဆက်လက်တရားအားထုတ် ရပါဦးမည်။ သို့မှသာလျှင် တတိယအကြိမ်တရားထူးရပုံအတွေ့အကြုံများ၊ ထူးသော ဉာဏ်များပေါ်လွင်လာပါလိမ့်ဦးမည်။ ယခုဖော်ပြပါများသည် အဓိကအားဖြင့်ပုံပျက် အသုဘများကို သဘောအမြင်၊ မနောအမြင်၊ မျက်စိအမြင်များရရှိပြီး အရိယာ သူတော်ကောင်းများရရှိသည့် ဓမ္မရတနာ တဏှာသတ် ဖြစ်ပါသည်။ ပုံပျက်တော့ မစုံမက်မတာတွယ်။ ပုံမပျက်တော့ စုံမက်တာတွယ်ခဲ့သည့်အဆင့်ရောက်ခဲ့ပါပြီ။ ထိုစဉ်အခါက ဤတရားထူးတရားမြတ်ကို ယောဂီဦးအောင်ထွန်း ခန္ဓာကိုယ်တွေ့ သိရှိခဲ့သော်လည်း သိသာသိသည်။ ထူးသာထူးသည်။ ဘာသိမှန်း၊ ဘာထူးမှန်း ရေရေလည်လည်မပြောတတ်သေးပါ။ တတိယတရားထူး ရသောအခါ၌သာလျှင် ရှင်းလင်း ပြတ်သားစွာ သိခဲ့ပါသည်။ မိမိအနေဖြင့် ရှင်းလင်းသိခဲ့သည့်အတိုင်း လူပုံအလယ် ပရိသတ်ရှေ့မှောက်ရောက်သောအခါ တဏှာသတ် တရားကို ပြန်လည် ဟောပြောခဲ့ပါသည်။

မြန်မာနိုင်ငံတော်အတွင်းတွင် တရားအားထုတ်ခဲ့သောပုဂ္ဂိုလ်သူတော်စင်များ အမြောက်အမြားရှိခဲ့သော်လည်း အတွေ့အကြုံများကို စာပေမှတ်တမ်းတွင် တွေ့ရှိနိုင်ခဲသည်ဟု ဆိုရပါမည်။ မြန်မာနိုင်ငံတွင်သာမက တိဗက်နိုင်ငံနှင့် အိန္ဒိယနိုင်ငံမှတ်တမ်းများတွင်ပင် တွေ့ရခဲသည်ဟု ဆိုလိုပါသည်။ ထိုနိုင်ငံများတွင် ကျင့်ကြံအားထုတ်ခဲ့သော သူတော်စင်များ၏ အတွေအကြုံများမှာ တရားထိုင်နေသည်မှာ မည်မျှအချိန် ကာလကြာညောင်းသည်ကို သဘောပေါက်ရန်ပေါင်ကြားထဲ၌ သစ်ပင်ပေါက်သည့်အကြောင်းမျိုးနှင့် ဤစကြာဝဠာမှ အခြားစကြာဝဠာတွင် ကျင်းပနေသည့် ကမ္ဘာဇိဒ္ဓိတန်ခိုးရှင်များအစည်းအဝေးပွဲသို့ တက်ရောက်ခဲ့ကြောင်း ရေးဆင်ရမ်းဘာ တို့၏ အကြောင်းများကို သိပြီးဖြစ်ပါလိမ့်မည်။ ယခုမြန်မာလူမျိုးတစ်ဦးဖြစ်သူ ယောဂီဦးအောင်ထွန်း၏ အတွေ့အကြုံမှာ မော်ကွန်းဝင်မှတ်တမ်းတင်လောက်အောင်ထူးခြားနေသည်ကိုစာရှုသူများ သိရှိရန်ဖော်ပြပါမည်။ဤအကြောင်းကို ဖော်ပြရေးသားရာတွင် အပိုအလိုမရှိစေပဲ စုံစုံလင်လင်ပါရှိစေရန် -

(၁) သဲအင်းဂူဆရာတော် ပရိသတ်ရှေ့တွင် ဟောကြားခဲ့သည့် တရားတော်များမှ ကောက်နုတ်ချက် (မူရင်း)

(၂) ဆရာတော်အနေဖြင့် အကြောင်းတိုက်ဆိုင်သောအခါ တရားဟောသကဲ့သို့ မဟုတ်ဘဲ၍ ထိုင်ဖြေပြောပြချက်များ

(၃) ဆရာတော်၏ အတိတ်ကဇနီး ဒေါ်စီ (ယခု ဒေါ်ပုညဝတီ) မှတ်မိသမျှ ပြန်ပြောပြ ချက်များ၊

(၄) သဲအင်းဂူ သာသနာတော်ကို စတင်ဖွင့်ခဲ့ကြသည့် မှော်ဘီဦးစုရန်နှင့် ရွှေမော်တင်လမ်း ဦးရွှေဝတို့၏ ပြောပြချက်များနှင့်တကွ

(၅) အမြို့မြို့အရွာရွာတွင် ဖြစ်စဉ်နှင့် ကျင့်စဉ်ဟောကွက်များမှ လိုရင်းတိုရှင်း ကောက်နုတ်ချက်များကို တင်ပြပါမည်။

**မဟာသတိပဋ္ဌာန် – မှ**

စတ္တာရော–လေးပါးကုန်သော သတိပဋ္ဌာန်တို့သည်၊ ကတမေ–အဘယ်နည်း ဟူမူကား၊ ဣဓ ဘိက္ခဝေ တို့၊ ဣဓ ဘိက္ခု ရဟန်းသည် (ဝါ) ဤသာသနာတော်၌ သတိပဋ္ဌာန်တရား အားထုတ်နေကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည်၊ အာတာပီ – ကိလေသာအဝေးစိတ်အညစ်အကြေးကို ပူနွေးခြောက်သွေ့ ကင်းပျောက်စေနိုင်သော၊ သမ္မပ္ပဓါန်–လုံ့လ ဝီရိယ ရှိသည်ဖြစ်၍ (ဝါ) အပြင်းအထန်အားထုတ်သည်ဖြစ်၍၊ သတိမာ – သတိရှိသည် အမှတ်ရသည်ဖြစ်၍၊ သမ္ပဇာနော–မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍၊

ကာယေ–မမြဲဆင်းရဲ အစိုးလည်း မရမလှပသော ရုပ်အပေါင်းတို့၌ ကာယနုပဿီ မမြဲဆင်းရဲ အစိုးမရ မလှပသော ရုပ်အပေါင်းဟူ၍ ရှုမြင်လျက်၊ လောကေ – ဥပါဒါနက္ခန္ဓာ ငါးပါးဟု ဆိုအပ်သော လောက၌၊ အဘိဇ္ဈာ ဒေါမနဿံ – မရှုမိလျှင် ဖြစ်နိုင်သော လောဘနှင့်ဒေါသကို၊ ဝိနေယျ ဖြစ်ခွင့်မရအောင် တဒင်္ဂ ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်ရှားဖျောက်ဖျက်လျက်၊ ဝိဟရတိ – နေနေပါ၏။

ဝေဒနာသု – မမြဲဆင်းရဲ အစိုးလည်းမရ ခံစားမှုမျှသာ ဖြစ်သော ဝေဒနာတို့၌ ဝေဒနာနုပဿီ – မမြဲဆင်းရဲ အစိုးလည်းမရ ခံစားမှုမျှဟု ရှုမြင်လျက်၊ လောကေ – ရှုမြင်အပ်သော ခံစားမှု လောက၌၊ အဘိဇ္ဈာ ဒေါမနဿံ – အဘိဇ္ဈာနှင့် ဒေါမနဿကို (ဝါ) မရှုမိလျှင်ဖြစ်နိုင်သော လောဘနှင့် ဒေါသကို ၊ ဝိနေယျ – ဖြစ်ခွင့်မရအောင် တဒင်္ဂ ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်ရှားဖျောက်ဖျက်လျက်၊ ဝိဟရတိ – နေ၏။

စိတ္တေ–မမြဲဆင်းရဲအစိုးလည်းမရ ကြံသိမှုမျှသာဖြစ်သောစိတ်၌၊ စိတ္တာနုပဿီ –မမြဲဆင်းရဲအစိုးလည်းမရ ကြံသိမှုမျှသာ ဖြစ်သောစိတ်၌၊ ကြံသိမှုမျှဟု ရှုမြင်လျက်၊ လောကေ – ကြံသိမှုမျှဖြစ်သော လောက၌ (ဝါ) ဥပါဒါနက္ခန္ဓာလောက၌၊ အဘိဇ္ဈာ ဒေါမနဿံ–အဘိဇ္ဈာ နှင့် ဒေါမနဿကို (ဝါ) မရှုမိလျှင် ဖြစ်နိုင်သောလောဘနှင့်ဒေါသကို၊ ဝိနေယျ–ဖြစ်ခွင့်မရအောင် တဒင်္ဂ / ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်ရှား ဖျောက်ဖျက်လျက်၊ ဝိဟရတိ – နေ၏။

ဓမ္မေသု – မမြဲဆင်းရဲ အစိုးလည်းမရ အတ္တမဟုတ်သော သဘောတရားတို့၌ ဓမ္မာနုပဿီ–မမြဲဆင်းရဲ အစိုးလည်းမရ အတ္တမဟုတ်သော သဘောတရားမျှဟု ရှုမြင်လျက်၊ လောကေ – ရှုမြင်အပ်သော လောက၌ (ဝါ) ဥပါဒါနက္ခန္ဓာလောက၌ အဘိဇ္ဈာ ဒေါမနဿံ–မရှုမိလျှင် ဖြစ်နိုင်သော လောဘနှင့် ဒေါသကို၊ ဝိနေယျ–ဖြစ်ခွင့် မရအောင် တဒင်္ဂ/ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်ရှားဖျောက်ဖျက်လျက်၊ ဝိဟရတိ – နေ၏။

မိမိခန္ဓာကိုယ်အား အနားမပေးတော့ပဲ အထက်တွင်ဖော်ပြခဲ့သည့် မဟာသတိပဋ္ဌာန် လမ်းစဉ်အတိုင်း ဦးအောင်ထွန်းမှာ မူလဆေးရိုးပင်အောက်မှာပင် ပြင်းထန်စွာတရားအားထုတ်လျက်ရှိပါသည်။ သမာဓိအရာ၌ကား ဒုတိယအဆင့်ထက် နှစ်ဆပိုပါသည်။ ယခင်ဆုံးဖြတ်ထားသည့်အတိုင်းပင် အရိုးကြေကြေ အရေခန်းခန်း တရားအားထုတ်နေသော ဦးအောင်ထွန်းကား သမာဓိကြောင့်ဖြစ်သော အကြည်ဓါတ်တစ်မျိုး ရရှိနေပါသည်။

ဤအကြည်ဓာတ်သည် ဒုတိယအဆင့်တွင် မြင်ရသော အကြည်ဓာတ်ထက်သာလွန်ပါသည်။ အနီးအနားတွင်ရှိသော အရာဝတ္ထုများကိုလည်းကောင်း၊ တစ်နယ်ရပ်ခြား ရပ်ဝေးတွင်ရှိသော အရာဝတ္ထုများကို လည်းကောင်း မျက်စိဖွင့်ထားသည်ဖြစ်စေ ၊ မှိတ်ထားသည်ဖြစ်စေအာရုံပြုသည့်အခါတိုင်းပင်မြင်နေရပါသည်။

ပထမ အသုဘပုံပျက်များအစား ဝိဇ္ဇာပညာဦးစီးလာသောအခါ ရုပ်နု/နာမ်နုလေးများအား မြင်တွေ့လာပါသည်။ ပညတ်အနေအထားဖြင့် သုံးသပ်လိုက်သည့်အခါတွင် ပထမအဆင့်၌ ပုဂ္ဂလပညတ်ကို လည်းကောင်း၊ ဒုတိယအဆင့်၌ သဏ္ဌာနပညတ်ကိုလည်းကောင်း၊ ယခုတတိယအဆင့်၌ ဃနပညတ်ကို လည်းကောင်း၊ ပယ်သတ်လိုက်နိုင်ပါသည်။

ယခုအခါ ဦးအောင်ထွန်း၏ အမြင်အာရုံ၌ အပုပ်အပွ အသုဘအစားရုပ်ကလာပ်ပုံများကိုသာမြင်နေရပါသည်။ ဤအမြင်မျိုးဖြစ်ပေါ်လာပုံ အကြောင်းရင်းမှာ ဦးအောင်ထွန်းသည် အစားမမှန် အအိပ်မမှန်သော ရက်များ များပြားလာသောအခါတွင် ခန္ဓာကိုယ်ကြီးမှာ ယိမ်းယိုင်ချိနဲ့နေပါသည်။ ဆီးချုပ်/ဝမ်းချုပ်ဖြစ်နေ သောကြောင့် နာတာရှည်လူမမာကြီးကဲ့သို့ပင် ခံစားနေရ ပါသည်။

သို့နှင့်ပင် ၁၃၂၁ခု တပေါင်းလပြည့်ကျော် ၄ ရက် (အင်္ဂါနေ့) ညနေစောင်းတွင်ဦးအောင်ထွန်းအနေဖြင့် အပေါ့အလေးသွားရန် တူတော်စပ်သူ ဦးချင်းယောက်၏ခြံအတွင်းသဘာဝအတိုင်း ဝါးငုတ်တိုပေါ်တွင်ထိုင်နေပါသည်။ ဆီးချုပ်၊ ဝမ်းချုပ်ဒဏ်ကိုခံစားရင်းပင် ရုတ်တရက်ထိုဒဏ်များ ပျောက်သွားပြီး အေးချမ်းလှသော နေရာတစ်ခုသို့ ရောက်သွားပါသည်။ ထိုနေရာတွင် အချိန်မည်မျှကြာသည်ကို မသိရပါ။

အလွန်ပင်ချမ်းသာနေပါသည်။ စိတ်ဇောကျ၍ အသိစိတ်ဝင်လာသောအခါ ခန္ဓာကိုယ်ကြီးသည် လှုပ်ရှား၍ မရဘဲ တောင့်တင်း၍ နေပါသည်။ အတော်ကြာမှ သင်ခြင်သောအခါ ငြော် ငါရောက်သွားတာ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံတည်းဟူသော ဘုံသုံးပါး၏ အထွတ်အထိပ်ပါလား။ ဉာဏ်အရာမှာလည်း အထွတ်အထိပ်ပါလား။ သခါရ ရူပက္ခဉာဏ်တိုင်အောင်ရောက်နေပါလား ဟုသိနေပါသည်။

ဤအသိဉာဏ်ကိုသဲအင်းဂူဆရာတော်အဖြစ်သို့ ရောက်ပြီးသောအခါ တရား ဟောပွဲတိုင်း၌ လောကီနှင့်လောကုတ္တရာ နယ်ခြားမှတ်တိုင်ပေါ် ထိုင်နေသည့်အလား ဟိုဘက်ဒီဘက်နှစ်ဘက်စလုံးမြင်နေရပေသည် ဟု မိန့်တော်မူပါသည်။

မှော်ဘီမြို့နယ် သန္တေပင်ရွာသို့ သဲအင်းဂူဆရာတော် ခုနစ်ဝါရစဉ်က ထို တရားထူးကို မည်ပုံမည်နည်းရရှိသည့်အကြောင်း မူရင်းတိတ်ခွေမှ ကောက်နုတ်ချက် များကိုလည်း ဖော်ပြပါမည်။

ဤအခြေအနေသည် ဦးအောင်ထွန်း၏ ဒုတိယအဆင့်မှ တတိယအဆင့်သို့ ကူးပြောင်းသွားသောအချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် မနောအာရုံ၌ လောကတစ်ခွင် ကျင်လည်ကျက်စားကြကုန်သောသတ္တဝါအလုံးစုံကိုတွေ့မြင်နေရပါသည်။ မိမိကိုယ်တိုင် ပထမအကြိမ် တရားထူးရစဉ်က တွေ့ကြုံခဲ့ရပုံနှင့် ဒုတိယအကြိမ်တရား ထူးရပုံများ အရ ဤကားရုပ်၊ ဤကားနာမ်ဟူ၍ အကြောင်းအကျိုးစသည်များကို ပြန်လည် ပြောပြတတ်လာပါသည်။

တိုင်ထိပ်အပေါ်စီးမှ ကြည့်နေသောသူသည် တိုင်အောက်ရှိရှုခင်းများကို လိုရာတွေ့မြင်ရသကဲ့သို့ပင် ဦးအောင်ထွန်းမှာ သတ္တဝါအပေါင်းအား မြင်တွေ့နေခြင်း ဖြစ်ပါသည်။ ဟိုမှာဘက်ကမ်းကိုကြည့်လျှင် သံသရာကြောမျောနေသော မြင်ကွင်း ဒီမှာဘက်ကမ်းအားကြည့်လျှင် သံသရာမှ လွတ်ရာလွတ်ကြောင်း နိဗ္ဗာန်သို့ အာရုံပြု နိုင်သော အဆင့်သို့ရောက်ရှိပြီဖြစ်ပါသည်။

အထက်တွင်ဖေါ်ပြချက်များမှာ တတိယအကြိမ် တရားထူးအား ဝါးငုတ် ပေါ်တွင် မြင်တွေ့ရသောအခြေအနေများပင်ဖြစ်ပါသည်။ ထိုစိတ်များဖြစ်ပေါ်နေမှု ကို ဦးအောင်ထွန်းမှလွဲ၍ မည်သူသိရှိနိုင်မည်နည်း။ ဦးအောင်ထွန်းအနေဖြင့် အချိန်မည်မျှကြာအောင်ထိုင်နေခဲ့သည်ကို မသိပါ။

၄င်းကိုယ်တိုင်ပြောပြခဲ့ဖူးပါသည်။ ဆင်ခြင်ကြည့်သည့်အခါမှသာလျှင် မိမိ၏ အပြစ်အားကောင်းစွာ သဘောပေါက် နားလည်ပါသည်။ စိတ်ဇောကျပြီးသောအခါ အခိုက်အတန့်တွင် ခန္ဓာကိုယ်အနေအထားမှာ တောင့်တင်းနေပါသည်။ မျက်မြင်အာရုံ အတွေ့အကြုံအရ ဦးအောင်ထွန်းအဖို့အလွန်ပင် ချမ်းသာနေကြောင်း သိရှိရ ပါသည်။

ဦးအောင်ထွန်းဘဝမှ သဲအင်းဂူဆရာတော်ဘဝသို့ ရောက်ရှိသောအချိန်တွင် စိတ်ချမ်းသာသည့် ၄င်းနေရာသို့ တစ်နေ့လျှင် (၄-၅) နာရီခန့် (၆) လမျှ နာမ်ညွတ် ပြီးသွားရောက်နေထိုင်ကြောင်း ပြောလေ့ရှိပါ သည်။ ယောဂီဦးအောင်ထွန်းအနေဖြင့်

ပထမခြောက်ရက်အတွင်း သိမ်ထဲတွင် ဓာတ်လေးပါးတို့၏ ဖေါက်ပြန်မှု ဒဏ်ကို အကြီးအကျယ်ခံရပြီးနောက် ဒုတိယအကြိမ် ဆေးရိုးပင်အောက်နှင့် နှောကုန်းသင်္ချိုင်းစသည့်နေရာများတွင် တရားထိုင်စဉ် ပုံပျက် အသုဘ အလောင်းများအား မျက်မြင်တွေ့ရသည့် မြင်ကွင်းများသာ ဖုံးလွှမ်းသွားပါသည်။

ယခုတတိယအကြိမ် တရားထူးရပုံမှာ မျက်မြင်ပုံပျက်အသုဘများ ပျောက်ကွယ်သွားပြီး မြင်မြင်သမျှ တောတောင်ရေမြေများသည် အစိုင်အခဲ မဟုတ် တော့ပဲ အမှုန်အမွှားများသာမြင်နေရပါသည်။ ထိုအမှုန်အမွှားများ၏ အဆင်းများကို မြင်နေရသောကြောင့် အဆင်းရုပ်ပေါ်တွင် ဦးအောင်ထွန်း၏ စိတ်ကအဆင်း ရူပါရုံပေါ်တွင် တွယ်နေပါသည်။

ဝင်လေ/ထွက်လေမူကား အလွတ်မပေးခဲ့ပါ။ မူလတရားအား ထုက်ကာစတွင် ထွက်လေဝင်လေကို အထူးအာရုံစိုက် သတိထားနေရသော်လည်း ယခုမှာဝသိပေါ် အလေ့အကျင့် များနေပြီဖြစ်သော ကြောင့် ဝင်လေထွက်လေကို ဝင်မှန်းသိ၊ ထွက်မှန်းသိနေပါတော့သည်။ မျက်မြင်အားဖြင့် အပုပ်အပွအစား အမှုန်အမွှားလေးများသာ မြင်နေပါတော့သည်။ ထိုအမှုန်များကိုကြည့်ပြီး အမှုန်တစ်ခု နှစ်ခု စသည်ဖြင့် သချာပြု၍ ရေတွက်ရန် ကြိုးစားခဲ့သော်လည်း အလွန်များသည့်အမှုန်များကို မရေတွက်နိုင်ခဲ့ပါ။ အကြိမ်ကြိမ် အဖန်ဖန် ကြိုးစားခဲ့သော်လည်း ရေတွက်ခြင်းငှာ မတတ်နိုင်သောကြောင့် နောက်ဆုံးလက်လျှော့လိုက်ပါသည်။

ထိုသို့လက်လျှော့လိုက်သောအချိန်တွင် ဦးအောင်ထွန်း၏စိတ်မှာအစဉ်ထွေယျ၊ အစဉ်ထွေယျ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တစသည်ဖြင့် ယခင်က မြတ်စွာဘုရား၏ ပုံတော်အားကြည့်၍ ရှိခိုးပူဇော်ခြင်းကို ယခုမူ ဦးအောင်ထွန်း၏ စိတ်ထဲဝယ် ပုံတော်အား မှန်းဆမှုမရှိတော့ဘဲ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုသာ စိတ်ထဲတွင် ကြည်လင်ရှင်ပြစွာဖြင့် အောက်မေ့ကြည်ညိုနေပါတော့သည်။

ထိုသို့စိတ်ပြောင်းလဲခြင်း၊အမြင်အာရုံများ ပြောင်းလဲခြင်းပြီးနောက်လည်ပင်းတွင် အမြဲတစေ စွဲထားသော စိပ်ပုတီးသည်လည်း ချိတ်ပုတီးအဖြစ်သို့ ရောက်ရှိသွားပါသည်။ နှုတ်မှရွတ်ဆိုလေ့ရှိသော ဘုရားရှိခိုး ကိုလည်းကောင်း၊ အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်တိုင်၊ မြောက်ဓူဝံစသည့် ရွတ်ဆိုမှုဖြစ်သည့် သညာရွတ်ဆိုမှုကို မရွတ်တော့ပဲ စိတ်အာရုံဖြစ်ကာ ပရမတ္ထ ဂုဏ်တော်များအား ကြည်ညို၍ မဆုံး စိတ်ဖြင့်ကြည်ညို နေပါသည်။

ယောဂီဦးအောင်ထွန်းအနေဖြင့် ပရမတ္တဂုဏ်တော်များအားစိတ်ထဲမှကြည်ညို နေခြင်းကို လူအများမသိခဲ့ပါ။ ထိုကိစ္စများနှင့်ပတ်သက်၍ ဦးအောင်ထွန်းဘဝမှ သဲအင်းဂူဆရာတော်ဘဝသို့ ရောက်ရှိစဉ်အတွင်း ဆရာတော်ဘုရားကြီးမှာ အမြို့မြို့ အနယ်နယ်သို့တရားဟောရောက်ရှိစဉ် ဆရာတော်ဘုရားကြီးမှပြန်လည် ဟောကြားခဲ့ သော (စာအုပ်ထုတ်ဝေပြီး) ဖြစ်ပါသည်။

၎င်းစေတီလေးပါးမြတ် တရားဟောပြောရန် ဖြစ်ပေါ်လာရခြင်း အကြောင်း ရင်းမှာ သဲအင်းဂူဆရာတော်ဘုရားသည်တစ်ချိန်ကဟသ်ာတမြို့တွင် တရားဟောပြော ပြသရန် အကြောင်းပေါ်ခဲ့ပါသည်။ အစဉ်အလာအရ တရားပွဲနားသည့်အချိန်များတွင် ဟသ်ာတမြို့ယောဂီများက ဆရာတော်ဘုရားအား ဟသ်ာတမြို့ ပေါ်ရှိ တန်ခိုးကြီး ဘုရားများသို့ပင့်ဆောင်ခေါ်သွားပါသည်။ သဲအင်းဂူဆရာတော်ဘုရားကလည်းယောဂီ များ ပင့်ဆောင်ရာသို့ အတူတကွ ကြွရောက်ခဲ့ပါသည်။ ထိုသို့မြို့တစ်ပတ်လှည့်ပြီး တည်းခိုရာစံကျောင်းသို့ပြန်ရောက် လာသောအခါ လူတစ်စုကတိုးတိုးတစ်မျိုး၊ မကြား တကြားတစ်ဖုံ “ဒီဘုန်းကြီးက ငါးမျက်နှာဘုရား ရောက်တာတောင် ဝတ်မပြဘူး” ဟူ၍ ကဲ့ရဲ့သဂြိုလ်အပြစ်ဆိုသည့်အကြောင်းကို ဟသ်ာတယောဂီ အမေနက်က သဲအင်းဂူ ဆရာတော်ဘုရားအားပြန်၍ လျှောက်လိုက်ပါသည်။

၎င်းသည်ကိုအကြောင်းပြုပြီး သဲအင်းဂူ ဆရာတော်ဘုရားက (၁)ဓါတုစေတီ (၂) ပရိဘောဂစေတီ (၃) ဥဒ္ဒိဿစေတီ (၄) ဓမ္မစေတီတည်းဟူသော စေတီလေးပါးကို တည်ထားကိုးကွယ်ကြရာတွင် ပညတ်အာရုံနှင့် ပရမတ်အာရုံနှစ်မျိုးရှိရာ– မိမိအနေ ဖြင့်မြတ်စွာဘုရားအားမည်ကဲ့သို့ဖူးမြော်ကြည်ညိုခဲ့ကြောင်းဟောခဲ့ပါသည်။ အပြစ်တင် သောသူများ သဘောပေါက်သွားကြပါသည်။

အမေနက်က သဲအင်းဂူတွင် ဇရပ်ဆောက်ပြီး သဲအင်းဂူတွင် ခန္ဓာပျက်သည် အထိ နေသွားပါသည်။

## သန္ဓေပင်ဟောကွက်မှ ကောက်နုတ်ချက်

◆ ◆ ◆

၁၄၉၃ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်နေ့ည ၉နာရီအချိန်တွင် ဘုရားအမကြီး ဒေါ်ညို (ခ) ဒေါ်ညိုညိုမြင့် အမှူးပြုသည့် မိသားတစ်စုက သဲအင်းဂူ ဆရာတော်ဘုရားကြီး၏ ဟောကြားတော်မူသော သန္ဓေပင်တရားအား ကူးယူရန် အတွက် ဦးနန္ဒဝံဘာသအရှင်သူမြတ်အား တိတ်ခွေတစ်ခုလှူဒါန်းခဲ့ပါသည်။ နတ်လူ

သာဓုခေါ် စေသော်။ ဓမ္မဒါနကူးပေးသူ ဦးတင်ဝင်းတရားထူးရကြပါစေသော် (သာဓု သာဓု ၊ သာဓု )

မှတ်ချက် ။ ။လိုအပ်သည့် မဂ်ကျပုံအကြောင်းကိုသာ ဖော်ပြထားပါသည်။

အခုဆုလည်းပေးပြီးပါပြီ။ ဆုပေးပြီးတော့ အခုဟာဒီည ဒါယကာ၊ဒါယိကာမ တွေလည်းအကြောင်းတရား၊ အကျိုးတရားပေါ့လေ။ ဦးပဥ္စင်းက ဓမ္မကထိက ပုဂ္ဂိုလ် တော့မဟုတ်ပါဘူးသီလဆိုတဲ့ ဥစ္စာက ဦးဇင်းတို့က အတိတ်ကာလတုန်းက ဘုန်းကြီး ဆီတောင်းမှ ရတယ်လို့ ဒီလိုထင်တယ်။ သီလဆိုတာ ကိုယ်ကထိန်းသိမ်း စောင့်ရှောက်မှရတဲ့ သီလတောင်းယူလို့ရတဲ့ သီလမျိုးမဟုတ်ဘူး။ ကိုယ်ကထိန်းသိမ်း ရတဲ့သီလပါ။အကြောင်းတရား၊ အကျိုးတရားဆိုတာဘယ်လိုလဲ။သန္ဓေပင်ကိုးလုံးကွင်း ဆိုတဲ့ရွာ။ခါတိုင်းနှစ်တွေနှစ်တွေကလည်းမရောက်ဖူးပါဘူး။ဒီညဟာရောက်လာပါတယ်။ ဘာကြောင့်ရောက်လာလဲ။ ဒီနားကဗိုလ်ကံညွန့်တဲ့။ နောက်ပြီးတော့ သူ့ဇနီးတို့ နှစ်ယောက်ဟာဖြင့် အကြောင်းတရား၊ အကျိုးတရားဖြစ်ပါတယ်။ သူတို့အကြောင်း တရားကြောင့် အခုအကျိုးတရား ဦးပဥ္စင်းဒီမှာလာပြီးတော့ သန္ဓေပင်မှာတရားဟော ရပါတယ်။ ဦးဇင်းဟာ အခု ရဟန်းဝါ ခုနစ်ဝါရပါပြီ။ တစ်ဝါလေးပဲ သက်သာပါတယ်။ တစ်ဝါလေးမှာတော့ ဩော်ငါတော့ ချမ်းသာပြီ။ သပိတ်တစ်လုံးနဲ့ သင်္ကန်းသုံးထည် နဲ့ပဲနေတော့မယ်။ ငါဟိုတုန်းက ဆိုးတေလာခဲ့တဲ့ဥစ္စာ၊ မသိခင်တုန်းက ငါမိုက်ခဲ့တယ်။ မသိခင်တုန်းက ငါပြုလုပ်ခဲ့တယ်။ ဘုရားလဲ ဟောထားတယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား ထိုလေးပါး။ မသိခင်တုန်းကတော့ မပယ်ခဲ့ဘူး။ အဲဒီတပေါင်း။ အဲဒီတပေါင်းလ ကျတော့ တပေါင်းလပြည့်ကျော် လေးရက်ကျတော့ (၂)ချက်ကြားနဲ့ (၁) ချက်ကြားမှာ အဲဒီမှာ တရားစင်ပေါ် ကနေပြီးတော့ ထိုင်ရင်း၊ ထိုင်ရင်းနဲ့ တစ်နေ့မှလဲပဲ ဆွမ်းတွေ၊ ထမင်းတွေ ဘာတွေလဲပဲ မစားနိုင်တော့ဘူး။ မစားနိုင်တော့ ဝေဒနာတွေဖြစ်ကုန်ပြီ။ ဝေဒနာဖြစ်လို့ ဝေဒနာသဉ်းဆိတ်ပြီ။ သဉ်းဆိတ်တဲ့အချိန်အခါကျတော့ စိတ်ကလေး ကတည်ငြိမ်ပြီးတော့ချမ်းသာပြီးတော့ နေတဲ့အချိန်အခါကျတော့ အဇ္ဈတ္တသဏ္ဍာန်ထဲက နေပြီးတော့ အာဟာရကလဲ နည်းလာတော့ ဓာတ်ကသိပ်ချုပ်တယ်။ ဓာတ်ကချုပ် တော့ဝေဒနာတွေဖြစ်လာတယ်။ ဝေဒနာတွေဖြစ်လာတော့ အဲဒီတော့မှတရားစင်ပေါ် ကနေပြီးတော့ ဝါးရုံတောထဲသွားပြီးတော့ ကျင်ကြီးစွန့်မလို့သွားတာ ဝါးလုံးပေါ် သစ်ငုတ်ပေါ် ထိုင်ပြီးတော့ အဲဒီတော့ ဦးပဥ္စင်းဟာ နှလုံးသွင်းဆင်ခြင်လိုက်တယ်။

ကြော် ဒီလူနှင့် ဒီနာ လေရောဂါထလာတဲ့လူ။ ဗိုက်ထဲက တလိပ်လိပ်ပြီး တော့ ပညတ်လိုတက်လာတယ်။ တက်လာတဲ့အချိန်က အဲဒီမှာ နှလုံးသွင်း လိုက်တယ်။ ကြော် ဒီရုပ်နှင့် ဒီနာမ် ဖြစ်လာရင် ဒီရုပ် ဖေါက်ပြန်တဲ့ဝေဒနာတွေ ခံစားရမှာပါလား။ ဒါလဲပဲ ဖြစ်ပျက်နေရတဲ့ ဥစ္စာ သူ့သဘောပဲ။ ဒီရုပ်ဝေဒနာတွေ ဖြစ်လာတဲ့အချိန်မှာဝါးငုတ်ပေါ် ထိုင်ပြီးတော့ ကော့နေလိုက်တဲ့ချိန်ခါမှာ ဒီဝေဒနာကြီး ကို အသိကပ်ထည့်ပြီးတော့ နှလုံးသွင်းလိုက်တဲ့အချိန်မှာ ဘယ်လိုဖြစ်လာလဲဆိုတော့ ခန္ဓာကိုယ်ကြီးဟာ ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်းဖျဉ်း ဆိုပြီးတော့ သေနတ်များ ခလုတ်မောင်း ဖြုတ်လိုက်သံလို အလင်းရောင် ဓာတ်ကြီးကပေးလိုက်တယ်။ တလောကလုံးကို တစ်ခါထဲထိန်ပြီး တစ်ခါထဲဘယ်လို ဖြစ်သွားသလဲ။ အလင်းရောင် ဓာတ်ကြီးက ရှိုးဆို အသံကြီးပါ တစ်ခါတည်း ကြားရတယ်။ ပေးလိုက်တယ်။ ပေးလိုက်တော့ အဲဒီအချိန်အခါမှာ မြင်ရတဲ့အမြင်ဟာ ဘာတွေမြင်ရသလဲ။ ငရဲကြီးရှစ်ထပ်လည်း မြင်ရတယ်။ ငရဲခံနေရတဲ့ဥစ္စာတွေလဲ အကုန်မြင်ရတယ်။ နတ်ပြည် ခြောက်ထပ်လည်း တပေါင်းတည်း။ ဗြဟ္မာ၂၀လဲတစ်ပေါင်းတည်းကို သွားမြင်ရတယ်။ အကြည်ဓာတ်ကြီး က ဖေါင်းကားပြီးတော့ ရှိုးဆိုပြီးတော့ အကြည်ဓာတ်ကြီးဖေါင်းကားပြီး အကုန် မြင်ရတာပဲ။ တလောကလုံး အကုန်မြင်ရတာပဲ။ မြင်ရတဲ့ အချိန်မှာ အကြည်ဓာတ် ကိုသွားပြီး စိတ်ကလေးအရောက်မှာ ဝေဒနာပဲ။ ဝေဒနာ ကိုမသိ မခံစားတော့ပဲနဲ့ အကြည်ဓာတ်ကနေပြီးတော့ တစ်ခါထဲ ရှိုးဆို အကြည်ဓါတ်ကြီး ဆောင့်တက်လိုက် တာ တစ်ခါထဲ နတ်ပြည် ၆ထပ်၊ ဗြဟ္မာ ၂၀၊ အဝီစိထိအောင် အကုန်မြင်ရတယ်။ မြင်ရတဲ့ အချိန်အခါမှာ အဲဒီတော့မှ စိတ်ကလေးက ဘယ်လိုဖြစ် သွားသလဲ။ အကြည်ဓါတ်ကိုသွားပြီး လှစ်လွှတ်လိုက်တယ်။ အလင်းရောင်ဓာတ်ကြီး လှစ်လွှတ် လိုက်တော့ အဲဒီမှာငရဲတွေလည်းမြင်ရ၊ ဗြဟ္မာတွေလည်းမြင်ရ၊ နတ်ပြည် ၆ထပ် လည်းမြင်ရ။ အဲဒီလိုမြင်လိုက်တဲ့အချိန်မှာ ခန္ဓာကြီး ရင်ထဲ နှလုံးထဲ ဆွဲခါလိုက်သလို ဒင်းဆို တစ်ခါတည်းပြုတ်ကျသွားတယ်။ စိတ်ကလေးက တစ်ခါတည်း ဘယ်ရောက် သွားသလဲ။ တစ်ခါတည်း အထက် ရောက်သွားရော။ စိတ်ကလေး ရောက်သွားတယ်။ စိတ်ကလေးရောက်သွားတော့ ဟိုအပေါ် တင်ပဲသိရတယ်။ ဘယ်လိုသိရ ကြော်တယ် ငြိမ်းပါလား။ တယ်ချမ်းသာပါလား ဒီလိုသိရတယ်။ သိရတဲ့အချိန်မှာ ကြော် ဒီအပေါ် တင်မှာပဲ စိတ်ကလေးက အထက်မင်္ဂ အာရုံပြုလိုက်တဲ့အချိန်မှာ အထက်ကို တယ်ချမ်းသာပါလား၊တယ်ငြိမ်းပါလား၊တယ်အေးမြပါလား။ အဲဒီပေါ် တင်သိရတယ်။

ခုတင်အောက်မှာဘယ်လောက်များကြာနေလို့စိတ်ကလေးကတော့အပေါ် ရောက်သွားတယ်။ အောက်မှာခြောက်နေတဲ့ ဝါးငုတ်ပေါ်မှာ ဆောင့်ကြောင့်လေး ထိုင်နေတဲ့ ဥစ္စာဟာ ဘယ်လောက်ချုပ်နေလဲတော့ မပြောတတ်ဘူးပေါ့။ နောက်စိတ် ကလေးက အပေါ်မှာ ငြိမ်းအေးတဲ့သဘောတရားကြီး၊ ချမ်းသာတဲ့သဘောတရားကြီး၊ ဒီဟာ သွားတွေ့လိုက်ပြီးတော့အောက်ကိုပြန်ပြီး သတိရလာတဲ့အခါ စိတ်ကလေးအောက်ပြန် ကျလာတဲ့အခါ ကြည့်လိုက်တော့ ခန္ဓာကိုယ်ကြီးဟာ ကျောက်တိုင် ကျောက်ခဲကြီး လို ဖြစ်နေတယ်။တစ်ခါတည်းခန္ဓာကိုယ်ကြီး တောင့်ပြီးတော့ဝါးငုတ်နှစ်ခုပေါ် ခန္ဓာကိုယ်ကြီး က ထိုင်ရက်သားကြီးက ကျောက်တိုင်ကြီးလိုဖြစ်နေ တယ်။ အဲဒီတော့မှ စိတ်ကလေး ပြန်ပြီးတော့ စိတ်ကလေး ပြန်ချ။ စိတ်ဇောပြန်ချ လိုက်တဲ့အချိန်အခါကျတော့၊ ခန္ဓာကိုယ်ကြီးဟာ လျော့ပြီးသွားတယ်။ အဲဒီတော့မှ စိတ်နှလုံး သွင်းပြီး ဆင်ခြင်ကြည့် လိုက်တယ်။ ငါခုနတုံးကရောက်ခဲ့တဲ့ဥစ္စာက ငြိမ်းအေးတဲ့ သဘာဝ သဘောတရားကြီး ဟာ အင်မတန် သန္တိသုခ ပြည့်စုံတဲ့ နေရာကြီးပဲ။ အဲဒီဟာကြီး ကိုမြင်လိုက်တဲ့ ချမ်းသာသုခပြည့်စုံတဲ့နေရာကြီးကိုရောက်လိုက်တော့အောက်ကျတော့ပြန်ပြီးခန္ဓာကိုယ် ရုပ်နာမ် ပြန်ဖြစ်လာတဲ့အချိန် အခါကျတော့ ဆင်းရဲလာပြီ။ ဘယ်လိုဆင်းရဲ လာလဲ။ မြင်ရတာလည်း ဆင်းရဲတယ်။ ကြားရတာလည်း ဆင်းရဲတယ်။ နံရတာလည်းဆင်းရဲ တယ်။ စားတဲ့အရသာလည်း စားနေရတာလည်းဆင်းရဲတယ်။ အတွေ့တွေ့ထိနေရတာ ဆင်းရဲတယ်။ မကောင်းတာတွေသိပြီး ။ မကောင်းတာသိပြီ။ သိနေရတာဆင်းရဲတယ်။ အဲဒီတော့မှ ဆင်းရဲတော့မှ နှလုံးသွင်းပြီးဆင်ခြင် ပစ္စဝေက္ခဏာ ဆင်ခြင်ကြည့် လိုက်တယ်။ ကြည့်စမ်း အခုငါဘယ် ရောက်နေလဲ။ ဒီစိတ်ဖြစ်နေတဲ့ ဥစ္စာအတိတ်က စိတ်မျိုးနဲ့လည်း ငါမတူတော့ပါလား။ မျက်စိကမြင်တိုင်းဆင်းရဲတယ်။ အသံကြား တိုင်း အသံကြားတိုင်းလည်းဆင်းရဲတယ်။ အနံ့နံတိုင်းလည်းဆင်းရဲတယ်။ ရသာ ဖြစ်ရာ စားတိုင်းမှာလည်းဆင်းရဲတယ်။ မငြိမ်းတော့ဘူး။ မချမ်းသာတော့ဘူး၊ ဘာကြောင့်လဲတဲ့။ ဝေဒနာတွေ ခံစားနေရတော့ ဆင်းရဲခြင်းသဘာဝသည် ဒုက္ခ သစ္စာကြီးမြင်၊ မြင်ရတာလည်း ဆင်းရဲတယ်။ အင်မတန်ဆင်းရဲဒုက္ခကြီးတွေကြားရတဲ့ အသံမှာလည်း ဆင်းရဲ၊ နံရတဲ့အနံ့မှာလည်း ဆင်းရဲ၊ စားရတဲ့အရသာမှာလည်း ဆင်းရဲ၊ တွေ့ထိတွေ့ရတဲ့ ထိရမှာလည်းဆင်းရဲ၊ ဓမ္မလည်း သိရမှာဆင်းရဲ၊ကောင်းတာ လည်းသိရတာဆင်းရဲ၊ မကောင်းတာလည်း သိရတာဆင်းရဲ။ ဒီဆင်းရဲတဲ့သဘောကြီး ကို တွေ့ထားတော့ ပစ္စဝေက္ခဏာဆင်ခြင်ကြည့် လိုက်တယ်။ အတိတ်ကလည်း သိခဲ့တဲ့

အသိမျိုး မဟုတ်တော့ပါလား၊ အတိတ်က မြင်တဲ့အမြင်မျိုးလည်း မဟုတ်ဘူး၊ အတိတ်ကကြားတဲ့ အကြားမျိုးလည်း မဟုတ်ဘူး၊ အတိတ်က နံတဲ့အနံ့မျိုး၊ အသိမျိုး လည်းမဟုတ်။ အတိတ်ကမြင်ပြီး သိတဲ့အသိ၊ အတိတ်ကကြားပြီးသိတဲ့အသိ၊ အတိတ်က နံပြီးသိတဲ့အသိ၊ အတိတ်ကစားလို့သိတဲ့ အသိအတိတ်ကထိလို့သိတဲ့အသိ၊ အတိတ်မနောနဲ့ဓမ္မနဲ့ပေါင်း ဆုံလိုက်တဲ့ချိန်ခါ အတိတ်ကသိတဲ့အသိမျိုးတော့ ငါမဟုတ်တော့ပါလား။ အတိတ်ကစိတ်တွေက တစ်မျိုးကြီးပဲ။ အခုရှိနေတဲ့ စိတ်ကတစ်အမျိုးပါလား။ အတိတ်စိတ်ကိုလဲ ပြန်သိ၊ ပစ္စုပ္ပန်စိတ် ကိုလဲသိ။ အဲဒီတော့ ပစ္စုပ္ပန်နဲ့အတိတ်ကိုသိလိုက်တဲ့ ချိန်ခါကျတော့ အတိတ်ကအသိမျိုး ငါမဟုတ်တော့ ပါလား။ ပစ္စုပ္ပန်အသိကလည်း ဘယ်အသိလဲ။ ငါအခု လိုမြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ ထိရတာ အင်မတန်ဆင်းရဲပါလား။ သိရတဲ့အချိန် ကျတော့ အနာဂါတ်ကိုပြန်ပြီး ဆင်ခြင်ကြည့်။ အဲဒါကြောင့်မို့လို့ အရိယာ သူတော်ကောင်း များဟာ သေရမှာလည်း မကြောက်ဘူး။ သေနတ်ကြီးနဲ့ ပြစ်လည်း မကြောက်ဘူး။ ခြေထောက်ဆွဲပြီးတော့ တူနဲ့ထုလည်းမကြောက်ဘူး။ ဘာကြောင့်ဘဲဖြစ်ဖြစ်သေရမှာ မကြောက်ဘူး။ ပုထုဇဉ် များတော့ သေရမှာ အင်မတန်ကြောက်တယ်။ ဘာကြောင့် လည်းတဲ့။ သွားရမယ့် လာရမယ့်လမ်းကိုမသိလို့။ မသိလို့လဲ ဒါတွေကိုသူတို့ကြောက်တာပဲ။ ကြောက်တော့ ကာ ဘာတဲ့တုံးတဲ့ ဒေါသစိတ် နှင့် ဖောက်ပြန်တာပဲ ဒေါသစိတ်နှင့် ဖေါက်ပြန်လိုက် တော့ ငရဲကိုကျသွားတာပဲ။ ဒါကြောင့်မို့လို့ အရိယာ သူတော်ကောင်းများက စိတ်တစ်လုံးကို နိုင်သွားတယ်။ ဘာကြောင့်လဲတဲ့။အမှန်မြင်တဲ့ တရားတွေကို မြင်တဲ့ အမှန်တရား တွေကိုသိတယ်။ အမှန်တရားမြင် အမှန်တရား သိလိုက်တော့ စိတ်တွေ ဟာ ဘယ်လိုဖြစ်လဲတဲ့။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလ သုံးပါးရှိတဲ့ အနက်က အတိတ်ကိုလည်းပြန်သိတယ်။ အကုန်လုံးအတိတ်က ငါတို့က မသိခဲ့ပါလား၊ မရှိတဲ့ တရားတွေ ငါသိတယ်လို့ ထင်ခဲ့တယ်။ မရှိတဲ့တရားတွေ သိခဲ့တယ်။ ယခုပစ္စုပ္ပန်သိ အမှန်မြင်ပြီး အမှန်သိပါလား။ အဲဒီတော့ အတိတ်က ငါသိတဲ့စိတ်ရယ် ယခု ပစ္စုပ္ပန် သိတဲ့ စိတ်ရယ်၊ အနာဂတ် ခန္ဓာငါးပါး ဖြစ်တော့မယ် ဆိုလို့ရှိရင် ငါအနာဂတ်ကို ဘယ်များသွားဦးမလဲလို့ ဆင်ခြင်သုံးသပ် ကြည့်လိုက်တဲ့ အတွက်အနာဂါတ်ကိုကိုယ် သွားရမယ့်ဘုံကြီးကို မြင်နေရတယ်။ ကိုယ်သွားရမယ့်ဘုံကြီး ကို မြင်နေတယ်။ ငါအခု သေသွားလို့ရှိရင် ဒီဘုံကြီးသွားတော့မှာပဲလား။ အောက်က နေပြီး ဆင်ခြင်သုံးသပ် လိုက်လို့အာရုံလေးနဲ့ကြည့်လိုက်ပြီဆိုလို့ရှိရင်ကိုယ်သွားရမယ့်ဘုံကြီးကိုမြင်နေရတယ်။

ကိုယ်သွားရမယ့် ဘုံကြီးကို မြင်နေရတော့ ငါသေရင် ဒီသွားရမှာပါလား။ ငါသေရင် ဒီဘုံကြီးစိုးစံရတော့မှာပါလား။ အဲဒီတော့မှ ဆင်ခြင် ကြည့်တယ်။ ဒီဘုံကြီးက ဘာဘုံကြီးပါလိမ့်မလဲ။ အဲဒီလို ဆင်ခြင်ကြည့်လိုက်တဲ့ အခါမှာ စိတ်ထဲကပေါ်လာတော့ သီလ ဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ပညာဝိသုဒ္ဓိ၊ သုဒ္ဓါဝါသ သုံးပါး စင်ကြယ်တဲ့အပေါ်မှာ သုဒ္ဓါဝါသ ငါးဘုံပါလား၊ ဒီလိုသိလာတယ်။ သုဒ္ဓါဝါသ ငါးဘုံလည်းမသိဘူး။ စာကလဲမတတ်။ သုဒ္ဓါဝါသငါးဘုံလဲ မသိ။ စင်ကြယ်တဲ့ အပေါ်မှာ သဒ္ဓါရယ်၊ ဝီရိယရယ်၊ သတိရယ်၊ သမာဓိရယ်၊ ပညာရယ် ဗိုလ်ငါးပါးရှိတဲ့ ပုဂ္ဂိုလ်သည် စိုးစံတဲ့ ဘုံကြီးပါလား။ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန်ဆိုတာ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ် ဗိုလ်ငါးပါးရှိတဲ့ပုဂ္ဂိုလ်သည် စိုးစံတဲ့ သုဒ္ဓါဝါသ ငါးဘုံပါလားလို့ အဲဒီလို သိတယ်။ အဲဒီလိုသိလာတော့ အခုနေများ ခန္ဓာငါးပါး ရုပ်နာမ်တရား ပျက်တော့မယ် ဆိုရင်ဖြင့် ဒီသုဒ္ဓါဝါသတရားအထက်က အဂ္ဂနိဂ္ဂဘုံကြီး စိုးစံရတော့မှာပါလားလို့ အရိယာများ သိတယ်။ ဘာကြောင့်လဲတဲ့ လာတဲ့ လမ်းလည်းသိတယ်။ အဲဒီတော့ မြင်သိနေတယ်။ အနာဂါမ်ကြီးဟာဖြင့် သုဒ္ဓါဝါသ ဘုံကြီးကို ခြောက်လလောက် ညွတ်နေတယ်။

သန္ဓေပင်ဟောကွက် လေ့လာပြီးနောက် မဂ်လေးပါးတက်စဉ် ဟောကွက်မှ ကောက်နုတ်ချက်ကို ဆက်လက်လေ့လာနိုင်ပါသည်။

## မဂ်လေးပါးဟောကွက်မှ ကောက်နုတ်ချက်
## အနာဂါမ် အဆင့်ဉာဏ်အမြင်

◆◆◆

စိတ္တသတိပဋ္ဌာန် စိတ္တာနုပဿနာ ရုပ်ပျက်ကြီးမှာ ပုပ်လိုက်ပွလိုက်၊ အရေဖြစ်လိုက် ဒါကြီးကစက်ဆုပ် ရွံရှာစရာကြီး၊ ဒါကြီးကို ပညတ်ချည်းပဲ။ ဝိဇ္ဇာမာန ပညတ်ဖြစ်တယ်။ အဝိဇ္ဇာတော့မဟုတ်ဘူး။ ဝိဇ္ဇာ ဉာဏ်ရတယ်။ ရုပ်ပေါ် ဝိဇ္ဇာဉာဏ်ရတော့ အဲဒီဝိဇ္ဇာ ဉာဏ်ကနေပြီးတော့ ဟိုဘက်ကိုတစ်ခါကူးအုံးမယ်။

ဘယ်လိုကူးမလဲစိတ်ကြံတယ်။ ဘုရားကဟောထားတယ်။ ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးဖြစ်တဲ့ ပျက်တဲ့သဘောတရား။ ဒီအပေါ်မှာ ဝေဒနာဖြစ်တယ်။ ဝေဒနာဖြစ်တော့ ဒေါသဖြစ်တယ်။ ရုပ်အပေါ်မှာ ဒေါသစိတ်တွေဖြစ်လာတယ်။ ဒီရုပ်ကို မကြည့်ချင်တဲ့စိတ်ဟာ ဒေါသပေါ့။

အဲဒီဒေါသစိတ်တွေချုပ်အောင်လုပ်ရအုံးမယ်။ ဘယ်လိုလုပ်မလဲ။ သဘောကို ပြောတာ။ ရုပ်အပေါ်မှာသံသရာလည်နေတယ်။ ပုပ်လိုက်ပွလိုက်နဲ့စိတ္တသင်္ခါရဖြစ်လိုက် ပျက်လိုက်နဲ့ ဥပါဒါန်တွေ ဖြစ်နေတယ်။ အခုဒေါသဖြစ်နေတဲ့စိတ်နော်၊ ဒေါသဖြစ်နေတဲ့ စိတ်တွေကို သတ်တော့မယ်။ ဘာကြောင့်သတ်သလဲ။ အကြောင်းအကျိုးမြင်လာပြီ။ ရုပ်ပေါ်ကနေပြီးတော့ အကြောင်းသညာ၊ ရုပ်အကြောင်း နာမ်အကျိုးမြင်လာပြီ။ နာမ် အကျိုးရုပ်အကြောင်း ကာလသုံးပါးမြင်လာပြီ။ ဘယ်လိုမြင်သလဲ သြော်ပုပ်တာချည်း သညာပေးပို့ ပုပ်တာကြီး ဥပါဒါန်စွဲနေတာပါလား။ သညာလိမ်မှန်း သိတယ်။

ရုပ်မြင်တာကရုပ်အကြောင်း၊သညာပေးလိုက်တာကနာမ်အကျိုး၊ နာမ်အကျိုး ကသညာပေးလိုက်တော့ ရုပ်အကျိုး ဥပါဒါန်ခံစားရတာ။ ရုပ်အကြောင်း နာမ်အကျိုး၊ နာမ်ကအကြောင်း ရုပ်အကျိုးဖြစ်နေတဲ့ ကာလသုံးပါးပါလားလို့ ဒီနေရာမှာမြင်ပြန်ပြီ။ သြော်ဘုရားဟောထားတယ်။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဟာဖြင့် ဖြစ်ပြီးပျက်တဲ့ သဘော။ အကြောင်းကြောင့် အကျိုးတရားဖြစ်နေပါလား။ သြော် မြင်တာကတော့ ရူပက္ခန္ဓာ။ ရူပက္ခန္ဓာရုပ်ကြီးကလည်း သူ့သဘောနှင့်သူ။ ခံစားလိုက်တာကဝေဒနက္ခန္ဓာ။ သညာပေးလို့ ပုပ်တာကလည်း .သူ့သဘောနှင့်သူ။ ပွတာကလည်းသူ့သဘောနှင့်သူ။ အသုဘကလည်းသူ့သဘော။ မရဏသဘောကလည်း သူ့သဘော။ သူ့သဘော သူဆောင်ပြီး ရုပ်ဓမ္မ၊ နာမ်ဓမ္မတွေမြင်တဲ့အပေါ် သညာလိမ်ထားလို့အမြင်မှား၊ အမှတ်မှားနဲ့ ဥပါဒါန် ရုပ်ကြီး ဖြစ်နေတာပါလား။ ဝေဒနာခံစားပြီး ဒေါသတွေ ဖြစ်နေပါလား။ မခံစားချင်တဲ့စိတ်ကတော့ စိတ္တသင်္ခါရ ခန္ဓာ၊ ဝိညာဏ်လေးကတော့ သူ့အလိုလို ပျက်နေတဲ့ သဘောတရား၊ သြော် ခန္ဓာငါးပါးဖြစ် ခန္ဓာငါးပါးပျက်တယ်။ အကြောင်းအကျိုးဖြစ်ပြီး အကြောင်းအကျိုး ချုပ်တယ်။ အဲဒီလိုကြည့်လိုက်တော့ သညာချုပ်သွားတယ်။ ဒါကြောင့် ဟိုဘက်ကူး သွားတယ်။ ပုပ်တယ်လို့ သညာမပေး တော့ဘူး။ မပုပ်တော့ဘူး။ အပုပ်အပွကြီး ပေါ်မှာ အဲဒါပဲရှုလိုက်တယ်။

ကဲဝေဒနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာရောက်ပြီးတော့ စိတ္တသတိပဋ္ဌာန် စိတ္တနုပဿနာကို ကူးကြဦးစို့။

ပုပ်တယ်ပွတယ်လို့ သညာမပေးတော့ မပုပ်တော့ဘူး။ အကြောင်းအကျိုး ဖြစ်တယ်။အကြောင်းအကျိုးချုပ်တယ်။ အဲဒီလိုပဲ အပုပ်အပွကြီးပေါ်မှာဒီဟာပဲရှုတယ်။ ဘာမြင်တော့လည်း ဂဏကြေသွားရော့။ ဂဏကြေသွားတော့ ဘာဖြစ်လဲ။ ဘယ်လို ရုပ်ပြန်မြင်သလဲ။ ဘုရားကဟောထားတယ်။ နာမပညတ်၊ သဏ္ဌာနပညတ်၊ ဃနပညတ်၊ သန္တတိပညတ်၊ သောတာပန်က နာမပညတ်၊ သကဒါဂါမ်က ဘဏ္ဍာန ပညတ်၊ အနာဂါမ်က ဘယ်ပညတ် ပယ်သလဲ။ ဃနပညတ်ကို ပယ်လိုက်တယ်။

အဲဒီပညတ်ကိုပယ်တာ အကြောင်းတရား၊ အကျိုးတရား။ အကြောင်းအကျိုး မြင်သွားတယ်။ အဲဒီတော့ ပဋိစ္စသမုပါဒ် စေတသိတ်တွေ။ အကြောင်းအကျိုး မြင်သွားတာ အကြောင်းသမုဒယ၊ အကျိုးရုပ်နာမ်ဒုက္ခ၊ ကဲဘာကျန်နေသလဲ။ တစ်လောကလုံး လျှောက်ပြီးကြည့်လိုက်တော့ ရွှေတိဂုံဘုရားကြီးကိုကြည့်လိုက်တယ်။ မမြင်ဘူး။ ဘာမြင်သလဲ။ ဖွါး ဖွါး ဖွါး ဖွါး ဖွါး နဲ့ဖြစ်လျှင်ပျက်တယ်။ ပျက် ပျက် ပျက် ပျက် နဲ့ဖြစ်လျှင် ပျက်တယ်။ အမှုန်အထိ လူသာမန်၊ နတ် သာမန်၊ ဗြဟ္မာ သာမန် မမြင်ကောင်းတဲ့ တရားတွေ မြင်လိုက် တယ် အဲဒီလိုပဲ ရေမြေတောတောင် သမုဒ္ဒရာအကုန်ရှာကြည့်လိုက်တာ်။ ရေလည်းခေါ် စရာမရှိဘူး။ ရေကြည့်ရင် အမှုန့်ပဲ။ မြေကြီးကြည့်လိုက်ရင်လည်းအမှုန်ပဲ။ သစ်ပင်ကြည့်လိုက်ရင်လည်း အမှုန့်ပဲ။ ဒကာ၊ ဒကာမ ကြည့်လိုက်ရင်လည်း အမှုန်။ ဟာတစ်လောကလုံးဘာရှိလဲ သဘာဝရုပ် ပဲရှိတယ်။ ဟောသိသွားပြီ။ သညာသိလို့ တော့မရဘူး။ သဘာဝအမြင်မြင်မှ တစ်လောကလုံး မိန်းမလည်းမရှိ၊ ယောကျ်ားလည်းမရှိ၊ ဘိုးသူတော်လည်းမရှိ၊ ရသေ့လည်းမရှိ၊ ရဟန္တာလည်း မရှိ၊ သကဒါဂါမ်လည်း မရှိ၊ အနာဂါမ်လည်းမရှိ၊ ဘုရားလည်းမရှိ၊ ဘာမှမရှိ သဘာဝပဲရှိ။ အဲဒီတော့မှ ရုပ်ဂဏ၊ နာမ်ဂဏကြေ သွားတယ်။

ဘာကျန်နေသလဲတဲ့။ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်၊ လက်ဖျစ်တစ်တွက်၊ ရုပ်ကုဋေငါးထောင်၊ နာမ်ကုဋေတစ်သိန်း ဘုရားဟောထားတယ်။ အဲဒါက ဖြစ်ပျက်/ဖြစ်ပျက်။ ဒါလေးတွေကို တွယ်တာနေတဲ့ စိတ်ကလေး။ အနုသယ ကိလေသာကျန် နေတယ်။ ရူပကိလေသာ ကျန်နေတယ်။ စိတ်ကလေး ဒီမှာ ဖြစ်နေပြန် ပြီ။ စိတ်ကိုပြောတာနော်။ စာထဲက စိတ်တော့ မသိပါဘူး။ ပညတ်တတ် မှားတတ်ရင် ဗွေမယူပါနဲ့နော်။

တစ်လောကလုံးရှာလိုက်တဲ့အချိန် ဘာမှမရှိတော့ဘူးပေါ့။ နတ်လဲမရှိဘူး။ ဗြဟ္မာလဲမရှိဘူး။ခေါ် ဝေါ် သမုတ်ထားတဲ့ ပညတ်ချည်းပါလားလို့တစ်ခါထဲ ပညတ်စင် ပြီးတော့ပညိန္ဒြေဖြစ်သွားတယ်။ ပညာသိဖြစ်သွားတယ်။ ပညတ်ကုန်သွားပြီ။ ခေါ် ဝေါ် စရာမရှိတော့ဘူး။ အဆင်းတွေပဲရှိတယ်။ ဘာမှ မရှိတော့ဘူး။ ပညတ်ပျက်သွားတယ်။ အဲဒီတော့မှသာ ကိလေသာပယ်လိုက်တယ်။ မိန်းမလည်း မရှိပါလား။ ယောကျ်ား လည်း မရှိတော့ပါလား။ ကာမ ကိလေသာအကြမ်းစား ဘာကြောင့် ပယ်သလဲ မိန်းမမမြင်၊ ယောကျ်ား မမြင်လို့ဗျ။ သြော်ဘုရားဟောထားတာ တယ်မှန်ပါလား။ ရုပ်ကုဋေငါးထောင် နာမ်ကုဋေတစ်သိန်း စိတ်ကလေးဟာ အင်မတန်မြန်ပါလား။

ခန္ဓာငါးပါးဖြစ်ပြီး ခန္ဓာငါးပါးချုပ်သွားပါလား။ အနာဂါမ်ကြီးများဟာ စိတ်ကလေးကို အကုန်သိလိုက်တော့ ဇာတိတရားတွေကို မြင်လိုက်တော့ အင်မတန်ကြောက် တော့တယ်။ အားကြီးကြောက်တယ် မလှုပ်နိုင်တော့ဘူး။ လက်ဖျစ်တစ်ကွက်ကလေးနဲ့ ရာဂစိတ်လေးနဲ့ ငါချုပ်လိုက်ရင် ဪငါ အပယ်လေးပါးစိတ် ဖြစ်ပြီးတော့ ပြိတ္တာဖြစ်တော့မှာပါလား။ အတိတ်ကများ ငါဒီစိတ်တွေမသိရရင် ရာဂစိတ်နှင့် ချုပ် လိုက်ရင်တော့ ဘဝအသင်္ချေ ခံရော့။ ဒေါသစိတ်နှင့် ချုပ်လိုက်ရင်၊ မောဟစိုက်နှင့် ချုပ်လိုက်ရင် ခံရော့။ အဲဒီဇာတိတရား အကြောင်းအကျိုး မြင်ပြီးတော့ကြောက်လာ တယ်။ ရုပ်နု/ နာမ်နုလေးပါးအပေါ်မှာ ကြောက်စရာကြီး၊ ကြောက်တဲ့စိတ်။ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ် ဒါတွေတော့ ရှုတ်လဲမရှုတ် တတ်ဘူး။ ရုပ်ကုဋ္ဌေငါးထောင်၊ နာမ်ကုဋ္ဌေတစ်သိန်းခံရမယ့် စိတ်တွေ။ စိတ်တခဏ လေးနဲ့ ဒုက္ခသစ္စာကြီးကို မြင်တာ။ စိတ်တွေသိချင်ရင် ဒီအပေါ်မှာကြည့်သိမယ်။

ရှုနေတာပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး။ ခန္ဓာငါးပါးသိလိုက်၊ ဇာတိတရား သိလိုက်။ ဖြစ်လိုက်ပျက်လိုက်နဲ့စိတ်ကလွတ်သလားလို့မလွတ်ပါဘူး။ အဲဒီအပေါ်မှာဦးပဥ္စင်းကဘယ်လောက်အထိ ကျင့်ခဲ့သလဲဆိုရင် အနုသယကိလေသာ၊ ရုပကိလေသာ၊ရုပတဏှာဖြစ်ပြီးနေတယ်။ အဆင်းပေါ်မှာ တွယ်တာ ပြီးတော့ စိတ်ကလေးဖြစ်နေလိုက်တာ အဲဒီတော့မှ ဆင်ခြင်ရှုလိုက်တော့ အကုန်သိရော့။ ဇာတိကို မြင်တာကိုး၊ ဇာတိကိုမြင်တော့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ သုံးပါးဆင်ခြင်ပြီး ငါဘယ်ကလာသလဲ။ အဲဒီတော့မှ အတိတ်ကိုပြန်မြင် လာတယ်။

## အတိတ်ဆုတောင်း


◆ ◆ ◆

ဪ ငါအတိတ်က ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်က ဆုတောင်းလာခဲ့ ပါလား။ အတိတ်မြင်တယ်။ ဇာတိမြင်လို့ အတိတ်ကို မြင်တယ်။ အတိတ်က အတိတ် ရုပ်နာမ်၊ အနာဂတ်က အနာဂတ်ရုပ်နာမ်၊ ပစ္စုပ္ပန်က ပစ္စုပ္ပန်ရုပ်နာမ်။ အဲဒီတော့မှ ငါဘဝအသင်္ချေ ဆည်းပူးလာခဲ့တဲ့တရားမှာ ဘယ်ဘုရားမှာ ဆုတောင်း လာခဲ့သလဲ လို့ ဆင်ခြင်ကြည့်တယ်။

ရုပ်ဃန/ နာမ်ဃနကြေသွားတော့ ဆင်ခြင်ကြည့်မှသိမှာ။ အတိတ်ကို အကုန်ပြန်မြင်လာပြီး အဲဒီတော့သိပြီ။ ငါအခုနေများ သေသွားလို့ရှိရင် ဘယ်သွား မလဲလို့ ဆင်ခြင်ကြည့်လိုက်တော့ ပဋိသန္ဓေ လေးကို ပြန်ညွှတ်ကြည့်လိုက်တော့

ထိုစဉ်က ယောဂီဦးအောင်ထွန်း၏ စကား၊ ယနေ့ မျက်မြင်အထင်အရှား













မူလသဲအင်းဂူဆရာတော်ကြီးခန္ဓာဝန်ချစဉ် ရှေးဟောင်းဓာတ်ပုံများ

သွားပြီးတော့ သုဒ္ဓဝါသ အထက်ဘုံမှာ အဂ္ဂနိဿ အနိဋ္ဌဘုံကြီးကို သွားတွေ့တယ်။ ဒီအောက်ကနေ အာရုံလေးနဲ့ ကြည့်လိုက်တဲ့အချိန် ဗြဟ္မာ့ခန္ဓာ ကိုယ်ကြီးဟာ ဘယ်လောက် ရှိသလဲလို့ဆိုရင် ထန်းပင်ကြီးလောက်မြင့်တယ်။ ပုတ်လုံးကြီးလောက်ကြီးတယ်။

ဦးပဥ္စင်းကရုပ်ဈာန/နာမ်ဈာန ကြေသွားတဲ့အခါမှာရပ်နေလိုက်တဲ့စိတ်ကလေးဟာ**အဲဒီမှာတွယ်**တာ နေလိုက်တာ ရူပကိလေသာ၊ ရူပအဆင်းပေါ် မှာ တရားစင်ပေါ်မှာ **နေတဲ့စိတ်ကလေးက** (၂၄) နာရီလောက်ရှိတဲ့ အနက်က (၅) နာရီလောက် ဗြဟ္မာဘုံမှာနေတယ်။ ခြောက်လလုံးလုံး ဗြဟ္မာပြည်မှာ စိတ်ကလေးက ပျော်နေတယ်။ ဒါကြောင့်မို့လို့ အရိယာသူတော်ကောင်းများဟာ မသေခင်ကသိတဲ့အတွက် သေရမှာ မကြောက်ဘူး။ လာလမ်း သိလည်းသိတယ်။ သွားလမ်းလည်းသိတယ်။ အဲဒီတုန်းက ဦးပဥ္စင်းသေလိုက်လို့ရှိရင် သုဒ္ဓါဝါသ ငါးဘုံ ဗြဟ္မာဘုံကြီး၊ အဂ္ဂနိဿ အကနိဋ္ဌဘုံကြီး မှာတည်ရော့ဗျာ။

# အတိတ်နိမိတ်

## အတိတ်နိမိတ်နှင့်ပတ်သက်၍ မှတ်သားဖွယ်

◆◆◆

နိမိတ်ဟူသောဝေါဟာရသည် နိမိတ္တဟူသော ပါဠိတော်မှဆင်းသက်လာသော မြန်မာဝေါဟာရ ပင်ဖြစ်ပါသည်။ ကောင်းကျိုး၊ ဆိုးကျိုး၍ နှစ်မျိုးတို့တွင် တစ်မျိုးမျိုး ဖြစ်လိမ့်မည်ဟု သိမှတ်ကြောင်း၊ အသိဉာဏ်ဖြစ်ပေါ် ရန် အကြောင်းနိမိတ္တဟူသော သဒ္ဒါက ဖွင့်ဆိုသည်။

နိမိတ္တသဒ္ဒါသက်သက်က ကောင်းသောအကြောင်း၊ ကောင်းသော နိမိတ်။ မကောင်းသောအကြောင်း၊ မကောင်းသောနိမိတ် နှစ်မျိုးလုံးကို ဟောဆိုနိုင်ရာ မကောင်းသောအကြောင်း နိမိတ်ကိုဟော ဆိုရာ၌ "ဒု" သဒ္ဒါနှင့် တွဲဖက်၍ ဒုနိမိတ္တဟူ၍ ခေါ် ဆိုသုံးစွဲလေ့ရှိပါသည်။

လောကီလူအများ အသိအမှတ်ပြုသည့်အကြောင်းနှင့် ပတ်သက်၍ အချက်အစုံမှာအတိတ်/နိမိတ်၊တပေါင်/စနည်းငါးမျိုးရှိသည်ဟူ၍ ပြောဆိုကြသည်။ ထိုငါးမျိုးတို့၏ ထူးခြားပုံကိုလည်း မျက်မြင်နိမိတ်၊ ကိတ်မှာလက်ဆောင်၊ အသံမှာတဘောင်ဟု

အမှတ်အသားပြုကြပြီးလျှင် နံနက်အိပ်ယာမှထ၍ မျက်စိကို ဖွင့်ကြည့်ရာတွင် ကောင်းသောအရာကိုမြင်လျှင် ထိုနေ့သည် နိမိတ်ကောင်းသောနေ့၊ မကောင်းသော အရာကိုမြင်လျှင် ထိုနေ့သည် နိမိတ်မကောင်းသော နေ့ဟူ၍ မျက်စိဖြင့်မြင်ရာကို နိမိတ်ဟု ခေါ်ရမည်ဟု ဆိုကြသည်။

**( ဦးဝိစိတ္တသာရာဘိဝံသ ရေး – မဟာဗုဒ္ဓဝင် အနုဒီပနီပထမတွဲ၊ စာ–၅)**

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းပင် ဦးအောင်ထွန်း၏ဇာတိရွာဖြစ်သော **နှောကုန်းကျေးရွာ**နေ ဦးပါရမီဆိုသောသူမှာ (ဖော်ပြပြီး) တစ်နေ့တွင် ယခုသဲအင်းဂူ **ကမ္ဘာ့ဌာန်းရိပ်သာ**ဖြစ်မည့်နေရာ လယ်ကွင်းထဲတွင် ကန်တော့ပွဲပေးခြင်း၊ သာသနာ့ **အလံစိုက်ထူခြင်း**များ ပြုလုပ်ခဲ့ဖူးပါသည်။ ထိုစဉ်အခါက ဦးပါရမီအနေဖြင့် ပုဂ္ဂလ မိဋ္ဌာန်ရည်ရွယ်ချက်မဟုတ်ပါ။ ယခုမူ ဦးအောင်ထွန်းဘဝမှ သဲအင်းဂူဆရာတော် ဘုရားကြီးအဖြစ်သို့ရောက်ရှိပြီး နောက်ငှင်းနေရာသည် သဲအင်းဂူဟူသော ဝေါဟာရ အမည်ထူးဖြင့်ဝိပဿနာစုရ (သာသနာ့မဏ္ဍိုင်) ကြီးဖြစ်ပေါ်လာခဲ့ ပါသည်။

ဦးအောင်ထွန်း တရားအားထုတ်နေစဉ်အတွင်း မကြာခဏ လာနေကျဖြစ် သော မှော်ဘီမြို့မှ ဦးစုရနှင့် ဦးရွှေဝတို့ ဇနီးမောင်နှံမှာလည်း ဦးအောင်ထွန်းထံ တရားဆွေးနွေးရန် လာရောက်တိုင်း ယောဂီဦးအောင်ထွန်းဟောပြောသော တရား များအား ရိုသေစွာ ကြားနာကြပြီး ငှင်းတို့ပါလာသော လှူဖွယ်ဝတ္ထု ပစ္စည်းများအား လှူဒါန်းပြီးပြန်သွားလေ့ရှိပါသည်။ (ဖော်ပြပြီး)

ထိုကဲ့သို့ပင် တစ်နေ့သောအခါ ယောဂီဦးအောင်ထွန်းထံသို့ မကြာခဏ ရောက်လာတတ်သော ဦးစုရနှင့် ဦးရွှေဝတို့ဇနီးမောင်နှံတို့မှာ မှော်ဘီမြို့သို့ ပြန်ကြ ရန်ပြင်ဆင်ကြစဉ် ဦးအောင်ထွန်းမှာလည်း လိုက်ပါလာပါသည်။ ဦးစုရနှင့်ပါလာသော အမျိုးသမီးများမှာလှည်းယာဉ်နှင့် စီးနင်းလိုက်ပါသွားသောကြောင့် ဦးအောင်ထွန်း နှင့်တကွဦးစုရ၊ ဦးရွှေဝတို့မှာ ခြေလျင်လျှောက်လာကြရင်း ယခုသဲအင်းဂူ(မြေနေရာ) သို့ အရောက်တွင် ဦးအောင်ထွန်းမှစတင်၍ "ဒီနေရာမှာ ကျောင်းတော်ကြီး ဖြစ်လိမ့်မယ်။ နတ်တွေပန္နက် ရိုက်ထားတဲ့နေရာဖြစ်တယ်"။ ယခုကတ္တရာခင်းထား သောနှောကုန်းရွာနှင့် မှော်ဘီမြို့သို့ဆက်သွယ်ထားသော လူသွားလမ်းအား လက်ညှိုး ညွှန်ပြရင်း "အဲဒီနေရာကတော့ လမ်းမကြီးဖြစ်လိမ့်မယ်။" ဟု ငှင်း၏သမာဓိအားဖြင့် မြင်သောနေရာများအား အတိတ်နိမိတ် ပေးလိုက်ပါသည်။ ထို့နောက်ဆက်လက်၍ ယခုသဲအင်းဂူသာသနာ့မဏ္ဍိုင် ဗဟိုတဝိုက်အားလည်း "ဒီနေရာမှာ ပြဿဒ်ကြီးတွေနဲ့ မီးတွေထိန်ထိန်လင်းနေလိမ့်မယ်။"

## ထိုစဉ်က ယောဂီဦးအောင်ထွန်း၏စကား ယနေ့မျက်မြင်အထင်အရှား

ကျွန်တော်လည်း အရင်လိုတရားနှလုံးသွင်းနေတဲ့အချိန်မှာ သိကြားမင်းက အဝတ်ပြောင်းဖို့ကောင်းပါပြီ။အဝတ်ပြောင်းတော်မူပါလို့ကတိတောင်းတယ်။ကျွန်တော် လည်းမပြောင်းသေးဘူးဆိုပြီးသူ့ကိုဝန်မခံလိုက်ဘူး။ ပေါ်လာတဲ့ရုပ်အပေါ်မှာဆက်ပြီး အားထုတ်နေတယ်။ ပေါ်လာတဲ့ရုပ်အပေါ်မှာဆင်ခြင်ပြီးနေတယ်။ ဩော်အနိစ္စတရား၊ ဒုက္ခတရား၊အနတ္တတရားချည်းပါလားဆိုပြီးရှုနေတယ်။ အဲဒီလိုရှုနေတဲ့အခါမြဟ္မာမင်းက ဆင်းလာတယ်။ အဲဒီဗြဟ္မာမင်းကြီးက အဝတ်လဲဖို့အကြောင်းပြောပါတယ်။ သင်္ကန်း ဝတ်နဲ့နေပါလို့လျှောက်တယ်။ အဲဒီမှာဝန်ခံလိုက်တယ်။ ဝန်ခံချက်ကတော့ မနောနဲ့ပဲ ပေးလိုက်တယ်။ အဲဒီလိုဝန်ခံပြီးဘာဖြစ်လာသလဲဆိုတော့ ပုဂ္ဂိုလ်တစ်ပါးကလာပြီး **"စွန်းလွန်းဂူ ဆရာတော်ဘုရားလက်ထက်က စွန့်ခဲ့တဲ့ သင်္ကန်းကြီးပါဘုရား"** ဆိုပြီး သင်္ကန်းလာလှူသွားတယ်။ နတ်လား၊ သိကြားလား၊ ဗြဟ္မာလား ထင်ပေမယ့် မဟုတ်ပဲ အဲဒီလူကို တစ်ဆင့် တိုက်တွန်းလို့ အဲဒီလူကလာလှူသွားတာဖြစ်ပါတယ်။

ထိုသို့ဦးအောင်ထွန်းမှအတူလမ်းလျှောက်ရင်းပါလာသော ဦးစုရနှင့် ဦးရွှေဝ တို့အား သဲအင်းသာသနာ၏အနာဂါတ်နှင့်တကွ ပစ္စုပ္ပန်ဖြစ်ပေါ်ဆဲအကြောင်းများအား ရှင်းပြရာဦးစုရမှာအလွန်ပင်ဝမ်းသာနေပါသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းကြည်ညို သော ဦးအောင်ထွန်းအား မိမိ၏ ချွေးနည်းစာထဲမှ မွန်မြတ်စွာ မြင့်မြတ်လှသော သာသနာ့ဘောင်သို့ချီးမြှင့်ခြင်းငှာ အခွင့်အရေးတစ်ရပ်ရရှိခြင်းကြောင့်ပင်ဖြစ်ပါသည်။

ဆရာကြီးသင်္ကန်းဆီးမယ်ဆိုရင်ကျွန်တော်ရဟန်းဒါယိကာလုပ်ပါရစေ ခင်ဗျာ ဟုဦးစုရမှဦးအောင်ထွန်းအားအခွင့်အရေးတောင်းလိုက်ပါသည်။သို့သော်ဦးအောင်ထွန်း မှာ မွေးမိခင်မယ်တော်ကြီး၏ ကျေးဇူးတရားကရှိသေး၏။ ထို့ကြောင့်လမ်းလျှောက် ရင်းပင်ဆက်လက်၍ ရဟန်းဒါယိကာ လုပ်မယ်ဆိုရင် ကျွန်တော့် မယ်တော်ကြီးနဲ့ ကျွန်တော့်ညီ ကိုထွန်းညွန့်တို့ကို တိုင်ပင်ပြီး လုပ်ကြပေါ့ဗျာဟု ခွင့်ပြုလိုက်ပါသည်။ ဦးစုရနှင့် ဦးရွှေဝတို့ မိသားစုများမှာလည်း မှော်ဘီမြို့သို့ ပြန်ရောက်ပြီးနောက် ဦးအောင်ထွန်း ရဟန်းခံအတွက် စိုင်းပြင်းကြပါတော့သည်။

✧✧✧

# ဖြူစင်ခြင်းမှ မြင့်မြတ်ခြင်းသို့

◆◆◆

ဤသို့ဖြင့်တရားပြဆရာဦးစုရနှင့်ဦးရွှေဝတို့မိသားစုများမှာ ဦးအောင်ထွန်း၏ မယ်တော်ကြီးဒေါ်မယ်အုံ့နှင့် ညီဖြစ်သူဦးထွန်းညွန့်တို့အား ဦးအောင်ထွန်း၏ ရဟန်းခံကိစ္စများ၊ ကောင်းမွန်စွာ သာသနာ့ဘောင်သို့ ချီးမြှောက်နိုင်ရေး ကြိုတင်တိုင်ပင် ညှိနှိုင်းကြရာ ၄င်းသတင်းအားကြားသိရသောတစ်ရွာလုံးမှရွာသားများမှလည်း အားရ ဝမ်းသာစွာဖြင့် အလိုအလျောက်သဒ္ဓါပေါက်၍ လာရောက်အားပေးကူညီ ကြပါသည်။ ဤသို့နှင့်ပင် ၁၂-၃-၆၁နေ့တွင် နှောကုန်းကျေးရွာကျောင်းကြီး ကျောင်းဆရာတော် ဦးပညိန္ဒြိယအား ဥပဇ္ဈာယ်ပြု၍ မယ်တော်ကြီး ဒေါ်မယ်အုံ့အား ဦးထိပ်ထားပြီး တရားပြဦးစုရနှင့်နှောကုန်းကျေးရွာသူ/ရွာသားများ စုပေါင်း၍ ယောဂီဦးအောင်ထွန်း အား မြင့်မြတ်သော ရဟန်း (ပဉ္စင်း) အဖြစ်သို့ သွတ်သွင်း ချီးမြှင့်ကြပါသည်။

ဤသို့ချီးမြှင့်ရာဝယ် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ပစ္စည်းလေးပါး ဒါယိကာများအား ယောဂီဦးရွှေ (ဝေဠုဝန်) က မှတ်တမ်းတင်ထားသလောက်မှာ အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

| | | |
|---|---|---|
| နှောကုန်းရွာ | - | ၅၄ ယောက် |
| ရွာသစ်ကုန်း | - | ၃၆ ယောက် |
| ရန်ကုန် - ကြည့်မြင်တိုင် | - | ၃၄ ယောက် |
| မှော်ဘီ | - | ၈ ယောက် |
| ရပ်ဝေး | - | ၁၅ ယောက် |
| ရဟန်းဒါယိကာစုစုပေါင်း | | ၁၆၇ ယောက် ဖြစ်ပါသည်။ |

အထက်ပါစာရင်းအတိုင်းပင် ဦးအောင်ထွန်း၏ရဟန်းခံ မင်္ဂလာ (သို့မဟုတ်) ပဗ္ဗဇိတမင်္ဂလာဖြစ်မြောက်ရေးအတွက် စုပေါင်း၍ သောင်းသောင်းဖြဖြ ပြုလုပ်ကြရာ အဓိကဦးအောင်ထွန်း၏ မယ်တော်ကြီး ဒေါ်မယ်အုံ့အား ဦးထိပ်ထား၍ ခုနစ်ရက် သားသမီးအများကောင်းမှုဖြစ်စေရန် ပါဝင်ကူညီမှုများကိုလည်း လက်ခံပါသည်။

ရဟန်းခံနေ့မတိုင်မီကျေးလက်တောရွာများ၏သဘာဝအတိုင်းပင်ရွာရှိလူငယ် ကာလသားများကတစ်ညလုံးချက်ပြုတ်ကြပြီး နံနက်လင်းသောအခါ ကြွရောက်တော်မူ ကြသော သံဃာတော်များအား ဖွယ်ဖွယ်ရာရာသော ဟင်းများဖြင့် ကပ်လှူကြ ပါသည်။ ရဟန်းခံသို့လာရောက်ကြသော ဦးအောင်ထွန်း၏ ဓမ္မမိတ်ဆွေများနှင့် နီးစပ်ရာ အသိုင်းအဝိုင်းများအားလည်း ရွာရှိကာလသားများက ညှော်ဝတ်ကျေပွန်လှ ပါသည်။

အများအားဖြင့် ကျေးလက်တောရွာ အလှူဒါနတို့သည် မြို့ကြီးများကဲ့သို့ မဟုတ်ကြပါ။ ပုဂ္ဂိုလ်မရွေးဝမ်းမြောက်စွာဖြင့် တစ်ရွာလုံးအား လှူဒါန်းသည့် သဘော ရှိသောကြောင့် ထိုကဲ့သို့တောရွာအလှူများကို (မိုးခိုးတိတ်)လှူကြသည်ဟု ဆိုရိုးရှိပါ သည်။ အဓိပ္ပာယ်မှာ ကိုယ့်အိမ်၌ထမင်းချက်စားစရာ မလိုသောကြောင့် ခေါ်ဆိုဟန် လည်းရှိပါသည်။

ရွာညီညွတ်လျှင် ညီညွတ်သလို အထူးစည်ကားတတ်သောကြောင့် နှောကုန်း ကျေးရွာရှိ အိမ်ခြေ (၃၀၀)ကျော်လောက်မှာ အိမ်ရှိလူကုန်ပင် အလှူသို့ လာရောက် ကြသောကြောင့် ရဟန်းခံပြီးသည့်တိုင်အောင် ဘုန်းကြီးကျောင်း၌ ပရိသတ်မစဲပါ။ ထိုကဲ့သို့စည်ကားလှသော ဦးအောင်ထွန်း၏ ရဟန်းခံပွဲအပြီး၌ ဦးအောင်ထွန်း ရဟန်းခံပွဲ အကြောင်း ကလေးလူကြီးပါမကျန် စကားပြောစမှတ် ဖြစ်ခဲ့ရပါသည်။

ဟော့ အောင်ထွန်းကြီး ရဟန်းခံတာလား။ မင်္ဂလာဆောင်တာလားကွ။ ခေါင်းအုံး၊ ခြင်ထောင်၊ အိပ်ရာလိပ်တွေနဲ့။ ဒီပစ္စည်းတွေကလည်း (ရဟန်းခံသိမ်ဆင်း ရာတွင်ဝိုင်းဝန်းလှူဒါန်းကြသောမျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါများကိုကြည့်၍)မင်္ဂလာ ဆောင်လက်ဖွဲ့ ပစ္စည်းတွေကျနေတာပဲဟု သာမန်ရဟန်းခံခြင်းနှင့်မတူသော ကြောင့် ရင်းနှီးသူများက ပြော၍ မဆုံးနိုင်ပါ။

မည်သို့ပင်ဖြစ်စေ ဦးအောင်ထွန်းအား ဝမ်းသာအားရ ပြောကြသော်လည်း ဦးအောင်ထွန်းမှာ ငွေအာရုံနှင့် မျက်စိမှိတ်ကာပင် အေးဆေးတည်ငြိမ်စွာ ကာယိန္ဒြေ မပျက်ရှိနေပါသည်။

## အခိုက်အတန့် သရုပ်ဆောင်ခြင်းမဟုတ်ပါ။

◆◆◆

ဗုဒ္ဓဘာသာထုံးစံအရမြတ်စွာဘုရား၏သာသနာ့ဘောင်အတွင်းသို့ ဝင်ရောက် လိုသောပုဂ္ဂိုလ်သည်ခေတ္တခဏအားဖြင့်ဝင်သည်ဖြစ်စေ၊ ရာသက်ပန်ရည်ရွယ်၍ဝင်သည် ဖြစ်စေ သာသနာတော်မြတ်ကြီး၏ အဆုံးအမဖြစ်သော ဝိနည်းဒေသနာတော်အတိုင်း စည်းကမ်းနည်းလမ်းကျစွာဖြင့် ရဟန်းလောင်းအား စစ်ဆေးမေးမြန်းပြီးမှသာ ရဟန်း အဖြစ် ချီးမြှောက်ခြင်းပြုကြပါသည်။

ထို့ကြောင့်ဦးအောင်ထွန်းအား ရှေးဦးစွာခေတ္တရှင်သာမဏေပြု၍ မူလလူ အမည်ကို ပယ်ဖျောက်ကာ ရှင်ဥက္ကဋ္ဌဟူသော ဘွဲ့အမည်သစ်ဖြင့် ဆယ်ပါးသီလ

ဆောက်တည်စေပါသည်။ ပင့်လျှောက်ထားသော သံဃာတော်များ စုံလင်သောအခါ ကျောင်းကြီးကျောင်း၏ သိမ်အတွင်း၌ပင်ငှင်း ကျောင်းကြီး ကျောင်းဆရာတော် ဦးပညိန္ဒယအား ရှင်ဥက္ကဋ္ဌ၏အပြစ်ကြီးငယ်အသွယ်သွယ်ကို ဆုံးမထိုက်သော ဆရာ အဖြစ်(ဝါ)ဥပဇ္ဈာယ်ဆရာ အဖြစ်ထားရှိ၍ ရှင်ဥက္ကဋ္ဌမှာ သံဃာ့အလယ်တွင် လက်အုပ် ချီမိုး၍ဘေးမှ အနုသာသနာ့ဆရာတော်ရွတ်ဆိုချ ပေးသည့်အတိုင်းလိုက်၍ ရွတ်ဆိုရ ပါသည်။

ဥပဇ္ဈာ ယော မေ ဘန္တေ ဟောဟိ
ဒုတိယမ္ပိ ဥပဇ္ဈာ ယော မေ ဘန္တေ ဟောဟိ
တတိယမ္ပိဥပဇ္ဈာ ယော မေ ဘန္တေ ဟောဟိ

အထက်ပါအတိုင်း ရွတ်ဆိုပြီးသောအခါ ဆရာဖြစ်သော ဦးပညိန္ဒယမှ (ပါသာဒိကေန သမ္ပာဒေဟိ)ဟုပါဠိတော်ဖြင့် အမိန့်ရှိပါသည်။ ပါသာဒိကေန (ကြည်ညို ဖွယ်ရာဆောင်တတ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့်)၊ သမ္ပာဒေဟိ (ပြည့်စုံ စေလော့) ဟုတပည့်ဖြစ်သူအား ဆရာဖြစ်သူက မှာကြားခြင်းဖြစ်ပါသည်။

ရှင်ဥက္ကဋ္ဌမှာလည်း ဆရာဖြစ်သူမှာကြားသည့်အတိုင်း လိုက်နာပါမည်ဟု ဝန်ခံသောအားဖြင့် (အာမဘန္တေ)ဟုရွတ်ဆိုရပါသည်။ သာမန်ရှင်သာမဏေများ အနေဖြင့်ဤနေရာတွင် ဆိုရိုးစံအရဆိုလျှင် ဝန်ခံမှုပေးခြင်းဖြစ်ပေလိမ့်မည်။ သို့သော် ယခုရှင်ဥက္ကဋ္ဌမှာ အချိန်အတိုင်းအတာမပြတ် ဒလစပ်အားထုတ်ထားသော ပြင်းထန် သောအကျင့်ကြောင့် မြင်တွေ့ရသောသဘာဝတရားဓမ္မများကို သိမြင်ထားပြီးဖြစ်သော ကြောင့် စက္ခုဣန္ဒြေမှစ၍ သဘာဝအတိုင်းအမှန်ပင်လုံခြုံလျက် သံဃာ့ပရိသတ်/လူ ပရိသတ်၏ ကြည်ညိုမှုသဒ္ဓါကိုကောင်းစွာ ခံယူနိုင်ပြီး ဖြစ်ပါသည်။ ဦးအောင်ထွန်း သည် သိမ်တက်စဉ် အခိုက်အတန့်၌ ကြည်ညိုဖွယ်ရာ သရုပ်ဆောင်နေခြင်း မဟုတ်ပါ တစ်နည်းအားဖြင့်လည်း ပဗ္ဗဇိတဘာဝ ဒုလ္လဘဟုဆိုသော ပါဠိတော်အတိုင်းပင် မြင့်မြတ်သောရဟန်းဘဝ၊ ရခဲလှစွာသော ရဟန်းဘဝအားထိုက်ထိုက်တန်တန် စစ်မှန် စွာရရှိခြင်းလည်း ဖြစ်ပါသည်။ ဆက်လက်၍ အနုသာသနဆရာတော်မှရဟန်းလောင်း ရှင်ဥက္ကဋ္ဌအား စစ်ဆေးမေးမြန်းခြင်းကိစ္စများ ပြီးဆုံးသွားသောအခါ သံဃာတော်များ အလယ်၌ ဝိုင်းဝန်းကမ္မဝါ စာရွတ်ဖတ်ကံဆောင်ခြင်း ပြုလုပ်ရွတ်ဆို၍ ရဟန်းအဖြစ်သို့ ချီးမြှောက်ကြပါသည်။

တစ်ချိန်ကရာဇဝင်လူဆိုးကြီး ဦးအောင်ထွန်းလောကဓံတရား၊ ရိုက်ပုတ်ခြင်း ဒဏ်ကြောင့် ဘဝ၌သတိသံဝေဂရရှိပြီးနောက် စွန်းလွန်းဆရာတော်၏ထေရုပ္ပတ္တိအား

ဘာလုံးပေါင်းဖတ်ကြည့်ရာမှ ဆရာတော် ကျင့်ကြံခဲ့သော သတိပဋ္ဌာန်လမ်းစဉ်အတိုင်း မိစွမ်းအားရှိသလောက် လူသေလျှင်သေ-မသေရင် ကိလေသာ သေရမည် ဟူသော မလျှော့သော ဇွဲလုံ့လဖြင့် ကြိုးစားအားထုတ်ခဲ့သော အကျိုးတရားများ ကြောင့် ရခဲလှစွာသော ရဟန်းဘဝအားလည်း ဆုထူး/ဆုမြတ်အဖြစ် ဆက်လက် အောင်ပွဲ ခံယူခဲ့ပါသည်။

မနုဿတ္တဘဝဒုလ္လဘဟူသော ပါဠိတော်နှင့်လျော်ညီစွာရခဲလှစွာသောလူ့ဘဝ ၌ သာမန်အားဖြင့် စား၊ ဝတ်၊ နေရေးဘဝတွင်သာ ကျင်လည်ခဲ့ကြ၍ အသက် တစ်ချောင်းဆုံးရှုံးခဲ့ရသည့်အထိ ဘဝတစ်ခုအား အပြီးသတ် ရုပ်သိမ်းသွားကြသူသာ လောက၌ များပြားပေသည်။ လူ့ဘဝ၊ လူ့လောကအား မည်သည့်နည်းနှင့် ဖြစ်စေ သက်ဆိုင်သော ရှုဒေါင့်အမျိုးမျိုးမှ အကျိုးပြုသော သူအားနည်းလှပေ၏။

ဒေသနာတော်၌ ရခဲလှစွာသော လူ့ဘဝတစ်ခုအား ရခဲပုံအကြောင်း ပြဆို ထားခြင်းမှာ အက္ကနိဋ္ဌ ဗြဟ္မာဘုံမှ အလျားတစ်ဂါဝုတ်၊ အနံ တစ်ဂါဝုတ်ရှိသော ကျောက်ဆိုင်ကြီးအား ဤလူ့ပြည်သို့ ချလိုက်လျှင် အချိန်အားဖြင့် သုံးနှစ်နှင့်လေးလ၊ တစ်မွန်းတည့်မှ လူ့ပြည်သို့ ရောက်ပေ၏။ တစ်နေ့ကျရောက်သည်ကား ယူဇနာ ရှစ်သောင်း လေးထောင်ကျရောက်လေသည်။ ညဉ့်လည်းထို့အတူ ကျရောက်လေ၏။ ထိုသို့မြင့်သောဗြဟ္မာဘုံမှအပ်တစ်စင်းကိုခံသော် အပ်သွားချင်းသော်ကားထိခိုက်လွယ် ပေသည်။ ထို့ထက် လူ့ဘဝကို ရခဲလှကြောင်း ပြဆိုထားပေသည်။

ယခုမူဦးအောင်ထွန်းမှာ ရခဲလှစွာသော လူ့ဘဝထက် အဆပေါင်းများစွာ သာလွန်သောမြင့်မြတ်သော ရဟန်းဘဝသည်ကား ဆိုဖွယ်ရာပင်မရှိတော့ပြီဟု ရေးလို ပါသည်။ ကျင့်ကြံကြိုးကုတ် အားထုတ်ထားသော တရားများမှာလည်း အမြင့်ဆုံးသို့ ရောက်ရှိတော့မည့် အချိန်ဖြစ်ခြင်းကြောင့်လည်း၊ ဦးဥက္ကဋ္ဌ၏ ပဗ္ဗဇိတဘဝ ဒုလ္လဘ ကားအမိုက်မှောင်ကျရောက်နေသောပုဂ္ဂိုလ်သတ္တဝါများအပါယ်လေးပါးမှလွတ်မြောက် စေရန်နှင့် မြတ်စွာဘုရားရှင်၏ ထားရစ်တော်မူသော ပဋိပတ္တိသာသနာတော်မြတ်အား ပိုမိုထွန်းလင်း တောက်ပလာစေရန် အခြေခံ မီးရှူးတန်ဆောင်ကြီးပင် ဖြစ်ပါတော့ သည်။

✧✧✧

## ပဗ္ဗဇိတ ဘာဝ ဒုလ္လဘာ

◆◆◆

အပေါ်ဖြူအောက်ဖြူဖြင့် သူတော်စင်ဘဝမှသင်္ကန်းအရောင် တောက်ပြော
စွာဖြင့်သံဃာတော်များအတွက် သီးသန့်ပြုလုပ်ထားသော သံဃာစင်ပေါ်တွင်တည်ငြိ
အေးချမ်းစွာဖြင့် သီတင်းသုံးနေသော ဦးဥက္ကဌအား အောက်မှထိုင်နေကြသေ
ရွာသားများမှာ ဝမ်းသာကြည်နူးစွာဖြင့် ကြည်ညိုနေကြပါသည်။

သံဃာတော်များ စုံညီရောက်ရှိလာသောအခါ ဓမ္မကထိက သံဃာတော်
ရဟန်းခံအလှူတော်၏ အကျိုးအာနိသင်များအားဟောကြား၍ ရေစက်ချ အမျှပေးဝေ
ပါသည်။ ရဟန်းခံအလှူဒါနမှာ ပြီးဆုံးပြီဖြစ်ပါသည်။ လာသမျှ ပရိသတ်များမှာလည်
တဖြည်းဖြည်း ပြန်သွားကြပြီဖြစ်သောကြောင့် ကျောင်းဝင်းအတွင်း၌ ကျောင်း
သံဃာတော်များ နှင့် ကလေးသူငယ်များသာကျန်ရှိနေပါသည်။

ကလေးသူငယ်များမှာ ခါတိုင်းနည်းတူ စာသင်သံ၊ စာအံသံများနှင့် ကလေ
သူငယ်များ ဆော့ကစားသံများက ကျောင်းဝင်းအတွင်း ဆူညံနေပါသည်။ ဦးဥက္ကဌမှာ
တစ်ပါးတည်း ကျောင်းကြီးပေါ်သို့ တက်ရောက်၍ တရားနှလုံးသွင်းရှုမှတ်နေပါသည်
ထိုအချိန်တွင် ဦးဥက္ကဌအား ချမ်းသာစွာ သီတင်းသုံး နေထိုင်ရန်အတွက် နီးစပ်ရ
ဓမ္မမိတ်ဆွေများနှင့်ဆွေမျိုးသားချင်းများဖြစ်ကြသော ဦးစုရ (မှော်ဘီ)၊ ဦးပု(နှောကုန်း
ဦးဘိုးတော(နှောကုန်း)တို့မှ ဦးဆောင်ပြီး ကျောင်းငယ် တစ်လုံး ဆောက်လုပ်ပေးကြ
ပါသည်။

မည်သို့သော အကြောင်းတရားနှင့်ဖြစ်စေ သာသနာ့ဘောင် အတွင်းသို့ ဝ
ရောက်လာသော ဦးဥက္ကဌအား အလကားမထားပါ။ ကျောင်းထိုင်ဘုန်းကြီးမှကျောင်
အတွင်းလုပ်ဆောင်ရမည့် ဝတ်ကြီး ဝတ်ငယ်များအား နေ့စဉ်လုပ်ဆောင်စေခဲ့ခြင်
ကြောင့် ဦးဥက္ကဌအနေဖြင့် ငြီးငွေ့လာပါသည်။ နံနက်စောစော ကျောင်းဝင်းအတွင်
အမှိုက်များ လှဲကျင်း မီးရှို့ရာ၌ ပိုးကောင်မွှားကောင်များ သေကြေပျက်စီးရခြင်းကို
နေ့စဉ်နှင့်အမျှ မြင်တွေ့ရခြင်းကြောင့်လည်းကောင်း၊ ကလေးသူငယ်များ ဆော့ကစား
သံကြောင့်လည်းကောင်း၊ မိမိတရားအားထုတ်ရာ၌ များစွာ အနှောင့်အယှက်များ
ဖြစ်နေပါသည်။ တစ်ကိုယ်တည်း လွတ်ရာသို့သွားရောက်၍ တရားဆက်လက်ကျင့်
လိုသော စိတ်များပေါ်ပေါက်လာပါသည်။



နှောကုန်းကျေးရွာ၊ ကျောင်းကြီး ဘုန်းတော်ကြီးကျောင်းပုံ



ယောဂီ ဦးအောင်ထွန်းဘဝ ပဗ္ဗဇိတ ဒုလ္လဘ ရဟန်းဘောင်သို့
(ကျောင်းကြီးကျောင်း သိမ်တော်ပုံ)

ဤကျောင်းတွင်ဆက်လက် သီတင်းသုံးပါက ကျောင်း၏သေနာသနဝတ်ကြီး၊ ဝတ်ငယ်များအား ဆက်လက်လုပ်ဆောင်နေရမည်သာဖြစ်ပါသည်။ ရှေ့တိုးလျှင်တံပိုး၊ နောက်ဆုတ်လျှင်လည်း လှည်းဒုတ်ဟူသော စကားကဲ့သို့ ဦးဥက္ကဌ အခက်တွေ့နေပါသည်။

သူတစ်ပါးတိုက်တွန်းချက်အရ သေနာသနလုပ်မလား။ ဒါမှမဟုတ် မိမိဆန္ဒသဘောအရလွတ်လပ်စွာ တရားအားထုတ်မလား။ ဤနှစ်ချက်အား တစ်ချက်ချက်ကို ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ချက်ချရမည် ဖြစ်ပါသည်။ ဦးဥက္ကဌမှာ စဉ်းစားရင်းပင် ကျောင်းကိစ္စဝတ္တရားများကို ဆောင်ရွက်လုပ်ကိုင်ပြီးသည့်နှင့် တစ်ပြိုင်နက် ကျန်သောအချိန်များတွင် လုပ်မြဲကိစ္စ ကမ္မဋ္ဌာန်းတရားကိုသာ ရှေ့ရှုထိုင်မြဲ ဆက်လက်ထိုင် နေပါသည်။

မဟာသတိပဋ္ဌာန်သုတ်တော်၌ **ဒီဃံဝါ အဿသန္တော**။ ရှည်ရှည်ရှူလျှင်လည်း **ဒီဃံဝါ အဿာသာ မိတိ** ရှည်ရှည်ရှူသည်ဟု ပဇာနာတိ – သိ၏။

**သဗ္ဗကာယ ပဋိသံဝေဒီ** – ဝင်သက်ရုပ်အပေါင်း၏ အစ၊ အလယ်၊ အဆုံး အကုန်ထင်ရှား သိလျက်၊ **အဿသိသာမိတိ** – ရှူမည်ဟု ၊ **သိက္ခတိ** – ကျင့်၏။

**ဘိက္ခဝေ**–ရဟန်းတို့၊ **သေယျထယဝိ**–ဥပမာအားဖြင့်၊ **ဒက္ခော**–ကျွမ်းကျင်လိမ္မာသော၊ **ဘမကာရောဝါ**–ပွတ်ဆရာဖြစ်စေ၊ **ဘမကာရန္တေဝါသိဝါ**–ပွတ်ဆရာ၏တပည့်ဖြစ်စေ၊ **ဒီဃံဝါအဥ္ဆန္တော**– ပွတ်ကြိုး ကိုရှည်ရှည်ဆွဲသည်ဟု၊ **ပဇာနာတိ**–သိ၏ဟူသောပါဠိတော်အတိုင်းပင် စိတ်အနှောင့်အယှက် ဖြစ်သည့် ကိစ္စများ ကိုဂရုမထား၊ အဓိကတရား ရရှိရေးသာဦးတည်၍ မလျှော့သောဇွဲ၊ လုံ့လဖြင့်စက္ကန့်မလပ် သတိမပြတ်စေ ဘဲကြိုးစား၍ တရားအားထုတ်မြဲဖြစ်ပါသည်။

ထိုသို့ ဦးဥက္ကဌ တရားထိုင်နေသော အချိန်များတွင် လေရှူသံ အမျိုးမျိုးပြောင်းလဲပြုပြင်ရှူသံကြီးအားကျောင်းဝင်းအတွင်းဖြတ်သန်းသွားလာနေသောလူအများမှကျောင်းထဲတွင်“**လွှဆွဲနေသည်**”ဟုသာအထင်ရှိပါသည်။ အချိန်ကတရွေ့ရွေ့ကုန်ဆုံးသွားပြီးဖြစ်ပါသည်။ ဦးဥက္ကဌမှာလည်းအထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာဆုံးဖြတ်ချက်ချလိုက်ပြီလည်း ဖြစ်ပါသည်။

✧✧✧

## သဲအင်းဂူဆိုသည်မှာ

◆◆◆

နှောကုန်းကျေးရွာ ကျောင်းကြီးကျောင်းမှ တံ့တေးတောကြီးတန်းသို့ ကြွ ရောက်ပြီး တရားအားထုတ်လိုသော နှောကုန်းဦးပဥ္စင်းကြီး ဦးဥက္ကဋ္ဌမှာအလိုဆန္ဒ ပြည့်ဝပြီ ဖြစ်သောကြောင့် မှော်ဘီမြို့နယ် တစ်ဝိုက်မှာပင်ကျောင်းရှာရန် အခြေအနေ ဖြစ်ပေါ်ခဲ့ပါသည်။ထိုအခြေအနေအရတပည့်များကနေရာရှာကြပါသည်။နှောကုန်းကျေး ရွာပတ်လည်တွင် ညောင်ပင်အင်း၊ ခွေးပုတ်အင်း၊ ကြာအင်း၊ သဲအင်းစသည့်အင်းများ ရှိပါသည်။ နှောကုန်းကျေးရွာ အရှေ့ဘက်(၁)မိုင် သာသာဝေးသည့် လယ်ကွင်းပြင်၊ ကုန်းမြေမော့မော့တွင် ကျောင်းဆောက်ရန် တပည့်များက ကြိုက်ပါသည်။ ထိုနေရာ သည် (သဲအင်း)အမည်ရှိသောအင်းဘေးတွင် ရှိနေသောကြောင့် ယနေ့ဤနေရာကို (သဲအင်းဂူ) ဝိပဿနာကမ္မဋ္ဌာန်းကျောင်းဟု ဒေသကိုအစွဲပြုပြီး ခေါ်တွင်လာကြ ပါသည်။

(သဲအင်း)ဟူသော ဒေသအမည်ကို အစွဲပြု၍ မြန်မာနိုင်ငံတွင် ကျော်ကြား ခဲ့သောသဲအင်းဆရာတော်တစ်ပါးရှိခဲ့ပါသည်။ ထိုအရှင်သူမြတ်တို့မှာ ကုန်းဘောင်မင်း ဆက် သာယာဝတီမင်း လက်ထက်တွင် မင်းဆရာ ဖြစ်တော်မူခဲ့သော အညာဒေသ (သဲအင်း) မှ သူရိယဝံသဘိသိရိပဝရလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တော်ရသာသနာတော်ပိုင် ဆရာတော်ဘုရားကြီးနှင့် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သောတော်လှန်ရေး ကောင်စီခေတ်(၁၉၆၂/၇၃)တွင် တေဝိဇ္ဇပတ္တရဟန္တာ ဟု ကျော်ကြားခဲ့သော အောက်ပြည်အောက်ရွာ မှော်ဘီမြို့နယ် သဲအင်း(ဂူ)ဆရာတော် ဦးဥက္ကဋ္ဌတို့ဖြစ်ပါသည်။

နှောကုန်းဦးပဥ္စင်းအတွက် ကျောင်းနေရာ ရွေးချယ်လိုက်သည့်နေရာသည် အထက်လမ်း ဆရာကြီး ဦးပါရမီက ဤနေရာတွင် သာသနာ ပွင့်လိမ့်မည်ဟု

ကန်တော့ပွဲပေးပြီး ကြိုတင်ဟောကိန်း ထုတ်ခဲ့သော နေရာဖြစ်ပါသည်။ ထိုနည်းတူစွာ ဦးအောင်ထွန်း တတိယအကြိမ် တရားထူးရပြီးနောက် ကြိုတင်နိမိတ် ဖတ်ခဲ့ဖူးကြောင်း ဟဿာတ ဟောကွက်တွင်ဖေါ်ပြထားပါသည်။

၁၃၂၃ခု နယုန်လ အတွင်းမိုးရေ၊ မိုးပေါက်များက ရွာသွန်းလိုက်၊ ရပ်လိုက်ဖြစ်ခါ မှန်မှန်သွန်းဖြိုး နေပါသည်။ ထိုအချိန်တွင်ဦးစုရ၊ ဦးထွန်းညွန့်၊ ဦးရွှေ၊ ဦးဖိုးတော၊ ဦးဘတို့မှ ယခု(အရိယာဓမ္မာရုံ)ကြီး နေရာတွင် ဦးဥက္ကဋ္ဌ ချမ်းသာစွာနေထိုင်သီတင်းသုံးနိုင်ရန်အတွက် ကျောင်းတစ်လုံးဖြစ်မြောက်ရန် ဝိုင်းဝန်းပြုလုပ်နေကြပါ သည်။

တဲကျောင်းကလေး ပြီးစီးသွားသောအခါ ဦးဥက္ကဋ္ဌမှာ နှောကုန်းရွာအတွင်းသို့ ဆွမ်းခံထွက်၍ မယ်တော် ကြီးဖြစ်သူမှာ ဦးဥက္ကဋ္ဌ၏ ကျောင်းမှာပင်နေထိုင်ရင်းဝေယျာဝစ္စပြုလုပ် ဆောင်ရွက်ပေးနေပါသည်။ ဤစံကျောင်း ယဲအနီးတွင်လည်း ယောဂီများခေတ္တနားနေနိုင်ရန်အတွက် (၁၆)ပေ(၁၀)ပေခန့် ဓနိမိုး၊ ဝါးထရံကာ တစ်လုံးကို၊ မရှေးမနှောင်းပင်တည်ဆောက်လိုက်ပါသည်။

ဦးစုရနှင့် ယောဂီများသည် ဥပုသ်နေ့များတွင်တရားအားထုတ်ရန်နှင့် တရားနာကြရန်လာရောက်လေ့ရှိပါသည်။ ထိုသို့တရားအားထုတ်သူများအနက်နှောကုန်းရွာမှ ညဥ့်အိပ်၊ ညဥ့်နေလာသူမှာ အသက် (၃၀) ခန့်ရှိ ကိုကျော်မောင်ဖြစ်ပါသည်။

တစ်နေ့သော ညနေစောင်းတွင် လူနှစ်ယောက်၊ ဗလကောင်းကောင်းဖြင့် တရားထိုင်နေသော ဓမ္မာရုံယဲ အတွင်းသို့ ဝင်ရောက်လာခဲ့ပါသည်။ ထို့နောက် ဦးဥက္ကဋ္ဌ၏ ခြေတော်အစုံကို ဦးခိုက်ပြီးရိုသေစွာ ကန်တော့ကြ ပါသည်။ (၁၅) မိနစ်ကြာမျှဦးဥက္ကဋ္ဌနှင့် ၄င်းငြိမ်သည်နှစ်ယောက် ထိုင်နေကြပါသည်။အသံမကြားရပါ။

ထိုလူနှစ်ယောက်ပြန်ထွက်သွားသောအခါ ကိုကျော်မောင်မှနောက်ကလိုက်၍ အကဲခတ်ရာ ယနေ့မှုခ်ဦးဝနှင့် ညောင်ပင်နားသို့အရောက်တွင် မျက်ခြည်ပြတ်သွားပါသည်။ နေဝင်ချိန်လူလုံးမကွဲသော ကာလဖြစ် သောကြောင့် ကိုကျော်မောင်မှာ ဆက်မလိုက်တော့ဘဲ ကျောင်းသို့ပြန်လာပြီး ဦးဥက္ကဋ္ဌအား လျှောက်ထားမေးမြန်း ရာ ဦးဥက္ကဋ္ဌမှ ထိုပုဂ္ဂိုလ်များမှာ လူသာမန်မဟုတ်ကြဘဲ (ဝိဇ္ဇာ) နှစ်ဦးဖြစ်ကြောင်း၊ ထိုသူတို့မှာ မနောအာရုံဖြင့် ဦးဥက္ကဋ္ဌအား သာသနာနယ်မြေ သတ်မှတ်မှုသာလျှင် သင့်တော်မည်ဖြစ်ကြောင်းလျှောက်ထားရာ၊ ဦးဥက္ကဋ္ဌမှ သာသနာနယ်မြေသတ်မှတ်ရန် မနောဖြင့် ခွင့်ပြုလိုက်ကြောင်း ပြန်လည် မိန့်ကြားပါသည်။

ထိုလူနှစ်ယောက်ပြန်သွားပြီး နောက်နှစ်ရက်အကြာတွင်၊ လူသားစင်စစ် နှစ်ယောက် နေ့လည်ပိုင်းအချိန်တွင် ရောက်ရှိလာပြီး သာသနာ့အလံ (၄)လက်ကို ကိုင်ဆောင်၍ အရပ်လေးမျက်နှာတွင် သူတို့စိတ်ကြိုက်လိုသလို စိုက်ထူသွားပါသည်။ အလံမှာ ကြီးကြီးမားမားမဟုတ်။ ထိုသို့အလံစိုက်ထူခဲ့ခြင်းသည် (၁၉၆၁) ခုနှစ်ကဖြစ်ပါသည်။ ယခုသာသနာနယ်မြေ တိုင်းတာရာသဲအင်းဂူ သာသနာ့နယ်မြေ သည် (ပေ၇၀)ကျော်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ထိုအတိုင်းအတာအရ၊ လွန်ခဲ့ သည့်နှစ်ပေါင်း (၃၀)နီးပါးက လူနှစ်ယောက်၊ အလံစိုက် ထူခဲ့သော အကျယ် အဝန်းအတိုင်း ဖြစ်နေသည်ကို ထူးဆန်းစွာတွေ့ရပါသည်။ ထိုအချိန်က၊ ယခုသာသနာ့ နယ်မြေသတ်မှတ်လိုက်သည့် အတွင်းအနောက်ဘက်တွင် ရွာသစ်ကုန်းလူနေအိမ်ခြေ များ ရှိပါသည်။ ထိုအိမ်များ မှာ ယခုမရှိတော့ပါ။

## သဲအင်းဂူ ကျောင်းထိုင်ခါ ပဏာမ ပေးဆပ်ရသည့် ဝဋ်ကြွေး

◆ ◆ ◆

ဦးပဥ္စင်းကြီး ဦးဥက္ကဋ္ဌအဖို့သာသနာပြုနိုင်ရန်၊ သာသနာ့နယ်မြေအဖြစ်၊ အလံ တော်လေးလက် စိုက်ထူပေးသည့် ပုဂ္ဂိုလ်လည်း ပေါ်ခဲ့ပါပြီ။ ဦးပဥ္စင်းကြီးသီတင်းသုံး ရန်၊ လေးတိုင်စင်ကျောင်းလည်း ပေါ်ပေါက်ခဲ့ပါပြီ။ တရားအားထုတ်လိုသော လူများ အတွက်၊ တဲမမှာရုံတစ်လုံးလည်း တည်ဆောက်ပေးပြီးကြပါပြီ၊ ဤသို့ကောင်းမှု ကံ ပဏာမအစပျိုးသည်ကို တွေ့ရသကဲ့သို့ ပေးဆပ်ရမည့် ဝဋ်ကြွေးလည်းရှိပါသေးသည်။

သက်န်းဝတ်ပြီးခါစ ဦးပဥ္စင်းကြီးသည် နှောကုန်းကျောင်းကြီးမှ သဲအင်းဂူ လေးတိုင်စင်သို့ ရွှေပြောင်းလာရာ မိမိဆွမ်း မိမိခံစားနေရပါသည်။

တစ်နေ့သောအခါ နှောကုန်းရွာမှဆွမ်းခံပြီး အပြန်ခရီးတွင်၊ ရွာသစ်ကုန်း ဘက်သို့ ရောက်လာပါသည်။ ထိုအခိုက်အတန့်တွင် သန်မာထွားကျိုင်းသော ခွေး တစ်ကောင်က၊ ဦးပဥ္စင်းကြီး လာလမ်းမှစောင့်၍ ကိုက်တော့မည့်ဟန်ဖြင့် မာန်ဖီနေပါ သည်။ ကပ္ပိယလုပ်သူ ဦးချစ်မောင်က ဟိုခွေးကိုက်တော့မယ်မကြွနဲ့၊ မကြွနဲ့ဟု ဦးပဥ္စင်းကြီးအားသတိပေး နေသော်လည်း၊ ဦးပဥ္စင်းကြီးက ခေတ္တရပ်နားပြီး တစ်စုံ တစ်ခု အာရုံပြုပြီးနောက်မိမိခရီးကို မရပ်တန့်ဘဲ ဆက်လက်လျှောက်သွားပါသည်။

ထိုခဏ၌ အားကောင်းမောင်းသန် ခွေးကဦးပဥ္စင်း၏ ခြေသလုံးကို ဆွဲကိုက် လိုက်ပါသည်။ မိမိရရကိုက်ခါမလွှတ်ဘဲဆွဲခါ နေသောကြောင့်၊ ဦးပဥ္စင်းကြီး၏ လက်မှ သပိတ် လွတ်ကျသွားပါသည်။ ရုံထားသော သင်္ကန်းဖရိုဖရဲဖြစ်ပြီး လဲကျသွားပါသည်။



ပထမမူလကမ္မ ဋ္ဌာနစရိယ
ဆရာတော် ဦးဥက္ကဋ္ဌ



လမ်းမလျှောက်နိုင်သောကြောင့် ဒကာများက ကျောင်းအရောက်တွဲ ခေါ်ခဲ့ပါသည်။ ခွေးကိုက်သည့်ဒဏ်ရာမှာအသားများပါသွားသည့်အပြင် ဟိုဘက်ဒီဘက် အသားပေါက်သွားပါသည်။ ကပ္ပိယ ဦးချစ်မောင်က ဦးပဥ္စင်းကြီးကို မကျေနပ်ပါ။ သူ့အနေဖြင့် ဤအဖြစ်မျိုးနှင့်တွေ့ရမည်ကို ကြိုတင်သိသောကြောင့် ရှေ့သို့မသွားရန် တားမြစ်နေသော်လည်း ဦးပဥ္စင်းကြီးက ရပ်မနေဘဲ ဇွတ်လုပ်လိုက် သည်ဟု အပြစ်တင်ပါသည်။

ထိုအဖြစ်အပျက်နှင့် ပတ်သက်ပြီး ဦးပဥ္စင်းကြီးက **(ချစ်မောင်ရေ အခုသူက ငါ့ကိုကိုက်လိုက်တာက နည်းသေးတယ်။ အတိတ်ဘဝတုန်းက ဒီခွေးက၊ ကျားဘဝဖြစ်ပြီး ငါကမုဆိုးဘဝတုန်းကပေါ့သူ့ကိုငါကမြားနှင့် ခွင်းခဲ့တာဒီထက်ဆိုးတယ်၊ အခုအကြွေးကျေပြီ)**ဟု ပြန်ပြောခဲ့ပါသည်။ ဒါဘယ်လိုသိသလဲဟု ထပ်မံမေးသောအခါ မင်းကဟိုမှာ ခွေးကိုက်လိမ့်မယ်လို့ ပြောတော့ငါကခဏရပ်ပြီး သင်ခြင်လိုက်တော့ အတိတ်ဘဝဇာတ်ကြောင်း သိတာနဲ့ ငါ့အကြွေးငါဆပ်မယ်ဆိုပြီး အကိုက်ခံလိုက်တာဘဲ။

## မြေငလျင်လှုပ်ခြင်း

◆◆◆

၁၃၂၃ ခု တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်နေ့ အမျိုးသားအောင်ပွဲနေ့၌ ထုံးစံအတိုင်း မှော်ဘီမြို့ထဲတွင် ပျော်ပွဲရွှင်ပွဲများ ရှိနေပါသည်။ ညနေပိုင်းတွင် ပွဲလမ်းသဘင် ကြည့်ရှုသူများနှင့် လမ်း၊ လျှောက် သွားသူများဖြင့် မှော်ဘီမြို့ထဲတွင် အထူးတလည်စည်ကားနေပါသည်။ ဦးစုရ၏ဇနီးနှင့် တူမဖြစ်သူတို့ ပွဲလမ်းသဘင်သို့သွားနေကြပါသည်။ ဦးစုရသည် အိမ်ထဲတွင် ကုလားထိုင်ပေါ် ထိုင်၍ တရားနှလုံးသွင်းနေပါသည်။ ည(၁၂)နာရီနှင့် (၂)နာရီကြားကာလတွင် ထူးခြားသောမြေငလျင်လှုပ်ခြင်းဖြစ်ပေါ်လာသောကြောင့် ဦးစုရမှာ ရုတ်တရက် ဖြစ်ပေါ်သော မြေငလျင်အကြောင်းကို စဉ်းစားနေပါသည်။

နံနက်မိုးလင်းသောအခါထို မြေငလျင်လှုပ်ခြင်းနှင့်ပတ်သက်သောသတင်းကို လူအချို့တို့အား မေးမြန်းစုံစမ်းသောအခါတွင် ရန်ကုန်နယ်မြေတွင် မြေငလျင်မလှုပ်ကြောင်းသိရှိရပါသည်။ ထိုနေ့သတင်းစာတွင်လည်း မြေငလျင်လှုပ်သည့်သတင်းမပါသောကြောင့်၊ ထိုအကြောင်းနှင့် ပတ်သက်ပြီး ဦးစုရမှာ သိချင်ဇောဖြင့် သဲအင်းဂူဦးဥက္ကဌထံသို့ ရောက်သွားပါသည်။

သဲအင်းဂူဦးဥက္ကဌထံသို့ ရောက်သောအခါ ထိုကိစ္စနှင့်ပတ်သက်၍ အကျိုး အကြောင်းမေးမြန်း လျှောက်ထားရာတွင် ဦးဥက္ကဌမှ ဦးပဥ္စင်းလည်း အဲဒီအချိန်မှာ တရားနှလုံးသွင်းပြီးဆင်ခြင်နေတယ်။ ည(၁၂)နာရီ (၁)ချက်လောက်မှာလူလေးယောက် အနောက်ဘက်ကနေပြီး(ဝတ်ဖြူစင်ကြယ်)နှင့် ကျောင်းထဲသို့ ဝင်ရောက်လာကြတယ်။ ဒါကြောင့်ဒီဒကာတွေ အချိန်မရှိ ဘာလာလုပ်တာလဲလို့ကြည့်ပြီး ဆင်ခြင်နေတယ်။ ဆင်ခြင်နေတဲ့အခါကျတော့ (ဒကာကြီးတို့ဘာလျှောက်စရာရှိသလဲလို့ မနောနဲ့မေး လိုက်တယ် အဲ့ဒီဒကာတွေက သာသနာတော်ကြီးပွင့်ဖို့ အချိန်ရောက်ပါပြီဘုရား) လို့ လျှောက်ထားတယ်။

ဦးဥက္ကဌမှမနောဖြင့်ပင် (ဩော်ကောင်းတယ်၊ ကောင်းတယ် သာသနာကြီး ပွင့်လင်းရင်ဦးပဥ္စင်းလဲဝမ်းမြောက်ဝမ်းသာပါတယ်)လို့ မနောနဲ့ဘဲပြန်ပြီးဖြေလိုက်တယ် ဟု ဦးစုရအားပြန်လည်ပြောပြပါသည်။ဟသာတတရားပွဲ၌လည်း ဤအကြောင်းဟောခဲ့ ပါသည်။ ၄င်းပုဂ္ဂိုလ်များ ပြန်သွားပြီးနောက် ဦးပဥ္စင်းကြီးမှာ ဆင်ခြင် ကြည့်လိုက်ရာ ၄င်းတို့မှာရိုးရိုးလူသားများမဟုတ်ကြဘဲ (ဗြဟ္မာ)များ သာလျှင်ဖြစ်ကြောင်း ဦးစုရအား ဝမ်းမြောက်စွာ ထပ်မံအမိန့်ရှိပါသည်။

ဦးစုရနှင့် ဇနီးမောင်နှံတို့မှာလည်း ဝမ်းသာမဆုံးဖြစ်နေကြပါသည်။ အကျိုး အကြောင်းသိရှိပြီးနောက် ဦးစုရနှင့် ဇနီးမောင်နှံတို့ မှော်ဘီမြို့ထဲသို့ ပြန်ရောက်ချိန် တွင် အမှတ်မထင် ဘယ်ပုံဘယ်နည်းနှင့် ရောက်ရှိသည် မသိ။ **(အရိယာဘုံသွား ဉာဏ်လှေကား)** အမည်ရှိစာအုပ်တစ်အုပ်ရောက်ရှိနေပါသည်။

ကျမ်းပြု ဆရာတော်သည် သန်လျင်တောရကျောင်း ဆရာတော် ဦးတိလောကဉာဏ(ပိကေ)ဖြစ်ပါသည်။ဦးဥက္ကဌ၏ကိစ္စကို(ဦးတိလောကဉာဏ၊ပိကေ)ထံ သို့ သွားရောက်လျှောက်ထားချင်သော ဆန္ဒဖြစ်ပေါ်လာသည့် အလျောက် ဇနီးသည် အား တိုင်ပင်ကာ ဆရာတော်ရှိရာ သန်လျင်သို့သွားရောက်ရန် ပြင်ဆင်ပါတော့သည်။

## သန်လျင်တောရကျောင်း ဆရာတော်၏အိမ်မက်ထူး

◆ ◆ ◆

သန်လျင်တောရကျောင်းဆရာတော်ဦးတိလောကဉာဏ(ပိကေ) အရှင်သူမြတ် သည်လည်း ဗြဟ္မာ့ပြည်မှ ရထားတစ်စင်းကောင်းကင်မှ သက်ဆင်း၍ သန်လျင် တောရကျောင်းအတွင်းသို့ ဝင်ရောက်လာသည်ကို ထိုအချိန်တွင်ထူးခြားစွာ အိမ်မက် မြင်မက်ခဲ့ပါသည်။

ဦးစုရသည် ပတ်ဝန်းကျင် လူသူလေးပါး မရိပ်မိစေရန် နံနက်စောစော (၄)နာရီခန့်လောက်တွင်သန်လျင်မြို့သို့ ခရီးစတင် ထွက်ခွာလာခဲ့ပါသည်။ သန်လျင်မြို့သို့ရောက်လျှင် ယခင်ရင်းနှီးခဲ့သော မိတ်ဆွေတစ်ဦးထံသို့ ဝင်ရောက်၍ လာရင်းကိစ္စအား ဆွေးနွေးတိုင်ပင်ကြပါသည်။ ဦးစုရမှ၄င်း၏ မိတ်ဆွေအား သန်လျင်တောရကျောင်းဆရာတော်ထံသို့အဖိုးမဖြတ်နိုင်သောပတ္တမြားတစ်လုံးကပ်လှူရန် အဖိုးမတန်လျှင်လည်း လှွင့်ပစ်မည် ဖြစ်ကြောင်း ရယ်ကာမောကာဖြင့် ပြောဆိုခဲ့ပါသည်။

သို့နှင့်နှစ်ဦးစလုံးပင် သန်လျင်တောရကျောင်းဆရာတော် ထံသို့သွားရောက်၍ ကိစ္စအကျိုးအကြောင်း လျှောက်ထားရာ၌ သန်လျင်တောရ ဆရာတော်မှလည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အတိတ်နိမိတ်ဖြင့် အိပ်မက်အကြောင်းအရာများကို ပြောပြပါသည်။ တစ်စုံတစ်ရာထူးခြားမည်တော့ဖြစ်ကြောင်း၊ ထို့ကြောင့် လျှင်မြန်စွာ ပင့်ဆောင်လာခဲ့ရန်မှာကြားအမိန့်ရှိသောကြောင့် ဦးစုရမှာအလွန် ဝမ်းသာအားရစွာဖြင့် ဆရာတော်အား ဦးချကန်တော့ခါ မိတ်ဆွေအိမ်မှတစ်ဆင့် မရပ်မနားတော့ဘဲ မှော်ဘီမြို့သို့ တောက်လျှောက် ပြန်လာခဲ့ပါသည်။

မှော်ဘီမြို့သို့ရောက်လျှင်ဆက်လက်၍ ဦးပဥ္စင်းကြီး သီတင်းသုံးရာသဲအင်းဂူကျောင်းလေးသို့ လမ်းလျှောက်လာခဲ့ပြီး ဦးပဥ္စင်းကြီးအား အကြောင်းကိစ္စများအား လျှောက်ထားရာ၌ ဦးဥက္ကဋ္ဌမှ သန်လျင်ဆရာတော်မှမေးလျှင် ပိဋကတ်သုံးပုံအထဲကသာ မေးလိမ့်မည်။ ငါကလည်း သိသမျှဖြေမည်ဟု မိန့်တော်မူပါသည်။ သို့နှင့် ဦးစုရနှင့်ဓမ္မမိတ်ဆွေများမှာ သန်လျင်သို့ခရီးထွက်ရန် ပြင်ဆင်ကြပါတော့သည်။

## သန်လျင်မြို့သို့ ကြွရောက်ခြင်း

◆◆◆

၁၃၂၁ခုနှစ် နတ်တော်လပြည့်ကျော်(၁)ရက်နေ့၌ တရားပြဆရာဦးစုရနှင့် ဓမ္မမိတ်ဆွေ (၁၁)ဦး၊ ရွာသစ်ကုန်းမှ ဦးပုတို့လိုက်ပါလျက် သဲအင်းဂူဆရာတော် ဦးဥက္ကဋ္ဌအားပင့်ဆောင်၍ သန်လျင်မြို့ တောရကျောင်းဆရာတော်ဦးတိလောကဉာဏ (ပိဋက)ထံမှောက်သို့ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

သန်လျင်တောရကျောင်းဆရာတော်မှလည်း ဝမ်းသာအားရစွာဖြင့် ကြိုဆိုကြ၍ နောက်တစ်နေ့၌ ဦးဥက္ကဋ္ဌအား အချိန်အတိုင်းအတာဖြင့်စတင်၍ တရားဓမ္မနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းပါတော့သည်။ ထိုသို့ စစ်ဆေးမေးမြန်းနေစဉ် အချိန်ကာလအတွင်း တောရကျောင်း၌ ယောဂီအဝင်/အထွက် တဖြည်းဖြည်းများပြား

လာပါသည်။ အကြောင်းရင်းမှာ သန်လျင်ဆရာတော်မှ မေးမြန်းသောဝိပဿနာနှင့် စပ်ယှဉ်သည့် တရားဓမ္မများအား ဦးဉက္ကဌမှ ပြန်လည်လျှောက်ကြားရာတွင် ယောဂီများအနေဖြင့် ပညာဗဟုသုတအလို့ငှာ အလွန်ပင် စိတ်ဝင်စားဖွယ်ရာများအား မြန်မာစကားရိုးရိုးဖြင့် ဖြေကြား လျှောက်ထားသော ကြောင့်ပင် ဖြစ်ပါသည်။

မေးမြန်းဖြေဆိုခြင်းတို့မှာ တစ်ကြိမ်လျှင် (၂)နာရီခန့် ကြာပါသည်။ ဆွမ်းစားခြင်း၊ရေချိုးခြင်း၊ ကိုယ်လက်သန့်ရှင်းခြင်း၊ အနားယူခြင်းစသည့် အချိန်များမှ လွဲ၍ သန်လျင်ဆရာတော်ဘုရားမှ ၄င်းသိလိုသည့် အချက်များအား ပိုင်နိုင်စွာနေ့စဉ် မေးမြန်းခြင်းများကို ပုံမှန်ပြုလုပ်လျက်ရှိပါသည်။ အရှင်ဦးဉက္ကဌမှာလည်း သန်လျင် ဆရာတော်သိလိုသည့် အချက်များအား စိတ်ကျေနပ်လောက်အောင် ဖြေဆိုတော်မူခဲ့ ပါသည်။

တစ်နေ့သံဃာတော်များ ဆွမ်းစားနေသော အချိန်တွင် ဦးစုရမှသန်လျင် ဆရာတော်အား ၄င်းရင်ထဲမှ မရှင်းသော ပြဿနာတစ်ခုအား မေးမြန်းရာ သန်လျင် ဆရာတော်မှပြန်လည် ဖြေကြားသည့် အဖြေတစ်ခုမှာလည်း မှတ်သားစရာကောင်းလှ ပါသည်။ အဖြစ်မှာသံဃာတော်များ ဆွမ်းဘုဉ်းပေးသည့်အခါ အရှင်ဦးဉက္ကဌမှ အများ သံဃာများထက်ဦးစွာပြီးစီးလေ့ရှိပါသည်။ ထိုသို့ဆွမ်းကိစ္စပြီးဆုံးတိုင်း ဆွမ်းဘုဉ်းပေး နေဆဲဖြစ်သော သန်လျင်တောရဆရာတော်အား လက်အုပ်ချီမိုး၍ ဝတ်ပြုလေ့ ရှိပါသည်။ ထိုသို့ဝတ်ပြုပြီးသောအခါ သန်လျင်ဆရာ တော်မှ မျက်စိစုံမှိတ်၍ဘုဉ်းပေး နေသောဆွမ်းကိစ္စအား ခေတ္တရပ်ထားလေ့ရှိပါသည်။ ထိုသို့သောအခြင်းအရာ များအားဦးစုရမှသိလိုသောကြောင့် သန်လျင်ဆရာတော်အား မေးမြန်းလျှောက်ထား ရာတွင် သန်လျင်ဆရာတော်မှ ဒကာကြီးအရိယာ သူတော်ကောင်းများဟာ ပရမတ် ကိုအာရုံပြုပြီး ရှိခိုးကန်တော့လေ့ရှိတယ်။ ကိုယ်ကလောဘဦးစီးပြီး ဆွမ်းဘုဉ်းပေး တုန်းကန်တော့ခံ လိုက်ရင်လုံ့နဲ့အထိုးခံရတာနဲ့ပမာတူတယ်။ အရိယာပြောင့်စူးတယ်။ အရိယာပြောင့်စူးရင်နတ်လို့မလွယ်ဘူး။ ဒါကြောင့်ကမ္မဋ္ဌာန်းအာရုံ တစ်ခုခုရှုမှတ်နေရ တယ် ဟုအမိန့်ရှိပါသည်။

✧✧✧

# သန့်လျင်တောရ ရေကန်ထက်တွင်

◆◆◆

တစ်နေ့တွင် သန်လျင်တောရကျောင်းနှင့် ကပ်လျက်ရှိသော ရေကန်ကြီး သုံးကန်၌ နီးစပ်ရာရွာသူ/ရွာသား များစွာတို့သည် နေ့စဉ်နှင့်အမျှ ငါးမျှားခြင်း၊ ရေချိုးခြင်း၊ အဝတ်လျှော်ခြင်းများပြုလုပ်နေသော အချိန်၌ ကိုတာလိ အမည်ရှိသော ခေါ်တောကုလား လူမျိုးတစ်ယောက်သည် ရေကန်တွင်ငါးမျှားနေစဉ် ၄င်းငါးမျှားနေသော ရေကန်အတွင်းမှ သက်န်းဝတ်နှင့် ဘုန်းတော်ကြီးတစ်ပါးပေါ် ထွက်လာပြီး ကောင်းကင်သို့ ပျံတက်သွားသည်ကို ရုတ်တရက်တွေ့မြင်လိုက်ရသောကြောင့် ၄င်း၏ အနီးအနားမှ လူတချို့အား အော်ဟစ်အသိပေး ပြောဆိုလိုက်ပါ သည်။

ကိုတာလိ၏ အနီးအနား၌ ရှိနေသော လူများစွာတို့လည်း ကိုတာလိပြသော နေရာသို့အားလုံးဝိုင်း ကြည့်ရာကောင်းကင်တွင် ပျံတက်သွားသော ရဟန္တာပုဂ္ဂိုလ်ထူးမှာ ကောင်းကင်တွင် မြေပြင်ပမာကဲ့သို့ လမ်းလျှောက်နေသည်ကို အံ့ဩစွာတွေ့မြင်ရသောကြောင့် တစ်ဦးနှင့်တစ်ဦး အသိပေးသံများ ဆူညံသွားခဲ့ပါသည်။ ထို့နောက် ကောင်းကင်ယံတွင် ဈာန်ဖြင့်ကြွလှမ်းနေသော ရဟန္တာပုဂ္ဂိုလ်ထူး၏ ကြွလှမ်းရာဘက်သို့ နောက်မှ လူအုပ်ကြီးမှာ အပြေးအလွှားလိုက်ကြပါသည်။

ထိုရဟန္တာပုဂ္ဂိုလ်ထူးမှာ သန်လျင်တောရကျောင်းသို့ ဈာန်ဖြင့် ဝင်ရောက် ပျောက်ကွယ်သွားသောကြောင့် လူအုပ်စုကြီးမှာလည်း သန်လျင်တောရကျောင်းသို့ ဝင်ရောက် ရှာဖွေကြပါသည်။ ထိုကဲ့သို့ဖြစ်ပေါ် သောအချိန်တွင် သန်လျင်တောရ ဆရာတော်နှင့် တရားဆွေးနွေးနေသော သဲအင်းဂူဆရာတော်အရှင် ဦးဥက္ကဋ္ဌအား လူအုပ်စုကြီးမှ မြင်တွေ့သွားရာ ထိုအထဲမှလူအချို့က ဦးဥက္ကဋ္ဌအား လက်ညိုးညွှန်၍ ဟောဒီဘုန်းကြီးပဲ။ တောရကျောင်းထဲ ဝင်သွားတာဟုစတင်ပြီး ပြောလိုက်ရာနောက်မှ လိုက်လာသော လူစုကြီးမှာအရှင်ဦးဥက္ကဋ္ဌအား ရိုသေစွာ ဝိုင်းဝန်းကန်တော့ကြပြီး ပြန်သွားကြပါသည်။

ဤသတင်းမှာ သန်လျင်တစ်မြို့လုံးသို့ ပျံ့နှံ့သွားပြီး နေ့စဉ်နှင့်အမျှ လူအများတောရကျောင်းသို့ လာရောက်ကြပြီး အရှင်ဦးဥက္ကဋ္ဌအား လှူဖွယ်ပစ္စည်း ဝတ္ထုအစုစုတို့ဖြင့် အသီးသီးလှူဒါန်း ပူဇော်ကြပါသည်။ ထိုအကြောင်း ကိစ္စများလည်း သတင်းထောက်များမှ ၃၁-၁၁-၆၁နေ့ထုတ် ပြည်ထောင်စုသတင်းစာတွင် စာလုံးမည်းများဖြင့်ထင်ရှားပေါ် လွင်စွာ ဖော်ပြခဲ့ပါသည်။သန်လျင်တောရကျောင်းသို့သွားရာ လမ်းသည် ခါတ်မီးတိုင်များမရှိပါ။ နေ့ရောညပါ သွားလာကြသောသူများပါသည်။

ညပိုင်း၌ ၄င်းထို့ကိုယ်တိုင် ဖယောင်းတိုင်မီးများဖြင့် အရှင်ဦးဥက္ကဋ္ဌထံသို့ လာရောက်ကြည်ညိုကြပါသည်။

အနီးအနားမှ ရွာသူ/ရွာသားများမှ နောက်ပိုင်းတွင် လမ်းသွားလမ်းလာများအဆင်ပြေစေရန် တောရကျောင်းသို့သွားရာ လမ်းတစ်လျှောက် လမ်းဘေးတွင်မီးတုတ်ကြီးများ ထွန်းညှိထားကြပါသည်။ သန်လျင်တောရ ဆရာတော်မှလည်းပုဂ္ဂိုလ်ထူးတစ်ပါး မိမိကျောင်း၌ ရောက်နေစဉ် အချိန်မီလာရောက်ကြည်ညိုနိုင်ရန်ကြေးနန်းကြိုးဖြင့် ရပ်ဝေးနေ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားထားပြီး ဖြစ်ပါသည်။

ဦးစုရမှာ အနားမနေရပါ။ ဦးပဥ္စင်းကြီးထံသို့လာရောက်ကြည်ညိုကြသောလူအုပ်ကြီးများအားအဖွဲ့လိုက်၊ အစုလိုက် ကြည်ညိုနိုင်ရန်အတွက် စီစဉ်ပေးရတော့သည်။ လူများလွန်းသောကြောင့် ဦးစုရအနေဖြင့် အစားအသောက် (နာရီ) မမှန်တော့ပါ။

ထိုကဲ့သို့ သန်လျင်တောရကျောင်း၌ ထူးခြားသော အခြေအနေများကြောင့်သက်ဆိုင်ရာ အဖွဲ့အစည်း များမှလည်း လာရောက်၍ လေ့လာသုံးသပ်ကြပါသည်။ သတင်းထောက်များစွာတို့လည်း လာရောက်ခါ ဦးဥက္ကဋ္ဌ အား သတင်းဓာတ်ပုံများကိုရိုက်ကူးကြပါသည်။ ဦးပဥ္စင်းကြီး ဦးဥက္ကဋ္ဌမှာ ရက်ကြာလာပြီဖြစ်သောကြောင့်ဆက်လက်မနေလိုတော့ပါ။ သန်လျင်ဆရာတော် မေးသမျှအားလည်း နောက်ဆုံးအပြီးသတ် ဖြေကြားပြီးနောက် မှော်ဘီမြို့သို့ပြန်ကြရန် စီစဉ်ကြပါတော့သည်။

မှော်ဘီမြို့မှ သန်လျင်တောရကျောင်းသို့ သွားရောက်စဉ် လူ၁၁ယောက်မျှသာရှိခဲ့သော်လည်း ယခုအပြန် ခရီးတွင် မော်တော်ယာဉ်၅စီးဖြင့် လူအပြည့်ပါရှိပြီးအလှူပစ္စည်းများအားလည်း ဦးစုရမှပြန်လည် လှူဒါန်းခဲ့ပြီးနောက် ကျောင်း၌အသုံးတည့် မည့်ပစ္စည်းအနည်းငယ်သာလျှင် ပြန်လည်ယူဆောင်လာခဲ့ပါသည်။

နှောကုန်းအနီးရှိ သဲအင်းဂူကျောင်းတော်လေးသို့ ပြန်လည်ရောက်ရှိပြီးနောက် ရှေးဦးစွာ သံဃာများမှ ရွှေလှေကြီး ဆရာတော် (ကျမ်းကြီးပေါက်သင်ယူဖူးသူ) လာရောက်၍ ဦးဥက္ကဋ္ဌထံနည်းနိဿယခံယူခါ ဝိပဿနာ တရားများမကြာခဏ အားထုတ်ပါတော့သည်။ **(ဦးစုရ – မှတ်တမ်းမှကောက်နုတ်ချက်)**

◇◇◇

# ရေပြင်အထက် ဝေဟင်မှာ မြေပြင်ပမာ

◆◆◆

(တောရတွင် စခန်းတစ်ထောက် အံ့လောက်ဖွယ်မျက်မြင်

ရေပြင် အထက် ဝေဟင်မှာ မြေပြင်ပမာ သံဃာတစ်ပါး စျာန်ကစားလို့

တောရပ်ဝင်တယ် စောဒက ရှင်ငြင်းဦးမှာလား )၂

(ရေကန်အထက် သန်လျင်မှာ အော်သန်လျင်မှာ မျက်မြင်မှာ သဒ္ဓါဖုန်း တစ်ရွာလုံး

ကျွတ်ကျွတ်ညံ ဘဝဂ်ပါလျှံ အော် မှားရင်ဖြင့်ဇက် ဇက်ဖြတ်ခံမယ်)၂

ကဝိတို့ သိကြလေ ရှင်/ ဗျာ အော်ကဝိတို့ သိကြလေ ရှင် / ဗျာ ဒို့ဆရာ

အင်း (ဇွဲတင်းလို့ တရားရှာ များလှသတ္တဝါ)၂ ကယ်မဖို့ တရားရှာတယ်

အော် ကယ်မဖို့ တရားရှာတယ် တရားကိုသာ မှတ်ကြ အများ ........ ။

(ဆရာရန်နိုင်စိန် ဝဏ္ဏကျော်ထင် နိုင်ငံ့ဂုဏ်ရည် (တ)
ရေးသားပူဇော်ခဲ့ပါသည်။)

## မြန်မာ့အလင်းသတင်းစာ
## ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်နေ့ထုတ်
## "ကောက်နုတ်ချက်မူရင်း"

◆◆◆

**ဆိုးခိုးနေရာမှ တရားထူးရလာသူ သန်လျင်ဘက်၌ ရဟန္တာဟုကျော်ကြားနေပုံ**

လွန်ခဲ့သည့် ၂ရက် - ၃ရက်မှစ၍ သန်လျင်ဗိုလ်ချုပ်တောရကျောင်းတွင် ရဟန္တာတစ်ပါး ကြွရောက်၍ တစ်ယောက်စကားတစ်ယောက်ကြားသဖြင့် သွားရောက်ဖူးမြော်ကြသူများ များပြားလေသည်။

**အိမ်ထောင်လေးဆက်**

ထိုပုဂ္ဂိုလ်မှာ သက်တော် (၄၆)နှစ်၊ ဝါတော်တစ်ဝါသာရသေးသည့် ဦးဥက္ကဋ္ဌ ဖြစ်လျက်၊ လူအမည်မှာ-ဦးအောင်ထွန်းခေါ် မှော်ဘီမြို့နယ် နှောကုန်းရွာသားဖြစ်ပြီး လူဝတ်နှင့်နေစဉ်က အိမ်ထောင်(၄)ဆက်ရှိခဲ့ပြီး ၂ဦးမှာ သေဆုံးသွားသည်။ တစ်ဦးမှာ ရန်ကုန်ကမာရွတ်တွင်ရှိ၍၊ တစ်ဦးမှာ မှော်ဘီစွယ်တော်ကုန်း ရွာတွင် ရှိသည်။

**တရားအားထုတ်ပုံ**

◆◆◆

ဦးအောင်ထွန်းမှာ အသက်(၄၆)နှစ်အရွယ်ထိ လူဆိုးသူခိုးဘဝနှင့် ပျော်ပိုက်ခဲ့ပြီး နောက်ဆုံးတစ်အိမ်ဝင်ခိုးရာတွင် အိမ်ရှင်မိ၍ ဓါးခုတ်ခံရလျက် နောက်ဆုံး လွတ်ခဲ့ပြီး (လောဘ၊ ဒေါသ၊ မောဟ)မီးသုံးပါး တို့ကို ထိတ်လန့်လျက် လူဆိုးသူခိုး ဘဝကိုစွန့်လွှတ်၍ စွန်းလွန်းဆရာတော်ကြီး၏ကျင့်စဉ်ကို သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင် အောက်ဆိုသလို အပြင်းအထန်အားထုတ်ကျင့်ကြံလာခဲ့ရာမှ တရားများပေါက်မြောက် လာသည်ဆို၏။

## ဟသ်ာတဟောကွက်

ဒကာကြီး ဘာဟောရမလဲ ။ ။ စာကလဲ ကျူပ် မတတ်တော့ ဘာဟော ရမလဲမသိဘူး။ ကျက်ထားတဲ့တရား ဆိုလို့ရှိရင်လွယ်တယ်။ ဦးပဥ္ဇင်းက သီလတောင်မပေးတတ်ဘူး။ ယသာနုဘာဝတော ဘုကို ပိတ်ရော။ ရွက်ကိုမရွတ်တတ်တာ။ ဖတ်လဲဖတ်မထားဘူး။ ဟိုမှာ ဦးပဥ္ဇင်းရဲ့ဒကာရှိတယ်။ ဟသ်ာတကဒကာ ဦးတင်လှိုင်တဲ့။ ဒကာမ မခင်သောင်း။ ဆွမ်းကျွေးတယ်။ ရေစက်ချရဦးမလား၊ ပရိတ်များ ရွတ်ရဦးမလားလို့ ဒီလိုမေးကြည့်တယ်။ ဓာတ်သိတဲ့ပုဂ္ဂိုလ်များကျတော့ မရွတ်ရပါဘူးတဲ့ဘုရား။ အဲဒီတော့နည်းနည်းချမ်းသာသွားတယ်။ အဲဒီတော့ ဓာတ်မသိတဲ့ပုဂ္ဂိုလ် တွေကျတော့ ရန်ကုန်ကျတော့ စေတနာနဲ့ထက်သန်ပြီးတော့ ရန်ကုန်ကို ပင့်တယ်။ ပင့်တဲ့အခါကျတော့ ပရိတ်လေးများ ချီးမြှင့်ခဲ့ပါဦးဆိုတော့ ကိုယ်ကျိုးနည်းရော။ ဘာကြောင့်လဲ။ စာအုပ်ထဲက ကျက်ထားတဲ့ တရားတွေမှ မဟုတ်ဘဲနဲ့။ အဲဒီတော့ ဦးပဥ္ဇင်းဟာဒကာကြီးရဲ့ စာတတ်လို့ ဟောနေတဲ့တရားမျိုး တော့မဟုတ်ဘူး နော်။ ခန္ဓာကတွေ့လာတဲ့တရားဟာ ၂လလုံးလုံး အရိုးကျေကျေ အရေခမ်းခမ်း၊ လူသေရင်သေ မသေရင်တရားရဆိုပြီး ကျင့်ကြံအားထုတ်လာခဲ့တဲ့တရား။ လက်ဦး တုန်းက တော့သူများကို မဟောခဲ့ပါဘူး။ သူများကို ပေးဘို့လဲ မလုပ်ခဲ့ပါဘူး။ ကိုယ့်ဖာသာကိုယ် သံဝေဂတွေဖြစ်ပြီးတော့ ကျင့်ကြံအားထုတ်လာတဲ့တရား။

**လက်ဦးတုန်းကတော့ ဒကာကြီးရေ ဦးပဥ္ဇင်းဟာ ဦးပဥ္ဇင်းတို့နှောကုန်း ကျောင်းကို သွားပြီးတော့ ဝတ်လိုက်တာကိုး။** ကံဆင်းလိုက်တယ်။ ကျောင်းကြီးကို ကျောင်းကြီး ကံဆင်းလိုက်တော့ အဲဒီတော့ ဦးပဥ္ဇင်းကထင်တယ်ဆိုတော့ ဘုရား၏ ဝိနည်းသိက္ခာပုဒ်ဆိုတဲ့ဥစ္စာ၊ ဝိနည်းသိက္ခာပုဒ်ဆိုတာ ထင်တယ်ဆိုတာ **သေနာသနဝတ် ဆိုတာလုပ်ရတယ်။ မီးတွေထွန်းရတယ်။ ရေချမ်းတွေ လောင်းရတယ်။ တံမြက်စည်းတွေလှည်းရတယ်။** ဦးပဥ္ဇင်းကလှည်းချင်တဲ့စိတ်မှမရှိဘဲ။ ကုသိုလ်လိုချင်တဲ့ စိတ်မရှိဘူး။ ဘာကြောင်လဲတဲ့။ ကုသိုလ်လိုချင်လို့ **တံမြက်စီးလှည်းလိုက် တော့ အောက်ကသတ္တဝါလေးတွေ ပြိတ္တာလေး တွေကအားကြီးပဲ။ ကုသိုလ် လိုချင်တဲ့စိတ်ကကုသိုလ်ရပါရဲ့။ တံမြက်စီးလှည်းလိုက်တော့ အောက်က ပြိတ္တာ လေးတွေ၊ အင်မတန်နူးညံ့သိမ်မွေ့တဲ့ ပြိတ္တာလေးတွေကရှိတော့ အဲဒါလေးတွေ ကို တံမျက်စီး မလှည်းချင်ဘူး။** အဲဒီစိတ်တွေကိုသိတော့ ဒကာကြီးသေနာသန ဝင်လဲမလုပ်ချင်ဘူး။ ဆီမီးလဲ မထွန်းချင်ဘူး။ ရေချမ်း၊ ပန်းလည်းမလှူချင်တော့ဘူး။ ကုသိုလ်လိုချင်တဲ့ စိတ်မဖြစ်ဖူး။ ကိုယ့်စိတ်လေးက ဘုရား၊ တရား၊ သံဃာဆိုတဲ့ဥစ္စာ

ဒကာကြီးရေ။ ဘုရားကိုတွေ့နေပြီ ဒကာကြီး။ ဘယ်မှာတွေ့လည်းဆိုတော့ ဒကာကြီး။ ပညတ်ဘုရားပယ်ပြီ ဒကာကြီး။ ပညတ်ဘုရား၊ ပရမတ်ဘုရား၊ နှစ်ဆူရှိတယ်တဲ့။ ခန္ဓာမှာ ပရမတ်ဘုရား၊ ပရမတ်တရားနဲ့ပရမတ် သံဃာတွေ့ထားတော့ တရားယုံကြည်ခြင်း၊ သံဃာယုံကြည်ခြင်းဆိုတော့ ခန္ဓာထဲ မှာ ဘုရား၊ နဲ့တရားနဲ့ သံဃာတွေ့နေပြီ။ ဗဟိဒ္ဓကဘုရား၊ ဗဟိဒ္ဓကတရား၊ ဗဟိဒ္ဓကသံဃာ၊ ပညတ်ဘုရား၊ ပညတ်တရား၊ ပညတ်သံဃာကိုပယ်ပြီ ဒကာကြီး။ ပရမတ်ဘုရားကို တွေ့ပြီဟဲ့။ ပရမတ်တရားကို တွေ့ပြီဟဲ့။ ပရမတ်သံဃာကို တွေ့ပြီဆိုတော့ လုပ်ချင်တဲ့စိတ်မရှိဘူး၊ အဲဒီတော့ ဦးပဥ္စင်းကံဆင်းတဲ့ ကျောင်းနေရတာ ဆင်းရဲလာတယ်။ တံမြက်စည်းလှည်းရမယ်။ မြက်တွေ ခုတ်ရမယ်။ ဦးပဥ္စင်းက ကုသိုလ်မှုမလိုချင်ဘဲနဲ့။ ဒီစိတ်တွေသိတော့၊ မနေနိုင်တော့ အရှင်ဘုရား တပည့်တော် လွတ်လွတ်လပ်လပ်လေး ကျင့်ပါရစေဦးဘုရား။ ကံဆင်းပေးတဲ့ ဆရာကိုပြောရတယ်။ အဲဒီတော့။ အေးဟဲ့။ ကျင့်ကျင့်တဲ့။ ခွင့်လွှတ် လိုက်တော့ ဝမ်းသာသွားတာဘဲ။ လက်ဦးတုန်းကတော့ စိတ်ဇောလေးတင်းနေတော့ တော်တော်နဲ့ စိတ်မကျဘူး။ အဲဒီမှာနေရင်မဖြစ်ပါဘူး။ငါတော့ခက်မယ်။ ဒီဟာလုပ်နေရရင် ငါတော့မဖြစ်ပါဘူး။ ဒီစိတ်ကလေးဖြစ်နေတယ်။ အနုသယ ကိလေသာလေး။ စိတ်ကြီးကတင်းနေတယ်။ လွတ်လွတ်လပ်လပ်လေး ကျင့်ပါရစေဦးဘုရား။ ခွင့်ပေးတယ်။

ဘုန်းကြီးဆီ ခွင့်ပန်ပြီးတော့ တစ်ခါတည်းသွားတာဘဲ။ သပိတ်တစ်လုံးနဲ့ သင်္ကန်း ဒုကုဋ် သင်္ကန်းနှစ်ထည်နဲ့တစ်ခါတည်းသွားတာဘဲ။ စိတ်က အင်း ငါတွဲတေးတော ကြီးထဲသွားပြီးတော့ ငါသွားကျင့်လို့ ရှိရင်တော့ ငါစိတ်ချမ်းသာမှာပဲဆိုပြီး မော်ဘီတက်သွားပြီး ရဟန်းဒကာအိမ်ဝင်ပြီး ဒကာကြီးရေ ဦးပဥ္စင်း သွားချင်တာ ကတော့ တွဲတေးတောကြီးထဲ။ လိုက်ပို့ပါ ဒကာကြီးရယ်ဆိုတော့။ ဟာ အရှင်ဘုရား တဲ့ မနက်မှသွားပါဘုရားတဲ့။ မနက်တပည့်တော် ဆွမ်းတွေ၊ ဘာတွေ ကပ်ပါရစေဦး ဘုရားတဲ့။ ဒကာကြီးက တားထားတယ်။ တစ်ညအိပ်ပြီးတော့ ဦးပဥ္စင်းက (၈) နာရီနဲ့ (၉) နာရီကြားမှာ တစ်ခါတည်းကို နှလုံးသွင်း မှန်သွားတယ်။ စိတ်ဇောကလည်း ကျသွားတယ်။ စိတ်ကလည်းချမ်းသာသွားပြီး တွေးတောခြင်း ကြံဆခြင်းလည်း မရှိတော့ဘူး။ ငါဒီမှာနေလို့ရှိရင်ဖြင့် ငါရမှာမဟုတ်သေးဘူးဆိုတဲ့ ဒီစိတ်မဖြစ်ဘူး။ ချမ်းသာသွားတယ်။ စိတ်မဖြစ်တော့။ မဇ္ဈိမ ပဋိပဒါ အလယ်အလတ် ကလေး ကျသွားတဲ့ အချိန်ခါမှာ မဇ္ဈိမ ပဋိပဒါ အဲဒီမှာ ဒင်းဆိုပြုတ်ကျသွားတယ်။ အင်း ငါလုပ်စရာမရှိတော့ပါလား။ အဲဒီလို သိသွားတယ်။ လက်ဦးတော့ စိတ်ကလေးက

တင်းနေတာ။ ငါဒီသမုဒ်ဒသစ္စာထဲကို ဒီသံဃာတွေနဲ့ နေရလို့ရှိရင်ဖြင့် ငါရမှာ မဟုတ်တော့ပါဘူး။ မဟုတ်တာတွေလုပ်နေရမှာပဲ။ သေနာသနဝတ်တွေလုပ်ရ။ သစ်ပင်တွေစိုက်နေရ။ အဲသစ်ပင်တွေစိုက်၊ တံမြက်စည်းတွေလှည်း၊ ဒီအလုပ်တွေ လုပ်နေရတာပဲ။ ဒီအလုပ်တွေလုပ်တော့ သူတို့ကလည်း ကုသိုလ်တွေလိုချင်လို့ လုပ်တယ်။ ငါကသိနေတော့ ဒီကုသိုလ်အလုပ်တွေ ငါမလိုချင်တော့ဘူး။ ကံတရားတွေကို ငါမလိုချင်တော့ဘူးဆိုပြီး ဒီစိတ်တွေဖြစ်နေတော့ မနေချင်ဘူး။ အကြောင်းတရား၊ အကျိုးတရားတွေမြင်ပြီးခံရမယ့် ဒုက္ခသစ္စာကြီးကို မြင်နေတော့ ဒီသမုဒ်ဒသစ္စာ ထဲက သမုနယ်မြေကို မနေချင်တော့ဘူး။ အဲဒီလို လျှောက်တော့မှခွင့်ရတဲ့ အချိန်ခါကြတော့ ဒကာကြီးဦးစုရ အိမ်မှာမနက် (၈) နာရီကျော်ကျော်လား (၉)နာရီလား စိတ်ကလည်း ချမ်းသာပြီ။ ခွင့်တွေကလည်းရပြီ။ ရတော့ ငါကတော့သွားရတော့မယ်။ ငါ့အလုပ်ငါလုပ်ရတော့မယ်။ ဒီလိုစိတ်ကထင်နေတဲ့ ချိန်ခါမှာ အဲဘယ်သူမှလဲမရှိဘူး။

ဒကာကြီး ဦးစုရကမှော်ဘီဈေးထဲသွား၊ ဒကာမကြီးကတော့ အိမ်နောက်ဖေးမှာ ဆွမ်းချက်နေတာပေါ့လေ။ ဦးပဥ္စင်းက အိမ်ရှေ့ခန်းလေးကနေပြီးတော့ ခေါင်းအုံးနှစ်လုံးနဲ့ အသာလေးပက်လက်လှန်ပြီးတော့ နှလုံးသွင်းလိုက်တယ်။ စိတ်ကလည်း ကျသွားပြီ။ လက်ဦးတုန်းကတော့ စိတ်ဇောကလွန်နေတယ်။ ငါဒီမှာ ရှိလို့ရှိရင်ရမှာ မဟုတ်ဖူးဆိုတဲ့ စိတ်ကလေးဖြစ်တယ်။ ဒေါသစိတ်ကလေးဖြစ်တယ်။ အနုသယ ကိလေ သာကြီး ဖြစ်နေတယ်။ အနုသယကိလေသာမြင်ရမှာ မဟုတ်ပါဘူးဆိုတဲ့ စိတ်ဖြစ်နေတယ်၊ ဒီ သမုဒ်ဒသစ္စာနယ်မှာ မရဘူး။

အဲဒီစိတ်ဖြစ်နေတော့ အနုသယကိလေသာဖြစ်ပြီး ကျန်နေတော့မှခေါင်းအုံးပေါ် ပက်လက်လှန်တဲ့ပြီးတော့ အသာလေး မဇ္ဈိမပဋိပဒါ နှလုံးသွင်းလိုက်တယ်။ ရုပ်ဃန၊ နာမ်ဃနတည်နေတာကိုး။ တည်နေတော့ အဲဒီမှာ အာရုံကဖြစ်နေတဲ့ ရုပ်တရားလေးတွေကို နှလုံးသွင်းပြီးတော့ ဆင်ခြင်သုံးသပ်လိုက်တယ်။ လက္ခဏာသုံးပါးကို နှလုံးသွင်းလိုက်တယ်။ ဩော် ဖြစ်လိုက် ပျက်လိုက်မြင်နေရတာ။ ဘုရားဟောထားတဲ့ တရားကတော့ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်၊ လက်တစ်ဖျစ်၊ ရုပ်ကုဋေငါးထောင်၊ နာမ်ကုဋေတစ်သိန်း ,ဖြစ်ပျက်တဲ့ ရုပ်နာမ်နှစ်ပါးလို့ ဘုရားကဟောတယ်။ ဘုရားကတော့ ရုပ်ကုဋေငါးထောင်၊ နာမ်ကုဋေတစ်သိန်းရှိတယ်တဲ့။ ငါကတော့များတာပဲ သိတယ်။ ဘုရားလို ငါမရေတွက်နိုင်ပါလား။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် ပျက်လိုက်တဲ့ အပျက်ကြီးက ဖွားကနဲ၊ ဖွားကနဲ ဖွားကနဲ ဖြစ်နေတဲ့ အပျက်ကြီးဟာဖြင့် ငါကတော့မရေနိုင်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကတော့

အတုလ်အတုမရှိ သဗ္ဗညုတ ဉာဏ်တော်ရတဲ့ ဘုရားဆိုတော့ တစ်ချက်ပျက်လိုက် လို့ရှိရင် ရုပ်ကုဋေ ငါးထောင်လို့သိတယ်။ နာမ်ကုဋေတစ်သိန်းလို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟောတဲ့တရား တွေ့တယ်မှန်ပါလား။မျက်စိတစ်မှိတ်၊လျှပ်တစ်ပြက်၊ လက်တစ်ဖျစ် အတွင်းနဲ့ သိရင် ခဏလေး ပျက်လိုက်တဲ့ ရုပ်နာမ်တွေဟာဖြင့် တဖွားဖွားပြိုပျက်နေတဲ့ဥစ္စာ မရေနိုင်အောင်ပျက်နေပါလား။

အဲဒီပေါ်မှာ အာရုံကပျက်တဲ့ ရုပ်တရားလေးတွေကို နှလုံးသွင်းပြီးတော့ ဩော် ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်ပျက်နေရတဲ့ ဥစ္စာ ဖြစ်ပြီးပျက်နေရတာ (အနိစ္စသဘောတရားပဲ)၊ သိနေရတာ၊ ခံစားနေရတာက (ဒုက္ခ သဘောပဲ)၊ မခံစားချင်လို့လည်းမနေရဘူး၊ မသိချင်ပေမယ့်လည်းမနေရ၊ မမြင်ချင်ပေ မဲ့လည်းမနေရ မနေရဘူး။ အစိုးမရ (**အနတ္တသဘောပဲ**၊) ဩော် ဒါကသူ့သဘောသူ ဆောင်နေတဲ့ ဒီရုပ်ကလာပ် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်၊ လက်တစ်ဖျစ်ကလေး ပေါ်မှာ ရုပ်ကုဋေငါးထောင်၊ နာမ်ကုဋေ တစ်သိန်း၊ ချုပ်ပျောက် ဖြစ်ပျက်တဲ့ ရုပ်တရားလေးတွေဟာဖြင့် တဖွားဖွားပြိုပျက် နေတဲ့ ရုပ်တရားလေးတွေပဲ။

ဒီအပေါ်မှာနှလုံးသွင်းပြီးတော့ "အနိစ္စ"၊ "ဒုက္ခ"၊ "အနတ္တ" လက္ခဏာကြီး သုံးပါး သုံးသပ်ပြီး တော့နေလိုက်တဲ့ အချိန်အခါမှာ အဲဒီပေါ်မှာ နားထဲပြောလိုက်ပြီး သကဲ့သို့ မင်းဟာကွာ **မရှိတဲ့ တရားကြီးကို ရှိတယ် ထင်ပြီးတော့၊** မရှိတဲ့ တရားကြီးကို အာရုံပြုပြီးတော့ မင်း **အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာကြီးသုံးပါး သုံးသပ်နေတဲ့ဥစ္စာ ပညတ်တွေပါတဲ့။ နားထဲပြောလိုက်ပြီးသကဲ့သို့၊ တစ်ခါတည်း ကိုစိတ်ထဲကဖြစ်လာတယ်။ ဩော် မင်းဟာရှိသလားတဲ့။ မရှိတာကို မင်းရှိတယ် လို့ထင်နေတာ။ မင်းမရှိတဲ့တရား ရှိလို့ ထင်နေတဲ့ဥစ္စာ၊ နာမ်၏အာရုံကဖြစ်တဲ့၊ ပျက်နေတဲ့သဘောတရား။ ပျက်နေတယ်ထင်မှတ်လို့ ဖြစ်တာ၊ ရှိနေတယ် ထင်မှတ်လို့ ရှိနေတာ မင်းကအဝိဇ္ဇာကြီးဖြစ်နေပါလား။ အဲလိုသိတယ်။** အဲဒီလို သိလာတဲ့ ချိန်ခါကျတော့ နာမ်၏အာရုံကဖြစ်တဲ့ ရုပ်တရားလေးတွေကို စိတ်အာရုံ ဖြစ်တဲ့ ရုပ်တရားလေးတွေကို တဖွားဖွား ပြိုပျက်နေတဲ့ဥစ္စာ ပျက်တယ်လို့ထင်မှတ် နေတာက အဝိဇ္ဇာပါလား။ ရှိသေးတယ်လို့ထင်မှတ်နေတာ အဝိဇ္ဇာပါလား။ မရှိတရား ကိုအရှိထင်နေတာ စိတ်ကြောင့်ဖြစ်တဲ့ ဥပါဒါန်ပါလား။ မရှိတဲ့တရားကို အမှောင် လေးရယ်လို့ သိတယ်လို့ထင်မှတ်လို့ စိတ္တဇဖန်ဆင်းထားတဲ့ရုပ်။ မရှိတရားကို ရှိတယ်လို့ထင်နေတာ။ **အနိစ္စလည်း မရှိ၊ ဒုက္ခလည်း မရှိ၊ အနတ္တလည်း မရှိ။** မြင်မြင်တဲ့ သဘောဟာ **သူ့သဘော သူဆောင်နေတဲ့** မြင်တဲ့သဘောရယ်၊

အဆင်းသဘောရယ်၊ အသိသဘောရယ် သူ့သဘောသူအသီးသီးဆောင်နေတဲ့ ရုပ်ဓမ္မ၊ နာမ်ဓမ္မကို မသိဘဲနဲ့ရှိတယ်လို့ ထင်မှတ်နေတဲ့စိတ်ကလေးဟာ အဝိဇ္ဇာဖြစ်နေပါလား လို့။ အဲဒီလိုသိလိုက်တော့ အဲဒီလေးပေါ်မှာ မြင်တဲ့သဘောလေးကိုမြင်တာကို မရှိတော့ဘူး။ အနိစ္စလည်းမရှု၊ ဒုက္ခလည်းမရှု၊ အနတ္တလည်းမရှုဘူး။ **နာမ်မဲ့ရင် အရှင်လမ်းဆုံးပြီ။** နောက်ထပ်ငါဘဝချုပ်ငြိမ်းပြီ။ မျက်စိကလည်း ငါရှုစရာမရှိတော့ ဘူး။ အကျင့်တွေ ငါကုန်နေပါလား။

အဲဒီလိုသိလိုက်တော့ မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ ပါးစပ်တံခါး၊ ကိုယ်တံခါး၊ မနောတံခါးတံခါးခြောက်ပေါက် အာရုံခြောက်နဲ့ တိုက်ခိုက်တိုင်းတိုက်ခိုက် တိုင်းဟာကိလေသာအာသဝေါယိုစီးခြင်းကင်းနေတဲ့အာသဝေါမရှိတော့ဘူး။ ကိလေသာ ခမ်းခြောက်သွားပြီ။ နားနဲ့အသံနဲ့ကြားလိုက်တဲ့ အချိန်အခါ ကျရင် အသံပေါ်မှာလည်း ယိုစီးခြင်းကိလေသာအာသဝေါခမ်းခြောက်၊ အနံ့ပေါ်မှာလည်း ယိုစီးခြင်း ကိလေသာ အာသဝေါခမ်းခြောက်၊ လျှာနဲ့ရသာနဲ့စားလိုက်တာ ယိုစီးခြင်းကိလေသာ အာသဝေါ ခမ်းခြောက်။ ကိုယ်နဲ့အတွေ့နဲ့ ထိမှန်လိုက်တဲ့အချိန်အခါလည်းယိုစီးခြင်းကိလေသာ အာသဝေါခမ်းခြောက်။ မနောနဲ့ ဓမ္မနဲ့ပေါင်းဆုံလိုက်တဲ့အခါ လည်းယိုစီးခြင်း ကိလေသာ အာသဝေါခမ်းခြောက်။ ဩော် ငါသည်မျက်စိကလည်း ငါ ယိုစီးခြင်း ကိလေသာခမ်းခြောက်ပြီ။ အာသဝေါကုန်ခမ်းပြီ။ မျက်စိပေါက်ကလည်း နောက်ထပ် အသစ်တဖန် ခန္ဓာငါမဖြစ်။ ဘုံသုံးပါးငါမရှိ၊ နားပေါက်ကလည်း ခန္ဓာအသစ်တစ်ခါ မဖြစ်တော့ဘူး။ ဘုံသုံးပါးငါကုန်ဆုံးပြီ။ နောက်ထပ်ဘဝချုပ်ငြိမ်းပြီ။ ငါအကုသိုလ်ကံ၊ ကုသိုလ်ကံ။ မျက်စိကလည်း အကုသိုလ်၊ ကုသိုလ်ချုပ်ပြီ။ နားပေါက်ကလည်း အကုသိုလ်စိတ်၊ ကုသိုလ် စိတ်ချုပ်ပြီ။ နှာခေါင်းပေါက်ကလည်း အကုသိုလ်စိတ်၊ ကုသိုလ်စိတ်ချုပ်ပြီ။ ပါးစပ်ပေါက်ကလည်း အကုသိုလ်စိတ်၊ ကုသိုလ် စိတ်ချုပ်ပြီ။ ကိုယ်ပေါက်ကလည်း အကုသိုလ်ကံ၊ ကုသိုလ်ကံ ငါဒီကံနှစ်ပါးလွတ်နေပြီ။ မနော ကလည်းအကုသိုလ်ကံ၊ ကုသိုလ်ကံငါလွတ်ပြီ။ ဩော် မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ပါးစပ်တံခါး၊ ကိုယ်တံခါး၊ မနောတံခါးအာရုံငါးအာရုံခြောက်နဲ့တိုက်ခိုက် တိုင်း၊ တိုက်ခိုက်တိုင်း အကုသိုလ်ကံ၊ ကုသိုလ်ကံကလွတ်ပေးပါလား။ နောက်ထပ် ငါအကုသိုလ်လည်းမရှိ၊ ကုသိုလ်လည်းမရှိ အဗျာကတ ငါဖြစ်နေပါလား။ စိတ်က လည်းဝိမုတ္တိစိတ်ဖြစ်နေပါလား။ နောက်ထပ် ငါအဘစ်တစ်ဖန်မဖြစ်။ ညွတ်စရာလည်း ငါမရှိတော့ဘူး။ သိစရာလည်း မရှိတော့ဘူး။ အားလုံးဟာ ဘဝချုပ်ငြိမ်းပါလား။

မဖြစ်မပျက်တဲ့သဘော တစ်ခုထဲ ဖြစ်နေပါလား။ အဲဒီတော့မှ ဩော် ငါလုပ်စရာမရှိ ကျင့်စရာမရှိတော့ပါလားလို့ အဲဒီတော့မှ သိတယ်။

ဦးပဥ္စင်းဟာ မှော်ဘီကဒကာကြီးဆီရောက်တော့ အဲဒီတော့မှ (၉)နာရီလား (၈)နာရီလားအဲဒါတော့ မမှတ်မိပါဘူး။ အဲဒီမှာအလုပ်လုပ်စရာမရှိတော့ အဲဒီတော့မှ ပုံကျသွားတယ်။ စိတ်။ အဲဒီတော့မှ ဒကာကြီးလာတော့ အရှင်ဘုရား ဘယ်လိုဖြစ်သလဲ။ အဲဒီတော့သူကမေးထားတဲ့ တရားက တရားမေးထားတဲ့ သဘောက ရှိထားတာကိုး။

ဘယ်သွားရမလဲ။ ဦးပဥ္စင်းးပထမ၊ ဒုတိယ၊ တတိယမဂ်ရတုန်းက နှောကုန်းရွာတရားစင်ပေါ် ကနေပြီးတော့ လောကသုံးပါးကို ဆင်ခြင်လိုက်ပါတယ်။ **ဘယ်လိုဆင်ခြင်လိုက်လည်း** ဩော် ငါသေတဲ့ အချိန်ရယ်၊ ငါဘယ်ကိုသွားရမလဲ ခန္ဓာကို ဆင်ခြင်လိုက်ပါတယ်။ ဆင်ခြင်လိုက်တဲ့ အချိန်အခါမှာ ဘယ်လိုဖြစ်သလဲ။ **ဦးပဥ္စင်းက နှောကုန်းမှာကျင့်နေတဲ့အချိန်မှာ နှလုံးသွင်းပြီးတော့ ဩော် လောကကြီးမှာ ငါဘယ်နေရာ ခန္ဓာငါးပါး ပျက်ရမလဲဆိုပြီးတော့ တစ်လောကလုံးဟာ စကြာဝဠာ တံတိုင်းကနေပြီး ဖြန့်ပြီးတော့ကြည့်တော့ ငါဘယ်နေရာ ခန္ဓာရှာပြီး တဖြည်းဖြည်းစိတ်နဲ့ချုံ့ပြီး ရှာပြီးကြည့်တယ်။ တိုးတိုးပြီး ချုံ့ကြည့်တယ်။ ချုံ့ကြည့်လိုက်တော့ ဘယ်နေရာမှမမြင်ဘူး။ ဘယ်နေရာက ပေါ်လာသလည်းဆိုတော့ အခု ဦးပဥ္စင်း သဲအင်းဂူရယ်လို့ အမည်ပညတ်မယ့် နေရာကျတော့ ကြည့်လိုက်တဲ့အချိန်ခါမှာ သဲအင်းဂူ ကုန်းပေါ်မှာ** ဘယ်လိုတွေ့လည်းဆိုလို့ရှိရင် ဘုရားကြီးကလည်းသုံးဆူတွေ့တယ်။ **ဘုရားသုံးဆူပေါ်နေတယ်။ အဲ ကျောင်းကြီးတွေလည်းပေါ်နေတယ်။ ပေါ်နေတော့ ဩော် ဒါဒီနေရာဘယ်သူ့ဇာတိလဲ၊ ဘယ်သူ့ကျောင်းတွေ့လည်း၊ ဘယ်သူ့ဟာတွေလည်းလို့ ပြန်ပြီးဆင်ခြင်ကြည့်လိုက်တယ်။ အဲဒီအခါကျတော့ အတိတ်ပြန်မြင်တော့ ဦးပဥ္စင်းဇာတိ ဖြစ်တယ်။ ဦးပဥ္စင်းသိတယ်။ သိလိုက်တဲ့အချိန်ခါကျတော့ ဩော်ဒီနေရာမှာ ငါခန္ဓာများ ပျက်ဦးမလားလို့ပြန်ပြီးဆင်ခြင်ကြည့်လိုက်တဲ့ ချိန်ခါကျတော့ပြဿဒ်ဆောင်ကြီး၊ ဩော် ပြဿဒ်ဆောင် ကြီးတော့ပေါ်လာပြန်ပြီ။ ပြန်ကြည့်တယ်၊ စိတ်နဲ့ပြန်ကြည့်တယ်။ စိတ်နဲ့ပြန်ကြည့်လိုက်တဲ့အခါ ရုပ်ကလာပ်ကြီး ပေါ်လာတယ်။ ဦးပဥ္စင်း ရုပ်ကလာပ်ကြီးပေါ်လာတယ်။ ပြဿဒ်ဆောင်ပေါ်မှာ ဘယ်သူ့ ရုပ်ကလာပ်ကြီးလဲလို့ ကြည့်လိုက်တော့ ဦးပဥ္စင်းရုပ်ကလာပ်ကြီး ဖြစ်နေတယ်။ ဩော်ငါဒီနေရာ ပရိနိဗ္ဗာန်ပြုရတော့မှာပါလား။** အဲဒီအချိန်ခါကျတော့မှ ညီလုပ်တဲ့

ပုဂ္ဂိုလ်ရယ်၊ မယ်တော်လုပ်တဲ့ပုဂ္ဂိုလ်ရယ်။ အဲ ဒကာမကြီး ဦးပဥ္စင်း ပရိနိဗ္ဗာန်ပြုလို့ ရှိရင် ဒီမှာပြုရလိမ့်မယ်။ ဒီမှာမြို့ကြီးဖြစ်လိမ့်မယ်။ ဒီမှာသာသနာကြီး ကြက်ပျံမကျ အောင်ပွင့်လင်းလိမ့်မယ်။ ဒီမှာဘုရားကြီး တွေလည်းဖြစ်လိမ့်မယ်။ ဒီမှာမီးတွေ ထွန်းပြီးတော့ မြို့ကြီးအကြီး အကျယ်ဖြစ်လိမ့်မယ်။ ဒီနေရာမှာ သာသနာ၏ မဏ္ဍိုင်ဖြစ်လိမ့်မယ်။ အဲဒီဦးပဥ္စင်းညီရယ်၊ မယ်တော်ကြီးရယ်၊ အဲ ဒကာမကြီး ကတော့ အတိတ်ကဒကာမကြီးကတော့ သူကြားတယ်။ ဒီနေရာမှာ လမ်းကြီး တွေလည်း ဖြစ်လိမ့်မယ်ဆိုတဲ့ဥစ္စာ နှောကုန်းရွာမှာ ပထမမင်္ဂ၊ ဒုတိယမင်္ဂ၊ တတိယမင်္ဂရတုန်းကနေပြီးတော့ အဲဒီမှာ ပြောဖူးပါတယ်။ အချိန်အခါကျတော့ အဲဒီနေရာမှ ယခုသဲအင်းဂူ ဒကာဦးစုရကို ဒကာကြီး ဟောဒီနေရာမှာ ပန္နက်ရိုက်။ ညီလုပ်တဲ့ပုဂ္ဂိုလ်ကတစ်ခါ တပည့်တော်ဘယ်နေရာ ကျောင်းဆောက်ရမလဲဘုရားလို့။ အဲဒီကုန်းပေါ်သာ ဆောက်လိုက်ပေါ့ကွာ။ နောက်ကျတော့မှ ညီလုပ်တဲ့သူ ဓမ္မာရုံထိပ် မှာ ညီလုပ်တဲ့သူ ဆောက်ပေးတဲ့ ကျောင်းရှိပါတယ်။ အဲဒီကျောင်းထိပ်ကနေပြီး၊ လေးတိုင်စင် ကလေးနဲ့ မှော်ဘီက ဦးစုရနဲ့ ရွှေဝကဆောက်ပေးလို့ ဦးပဥ္စင်းသိတင်း သုံးတာရှိပါတယ်။ သိတင်းသုံးတဲ့ အချိန်အခါကျတော့ ဒီတစ်ဝါမှာ ချမ်းသာလိုက်တာ အားကြီးပဲ။ ညီလုပ်တဲ့ပုဂ္ဂိုလ်က ဆောက်ပေးထားတဲ့ အပေါ်မှာ ဒကာမကြီးက နေတယ်။ ဦးပဥ္စင်းက သပိတ်တစ်လုံးနဲ့ ဆွမ်းခံသွားပြီးတော့ ဒကာမကြီးကိုပေးပြီး ဒကာမကြီးကဆွမ်းကပ်။ အဲဒီဂူထဲကနေပြီး တံခါးပိတ်ပြီး ဒီလိုပဲနေ တော့တာဘဲ။ ဩော် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်နဲ့ ငါချမ်းသာပြီ၊ ငါချမ်းသာပြီ။

## သန်လျင်တောရ ဆရာတော် ဦးတိလောကာဘိဝံသ–မေးသမျှ

◆◆◆

အဲဒီတစ်ဝါလည်းရပြီးရော အဲဒီအချိန်ကျပြီဆိုတော့ ဘယ်လိုဖြစ် လာလဲ။ တန်ဆောင်မုန်း လမှာလား မပြောတတ်ပါဘူး။ သန်းခေါင်ကျော် (၂)ချက်တီးကျတော့ လကလေးကလည်းသာတယ်။ လကလေးကလည်းသာ လိုက်တော့ ဦးပဥ္စင်းလေးတိုင်စင်ဂူပေါ်မှာ နှလုံးသွင်းနေတယ်။ ဆင်ခြင် သုံးသပ်ပြီး လောကကြီးဖြန့်ပြီးတော့ကြည့်တယ်။ သုံးသပ်နေတဲ့အချိန်အခါမှာ တော့ (၁)ချက်နဲ့ (၂)ချက်ကြားကျတော့မှဘယ်လိုဖြစ်သလဲဆိုတော့ ပိတ်ဖြူ တွေဝတ်ပြီးတော့တစ်ခါတည်းကိုဖေါ့လုံးတွေပြီးတော့သူတို့လာတယ်။ ဦးပဥ္စင်း ကတော့ သဲအင်းယောဂီတွေပဲလို့ အောင်းမေ့နေတယ်။ ဒီယောဂီတွေကလည်း

အချိန်မရှိ (၁)ချက်ကြားနဲ့ (၂) ချက်ကြားမှာ ဘယ်သွားကြမလည်းလို့ နှလုံးသွင်းပြီး ကြည့်လိုက်တော့ မဆင်ခြင်သေးဘူး။ မဆင်ခြင်တော့ ယောဂီရယ်လို့ ထင်မှတ်ရတယ်။ ဦးပဥ္စင်းရဲ့ဂူလေးကို တန်းတက်လာတယ်။ တန်းတက် လာတဲ့အချိန်ကျတော့ ဦးပဥ္စင်းဂူလေးကို တံခါးပိတ်ပြီးတော့ ဒီအတိုင်းနေတာ။ သူတို့က ခွေးကတတက်လေးက နေပြီးတော့ ကုန်းပြီးဝတ်ချလိုက်တယ်။ ဝတ်ချလိုက်တဲ့ အချိန်ကျတော့ ဦးပဥ္စင်းက ဆင်ခြင်ကြည့်လိုက်တဲ့ အချိန်မှာဗြဟ္မာတွေ ဖြစ်နေတယ်။ ဗြဟ္မာတွေဖြစ်နေတဲ့အချိန်ကျတော့ ဒကာတို့ ဘာကိစ္စ လာကြလဲ အဲဒီလိုမေးလိုက်တယ်။ အရှင်ဘုရား၊ တပည့်တော်တို့သာသနာ၏ ကိစ္စပါဘုရားလို့။ ဩော် သာသနာ၏ ကိစ္စလာတာလား။ မှန်လှပါဘုရား။ သာသနာ၏ကိစ္စကို ရှင်းရပါလိမ့်မယ်ဘုရား။ သာသနာ၏ ကိစ္စကို ပြုပြင် ပေးဖို့ရာတပည့်တော်တို့ အချိန်ကျရောက်လာလို့ အရှင်ဘုရားဆီလာရပါတယ် ဘုရား။ အင်း ဒါဖြင့် သာဓုပါဗျာ၊ သာဓု၊ သာဓု၊ သာဓုဆိုပြီး သုံးကြိမ် ခေါ်လိုက်တယ်။ အဲဒီတော့ တပည့်တော်တို့ကို ပြန်ခွင့်ပေးပါဘုရားဆိုတော့ ကောင်းပါပြီ။ ပြန်နိုင်ပါတယ် ဆိုတော့ ဗြဟ္မာကြီး သုံးယောက်ဆင်းပြီးတဲ့ အချိန်ခါ ဦးပဥ္စင်းရဲ့သဲအင်းဂူ၊ အဲဒီနေရာမှာ တစ်နေရာတည်းကို ခါပစ်လိုက်တယ်။ လျှောင်လှူပ်ပစ်လိုက်တယ်။ တစ်နေရာထဲ ကွက်ပြီးတော့ ကျောင်း ပရဝုဏ်ထဲတင် လျှောင်လှူပ် ပြီးတော့ ခါထုတ်ပစ်လိုက်တယ်။ ဩော် ဗြဟ္မာတွေ စိတ်နဲ့တွန်းသွားတာ ဒီနေရာ တင်ကွက်ပြီး လှုပ်ပစ်ခဲ့ပါလား။ ဒီနေရာ အင်း အကြီးအကျယ်ကြီး သာသနာကြီးတော့ ပွင့်ဦးတော့မှာပဲ။ သာသနာ၏ မြေလျှောင် လှူပ်ပစ်လိုက် ပါလား။ ခါထုတ်ပစ်လိုက်ပါလား ဆိုတဲ့ဥစ္စာကို အဲဒီတော့မှ သိရတယ်။ အဲဒီတော့မှ ငါလည်းပဲ ဘယ်လိုမှ ဘယ်သူ့ပြောလဲ ဘယ်သူ့မှမပြောပါဘူး။ အဲ ပြောတာ ဘယ်သူ့ပြောလဲ။ ဒကာကြီး ဦးစုရတော့ ပြောဖူးတယ်။

အဲဒီ ဦးစုရကြီးက တရားသမားဆိုတော့ ရသင့်ရထိုက်တဲ့ ပုဂ္ဂိုလ်တွေ သိအောင်ဆိုပြီး သူကိုယ်တိုင် ဘုန်းကြီးတွေကို သွားလျှောက်တာပေါ့လေ။ ကျော်ခိုင်းပြီးနေသတဲ့။ အဲဒီတော့ဘေးထိုင်နေပြီးတော့ ဘာမှတော့မပြောဘူးဆိုတော့ အဲဒီတော့ ဒကာကြီးကသာသနာကသူလည်း ဗြဟ္မာ်တွေက တွန်းတယ်ထင်ပါတယ်။ ရန်ကုန်သွား ပြန်တော့လဲမရ။ အဲဒီတော့ အကျင့်တွေ ဝင်နေတဲ့ပုဂ္ဂိုလ် ဘယ်များရှိမလည်းဆိုတော့ သန်လျင်တောရဦးတိလောက (ပီကေ) ဆိုတဲ့ ဆရာတော်ကြီးကတော့ ဩော် အကျင့်သမားကြီးပဲ။ အရိယာသုံသွား ဉာဏ်လှေခါးဆိုတဲ့ ပိဋကတ်ထုတ်ထားတဲ့ပုဂ္ဂိုလ်ကြီးပဲ။





သဲအင်းဂူရှေးဦးပထမ စံကျောင်းနှင့် ဓမ္မာရုံ

အဲဒီပုဂ္ဂိုလ်ကြီးဆီသွားပြီးတော့ ငါလျှောက်ရရင်တော့ ကောင်းမှာပဲလို့။ အဲဒီတော့ သန်လျင်တောရ သွားတာလည်း ဦးပဥ္စင်းကမသိပါဘူး။ ဆင်ခြင်လည်း မဆင်ခြင်ပါဘူး။ သွားပြီးပြန်လာတဲ့ အချိန်အခါကျတော့မှ ဟိုမှာခွင့်ပေးခဲ့တာကိုး။ သန်လျင်ဆရာတော်ကို အရှင်ဘုရား တပည့်တော်တို့ နေရာမှာ တောရဆောက်တည်နေတဲ့ ကိုယ်တော်ကြီးဟာဖြင့် တောထွက်ကြီးပဲ။ ဒီကိုယ်ဟာ သူကြည့်ရတာတော့ ရဟန်းကိစ္စပြီးနေပြီ ထင်ယါရဲ့ဘုရား။ အဲဒီတော့ အရှင်ဘုရားတို့ ပရိယတ် ပေတံနဲ့များ ထောက်လိုက်လို့ရှိရင်ဖြင့် ဟုတ်လောက်တယ်။ မဟုတ်လောက်တယ်ဆိုတာ သိတန်ကောင်းပါတယ်ဘုရား။ အဲဒီလို သွားလျှောက်လိုက်တဲ့ အချိန်အခါကျတော့ သန်လျင်တောရဆရာတော်ဘုရားကြီးက ဒါဖြင့်ဒီလိုပြောလို့တော့မဖြစ်သေးဘူး။ အဲဒီတောရဆောက်တည်နေတဲ့ ကိုယ်တော်ကြီးကိုပင့်ခဲ့ပါ။ အရှင်ဘုရား တပည့်တော် ပင့်ခဲ့ပါ့မယ်ဘုရားဆိုပြီးတော့ ပြန်လာခဲ့တယ်။ ပြန်လာခဲ့တော့ ဦးပဥ္စင်းဆီလာလျှောက်တယ်။ ဒကာကြီးရဟန်း ကိစ္စပြီးတုန်းကလဲ ဘယ်သူ့မှမပြောရဘူး လို့သူ့ကို ဦးပဥ္စင်းက ပြောထားတယ်။ အရှင်ဘုရားတပည့်တော် ဘုရားမနေနိုင်တော့ဘူး။ ဘယ်လိုဖြစ်မှန်းမသိဘူး။ ကျွတ်ထိုက်တဲ့ ကျွတ်သင့်တဲ့ ပုဂ္ဂိုလ်တွေ ကျွတ်ရအောင်လို့ တပည့်တော်တော့သန်လျင်တောရမှာ အရိယာဘုံသွား ဉာဏ်လှေခါးဆိုတဲ့စာအုပ်ကြီးထုတ်ထားတဲ့၊ ပိဋကတ်သုံးပုံချောက်ခြားတဲ့ သန်လျင်ဆရာတော်ဘုရားကြီးက အကျင့်တွေလဲဝင်နေပါတယ်ဘုရား။ အဲဒီသန်လျင် ဆရာတော်ဘုရားကြီးက ခေါ်ခဲ့ပါလို့ တပည့်တော်ကို ပြောပါတယ်ဘုရား။ အဲဒီတော့ တပည့်တော်ခေါ်ခဲ့ပါ့မယ် ပင့်ခဲ့ပါ့မယ်ဆိုပြီး ပြောခဲ့၊ လျှောက်ထားခဲ့ပါပြီဘုရား။

ဒကာ ဝန်ခံခဲ့သလား၊ ခံခဲ့ပါတယ်ဘုရား။ ဒကာဦးပဥ္စင်းဟာ ဒကာကို ပြောထားတယ်၊ဘယ်သူ့မှမပြောနဲ့။ ဒကာပြောခဲ့တာမှားတာပေါ့။ ဒကာကို ဦးပဥ္စင်းက ဘယ်သူ့မှမပြောနဲ့, ဒကာတစ်ယောက်ထဲသိထားဖို့ ပြောတာဒကာသွားပြောတော့ မှားတာပေါ့။ ဦးပဥ္စင်းက စာလည်းမတတ်ဘူး။ အဲဒီတော့ သန်လျင်ဆရာတော်ဘုရားကြီးကပရိယတ္တိ ပိဋကတ်သုံးပုံဟာဖြင့် ပြောင်းပြန်လှန်နေတယ်။ ဘာသန္တရတွေလည်း (၆)ဘာသာ လောက်တတ်တယ်။ ပိဋကတ် အဲဒီတော့ သူကတော့ စာ၊ ပရိယတ် ကျွမ်းကျင်တယ်။ ပရိယတ်ကျွမ်းကျင်တော့ စာနယ်ကမေးလိုက်လို့ရှိရင် ဦးပဥ္စင်းဘာမှမသိဘူး။ ပဋိပတ် အကျင့်နယ်များ မေးလိုက်လို့ရှိရင် စိတ်တွေ၊ သဘောတွေမေးလိုက်လို့ရှိရင်ဖြင့် အဲဒါကုန်စင်အောင်ဖြေနိုင်တယ်။ ပရိယတ်ဘက်ကနေပြီး မေးလိုက်လို့ရှိရင် ဦးပဥ္စင်းမဖြေနိုင်ပါဘူး။

အဲဒီလို ဒကာသွားပြီးလျှောက်ထားတော့မှားတာပေါ့။ ဒကာဝန်ခံခဲ့သလား။ ခံခဲ့ပါတယ်ဘုရားတဲ့။ အေးအေးခံခဲ့လို့ရှိရင်သွားတာပေါ့။ ဒကာခံခဲ့လို့ရှိရင်ဦးပဉ္ဇင်းကို မေးရင်လည်း ပိဋကတ်သုံးပုံထဲက မေးတော့မပေါ့။ ပိဋကတ်ကျော်လွန်ပြီးတော့ ဦးပဉ္ဇင်းကို သူမမေးနိုင်ဘူး။ အဲဒီတော့သူမေးနိုင်လို့ရှိရင်လဲ ပိဋကတ်သုံးပုံပဲ ကုန်စင် အောင်မေးနိုင်မယ်။ ဒီပြင်လွန်ကဲပြီး သူမမေးနိုင်ဘူး။ ဒကာကြီး ဝန်ခံခဲ့လို့ရှိရင် လိုက်ပါ့မယ် ဒကာကြီးရယ်ဆိုပြီး နေ့ရက်တွေသတ်ပြီးတော့မှ မော်ဘီမြို့နယ်က သန်လျင်တောရသွားပြီးတော့ အစစ်ခံပါတယ်။

သန်လျင်ဆရာတော်ဘုရားကြီးက ဘယ်နှစ်ရက်စစ်လဲ။ ပရမတ်ကြီးပဲ လေးရက်စစ်ပါတယ်။ ပညတ်ကြီး သုံးရက်စစ်ပါတယ်။ အဲဒီဟာတွေစစ်တော့ စစ်လိုက်တဲ့ **ဥစ္စာကျတော့ခုနစ်ရက် ကုန်တဲ့အခါကျတော့** ဦးပဉ္ဇင်းဟာ သန်လျင် ဆရာတော်ဘုရားကြီးကစစ်တော့ ပရမတ်ကြီး (၄)ရက်၊ ပညတ်ကြီး (၃)ရက်စစ်တယ်။ ဩော် ငါတော့ခု(၇)ရက်လည်းရှိနေပြီ။ (၇)ရက်ရှိတော့ **ငါပြန်ဖို့အချိန်ကျလာပြီ။** နေ့တိုင်းနေ့တိုင်း ဒီလိုစစ်နေရင်ဖြင့် ငါဖြေကြားနေရတာ ဆင်းရဲလှပြီ။ ငါပြန်ဖို့ဟာ အချိန်ကျလို့ **သန်လျင်ဆရာတော်ဘုရားကြီးထံ ငါလျှောက်မှဘဲ၊ ဒီကနေ့ မေးလို့ရှိရင်တော့ဖြင့် ငါပုဒ်ဖြတ်တော့မယ်။** (၇)ရက်ရှိတဲ့နေ့ (၇)ရက်စေ့တဲ့နေ့ကို ပုဒ်ဖြတ်မှပဲ။ ပုဒ်ဖြတ်လို့ ရှိလို့ရှိရင်လဲ၊ သန်လျင်ဆရာတော်ဘုရားကြီးတော့ သိမယ် မဟုတ်။ အဲ မသိတော့မှ မနက်ဖြန်မှာ ဖြေလိုက်လို့ရှိရင်တော့ သိမယ်မဟုတ်။ သူမေးတဲ့ဥစ္စာတွေ ငါဖြေရင် သူဘယ်သူ သိမလဲ ငါဖြေတဲ့ ဟာလဲ သိမယ်မဟုတ်။

ညနေပိုင်းကျရင်တော့ ငါဖြတ်တော့မယ်။ ဒီနေ့တော့ ငါ ပညတ်နဲ့ ပရမတ် ဟာဖြင့်၊ လမ်း(၂)သွယ် လမ်းကြောင်း၊ ငါဖြတ်လေမှပဲ ဆိုပြီးတော့ (၇)ရက်လည်း ရှိနေပြီဆိုပြီးတော့၊ **စိတ်အကြံဖြစ် မိတယ်။ အဲဒီတော့ မနက် (၇)နာရီထိုးတော့ လာပင့်တယ်။** ဦးပဉ္ဇင်းကို **သန်လျင်ဆရာတော်ဘုရားကြီးက ကျောင်းတစ်ကျောင်း၊ ဦးပဉ္ဇင်းကကျောင်းတစ်ကျောင်း၊ မနက်(၇)နာရီကနေ စစ်လိုက်တာ၊** (၇)နာရီကနေ(၈)နာရီ၊ (၈)နာရီကနေ (၉)နာရီ။ **(၂)နာရီစစ်တယ်။ နှစ်နာရီ၊ နှစ်နာရီ၊ မနက်(၂)နာရီ၊ ည(၂)နာရီ၊ စီစစ်တယ်။ စစ်ပြီးတဲ့ အချိန်ခါကျတော့ မနက် ဒီကနေ့(၇)ရက်စေ့တဲ့ အချိန်အခါကျတော့ အရင်ရက်တွေကတော့ စစ်တာကုန် ခဲ့ပြီ။** ဒီကနေ့မှာတော့ ဦးပဉ္ဇင်းကဖြတ်ပြီ။ ဒီလမ်းဆုံးဖြတ်တော့မှာကိုး။

သဲအင်းဆရာတော်ကြီးတဲ့ သူကလည်းယောဂီတွေကများတယ်။ ယောဂီတွေ တရားနာနေတဲ့ ပုဂ္ဂိုလ်တွေကလည်း အများကြီးပဲ။ သံဃာတွေကလည်းအများကြီးပဲ။

အဲဒီတော့ သူကဘယ်လိုမေးလိုက်သလဲတဲ့ ဦးပဥ္စင်းကို။ မှော်ဘီကိုယ်တော်ကြီးရေတဲ့။ **အဲဒီတော့မှော်ဘီကိုယ်တော်ကြီးရေတဲ့ ယောဒိယောဂီတွေဟာ ဘယ်လိုများ မြင်ပါသလဲတဲ့။ အဲဒီလိုမေးလိုက်တယ်။ မေးလိုက်တဲ့အချိန်မှာ ဦးပဥ္စင်းက ဖြေလိုက်တယ်။ မှန်လှပါဘုရား တပည့်တော်မြင်တာကတော့ မြင်တဲ့အပေါ်မှာ (တည်နေပါတယ်ဘုရား) ။**

**အဲလိုဆိုတော့ ကြည့်စမ်း။** ငါမနေ့ကစစ်လိုက်တဲ့ ဥစ္စာကဖြင့် ဘုရားဟော ထားတဲ့ တရားအတိုင်း မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်၊ လက်တစ်ဖျစ်ကလေးဟာ စိတ်တစ်ခဏလေးနဲ့ ရုပ်ကုဋေ ငါးထောင်၊ နာမ်ကုဋေတစ်သိန်း ချုပ်ပျောက်ဖြစ်ပျက် နေတဲ့ ရုပ်တရားကြီးတွေ တဖွားဖွားပြိုပျက်နေတယ်။ လောကကြီးက လည်းပျက်၊ နာမ်ရုပ်ကလည်းပျက်နေတဲ့ဥစ္စာ၊ ပရမံအနုမြူမှုန်လောက်ရှိတဲ့၊ ရုပ်တရားကြီးတွေ တဖွားဖွားပြိုပျက်နေတဲ့ သဘောတရားတွေ။ မြင်နေရမယ့်ဥစ္စာ ဘယ့်နှယ် ဒီဟာကြီး သွားမြင်နေပါလားဆိုပြီး စိတ်မကောင်းတော့ဘူး။ အဲဒီတော့မှ ပက်လက်ကြီး လှန်လိုက်တယ်။

အင်း သူ့စိတ်ဖမ်းကြည့်လိုက်တယ်။ အာ ဘုန်းကြီးတော့ ခက်ပြီ။ ငါဖြေတဲ့ ဥစ္စာ၊ သူမသိ၊ သူသိတာက ဝိပဿနာဉာဏ်၊ ဝိပဿနာသိတာသာသိမှာ။ နိဗ္ဗာန်၏စိတ် သူမသိပါလား။ အဲဒီတော့ ငါဖြေတာက အပြတ်ဖြေလိုက်တယ်။ သူကသံသရာ လည်တဲ့ ဖြစ်တာပျက်တာကြီး အဖြေခိုင်းတယ်။ အဲ ငါဖြေတာက သဘောကို ဖြေလိုက်တယ်။ ဝိပဿနာဉာဏ်နဲ့ ရုပ်နာမ်တို့၏ တဖွားဖွားပြို ပျက်တဲ့သဘောကို သူကသိချင်တယ်။ ငါကလည်း ဒီကနေ့ဖြတ်မယ်လို့ ဆုံးဖြတ်လိုက်ပြီ။ သူကတော့ မကျေနပ်ဘူး။ မကျေနပ်ပေမယ့် ငါညနေကျမှ ငါဖြေတော့မယ်။ အဲ မကျေနပ်ချင် မကျေနပ်ပေမယ့် ညနေကျမှ ဘဲဖြေတော့မယ်။

သန်လျင်ဆရာတော်ဘုရာကြီးက ယောဂီနှစ်ဦးအားမေးလိုက်တယ်။ နောက် တစ်ခါ စိတ်ကလေးကနေပြီးတော့ သူ့အလှည့်။ သူ့ကုလားထိုင်နားက လက်တန်း လေးကို တစ်ခါဘယ်လို ရိုက်လိုက်သလဲ။ ဒေါသစိတ်ပါ လာတယ်။ ဖျောင်းဖျောင်း ဆိုပြီး လက်နဲ့ချလိုက်တယ်။ ဗိုင်းဗိုင်းဆိုပြီး လက်နဲ့ရိုက်လိုက်တယ်။ မဟုတ်ပါဘူး မှော်ဘီ ကိုယ်တော်ကြီးရယ်တဲ့။ လက်တန်းလေးရိုက် ပြီးတော့ဒီကဘာမြင်လဲ။ (တည်နေ ပါတယ်) ဘုရားလို့လျှောက်တယ်။ ပက်လက်ကြီး လန်သွားတယ်။

ကြည့်စမ်း ဟိုလျှောက်တဲ့ဟာ ဖြေလာတဲ့ဥစ္စာ ပိဋကတ်သုံးပုံဟာကုန်ပြီ။ ဒီကနေ့ သူ့စိတ်ပြောလိုက်တဲ့ စကားဟာဖြင့်၊ (တည်တယ်) ဆိုတဲ့ ဥစ္စာစာထဲလည်း၊

ပိဋကတ်ထဲလည်းမပါ။ သူ့စိတ်ဖြစ်နေတယ် တွေးတယ်။ ဒီက သူ့စိတ်ကို ကြည့်နေတယ်။ သမာဓိနဲ့ကြည့်နေတယ်။ သူ့စိတ်ကြည့်နေတော့ သူဘာတွေ တွေးနေတယ်ဆိုတာ သူ့စိတ်ကိုကြည့်တယ်။ တစ်လောကလုံးဟာ ရုပ်နာမ်တို့၏ အသံကလည်းပျက်၊ အဆင်းကလည်းပျက်၊ အကုန်လုံး သဘာဝတွေဟာဖြင့် တလောကလုံးပြိုပျက်ကျနေတဲ့ တရားတွေဟာ ပြိုပျက်နေတဲ့ တရားတွေကို မြင်နေရမယ့်ဥစ္စာကိုဘယ့်နှယ်(တည်တာကြီး) သွားပြီးတော့ ပိဋကတ်ထဲမှာ လည်းမပါဘူး မရှိတဲ့ဟာတွေကို ဘယ့်နှယ်ကြီး ဒီဘိတ်ဆုံးကျမှတော့ပြီး၊ ဒီကိုယ်တော်ကြီး သုတ်ပါလားလို့ သူ့စိတ်က ဒီလိုဖြစ်တယ်။ အဲလိုဖြစ်တော့ ကဲ ကဲတဲ့ ညနေကျမှ တစ်ခါပေါ့တဲ့ဘုရား။ အရှင်ဘုရား သွားပြီးတော့ သိတင်းသုံးပေါ့တဲ့။ အဲဒီတော့မှ (၉) နာရီထိုးခါနီးကျတော့ ပြန်ရတယ်။

ပြန်တဲ့အချိန်ခါကျတော့ ညနေကျမှ ဒီမေးခွန်း ငါဖြေတော့မယ်ဆိုပြီးတော့ ဒီစိတ်။ အဲဒီတော့ ဦးစုရကြီးကနေပြီးတော့ ဦးစုရကတော့ သူပြောတာပေါ့လေ။ အရှင်ဘုရား ဒီပုံဒီနည်းဖြေတဲ့ဥစ္စာ ဟိုတုန်းက ဟုတ်ပြီးတော့။ အခုမဟုတ်ဘူး။ ဒီလိုဖြေတယ်။ ဒကာကြီး၊ သူမှမသိဘဲကိုး။ အဲ ဦးပဥ္စင်းကညနေကျတော့ ဖြေပါ့မယ်ဗျာလို့ ဦးပဥ္စင်းကသူ့စိတ်ကြိုက်အောင် ဖြေပါ့မယ်ဗျာလို့၊ အဲဒီတော့မှ ညနေကျတော့တစ်ခါ (၃)နာရီ လောက်ကျတော့ ဦးပဥ္စင်းတစ်ခါခေါ်တယ်။ ခေါ်တဲ့အချိန်အခါကျတော့ဦးပဥ္စင်းသွားရတယ်။ သွားတဲ့အချိန်အခါ ကျတော့မဟုတ်ပါဘူး မှော်ဘီဆရာတော်၊ မှော်ဘီကိုယ်တော်ကြီးရယ်တဲ့။ မှော်ဘီဦးပဥ္စင်းကြီးရယ်တဲ့။ တစ်လောကလုံးဟာဖြင့်ပြိုပျက်နေတဲ့ သဘာဝတွေ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်၊ လက်တစ်ဖျစ်အတွင်းမှာ ရုပ်ကုဋေငါးထောင်၊ နာမ်ကုဋေတစ်သိန်း ဘုရားဟောပါတယ်တဲ့။ ပြိုပျက်နေတဲ့တရားတွေဟာ အရှင်ဘုရားကနေပြီးတော့ (တည်နေပါတယ်) ဆိုတော့မလွဲဘူးလား ကိုယ်တော်ကြီးရယ်တဲ့။

မှန်လှပါဘုရား ဝိပဿနာဉာဏ်၊ ဝိပဿနာစိတ်နဲ့ ကြည့်ရင်တော့ လောကတစ်လောကပတ်လုံးဟာဖြင့် အမှောင်လည်းပျက်၊ အနံ့လည်းပျက်၊ ရသာလည်းပျက်၊ အဆင်းလည်းပျက်၊ နာမ်လည်းပျက်၊ တစ်လောကလုံးဟာဖြင့် အကုန်လုံးပြိုပျက်နေတဲ့ သဘာဝတရားတွေပါဘုရား။ ပျက်တာတွေ သိနေလို့ရှိရင်ဖြင့် မြင်တဲ့အပေါ်မှာ မြင်တာကတော့ တစ်လောကလုံး ပရမံ အနုမြူမှုန်လောက်ရှိတဲ့ရုပ်တရားလေးတွေ တဖွားဖွား ပြိုပျက်နေပါတယ်ဘုရား။ ဒီပြိုပျက်နေတဲ့ ရုပ်တရားတွေဟာဖြင့် ဖြစ်တာပျက်တာ၊ ဖြစ်တာ ပျက်တာ ဆိုလို့ရှိရင် ဖြစ်တာနဲ့ ပျက်တာနဲ့ သိနေလို့ရှိရင်

အတိတ်ကလည်းဖြစ်ခဲ့ပြီ၊ ပျက်ခဲ့ပါတယ်ဘုရား။ အခုပစ္စုပ္ပန်ကာလ လည်းဖြစ်တာ ပျက်နေ သေးတယ်။ အခုဖြစ်တာပျက်တာ သိနေသေးလို့ရှိရင် အနာဂါတ်လဲ ဖြစ်တာပျက်တာ သိဦးမှာပါဘုရား။ သံသရာလည်နေပါတယ်ဘုရား။

အဲဒီတော့တပည့်တော်မြင်တဲ့ အမြင်နဲ့ သိတဲ့အသိကတော့ အသိဆုံးနေပါပြီဘုရား။ ပညတ်လွတ်နေပါပြီဘုရား။ ဥပါဒါန်ချုပ်ပါပြီဘုရား။ အဝိဇ္ဇာချုပ်နေပါပြီဘုရား။ အမြင်ပေါ်မှာလည်း အဝိဇ္ဇာတရား တွေ ချုပ်ကုန်ပါပြီဘုရား။ နားပေါက်ကလည်း အဝိဇ္ဇာတရားချုပ်ပါပြီဘုရား။ နှာခေါင်းပေါက်ကလည်း အဝိဇ္ဇာချုပ်တယ်၊ ပါးစပ် ပေါက်ကလည်း အဝိဇ္ဇာချုပ်တယ်၊ ကိုယ်ပေါက်ကလည်း အဝိဇ္ဇာချုပ်တယ်၊ မနောက လည်း အဝိဇ္ဇာ ချုပ်ပါ တယ်ဘုရား။

ဘာလို့ချုပ်သလဲဆိုရင် တပည့်တော်မျက်စိက မြင်တယ်လို့ စမ်းသပ်လိုက် ပြန်တာလည်း ပညတ်ပါဘုရား။ ပရမတ်သစ္စာနယ်မှာ မြင်သူမရှိ၊ ငါမရှိ၊ သူမရှိပါ ဘုရား။ မြင်တယ်လို့ သတ်မှတ်လိုက်ပြန်လည်းပညတ်ပါ ဘုရား။ ရှိသေးတယ်လို့ သတ်မှတ်လိုက်ပြန်လည်း ပညတ်ပါဘုရား။ အပျက်ကို ပျက်တယ်လို့ သိလိုက်တာ လည်း ပညတ်ပါဘုရား။ ရှိတယ်လို့လည်း မသိတော့ပါဘူးဘုရား။ မြင်မြင်တဲ့သဘော ရပ်ပြီး တပည့်တော်တည်နေပါတယ် ဘုရား။ အဲ မြင်တယ်လို့သတ်မှတ် လိုက်ပြန် လည်း ပညတ်ဖြစ်လို့၊ အပျက်ကို ကြည့်လိုက်ပြန်လည်းအပျက်၊ မြင်တယ်လို့ ကြည့်လိုက်ပြန်လည်းပညတ်၊ မြင်တဲ့အပေါ်မှာ ဖြစ်တာလည်းမရှိ၊ ပျက်တာလည်းမရှိ၊ **(မြင်မြင်တာ မတ်တတ်ရပ်နေတဲ့ သဘောတည်နေတယ်လို့ ပြောတာပါဘုရား)** လို့ အဲလိုလျှောက်တယ်။

အသံတစ်ခုပေါ်လာရင် အသံရယ်လို့သတိမှတ်တာ ပညတ်ဖြစ်နေပြီး အသံ ပျက်တဲ့သဘော လည်းပဲ ကြည့်လိုက်ပြန်လည်း ပညတ်ဖြစ်နေပြန်ပြီ။ ငါကြားတယ်လို့ သတ်မှတ်လိုက်ပြန်လည်း ပညတ်ဖြစ် နေပြန်ပြီ။ အသံလည်းမရှိတော့ဘူး၊ ကြားတယ် လည်းမရှိတော့ဘူး။ ပျက်တယ်လည်းမရှိတော့ဘူး။ ကြားတဲ့သဘာ၀ တရားလေး တည်နေပါတယ်ဘုရားလို့ အဲဒီလိုလျှောက်တော့ နှာခေါင်းနဲ့ အနံ့နဲ့ ထိမှန်လိုက်တဲ့ အချိန်ခါ အနံ့တစ်ခုကို အနံ့ရှူနေတယ်လို့ သိလိုက်ပြန်လည်းပညတ်။ အနံ့ပျက် တယ်လို့သိလိုက်ပြန်လည်းပညတ်၊ နှာခေါင်းနံတယ်လို့ သိလိုက်ပြန်လည်းပညတ် သိသေးတယ်လို့ မြင်လို့မြင်နေတာလဲ ပညတ်။ **ပရမတ္ထသစ္စာနယ် မှာ ဖြစ်တာနဲ့ ပျက်တာနဲ့ရှိပါတယ်ဘုရား။ မဖြစ်မပျက်တဲ့သဘော ပရမတ်သစ္စာနယ်မှာ သခ်ိက သတ်သတ် ဖြစ်တာနဲ့ပျက်တာ အသခ်ိကသတ်သတ်မဖြစ်မပျက်တာ။** အဲဒီတော့ သခ်ိကသတ်သတ်၊ အသခ်ိက သတ်သတ်တဲ့။

အခုတပည့်တော် မြင်တယ်။ ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတယ်၊ သိတယ်ဆိုတာ မျက်စိပေါက်ကလည်း ဖြစ်တာပျက်တာမရှိတော့ပါဘုရား။ မြင်မြင်ကာ မတ်တတ်ရပ်ပြီး တည်နေပါပြီဘုရား။ ဖြစ်တာပျက်တာမရှိတော့ပါဘုရား။ နှာခေါင်းနဲ့ အနံ့နဲ့ထိမှန်လိုက်တဲ့ ချိန်ခါလည်း အနံ့ပေါ်မှာလည်းပဲ ဖြစ်တာပျက်တာ မရှိတော့ပါဘုရား။ နံ နံတာမတ်တတ်၊ စား စားတာမတ်တတ်၊ ထိ ထိတာမတ်တတ်၊ သိ သိတာ မတ်တပ်။ တပည့်တော် တံခါးခြောက်ပေါက် အာရုံငါး၊ အာရုံခြောက်နဲ့ တိုက်ခိုက် တိုင်းတိုက်ခိုက်တိုင်းဟာဖြင့် အဝိဇ္ဇာချုပ် နေပါပြီဘုရား။ ဖြစ်တာလည်း မသိတော့ ပျက်တာလည်း မသိတော့ပါဘုရား။ ပျက်တဲ့သဘောလည်း မသိတော့ ပါဘူးဘုရား။ ဖြစ်ခြင်းပျက်ခြင်း ဖြစ်ပျက်ချုပ်နေပါပြီဘုရား။ မျက်စိပေါက်ကလည်း ဖြစ်ပျက်ဆုံး နေပါပြီ။နာမ်ပေါက်ကလည်း ဖြစ်ပျက်ဆုံးပါပြီ။ နှာခေါင်းပေါက်ကလည်း ဖြစ်ပျက်ဆုံး နေပါပြီ။ ပါးစပ်ပေါက်ကလည်း ဖြစ်ပျက်ဆုံးပါပြီ။ ကိုယ်ပေါက်ကလည်း ဖြစ်ပျက်ဆုံး နေပါပြီ။ မနောကလည်းဖြစ်ပျက်ဆုံးနေပါပြီဘုရား။ တံခါးခြောက်ပေါက် အာရုံငါး အာရုံခြောက်နဲ့ တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း ဖြစ်ခြင်း၊ ပျက်ခြင်း ကုန်ဆုံးသွား ပါပြီဘုရား။ သုညနိဗ္ဗာန်မှာ ဖြစ်နေပါပြီဘုရား။ ဘာမှရှုစရာလည်းမရှိ၊ သိစရာလည်း မရှိ။ မြင်မြင်ကာ မတ်တတ်ရပ် နေပါပြီဘုရား ဆိုတော့။

အဲဒီတော့မှ သန်လျင်ဆရာ တော်ဘုရားကြီးက အေးဟုတ်တယ်တဲ့။ ငါကတော့ ဝိပဿနာဉာဏ်၊ ဝိပဿနာစိတ်နဲ့မေးတယ်။ မှော်ဘီဆရာတော်က မှော်ဘီ ဦးပဥ္စင်းကြီးကနေပြီး သဘာဝဖြေသွားတာ ဟုတ်ပါပေ တယ်ဗျာတဲ့။

အဲဒီတော့မှ ဦးပဥ္စင်းက သန်လျင်ဆရာတော်ဘုရားကြီး လျှောက်တယ်။ မှန်လှပါဘုရား တပည့်တော် ဒီကနေ့ပဲ အရှင်ဘုရားပြန်လိုက်သေးပါ့မယ်ဘုရားလို့ဆို တော့၊ မှန်လှပါဘုရား တပည့်တော်၏ ဒကာ၊ ဒကာမတွေက ရှမ်းပြည်ကိုသွားတဲ့ ဒကာ၊ ဒကာမတွေကို ကြေးနန်းတွေရိုက်ပြီးတော့ ဒီသန်လျင်တောရမှာ ပုဂ္ဂိုလ် ထူး ပုဂ္ဂိုလ်မြတ်ကြီးရောက်တော့ ရောက်နေပြီ။ လာပြီးတော့ ဖူးကြဖို့မှာထားပါတယ်။ အလျင်အမြန်လာခဲ့ ပါလို့ဆိုပြီးတော့ တပည့်တော်ကြေးနန်းတွေနဲ့ ရိုက်ပြီးတော့ မှာထားပါတယ်ဘုရား။ (၂)ရက်လောက်ကလေးတော့ အရှင်ဘုရား အကန်တော့ခံပါဦး ဘုရားဆိုပြီးတော့ အဲဒီမှာ ဦးပဥ္စင်း(၂)ရက်အကန်တော့ခံရပါတယ်။ (၂)ရက် အကန် တော့ခံပြီးတော့မှ မှော်ဘီပြန်လာပြီးတော့မှ ဦးပဥ္စင်းဂူ ဦးပဥ္စင်းပြန်လာခဲ့ပါတယ်။

အဲဒီကနေပြီးတော့သာသနာ့ကြီးပွင့်လင်းလာပါတယ်။ သာသနာကြီးပွင့်လင်း လာတဲ့ အချိန်အခါကျတော့ ဦးပဥ္စင်းဟာဘယ်နေရာ၊ ဘယ်အချိန်ကျမှ တစ်ဝါရပြီးတဲ့

အချိန်အခါမှာသန်လျင်ကပြန်လာပြီးတဲ့ အချိန်အခါမှာ တရားဟောတာဘယ်ကစဟောသလဲတဲ့။ မင်္ဂလာတောင်ညွန့်ကနေပြီးတော့ ပညတ်သွားရာ ဓါတ်သက်ပါပါတယ်။ မင်္ဂလာတောင်ညွန့်ကနေပြီးတော့ ဦးပဥ္စင်းတရားဟော တရားပွဲချပါတယ်။ မင်္ဂလာတောင်ညွန့် ဟောပြီးတော့ တစ်ခါအင်မတန် မိုးကောင်းတဲ့၊ မိုးကောင်းကိုတရားဟောရပါတယ်။ အဲဒီကနေပြီးတော့ အခုထက်ထိ ဟောရတာ။ အခုလည်းပဲ သန္ဓေပင်ကိုးလုံးကွင်းကိုအကြောင်းတရား အကျိုးတရားနဲ့လာဟောရပါတယ်။ ဘယ်အကြောင်းဘယ်အကျိုးလည်းဆိုတဲ့ ဥစ္စာကို သာသာနာပြုတဲ့ ပုဂ္ဂိုလ်တွေ၊ အတိတ်ကံရှိတဲ့ ပုဂ္ဂိုလ်တွေ။ သာသနာဆိုတာလည်း အတိတ်ကံပါမှ ပြုနိုင်ပါတယ်။ အတိတ်ကံမပါရင် သာသနာမပြုနိုင်ပါဘူး။

## ပညတ်စစ်ပုံ

◆◆◆

ဒါကြောင့်မို့လို့အခုလည်းဘဲ အကြောင်းတရားအကျိုးတရားဆိုလို့ ဦးပဥ္စင်းဟာဖြင့်လာပြီးတော့ သန္ဓေပင်က ဒကာ၊ ဒကာမတွေတရားကို ဦးကည့္ကကနေပြီး သန်လျင်ပင့်သွားတာ့ သန်လျင်ရောက်သွားတယ်။ မနက်တစ်ချိန်စစ်တယ်။ ညတစ်ချိန်စစ်တယ်။ မနက်(၇)နာရီကနေပြီးတော့ (၈)နာရီထိအောင် တစ်ချိန် စစ်တယ်။ ညနေ(၃)နာရီကနေ (၄)နာရီထိအောင် တစ်ချိန်စစ်တယ်။ ပရမတ်စစ်လို့ကုန်တဲ့ အချိန်အခါကျတော့ **ပညတ်ကိုစစ်တယ်။** ပညတ်ကျတော့ ဒကာကြီး ဦးပဥ္စင်းက စိတ်ကလည်းပါမှမပါဘဲကိုး။ အဲဒီတော့ ပညတ်စစ်တဲ့ အချိန်အခါကျတော့ အရှင်ဘုရားတဲ့ တပည့်တော်မေးပါရစေ။ အရှင်ဘုရားနဲ့ တပည့်တော်နဲ့ **ဘယ်လိုအကြောင်း အကျိုးဆက်**နေသလဲတဲ့။ အရှင်ဘုရား **တပည့်တော်အိမ်ရှေ့မင်း ဖြစ်ပါတယ်** ဘုရား။ အရှင်ဘုရားကဘားမဲ့ဆရာတော်ဖြစ်ပါတယ်ဘုရား။ အရှင်ဘုရား ဘားမဲ့ဆရာတော်ဆီမှာ တပည့်တော်ပညာသင် ရပါတယ်ဘုရား။ သူကလည်းနည်းနည်း သမာဓိအရှိန်ကြောင့် သူသိနေတယ်။ ဟဲ့ ကိုယ်တော်ကြီးတဲ့ ကိုယ်တော်ကြီးဆီမှာ ဘာလာနေသလဲတဲ့။ တပည့်တော်ဆီမှာ **ဗြဟ္မာကြီးသုံးယောက်** လာပါတယ်ဘုရား။ အဲဒီဗြဟ္မာကြီးကဘယ်သူများဖြစ်၊ ဘယ်သူ့မိတ်ဆွေလည်း သိလားတဲ့။ သိပါတယ်ဘုရား။ အရှင်ဘုရားဟိုတုန်းက ဗြဟ္မာ၂၀မှာ အောက်ဈာန်၊ ပထမဈာန်လုပ်လာတုန်းက ဗြဟ္မာကြီးနေတုန်းက ဗြဟ္မာကြီးမိတ်ဆွေ ဖြစ်ပါတယ်ဘုရား။ သူကလည်းသိနေတယ်ဒကာကြီး။ သန်လျင်ဆရာတော်ကြီးကသမာဓိကကောင်းတယ်။အဲဒီတော့ကောင်းပြီကိုယ်တော်ကြီး

ပညတ်တွေကိုပဲ ဒေဝဒတ်ကြီးဟာ အဝီစိကျနေတယ်လို့ပြောတယ်တဲ့။ ကြည့်စမ်း ပါဦးဘုရားတဲ့။ **ဒေဝဒတ်ကြီး** ကြည့်ခိုင်းလိုက်တော့ ဒေဝဒတ်ကြီးသွားမြင်တယ်။ အခုထက်ထိ အောက်ကျတုန်း။ ဒေဝဒတ်ကြီးဘယ်လိုခံနေရတုံး။ မတ်တတ်ကြီး ဘုရား။ သူ့ကိုယ်မှာ ဘာတွေမြင်လဲ ဘုရား။ ရှေ့ဖိုက်ကနေပြီးတော့ တစ်ခါတည်း ကျောက နေပြီးတော့ ရှေ့ကိုသံချွန်ကြီးထွက်နေတယ်။ နံဘေးတစ်ဖက်တစ်ချက် ကနေပြီးတော့ သံချွန်ကြီးထွက်နေတယ်။ စအိုကနေပြီးတော့ ငယ်ထိပ်ဖေါက်ထွက် နေတယ်။ အဲဒီသံချွန်ကြီးတွေဟာ မီးလျှံ တဖြာဖြာ ဖြစ်ပြီးတော့ မီးတွေတေဇောဓါတ် တွေ လောင်နေတာကိုး။ ခန္ဓာကိုယ်ကြီး မီးတဟုန်းဟုန်းနဲ့ အဲဒါ လောင်ကျွမ်းပြီး ကျနေတာပဲ။ အောက်ကိုမတ်တတ်ကြီးပါဘုရား။ အဲ ဒါဖြင့် ဒေဝဒတ်ကြီးက မတ်တတ်ကြီး ခံပြီးတော့ကျသွားပြီတဲ့။

**အဇာတသတ်** ကြည့်ပါဦးတဲ့။ အဇာတသတ်ကြည့်ခိုင်းတယ်။ အဇာတသတ် ကြည့်လိုက်တဲ့ အချိန်အခါကျတော့ အဇာတသတ်က တစ်ခါထဲကို ခံနေရတဲ့ဥစ္စာ ပက်လက်ကြီး၊ ပက်လက်ကြီးလူးလှိမ့်ပြီးတော့၊ ခံနေရတဲ့ပက်လက်က ဘာခံနေရတာ လဲတဲ့။ အခုဒကာကြီးတို့ ဦးပဥ္စင်းတို့စားလိုက်တဲ့အချိန်က ငါးကြော်မဟုတ်ဘူးလား ဒကာကြီး။ ငါးမွှန်းပြီးတော့ ချက်တာလေ။ ငါးပြေမများမွှန်းပြီးတော့ မချက်ဘူးလား။ အဇာတသတ် ဘယ်လိုခံနေရတာလဲကွတဲ့။ ပက်လက်ကြီးပါဘုရား။ ပက်လက်ကြီးက ဘယ်လိုခံနေတုံး။သူ့ခန္ဓာကိုယ်ဟာဖြင့် တစ်ကိုယ်လုံးပါးတွေ၊ မျက်ခွက်တွေ၊ လည်ပင်း တွေ၊ လက်တွေ၊ အကုန်လုံးစားနဲ့မွှန်းပြီးတော့ သွေးရဲရဲသံရဲရဲနဲ့ မီးပေါ် မှာတခါတည်း ပက်လက်ကြီးပါဘုရား။ အဇာတသတ်ခံနေရသည်မှာ ပက်လက်ကြီး ခံနေရပါတယ် ဘုရား။

ဩော် အဲဒီကျတော့မှ သူက ပါဠိလေးရွတ်ပြီး တစ်ခါတည်းစာထဲကလည်း ပါဠိလေးလို တပည့်တော်တော့ စာမသိပါဘူးဘုရား။ ပညတ်စစ်လိုက်တဲ့ ဥစ္စာ မြေကြီးကနေပြီးတော့**မြေကြီးတစ်ထပ်ဖောက်ကြည့်** လိုက်ပါဦးဆိုတော့ဖေါက်ကြည့် လိုက်တယ်။ မြေကြီးက ဖေါက်ကြည့်လိုက်တာ ဘာမြင်လဲ။ရေမြင်တယ်။ ရေထဲကို ကြည့်စမ်းဘာတွေမြင်လဲ။ ဇွဒ္ဒိပါဒ်တန်ခိုးရှိထွဲ့ နတ်နဂါးတွေပါဘုရား။ အဲဒီအောက်က ဘာရှိသေးလဲ။လဟာပြင်ကြီးရှိပါတယ်ဘုရား။ အဲဒီဟာအပြင်ဘာရှိလဲ။ ဇွဒ္ဒိပါဒ်တန်ခိုး ရှိတဲ့ နတ်ဂဠုန်တွေပါဘုရား။ သူက ပညတ်ကြီးစစ်တော့ ပညတ်ကြီးဖြေနေရတယ် ဒကာကြီးရယ်။

✧✧✧

# တောင်းတခြင်းရှိသော ဦးအောင်ထွန်း

◆◆◆

သဲအင်းဂူဆရာတော်အလောင်းအလျာနှင့် စွန်းလွန်းဂူကျောင်းဆရာတော်၏ ထေရုပ္ပတ္တိ **သူရဟန္တာဖြစ်ရင် ငါလည်းကျင့်ရင် ဖြစ်ရမှာပေါ့။**

**(ဤစိတ်အကြံသည်ဖြစ်၏)**

## အဒ္ဓမ္မဩဃအ
## ပခန်းကျောင်းတိုက်
## ဟသ်ာတမြို့

◆◆◆

## "ပိတ်ဆက်လွှာ"

အကျွန်ုပ်သည် (သဲအင်းဂူ)ဟု ကျော်ကြားသော ဆရာတော်ဘုရားနှင့် ဆွေးနွေး မေးမြန်းခဲ့ ဘူးသော ပုဂ္ဂိုလ်များထဲ တွင်-

၁။ သန်လျင်တောရဆရာတော်

၂။ ဓမ္မာစရိယ ဦးစိန်ခို

၃။ သုံးယောက်မြောက်ဆွေးနွေးမေးမြန်းဖူးသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

မြန်မာသက္ကရာဇ်အားဖြင့် (၁၃၂၃)ခုနှစ်ကဖြစ်ခဲ့ပါသည်။ အကျွန်ုပ်အနေနှင့် ရဟန္တာဖြစ်၊ မဖြစ်၊ စစ်၊ မစစ်အနေနှင့် စစ်ဆေးမေးလိုသည့် ဆန္ဒဖြင့် တွေ့ဆုံ မေးမြန်းခြင်းမဟုတ်ပါ။

စာပေကျမ်းဂန် သင်အံလေ့ကျက်မှု တတ်ကျွမ်းမှုမရှိပဲ မိမိကိုယ်တိုင် အားထုတ်ခြင်းဖြင့် -

၁။ ပရမတ်စစ်စစ် ဟောပြတော်မူရန် လျှောက်ထားတောင်းပန်ပါသည်ဘုရား။

၂။ ခန္ဓာငါးပါးဖြစ်ပုံကို ဟောပြပါဦးဘုရား။

၃။ ဘုရားနှင့်ရဟန္တာများမှာခွေးကိုက်လည်းမနာဘူး။ တုတ်စသည့်နှင့်ရိုက်လည်းမနာဘူးဆိုတာဟုတ်ပါရဲ့လား။

ခက်ခဲနက်နဲတဲ့ အမေးများကို အလွယ်တကူဖြေတာကို ထောက်ဆလိုက်ရင် ရဟန္တာဟုတ်ပုံရတယ်။ ဦးဩဃဆရာတော်ဘုရားဟု ရန်ကုန်မြို့ ကန်တော်ကလေး ရပ်၊ ဦးဖိုးကျော်းလမ်း အနောက်ပိန္နဲကုန်းရှိ (ဒေါင်းကျောင်း)နေ အကျွန်ုပ်အား (ဦးစိန်ခို အနေနှင့်လာရောက်ပြီးလျှောက်ထားတံအခါ၊ အဲဒီကိုယ်တော်ကြီးကို မောင်စိန်ခို အနေနှင့်ဘယ်မှာ တွေ့လို့လဲ ပြောစမ်းပါဦးလို့မေးတော့)။

တပည့်တော်၊ မင်္ဂလာတောင်ညွန့် စာဖတ်အသင်းမှာ ဉာဏတရား ဟောတယ်ကြားလို့ ဒီနေ့ဆရာ တော်ကြီးထံသွားရောက်ပြီး မေးခဲ့တာပါဘုရား။

အေးအေးဒီလိုမေးခံတယ်ဆိုရင် သွားပြီးမေးချင်တယ် (မောင်စိန်ခိုလည်း တို့နှင့်တပါတည်း လိုက်ခဲ့ကွာ) ဟုတိုင်ပင်ပြောဆိုကြပြီး ကျွန်ုပ်ရယ်၊ မန္တလေး ဦးပဏ္ဍိတရယ် မောင်စိန်ခိုရယ်၊ ဆရာတော်ဘုရားကြီး တရားဟောရာ ဌာနဖြစ်တဲ့ (ယခုအမက-၉) မင်္ဂလာတောင်ညွန့်သို့ သွားကြသော်လည်း ထိုနေ့နံနက်စောစော ကပင် သဲအင်းဂူဆရာတော် မှော်ဘီမြို့သို့ ပြန်ကြွသဖြင့် မတွေ့လိုက်ရပေ။

မောင်စိန်ခိုငါနဲ့ ဦးပဏ္ဍိတတို့ မှော်ဘီမြို့ သဲအင်းဂူဆရာတော်ထံ ဆက်လက် ပြီးသွားလိုတယ်။ သွားရမည့်ခရီးလမ်းစဉ်သိတဲ့လူ။ ဒီနားမှာရှာပြီး မေးကြည့်ရအောင် ကွာဟု ပြောပြောဆိုဆို မေးမြန်းကြည့်တဲ့အခါ။ ယခင်မဂ္ဂါရီလမ်း ယခုသစ္စာလမ်း၊ အမှတ်(၁၆)နေ (ဒကာဦးဘို)ထံ ပထမဆုံးရောက်ခဲ့ကြပါတယ်။

ဒကာကြီး (ဦးဘို) ဆရာတော်ကို သဲအင်းဂူဆရာတော်ကြီးထံသို့ ယနေ့ပင် သွားလိုသဖြင့် သွားရမည့်ခရီးစဉ်ကို သိချင်လို့ ဒကာကြီးထံလာရောက် မေးမြန်း ခြင်းဖြစ်ပါတယ်။

ဘို - ဆရာတော်များဘုရား ဟိုမှာကရွာဖြစ်နေတော့ဆွမ်းအတွက် အခက်အခဲ ရှိပါတယ်။ ဆွမ်းအတွက် မခက်ခဲဘို့ရန် တပည့်တော်တို့ မင်္ဂလာတောင်ညွန့် ရပ်ကွက်က ဝေယျာဝစ္စလုပ်ဆောင်ရေး အဖွဲ့ဆိုပြီး အဖွဲ့တစ်ခုဖွဲ့ပြီး ဒန်အိုး ကြီးငယ်နှင့် စားဖွယ်သောက်ဖွယ်တွေကို ပြည့်စုံအောင် ဝယ်ထားပြီးပါပြီ ဘုရား။ ဟောဟိုမှာ ကြည့်ပါဦး။

အရှင်မြတ်တို့ ဒိနေ့တစ်နေ့တော့ဆိုင်းငံ့ပြီး နောက်တစ်နေ့မှ တပည့်တော်တို့ အဖွဲ့နဲ့အတူသွားကြတာပေါ့ဘုရား၊ အရှင်ဘုရားကိုမေးမြန်းပုံ ဆရာတော်ကြီး က ပြန်ဖြေပုံတို့ကိုလဲတပည့်တော်များ စေ့စုံအောင်နာချင်ပါတယ်ဘုရားဟု လျှောက်ထားသဖြင့် နောက်နေ့ရောက်မှ အဖွဲ့သားများနှင့် ဘတ်စ်ကားဖြင့် ယနေ့အသုံးပြုနေသော ဒန်အိုးကြီးများကို သယ်ယူပြီး သဲအင်းဂူကျောင်း ဆရာတော်ထံသို့ ရောက်ခဲ့ကြပါသည်။ ခရီးရောက်လျှင် ရောက်ချင်းသဲအင်း အမည်ခံ ကိုယ်တော်ကြီးထံသို့ သွားရောက်ပြီး

ဩ - ကိုယ်တော်ကြီးနှင့်တွေ့ရမလားလို့ (မောင်စိန်ခို)နှင့် အတူအရှင်ဘုရားတရား ဟောခဲ့တဲ့ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် စာဖတ်အသင်းသို့ ရောက်ခဲ့ပါ သေးတယ်။ မှော်ဘီမြို့သို့ ပြန်ကြွသွားပြီဟု သိရသဖြင့် တပည့်တော် တွေ့ချင်တဲ့ဆန္ဒ၊ အသိဉာဏ်ရရှိရေးဆန္ဒဖြင့် ကိုယ်တော်ကြီးထံလာခဲ့ခြင်းပါ။ ဒကာ (မောင်စိန်ခို)ကလဲ မေးမြန်းလို့ အလွန်ပဲကောင်းပါတယ်။ သူမေးတုန်း ကလည်း အလွယ်တကူဖြေခဲ့ပါတယ်လို့ ပြောလို့ အရှင်ဘုရားထံယခု လာခဲ့ခြင်းပါ။

သဲအင်း - တပည့်တော်အနေနဲ့လုံးဆင့်ပါင်ဆင့်ပါရင်တောင် မဖတ်တတ်ပါဘုရား။ တပည့်တော်တရားအားထုတ် စဉ်ကတွေ့ဖူးမြင်ဖူးတာကိုပဲ မိမိပြောတတ်တဲ့ စကားနှင့် ပြောတတ်သလို ပြောပြပါတယ်ဘုရား ကဲ မေးပါဘုရား။

✧✧✧

# နိဗ္ဗာန်ကို တွေ့ပါပြီ

◆◆◆

ဩ - ကိုယ်တော်ကြီးအနေနှင့် နိဗ္ဗာန်ကိုရှာခဲ့ရာ နိဗ္ဗာန်ကိုတွေ့ပါပြီလားဘုရား။

သဲအင်း - တွေ့ပါပြီဘုရား။

ဩ - တွေ့ပုံကိုပြောစမ်းပါ။

သဲအင်း - အရှင်ဘုရား အနေနှင့်လည်း တပည့်တော်ရဲ့ သတင်းကိုကြားတော့ တပည့်တော်ထံ လာချင်တဲ့စိတ် မဖြစ် ဖူးလားဘုရား။

ဩ - ဖြစ်ပါတယ်။

သဲအင်း - ယခုလိုရောက်လာတော့ လာချင်တဲ့စိတ် ချုပ်မသွားဖူးလားဘုရား။

ဩ - ချုပ်သွားပါတယ်။

သဲအင်း - အဲဒါနိဗ္ဗာန်ပါပဲ။

ဩ - ကိုယ်တော်ကြီတွေ့တဲ့နိဗ္ဗာန်က တပည့်တော်တို့တွေ့တဲ့ နိဗ္ဗာန်နှင့် ယှဉ်ကြည့်လျှင် တစ်ကွက်နောက်ကျ နေပါတယ်။

သဲအင်း - အမိန့်ရှိပါဦးဘုရား။

ဩ - တပည့်တော်အနေနှင့် ကိုယ်တော်ကြီးရဲ့ သတင်းကိုလည်း ရှေးယခင်ကမကြားဖူးတော့ကိုယ်တော်ကြီးထံလာချင်စိတ်လုံးဝမဖြစ်ပဲ ချုပ်နေပါတယ်။ အဲဒီသဘောကို နိဗ္ဗာန်လို့သိထားပါတယ်။

သဲအင်း - ပါရမီဖြည့်ခဲ့ကြတာဟာ တစ်ဦးနဲ့ တစ်ဦးတယောက်နှင့် တယောက် မတူကြပါ။ တပည့်တော်ကိုဖြည့်ခဲ့တဲ့ ပါရမီကကိုယ်တိုင် ရှုမှတ်ပွားများပြီး နိဗ္ဗာန်ရောက်ရပါလို၏ဟု ဖြည့်ခဲ့တဲ့ ပါရမီကိုးဘုရား။

ဩ - ဝမ်းသာပါတယ် ရှေ့ဆက်ပြီးလျှောက်ပါဦးမယ်။

✧✧✧

## ကိလေသာကုန်တယ်ဆိုတာ

◆◆◆

သဲအင်း - မေးပါတယ်ဘုရား ခဏတော့ ဝင်စားခွင့်ပြုပါ။ ဟိုယခင်တရားအားထုတ်စဉ်က တွေ့ဖူးမြင်ဖူးခဲ့တဲ့တရားတွေကို ပြန်ဆင်ခြင်နေရလို့ဖြစ်ပါတယ်။

ဩ - ကိလေသာကုန်တယ်၊ အလိုရမ္မက်နှစ်သက်မှုတွေ ကုန်တယ်ဆိုတာဟာ အရင်ကဖြစ်ခဲ့ဖူးတဲ့ ရမ္မက်နှစ်သက်မှုတွေ ကုန်တာလား။ ယခုဖြစ်နေတဲ့ အလိုရမ္မက်နှစ်သက်မှုတွေ ကုန်တာလားလို့မေးရင် ဘယ်လိုအဖြေပေးမလဲ။

သဲအင်း - ယခုကုန်တာပါဘုရား။

ဩ - ယခုကုန်တယ်ဆိုတာ ဘယ်သဘောကိုပြောတာပါလဲ။

သဲအင်း - ယခုကုန်လို့ကုန်တဲ့သဘောကိုပြောတာပါဘုရား။

◇◇◇

## တရားအားထုတ်ရတဲ့အကြောင်းက

◆◆◆

ဩ - ကိုယ်တော်ကြီးရဲ့ကျင့်စဉ်ကို အနည်းငယ်ပြန်ပြီးပြောပြစမ်းပါ။

သဲအင်း - တပည့်တော်မှာ မယားလေးယောက်ရှိပါတယ်။ ပထမမယားနဲ့ နှစ်ဦးသဘောတူကွာရှင်းပြီး ဒုတိယတစ်ယောက်နဲ့ယူတော့လည်း ဒုတိယယူတဲ့မယားက ခန္ဓာပျက်သွားပါတယ်ဘုရား။ လက်ရှိမယား နှစ်ယောက်ရှိရာ တယောက်က(ကရင်)ဖြစ်တော့ ရွာမှာပင်လုပ်ကိုင်စားသောက်ပြီးနေပါတယ်ဘုရား။ လေးယောက်မြောက်မယားက (ရှမ်းအမျိုးသမီး)ပါဘုရား၊ ရန်ကုန်မြို့ ကမာရွတ်မှာသူစီးပွားနှင့်သူ မပူမပင်နေသူပါဘုရား။

သတိရတိုင်းသူထံသို့မကြာမကြာသွားပါတယ်ဘုရား။ တစ်နေ့တော့ သူငယ်ချင်းလေးယောက်နဲ့အတူ အရက်တွေမူးပြီး အင်းစိန်သွားတဲ့ လိုင်းကားပေါ် တက်စီးပြီး သွားကြတဲ့အခါ လိုင်းကားက လမ်းဆုံးရောက်အောင်မပို့ဘဲလမ်းတစ်ဝက်မှာ အဆင်းခိုင်းတာနှင့် ဆင်းခဲ့

ပါတယ်။ အချိန်ကလည်းမရှိ၊ အရက်ကလည်း မူးနေကြတော့ ဟိုရှေ့ကအိမ်ပေါ် တက်ပြီးဓါးပြတိုက်ကြစို့ကွာလို့ပြောပြီးအိမ်ပေါ် သို့တက်စဉ်အိမ်ရှင်ကဓါးနဲ့ခုတ်လိုက်လို့ တပည့်တော် ခေါင်းဓါးထိ သွားပါတယ်ဘုရား။ တပည့်တော်အနေနှင့် နှစ်ပေါင်းနှစ်ဆယ် ကျော်ကျော် ဓါးပြတိုက်လာခဲ့ရာ ဒီတစ်ခါပဲအထိခံရပါတယ်။ ဘယ်အခါကမှ အထိမခံရဘူးပါ။ တပည့်တော်အနေနှင့် ဒီအိမ်က ပစ္စည်းကို ယူချင်ရချင်တဲ့ စိတ်နှင့်သာတိုက်ပါက တပည့်တော် ဘယ်တော့မှ ဒဏ်ရာမထိပါဘူး။ ယခုအိမ်တိုက်တုန်းက ရယူချင် တဲ့စိတ်လုံးဝမဖြစ်ပဲ။ မူးမူးရူးရူးနှင့် တိုက်လို့ ဓါးဒဏ်ရာ အထိခံ ရခြင်းပါဘုရား။ တပည့်တော်ဟာ ဒါးပြပေမယ့် ရတဲ့ပစ္စည်းကို အညီအမျှခွဲဝေပေးတာများပါတယ်။ အဲဒီဒဏ်ရာကို ဆေးကုသရင်း မိန်းမထံမှာခဏနေတယ် နှောကုန်းသို့ပြန်လာခါ အင်းအကြား မှာတဲ့ (ကင်ပွန်းချုံ) ထဲဝင်ပြီး ကုသနေရပါတယ်။ ဒဏ်ရာသက် သာတော့ အိမ်ပြန်ပါတယ်။

## စွန်းလွန်းဆရာတော်

◆◆◆

အိမ်ရောက်တဲ့အခါပက်လက်လှန်ပြီး အနားယူတော့ အိမ်အမိုးမှာ ထိုးထားတဲ့ တရားစာအုပ်ကို ယူကြည့်တော့ မြင်းခြံစွန်းလွန်းဂူ ကျောင်းဆရာတော်ကြီး၏ တရားစာအုပ် ဖြစ်နေပါတယ်ဘုရား။ တပည့်တော်အနေနှင့် ပါဌ်ဆင့်ပါတဲ့စာကို မဖတ်တတ်လို့ တရား စာအုပ်ကို အိမ်ခေါင်မိုးမှာ ပဲပြန်ထိုးလိုက်ပြီး။ ဆရာတော်ကြီးလဲ စာမတတ်ဘူးလို့ ကြားဖူးတယ်။ စာမတတ်ပေမယ့် (နှာသီးဖျားကို လေတိုးထိတော့ သိလိမ့်မယ်တဲ့ အပေါ်သတိထား)ဟု ပြောတဲ့ စကားသံကို ကြားဖူးတဲ့အတိုင်း တပည့်တော်အနေနှင့် (ထွက်လေ၊ ဝင်လေ) သတိနှင့်စပြီး ရှုခဲ့ပါတယ်ဘုရား။

◇◇◇

**ပထမအာစ**

◆◆◆

တပည့်တော်ပြောသလို ပြောရပါက (စိတ်ကလေးကို နှာခေါင်း တင်ထားလိုက်ပါတယ်ဘုရား)။ စိတ်ကို နှာခေါင်းပေါ်တင်ထား လည်းသူက မနေပဲ ခန္ဓာကိုယ်ကြီးရဲ့ နာကျင်ကိုက်ခဲတဲ့အပေါ် ပြေးပြေးကပ်ပါတယ်။ အဲဒီလို ဝေဒနာပေါ်ရာပြေးကပ်တဲ့ စိတ်ကို နှာခေါင်းပေါ် ဆွဲတင်ထား လိုက်ပြီး သမာဓိနှင့် ဝေဒနာလုနေ ရပါတယ်ဘုရား။လေ့ကျင့်ဖန်များလာတော့ သမာဓိကတမတ်သား၊ ဝေဒနာက သုံးမတ်သားဖြစ်လာပါတယ်။ ဝီရိယထားပြီး ကျင့်အား ကောင်းလာတော့ သမာဓိက ငါးမူးသား၊ ဝေဒနာကငါးမူးသား ဖြစ်လာပါတယ်။ ရှေ့ဆက်ပြီး ကျင့်ဖန်များလာတော့ သမာဓိက သုံးမတ်သား၊ ဝေဒနာက တစ်မတ်သားပဲ ကျန်ပါတယ်ဘုရား။ မလျှော့သောဇွဲ နှင့် အားကုန်ခဲပြီးကျင့်တဲ့အခါ (သဲအင်းအနေနှင့် ဇွဲတင်းပြီးကျင့်တဲ့အခါမှာ သမာဓိကကျပ်ပြည့်ပြီး ဝေဒနာပေါ် ရောက်တဲ့စိတ်ကို နိုင်ပါတယ်ဘုရား။ အဲဒါပထမနိုင်တဲ့အဆင့်ပါ ဘုရား။

ဝေဒနာကိုနိုင်တော့ တရားဘယ်လိုထိုင်ထိုင်ဘယ်နှစ်ရက်ထိုင်ထိုင် ညောင်းတာ၊ ကိုက်တာ၊ နာတာ၊ ကျင်တာမရှိတော့ပါဘူးဘုရား။ နှောကုန်းရွာရှိကျောင်းကြီးအောက်မှာ တရားရှုနေတာ ခုနစ်ရက် လောက် ကြာသွားတယ်။ နေ့ရော၊ ညရော အစာမစားပဲ၊ ရှုနေ တော့ တပည့်တော် ထိုင်ပြီး ရှုမှတ်နေရာကလည်းသွားပါတယ်။ အဲဒီလိုလဲသွားလည်း ထွက်လေဝင်လေအပေါ်ရှုမှတ်တဲ့ သတိကို အပျက်မခံပါဘုရား။ ဝေဒနာအပေါ် စိတ်မရောက်တော့မှ မှတ်နေ ရတာကလည်း သက်သာပြီး ချမ်းသာလိုက်တာဘုရား။

အဲဒီအချိန်မှ တပည့်တော်ရဲ့မယ်တော်ကြီးက (ငါ့သားအောင်ထွန်း ကို) မတွေ့ကြ မမြင်ကြဘူးလားလို့ တွေ့တဲ့သူတိုင်းကို မေးပြီး (သားပျောက်)ကိုလိုက်ရှာတော့တွေ့တဲ့သူ တယောက်ကအမေ့သား ဟိုကျောင်းအောက်မှာ တုံးလုံးလဲနေတာကို တွေ့မြင်ခဲ့ရတယ်လို့ ပြောပြတော့မယ်တော်ကြီးက တပည့်တော်ထံရောက်လာပါတယ်။

မယ်တော်ကြီးက ဟဲ့(အောင်ထွန်း) နင်ထမင်းဘယ်မှာ စားသလဲ။ ဘာဖြစ်နေတာလဲ သားပျောက်လို့ ရှာလိုက်ရတာကွယ်။ ဟောဒီမှာ ထမင်းပါလာတယ်။ စားဦးလို့ ပြောပြောဆိုဆို ထမင်းပေးတဲ့အခါ မေမေကျွန်တော် မဆာပါဘူး၊ ဘာရောဂါမှလည်း မဖြစ်ပါဘူး။ ကျွန်တော်ကျန်းမာပါတယ် ပြောပြတော့ သားရယ်ထမင်းတစ်နပ်လောက်စားပါဦးပြောတာနှင့် တပည့်တော် ထမင်းတစ်နပ်ပဲ စားပြီးတရားကိုပဲ ဆက်လက်အား ထုတ်ပါတယ် ဘုရား။

အဲဒီလိုပဲဆက်လက်ပြီး၊ မပျက်မကွက် အားထုတ်ဖန် များလာတဲ့အခါအလင်းရောင်ကြီး တစ်ခုပေါ် လာပါတယ်ဘုရား။ အဲဒီလိုပေါ် လာတဲ့ အလင်းရောင်ကြီးနှင့် လက်ကိုကြည့်လိုက်တဲ့အခါမှာ မွေးညှင်းပေါက်တွေဟာ မှန်ဘီလူးနှင့်ကြည့်တဲ့အခါမြင်တွေ့ရသလို ငယ်ရာမှကြီးလာပါတယ်ဘုရား။ သမာဓိအားကောင်း လာတဲ့အခါ အပေါက်အပေါက်ကြီးတွေ ဖြစ်လာပြန်တယ်။ ဒီအခါ (အရေထူ) (အရေပါး) (ပြင်ညီ) ကို မတွေ့ရတော့ပဲ အပေါက်ကြီးတွေကိုသာ တွေ့နေရမြင်နေရပါတယ်ဘုရား။

(အပေါ် ပေါက်)တွေကကြီးလာ၊ ကျယ်လာတော့ အတွင်းက(အရိုး)တွေကိုမြင်လာပြန်ပါတယ်။ (အရိုး)ကို စမြင်တုန်းကတော့နွားရိုးများမြင်သလို အတုံးအခဲအနေနှင့် မြင်နေပါတယ်။ နောက်သမာဓိအားကောင်းအောင်မွေးပြီး စူးစိုက်ကြည့်လိုက်တဲ့အခါ သိပ်ပြီးမာကျောနေတာမဟုတ်ဘဲ အပေါက်ကလေး၊ ကလေးတွေမှာ ကျဲကျဲလာတာတွေ့ရပြန် ပါတယ်ဘုရား။ ကြော်အမှုန်အမွှားကလေးစုပေါင်းထားတာပါကလားလို့သိခဲ့ရပါတယ်ဘုရား။ (မိန်းမ)မဟုတ် (ယောက်ျား) မဟုတ်အမှုန်အမွှားလေးတွေသာ ဟုတ်တယ် လို့ဆုံးဖြတ်တဲ့ဉာဏ်ပေါ် လာပါတယ်ဘုရား။

ဩ - ကိုယ်တော်ကြီးဒီနေရာမှာခဏရပ်ကြပြီး မေးစရာရှိလို့ သိလိုရေးနှင့်မေးစမ်းပါရစေ။

သဲအင်း - မေးပါဘုရား။ မေးပါ။

ဩ - ရွှေဘိုမြို့ရိပ်သာတစ်ခုမှာ ထူးဆန်းတဲ့ သီလရှင်တစ်ပါးထံ ရောက်သွားတော့ဆရာလေး တရားပူဇော်လိုပါတယ်။ အချိန်ကလည်း

၁၅မိနစ်၊ မိနစ်၂၀လောက်ပဲရပါတယ်။ တရားဝင်စားပြ စမ်းပါလို့ တောင်းပန်တော့အရှင်ဘုရားမှာပါလာတဲ့နာရီကိုအရှင်ဘုရားကြည့်ထားပါ။ တပည့်တော်မ ၁၅မိနစ် တိတိတရားဝင် စားပြပါမယ် ဆိုပြီး၊ လက်အုပ်ချီမိုး ရှိခိုးကားတရားဝင်စားပြပါတယ်။ အဲဒီအခါ တကိုယ်လုံးလှုပ်ရှားမှုမရှိဘဲ ချုပ်ငြိမ်းသွားပါတယ်။ ၁၅မိနစ်ပြည့်တဲ့အခါ ကိုယ်လုံးလှုပ်ရှားလာပြီး လက်အုပ် ချီမိုးရှိခိုးဦးချလိုက်ပါတယ်ဘုရား။ အဲဒီလို(မိနစ်စက္ကန့်) တိကျ အောင်ဘယ်လို သိရပါလဲအရှင်ဘုရား။ ဝင်စားဘူးရင် ပြောပြစမ်း ပါဘုရား။

သအင်း - သမာဓိအားကောင်းလာတော့ သမာဓိရဲ့ အရောင်တောက်ပြောင်လာပါတယ်။ အဲဒီသမာဓိအရောင် နဲ့ အာရုံတစ်ခုအပေါ် စူးစိုက်ပြီးကြည့်လိုက်တဲ့အခါမှာ အရှင်ဘုရားကို နာရီ၊ ရက်၊ မိနစ်၊ စက္ကန့်တွေကို ပကတိမျက်စိနှင့် မြင်နေသလို တပည့်တော်တို့လည်း သမာဓိအလင်းရောင်ဖြင့် မြင်နေပါတယ်။ ဒါကြောင့် သတ်မှတ်ထားတဲ့ အချိန်တိကျအောင် ပြောနိုင်တာပါ ဘုရား။

သ - သာဓုပါကိုယ်တော်ကြီး
ပြောလက်စတရားကို ဆက်ပြီးပြောကြပါစို့ (အရေတွေရော)အရိုးတွေပါ (အမှုန်အမွှား)အနေနှင့် မြင်နေသလိုသက်ရှိ၊ သက်မဲ့၊ ရှိရှိသမျှကိုယ်အပေါ်မှာလည်း၊အမှုန်တွေအမွှားတွေလို၊သိနေမြင်နေပြီနော်၊ အဲဒီအတိုင်း ဟုတ်ပါရဲ့လား။

သအင်း - အဲဒီအတိုင်းမြင်ပါတယ်ဘုရား။ ပထမစမြင်ပုံကတော့ အမှုန်အမွှားတွေ အများကြီးမြင်ပါတယ်။ သမာဓိအားကောင်းလာတဲ့အခါ စူးစိုက်ပြီးကြည့်လိုက်တော့ (တစ်မှု)တည်းကိုသာ၊ မြင်ပါတော့တယ်ဘုရား။ ဥပမာအားဖြင့် (ဒကာဘို) ဝတ်ထားတဲ့ ပုဆိုးကို ကြည့်လိုက်တဲ့အခါအကွက်ပေါင်းများစွာပထမမြင်ပါတယ်။ နောက်တော့ (တစ်ကွက်)တည်းကိုသာ စူးစိုက်ကြည့် လိုက်တဲ့အခါမှာ ကျန်တဲ့ အကွက်တွေရဲ့အပေါ် သို့ စိတ်မရောက်တော့ဘဲမိမိစူးစိုက်ကြည့်တဲ့ (တစ်ကွက်) အပေါ် သို့သာ စိတ်ရောက်နေသလိုပါပဲဘုရား။ တပည့်တော်ရဲ့စိတ်ဟာလည်း(မိမိကြည့်တဲ့အမှုန်)တစ်ခု တည်းပေါ်မှာသာရောက်နေပါတယ်။အဲဒီလိုမြင်နေတဲ့အမှုန်ကလေးဟာလည်း

ဖြစ်လိုက်ပျက် လိုက်အနေနှင့် ဖောက်ပြန်ပြောင်းလဲနေတာ ကို တွေ့ရပြန်ပါတယ်။ ကျန်တဲ့အမှုန်တွေကိုလည်း ထပ်တူ မြင်လာပါတယ်။ အဲဒီသဘောကိုသတိပြုကြည့်ရှုနေတဲ့ အမှုန် ကလေးဟာ ပျောက်သွားပါတယ်။ ရှာမတွေ့တော့ပါဘူး။ ဒါနဲ့ငါ့မှာ (ဖြစ်ပျက်) တော့ ပိတ်သွားပြီ။ (ဖြစ်ပျက်)ကိုရှာဦးမှပဲဆိုပြီး ရှာပါသော်လည်း မတွေ့ပဲ ဖြစ်နေပါတယ်။ ဒါပေမယ့် ပျောက်ဆုံး သွားတဲ့ ရှေးကမြင်ဖူးတဲ့ (ဖြစ်ပျက်) ကိုပဲ သတိရရနေတော့ ကဲ စိတ် (ဖြစ်ပျက်)ရှိတုန်းကရှိတဲ့ ဖြစ်ပျက်ကို မြင်တာကိုထား ယခုမြင်စရာ မရှိတဲ့ (ဖြစ်ပျက်) ကို နင်ဘာကို သတိရရနေတာလဲလို့ ဆင်ခြင်မိတဲ့အခါ လူတစ်ယောက်တပည့်တော်၏ အနီးသို့ ကပ်ရောက်လာပြီး နင်မရှိတာကို ငါဘာလို့ လိုက်ရှာနေတာလဲလို့ ပြောပြလိုက် တော့မှ တပည့်တော် လိုက်ရှာမှု ငြိမ်းသွားပါတယ်ဘုရား။ ဆရာတော်ဘုရား အဲဒီအခါမှာ ဥပါဒါန်အကြောင်း သိရပါတယ်ဘုရား။ အနီးအနားသို့ လာပြောတာဟာ လူမဟုတ် ပါဘူးဘုရား (အသိဉာဏ်ပါ) ဘုရား။

ဩ - ကြားရတာ ဝမ်းသာလှပါတယ် ကိုယ်တော်ကြီးဘုရား။

သဲအင်း - အရှင်မြတ်တို့နှင့် တွေ့ရတာ တပည့်တော်လဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ ယခုမြင်လို ပြောတာမဟုတ်ပါဘုရား။ အရင်ရှုမှတ် အားထုတ်စဉ်ကမြင်ဘူးတာတွေကို ပြန်လည်ဝင်စားပြီး ပြောတာပါဘုရား။ ခဏခေတ္တဝင်စားခွင့်တော့ပြုပါဘုရား။

ဩ - အဲဒီလိုခန္ဓာကိုယ်ရဲ့အမှုန်အမွှားတွေကို မြင်ပြီးနောက် ရှေ့ဘယ်လို ဆက်ရှုပါဦးသလဲ။

သဲအင်း - ပျောက်ဆုံးသွားတဲ့ ဖြစ်ပျက်အားပြန်လည်သတိရမှုကိုပါ နှစ်ခုလုံး ချုပ်ငြိမ်းတဲ့တရားနှင့် နေ့စဉ်အင်အားကြီးသုံးနေတော့ ဖားသံ၊ ပရစ်သံ၊ ခြင်သံ၊ခွေးသံတွေက ဆူဆူညံညံနှင့် အနှောက် အယှက် ပေးသလိုခံစားရပါတယ်ဘုရား။ ဒါနဲ့အသံလွတ်ရာ ရှာမယ်ဆိုပြီး အထက်အောက်တောင်မြောက်ဝဲယာရှာပါသော်လည်း အသံမရှိတဲ့ နေရာ ရှာမတွေ့တော့ ဆင်းရဲလာပြန်ပါ တယ် ဘုရား။ ဆူညံတဲ့ အသံတွေက တပည့်တော်ရဲ့ တစ်ကိုယ်လုံးကို လှုံကြီးလှုံယ်

အသွယ်သွယ်နှင့် ထိုးဆွနေသလို ဆင်းရဲတဲ့ဒဏ်အကြီးအကျယ် ခံစားနေရပါတယ်ဘုရား။ ခံစားနေရတဲ့ ဆင်းရဲမှ လွတ်ရာတရား ကို ရှာဖွေလိုက်တဲ့အခါ ငြော် နားပါလို့ဒီအသံတွေကို ကြားနေရ တာဘဲ။ နားပါလို့ကြားနေရတာမှန်လို့ မကြားချင်တဲ့ (အလို) ကြောင့်ဖြစ်လာတဲ့ (ဆင်းရဲကို) သိလာပြန်ပါတယ်။ ဆင်းရဲတွေ ကလည်း အဆင့်ဆင့်သိပုံတွေကလည်းအဆင့်ဆင့်ကို ဘုရား။
အဲဒီလိုသိတော့ မဆင်းရဲတော့ဘဲ ချမ်းချမ်းသာနေလို့ ရသွားပါ တယ်ဘုရား။ ဆင်းရဲတွေဟာဘုနှင့် တူသလဲဆိုတော့ ကိုက်စား ဝါးမျိုတတ်တဲ့ ကျားတွေ၊ ဆင်တွေ၊ ခြင်္သေ့တွေနှင့် တူပါတယ် ဘုရား။ တပည့်တော်က ဝါးမျိုးမှာကြောက်တော့၊ လွတ်ဖို့ဆိုပြီး၊ လွတ်ရာဖြစ်တဲ့နေရာသို့ရှေ့ကဒုံးပြေး သူတို့ကဝိုင်းအုံပြီးနောက်က လိုက် အသည်းလှိုက်အူလှိုက် တုန်တုန်ခိုက်ခိုက် မောဟိုက်နေ တုန်း လွတ်မဲ့နေရာကြီး တစ်နေရာကို မလှမ်းမကမ်းမှာ တွေ့မြင် ရပါတယ်ဘုရား။ အဲဒီနေရာကြီးမှာ လည်း အလွန်တရာမြင့်မားတဲ့ မဟာရာမ်တံတိုင်းကြီးတစ်ခု ကာရံထားတာကို တွေ့မြင်ရတော့ တံတိုင်းကြီးကိုကျော်လွှားဖို့ရာ အပြေးလာရတာကြောင့် လူက မောပန်း၊ အားကမရှိဖြစ် နေပါတယ်။ ဒီလိုသာနေရင်ဖြင့် ကျား၊ ခြင်္သေ့တွေမှီလာရင် ငါ့ကိုကိုက်စားဝါး မျိုခံရတော့မှာပဲ ဟု ရှိသမျှအားနှင့် တံတိုင်းကြီးရဲ့ ဟိုဘက်သို့ရောက်အောင်ခုန်ပြီး ကျော်လွှားကြည့်တဲ့အခါ ကျား၊ ခြင်္သေဘေးကင်းဝေးလွတ်မြောက် တဲ့ နေရာသို့မရောက်ပဲ တားဆီးထားတဲ့မဟာရာမ် တံတိုင်းကြီး ပေါ်မှာ ဖင်ထိုင်လျက်သားဖြစ်နေပါတယ်ဘုရား။
ပင်ပန်းနွမ်းဟိုက်လာတော့ ခြေနှစ်ဘက်ကို မရုပ်သိမ်းနိုင်ဘဲ ခြေနှစ်ဘက် ကအောက်သို့ တွဲလွဲကျနေပါတယ်ဘုရား။
အင်းဒီလိုသာခြေနှစ်ဘက်ကို တံတိုင်းအပေါ်ရောက်အောင် မတင် နိုင်ရင်ကျားတွေ၊ ခြင်္သေ့တွေ ကခုန်ဆွဲပြီး ကိုက်ခဲဦးမှာသေချာပါ တယ်။ အားကိုမွေးပြီး ရုပ်သိမ်းသော်လည်း မရတာနှင့် အထူး တော့ပါဘူး။သေချင်လည်းသေပေ့စေတော့ဟုဆုံးဖြတ်ပြီးတစ်ဘက် သို့လှဲ့ချလိုက်တော့မှ ကျား၊ ခြင်္သေ့တို့ရဲ့ ဘေးလွတ်ရာကို ရောက် သွားခဲ့ပါတယ်ဘုရား။

(အားမွေးတယ်ဆိုတာ) သမာဓိအားပါဘုရား။
(ဘေးလွတ်ရာ) ဆိုတာ ဆင်းရဲတဲ့ ဘေးတို့ရဲ့ လွတ်ရာပါဘုရား။
မဟာရာမ် တံတိုင်းကြီးရဲ့ထိပ်ဆို တာက လောကရဲ့ထပ်ပါဘုရား။
မဟာတံတိုင်းကြီးရဲ့ထိပ်ခေါ် တဲ့အမြင့်ဆုံးနေရာက အောက်သို့ ကြည့်လိုက်တဲ့အခါ ကိုယ့်ဘဝဖြစ်စဉ်တွေကိုလည်း သိမြင့်ပါတယ်။ သူတပါးရဲ့ ဘဝဖြစ်စဉ် တွေကိုလည်း ထိုက်တန်သဘောက်သိမြင် လာပါတယ်။ အဲဒီတုန်းကတွေ့ခဲ့ဘူး၊ မြင်ခဲ့ဘူး၊ သိခဲ့ဘူးတာတွေကို၊ အရှင်မြတ်က မေးတဲ့အခါ ပြန်လည်အောင်မေ့ပြီး၊ ဖြေခဲ့ခြင်းပါ ဘုရား။

ဩ – ကိုယ်တော်ကြီးဖြေတာကို မဟုတ်ဘူး။ ဟုတ်တယ်။ မမှန်ဘူး။ မှန်တယ်လို့ဝေဖန်ဘို့ မေးတာမဟုတ်ပါဘူး။ စာပေကျမ်း မတတ် ဘဲနှင့်ကိုယ်တိုင်အားထုတ်လို့တွေ့မြင်သိရှိလာတဲ့ ကိုယ်သိကိုယ်မြင် တရားတွေကိုစာစကားမဖက် ဗမာစကားသတ်သတ်ဖြင့် ပြောတာ ကိုနားထောင်ပြီး အတုယူချင်လို့ မေးတာပါ။ မေးသမျှတွေကို စိတ်ရှည် ရှည်ဖြေကြားလို့ ဝမ်းသာအားရ ဖြစ်မိပါတယ်။

သဲအင်း – နောင်လည်းကြွလာတော်မူကြပါဘုရား။

ဩ – မကြာမကြာလာရန် စိတ်ကူးထားပါတယ်။

မှတ်ချက် – ***သဲအင်းဂူဆရာတော်အား အထက်ပါအတိုင်း မေးဖြေ ဆွေးနွေးပြီးနောက်ရန်ကုန်မြို့အနောက်ပိုင်းကုန်းဒေါင်းကျောင် းသို့ အရောက် တွင် နောင်လာနောင်လာ အများသိရအောင် မှတ်တမ်း တင် ကဗျာ များကိုရေးသားလိုတဲ့ဆန္ဒအရ။***

***အောက်ပါလင်္ကာများရေးခဲ့ပါတယ်*** –

၁။ မှော်ဘီနယ်တွင်း၊ အင်းသုံးအင်း၏ ရှုခင်းသဖွယ်
ဗဟိုလယ်တွင်၊ စင်ကြယ်ဖွေးဖြူ သဲအင်းဂူဩ
အပူမသန်း၊ သီလပန်းသည်၊ လန်းဆန်းပွင့်ခဲ့ပါပေသည်လေ။

၂။ မှော်ဘီမြို့နယ်၊ ထူးအံ့ဖွယ်ကား၊ ငြိတွယ်ကိလေ
အကုန်သေ၍၊ မြန်ပြေအတွင်း၊ ကျော်သတင်းသည်
ထင်လင်းပရဟန္တာတဲ့လေး။

၃။ နှစ်ဆယ့်တစ်လ၊ ဝီရိယဟု၊ သမ္မပ္ပဓါန်
အရင်းခံ၍၊ ရိုးကျန်ကျွမ်းစေ၊ ထွက်ဝင်လေကို
မှတ်နေရင်းပင်၊ ဉာဏ်ကော်ယှဉ်းပြီး
သုံးခွင်လောက၊ ဆင်းရဲလှဟု၊ ဒိဌကိုယ်တိုင်
အသိပိုင်သည်၊ ကြံ့ခိုင်သမာဓိကြောင့်ပါတည်း။

၄။ အာနာပါန၊ သဘာဝကို၊ ဗုဒ္ဓလိုကျ ရှုမှတ်ကြသော်
ခဏမကြာ၊ ဝေဒနာက၊ ပေါ်လာမဆဲ။ လွန်ဆင်းရဲကို
တွေ့မြဲဓမ္မတာပါတည်း။

၅။ ဝေဒနာဖိ၊ မခံချည့်က၊ သတိယှဉ်ကာ၊ ဓိသမာနှင့်
ပညာကိုသုံး၊ စလယ်ဆုံးအောင် ရှုအုံးဆင်ခြင်
(အမှန်)မြင်သော်၊ အတွင်မှတ်ပါ အရိယာတဲ့။

၆။ ယောက်ျား၊ မိန်းမ၊ မည်း၊ ဖြူ စသည့် ရုပ်ပုံဟန်
ထင်လာပြန်သော်၊ အဖန်ဖန်မှု၊ သတိပြုက၊ ပုပ္ပဌက
လွန်ညှိနံ၍၊ ပျို့အံ့ဖွယ်ရာ၊ အသုဘနှင့်ဟု
ဉာဏ်မှာဆင်ပြန် သကဒါဂါမ်တဲ့

၇။ အသုဘရုပ် အကောင်ပုပ်ကို ဖြစ်ချုပ်နှစ်တန်
သိမြင်ပြန်က၊ ပုံဟန်ကျေပျက်၊ မှုန်မှုန်ညက်သော်
နှစ်သက်တွယ်တာ၊ ကင်းပြတ်ကွာလည်း
သညာမပျောက်၊ အာရုံနောက်သို့၊ စိတ်ရောက်ဖန်ဖန်
ညွတ်မိပြန်သည်၊ အနာဂါမ်၊ သူ့သဘောတဲ့။

၈။ သညာမပျောက် အာရုံနောက်သို့ စိတ်ရောက်ခဲ့ရာ
ကာလကြားသော်၊ ပညာရောင်လင်း
အမှောင်ခွင်းပြီး၊ ညွတ်ခြင်းစိတ်တွင်၊ အပြစ်မြင်၍
ကုန်စင်မကျန်၊ ကိလေရန်မှ လွတ်ပြန်၊
ရဟန္တာတဲ့လေး။

✧✧✧

## (ရှစ်လုံးတွဲမြန်မာကဗျာများ)

၁။ အသစ်စက်စက်၊ အိုးခွက်ပန်းကန်
ကမ်းနားရေဆိပ်၊ ဈေးထိပ်ပန်းခြံ
လမ်းဆုံလမ်းမ၊ ထားကအမြန်
ပုံမပျက်၊ စုံမက်ယူလိမ့်အမှန်၊

၂။ ပန်းကန်အိုးခွက်၊ ပုံပျက်စေရန်
လေးစိတ်လေးခြမ်း၊ ခွဲခြမ်းလျှင်မြန်
ရေဆိပ်ဈေးနား၊ ချထားခဲ့ပြန်
ကလေးများ၊ ယူသွားကစားရန်။

၃။ ကလေးများတို့ ကစားဖို့ရန်
ကောက်ယူသွားတဲ့၊ ခွဲထားပန်းကန်
မှုန်မှုန်ညက်ညက်၊ ထောင်းလျက်တစ်ဖန်
ယူမရ၊ တူမျှမြေသဏ္ဍာန်။

၄။ မိန်းမ၊ ယောက်ျား ထင်မှားသူမှာ
ပုံမပျက်တော့၊ စုံမက်ဖွယ်ရာကား
ပုံပျက်အောင်ရှု၊ ယခုလျှင်စွာ
ပုံပျက်က၊ မစုံဖက်မတွယ်တာ။

ဘို – ဆရာတော်ဦးဩဘာသ ဘုရား ဓမ္မာစရိယ(ဦးစိန်ခို)အနေနှင့် သဲအင်းဂူဆရာတော်ကြီးအားမေးပုံနှင့် သဲအင်းဂူဆရာတော်ကြီးက ပြန်ဖြေပုံတို့ကို အမိန့်ရှိပါဦးဘုရား။

ဩ – ဆရာတော်ဘုရား တပည့်တော်အား ပရမတ်စစ်စစ်တရားကို ဟောပြတော်မူပါ ဘုရားလို့ လျှောက်ထားပါသတဲ့၊ ဒီအခါသဲအင်းဂူဆရာတော်က ဒကာလေးကိုဟောရင် ပညတ်ဖြစ်မှာပေါ့။

စိန် – ဒါဖြင့် အနီးကပ်ဆုံးဥပမာပြ၍ ဟောဖြစ်ပါက ဟောတော်မူပါဘုရား။

သဲအင်း – အနီးကပ်ဆုံးဥပမာပြ၍ ဟောပြရပါက ဒကာလေးရဲ့ ညာဘက်လက်ညှိုးကို ထောင်ပြီး ပါးစပ်ကလေး နှင့်မှုတ်ကြည့်က(ထိ) သဘောကလေးသိနေပါလိမ့်မယ်။ အဲဒီ(ထိ) သဘောကလေးဟာ ပရမတ်စစ်စစ်ပါ။ လက်ညှိုးလို့ ပြောတာတွေဟာ ပညတ်ပါ။

စိန် – ခန္ဓာငါးပါးဖြစ်ပုံကို ဟောပြပါဦးဘုရား။

သဲအင်း – ဟိုနားမှာ ချထားတဲ့ မီးခြစ်ဘူးကလေးဟာ သူ့ဖာသာနေတော့၊ ခန္ဓာ တစ်ပါးတည်းပေါ့။ ဒကာလေးမျက် စိနှင့်လှမ်းကြည့်တော့ ခန္ဓာငါးပါး ဖြစ်လာတာပေါ့။

စိန် – ဆရာတော်ကြီးဘုရား။ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်နှင့် ရဟန္တာ များမှာ ခွေးကိုက်လည်းမနာဘူး။ တုတ်လက်နက်စသည်တို့ဖြင့် ရိုက် လည်းမနာဘူးလို့ပြောသံကြားဘူးပါတယ်။အဲဒါဟုတ်ပါသလားဘုရား။

သဲအင်း – ဒကာလေး ဘုရားနှင့် ရဟန္တာတွေကို ကျွန်ုပ်အနေနှင့် မမှီလိုက်လို့ မသိပါ။ ကျွန်ုပ်ကို (ခွေး) ကိုက်တုန်း တော့မနာပါဘုရား။ (နာပေမယ့်၊ သူ့အပေါ် တုံ့ပြန်ကလဲ့စားချေချင်တဲ့စိတ်တော့ မဖြစ်ပါဘူး။ အဲဒါပဲ ထုံးပါတယ်။

ဩ – အဲဒီလိုမေးကြ၊ ဖြေကြတာပါ ဒကာကြီး (ဘို)

ဘို – ဆရာတော်ဦးဩသဓဘုရား။ ရဟန္တာပဂ္ဂိုလ်များမှာ ကြောက်လန့်တုန် လှုပ်ခြင်း မရှိဘူးလို့ကြားဖူးပါတယ်။ အဲဒါဟုတ်ပါသလားလို့။ ဒကာ တစ်ယောက်မေးလာတော့ အရှင်ဘုရား။ ဖြေပုံကို ပြောပါဦး ဘုရား။

ဩ – ဒကာတစ်ယောက်ကဆရာတော်ဘုရား (စစ်တပ်ရှိတဲ့) နေရာမှာ (ည) (၆)နာရီကျော်လျှင် ဖြတ်သန်း သွားလာခွင့်မပြု ဟု (မာရှယ်လော) ဥပဒေထုတ်တဲ့နေရာသို့ ရဟန္တာများသွားရဲပါသလား ဘုရား မေးတော့ ဆရာတောက (ရဟန္တာသွားရဲတာ မသွားရဲတာ ခဏလေးထားပါဦး ဒကာကြီးအနေနဲ့သွားရဲပါသလား မေးကြည့်တော့တပည့်တော်အနေနှင့် မသွားရဲပါဘုရားလို့ လျှောက်ထားပါတယ်။ လောကုတ္တရာအသိ ဉာဏ် မရှိတဲ့ ဒကာကြီးတောင်မသွားရဲပဲနှင့် လောကုတ္တရာအသိဉာဏ်ရှိတဲ့ (ရဟန္တာက)ဘယ်မှာ သွားမှာလဲ ဒကာကြီးရဲ။

လျှောက်ထားသူ – မသိပါဘူးဘုရား၊ ရဟန္တာပုဂ္ဂိုလ်များမှာ ကြောက်ခြင်း၊ လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ မရှိဘူးလို့ ကြားဖူးလို့ ကြားဖူးလို့ပါဘုရား။

ဩ – သဲအင်းဂူကိုယ်တော်ကြီးဘုရား ကိုယ့်ခန္ဓာကြီးကိုလဲကြည့်လဲ (အမှုန် အမွှား)တွေသာတွေ့တယ်၊ ကျန်တဲ့ဘုရားတွေရဲ့အပေါ် ကြည့်လဲ (အမှုန် အမွှား)တွေသာတွေ့တယ်ဆိုတော့ဟောဒီ(စားပွဲ)ပေါ် မှာရှိတဲ့ (ပုဇွန်ထုပ်) ကြီးကိုကြည့်တော့ အကွေးကြီးအနေနှင့် မြင်သလား။ (အမှုန်အမွှား) အနေနှင့် မြင်သလား။ ပြောစမ်းပါဦးဘုရား။

သဲအင်း – အသားမျက်စိနှင့်ကြည့်ရင်တော့ (အကွေးကြီး)လို့မြင်တာပါပဲဆရာတော်၊ တရားမျက်စိနှင့်ကြည့်ရင်တော့ (အမှုန်အမွှား)အနေနှင့် မြင်ပါတယ်ဘုရား။

ဩ – ကိုယ်တော်ကြီးရန်ကုန်မြို့ အနောက်ပိုင်းကုန်း၊ ဒေါင်းကျောင်းမှာ တပည့်တော်နေစဉ်၊ ဟသ်ာတမြို့ ပခန်းဆရာတော်ကြီး ခေတ္တလာစဉ် ထွက်လေဝင်လေကို သုခိုင်းတဲ့နည်းအရ၊ အကြိမ်ငါးရာရှုမှတ်ရင် (ချုပ်တယ်) ပြောတာနှင့် တပည့်တော်ငါးပါးရှုကြပါတယ်။ ငါးပါးတည်းက(ဦးဇီနဒတ္တ)တစ်ပါးသာမလှုပ်မရှား(ချုပ်)သွားပြီး ကျန်ကိုယ်တော်လေးပါ မချုပ်ပါ။ အဲဒါဘာကြောင့် မချုပ်တာပါလဲပြောစမ်းပါ။

သဲအင်း – ဝေဒနာရဲ့သဘောမှာဖြစ်စ၊ ဖြစ်လယ်၊ ဖြစ်ဆုံး ဆိုတာရှိပါတယ်။ ဖြစ်စမှာဝေဒနာရဲ့ဒဏ်နည်းနည်း ပဲခံရပါတယ်ဘုရား။ ဖြစ်လယ်ရောက်တော့၊ ဖြစ်စထက်ပိုပြီးခံရပါတယ်ဘုရား။ ဝေဒနာဆုံးခါနီး ရောက်တော့ ဖြစ်စထက်ပိုပြီးခံရပါတယ်ဘုရား။ ဒီတစ်ခါကျန်တဲ့လေးပါးက ဝေဒနာရဲ့ဒဏ်မခံနိုင်တော့ ကြံကြံခံပြီး မလှုပ်တော့ဘဲဝေဒနာကို အလျှော့ပေး အရှုံးပေး၊ နိုင်အောင်မမှတ်ဘဲ ရပ်ထားကြလို့ (မချုပ်) တာပါဘုရား။ ချုပ်သွားတဲ့ ကိုယ်တော်ကတော့ဝေဒနာမှလွန်မြောက်အောင် ဇွဲတင်းပြီး ရှုမှတ်လိုပါဘုရား။

ဩ – ရှုမှတ်တဲ့အထဲတပည့်တော်လည်းပါဝင်ပါတယ်။ တပည့်တော်မှာတော့ (ကြောပြင်မှာ) သတ်ကြီးလျှိုထား ဝေဒနာဒဏ်မပျောက်ဘဲ ခံစားနေရတာနှင့် ပခန်းဆရာတော်ကြီးအား လျှောင်ထားတော့ တပည့်တော်ဆက်မှတ်တဲ့အခါမှ ခံစားနေရတဲ့ ဒဏ်ပျောက်သွားပါတယ်။ အဲဒီလို ဝေဒနာရဲ့ ဒဏ်နောက် ထပ်ခံရမှာ ကြောက်လန့်တာနှင့် ယနေ့အထိမမှတ်ပဲနေပါတယ်။

သဲအင်း – ဆရာတော်ဘုရား ဝေဒနာဆိုတာ ဖြစ်စ၊ ဖြစ်လယ်၊ ဖြစ်ဆုံးရှိတဲ့အတွက် ဖြစ်ဆုံးရောက်အောင် မလျှော့သော ဇွဲနှင့် မှတ်ရပါတယ်ဘုရား။

✧✧✧

# ဓမ္မသာကစ္ဆာမင်္ဂလာဆုတောင်း

◆◆◆

သဲအင်းမည်တွင်၊ ထေရ်အသျှင်နှင့်၊ တွေ့စဉ်ကာလ၊ ဒါသမယက၊ ဓမ္မသဝဏာ၊ သကစ္ဆာဟု၊ မင်္ဂလာအရဆုပန်သပြီး၊ ပြုခဲ့ကြပုံ၊ အလုံးစုံကို၊ အာရုံမှန်းဆ၊ သတိကရ၍၊ ရေးပြပေးရန်၊ ခွင့်တောင်းပန်သဖြင့်၊ ကိုယ်ဉာဏ်မှပင်၊ လာရောက်ထင်၍၊ ပေါ်လွင်သမျှ၊ အဝဝကို၊ ဒါနထဲတွင်၊ မြတ်ဆုံးပင်ဟု၊ သိချင်လိုကြ၊ များသိသအား၊ ဓမ္မဒါန်၊ ကောင်မှုကံကို၊ နိယံမပြတ်၊ မနောစာတ်ဖြင့်၊ ရေးမှတ်ပြီးကာ၊ လှူဒါန်းပါ၏။ သဒ္ဓါဇွဲတင်း၊ ထေရ်သဲအင်း၏၊ ဖေါက်ထွင်းဉာဏ်မြင်၊ တရားစင်ကို ကျင့်ချင်သူတိုင်း၊ စိတ်မရိုင်းဘဲ၊ ပုံနှိုင်းပြလျှင်၊ ကြမ်းသောဆင်ကို လိုချင်ဆန္ဒ၊ ခိုင်းတိုင်းရအောင်၊ ဆုံးမနိုင်ပြား၊ ချွန်းသမားသို့၊ စိတ်ထားယဉ်ကျေး၊ ပူမဆွေးဘဲ၊ အေးအေးသက်သာ နေတတ်လာ၍ဘာသာအမျိုး၊ သာသနာတိုးအောင် အားကြိုးမာန်တက်၊ ထမ်းဆောင်ရွက်လျှက်၊ ကျင့်မဂ္ဂင်လမ်း၊ ကျင့်စခန်းဖြင့်၊ အေးချမ်းနိဗ္ဗာန်အရယူဖို့ ထောက်ကူဖေးမ၊ ရေးပါရသည့်၊ ဓမ္မဒါန၊ ဘို့ဘာဂကို၊ ရကြပါစေ၊ မျှပေးဝေသည်၊ ကောင်းထွေသာဓု ခေါ်စေသော် ---------- ။

ဘဒ္ဒန္တ ဩဘာသ

၇၊ ၁၊ ၁၉၉၂

## ဂွတ္တလစ်ရပ်ကွက် ကမ္မဋ္ဌာနာစရိယ ဆရာတော်များနှင့် သဲအင်းဂူဆရာတော်ဘုရား ဆွေးနွေးပွဲ

**ပဓာတ**

◆◆◆

ယခုတရားတော်သည် မိုးကောင်းဘုရား ဗုဒ္ဓသာသနာ့ဝေယျာ နိဗ္ဗာန်ဆော် အသင်းတိုက်၌ ၁၃၂၅ခု နတ်တော်လဆန်း(၅)ရက်နေ့၌ မှော်ဘီမြို့နယ်၊ သဲအင်းဂူကျောင်း ကျေးဇူးရှင် ဆရာတော်ဘုရားအား ဂွတ္တလစ်ရပ်ကွက် ကမ္မဋ္ဌာနာစရိယာ ဆရာတော်နှင့်တကွ အခြားဆရာတော် တစ်ပါးက မေးမြန်းချက်များ၊ ဆွေးနွေးချက်များကို နောင်လာနောက်သား လူအများတို့ မှတ်သားရန်အတွက် အသံဖမ်းယူထား ပါသောကြောင့် ဆက်လက်၍ နာကြားတော်မူကြပါခင်ဗျား။

အာနာပါနဆိုတာကသူ့သဘောနဲ့သူ အရှင်ဘုရားတို့လည်း အတူ။ တပည့်တော်လည်း အတူ ဒီလေဝင်ထွက်နေတာဘဲ။ ထွက်နေတာဘဲ။ အဲဒီတော့ ရပ်မပစ်လိုက်နဲ့။ အဲဒီတော့ နှာသီးဖျား ရှူနေတာက သူ့သဘောနဲ့သူရှိနေတယ်။ ကိုယ်နဲ့လည်းမဆိုင်ဘူး။ မြတ်စွာဘုရား ဟောထားတယ်။ ကာယ ဝေဒနာ၊ စိတ္တာ၊ ဓမ္မ၊ သူ့သဘောအတိုင်းသွားတယ်။ ကိုယ်လုပ်ယူလို့ရလား။ မလုပ်ယူရပါဘုရား။ သူ့သဘောအတိုင်းသွားတယ်။ ကာယဝေဒနာ စိတ္တာဓမ္မတဲ့၊

မြတ်စွာဘုရားဟောထားတယ်။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တာသတိပဋ္ဌာန်၊ဓမ္မာသတိပဋ္ဌာန်။ ဟောဒီလိုဟောထားတယ်။ အဲဒီတော့ ကနဦး စိတ်ကလေးဟာဖြင့် နှာသီးဖျား ထိုးထွက် တိုးဝင်လာတဲ့ လေကလေး။

အသိကလေးကပ်ပြီးတော့ ဖြစ်တာလေး၊ ပျက်တာလေး၊ ဟောကပ်ပြီးတော့ ရှု။ နောက်ကျတော့ အောက်ကအမာနဲ့ ကိုယ်နဲ့တွေ့တဲ့အခါကျတော့ ဝေဒနာဖြစ်လာတယ်။ ဝေဒနာဖြစ်လာတော့ နှာသီးဖျားကပ်နေတဲ့ နာမ်တရားဟာ ဖြစ်၊ ပျက်ရှုနေတဲ့ နာမ်တရားဟာ အောက်ကအမာနဲ့ ကိုယ်နဲ့တွေ့ လိုက်တော့ဖြစ်၊ ပျက်တာ ရုပ်နာမ် ဖြစ်လာတယ်။ နာမ်ဒီမှာမနေနိုင်တော့ဘူး။ ကိုယ်ကမလုပ်ရပါဘူး။ ကိုယ်လုပ်ရင်အတ္တ။ မြတ်စွာဘုရားဟောတာက ကာယဝေဒနာ စိတ္တာဓမ္မ။ ဒီလိုဟောတာကိုးဘုရား။အဲဒီတော့နှာသီးဖျားတိုးထွက်၊ တိုးဝင်လာတဲ့လေကလေးကို သိနေတာက ကာယသတိပဋ္ဌာန်။ ဝေဒနာတွေ ဖေါက်ပြန်လာပြီဆိုရင်တော့ နှာသီးဖျား မနေနိုင်ဘဲနဲ့ ဝေဒနာသဘောပြောင်းသွားတယ်။ သူ့သဘောနဲ့သူ ပြောင်းသွား တယ်။

သူ့သဘောနဲ့သူ ဖြစ်ပျက်တာ ဝေဒနာ။

သမာဓိနဲ့ဖမ်း၊ သမာဓိနဲ့ဖမ်းတော့၊ ဒီဝေဒနာအစ အလယ် အဆုံးသိအောင် ကိုယ့်သဘော နဲ့ကိုယ်လိုက်တယ်။

ဆုံးသွားပြီးတဲ့ ဒီဝေဒနာဆုံးသွားပြီဆိုတော့ ရှုကွက်မရဘူးဆိုတော့၊ ဒီအသိပြန်ပြီး ဖြစ်ပျက်ပြန်တယ်။ နောက်သွားလာ။ ပြန်သွားတာဘဲ။ အဲဒီတော့ ဝေဒနာ၏ လက္ခဏာသဘောလေးဟာဖြင့် တော်တော်ကြာကျတော့ ပေါ်လာပါလိမ့်မယ်။ အစအလယ်အဆုံးသိလာလိမ့်မယ်။ ဓာတ်ကြီးလေးပါး၏လက္ခဏာသဘောတွေဟာဖြင့် အသေးကလေးကနေပြီးတော့ ကြီးတဲ့အထိ သဘာဝလက္ခဏာတွေမြင်လာလိမ့်မယ်။ အဲဒီအစ အလယ်အဆုံး သိလိုက်ပြီဆိုလို့ရှိရင်ဖြင့် သန္တတိအနတ္တလို့သိတယ်။ ခဏိကအနတ္တ လို့မြင်လိမ့်မယ်။ ကနဦးသမာဓိအားနည်းတဲ့ အချိန်အခါကျတော့ သန္တတိအနတ္တပဲမြင်ရမယ်။ သန္တတိအနတ္တဆိုတာဘာလဲတဲ့။ နှာသီးဖျားမှာတိုးထွက်တိုးဝင် လာတဲ့လေလေးဟာဖြင့် ဖြစ်ပျက်ရှုနေတဲ့ နာမ်တရားဟာဖြင့် ဒီကပထဝီတို့၊ တေဇောတို့၊ အာပေါတို့၊ ဝါယောတို့ ဓာတ်ကြီးလေးပါး ဖေါက်ပြန်လာတဲ့ အချိန်အခါမှာ၊ ဒီက ပထဝီရုပ်ဖောက်ပြန်လာတယ်။ တင်းလာတယ်။ တင်းတယ်လို့ နှာသီးဖျား ဖြစ်တဲ့ နာမ်ကလေးက ဒီမှာသွားတင်းတာလေးသိလိုက်တယ်။ တင်းတာကြီး တောက်လျှောက်ကြီးရယ်လို့ အောင့်မေ့ရတယ်။တင်းတာကြီးကိုသမာဓိနဲ့ဖမ်းပေါ့။ ရှုလို့မရရင် သူ့သမာဓိနဲ့ ပညာနဲ့ချိန်။ နောက်ကျတော့ ဝေဒနာမခံမရပ်နိုင် ဖြစ်လာလို့ရှိရင်သိပ်ပြင်းထန်လာရင်။ ပြင်းထန်လာပြီဆိုလို့ရှိရင်ဖြင့် နာမ်ဟာထွက်ပြေးလို့မရတော့ဘူး။ နာမ်ဟာ ဒုက္ခဝေဒနာမခံစားချင်ဘူး။ မခံစားချင်တော့ဘူး။

ဒုက္ခဝေဒနာ ရုပ်ကလဲ ဒီမှာမချိမဆံ့ဖောက်ပြန်လာပြီ။ ဒုက္ခဝေဒနာ ဖြစ်ပြီ။ ဒုက္ခဝေဒနာဖြစ်တော့ နာမ်ဟာ ဘယ်လိုဖြစ်လာသလဲ။ ဒုက္ခဝေဒနာ၊ သုခဝေဒနာ သမာဓိနဲ့ ချိန်ရင်အဖြေမရဘဲနဲ့ ထွက်ပြေးစရာမရှိတော့ သူပြေးစရာ နှာသီးဖျားပဲပြေးစရာရှိတယ်။ ဒီမှာက အဲဒီတော့ သမာဓိနဲ့ချိန် ဖမ်းလိုက်တော့ ဒီမှာဝေဒနာမခံစားနိုင်တော့။ မခံချင်လို့ နာမ်ကပြေးကြည့်တယ်။ ဒီမှာပြေးကြည့် လို့ နေသလားဆိုတော့ မနေဘူး။ ဒီမှာပဲပြေးကြည့်တယ်။ အဲဒီတော့ သူ့က အတ္တနဲ့လုပ်ကြည့်တယ်။ ဝေဒနာမသိပါဘူး။ နှာသီးဖျား ကပ်သွားတယ်။ နှာသီးဖျား ကပ်သွားလို့မရဘူး။ အဲဒီမှာ သမာဓိနဲ့ပညာနဲ့ဘောင်ချိန် လိုက်တဲ့အချိန်အခါမှာ ပညာ ဖြစ်လာတယ်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာနှစ်ပါး ခံစားနေရတယ်။ နာမ်က သတိထားတဲ့နေရာမှာ နာမ်နေတယ်၊ အောင့်မေ့တယ်။ နှာသီးဖျားထားလို့မရဘူး။ ဝေဒနာကိုသူသွားသိတယ်။ ဝေဒနာထားတဲ့နေရာ မှာ မနေဘူး။ နှာသီးဖျားသွား သိလိုက်တယ်။ သူ့သဘောနဲ့သူဖြစ်နေပါလားလို့ နာမ်ကသိလိုက်တယ်။ ဒုက္ခ ဝေဒနာ၊ သုခဝေဒနာ နှစ်ပါးခံစားနေတဲ့ နာမ်ပါလားလို့ အဲဒီတော့မှ ပညာစခန်းဖြစ်လာတယ်။ ဒုက္ခဝေဒနာနဲ့ နာမ်ဟာ မခံစားချင်ဘူး။ သုခဝေဒနာနဲ့ တရစပ်ကြီးခံစားတယ်။ အဲဒီအချိန်မှာ ပညာဖြစ်လာတယ်။ အာရုံခြောက်ပါး၌ နောက်ခံစားနေတာက သုခပါလားဆိုတာ ဒုက္ခ၊ သုခ ဖြစ်လာတယ်။ အဲဒီလို ဘောင်မချိန် နိုင်ဘဲ ရင်ဝဆိုက် နေလို့ရှိရင် ရှုလို့မရတော့ဘူး။ လက်ဦးတော့ ဒိတ်ဒိတ်နဲ့ဝါယောဓာတ်လှုပ်ရှားမှုရှိလာတယ်။ တော်ကြာကြတော့ ဝါယော ဓာတ်ငြိမ်သွားတော့ ချမ်းသာလာတာကို တွေ့တယ်။ ရှူကွက်မရတော့ဘူး။ သမာဓိလွန်သွားပြီ။ သမာဓိလွန်တော့ အလင်းရောင်ဓာတ်ကြီး တွေ့ပေါ် ပြီး တစ်ခါတည်း မျက်ရည်တွေကျ။ မင်္ဂလိုလို၊ ဖိုလ်လို လိုနဲ့ ခံစားရတယ်။ အဲပီတိဖြစ်ပြီ။ အဲဒီဟာကို ကပ်ငြိပြီး အဲဘယ်မှလည်း မရောက်ဘူး။ ဝိပဿနာ ဉာဏ်နဲ့ သမာဓိဂုဏ် နစ်သွားပြီ။ မရတော့ဘူး။ သမာဓိစခန်းလွန်သွားပြီ။ စျာန်ဘက် ယိုင်သွားပြီ။ ပညာမဖြစ်နိုင်တော့ဘူး။ အဲဒီတော့ သမာဓိနဲ့ ပညာနဲ့ ပီတိဖြစ်တော့ မှာကိုး။ချမ်းသာတာကို တွေ့ပြီလေ။ ပရမတ်နဲ့ ပရမတ်သစ္စာ နယ်မှာ ချမ်းသာ တယ်ဆိုတဲ့ ဥစ္စာအာရုံခံစားလိုက်ရင် မရဘူး။ ဒုက္ခဝေဒနာ၊ သုခဝေဒနာဆိုတာ နှစ်ပါးရှိတယ်။ မင်္ဂနဲ့ဖိုလ်က မျက်စိတစ်မှိတ် လျှပ်တစ်ပြက်၊ လက်တစ်ဖျစ်၊ ရုပ်ကုဋေငါးထောင်၊ နာမ်ကုဋေ တစ်သိန်းလှစ်ဆိုပြီး သွားပြီ။ စိတ်တခဏလေး ချုပ်သွားပြီ။ အသိဉာဏ် ဖြစ်ပြီ။ အသိဉာဏ်လေး။ နောက်ထပ်ပြန်ပြီး ချမ်းသာ တာ ခံစားလိုက်ရင် သုခဝေဒနာ။ ကိလေသာ အာရုံခံစားစရာ မလိုဘူး။ အဲဒီတော့ ပညာဖြစ်ဖို့ အရေးကြီးပါတယ်ဘုရား။

အဲဒီတော့ ဒီဝေဒနာတစ်ခုဟာ သန္တတိအနတ္တဆိုတာ ခုနေအချိန်အခါမှာတော့ ဒုက္ခဝေဒနာကြီးဟာဖြင့် သန္တတိအနတ္တဆိုတာ တင်းတာပေါ် လာမယ်။ တင်းတာကြီးကို ကုန်အောင်တိုက်၊ သမာဓိနဲ့ ချိန်ကိုက်။ အဲဒီတော့ သိပ်တင်းလာတော့ နှာသီးဖျားသိလိုက်တယ်။ စိတ်ဇောနဲ့လည်း မတွန်းရဘူး။ ဖိလည်း မသတ်ရဘူး။ ဖိသတ်ရင်အတ္တ၊ စိတ်ဇောနဲ့ တွန်းလိုက်ရင် အတ္တ။ အတ္တကိုလမထနုယောဂ။ ဖိသတ်ပြီ ဟိုစိတ်ဇောလေးနဲ့ ဖိသတ်ရင် အတ္တ။ လုပ်ယူတာကို။ သူ့သဘောနဲ့သူ လုပ်နေတာ။ သူ့သဘောနဲ့ ဖြစ်လာတဲ့ဝေဒနာကို ဒီနေရာမှာ သူ့သဘောနဲ့ သူပဲဖြစ်တယ်။ အဲဒီတော့ သမာဓိနဲ့ ဦးဆောင်၊ သမာဓိနဲ့ ဘောင်ချိန်၊ သူ့ကိုစိတ်ဇောနဲ့လည်းမတွန်းနိုင်အောင် သမာဓိနဲ့ချိန်ရင် ဝေဒနာတစ်ကျပ်သား ဆိုလိုရှိရင် သမာဓိတစ်ကျပ်သားပဲ။ (အဲဒီတော့ ဥပမာတစ်ခုကို အရှင်ဘုရားကို တပည့်တော်ပြောရမှာဖြင့် တံတားလေးတစ်ခုကို ကူးတော့မယ် ဘုရား။လျှောက်ရတော့မယ်ဆိုရင် ဝါးလုံးလေး တစ်လုံးချလိုက်ပြီး ထိုဝါးလုံးလေး တစ်လုံးဖြင့် ချောင်းဟိုဘက်ကူးမယ်ဆိုတော့ ဒီပေါ် လျှောက် ပြီး တစ်လုံးတည်း လျှောက်သွားတော့ နည်းနည်းလေးတော့ အရှိန်ပျက်သွားလို့ ဒီဘက်နည်းနည်း ရောက်သွားရင် ကျသွားမယ်။ မကျနိုင်အောင် လက်တန်းလေး ကူပါတယ် ဘုရား။အဲဒီတော့ အဲဒီလက်တန်းလေး ကိုင်ပြီးတော့ ကူးသွားရင် ဟိုဘက်ကမ်း ရောက်သွားမယ်။) သမာဓိနဲ့ပညာနဲ့က ဘောင်မချိန်နိုင်လို့ ရှိရင်ဖြင့် သမာဓိ လွန်ရင်လည်း ချုံတိုးမှာပဲ။ ပညာအားသာလို့ စိန္တာမယဉာဏ်ဖြစ်ရင် လည်း ချုံတိုးမှာပဲ။ ချုံတိုးမှာချည်းပဲ။ ပညာနဲ့ သမာဓိနဲ့မှ မချိန်နိုင်ပဲနဲ့ ။အဲဒီတော့ သမာဓိနဲ့ပညာနဲ့ ချိန်ကိုက်လို့ လက်တန်းလေးပေးလိုက်ပြီဆိုရင် အဲဒီ လက်တန်းလေးကို လက်ကနေ ကိုင်ပြီးတော့ ခြေထောက်နဲ့ သွားမယ်ဆိုရင် ဖြင့် ဒီလက်တန်းလေးက ကျမယ်ဆိုလို့ရှိရင်။ အဲဒီလက်တန်းလေး မှေးလိုက်မယ် ဆိုလို့ရှိရင်ကျပါဦး မလားဘုရား (မကျပါဘူး) အဲ လက်တန်းမရှိတဲ့ ပုဂ္ဂိုလ်တွေကျတော့ ချုံတိုးမှာချည်းပဲ ဘုရား။

(မေး) ဝေဒနာနဲ့သမာဓိ ပြိုင်တူလိုက်နေရင်၊ အသိလိုက်နေရင် အဲ ဝေဒနာနဲ့ သမာဓိပြိုင်တူဖြစ်နေရင် ကြာကြာမျှား ချုပ်မလား။

(ဖြေ) အဲဒီမှာကြာကြာတော့ မချုပ်နိုင်ပါဘူးဘုရား။ မဂ်၊ ဖိုလ်ဆိုတာ စိတ် တစ်ခဏလေးပါဘုရား။ ကြာကြာကြီးဖြစ်နေရင်လည်း မောဟ ဖြစ်နေမှာပါဘုရား။ မေ့လျော့နေရင် မောဟပါဘုရား။ ပညတ်စိတ်ပါဘုရား။

မဂ်ပညာ၊ ဖိုလ်ပညာဆိုတာ အသိပညာပါဘုရား။ မြတ်စွာ ဘုရားက အသိတစ်လုံးအမြတ်ဆုံးလို့ဟောပါတယ်ဘုရား။နတ်ပြည်သွားတာလည်း အသိပါဘုရား။ ဗြဟ္မာ ၂၀ သွားတာလည်း အသိပါဘုရား။ နိဗ္ဗာန်သွား တာလည်း အသိပါဘုရား။ အသိတွေချည်းပါ ဘုရား။ ပရမတ်ချုပ် ပညတ်ချုပ် ရှိပါတယ်ဘုရား။ ပရမတ်ချုပ်ဆိုတာ ရုပ်၊ နာမ်၊ စိတ်ပါ ဘုရား။ ပညတ်ချုပ်ဆိုတာ မောဟစိတ်ပါဘုရား။ မောဟချုပ်ဆိုတာက မေ့မြောပြီးနေတယ်။ မေ့ပြီးနေတယ်။ တစ်ခါတည်း ပျောက်သွားတယ်။ ပြီးတော့လည်း၊ ဘာမှမသိဘူး။ ဘာမှမသိဘူး။ မေးကြည့်လိုက်လို့ ရှိရင် ဘယ်လိုနေမလဲ။ ဘယ်လိုနေမလဲ။ အဲလို မေ့တော့ စိတ်သည် ဘာလဲ။ အဲဒါမောဟချုပ်၊ ပညာချုပ်၊ သမာဓိချုပ်။

(မေး) ခုနက မေးကြည့်ခဲ့ပြီးပြီ။ ဝါးလုံးကလေးနဲ့ ချောင်းကူးရင် လက်တန်း လေးနဲ့ဖြတ်ကူးရင် ဘယ်လို လျှောက်ရမလဲ။

(ဖြေ) လက်တန်းလေးက ပညာဖြစ်အောင်လို့ သမာဓိလက်တန်း။ လျှောက် သွားတာကဟိုဘက်ကမ်းကို တံတားလေးခင်းပေးလိုက်တာက ဟိုဘက် ကမ်းလျှောက်သွားဖို့။ အောက်ဝေဒနာကိုသိပြီး ရောက် သွားတာက ပညာ၊ ဒီဘက်ကမ်းရောက်ဖို့။

(မေး) ရှင်းပါတယ်အရှင်ဘုရား။

(ဖြေ) ဒီသဘောပဲ

(မေး) လက်တန်းလေးက

(ဖြေ) သမာဓိ

(မေး) လျှောက်တာလေးနဲ့ဝါးလုံးလေးက

(ဖြေ) ပညာ

(မေး) အဲဒီတော့ ဟိုဘက်နိဗ္ဗာန်ရောက်

(ဖြေ) နိဗ္ဗာန်ထိအောင်ရောက်

(မေး) မဂ်၊ ဖိုလ်

(ဖြေ) မဂ်ဇော၊ ဖိုလ်ဇောကျ။ အဲဒီတော့သိပြီးလျှောက်

(မေး) မသိဘဲနဲ့ လျှောက်လို့မရတော့ဘူးလား

(ဖြေ) မရပါဘူးဘုရား။ လျှောက်လို့မရပါဘူးဘုရား။

(မေး) သမာဓိအကြောင်းကြောင့်

(ဖြေ) မှန်ပါဘုရား

(မေး) သမာဓိအကြောင်းကြောင့် ပညာဖြစ်တာ

(ဖြေ) မှန်ပါဘုရား

(မေး) ဒီလို ဒီလို ကိုး

(ဖြေ) **မှန်ပါဘုရား။ အဲဒီတော့ အရှင်ဘုရားအသိရဖို့ မလွယ်ပါဘူးဘုရား။**

သမာဓိနဲ့ပညာနဲ့မှ ဘောင်မချိန် နိုင်လို့ရှိရင် အခုတော့ ရှုလိုက်တယ်လေ။ သမာဓိတိုက်တွန်းတယ်။ သမာဓိလေးတင်လိုက်တော့ သမာဓိလေးထွက်တာ၊ ဝင်တာ သိတော့ သမာဓိပဲရှိတယ်။ ပညာမဖြစ်ဘူး။ ကဲ အရှုရပ်လိုက်၊ ဝေဒနာလိုက်ဆိုတော့ (ဝေဒနာလိုက်) ဝေဒနာသိတာလေးပဲရှိတယ်။ ဝေဒနာ ဥပါဒါန်ကြီး ဖြစ်နေတယ်။ ဝေဒနာသမာဓိပဲရှိတယ်။ ပညာမဖြစ်ဘူး။ (သမာဓိကိုလွှတ်လိုက်တော့) ဒီကသမာဓိကို လွှတ်လိုက်တော့ ပညာမဖြစ်နိုင်ဘူး။ ဒီမှာပြန်ပြီးတော့ နာမ်ခါတ်။ ဒီမှာ နာတာကြီး ပဲသိတယ်။ ဒီမှာ တစ်ခုထဲသိတာသမာဓိပဲ။

(မေး) **လက်တန်းကကောပြီးသွားပြီလား**

(ဖြေ) **အဲဒီလက်တန်းကကွာသွားပြီပဲ။ မရနိုင်တော့ဘူး။ ချုံတိုးတော့မယ်။**

အဲဒီတော့ သမာဓိနဲ့ပညာနဲ့ ချိန်လိုက်တဲ့အချိန်အခါကျတော့ ဝိပဿနာ ဉာဏ်တွေ ပေါ်လာလိမ့်မယ်။ မဂ်ပညာ၊ ဖိုလ်ပညာတွေ။ သမာဓိက တစ်ကျပ်သား၊ ဝေဒနာကတစ်ကျပ်သား ဖြစ်လိမ့်မယ်ဘုရား။ ဥပမာဆိုပြီး ဖွင့်ပေးပါတယ်၊ ထိုင်ပါ တယ်ဘုရား။ ထိုင်လိုက်တဲ့အခါမှာ ဒါအရှင်ဘုရားတို့ တပည့်တော်ပညာစခန်းပါ ဘုရား။ ဝေဒနာတွေက ပြင်းတက်လာတယ်။ အားကြီးပြင်းတက်လာတယ်။ သမာဓိမှ မချိန်နိုင်ရင်ဖြင့် ရပ်ပြီးလိုက်လိုက်မယ် ဆိုလို့ရှိရင် ဖိချင်ရာဖိသတ်လိုက်။ နိုင်လို မင်းထက်။မြတ်စွာဘုရားက ရုပ်၏ဖေါက်ပြန်တဲ့ ဝေဒနာကို နိုင်လိုမင်းထက် မညှင်းဆဲ နဲ့တဲ့။ အထူးသဖြင့်ကိုယ့်သားလေးလို ဒကာကြီးရဲ့ ကိုယ့်သားလေး၊ ကိုယ့်သမီးလေး တော့ ဘေးဖြစ်မှာစိုးလို့ မွေးလိုက်ကြတာ။ ကျွေးလိုက်ကြတာ။ ယုယလိုက်ကြတာ။ ဒီရုပ်ခန္ဓာ ငါးပါးဖြစ်လာတဲ့ ရုပ်ကြတော့ သတ်ပစ်တယ်။ သတ်ပစ်တော့ အရှင်ဘုရား တို့ စဉ်းစားကြည့်ပေ့ါ။ ဖိသတ်လိုက် တယ်။ စိတ်ဇောနဲ့ ဖိသတ်လိုက်တယ်ဆိုတော့ အတ္တကြီးသမား ခေါ်မလား။ ကောင်းတဲ့အကျင့် ခေါ်မလား။

(မေး) သဘောပေါက်ပါတယ်။

(ဖြေ) သဘာဝပြောတာပါ။ အဲဒီတော့ ဒီမှာစိတ်ဇောနဲ့ ဖိသတ်လိုက်တယ်။

စိတ်ဇောနဲ့ဖိသတ်လိုက်တယ်။ တွန်းသတ်လိုက်တယ်ဆိုတာ အဲဒါအတ္တကြီး သမား။ ကိလမထဖြစ်တယ်။ တရားကျင့်တယ်။ သူ့သဘောနဲ့သူ ချိန်သွားကြည့်တယ်။ ဝေဒနာ တစ်ကျပ်သား၊ သမာဓိ တစ်ကျပ်သား။ အဲဒီတော့ သူ့သဘောနဲ့သူ

ဖြစ်လာပါတယ်ဘုရား။ အဲဒီတော့ဝေဒနာက တစ်ကျပ်သားဖြစ်လာလို့ရှိရင် နာသီးဖျား သမာဓိကလည်းသူ့သဘောနဲ့သူဖြစ်လာတယ်။ တစ်ကျပ်သားဆိုရင် မကြာမီ ဒီသိ လိုက်၊ ဟိုသိလိုက်။ ဒုက္ခဝေဒနာ ခံစားလိုက်၊ သုခဝေဒနာခံစားလိုက်။ ဘာမှလည်း မလှုပ်းတော့ဘူး။ နာတယ်လို့လည်း မသတ်မှတ်တော့ဘူး။ နာတာကျဉ်တာကို ဘာမှ လည်းမခံစားနေတော့ဘူး။ အားကိုမရဘူး။ ဒီသိလိုက်၊ ဟိုသိလိုက်နှာသီးဖျားသိလိုက်၊ ဝေဒနာသိလိုက်နဲ့ ဒုက္ခဝေဒနာခံစားလိုက်၊ သုခဝေဒနာခံစားလိုက်နဲ့ ဝေဒနာသိပ် ပြင်းထန်လာပြီ ဆိုလို့ရှိရင် သူ့သဘောနဲ့သူ ဖောက်ပြန်လာပြီသာမှတ်။ အဲ ပထဝီ ဓာတ်နဲ့ ဝါယောဓာတ်နဲ့ ပဋိပက္ခဓါတ်။ အခါကျတော့ သမာဓိနဲ့ ပညာနဲ့ ဘောင်ချိန် လိုက်ပြီဆိုတော့ ဝေဒနာကနှစ်ကျပ်သားလောက်ရှိလာပြီ။ သမာဓိကလည်း နှစ်ကျပ် သားလောက်ပါလာပြီ။ အဲဒီတော့ ဝေဒနာနဲ့ ဘောင်ချိန်လာပြီမှတ်။ သမာဓိနဲ့ ပညာနဲ့နှစ်ပါးချိန်လိုက်တဲ့အခါကျတော့ နှစ်ကျပ်သားလောက်တက်လာရင် စိတ်ဇောနဲ့ လည်းမတင်းနဲ့၊ခန္ဓာကြီးနဲ့လဲမတင်းနဲ့၊ သူ့ဟာသူအရှုပြင်းလာလိမ့်မယ်။ နှစ်ကျပ်သား လောက်တက်လာတော့- သဲအင်းဂူဆရာတော်က အသက်ရှုပြ နေပါတယ်။

## (သဲအင်းဂူဆရာတော်၏ အသက်ရှုသံများ)

အသက်ရှုပြနေပါသည်။ အဲဒါဥပမာဆိုလို့ရှိရင်ဖြင့် အရှင်ဘုရားကြွက်ထောင် ချောက်လေးတစ်ခုဟာဖြင့် ကြွက်ကလေးတောင်ချောက်လေးတစ်ခုဟာဖြင့် ကြွက်က လေး ထောင်ချောက်မိထားတယ်။ ဖြတ်ကူးလာတယ်။ ဒီခန္ဓာထဲကိုဖြတ်ကူးတာ။ ကြွက် ကလေးထောင်ချောက်ထဲ ဖြတ်ကူးလာတယ်။ ဒုတ် ဒုတ် ဒုတ် နဲ့ မခံနိုင်ဘူး။ ဝေဒနာနဲ့တွေ့လာရင် ဒုက္ခဝေဒနာ မခံနိုင်တော့ လျှောက်ပြေးတယ်။ လျှောက်ပြေး လိုက်တဲ့အခါမှာ တိုးလို့လည်းမရဘူး။ သူ့ဟာသူထောင်ချောက်ထဲ လျှောက်ပြေး တယ်။ တိုးလို့မရတော့မှ မောတဲ့အချိန်မှာ တစ်ဒေါင့်ဒေါင့်ပိတ်ပြီးတော့၊ တိုးလို့မရတဲ့ အခါမှာ အပေါက်ရှာလို့မတွေ့တော့ဘူး။ အဲဒီတော့ ဒီမြုပ်ပြီး ဖေါက်ပြန် လာတဲ့ ဝေဒနာနာမ်ဟာလည်း ပညာဖြစ်လာပြီပေါ့။ လက်ဦးတုန်းကတော့ ပညာမဖြစ်ခင် ကဖြင့် တစ်ခါတည်း ထွက်ပေါက်မရဘူး။ နောက်ကျတော့ သဘောကျလို့ အနတ္တ ဆိုက်တော့မယ်ဆိုတော့ငါခါးတွေနာနေပြီ။ သူ့သဘောနဲ့သူကိုက်နေပါလား။ရုပ်ကလည်း ဒီသဘောပါဘဲ။ နာမ်ကလည်း ဒီသဘောဘဲ။ နာမ်ကသွားပြီးကာကွယ်လို့သာ သုခဘုံကြီးဖြစ်ပြီး ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ဇာတိဖြစ်နေပါလား။ သူ့သဘောနဲ့သူ ဖြစ်နေပါ လား။ သူ့သဘောနဲ့သူ ဖြစ်ပါလားဆို ဝေဒနာလေး သိရုံလေးပေးပြီးတော့

နာမ်ငါးပါး၊ ရုပ်နာမ်နှစ်ပါးပေးပြီးတော့ ကြွက်ကလေးများ ဒေါင့်ကပ်ပြီးတော့ မှေးပြီးရှုနေတာကို ဝေဒနာလေးမှေးရုံလေး မှေးပြီးတော့ –

(မေး) အသိတရားမှာ တစ်ခါတည်း ဖြည်းဖြည်းလေးဆိုပါတယ်။

(ဖြေ) အသိနဲ့ ဒီဟာကို ရုပ်နဲ့နာမ်နဲ့ဟာက တစ်ဆက်တည်းဖြစ်ပြီး တစ်ဆက်တည်း ချုပ်ငြိမ်းတာပါဘုရား။

ချုပ်ပြီးတဲ့နောက်ကို ဖြည်းဖြည်းနဲ့မကျန်တော့ဘူး။

(ဖြေ) ဒါကတော့ သူ့သဘာဝ ကျန်ချင်ကျန်ဦးမယ်။ လက်ဦးတော့ မပြုတ်ခင်တော့ ကျန်ချင်ကျန်နေဦး မယ်ဘုရား။ ကျန်ချင်ကျန်မှာ။ ဖျဉ်းဖျဉ်းလဲ ကျန်ချင် ကျန်မှာ။

(မေး) ဖျဉ်းဖျဉ်းက

(ဖြေ) ရုပ်

(မေး) အဲဒီမှာ သွားပြီးသတိရတယ်။ ပြန်ပြီးသတိရတယ်။ ဒီအချိန်မှာတော့ ရုပ်ကို

(ဖြေ) ရုပ်ကို ဒီအချိန်မှာပျောက်လို့သွားရမယ်။

(မေး) ရုပ်ကလည်းပြုတ်ပြီ

(ဖြေ) နောက်ကျတော့ သူ့ဟာသူ ဖျဉ်းဖျဉ်းကျန်နေတာ

(မေး) ဖျဉ်းဖျဉ်းတော့ ဖျဉ်းဖျဉ်းကျန်နေတာ

(ဖြေ) ဖျဉ်းဖျဉ်း။ သူ့မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက် လှစ်ဆိုပြီးသွားပြီ။ ရုပ်နာမ် နှစ်ပါးချုပ်ငြိမ်းသွားပြီ။ နောက်ပြန်ပြီး ဆင်ခြင်လိုက်လို့ ဖျဉ်းဖျဉ်းကျန်ချင် လည်း ကျန်ဦးမယ်။

(မေး) နောက်မှာ

(ဖြေ) နောက်မှာခံစားရဦးမယ်

သညာလိမ်လိုက်တော့ ဟောခြေထောက်တော့ ညောင်းလာပြီလို့ သညာ ပေးလိုက်တော့ သင်္ခါရကပြုပြင်တယ်။ ဖြစ်တာပျက်တာ။ ဘယ်တော့ သိမှာလဲ။ သင်္ခါရကပြုပြင်ပေးလိုက်ပြီ။ မနောဝိညာဏလေးကတော့ သိတာ လေးပဲရှိတယ်။ မနောဝိညာဏလေးက ဘေးမရှိဘူး။ သိရုံပဲသိတယ်။ သူက မမှတ်တတ်ဘူး။ မနောဝိညာဏကသိတာ ဝေဒနာက္ခန္ဓာက တစ်ခြား။ သညာက္ခန္ဓာကတစ်ခြား၊ သင်္ခါရက္ခန္ဓာကတစ်ခြား။ မနောဝိညာဏက္ခန္ဓာက တစ်ခြား။ သူဟာနဲ့သူနေတော့ ကိုယ်နဲ့ဘာဆိုင်သလဲ။

(မေး) ငါမရှိတော့ ငါမခံရဘူး

(ဖြေ) ငါရှိလို့နာတယ်။ ငါမရှိဘူး သေရလည်း သညာအလိမ်မခံဘူး။ တပည့်တော် သညာအလိမ်ခံရလို့
(တိတ်ခွေ မပီသ)

(မေး) သညာအလိမ်ခံလို့ သုခ၊ ဒုက္ခဖြစ်

(ဖြေ) သညာလိမ်တာပေါ့။ ထုံတယ်လည်းမရှိဘဲနဲ့၊ နာတယ်လည်းမရှိဘဲနဲ့၊ ကျဉ်တယ်လည်း မရှိဘဲနဲ့၊ ကိုက်တာလည်းမရှိဘဲနဲ့၊ သညာလိမ်ခံနေကြတယ်။ မြတ်စွာဘုရားဟောထားတဲ့ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာနက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ မနောဝိညာနက္ခန္ဓာတဲ့ နာမ်ခန္ဓာလေးပါး၊ ရုပ်တရားခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး။ ရူပက္ခန္ဓာကြီးတဲ့။ ဒါအဆင်းရုပ်ကြီးဟာ အနတ္တရုပ်ကြီး။ ဒီအပေါ် ဦးစီးနေတာက ဝေဒနာက္ခန္ဓာရယ်၊ သညာက္ခန္ဓာရယ်၊ သင်္ခါရက္ခန္ဓာရယ်၊ မနောဝညာဏက္ခန္ဓာရယ်၊ နာမ်ခန္ဓာ လေးပါး၊ ရူပက္ခန္ဓာဆင်းရုပ်ကြီးပေါ် မှာ အနတ္တဆိုပြီး ဦးစီးနေတဲ့ ဝေဒနာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ ရုပ်နာမ်နှစ်ပါးက ဖေါက်ပြန်တယ်။ ဖေါက်ပြန်လာတော့ သညာပေးတယ်။ သညာနက္ခန္ဓာကို သညာပေးတယ်။ ခြေထောက်က ညောင်းသွားပြီ သညာပေးလိုက်တော့ သူမျှားလိမ်လိုက်ပြီ ဘုရား။

**(မေး) တပည့်တော် ကြားဖြတ်ပြီး**

**(ဖြေ) ဖျဉ်းဖျဉ်းပါပဲဘုရား**

**(မေး) ပြတ်တော့ ပြတ်သွားမှာပဲ။**

**(ဖြေ) ပြတ်သွားပြီ။ မသိလိုက်ဘူး။ ပြတ်သွားတာမှ အကုန်လုံးပြတ်တယ်။ နောက်တခါပြန်ပြီးတော့ သတိရလာလို့ ပြန်ပြီးတော့ ဖျဉ်းဖျဉ်းကျန်နေတယ်ဆိုတော့ နာမ်က ဝေဒနာခံစားတယ်။**

**(မေး) နောက်ပြန်တက်ရင်လည်း လာမှာပဲ**

**(ဖြေ) နောက်ပြန်တက်။ ပြန်ချုပ်**

**(မေး) ပြင်းပြင်းထန်ထန်တက်ချင်လည်း တက်လာမယ်။**

**(ဖြေ) မှန်ပါဘုရား ဒီရုပ်ကတော့ ဒလစပ်ပြီး ဖြစ်နေတာပါဘုရား။ ဒီဝေဒနာကတော့ ဖြစ်နေတာပဲ။ အရှင်ဘုရား ခန္ဓာပျက်မှပဲ ဒီဟာကုန်မှာ။ ဒီဝေဒနာ တက်နေ တာကိုး။ နောက်ကျတော့ ဒီဝေဒနာကို ဥပါဒါန်ပြုတ်ပြီလို့။ ဥပါဒါန်ပြုတ်ပြီဆိုတော့ အရှင်ဘုရား တစ်နေ့လုံး**

**ထိုင်နေလည်း ဘာမှမဖြစ်ဘူး။ ဥပါဒါန် ပြုတ်နေတာကိုး။ သူ့ဟာသူ ဖြစ်နေတော့ သူကလည်း ဘာမှ မသိဘူး။**

(မေး) **သူ့ဟာသူ ဖြစ်ပျက်နေတာကိုး**

(ဖြေ) **ဥပါဒါန်မပြုတ်လို့ ဒီမှာခံနေရတာ**

(မေး) **ဆေးခြယ်တာ၊ ဆေးခြယ်တာ**

(ဖြေ) အဲ ဆေးခြယ်ပေးတယ်။ သူ့ဟာလေးနဲ့ သူသိနေတော့ ခန္ဓာငါးပါး တကယ်အစစ်မြင်တော့ သူ့ဟာသူနေ တာပေါ့။ တပည့်တော်နဲ့ ဘာဆိုင်သလဲ။ အဲဒီလိုသဘောပေါက်ပါတယ်ဘုရား။ အဲဒီတော့ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါးဟာဖြင့် သေသေချာချာသိလာပြီဆိုရင် ရူပက္ခန္ဓာသညာ မပေးတော့ဘူးဆိုရင် ဘာဖြစ်မှာလဲ ဘုရား။ သညာမှမရှိဘဲနဲ့။ ဟိုကဓါးကြီးနဲ့ပြေးလာ။ ဓါးကြီးနဲ့ပြေးလာလို့ ပုဂ္ဂိုလ်သညာ ပေးလိုက်လို့ ရှိရင်ဖြင့် ကြောက်မှာပေါ့။ ဓါးမှမရှိဘဲနဲ့။ဒါကသညာမပေးဘူး။ ရပ်နေတယ်။ သညာမပေးဘူး။ အဲသညာ အရေးကြီးပါတယ်ဘုရား။ သညာကလိမ်နေပါတယ်ဘုရား။ အဲဒီတော့ ဥပမာလေးတစ်ခုတော့တပည့်တော် ဆရာတော်များပြောမယ် သညာကြောင့် ဒုက္ခဖြစ်တယ်။

ဥပမာ ဟောဟိုအခုဒီနားမှာ ကားကြီးတွေနဲ့မောင်းလာတယ်။ ဆရာတော်ဘုရားတို့ကားနဲ့လာတာလား။ ကုန်းကြောင်းနဲ့လာတာလား (ကားနဲ့) ကားနဲ့ ကားနဲ့လာတယ်။ အဲဒီကားနဲ့ လာတာဟာဖြစ်ရင် အရှင်ဘုရား ဒရိုင်ဘာ မောင်းနိုင်တာ ဘာကြောင့်မောင်းနိုင်သလဲ။ ကားကြီးကို ခါတ်ဆီထည့်ပြီး တော့မောင်းလာတယ်။ ခါတ်ဆီလိုက်တော့**သညာတည်းဟူသော ခါတ်ဆီ ထည့်လိုက်တော့** ဒရိုင်ဘာက တက်မောင်းတာပေါ့။ ဒရိုင်ဘာကတက် မောင်းတော့ အရှင်ဘုရားနာမ်ရုပ်လား၊ ကားဟာဖြင့်ဘုံသုံးပါး သံသရာ စက်ကြီး၊ ဘီးလည်လိုက်တယ်ဆိုတာ အနုမြူမှုန်လား ဖြစ်နေတာပဲ။ အဲဒီတော့ ဘာကြောင့်လည် သလဲတဲ့။ သညာတည်းဟူသော ခါတ်ဆီထည့် လိုက်တော့ သင်္ခါရက္ခန္ဓာ။ အဲ **သင်္ခါရက္ခန္ဓာတည်းဟူသော ဒရိုင်ဘာက တက်မောင်းလိုက်တော့ ဘုံသုံးပါး သံသရာဖြစ်ပြီး လည်တာပဲ။** တစ်ခါ တည်းကားကြီး ဆုံးသွားပြီ။ အင်း ဘီးကြီးက ဒုက္ခရောက်လိုက်တာ၊ လိမ့်လိုက်တာ မွန်းလို့လည်း မွန်းမှန်းမသိဘူး။ အဲ အရှင်ဘုရားတို့၊ တပည့်တော်တို့ သညာလိမ်တာ ခံနေရပါတယ် ဘုရား။ သညာစေတသိက်

ပျောက်သွားလို့ရှိရင်ဖြင့် သခါရက္ခန္ဓာ။ **စာတ်ဆီမရှိလို့ရှိရင်ဖြင့် ဒရိုင်ဘာ တက်မ မောင်းနိုင်တော့ဘူး။ (မပြုနိုင်တော့ဘူး)** မပြုပြင်နိုင်တော့ပါဘူး။ အဲဒီမှာ သညာစိတ်ကလေးပျောက် သွားရင် လွတ်ပါတယ်။

(မေး) ဒီဝေဒနာနဲ့ ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်ဟာ တကယ်လည်း ရှေ့ကို အားထုတ်သွားရင် သူဟာ နိဗ္ဗာန် မလွဲတန်းရနိုင်လို့ သူ့ကိုဆုံးဖြတ်ပြီးတော့ ပေးနိုင်မလား၊ ပေးနိုင်ပါ့မလား။ သညာနဲ့ သမာဓိဉာဏ်ကို ဉာဏ်ထဲ မှာမြင်ခဲ့သော်။

(ဖြေ) ပေးနိုင်ပါတယ်။ (ရှိနေတယ်) မှန်ပါ့ဘုရား။ ဝေဒနာအစရယ်၊ အလယ်ရယ်၊ အဆုံးရယ်လို့။ အဲဒီလိုသိစိတ် ဝိဇ္ဇာဉာဏ်လေးကိုသိလိုက်တယ်။ ဒီတစ်ဝါထဲနဲ့သွားမယ်။ ဒီတစ်ဝါထဲနဲ့သွားမယ်ဘုရား။ အသိမှာ၊ အသိလေး။

## (တပည့်တော် - ကျေနပ် - သဘောတူပါတယ်၊)

(      )တပည့်တော် လျှောက်ပါရစေ ခွင့်ပြုပါဘုရား။ ဆရာတော်အမိန့် ရှိခဲ့တဲ့ ဝေဒနာနဲ့ပညာနဲ့ သမာဓိနဲ့ ဒီလိုဘောင်ကိုက်သွားရင် နိဗ္ဗာန်ရောက်တယ်လို့ ချီးမြှင့်နိုင်မလားတဲ့။ ဒီတော့ဆရာတော်က ချီးမြှင့်နိုင်ပါတယ်တဲ့။ ဟုတ်လား။ (မှန်ပါ) တပည့်တော်သဘောအရ လျှောက်ထားမယ်နော်။ အရှင်ဘုရား ဟိုတုန်းက အားထုတ်တာအရှင်ဘုရား သဘောကျရထားပါတယ်။ ဝေဒနာနဲ့ သမာဓိနဲ့။ သမာဓိနဲ့ ပညာနဲ့လည်း ဘောင်လိုက်ဆိုတော့ တပည့်တော်ကလည်း ကျေနပ်ပါတယ်။ သဘောကျပါတယ်။ ဖြေပြီး။ မေးပြီးမှ ရှင်းသွားလို့ ပိုကောင်းပါတယ်။

✧✧✧

## ကျောက်သဘော်ဆရာတော်အဖွဲ့၏ အမေးအသျှင်ဥက္ကဋ္ဌအဖြေပေး

◆◆◆

(မေး) စာလိုတော့မသိဘူးပေါ့

(ဖြေ) စာလိုတော့မသိပါဘုရား။ တပည့်တော်ခန္ဓာကတော့ သိပါတယ်ဘုရား။ နှစ်ဆယ့်တစ်လဟာဖြင့် မထတော့ပါဘူးဘုရား

(မေး) သမထနဲ့ယှဉ်လာတဲ့အခါကျတော့

(ဖြေ) မှန်ပါဘုရား။ သမထနဲ့ပါဘုရား။ ရုပ်ကမ္မဋ္ဌာန်းနဲ့ပါဘုရား။

(မေး) ဉာဏ်စဉ်တွေများနေတယ်။ ခါတိုင်းတရားဟောတဲ့အချိန်မှာ

(မေး) ဘယ်လိုဘယ်လိုဖြစ်နေလဲ။ အခါခပ်သိမ်းရုပ်၏အဖြစ်။ စိတ်၏အကျ၊ စိတ်ကျတယ်။ စိတ်ဖြစ်ပုံဘယ်လို ဘယ်လိုများဖြစ်ပါသလဲဘုရား။ မိမိရဲ့စိတ်ကျပုံ၊ စိတ်ဖြစ်ပုံ။

(ဖြေ) စိတ်ကျပုံဟာ အခုနေဆိုလို့ရှိရင်ဖြင့် အရှင်ဘုရား၊ စိတ်ဟာဖြင့် တည်နေပါတယ်ဘုရား။ဘယ်မှာမှ မရောက်ပါဘူးဘုရား။ မသွားတော့ပါဘူးဘုရား။ ဖြစ်လည်းမဖြစ်ပါဘူးဘုရား။ ကျလဲကျမသွားတော့ဘူးဘုရား။ သဘာဝဆိုတဲ့ဥစ္စာဟာဖြင့် တည်နေပါတယ်ဘုရား။ ဖြစ်ခြင်းအကြောင်း၊ ပျက်ခြင်းအကြောင်းတရားလည်းမရှိတော့ပါဘူးဘုရား။ စိတ်တည်နေပါတယ်ဘုရား။

(မေး) ဒီပြင်အရပ်ရပ် လောကီကိစ္စရှိတဲ့အခါတော့

(ဖြေ) အရပ်ရပ် လောကီကိစ္စရှိတဲ့အခါမှာ လောကီပုဂ္ဂိုလ်အပေါင်းဟာဖြင့် တပည့်တော်ကိုလာလျှောက်လို့ရှိရင်ဖြင့်လာပြီးလျှောက်လိုက်တဲ့အချိန် အခါမှာအရှင်ဘုရားတပည့်တော်တို့ဆီမှာတရားလာပြပါဆိုလို့ရှိရင်ဖြင့်

**လျှောက်လို့သာလိုက်ရပါတယ်။ သဘာ၀ပဲလိုက်ပါတယ်ဘုရား။ဘာစိတ်မှ မရှိတော့ပါဘူး ဘုရား။ ကိလေသာမရှိတော့ပါဘူးဘုရား။**

(မေး) အချိန်မှာများများကျင့်လာတဲ့အချိန်၊ ဘယ်ကအကျင့်နဲ့ကျင့်သလဲ။ ဘာကိုမြင်နေသလဲ။ ဘယ်လို မြင်နေသလဲ။

(ဖြေ) အခုနေကြည့်လိုက်မယ်ဆိုလို့ ရှိရင်ဖြင့် အရှင်ဘုရား ပရမတ်ဆိုလို့ရှိရင် တစ်လောက လုံးဟာ ဘာမှမရှိ တော့ပါဘူးဘုရား။ အဆင်းအမှုန်လေးသာ မြင်နေပါတယ်ဘုရား။ မြင်နေရပါတယ်။ ဒါပဲမြင်နေရ ပါတယ်။

(မေး) အမှုန်လေး

(ဖြေ) မှန်ပါဘုရား။ ဘာမှမရှိပါဘူး။ သဏ္ဌာန်မရှိတော့ပါဘုရား

(မေး) လုံးလုံးမရှင်းဘူးလား။ အမှုန်လေးမြင်နေရတာ လုံးလုံးမရှင်းဘူးလား

(ဖြေ) ဒီဟာက ပရမတ်သစ္စာနယ်မှာ ပြောရခြင်းဖြစ်ပါတယ် ဘုရား။ သဘာ၀သစ္စာဆိုတာက မြင်တာထင်တာ သဘာ၀ သူ့သဘောနဲ့သူဖြစ်နေပါတယ် ဘုရား။ သဘာ၀ပဲရှိပါတယ်ဘုရား။

(မေး) ဒါကတော့ မှန်သားပဲ

(ဖြေ) မှန်ပါဘုရား

(မေး) သဘာ၀သစ္စာ။ အရိယာသစ္စာကရော ဘယ်လိုဗဟုသုတရှိတုန်းဘုရား

(ဖြေ) မရှိလို့ မသိပါဘူးဘုရား။ တပည့်တော်စာလို မသိပါဘုရား။

(မေး) သဘာ၀သစ္စာတော့သိတယ်။ အဲဒီလိုအမှုန်လေးမြင်တဲ့အခါ မြင်တဲ့စိတ်နဲ့ မဖြစ်တဲ့အခါ ဘယ်လိုများမြင် ပါသလဲဘုရား။

(ဖြေ) မမြင်တဲ့စိတ်

(မေး) မြင်တဲ့စိတ်မဖြစ်တဲ့အခါ

(ဖြေ) မြင်တဲ့စိတ်မဖြစ်ရင် ဒီအမှုန်ကတော့ ဒီရုပ်နဲ့ ဒီနာမ်ရှိပါတယ်ဘုရား။ ဘယ်တော့ မှ မပျောက်ပါဘူး ဘုရား။

(မေး) ဒါကတော့ ဟုတ်တာဘဲ။

(ဖြေ) ဒီရုပ်နဲ့ဒီနာမ်ဘယ်တော့မှ မပျောက်ပါဘူးဘုရား။ ဒီအမှုန်ဟာမြင်နေတယ်။ သူ့သဘောနဲ့သူဖြစ်နေတဲ့ သဘာ၀ပါဘုရား။ နာမ်ကသိမှု သဘောတရားပါဘုရား။ နာမ်ကသိတာပဲရှိပါတယ်ဘုရား။ ပျက်တယ် လို့ညွတ်လိုက်ပါက ပညတ်ဖြစ်ပါတယ်ဘုရား။ မြင်တာမြင်တာမတ်တတ်ရပ်နေပါတယ် ဘုရား။ ဘာမှသူ့ကိုဥပါဒါန်မရှိပါဘူးဘုရား။ ရပ်နေပါတယ်ဘုရား။ သဘာ၀ပါဘုရား။ ညွတ်နေလိုက်လို့ရှိရင်

(မေး) ရပ်နေတယ်ဆိုတာ ညွတ်တဲ့စိတ်မဖြစ်ဘူးလား

(ဖြေ) မဖြစ်ပါဘူးဘုရား။ ရပ်နေပါတယ်ဘုရား။ မညွတ်ပါဘူးဘုရား။

(မေး) ညွတ်တဲ့စိတ်မဖြစ်ရင် ဘာပဲ၊ ညာပဲဆိုပြီးတော့ အသိဖြစ်ပါလား။ အမှတ်ဖြစ်ပါလား။

(ဖြေ) အမှတ်မရှိပါဘုရား။ လွတ်နေတဲ့နေရာပဲ နေပါတယ်ဘုရား။ ဥပါဒါန်လွတ်တဲ့နေရာလေးမှာ နေပါတယ် ဘုရား။

(မေး) မိမိစိတ်ထဲ နာမည်လေးတစ်ခုပေါ်မနေဘူးလား။

(ဖြေ) မပေါ်ပါဘူးဘုရား။ နာမည်မပေါ်ပါဘုရား။ နာမည်ပေါ်လိုက်လို့ရှိရင် ပညတ်ဖြစ်ပါတယ်ဘုရား။ နံတုန်းဟာဖြင့် နံတာသိလိုက်တဲ့ နာမ်တရားပါဘုရား။ ဒီနာမ်ဟာရှိပါတယ်ဘုရား။ ပစ္စုပ္ပန်ပေါ်တဲ့ချိန်ခါ မှာ အခုပရမတ်သစ္စာနယ်မှာ ရှိတဲ့အချိန်အခါမှာ ဆိုလို့ရှိရင် ပေါ်တဲ့ရုပ်ပေါ်လာတဲ့ချိန်အခါမှာ နာမ်ကသိလုံးတရားကလေးက ပေါ်ရပါတယ်ဘုရား။ သိလုံးတရားပေါ်လိုက်ခြင်းကြောင့် အနံ့ရုပ်၏ ဖောက်ပြန်လာပြီ ဆိုလို့ရှိရင် သိလုံးလေးက နှာခေါင်းနဲ့ အနံ့နဲ့ထိမှန်လိုက်တဲ့ချိန်ခါ သိလုံး၏နာမ်တရားက သိရုံသာရှိပါတယ်ဘုရား။ အတွေ့နဲ့ထိလိုက်လဲ ထိုနည်းတူစွာပါဘုရား။နှစ်ပါးပေါင်းဆုံလိုက်တဲ့အချိန်ခါမှရုပ်ရုပ်ချင်းထိခိုက်လိုက်တဲ့ချိန်ခါမှ သိတဲ့သဘောတရားလေးသာ ရှိပါတယ်ဘုရား။ ငါထိတယ်။ ငါသိတယ်။ ငါသွားတယ်၊ ငါလာတယ် ဘာမှမရှိပါဘူးဘုရား။

(မေး) ဒါဆို ဥပါဒါန်ချုပ်ပြီပေါ့

(ဖြေ) ချုပ်ပါတယ်ဘုရား။ ဥပါဒါန်ချုပ်ပါတယ်။

(မေး) ဥပါဒါန်ချုပ်တော့ ချုပ်ငြိမ်းနေတယ်ဆိုတဲ့အသိမသိဘူးလား

(ဖြေ) ဒီချုပ်ငြိမ်းနေတယ်လို့သိနေတဲ့ဥစ္စာ ပညတ်ပါဘုရား။သိနေသေးရင် ပညတ်ပါဘုရား။ ဥပါဒါန်ကြီးဖြစ်နေတယ်။ ငါချုပ်ငြိမ်းနေပါ လားလို့သိနေသေးလို့ရှိရင် ဥပါဒါန်ပါဘုရား။ ဥပါဒါန်မလွတ်ပါဘုရား။ သဘာဝဆိုတဲ့ဥစ္စာသဘောမျှ သူ့သဘောအတိုင်းရပ်သွားပါတယ်ဘုရား။

(မေး) ဒါဖြင့် သူ့သဘောအဆိုင်းလား။ သူ့သဘောအတိုင်းနေတာပဲ မဟုတ်လား

(ဖြေ) သူ့သဘောအတိုင်းနေပါတယ်ဘုရား။ အဲဒီဟာပါဘုရား။

(မေး) ပုံပျက်တယ်ဆိုတဲ့စကား အခါခပ်သိမ်းပဲ ပျက်နေရော့သလား။ တပည့်တော် တွေးတောခြင်းဖြစ်ပါတယ် အရှင်ဘုရား

(ဖြေ) မှန်ပါတယ်ဘုရား။ မှန်ပါဘုရား။ မေးပါဘုရား

(မေး) ရှည်တာလေးမြင်တော့ ရှည်တာလေးပဲ ရှည်တယ်လို့ပဲ အသိမဖြစ်ပေဘူးလား။

(ဖြေ) ရှည်တာလေးအရှင်ဘုရား ရှည်တာလေး မြင်နေသေးလို့ရှိရင် ရှည်တာကြီး မြင်နေတော့ ရှည်တယ်လို့ နာမ်ကအသိမပါပါလားဘုရား။

(မေး) အသိပါတယ်ဘုရား

(ဖြေ) အဲ အသိပါပြီ ရှည်တယ်လို့ ရှည်တယ်လို့သိနေတဲ့ သဘာဝဆိုတဲ့ ဥစ္စာက အဲဒီတော့ အရှင်ဘုရား ရှည်နေတာကို မြင်နေသေးလို့ရှိရင် နာမ်တရားဟာ ပုံမပျက်သေးလို့ရှိရင် ရှည်နေတာကို ညွှတ်ပါလိမ့် မယ်ဘုရား။

(မေး) မဟုတ်ဘူး။ အဲဒါအခါခပ်သိမ်းဖြစ်နိုင်ပါ့မလား။

(ဖြေ) အခါခပ်သိမ်းပါဘုရား။ ဘာမှမရှိလို့ မညွှတ်တာပါဘုရား။ အဲဒီတော့ ဆရာတော်ဘုရားကြီးကလည်း ဆရာတော်ဘုရားကြီးကို တပည့်တော် လျှောက်ပါတယ် ဘုရား။

(မေး) သဘာဝလား

(ဖြေ) သဘာဝက သူ့သဘောနဲ့သူဖြစ်နေတဲ့ သဘာဝပါဘုရား။ သူ့သဘောနဲ့သူ ဖြစ်ပျက်နေတဲ့ သဘာဝရှိပါ တယ်ဘုရား။

(မေး) ဒါဖြင့်အာသဝေါတရားဆိုတာ ကုန်ခမ်းတဲ့တရားလို့ ဆိုခြင်းကြောင့်၊ တကယ် လို့များကုန်နေပါက ဖြစ်နေတာကို မြင်စရာရှိပါသလား။

(ဖြေ) ဖြစ်နေတဲ့ဥစ္စာ မမြင်ပါဘုရား။

(မေး) အဲဒီအာသဝေါတရားတွေကို ဘယ်ပုံဘယ်နည်းမြင်နေလဲ။ အရှင်ဘုရားက သိနေပါသလဲလို့ ဆွေးနွေးတိုင်ပင်ကြည့်တဲ့သဘောပါ။

(ဖြေ) အာသဝေါတရားဟာဖြင့် တပည့်တော် ယခုပစ္စုပ္ပန်ကာလမှာ ဆိုရင်ရှိရင်ဖြင့် တပည့်တော်ပါဘုရား။မျက်စိကလည်း ကိလေသာအာသဝေါ မရှိတော့ပါဘူး ဘုရား။ နားကလည်းကိလေသာအာသဝေါ မရှိတော့ပါဘူးဘုရား။ နှာခေါင်း ကလည်း ကိလေသာ အာသဝေါ မရှိတော့ပါဘူးဘုရား။ ပါးစပ်ကလည်း ကိလေသာ အာသဝေါမရှိတော့ပါဘူးဘုရား။ ကိုယ်အတွေ့ကလေးကလည်း ကိလေသာအာသဝေါ မရှိတော့ပါဘူးဘုရား။ နှလုံးသဘော အသိစိတ် ကလေးကလည်း ကိလေသာအာသဝေါ မရှိတော့ပါဘူးဘုရား။ တံခါး ခြောက်ပေါက်က အာရုံခြောက်ပါးစိတ်သုန်းသွားပါတယ်ဘုရား။ဘာမှ ဥပါဒါန် မရှိတော့ပါဘူး ဘုရား။ သဘာဝဆိုတဲ့ ဥစ္စာသူ့သဘောအတိုင်းသူဖြစ်နေတဲ့ သဘာဝဟာဖြင့် တပည့်တော် သဘာဝသာလျှင် ရှိပါတော့တယ်ဘုရား။ ဖြစ်တာလည်းမသိတော့ပါဘူးဘုရား။ ပျက်တာလည်းမသိတော့ပါဘူးဘုရား။

(မေး) ဖြစ်တာပျက်တာတော့ မသိတော့ဘူးပေါ့

(ဖြေ) မှန်ပါဘုရား

(မေး) အဲဒီဖြစ်တာ ပျက်တာတော့ မရှိလို့ပေါ့။ ဖြစ်တာပျက်တာတော့ မရှိဘူး။ ခုနကပြောခဲ့တဲ့ အမိန့်ရှိခဲ့တဲ့ ခမ်းတာတွေ၊ ခြောက်တာတွေနဲ့ ဘယ်လို ပေါင်းဖေါ်နေလဲ။ အာသဝေါတရားတွေမရှိတော့ပါဘူးလို့ ဆိုတာမြင်တိုင်း မြင်တိုင်း အခါခပ်သိမ်းမဖြစ်တော့ဘူးလား

(ဖြေ) မြင်တိုင်းမြင်တိုင်း ပစ္စုပ္ပန်တစ်နေရာထဲကသိတာပဲရှိပါတယ်ဘုရား။

(မေး) သိတာပဲရှိတယ်

(ဖြေ) မှန်ပါ့ဘုရား

(ဖြေ) သဘာဝအသိပါဘုရား

(မေး) သဘာဝအသိ။ အဲဒီသဘာဝအသိဟာ ဖြစ်ခြင်းလား။ ပျက်ခြင်းလားဘုရား

(ဖြေ) သဘာဝဆိုတဲ့ ဥစ္စာ ပစ္စုပ္ပန်တစ်နေရာထဲပါဘုရား။ ပစ္စုပ္ပန်ဖြစ်လာတဲ့ အချိန် အခါမှ သဘာဝအသိပါဘုရား။ ဒီရုပ်တရားနဲ့ ဒီနာမ်မဖြစ်ဘူးဆိုတဲ့ အာရုံနဲ့ တိုက်ဆိုင်လာတဲ့ချိန်ခါ မျက်စိနဲ့တိုက်ဆိုင်လာတဲ့ အခါမှာ ပစ္စုပ္ပန်ပါဘုရား။ နားကတိုက်ဆိုင်လာတဲ့အခါ ပစ္စုပ္ပန်ပါဘုရား။ နှာခေါင်းနဲ့ တိုက်ဆိုင်လာ တဲ့အခါ ပစ္စုပ္ပန်ပါဘုရား။ ပါးစပ်နဲ့တိုက်ဆိုင်လာတဲ့အခါ ပစ္စုပ္ပန်ပါဘုရား။ ကိုယ်နဲ့ တိုက်ဆိုင်လာတဲ့အခါမှာ ပစ္စုပ္ပန်ပါဘုရား။ နှလုံးသဘော အသိ စိတ်လေးနဲ့ တိုက်ဆိုင်လာတဲ့အခါ ပစ္စုပ္ပန်ပါဘုရား။ ပေါ်ဆဲရုပ်ကို သိတာ သိပါတယ်ဘုရား။ အဲဒါသဘာဝပါဘုရား။

(မေး) အဲဒီသဘာဝကသဘာဝပဲ။ ကိလေသာသံယောဇဉ် ဥပါဒါန်လျှောက်ထားပါက ဥပါဒါန်သံယောဇဉ်။ အနုသယအစရှိတဲ့ကိလေသာမျိုးလို့ လျှောက်ထားခြင်း ဖြစ်တာကိုး။ မြင်တာက သဘာဝ။ ကြားသိ သဘာဝကတော့ သူကတော့ မဂ်ဖိုလ်မြင်ကောင်းတဲ့သဘာဝမျိုးမို့လို့ ဝိပါကတရား။ အကျိုးတရားတွေ လည်းသူကတော့ သိတာပေါ့။ တပည့်တော်လျှောက်ထားတာက ကိလေသာ တရား ကိလေသာတရားသည် ဘယ်အနေနဲ့အရှင်ဘုရား စိတ်အမြင်က သိနေပါသလဲလို့ မေးတာပါ။ ကိလေသာတရားကို အရှင်ဘုရားက ဘယ်အနေနဲ့ သိတော်မူပါသလဲလို့ ဒကာကမေးတာပါ။ လျှောက်ထား တာပါ။

(ဖြေ) ကိလေသာတရားတွေကို သိပုံပါလားဘုရား။

(မေး) ကိလေသာတရားတို့ထက် ကိလေသာတရားတို့ရဲ့

(ဖြေ) တပည့်တော်က စာကကောင်းကောင်းမတတ်လို့ပါအရှင်ဘုရား။ သဘာဝကို ဆိုလို့ရှိရင်ဖြင့် ကွဲကွဲပြားပြား ပြောပါဘုရား။ တပည့်တော်ကို အဓိပ္ပါယ် သိအောင်လို့ပါ။

(မေး) လောကမှာ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်၊ ပရိဒေဝရယ်ဆိုတဲ့ သဘာဝမျိုးတွေ

(ဖြေ) မှန်ပါဘုရား

(မေး) ဖြစ်တတ်ကြတယ် မဟုတ်ဘူးလား။ ရှိပြီးနေကြတယ် မဟုတ်ဘူးလား။ အဲဒီဖြစ်တတ်တဲ့သဘာဝမျိုးကို

(ဖြေ) အကြောင်းနာမ် သေသွားပါပြီဘုရား။ သမုဒယမရှိတော့ပါဘူးဘုရား နာမ် အကြောင်းကြောင့်မို့လို့ ခန္ဓငါးပါး၊ ရုပ်နာမ်နှစ်ပါး ဇာတိတရားကြီး ရပါတယ်ဘုရား။ နာမ်အကြောင်း၊ သမုဒယအကြောင်း နာမ် ကလေးက မရှိဘဲနဲ့ညွတ်ခြင်းကြောင့်မို့လို့သွားပြီးတော့ ဥပါဒါန်ဖြစ်ခြင်းကြောင့် ဘာနာမ် အကြောင်း၊ သမုဒယအကြောင်း၊ ရုပ်အကျိုးခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး ရတယ်ဆိုလို့ အကြောင်းကိုသိခြင်းကြောင့် အကျိုးပါရုပ်နာမ်ပါ မပျက်တော့ ပါဘူးဘုရား။ အကြောင်းသမုဒယပယ်သတ်လိုက်ပါပြီဘုရား။ အကြောင်း ဥပါဒါန်မဖြစ်တော့ပါဘုရား။ နာမ်အကြောင်းပါဘုရား။ မရှိဘဲနဲ့ ညွတ်လိုက် တာပါဘုရား။

(မေး) မဖြစ်တော့ဘူးလို့ဆိုတော့ သိနိုင်တယ်။ သိနိုင်တယ်ဆိုတာ မဖြစ်တော့ဘူး။ ဘယ်လိုများအသိဖြစ်ပါ သလဲလို့။

(ဖြေ) ဥပါဒါန်မှ နာမ်အကြောင်းမှ မရှိဘဲနဲ့ ရုပ်အကျိုးဖြစ်ပါဦးမလားဘုရား။

(မေး) မဖြစ်ဘူးပေါ့ဘုရား

(ဖြေ) မဖြစ်တော့ ရပ်သွားပါတယ်ဘုရား

(မေး) တပည့်တော်သိလိုတာက ဒေါသဖြစ်တတ်တာတွေသိလို့ ဖြစ်တတ်တဲ့ ဒေါသ ကတော့ဖြင့် ဒေါသဖြစ် ဖို့ရာမရှိတော့ဘူးပေါ့။ ဒေါသဖြစ်ဖို့ရာမရှိရင် ဒေါသ မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒေါသကုန်နေ လို့။ ဒေါသကုန်လို့ ညွတ်သွားမှာပေါ့။

ဒေါသကုန်လို့ ဒီဖြစ်တာပျက်တာတွေကို သဘာဝအသိ အနေနဲ့သိနေတယ် ဆိုရင် ဒေါသရဲ့ကုန်ရာကို သိနေတဲ့အသိသဘောမရှိဘူးလား။

(ဖြေ) ဒေါသကုန်နေတဲ့ ဝိဇ္ဇာအသိတော့ ရှိပါတယ်ဘုရား

(မေး) ဒေါသကုန်နေတယ်လို့ သိနေတဲ့ဝိဇ္ဇာ အသိနဲ့ ဖြစ်ပျက်ရယ်လို့ သိနေတဲ့အသိဟာ ဘယ်အသိက အရှင် ဘုရားမှာ အားသန်နေပါသလဲ။

(ဖြေ) ဝိဇ္ဇာအသိက အားသန်ပါတယ်။

(မေး) ဝိဇ္ဇာအသိကအားသန်တယ်

(ဖြေ) မှန်ပါ့ဘုရား။

(မေး) ဝိဇ္ဇာအသိကအားသန်နေတော့ ဒီဘက်ကိုဆွေးနွေး၊ မေးမြန်းတဲ့ အချိန်မှာ အရှင်ဘုရားက အခုပြောနေ ကျပေ့ါလေ။ သဘာဝတွေပေါ် မှာ အများဆုံး မြင်နေတယ် အဲဒီသဘာဝတွေဟာ ဘယ်သဘာဝတွေလဲလို့ထပ်ဆင့်ပြီး မေးလိုက်တဲ့အခါကျတော့ ခုနတုန်းကဖြစ်နေတဲ့ ပျက်နေတဲ့သဘာဝတွေပဲလို့ အရှင်ဘုရားက အများသုံးနဲ့ပြောတယ်။ ဒီတော့ဘုရားတပည့်တော်တို့က ဒီလိုကောက်ချက်ချတယ်။ လောကုတ္တရာတွေ့နေတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ရဲ့သားနဲ့ ဒီသဘာဝတွေချည်း ဟောတယ်။ သဘာဝပေါ် ချည်း အာရုံအားဖြင့် အများဆုံးကျရောက်နေတယ်လို့တပည့်တော်တို့အနေနဲ့ နားလည်တယ်။ အရှင်ဘုရားပြောတာလေးတွေပေါ် အများဆုံးလိုက်ပြောတယ်။ အခု သိချင်တာက အဲဒီနေရာမှာ နှစ်ပိုင်းသိချင်တာက ခုနကဒေါသတွေကုန်သွားတော့ ကုန်တဲ့နေရာကို သိနေတဲ့ ဖြစ်ပျက်ပေ့ါလေ။ သိတဲ့ဉစ္စာဘယ်အပေါ် မှာ အသိများနေသလဲ။သိတာကတော့ ဝိဇ္ဇာချည်းပဲသိနေတယ်။ ဖြစ်တာပျက်တာကို သိတယ်။ သဘာဝကိုသိတယ်။ အဲဒါလည်းဝိဇ္ဇာပဲ။ ကုန်ရာခမ်းရာကို သိတာလည်း ဝိဇ္ဇာပဲ။ အဲဒီဝိဇ္ဇာနှစ်မျိုး အတွင်း ဘယ်ဝိဇ္ဇာနဲ့အမြင်များပါသလဲလို့။

(ဖြေ) ရှုပ်နေတဲ့၊ ဥပါဒါန်လွတ်တဲ့ ဒါလေးဟာဖြင့် ဒုက္ခကုန်ဆုံးတဲ့နေရာလေးက ဥပါဒါန်ချုပ်တဲ့ နေရာလေးကို ဒီဝိဇ္ဇာနဲ့နေပါတယ်ဘုရား။ ဝိဇ္ဇာအသိနဲ့ နေပါတယ်ဘုရား။

(မေး) နေတဲ့အချိန်ခါမှာ တပည့်တော်တို့ရှေးတုန်းက အာနပါနပေ့ါ။ အာရုံပြုပြီး နေသလို ဒီဥပါဒါန်တို့ရဲ့ချုပ်ရာ၊ ငြိမ်းရာနေရာနဲ့ ရှေးတုန်းက အာနာပါနပေါ် စိတ်ကပြုပြီး အာရုံပြုပြီးနေတာနဲ့ ဘယ်လိုထူးလဲ။

(ဖြေ) ဟိုဉစ္စာတုန်းကတော့ ပညတ်အာရုံရှိပါတယ်ဘုရား။ အခုဟာက သဘာဝဆိုတဲ့ သဘောမျှ သူ့သဘော အတိုင်းရုပ်ရုပ်နေတဲ့ သဘာဝပါဘုရား။ လုပ်မယူရတော့ပါဘုရား။

(မေး) လုပ်မယူရဘူး။

(ဖြေ) မှန်ပါ့ဘုရား။ သဘာဝရုပ်သွားပါတယ်ဘုရား။ တပည့်တော် ကနဦးတုန်းကတော့ပညာမသိဘူး။ ဖြစ်တာ ပျက်တာကို သူ့သဘောနှင့် သူဖြစ်နေတဲ့ဥစ္စာဘဲ။ နာမ်ကသွားပြီးညွတ်လို့သာ သူ့ဟာသူဖြစ်ပျက်တဲ့ သဘောတရားသာ ရှိတဲ့နာမ်ညွတ်နေလို့ ရုပ်ဇာတိဖြစ်တဲ့အကြောင်း တရားပါလား။ နာမ်မညွတ်ရင် ရုပ်ဇာတိမဖြစ်ပါလား။ အကြောင်းအကျိုးကို ကြည့်လိုက်တော့ သူ့သဘောနဲ့သူ ဖြစ်နေတဲ့ ဥပါဒါန်ရုပ်ပဲ။

မရှိဘဲနဲ့ ညွတ်နေတဲ့ အာရုံပါလားဆိုပြီးတော့ သူ့သဘာဝအတိုင်း မရှိဘဲနဲ့ အာရုံလေးကြောင့်မို့လို့ ဒိဇာတိတရားကြီး ရနေပါလားဆိုလို့၊ ဒိဇာတိဝိဇ္ဇာဉာဏ် ရတော့ သူ့သဘောအတိုင်း ရပ်သွားတာပါတယ် ဘုရား။

(မေး) တပည့်တော်တို့မျက်စိကလည်းပဲ သူဟာညွတ်တယ်ဆိုတဲ့နေရာမှာလို့ သူ့ဟာသူသတ္တဝါတွေနဲ တိုက်ဆိုင်လို့မို့လို့ ဒီစက္ခုဝိဉာဏ်ဟာ ဒီလိုညွတ်တယ် လို့ နာမ်တရားအနေနဲ့ ဒီလိုပြောကြတယ်။ အဲဒီခုနက တိုက်ဆိုင်လို့ ညွတ်တာရယ်၊ တမင် ညွတ်တာရယ်၊ ဒီနှစ်ပိုင်းဟာ ဘယ်လိုထူးခြားပါလဲ။

(ဖြေ) တိုက်ဆိုင်လို့ညွတ်တာက ပစ္စုပ္ပန်အညွတ်ပါဘုရား။ ပစ္စုပ္ပန်ဖြစ်ပေါ် ဆဲပါဘုရား။ ဖြစ်ပြီးပျက်ရပါတယ် ဘုရား။ မရှိဘဲနဲ့ညွတ်လိုက်တာက မရှိဘဲနဲ့ ညွတ်လိုက်တဲ့ အာရုံပါဘုရား။ မရှိဘဲနဲ့ ဥပါဒါန်ရုပ်ပါဘုရား။

(မေး) ဒီနာမ်တွေဖြစ်တာကိုတော့ သူဇာတိလို့မဆိုနိုင်ဘူးလား။

(ဖြေ) ဒီနာမ်တွေဖြစ်နေတဲ့ ဥစ္စာက ဇာတိလို့မဆိုနိုင်ပါဘုရား။ သူ့သဘာဝဖြစ်နေတဲ့ သိနေတဲ့နာမ်တရားသာ သဘာဝအသိဖြစ်ပါတယ်ဘုရား။ သဘာဝပါဘုရား။ ဒီနာမ်သိမှုသဘောဟာ သိတာပဲရှိပါတယ်ဘုရား။ နားကလဲကြားကောင်းတဲ့ ပသာဒကြီးရှိလို့ ကြားတာပါဘုရား။ သူသဘာဝနဲ့ ဖြစ်နေတဲ့ ဥစ္စာဟာဖြင့် သူ့သဘောသူ အသီးသီးဆောင်နေလို့ သဘာဝရုပ်၊ သဘာဝနာမ်ဆိုတဲ့ ဥစ္စာ နာမ်ကသိမှုသဘောဟာ သိတာပဲ ရှိပါတယ်။ သဘာဝပါ အသိပါဘုရား။

(မေး) ဇာတိရုပ်ဆိုတာ ဇာတိကုန်နေရင် ဇာတိဆိုတဲ့ဥစ္စာ ဘယ်ဇာတိတုံး

(ဖြေ) ဇာတိဆိုတာက မသိဘဲနဲ့ညွတ်လိုက်တဲ့ဟာ ဇာတိပါဘုရား။

ကနဦးတုန်းကတော့ သဘာဝမသိခင်တုန်းကတော့ အတ္တပါရတယ်။ အတ္တပါနေရပါတယ်ဘုရား။ နာမ်ကလေးဟာဖြင့် မညွတ်အောင်ဆိုပြီးတော့ အတ္တနဲ့ ကျင့်နေရပါတယ်ဘုရား။ နောက်ကျတော့ သူ့သဘောအတိုင်း သူဖြစ်သွားတော့ သဘာဝရောက်သွားတော့ သဘာဝပဲလို့။ အဝိဇ္ဇာနာမ်ရလာတော့

သဘာဝသိ၊သဘာဝသနာမ်၊သဘာဝရုပ်ပါလားဆိုတော့ အဲဒီတော့မှသူ့သဘော အတိုင်း သူဖြစ်ပြီး လုပ်ကြံပြီးတော့မနေရပါဘူးဘုရား။ ကနဦးကတော့ လုပ်ကြံပြီးတော့ နေရပါတယ်ဘုရား။ နောက်ကျတော့ သမာဓိအားကောင်း လာတော့မလုပ်ကြံရတော့ပါဘူးဘုရား။ သဘာဝဖြစ်ပေါ်နေတဲ့ ဖြစ်ပျက်နေ တဲ့ရုပ်ပါလား။ သဘာဝသိနေတဲ့နာမ်ပါလား။ သူ့သဘောသူဖြစ်နေတဲ့ ရုပ် ဟာသိမှုဟာသိတာပဲရှိပါတယ်။ ဖေါက်ပြန်နေတဲ့ရုပ်ရှိပါတယ်။ ဖြစ်ပျက်နေတဲ့ သဘောတရားပဲ ရှိပါတယ်။ သဘာဝရှိတော့ သဘာဝပဲ ရှိပါရပါတယ်။

(မေး) ဒါဖြင့် အတ္တကို တပည့်တော်တို့စာတွေမှာ မဂ်ကသတ်တယ်လို့ဆိုတယ်။ အဲဒါဘယ်လိုလဲ

(ဖြေ) မှန်ပါဘုရား။

(မေး) ပထမအတ္တနဲ့လုပ်တုန်းက နောက်ဒီအတ္တသန်နေတဲ့ အတ္တကို မဂ်ကဘယ်လို သတ်သလဲ

(ဖြေ) မဂ်ကဘယ်လို သတ်သလဲ။ အရှင်ဘုရား တပည့်တော် မဂ်သတ်ပုံကတော့ အတ္တဖြစ်နေတဲ့စိတ်ဟာဖြင့် ကနဦးကမျက်စိအဆင်းနဲ့ ပေါင်းဆုံလိုက်တဲ့ အခါ ဦးဇင်းဟာဖြင့် ဒီရုပ်နာမ်ရှုလိုက်တဲ့အခါ ဒီရုပ်ဓာတ်နဲ့ နာမ်ဓာတ် ပေါင်းဆုံလိုက်တဲ့အချိန်ခါ နာမ်ကသွားပြီးညွတ်လိုက်တဲ့ အချိန်ခါ နာတယ်။ ဓာတ်ကြီးလေးပါးက သူ့သဘောနှင့် သူဖောက်ပြန်နိတဲ့ဥစ္စာဟာဖြင့် နာမ်က သွားညွှန်လိုက်တော့ဝေဒနာ။ နာမ်က သွားညွတ်လိုက်တော့ နာတာဖြစ်လို့ နာလာပါတယ်ဘုရား။ ဇာတိဖြစ်ပါတယ်ဘုရား။ ဇာတိရုပ်ဖြစ်လို့ ရုပ်ဓာတ် နာမ်ဓာတ်ပေါင်းဆုံလိုက်တဲ့အခါ ဝေဒနာပါလားလို့ဆိုတော့ အဲဒီဝေဒနာကို ဝေဒနာမှန်းသိလာတော့ ဒါကဒုက္ခဝေဒနာပါလား။ မျက်စိနဲ့အဆင်းနဲ့ ပေါင်းဆုံလိုက်တဲ့ အချိန်အခါကျတော့ ဒါကဒုက္ခ ဝေဒနာပါလား။ မျက်စိ အဆင်းနဲ့ ပေါင်းဆုံလိုက်တဲ့အချိန်ခါကျတော့ ဒါလဲနှစ်ပါးပေါင်းဆုံတယ်။ ဒါကဖဿ ဝေဒနာပါလား။ မြင်ပြီးပျောက်သွားတဲ့ သဘာဝပါလားဆိုပြီးတော့ အဲဒီမှာမျက်စိကလည်းအနုဿယ ကိလေသာ။ မျက်စိကလည်း မဂ်ကပယ် သတ်လိုက်ပါတယ်ဘုရား။ ဝေဒနာနဲ့ ပယ်သတ်လိုက်ပါတယ်ဘုရား။ ဒုက္ခနဲ့ ပယ်သတ် လိုက်ပါတယ်ဘုရား။ မျက်စိအဆင်းနဲ့ ပေါင်းဆုံလိုက်တဲ့ချိန်ခါ သဘာဝ သူ့သဘောနဲ့သူ ဖေါက်ပြန်နေပါတယ်ဘုရား။ မြင်နေရာအဆင်းလဲ နှစ်ပါးပေါင်းဆုံနေပါတယ်ဘုရား။ ဖဿဝေဒနာပါဘုရား။ ဒီနှစ်ပါး ပေါင်းဆုံ တဲ့အခါမှာဖြင့် ဒီရုပ်နာမ်နှစ်ပါးဟာ မိန်းမပဲ၊ ယောကျ်ားပဲဆိုပြီးတော့ဝေဒနာ

ခံစားလိုက်ပါလားဆိုတဲ့ ဥစ္စာ ဝေဒနာ ဝေဒနာမှန်း သိပါတယ်ဘုရား။ ဝေဒနာမှန်းသိတော့ မသိချင်တော့ပါဘူး ဘုရား။ ပြန်လတ်လိုက်ပါတယ် ဘုရား။ နားနဲ့အသံနဲ့လဲ ထို့နည်းတူစွာပါဘုရား။ နှာခေါင်းနဲ့လည်း ထို့နည်းတူစွာပါဘုရား။ ပါးစပ်နဲ့လည်း ထို့နည်းတူစွာပါဘုရား။ ကိုယ် အတွေ့နဲ့လည်း ထို့နည်းတူစွာပါဘုရား။ နှလုံးသဘော သူ့စိတ်ကလေးနဲ့ လည်း ထို့နည်းတူစွာပါ ဘုရား။ ဝေဒနာတွေဖြစ်လို့ ဝေဒနာကနေပြီးတော့ ပယ်သတ်ပယ်သတ်ခွဲလိုက်တဲ့ဥစ္စာကဝေဒနာ ဖြစ်သွားတော့ ဝေဒနာမလိုချင် တာ နဲ့ဒုက္ခရန် ဆုံးသွားတာပါဘုရား။

(မေး) ဆရာတော် ကုသိုလ် အကုသိုလ်ဖြစ်တယ်တဲ့။ ကုသိုလ်က

(ဖြေ) မှန်ပါ့ဘုရား။

(မေး) ဗမာလိုရှင်းပြရရင် ကုသိုလ်၊ အကုသိုလ်ဖြစ်နေတယ်။ အကုသိုလ် ဖြစ်မယ်ဆို ထားပါတော့ (ကုသိုလ် ကိုကျတော့ ဘယ်လိုလုပ်ထားသလဲ)

(ဖြေ) ကုသိုလ်ကျတော့ အကုသိုလ်စိတ်နဲ့ ကုသိုလ်စိတ်။ ဒီနှစ်ပါးကြည့်လိုက်တယ်။ ဒို့ဘက်ပါ၊ဒီဘက်ပါဘုရား။ အကုသိုလ်နဲ့ ကုသိုလ်ဖြစ်ပေါ်တဲ့အခါ ဒီလူရယ် လို့ခန္ဓာငါးပါး ဥပါဒါန်ဖြစ်လာရင် ဥပါဒါန်ချုပ်ပြီ ဆိုလို့ရှိရင်ဖြင့် အကုသိုလ် စိတ်ပယ်လိုက်ပါပြီဘုရား။ အကုသိုလ်နဲ့ကုသိုလ်က ဒီခန္ဓာပါဘုရား။ ဥပေတံ ခန္ဓာပါဘုရား။ အကုသိုလ်နဲ့ကုသိုလ် ဖြစ်ခြင်းကြောင့် ဒီရုပ်နဲ့ဒီနာမ် ရပါ တယ်ဘုရား။ ဒီရုပ်နဲ့ ဒီနာမ်ဟာဖြင့် (ဒုက္ခဝေဒနာ၊ သုခဝေဒနာ မလိမ်ချင် တော့ဘူးဆိုရင် အကုသိုလ်လဲ မရှိ၊ ကုသိုလ်လဲ မရှိပါဘူး ဘုရား။) ဥပါဒါန် ချုပ်သွားပါပြီဘုရား။ သဘာဝပါဘုရား။

(မေး) ဒါဖြင့်အပြုအမူ တွေကတော့ ဒီလိုပဲ။ အလှူတွေလည်းပေး၊ သီလသီတင်း လည်း ဆောက်တည်ကြ။ အပြုအမူတွေကတော့ ဒီလိုပဲ မဟုတ်ဘူးလား။ ဒီလိုပဲပြုကြတယ် မဟုတ်ဘူးလား။

(ဖြေ) ဒီလိုပဲပြုကြပါတယ် ဘုရား။

(မေး) ဥပါဒါန်ကံတရား ဒီအပေါ်မှာ

(ဖြေ) မရှိပါ ဘုရား။

(မေး) ငါပိုင်တယ်။ သူပိုင်တယ်။

(ဖြေ) မရှိပါ ဘုရား။

(မေး) ငါ့မှာ ရတယ်။ သူ့မှာ ရတယ် အစရှိတဲ့၊

(ဖြေ) မှန်ပါ ဘုရား။

(မေး) သဘာဝရယ်လို့ ဖြစ်လာတဲ့ ဥစ္စာကျတော့ ဥပါဒါန် မဖြစ်ဘူးလား၊

(ဖြေ) သဘာဝရယ်လို့ သိလာတဲ့ဥစ္စာကျတော့ ဥပါဒါန်မဖြစ်ဘူး။ ကုသိုလ်ကံ ဖြစ်ပါတယ်ဘုရား။

(မေး) တပည့်တော်တို့ စာပေကတော့ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ်လို့ ရေးတာပဲ၊

(ဖြေ) စာကတော့ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ်ဆိုတော့ တပည့်တော် စာလိုတော့ မသိပါဘုရား။ တပည့်တော် ဥပါဒါန်ချုပ်လို့ ဒီရုပ်နဲ့ဒီနာမ်ဟာမဖြစ်ရင် အကုသိုလ်မရှိ၊ကုသိုလ်မရှိ၊ဒါသိပါတယ်ဘုရား။ ဒါအတွက်ကြောင့်မဂ်ကုသိုလ်ကတော့ ဉာဏ်ကတော့မြင်နေပါတယ်ဘုရား။ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ်ဆိုတဲ့ဥစ္စာကုသိုလ်ဖြစ်နေလို့ရှိရင် မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ် ဆိုတာကတော့ သဘာဝသစ္စာမရောက်ခင်ကတော့ ဒါမဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ်ဖြစ်နေပါသေးတယ်ဘုရား။ သဘာဝသစ္စာ ရောက်ပြီလို့ရှိရင် မဂ်ဆိုလဲ မရှိတော့ပါဘူးဘုရား။ဖိုလ်ကိုဆိုတာ ခံစားတာပဲ ရှိပါတော့တယ်ဘုရား။ တစ်ခုတည်းသိနေတဲ့ သဘာဝသစ္စာပဲ ရှိပါတယ်ဘုရား။ အဲ့ဒီတော့ ကုသိုလ်လည်း မရှိပါ။ အကုသိုလ်လည်း မရှိပါဘူးဘုရား။

(မေး) ဒါဖြင့် (ဖိုလ်ခံစားတဲ့ နေရာမှာ) ဘယ်လိုသဘောအနေနဲ့ ခံစားသလဲ။

(ဖြေ) ဥပါဒါန်ချုပ်တဲ့နေရာလေးဟာဖြင့် ဝင်စားလိုက်တဲ့ချိန်ခါမှာ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဟာဖြင့် ဥပါဒါန် လွတ်တဲ့နေရာလေးကို နေရပါတယ်ဘုရား။ ခံစားကြည့်လို့ရှိရင်ဖြင့် ဒီဟာလေးလွတ်မှုသာလျှင် မနောဝိ ဉာဏလေးဟာဖြင့် သိမှုသဘောလေး သူ့အတိုင်းလေးသာလျှင် သူရပ်နေလိုက်တဲ့ နာမ်တရားလေးဟာဖြင့် ဘယ်မှမလှုပ်မယှက်ဘဲနဲ့ ဥပါဒါန်မဖြစ်ဘဲနဲ့ (ဥပါဒါန်ချုပ်နေတဲ့ဥစ္စာ အဲ့ဒါဖိုလ်ခံစားနေရပါတယ် ဘုရား)

(မေး) စိတ်ကတော့ ဟိုရောက်၊ သည်ရောက် ရောက်နေပြီပေါ့။ ဟိုအာရုံပြု ဒီအာရုံပြု ပြုနေတယ်။ အဲလိုလည်း မပြုဘူးပေါ့၊

(ဖြေ) မှန်ပါ့ ဘုရား၊ မပြုပါဘုရား၊

(မေး) ဗမာလိုပြောရမယ်ဆိုရင် စိတ်ကလေး အသာနားနေတယ်။ ဟုတ်သလား။

(ဖြေ) မှန်ပါ့ ဘုရား။

(မေး) စိတ်ကလေး အသာနားနေတယ်ဆိုတော့ မရောက်ဘူးပေါ့။

(ဖြေ) မှန်ပါ ဘုရား။

(မေး) မပြုတဲ့နေရာဒေသမှာ အမျိုးမျိုးရှိတယ်။ တချို့ကလည်းဒီဟာတွေပြုလိုက်လို့ ရှိရင် နောက်ဘဝဇာတိတွေ လျှောက်ဖြစ်နေဦးမှာပဲဆိုပြီး မပြုခဲ့ဘူး။ ဒါပေမယ့် အရှင်ဘုရား မပြုခြင်းက ဘယ်လိုမပြုခြင်း လဲ။

(ဖြေ) တပည့်တော် မပြုခြင်းဟာကဖြင့် နောက်ထပ်အသစ် ဇာတိမပြုခြင်းပါ ဘုရား။

(မေး) ဇာတိဖြစ်မှာကို ကြောက်သေးလား။

(ဖြေ) ကြောက်ပါတယ်ဘုရား။ ဇာတိဖြစ်မှာလည်း အခုတော့သိနေတော့ တပည့်တော် ဇာတိမဖြစ်မှန်းကိုလည်း သိနေပါတယ် ဘုရား။ ဝိဇ္ဇာသိ သိနေ ပါတယ် ဘုရား။

(မေး) ဝိဇ္ဇာသိ သိနေတော့ ဇာတိဖြစ်မှာ ကြောက်သေးလား။

(ဖြေ) ဇာတိဖြစ်မှာကိုတော့ အခုတော့တပည့်တော်မကြောက်ပါ ဘုရား။ မဖြစ်လို့ မကြောက်တာပါဘုရား။ ဖြစ်ရင်ကြောက်မှာပေါ့ဘုရား။ မဖြစ်ဘူးဆိုတာ လည်း တပည့်တော်သိနေလို့ တပည့်တော် ဇာတိဖြစ်မှာကို မကြောက်ပါ ဘုရား။ ဖြစ်ရင်ကြောက်မှာပေါ့ဘုရား မဖြစ်ဘူးဆိုတာလည်း တပည့်တော် သိနေလို့ တပည့်တော်ဇာတိဖြစ်မှာကို မကြောက်ပါဘုရား။

(မေး) ရဲရင့်ပါပေတယ်၊ကြောက်လို့နောက်ဆုတ်နေတဲ့အမျိုးတော့မဟုတ်ဘူး၊ ရဲရင့်လို့သာနေတာ၊

(မေး) ပထမတုန်းကဖြစ်ပျက်နေတာ အတ္တပါပြီး နောက်ကျတော့ ဒီဖြစ်ပျက်နေတာ မြင်စရာရှိလို့ ထပ်မြင်တာကိုး။ ဒါပေမယ့် (အတ္တနဲ့ မြင်တဲ့ ဖြစ်ပျက်နဲ့ အတ္တလွတ်ပြီးမြင်တဲ့ ဖြစ်ပျက်ရယ်။ အမြင်ခန္ဓာ ဖြစ်ပျက် ကတော့ထားပါ တော့။ မြင်တဲ့အထဲမှာ ဒီအမြင်ဉာဏ်နှစ်ခုဟာ ဘယ်လိုထူးခြားလဲ)

(ဖြေ) ဒီအမြင်ဉာဏ်နှစ်ခုက ဒီလိုဘုရား။ တပည့်တော် အမြင်ကတော့ ကနဦးမှာ ဆိုလို့ရှိရင်ဖြင့် အဆင့် အဆင့်နဲ့ မြင်ရပါတယ်ဘုရား။ အတ္တနဲ့ မြင်ရတဲ့ အဆင့်ဟာ အတ္တနဲ့မြင်နေရပါတယ်ဘုရား။ အတ္တနဲ့ မြင်နေရတဲ့ဥစ္စာ ဟာဖြင့် ကနဦးအဆင့် အဆင့် အဆင့်တက်လာလိုက်တဲ့ဥစ္စာဟာ ကိုယ့်ကိုယ်ကို စွဲကပ်တဲ့ အတ္တဒိဋ္ဌိသက္ကာယ အစွဲပါ ဘုရား။ ဝေဒနာကို ပုဂ္ဂိုလ်အကောင် ဟာဖြင့် ဝေဒနာအစွဲပါဘုရား။ ငါနာတယ်၊ ငါကိုက်တယ် အမှတ်အယူများ ပါတယ်ဘုရား။ ဒီမှာစွဲနေပါတယ်ဘုရား။ ဒီမှာစွဲနေတော့ ကျင့်ဆဲပုဂ္ဂိုလ်ဟာ ဖြင့် အခုဒီအပေါ်မှာကို သမာဓိ ရှိလာအောင် သမာဓိအားကောင်း လာ အောင်သမာဝါယမ၊ သမာသတိ၊ သမာသမာဓိဆိုတဲ့ သမာဓိသုံးပါးရအောင်

ဒီဝေဒနာ၏ လက္ခဏာသဘောကို ရှုမှတ်ဆင်ခြင်နေတဲ့ အချိန်အခါမှာဖြင့် ဒီဝေဒနာကိုလွတ်အောင် ဥပါဒါန်လွတ်အောင် ရှုပါမယ်ဘုရား။ လွတ်ပြီးတော့ အတ္တနဲ့ပဲ လုပ်ရှုရပါတယ်ဘုရား။ သမာဓိဦးဆောင်ပြီးတော့ အတ္တနဲ့ဒီဟာကြီးက အစွဲကြီးစွဲ နေတာ ကမ္ဘာလဆန်း တစ်ရက်ကတည်းက စွဲလာတဲ့ ငါ့ကိုယ်ပဲ။ ငါ့ခြေပဲ၊ ငါ့လက်ပဲ အမှတ်မှား အယူမှား၊ အစွဲမှားနေတဲ့ ဖြစ်နေတဲ့ အတ္တဒိဋ္ဌိသက္ကာယ အစွဲပါဘုရား။ ဒီအပေါ်မှာ ဒီပုဂ္ဂိုလ်အပေါင်းဟာဖြင့် ဒီမှာ ဥပါဒါန် ဖြစ်ပြီးတော့ အစွဲကြီးဖြစ်နေပါတယ်ဘုရား။ အဲဒီအစွဲကြီးဟာဖြင့် ကနဦးတော့ အတ္တနဲ့ပဲဖြစ်တာပျက်တာကိုရှုပြီးတော့ သမာဓိကဦးဆောင်ပြီး ဒီဟာကိုဆိုက်နေပါတယ်။ တော်တော်ကြာကြာတော့ သမာဓိကောင်းလာပြီ ဆိုရင် သူ့သဘောနဲ့သူဖြစ်ပျက်ပြီးတော့ ရုပ်သပ်သပ်၊ နာမ်သပ်သပ်၊ ဝေဒနာသပ်သပ် အပိုင်းအပြတ် ကွဲသွားပြီဆိုလို့ရှိရင် ပညတ်ရုပ်လဲ ပညတ်မှန်းသိပါတယ်ဘုရား။ ပရမတ်မှန်းလည်း သိပါတယ်ဘုရား။ အနတ္တလည်းအနတ္တလို့မြင်ပြီဆိုတော့ အဲဒီမှာအတ္တပြုတ်သွားပါတယ်ဘုရား။ တစ်ဆင့်စီအတ္တပြုတ် သွားရပါတယ်ဘုရား။ ဒီရုပ်ဝေဒနာပေါ်မှာ ငါဆိုတဲ့ အတ္တဒိဋ္ဌိသက္ကာယစွဲနေတဲ့ အစွဲဟာဖြင့် ရုပ်သပ်သပ်၊ နာမ်သပ်သပ်၊ ဝေဒနာသပ်သပ် ဖေါက်ပြန်နေတာ သူ့သဘောနဲ့သူပဲ။ သဘာဝပေါ့ဘုရား။ သဘာဝသစ္စာ ဒီရုပ်ဟာဖြင့် သူဟာသူ ပူတာ ပူတာသူ့ဟာသူ ဖေါက်ပြန်နေတာပဲ။ သူ့သဘောသာရှိတယ်။ သိတာကလဲသိတာ သဘောပါပဲ။ အဲဒီလိုအပိုင်းအပြတ် ကွဲလွဲသွားတော့ ငါဆိုတဲ့အတ္တဒိဋ္ဌိ သက္ကာယအတွက် အဲဒီဝေဒနာပေါ်မှာကို အစွဲပြုတ်သွားပါတယ် ဘုရား။ အဲဒီမှာ ဥပါဒါန် လွတ်ပါတယ်ဘုရား။ အဲဒီမှတစ်ဆင့် ဥပါဒါန်လွတ်ပါတယ်ဘုရား။ နောက်တစ် ဆင့်ကျပြန်တော့ ခန္ဓာဓာတ်ကြီးပုံပျက် သွားတဲ့ချိန်ခါမှာ ဟိုတုန်းကအမှတ်မှားနေပါလား။ မရှိဘဲနဲ့ငါ အမှတ်မှားနေပါလား။ ဖြူတယ်။ ချောတယ်နဲ့ဆိုတာငါအမှတ်မှားနေတာ။ ဘယ်မှာတုန်းဖြူတာ လည်းမဟုတ်ဘူး။ချောတာလည်း မဟုတ်ဘူး။ သဘာဝ။ သူ့သဘာဝ။ သူ့သဘောနဲ့သူအပုပ်ကြီး၊ အသိုးကြီး၊ဘာမှမဟုတ်ဘူး။ အနတ္တ၊အနတ္တတုံးကြီးပဲဆိုတော့ ပုံပျက်သွားပြီ။ ဒီအပေါ်မှာကပ်ငြိတဲ့ စိတ်ကလေးဟာဖြင့် ဟိုတုန်းကဖြူတယ်၊ ချောတယ်ဆိုတဲ့ အမှတ်မှား၊ အယူမှား၊ အစွဲမှားဟာ၊ အဲဒီအစွဲဖြစ်ပေါ်လာတယ်။ စွဲနေတဲ့အစွဲလည်းအဲဒီမှာပြုတ်သွားပါတယ်ဘုရား။ အပုပ်အသိုးကြီးပါပဲဆိုပြီး

အဲဒီမှာအတ္တဒိဋ္ဌိသက္ကာယ အစွဲဟာဖြင့် အဲဒီပညတ်ရုပ်ကြီး၊ အပျက်ကြီး ပေါ်မှာအတ္တဒိဋ္ဌိသက္ကာယ အစွဲကြီးဟာဖြင့် ဖြူတယ်၊ချောတယ်၊ လှတယ်ဆို တဲ့ ဥစ္စာအဲဒီပုံပျက်ခြင်း ကြောင့် အဲဒီပေါ်မှာဖြင့် ပုံပျက်သွားတော့ ဖြူတယ်၊ ချောတယ်မရှိပါလား။ အပုပ်အသိုးကြီးပါလားဆိုပြီး အဲဒီမှာ အတ္တဒိဋ္ဌိသက္ကာယအစွဲကြီးဟာဖြင့် ဖြုတ်လိုက်ရပါတယ်ဘုရား။ အဲဒီအတ္တဒိဋ္ဌိ သက္ကာယအစွဲကြီး ပုံပျက်သွားပြန်ပြီတဲ့။ ပုံပျက်သွားလို့ အပုပ်အသိုးကြီး မြင်တဲ့အချိန်အခါမှာ အဲဒီမှာအတ္တဒိဋ္ဌိ သက္ကာယ အစွဲဟာဖြင့် လက်ဦးတုန်း ကဖြင့် စိတ္တဇ ဖန်ဆင်းငါးတဲ့ ရုပ်ပါလား။ ဖြူတယ်၊ ချောတယ်၊ ဝတယ် ပေါ့။ မည်းတယ်နဲ့ဟာ ငါအမှတ်မှားနေတဲ့မရှိဘဲ နဲ့စွဲနေတဲ့ အစွဲကြီးပါလား။ အပုပ်အသိုးကြီးပါလားလို့ အဲဒီလိုမြင်ရပါတယ်ဘုရား။ အဲဒီလိုမြင်ဉာဏ်မြင် လာတဲ့အချိန်ခါမှာ အဲဒီမှာ အတ္တဒိဋ္ဌိသက္ကာယအစွဲဆိုတဲ့ ဥစ္စာဖြူတယ်လို့ လည်း မစွဲတော့ပါဘူးဘုရား။ ချောတယ်လို့လည်းမစွဲတော့ ပါဘူးဘုရား။ မိန်းမရယ်လို့လည်း မစွဲတော့ပါဘူးဘုရား။ အပုပ်အသိုးကြီးပဲ၊ အပျက်ကြီး ပဲလို့ သိနေခြင်းကြောင့် သူဟာဖြင့် ဒီမှာရုပ်နာမ်ပေါ်မှာပဲ သဘာဝရုပ်၊ သဘာဝနာမ်ဆိုတဲ့ ဥစ္စာသိနေတဲ့ အပေါ်မှာဘဲ ရုပ်နာမ်ဘဲ သိနေတဲ့ သဘောမျှပါဘုရား။ အဲဒီမှာ ငါဆိုတဲ့ဖြူတယ်၊ ချောတယ်၊ လှတယ်ဆိုတဲ့ ဥစ္စာဟာဖြင့် အဲဒီအပေါ်မှာ အတ္တဒိဋ္ဌိသက္ကာယအစွဲဖြုတ် လိုက်ပါတယ် ဘုရား။ အဲဒီအတ္တဒိဋ္ဌိသက္ကာယအစွဲ ဖြုတ်လိုက်ပြီးတဲ့အခါမှ ခန္ဓာဓာတ်ကြီး ဟာဖြင့် အမှုန့်ကျသွားတဲ့ -

ကျေသွားပြီတဲ့။ သဘာဝဆိုတဲ့အမှုန့်လေးဟာဖြင့် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက် လက်တစ်ဖျစ်၊ ရုပ်ကုဋေငါးထောင်၊ နာမ်ကုဋေတစ်သိန်း ဆိုပြီး မြတ်စွာဘုရားဟောထားတဲ့တရားအတိုင်း မြင်ပျက်၊ မြင်ပျက်၊ မြင်ပျက်၊ မြင်ပျက် အမှုန့်ချည်းပဲ။ ဒီအမှုန်ကလေးတွေဟာဖြင့် မမြင် ကောင်းတဲ့အရာဝတ္ထု အမှုန်ကလေးဟာ သဲပွင့်ကလေးလောက်ရှိတဲ့ ဥစ္စာဖြင့် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်၊ လက်တစ်ဖျစ်၊ ရုပ်ကုဋေ ငါးထောင် နာမ်ကုဋေတစ်သိန်း အဲဒီလိုဖြစ်ပျက်နေတဲ့ သဘောတရားလေး မြင်နေရပါတယ်ဘုရား။ အဲဒီလိုမြင်နေရတော့ အဲဒီအပေါ်မှာ ဆိုလို့ရှိရင် ဖြင့် ကိလေသာပြန်သတ်ပါတယ်ဘုရား။ အဲဒီအပေါ်မှာဖြင့် ကပ်ငြိတဲ့ စိတ်ကလေးဟာဖြင့် ပညတ်နဲ့ ကပ်ငြိခြင်းကြောင့် ဖြစ်ပျက်ကလေးကို

သိခြင်းကြောင့်အဲဒီအပေါ် စိတ်ကလေးက နာမ်တရားလေးက ညွတ်နေခြင်း ကြောင့် မရှိဘဲနဲ့ညွတ်နေတဲ့ နာမ်တရားလေးက ကိလေသာဖြစ်ပါတယ် ဘုရား။ အဲဒီကာမကိလေသာပေါ် မှာတင် ကပ်ငြိခြင်းကြောင့် ဟာဖြင့် ဘာလည်းတဲ့၊ အပေါ် မှာ အဆင်းပေါ် မှာ ရုပ်ဝေဒနာ၊ ကာမကိလေသာ ပယ်ချလိုက်ပါတယ်ဘုရား။ ကာမကိလေသာပယ်ချလိုက်တော့ ဒီရုပ်ဝေဒနာ အဆင်းလေးဟာဆိုလို့ရှိရင်ဖြင့် မိန်းမ၊ ယောကျ်ားဘာမှမမြင်တော့ကြောင်း ဆိုလို့ရှိရင်ဖြင့် မိန်းမလည်းမရှိ၊ ယောကျ်ားလည်းမရှိ၊ ဘုန်းကြီးလည်းမရှိ၊ ရသေ့လည်းမရှိ၊ ပုဂ္ဂိုလ်လည်းမရှိပါလား။ ရုပ်နာမ်နှစ်ပါး သဘာဝဆိုတဲ့ အမှန်တရားတွေသာ ရှိတယ်။ သူ့သဘောအတိုင်း သူဖြစ်နေတဲ့ သဘော မျှသာ။ ရုပ်ကလည်းဖေါက်ပြန်တဲ့ သဘာဝပဲ။ နာမ်ကသိတဲ့သဘာဝပဲ ဆိုတော့သဘာဝဆိုတဲ့ ရုပ်နာမ်ဟာ ဆင်ခြင်ရပါတယ်ဘုရား။ ဒီသဘာဝ ဆင်ခြင်လာတဲ့အိုနီခါ ဒီရုပ်ဒီနာမ် ဒီအဆင်းရုပ်ကလေးပေါ် မှာ ကပ်ငြိနေတဲ့ စိတ်ကလေးဟာဖြင့် ရင် ကပ်ငြိနေတဲ့ စိတ်ကလေးပေါ် မှာ အနုသယ ကိလေသာလေးဟာ အတ္တဒိဋ္ဌိ သက္ကာရဖြစ်ပြီးတော့ ဒီမှာရှိပါသေးတယ် ဘုရား။ အစွဲကြီးရှိပါသေးတယ်ဘုရား။ အမှန်ပဲ။ အဲဒီအမှန်ပေါ် မှာ စွဲနေတဲ့ ကိလေသာလေးဟာဖြင့် အဲဒီအမှန်ပေါ် မှာ ကိလေသာလေးစွဲနေတာ ဥပါဒါန်ဖြစ်နေပါတယ်ဘုရား။

ဥပါဒါန်ဖြစ်နေတော့ဒီအဆင်းရုပ်ကလေးပေါ် မှာပဲ ကပ်ငြိနေတဲ့ စိတ်ကလေး ဟာဖြင့် ဆင်ခြင်သုံးသပ်ရင်လည်း ဒုက္ခဖြစ်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ သစ္စာလေးပါးတရားတော် မြတ်ကြီးဟာ ဒီအပေါ် မှာပဲသုံးသပ်ဆင်ခြင်သုံးသပ်ပြီးတော့သုံးသပ်နေပါလား။ အဲဒီပေါ် မှာအထက် မဂ်ကလေးကို ရလိုက်တဲ့ချိန်ခါ ငြိမ်းချမ်းနေတဲ့ အရာကြီးကို သိလိုက်တဲ့ အချိန်ခါကျတော့ မြင်နေရတဲ့ဥစ္စာကြီး ငြိမ်းနေတာကြီးသွားတွေ့တော့ သူက သိနေတာပဲ။ မငြိမ်းပါပဲလားလို့ သူကသိသွား တယ်။ မှတ်နေရတာက ဘာမငြိမ်းပါပဲလား။ နာမ်ညွတ်တိုင်း၊ ညွတ်တိုင်းဟာ မငြိမ်းပါဘဲလားဆိုတာ သိနေရတာပဲ။ အဲဒီလိုသိနေတော့မှ ဥပါဒါန်လွတ်တယ်။ သဘာဝဆိုတဲ့ ဥစ္စာ သူ့သဘောအတိုင်းသူ ဒီရုပ်အဆင်းအသွင်ပေါ် မှာ အဆင်းရုပ်ကလေး ပေါ် မှာကိလေသာကပ်ငြိတဲ့ စိတ်ကလေးဟာဖြင့် သူ့သဘောအတိုင်းသူဖြစ် နေတဲ့ ရုပ်ကလေးဟာ ဖြင့်ရင် သူ့ သဘောအတိုင်း သူဖြစ်နေတာ။

ငါကသိချင်လို့ သိနေတာ၊ ညွှတ်ချင်လို့ ညွှတ်နေပါလား။ မသိဘဲနဲ့ညွှတ်နေပါလားဆိုတာ သဘာဝဆိုတဲ့ နာမ်နဲ့ရုပ်ဟာဖြင့် သဘောအတိုင်းလေးဟာဖြင့်သိမှု သဘောဟာသိမှု သဘောအတိုင်းပဲ နေလိုက်ပါတယ် ဘုရား။ ရုပ်ကလည်း ဖေါက်ပြန် နေတာသတ်သတ်ပါ။ သိနေတာလေးလည်း ပါပါတယ်ဘုရား။

(မေး) သောတာပန်၊ သောတာပတ္တိမဂ်နဲ့ နိဗ္ဗာန်မြင်တယ်။ ဒီတော့ ရဟတ္တမဂ်ဉာဏ်ရယ်၊ မဂ်ဉာဏ်ရယ်ကို သောတာပန်၊ သောတာပတ္တိမဂ်ဉာဏ်နဲ့ မြင်တဲ့ နဗ္ဗာန်ရယ်။ အရဟတ္တမဂ်ဉာဏ်နဲ့မြင်တဲ့ နိဗ္ဗာန်ရယ် ဘာထူးလဲ။

(ဖြေ) ကွားခြားပါတယ်ဘုရား။ အရဟတ္တမင်၊ အရဟတ္တဖိုလ် မြင်တဲ့ပုဂ္ဂိုလ်ကျပြန်တော့တလောကလုံးက ဇာတ်ဖြစ်ရပါတယ်ဘုရား။ ဥပါဒါန်ချုပ်သွားတဲ့ ဥစ္စာကို မြင်ရပါတယ်ဘုရား။ တစ်လောကလုံး ဇာတိချုပ်လို့ မရပါဘူး။ အသစ်တစ်ဖန် နောက်တခါမဖြစ်ဘူးဆိုတဲ့ ဥစ္စာကို အဲဒီနိဗ္ဗာန်ကို မြင်ရပါတယ်ဘုရား။ ချုပ်ငြိမ်းတယ်လို့ မြင်ရပါတယ်ဘုရား။

(မေး) အဲဒီတော့ ဘယ်လိုမြင်ရတုံး

(ဖြေ) သောတပတ္တိမဂ်ဉာဏ်ကျတော့ ရုပ်ဝေဒနာကို ဖြစ်ပျက်မသိတဲ့ နေရာလေးမသိတဲ့ နေရာလေးပါဘုရား။ ဒါပဲရှိတယ်။ ဖြစ်ပျက်ဆုံးတဲ့နေရာကလေးကျတော့ မဖြစ်မပျက်တာဆိုတာ။ ဖြစ်ပျက်တာဟာ ဒါမဖြစ်ပျက် တာဟာဒါပဲဆိုတဲ့ ဥစ္စာကို သိရပါတယ်ဘုရား။

(မေး) ဒါဖြင့် ဖြစ်ပျက်ဆိုတာ ဒါ။ မဖြစ်ပျက်ဆိုတာဒါ။ ဖြစ်မှုဇာတိဆိုတာ နောက်ဘယ်နည်းမှ ဖြစ်ပေါ်ဖို့ မရှိဘူး။ သိတယ်။ အဲဒီတော့ ဒီနှစ်ပိုင်းကတော့ထားတော့။ အနာဂါမိမဂ်ဉာဏ် ဘယ်ထဲဝင်နေလဲ။

(ဖြေ) မှန်ပါဘုရား၊ ဒီလိုပါဘုရား။ အဆင့်နှစ်ဆင့်ဟာဖြင့် သောတာပတ္တိမဂ်နဲ့ သောတာပတ္တိဖိုလ်ဆိုတာကတစ်ဆင့်ပါဘုရား။ အနာဂါမ်မဂ်နဲ့ အနာဂါမိဖိုလ်ကတစ်ဆင့်ပါဘုရား။ သဒ္ဒါဂါမိမဂ်၊ သဒ္ဒါဂါမိဖိုလ်က တစ်ဆင့်ပါဘုရား။ ဒီသုံးဆင့်ရှိတဲ့အနက်ဟာဖြင့် တစ်ဆင့်ပြီးတစ်ဆင့်ဟာဖြင့် သူ့ဟာသူသတ်ပြီးတော့

(မေး) တစ်ဆင့်ပြီးတစ်ဆင့် ဆိုတာက နှစ်ပိုင်းရှိတယ်လေ။

(ဖြေ) မှန်ပါဘုရား

(မေး) အောက်ဆုံးအဆင့်နဲ့အထက်ဆုံးဆင့်။
ဒီဟာဖြင့်ပြောတာတော်တော်သေသပ်ပါတယ်။

(ဖြေ) မှတ်ပါတယ်ဘုရား။

(မေး) ဖြစ်တယ်လည်းသိတယ်။ မဖြစ်ဘူးလည်းသိတယ်။ မဖြစ်တာကဒီဟာပဲ။ ဖြစ်တာက ဒီဟာပဲလို့။ အပိုင်းပိုင်းခွဲ တာသူသိတယ်။

(ဖြေ) မှန်ပါတယ်ဘုရား။

(မေး) နောက်ဥစ္စာက နောင်ဘယ်တော့မှ ဖြစ်ပေါ်ခြင်းမရှိတော့ဘူးလို့ သူက သိတယ်။ အဲဒီအနာဂါမိမဂ်ဉာဏ်က ကြားထဲမှာ သူဘာကိုသိလဲ

(ဖြေ) အနာဂါမ်မဂ်က ဖြစ်တာပျက်တာကို သောတာပတ္တိမဂ်နဲ့ သောတာပတ္တိဖိုလ်နဲ့ ဖြစ်တာပျက်တာကိုတော့ သူဖြစ်ပျက်ဆုံးနေတဲ့နေရာက မဖြစ်၊ မပျက်ဘူး ဆိုတာ သူကသိလိုက်ပါတယ်ဘုရား။ အနာဂါမိမဂ်က တော့ အဖြစ်မရှိ မျက်မှောက်ပြုလိုက်တော့ ငြိမ်းနေတဲ့သဘာဝပဲရှိတယ်။ ချုပ်ငြိမ်းနေတဲ့ နေရာလေးဟာဖြင့် သန္တိသုခဆိုတာ ဒါလေးဟာမဖြစ်မပျက်တဲ့ နေရာလေး။ ချမ်းသာပါလား။ ငြိမ်းနေပါလားလို့ သဘောတရားလေးသိရင်ဖြင့်

(မေး) ဒီဥစ္စာက သောတာပတ္တိမဂ်ဉာဏ်လို့ပြောတယ်

(ဖြေ) မှန်ပါတယ်ဘုရား။

(မေး) ဖြစ်တယ်ပျက်တယ်လို့သိရင် ဖြစ်တယ်ပျက်တယ်။ အစစ်အမှန် မဖြစ်မပျက် တဲ့သဘောသိရင် ပထမဆုံး သိနေရမယ့်ဥစ္စာ စာလိုတော့ ဒဿနကိစ္စလို့ သိတယ်။အဲဒီတော့ဒီဥစ္စာက တစ်ပိုင်းဆိုတာမှန်နေတယ်။ နောက်ဆုံးအဲခြေချ လိုက်တာကတော့ တပည့်တော်ကျေနပ်ပါတယ်။ နောက်ရှေ့ဆက်ရမယ့် တစ်စုံ တစ်ရာအနေနဲ့ ဖြစ်တာကို သိတာကို နောက်ဆုံးအရဟတ္တမဂ်ဉာဏ်နဲ့ သိတယ်လို့။ ဒါကလည်းကျေနပ်ပါတယ်။ အနာဂါမိမဂ်ကျတော့ မရှင်း မရှင်းဖြစ်နေတယ်။

(ဖြေ) မကြိုက်တာမေးပါဘုရား။

(မေး) အဲဒီတော့ အနာဂါမိမဂ်ဉာဏ်က ခုနတုန်းက သောတာပတ္တိမဂ်ဉာဏ်မြင်တာ သူမဟုတ်ဘူး။ အရဟတ္တမဂ်ဉာဏ် မြင်တာလည်း သူမဟုတ်ဘူး။ အရဟတ္တ မဂ်ဉာဏ် မြင်တာလဲ သူမဟုတ်ဘူး။ ဒီမှာ သူကငြိမ်းရာကို မြင်နေတယ် ဆိုတော့ သောတာပတ္တိမဂ်ဉာဏ်ကို ညှိုးထိုးပြလိုက်တဲ့ ငြိမ်းရာကိုပဲ သူထပ်မြင်သလား။ ဒါမှမဟုတ် သူကကြားထဲမှာ ဘယ်အဆင့်အတန်းနဲ့ ဘယ်သဘာဝနဲ့တွဲနေတယ်လို့မြင်သလဲ။

(ဖြေ) ပညတ်ရုပ်ပေါ်မှာ သွားပြီးတော့ အဆင့်နဲ့အဆင့်နဲ့ ဒီလိုသွားပြီးတော့ မြင်ရပါတယ်ဘုရား။ ပညတ်ရုပ်ပေါ်မှာ အဆင့်နဲ့အဆင့်နဲ့ ဒီလိုသွားပြီး တော့မြင်ရပါတယ်ဘုရား။ ပညတ်ရုပ်ပေးမှာ အဆင့်နဲ့ အဆင့်နဲ့ ဘယ်လို မြင်ရသလဲတဲ့။ မဟာသောတာပန်သည် ဝေဒနာ၏ဖြစ်စ။ ဖြစ်လယ်။ ဖြစ်ဆုံးကိုကုန်ဆုံးသွားတဲ့ နေရာရောက်သွားတော့ ဟောဒီဖြစ်ပျက်ဆုံးတဲ့ နေရာမှာက ဒါသုခပါလား။ ဒုက္ခမရှိဘူး။ သုခဆိုတဲ့နေရာမှာ အဆုံးအစ ရှိလိုက်တဲ့ဥစ္စာရုပ်နာမ်ဖြစ်ပျက်တွဲနေတဲ့ အချိန်အခါမှာ ဝေဒနာသည် အပိုင်း အပြတ်ကွဲပြီး ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ဒါကွဲနေတဲ့အချိန်အခါမှာ သစ္စာ လေးပါး၊ တရားတော်မြတ်ကို ထိုးထွင်းရတဲ့ အချိန်အခါမှာ အဲဒီအချိန်အခါ မှာ ဒီဟာဟာဖြင့် ငါဆိုတဲ့ အတ္တဒိဋ္ဌိသက္ကာယအစွဲပြုတ်ပါလား။ ဒီမှာဥပါဒါန် လွတ်သွားတဲ့နေရာလေးရခြင်းကြောင့် အဲဒီမှာသောတာပတ္တိမဂ်နဲ့ သောတာ ပတ္တိဖိုလ်ဆိုပြီးတော့ ရုပ်ဝေဒနာကို ဆုံးပါတယ်ဘုရား။ အဲ သကဒါဂါမ် အဆင့်ကတော့ ပညတ်ရုပ်ကို ခန္ဓာကို လက်ဦး သောတာပန်ဆိုတဲ့စိတ်ဖြင့် ရုပ်ဝေဒနာပေါ်မှာအဲဒီအတ္တဒိဋ္ဌိသက္ကာယ အစွဲဖြစ်ပါတယ်ဘုရား။ သကဒါဂါမိ မဂ်ဆိုရင် ပညတ်ရုပ်ကြီးပေါ်မှာ အတ္တဒိဋ္ဌိသက္ကာယအစွဲဟာ အဲဒီမှာချုပ်ပါ တယ်ဘုရား။ အဲဒီမှာ ကိလေသာခေါင်းပါးပါတယ်ဘုရား။ အနာဂါမိမဂ်ဟာ မြင်ဃနတွေပြတ်သွားလို့အဆင်းရုပ်ကလေးပေါ်မှာ ပရမံအနုမြူမှုန်ကလေး လောက်ရှိတဲ့ ရုပ်တရားလေးပေါ်မှာ အဲဒီမှာ အတ္တဒိဋ္ဌိသက္ကာယ အစွဲပြုတ် ပါတယ် ဘုရား။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကျတော့ ဒီအမှုန်ပေါ်မှာ အစွဲမရှိတော့ပါဘူးဘုရား။ လွတ်သွားပါ ပြီဘုရား။ တစ်ဆင့်စီပါဘုရား။

(မေး) သတ္တဝါတွေဟာ များသောအားဖြင့် ရုပ်နာမ်ဖြစ်ပျက် ဆင်းရဲတယ်။ နိဗ္ဗာန် ဟာ မဖြစ်မပျက်ဘူး။ ချမ်းသာတယ်လို့ ဒီလိုဆိုထားကြပါတယ်။ ဒီတော့ အချိန်ဟာ အမှန်အနေနဲ့ ဆင်းရဲ၊ ချမ်းသာဆိုတာ၊ မှန်ပါ့မလား။

(ဖြေ) သမုဒိသစ္စာနယ်မှာဆိုတော့ ဆိုရင်ဖြင့် ရှိနေတဲ့ပုဂ္ဂိုလ်အပေါင်းဟာဖြင့် ဆင်းရဲဒုက္ခကိုတော့ ရှိနေတာ အမှန်ပါဘဲဘုရား။ ဆင်းရဲတယ် ဒီရုပ်နှစ်ခုကို မြတ်စွာဘုရားဟောထားတယ်။ ဖြစ်ပြီးပျက်နေတဲ့ ဒီဒုက္ခကြီးကို ဒီပစ္စုပ္ပန် ကာလမှာပေါ်တဲ့ရုပ်ဟာ ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲနေတဲ့ အနိစ္စပါ ဘုရား။ ဆင်းရဲပါတယ်ဘုရား။ ပစ္စုပ္ပန်မှာဖြစ်ပေါ်တဲ့ဖြစ်ပစ္စုပ္ပန်မှာလည်းဆင်းရဲတယ်။ ဒီ ရုပ်နာမ်ပါဘုရား။ ဒီရုပ်နာမ် ပစ္စုပ္ပန် ကာလက မဖြစ်မပျက်တယ်ဆိုတဲ့

ဥစ္စာကျတော့ သိန္ဒိသုခဆိုတဲ့၊ ချမ်းသာကိုဆိုတာကလည်း ငြိမ်းအေးတယ် ဆိုတာလည်းနိဗ္ဗာန်ဆိုတာလည်း မှန်ပါတယ်ဘုရား။ဒီနှစ်လမ်း ကတော့ရှိပါတယ်ဘုရား။ မှန်တဲ့ဟာကလည်း မှန်ပါတယ်ဘုရား။ မမှန်တဲ့ဟာ ကလည်း၊ မမှန်ပါဘူးဘုရား။ အမှန်ကို မမှန်တာကို မှန်တယ်ရှုရင် အတ္တ။ မှန်တဲ့ဟာက ပစ္စုပ္ပန်ပါဘုရား။ ပစ္စုပ္ပန်မှာပေါ်တဲ့ရုပ်ဟာဖြစ်ရင်အနိစ္စဖြစ်ဆဲ။ ဖြစ်ဆဲဆိုတာ ဆိုလို့ရှိရင် ဒုက္ခဆိုတဲ့ ဥစ္စာကလည်းပဲအနိစ္စဆိုတာပဲ ရှိပါတယ် ဘုရား။ အဲဒီအနိစ္စကို သိမှသာလျှင် အနိစ္စသဘောလက္ခဏာတို့ဟာ အနိစ္စ ဆင်းရဲခြင်း၊ ဆင်းရဲစွာသော ဒုက္ခပါလား။ အနိစ္စဆင်းရဲပါလားလို့ ဒီလိုသိမှ မဖြစ်မပျက်ဘဲ နေတဲ့ဥစ္စာ ချမ်းသာတဲ့နေရာကို မဖြစ်မပျက်တဲ့ နေရာကို အဲဒီတော့မှသိရတယ်။ အဲဒီမှာလွတ်ပါတယ်ဘုရား။ ပစ္စုပ္ပန်မှာတော့ သိနေရ ပါတယ်ဘုရား။

(မေး) ဆင်းရဲတာလဲမှန်တယ်။ ချမ်းသာတာလဲမှန်တယ်။ အမှန်က ဒီဆင်းရဲတာ၊ ချမ်းသာတာအမှန်နှစ်ခုအပေါ်မှာ ဘယ်လိုသဘောနဲ့ ဘယ်သူက ဝင်သုံးသပ် နေသလဲ။ ဒါဆင်းရဲတာ၊ ဒါချမ်းသာတာလို့ ဒီလိုခွဲခြားသလား။

(ဖြေ) ဘယ်သူကသုံးသပ်သလဲ။ ဝိဇ္ဇာကသုံးသပ်တာပါဘုရား။ ဝိဇ္ဇာနာမ်ကသုံးသပ် ပါတယ်ဘုရား။

(မေး) အဲဒီသုံးသပ်တာကရော၊ ချမ်းသာ၊ ဆင်းရဲနှစ်ပါးထဲက ဘယ်ထဲကလဲ။

(ဖြေ) ဆင်းရဲပေါ်လာမှ ဝိဇ္ဇာက သတ်မှတ်ပါတယ်။ ဆင်းရဲမှုမပေါ်ဘဲနဲ့ ချမ်းသာ တာကို မသုံးသပ်ပါဘူး။ ဆင်းရဲတာပေါ်လာတော့မှ မဆင်းရဲတဲ့၊ ဝဇ္ဇာဉာဏ် ရလာတော့မှ ဒါဆင်းရဲတဲ့ရုပ်နာမ် နှစ်ပါးပါလား ဆိုတာ ပေါ်လာပါတယ်။ အဲဒီတော့မှဆင်းရဲတဲ့ရုပ်နာမ်ကို ပယ်သတ်ပြီးတော့ မဖြစ်မပျက်တဲ့ နေရာကို ဝိဇ္ဇာတွေက နေရာယူလိုက်ပါတယ်ဘုရား။

(မေး) မှုချထားသလား။

(ဖြေ) မှန်ပါတယ်ဘုရား

(မေး) ဆင်းရဲတာဆိုတာ တစ်ပါး။ ချမ်းသာတာကတစ်ပါး။ ဒီဟာက ဆင်းရဲတယ်၊ ဒီဟာကချမ်းသာတယ်၊ ဘယသူကသတ်မှတ်တာလဲလို့အရှင်ဘုရားမေးတယ်။ အရှင်ဘုရားက ဝိဇ္ဇာသတ်မှတ်တယ်တဲ့။ အဲဒီဝိဇ္ဇာက ခုနတုန်းက ဆင်းရဲနဲ့ ချမ်းသာနှစ်ပိုင်းထဲက ဘယ်အပိုင်းကလဲလို့။

(မေး) အဲဒီ ဝိဇ္ဇာများတာ ဘယ်အပိုင်းထဲကပါလဲတဲ့။ ဆင်းရဲတဲ့အပိုင်းကလား။ ချမ်းသာတဲ့အပိုင်းကလား။

(ဖြေ) ချမ်းသာတဲ့အပိုင်းထဲကပါ။

(မေး) သန္တိသုခထဲမှာ ချမ်းသာတာလည်းမရှိဘူး။ အရှင်ဘုရား ဝဇ္ဇာက သန္တိသုခ ပါလား။

(ဖြေ) သန္တိသုခပါဘုရား။

(မေး) သန္တိသုခတဲ့။

အရှင်ဘုရားက ချမ်းသာတာတစ်ပိုင်းပိုင်းထားထယ်။ ဆင်းရဲတာတစ်ပိုင်းပိုင်းထားတယ်။ ဒီနှစ်ပိုင်းထဲ့မှာ အရှင်ဘုရားဝိဇ္ဇာက ဘယ်အပိုင်းထဲကလဲ။ ဘယ်အုပ်စုထဲကလဲလို့ မေးတာဘုရား။

(ဖြေ) ချမ်းသာတဲ့ အပိုင်းထဲကပါဘုရား။ စိတ်ချမ်းသာတယ်။ စိတ်

(မေး) အချိန်နဲ့ပစ္စုပ္ပန်ကာလကတော့ တိုက်ဆိုင်ပါက တစ်စုံတစ်ရာမရှိခဲ့သော အတိတ်နဲ့ အနာဂတ်ဆိုတာက ပြောလို့ဖြစ်ပါမလား။

(ဖြေ) အတိတ်နဲ့ အနာဂတ်ဆိုတဲ့ ဥစ္စာက မရှိဘဲနဲ့ ဒါကပြတ်ပြီးသွားတဲ့ရုပ်ကို မရှိဘဲနဲ့ ဥစ္စာကို နောက်ထပ်ပြန်ပြီး ဉပါဒါန်က ဒါကအတိတ်ပဲဘုရား။ မရောက်သေးတဲ့ဥစ္စာမဟုတ်ပဲနဲ့သွားပြီး ညွတ်လိုက် တာကဉပါဒါန်အနာဂါတ် ပဲ ဘုရား။ မရောက်သေးဘဲနဲ့ ညွတ်လိုက်တာ။ ဘာမှ ဒါမဆိုင်ပါဘူးဘုရား။ ပစ္စုပ္ပန်သာ မြတ်စွာဘုရားဟောပါတယ်ဘုရား။ ဒီဥစ္စာက အတိတ်မှန်သလား တဲ့။ မမှန်ပါဘူးဘုရား။ မရောက်သေးတာအသော အနာဂတ်စိတ် မှန် သလားတဲ့။ မမှန်ပါဘူးဘုရား။ ပြောလေ့ပြောထရှိလို့သာ အတိတ်ရယ်၊ အနာဂတ်ရယ်၊ ပစ္စုပ္ပန်ရယ်။ ဒီလိုပြောနေရပါတယ်ဘုရား။

(မေး) ဒါဖြင့်ပစ္စုပ္ပန်ဆိုတာ အခုများမရှိရင် အတိတ်၊ အနာဂါတ်ဆိုတာ ပြောလို့ မဖြစ်တော့ဘူးလား။

(ဖြေ) ပစ္စုပ္ပန်မရှိဘူး။ ပစ္စုပ္ပါန်ကတော့ အခုပစ္စုပ္ပန်ကာလမှာဆိုလို့ရှိရင် အခု အရှင်ဘုရားနှင့် တပည့်တော်နှင့် ဉပမာတစ်ခုမျှ ပြောနေရတာ အခုပစ္စုပ္ပန် ပါဘုရား။ ပြောဆဲမှာပစ္စုပ္ပန်ပါဘုရား။ ဒီပစ္စုပ္ပန်ဆိုတဲ့ဥစ္စာ ပရမတ်သစ္စာနယ် မှာပစ္စုပ္ပန်ဟာရှိပါသေးတယ်ဘုရား။ အနာဂတ်ကာလကြားမှ မရှိတဲ့ ဥစ္စာကို ပစ္စုပ္ပန်လဲ မရှိဘူး။ အတိတ်လဲမရှိဘူး။ မရောက်သေးသောအနာဂတ် ကိုလည်းမသိဘူး။ ကာလသုံးပါး မသိပါဘူး ဘုရား။

(မေး) ပစ္စုပ္ပန်မရှိရင် အနာဂတ်ဆိုတဲ့ သတ်မှတ်ချက်ဟာ ရှိနိုင်ပါဦးမလား။
(ဖြေ) မရှိပါဘူးဘုရား။
(မေး) ဖြစ်ဆဲဥပါဒါန် ပစ္စုပ္ပန်ကနေပြီး ဘယ်ဟာအနာဂတ်လို့သွားသတ်မှတ်မလဲ။
(ဖြေ) မသတ်မှတ်ပါဘူးဘုရား။
(မေး) ဥပါဒါန်ရော
(ဖြေ) ဥပါဒန်ကတော့ သတ်မှတ်ထားပါတယ်ဘုရား။
(မေး) ဒါဖြင့် အဲဒီဥပါဒါန်ပါ မရှိခဲ့သော အနာဂတ်ဆိုတာ ရှိဦးမလား။
(ဖြေ) မရှိပါဘူးဘုရား။
(မေး) အရှင်ဘုရား အကယ်၍သာ ပစ္စုပ္ပန်သာ ချုပ်နေရင် အနာဂတ်ဆိုတာ သတ်မှတ်လို့ ရှိရဦးမလား။
(ဖြေ) မရှိပါဘူးဘုရား။
(မေး) အနာဂတ်မရှိရင် အတိတ်ကောရှိပါဦးမလား။
(ဖြေ) မရှိပါဘူးဘုရား။ အတိတ်လဲမရှိပါဘူးဘုရား။ အနာဂတ်လဲ မရှိပါဘူးဘုရား။
(မေး) ပစ္စုပ္ပန်ကရော တိုက်ဆိုင်ပါလား။
(ဖြေ) သိမှုလေးအပေါ်မှာပါ
(မေး) အကယ်၍ အကြောင်းတစ်စုံတစ်ရာနဲ့ မတိုက်ဆိုင်တဲ့အခါကျတော့ ပစ္စုပ္ပန်ကရော မလွတ်ဘူးလား။
(ဖြေ) လွတ်ပါတယ်ဘုရား။ အကြောင်းအပေါ်မှာ ပေါ်လာတဲ့ ရုပ်ကျတော့မှ အကြောင်း တိုက်ဆိုင်လာတာ သိမှုလေးပေါ်ပါတယ်ဘုရား။ အကြောင်း တရားမတိုက်ဆိုင်တဲ့အချိန်ကျတော့ သဘာဝကုန်ဆုံးပါတယ်ဘုရား သဘာဝ ပါဘဲဘုရား။ ဘာမှ မရှိပါဘူး။ ပစ္စုပ္ပန်မှ မရှိပါဘူးဘုရား။
(မေး) အတိတ်၊ အနာဂတ်ဆိုတာဟာ ပစ္စုပ္ပန်ရဲ့ သတ်မှတ်မှု
(ဖြေ) မှန်ပါတယ်ဘုရား။
(မေး) တပည့်တော်တို့ သဗ္ဗေဓမ္မာ အနတ္တာလို့ ဘုရားဟောရှိတယ်။ အလုံးစုံသော တရားတွေက အနတ္တလို့ ဘုရားကဟောရဲ့သားနဲ့ တပည့်တော်တို့က အတ္တလို့ ဘာလို့ သတ်မှတ်လိုက်တုန်း။
(ဖြေ) အတ္တကို သတ်မှတ်လိုက်တယ်ဆိုတာ ဒီလိုပါဘုရား။ သမုဒယသစ္စာ၊ ပရမတ် သစ္စာဆိုပြီး ရှိပါတယ်ဘုရား။ သမုဒိသစ္စာ၊ အရမတ်သစ္စာ နှစ်နယ်ရှိတဲ့ အနက်က သမုဒယစ္စာနဲ့ ပရမတ်သစ္စာ နှစ်နယ်တွဲထားခြင်းကြောင့်

သမုဒယသစ္စာလဲ ပယ်လို့မရပါဘူးဘုရား။ ပရမတ်သသစ္စာလဲ ပယ်လို့မရပါဘူးဘုရား။ သမုဒယသစ္စာကနေပြီးတော့မှ၊ ပရမတ်သစ္စာကို ကူးရပါတယ်ဘုရား။ သမုဒယသစ္စာကို လွှတ်သွားပါတယ် ဘုရား။ ကနဦးတော့ သမုဒယသစ္စာနယ်မြေက မလွှတ်သေးပါဘူးဘုရား။ သမုဒယ သစ္စာကို အတ္တနဲ့မရ။

(မေး) တပည့်တော်တို့တွက်ထားတာက သဗ္ဗဓမ္မာအနတ္တာကို မယုံလို့ အတ္တလိုက်ချုပ်နေကြတယ်လို့ တပည့်တော်တို့က ဒီလိုတွက်ထားတယ်ဘုရား။ ဘုရားဟောကိုမယုံလို့ သူတို့လိုက်ချုပ်နေကြတယ်လို့ ဒီလိုတွက် ထားတယ်။ အကယ်၍ သဗ္ဗေဓမ္မာ အနတ္တာသာငြိမ်းရင် ဒီအတ္တကို လိုက်ချုပ်နေတယ်လို့ မရှိနိုင်ဘူး။

(ဖြေ) ဒါမှန်ပါတယ်ဘုရား။ အသလွှတ်သိနေတဲ့ ပုဂ္ဂိုလ်ကတော့ အနတ္တချည်းပဲ သိနေတဲ့ ပုဂ္ဂိုလ်ကတော့ ချုပ်သွားပါပြီဘုရား။

(မေး) မဟုတ်ဘူးလေးအရှင်ဘုရား။ အတ္တလို့မသိရင် အနတ္တပဲ။

(ဖြေ) မှန်ပါ့ဘုရား။

(မေး) အဲဒီထဲကနေပြီးတော့ အတ္တချုပ်ချင်တဲ့ဥစ္စာ သူကအတ္တကိုသာသိတော့ သဗ္ဗဓမ္မာအနတ္တထဲကနေလွှတ်ပြီးသီးသန့်လေးရှိနေတော့သူကဖြစ်နေတယ်။

(ဖြေ) မှန်ပါဘုရား။ အနတ္တကတော့ ဒီလိုပါဘုရား။

(မေး) အတ္တချုပ်တဲ့သူမှန်ရင် တပည့်တော်တို့ကအဲဒီအထဲမှာ အနတ္တမယုံလို့ ဘုရားဟောမယုံလို့ လိုက်လုပ်တာ။ သဗ္ဗဓမ္မာ အနတ္တာလို့ ဘုရားကဟောထားတယ်။ မယုံလိုက်က အဲဒီသဗ္ဗဓမ္မာ အနတ္တာကိုဟောတဲ့ ရှိရင် လိုက်ချုပ်နေစရာမလို။ အဲဒီတော့သဗ္ဗဓမ္မာအနတ္တဆိုတာ မြင်တဲ့နေရာမှာဖြစ်တယ်။

(ဖြေ) မမြင်သေးလို့အတ္တလွှတ်နေတာပါ။ မြင်တဲ့အခါကျတော့ မြတ်စွာဘုရားဟောထားတာ အနတ္တပဲလို့တော့ အနတ္တကိုလက်ဦးတော့ အနတ္တ။အတ္တထင်နေရပါတယ်ဘုရား။အတ္တထင်နေတော့ အမှားထင်နေပါတယ်ဘုရား။ အမှားထင်နေတော့နောက်အမှန်မြင်၊ အမှန်သိလာတော့ ဝိဇ္ဇာသိလာတော့ မဟုတ်ပါလားဆိုတော့ အဲဒီမှာ အတ္တပြုတ်ပါဘယ်ဘုရား။

(မေး) အတ္တပယ်တဲ့ နေရာမှာ ဘယ်လိုပယ်လဲ။ အရင်တုန်းကတော့ အတ္တတွေစွဲနေလို့ နောက်တော့ အနတ္တသိတဲ့ဉာဏ်ကနေ အတ္တကိုပယ်လိုက်တယ်။ အဲမင်္ဂလာတရားတော်ကို ဒီမိန်းမဟာ အရင်တုန်းက ကောင်းတယ်ထင်တယ်။ မကောင်းဘူး။ နောက်ကျတော့ ဒီမိန်းမကို ဖောက်ပြန်တာ မြင်တော့

သူကိုကွာပစ်လိုက်တယ်။တပည့်တော်တို့ကလည်း အရင်တုန်းက အတ္တဆိုရင်တော့ စွဲလန်းတာပဲ။ ကောင်းတယ် ထင်ပြီးတော့ စွဲလမ်းတယ်။ နောက် အနတ္တကိုမြင်တဲ့ဉာဏ်ကို မြင်တော့ပယ်ခဲ့တယ်။ အဲ သူ့ကို နဂိုတုန်းကတော့သိလို့ပယ်လိုက်တာလား။ မရှိတာကို မသိသလို မြင်တာကို ပယ်တယ်လို့ ပြောတာလားလို့။

(ဖြေ) ဟိုတုန်းကတော့ အရှိထင်နေတဲ့ တရားပါဘုရား။ ဟိုတုန်းကတော့ အရှိထင်နေတဲ့ တရားပါဘုရား။

(မေး) အရှိထင်နေပေမဲ့ သူကမရှိဘူး။

(ဖြေ) မရှိပါဘူး။ နောက်ကျတော့မှ အရှိထင်နေတဲ့ တရားဟာဖြင့် နောက်ကို မရှိတာကိုတွေ့လာတော့ အဲဒီတော့မှ အရှင် ဘုရားပြောတဲ့ဥစ္စာ လက်ဦးတုန်းကမန်းမတွေယူလိုက်တဲ့ ဥစ္စာကျတော့ ချောတယ်။ လှတယ်နဲ့ ယူလိုက်တာပေါ့။ နောက်ကျတော့ ရန်ဖြစ်တော့ သူ့မုန်းလိုက်တာပေါ့လေ။ ကိုယ်တော်မြတ်ကြီးရဲ့၊ ရန်ဖြစ်လာတော့ရင် မလိုချင်တော့ဘူး။ စိတ်ဆိုးတာပေါ့။

(မေး) ဒီတော့မရှိတော့ဘူး။ မရှိတော့ဘူး။ စွန့်တယ်လို့သုံးလာတာကိုး။

(ဖြေ) မှန်ပါ့ဘုရား။

(မေး) အဲဒီတော့ အိမ်ထဲမှာရှိတဲ့ အမှိုက်သရိုက်တွေကျတော့ ကျုံးစရာတစ်ခုနဲ့ ကျုံးပြစ်ပြီး ဒီလိုစွန့်တာလား။ မရှိတာကို မရှိသလိုမြင်လို့ စွန့်တယ်လို့ ပြောတာလား။

(ဖြေ) မရှိတာကို လက်ဦးတုန်းကတော့ မိန်းမရယ်လို့ထင်မှတ်နေပါတယ်ဘုရား။ နောက်ကျတော့ မိန်းမကို အထင်အမှတ်ပြုတ် သွားတော့ မိန်းမရယ်လို့ မရှိပါလားဆိုတဲ့ဥစ္စာ၊ အမှန်မြင်တော့ကာ အဲဒီဟာ အမှန်မြင်မှ ဒီမိန်းမကို ကွာရပါတယ်ဘုရား။ ပယ်ရပါတယ်ဘုရား။ လက်ဦးတုန်းက စိတ်ကလေးဟာကတော့ မရှိတာကို အရှိထင်နေရပါတယ်ဘုရား။ နောက်ကျ တော့မှ၊ မရှိတာကို အရှိထင်နေတဲ့စိတ် ဟာဖြင့် လက်ဦးစိတ်ကလေးဟာဖြင့်မရှိ။ ဒါကိုရှိအောင်ထင်မှတ်ပြီးတော့ မိန်းမပဲ၊ ဥပါဒါန် ဥပဇ္ဈာယ်ကပ်ပြီးတော့ စွဲကပ်နေတဲ့အစွဲကြီးပါဘုရား။ နောက်ကျတော့ သိလာတဲ့အချိန်ကျတော့ မိန်းမမှုရှိတာမှမဟုတ်ဘဲ သဘာဝပါလားဆိုပြီးတော့မှ အဲဒီတော့မရှိတာ သိတော့မှ ကွာလုပါတယ် ဘုရား။ မရှိတာကို လုံးလုံး မရှိတာကို

ကိုယ်ကရှိတယ်လို့ လက်ဉီးစိတ်က ရှိတယ်လို့မှတ်လို့ အဲဒီမှာစွဲနေရပါတယ် ဘုရား။ မရှိတာစွဲတာပါဘုရား။ ဥပါဒါန်ပါဘုရား။

(မေး) ဒီအဖြေသုံးသပ်တဲ့နေရာပြောတာတော့ ဟုတ်ပြီ။ ခုနတုန်းကပထမနိဗ္ဗာန်ကို ထည့်လိုက်တော့ သဗ္ဗေဓမ္မာအနတ္တာအလုံးစုံဟာ အနတ္တာတစ်မျိုးဘဲရှိတယ်။ ဒီတော့ အတ္တာလို့ထင်နေတယ်၊ မရှိဘူး။ ထင်လုံး ဆိုပြီး မထင်လဲမထင်ဘူး။ အတ္တာဆိုတာထင်ချင်ထင်၊ မထင်ချင်နေ၊ ရှိကိုမရှိဘူး။ သူကမရှိတဲ့သူ။ အလုံးစုံသောတရားတွေဟာအနတ္တာလို့တစ်ခုတည်းမှန်ပါရဲ့သားနဲ့တပည့်တော်တို့ဗမာပြည်ကအတ္တာဖြုတ်ရမယ်ဆိုပြီး တရားတွေလိုက်ဟောတယ်။ ဖြုတ်တဲ့ယောဂီတွေလဲ၊ ဖြုတ်ကုန်ကျပြီ။ ဖြုတ်တဲ့ဥစ္စာ ရှိရဲ့သားနဲ့ကို ဖြုတ်နေတာလား။ မရှိဘဲနဲ့ကို ဖြုတ်နေတာလား။ ဒါဘဲသိချင်တယ်

(ဖြေ) မရှိဘဲနဲ့ဖြုတ်နေတာပါဘုရား။

(မေး) အဲဒီတော့ မရှိဘဲနဲ့ဖြုတ်နေရတော့ အရှင်ဘုရားက မရှိတာကို မရှိသလို၊ သိလာတဲ့အချိန်အခါမှာ အရှင်ဘုရား အတ္တာဆုံးသွားလို့ အရှင်ဘုရား ဒီနည်းကိုလမ်းညွှန်ဦးမလားလို့။

(ဖြေ) အခုတော့ အခုယောဂီပုဂ္ဂိုလ်အပေါင်း။ အဲ သူတို့အဖို့ဟာကတော့ မှန်လှပါဘုရား။မရှိတဲ့ဟာကို အရှိထင်နေကြပါသေးတယ်ဘုရား။ မရှိတဲ့ဥစ္စာကို အရှိထင်နေသေးရင်တော့ အဲဒီအရှိထင်နေတဲ့ ဥစ္စာကို မရှိတဲ့ဥစ္စာကို စွဲနေတဲ့ဥစ္စာကြီးက မရှိတဲ့ဥစ္စာရှိတယ်လို့ မသတ်မှတ်နိုင်ဆိုပြီးတော့ အဲဒီလို ဆွဲပြနေရပါတယ်ဘုရား။နာတယ်၊ကိုက်တယ်၊ ထံတယ်ဆိုတာမရှိဘူး။ သာဝဆိုတဲ့ဥစ္စာကသဘာဝသိတတ်တဲ့သဘော။ မရှိတဲ့ဥစ္စာကို အရှိထင်နေတော့နာတယ်၊ ကိုက်တယ်၊ ထုံတယ်၊ ကျင်တယ်၊ အောင့်တယ်ဆိုတာမရှိဘူး။ မရှိတဲ့ဥစ္စာကို အရှိထင်နေလို့ရှိရင်အပါယ်ဆင်းလိမ့်မယ်လို့ အဲလို တပည့်တော်ဟောရပါတယ်ဘုရား။ အဲဒီလိုဟောရပါတယ်ဘုရား။ မရှိတဲ့ပုဂ္ဂိုလ်အပေါင်းဟာဖြင့်ယောဂီပုဂ္ဂိုလ်အပေါင်းဟာလည်း မရှိတာကို အရှိထင်နေပါတယ်ဘုရား။ အဲဒီဟာကြောင့်မို့လို့ သူတို့ကို အတ္တာဖြစ်နေပြီ။ မရှိတာကို ရှိတယ်လို့တော့ မသတ်မှတ်ကြနဲ့။ ဒကာ၊ ဒကာမများ သိရှိတာက ရုပ်နာမ်သဘာဝဘဲရှိတယ် သူ့သဘောအတိုင်းသူ ဖြစ်မှုသဘော နာမ်ကသိမှုသဘော ရုပ်ကဖေါက်ပြန်တဲ့သဘော သူ့သဘော သူဆောင်နေတဲ့ရုပ်ဟာ သူ့သဘာဝနဲ့သူ ဖြစ်နေတဲ့ရုပ်နာမ်ဒီရုပ်နာမ်ဟာကို ငါကိုက်တယ်။ ငါထုန်တယ်။ ငါကျဉ်တယ်။

ငါရှိတယ်။ ငါကြီးတယ် ဆိုလို့ရှိရင်ဖြင့် အမှားမြင်နေတဲ့ဥစ္စာ အတ္တာဒိဋ္ဌိ သက္ကာယအစွဲပဲ။ အဲဒါ၊ ဒကာ၊ ဒကာမများ အမှားမြင်နေပြီ။ အဲဒါဖြုတ်ကြ ဆိုပြီးတော့ အဲဒါဖြုတ်ခိုင်းနေတာပါဘုရား။ ဒီဟာဘဲ ဖြုတ်ခိုင်းရပါတယ် ဘုရား။ သူတို့စွဲနေမှာကိုဘုရား အဲဒီမစွဲအောင် ကို တပည့်တော် ဖြုတ်ခိုင်း နေရပါတယ်ဘုရား သူတို့အထင်မှား အမြင်မှားကိုဘုရား။ အဲဒီတော့ ဒီဖေါက်ပြန်နေတဲ့ရုပ်ဟာကိုသူတို့ကို သူတို့စွဲကပ်နေတဲ့ဥစ္စာဟာဖြင့် ကမ္ဘာ လဆန်းတစ်ရက်နေ့ကတည်းက စွဲကပ်လာတဲ့ဥစ္စာဟာဖြင့် အမှတ်မှားနေတဲ့ မိန်းမပဲ၊ ယောက်ျားဘဲ၊ ငါ့ကိုယ်ပဲ၊ ငါ့ခြေပဲဆိုတာ အမှတ်မှားနေပါတယ် ဘုရား။ အယူမှားနေပါတယ်ဘုရား။ ဒီအယူမှားတဲ့ဟာကို ပြတ်အောင် လို့သဘာဝကိုစွဲပြီး သဘာဝရုပ်၊ သဘာဝနာမ်ပေါ်အောင် သဘာဝသစ္စာ ဖြစ်အောင်လို့သဘာဝကိုစွဲပြီး သဘာဝရုပ်၊ သဘာဝနာမ်ပေါ်အောင်သဘာဝ သစ္စာဖြစ်အောင်လို့ဒီဟာပြရပါတယ်ဘုရား။ ပြနေရတာတော့အားကျပါတယ် ဘုရား။ အနတ္တစိုက်အောင်ပြရပါတယ်ဘုရား။

(မေး) အနတ္တမရှိဘူးလည်း ပြောတယ်၊ ပြလည်းပြတယ်။

(ဖြေ) မရှိတဲ့အနတ္တကတော့ တစ်မျိုးပါဘုရား။ မရှိတဲ့အနတ္တကတော့ သုည။ ဘာမှ မရှိပါဘူးဘုရား။ အနတ္တကုန်ဆုံးပါပြီ။

(မေး) အတ္တာကိုမရှိဘူးလည်းပြောတယ်။

(ဖြေ) မရှိတဲ့ဥစ္စာကို အတ္တစွဲ စွဲနေပါတယ်ဘုရား။ မရှိတာကို စွဲတာပါဘုရား။ မရှိတာကိုစွဲတဲ့ဥစ္စာကို အတ္တဖြစ်နေခြင်းကြောင့်ဟာဖြင့်ရင် မသိတာကို ပေါ်လွင်အောင်လို့ အဲဒီဟာကို စွဲပြနေရပါတယ်ဘုရား။ မရှိတာကို သူ့ကို သတ်မှတ်နေတာပါဘုရား။ ရှိတယ်လို့သတ်မှတ်ပြီး အတ္တဖြစ်နေတာပါဘုရား။ သူစွဲနေတဲ့အတ္တပါဘုရား။ အဲဒီသူတို့စိတ်တွေထင်နေကြတယ်။ မရှိဘဲနဲ့ မမှန်တဲ့တရားကြီးကို အမှန်ထင်နေကြတယ်။ မရှိပဲနှင့် မမှန်တဲ့တရားကြီးကို အမှတ်ထင်နေပါတယ်ဘုရား။မမှန်တဲ့တရားကို အမှန်ထင်နေတော့အဲဒီတရား ကို စွဲပြီးတော့ ဒကာ ဒကာမများ မရှိပဲနှင့် အရှိထင်မနေကြနဲ့မရှိဘူး။ သဘာဝသစ္စာဆိုတာ ရုပ်နာမ်ပဲရှိတယ်။ သူ့သဘောနဲ့သူဖြစ်တာ ပျက်တာဘဲ ရှိတယ်။ ဒါပဲရှိတယ်။ သူ့သဘောအတိုင်း သူဖြစ်နေတဲ့ ဥစ္စာကို ဒကာမကြီး တို့က၊ မရှိတာကို စွဲမနေကြနဲ့ဆိုပြီးတော့ အဲဒါအဖြုတ်ခိုင်းတာပါ ဘုရား။

(မေး) တပည့်တော် ဒီနေရာမှာ အတ္တနဲ့သုံးနှုန်းမယ့်အစား ဝိပ္ပလ္လာလို့ သုံးနှုန်းလို့ ရှိရင်ကော အဆင်ပြေမယ်ထင် တယ်။

(ဖြေ) တပည့်တော်က စာကလည်း မတတ်တော့ အခေါ် တတ်ဖူးဘုရား။

(မေး) မဟုတ်ဘူးလေ။ ဗမာပြည်အသုံးမှာ ဒီလိုဖြစ်နေတယ်။ သဗ္ဗေဓမ္မာ အနတ္တာလို့လည်းပြောတယ်၊ အတ္တလည်း တမင်လိုက်သုံးရတယ်။ ဝိပ္ပလ္လာသဆိုတာ မရှိတာကို အရှိထင်ပြီး ဖေါက်ပြန်ပြီးအထင်မှား နေပြီဆိုတာ ဒါကိုအတ္တလို့ ပါဠိလိုလုပ်ထားတယ်။ ဒါဖြင့်ပင် သဗ္ဗေဓမ္မာ အနတ္တာနဲ့လိုက်ကြည့်ရင် အတ္တဆိုတာမရှိဘူး။ ဝိပ္ပလ္လာသ။ အရှင်ဘုရားမှာ တပည့်တော် ခြောက်လုံးပြူးပါတယ်လို့တပည့်တော်ထင်တယ်။ တရားသာလာဟောတယ်။ကိုယ်တော်ကြီး ခြောက်လုံးပြူးပါတယ်တဲ့။

(ဖြေ) မပါပါဘူးဘုရား။

(မေး) ထင်တာပါ

(ဖြေ) မှန်ပါတယ်ဘုရား။ ထင်တာပါ။

(မေး) ကိုယ်တော်ထင်လို့ရှိရင် ခုနကထင်ရတယ်။ မထင်ရဘူးမပြောဘူး။ တပည့်တော်ကိုယ်တော်ထင်လိုက်တာပါ။ လိုက်တာကို တပည့်တော် မသိပါဘူး။ မရှိဘူးပြောပေမယ့် ယုံမှမယုံဘဲကိုး။ အဲဒီတော့ ကြည့်ချင်ရာလျှောက်ကြည့်တော့ တပည့်တော်မရှိမှန်းသိတော့ ငါအထင်မှား တာဘဲလို့။ အဲဒီလိုအထင်မှားတာကို ပါဠိလိုရေးတော့ အတ္တလို့ ဒီဟာကို အများသုံး ခေါ် ပြောတယ်။

(ဖြေ) မှန်ပါဘုရား။ စာလိုကတော့ တပည့်တော်မသိပါဘူးဘုရား။

(မေး) ဗမာပြည်ရဲ့အသုံးကိုဖြစ်နေတယ်။

(ဖြေ) မှန်ပါဘုရား။

(မေး) သဗ္ဗေဓမ္မာအနတ္တာဆိုတော့ အကုန်လုံးတရားတွေက အနတ္တ

(ဖြေ) မှန်ပါတယ်ဘုရား။

(မေး) အဲဒီအနတ္တမှန်တော့ကာ အနတ္တအနေနဲ့ဆိုလို့ရှိရင် အနတ္တထမှာ ဒါဟာ ဒုက္ခ၊ ဒါဟာ သမုဒယ၊ ဒါဟာ နိရောဓ၊ ဒါဟာ မဂ္ဂလို့ ဒီလို အနတ္တထဲမှာ ရှိပါသေးလား။

(ဖြေ) ဒါဟာ အနိစ္စ၊ ဒါဟာ ဒုက္ခ၊ ဒါဟာ အနတ္တ ရှိနေလို့ရှိရင် ဘယ်ကလာ အနတ္တဆိုက်မှာလဲ အရှင်ဘုရား။

(မေး) ဒါဖြင့်ရင် ဒီဒုက္ခ၊ သမုဒယ၊ နိယောဓ၊ မဂ္ဂဆိုတာဟာ အတ္တရဲ့ သတ်မှတ်ချက်လား။ အနတ္တကိုယ်က အနတ္တထဲမှာကို ရှိနေလို့လား။

(ဖြေ) ဒါကဝဇ္ဇာ၏သညာ။ အဝိဇ္ဇာ၏ သညာ ရှိနေပါတယ်ဘုရား။ ဝိဇ္ဇာသညာ ဆိုတဲ့ဥစ္စာဝိဇ္ဇာ၏သညာဟာဖြင့် သဘာဝဖေါက်လာပြီဆိုလို့ရှိရင် ဒုက္ခကိုမြင် လာတော့ကြော် ဒီဝိဇ္ဇာဟာဒီရုပ်နဲ့ဒီနာမ် ဒုက္ခကြီးပါလား လို့ဆိုတဲ့ ဝိဇ္ဇာသညာ ပေါ်လာတဲ့အချိန်အခါမျိုးကျတော့ အတ္တမဖြစ်နိုင်တော့ပါဘူး ဘုရား။. ဝိဇ္ဇာဉာဏ်ရ လာပါတယ်ဘုရား။

(မေး) ဒါကတော့ ဝိဇ္ဇာပေါ့။

(ဖြေ) မှန်ပါတယ်ဘုရား။

(မေး) ဝိဇ္ဇာကအတ္တမဟုတ်ဘူးပေါ့

(ဖြေ) မှန်လှပါ။ မဟုတ်ပါဘူးဘုရား။ အတ္တကတော့အမှားမြင်နေတဲ့ ဥစ္စာ အတ္တပါ ဘုရား။ ဒါကဝိဇ္ဇာဉာဏ်နဲ့ မြင်နေရတဲ့အမှန်မြင်ပါဘုရား။

(မေး) တပည့်တော် သဘောပေါက်ထားတာက သဗ္ဗေဓမ္မာ အနတ္တာလို့ဆိုတာ မှန်ရဲ့သားနဲ့ဒီဟာဒုက္ခဒီဟာ သမုဒယ၊ ဒီဟာနိရောဓ၊ ဒီဟာမဂ္ဂလို့ ဘယ်အတ္တ ကသွားသတ်မှတ်တာလဲလို့။ အကယ်၍သာ အနတ္တတစ်ခု တည်းသာမှန်ရင် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂလို့ သတ်မှတ်စရာလဲဘဲ မရှိတော့ဘူး။ သတ်မှတ်သူမှာသာဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဆိုတာရှိမယ်။ သတ်မှတ်သူ မရှိရင် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဟာ မရှိဘူးလို့ ဘုရားတပည့်တော် ဒီလိုမြင်တယ်။ မြင်နေပါတယ်ဘုရား။

(ဖြေ) ဒါကတော့ အရှင်ဘုရား။ ဒုက္ခ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဒီလိုသတ်မှတ်ခြင်းဟာကတော့ မဂ္ဂသစ္စာ ဆိုတဲ့ဥစ္စာက ပွားများနေရဘုရား။ ဒီရုပ်နဲ့ ဒီနာမ်ပေါ်ကို ပွားများနေမှ သာလျှင်မဂ္ဂသစ္စာကိုပွားများတိုင်း ဒုက္ခသစ္စာပေါ်လာပါတယ်ဘုရား။အဲဒီဟာ ပွားများ နေတာကတော့ ပရမတ်သစ္စာနယ်မှာကတော့မလွတ် မြောက်နိုင် သေးပါဘူး။ ဒီမှာအတ္တတော့ ပါသေးတယ် ဘုရား။ ဒီအတ္တနဲ့ လုပ်နေရ ပါတယ်ဘုရား။ ဝိဇ္ဇာကတော့ ဝိဇ္ဇာဉာဏ်ပါဘုရား။ မလွတ်သေးပါဘူး။ သင်္ခါရနဲ့ မလွတ်သေးပါဘူး။ ဒီမှာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာသစ္စာလေးပါးနဲ့ပွားများ နေရတာက အတ္တနဲ့လုပ်ပြီး ပွားများ ရပါတယ်ဘုရား။ သူကဘာလဲတဲ့ အတ္တတော့ အတ္တပဲတဲ့။ ဝိဇ္ဇာသညာ

ဖြစ်နေပါတယ်ဘုရား။ ဝိဇ္ဇာဉာဏ်ရပါတယ်။ သူကဘာဖြစ်လဲတဲ့။ အတ္တအစစ် မဟုတ်ပါဘူးဘုရား။ ဝိဇ္ဇာဉာဏ်ရရင်ပောင်မှ သူက ဒီဝိဇ္ဇာဉာဏ်နဲ့ အနတ္တဆိုက်အောင် သူကသွားပါတယ်ဘုရား။ ဒါကြောင့်မို့လို့ သူကပွားများ ပြီးတော့ တစ်ဆင့်နဲ့တစ်ဆင့်၊ တစ်ဆင့်နဲ့တစ်ဆင့် ပွားများပြီး သွားနေရပါ တယ်ဘုရား။

(မေး) ဒါဖြင့် ပွားများလို့သာ ဆိုလိုရင်းက ပွားများလို့သာ၊ မပွားများခဲ့သော် ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဆိုတာဟာ အနတ္တထဲမှာ သီးသန့်မရှိဘူး၊ ဒီလိုလား ဘုရား။ ဆရာတော်ဆိုလိုရင်းက ပွားများတဲ့ ပုဂ္ဂိုလ် အဖို့မှာအတ္တ ဤကား ဒုက္ခ၊ ဤကားသမုဒယ၊ ဤကား နိရောဓ၊ ဤကားမဂ္ဂဆိုပြီးသိပြီ။ အကယ်၍ သာမပွားများခဲ့သော် အနတ္တသာတစ်ခုထဲများနေတဲ့အတွက်အနတ္တထဲမှာဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဆိုတာ သီးသန့်မရှိတော့ဘူး။

(ဖြေ) အဲဒီလို ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ သစ္စာလေးပါး အနတ္တထင်ထင်ရှားရှားကြီး နေတဲ့ ပုဂ္ဂိုလ်ကတော့ ဒီဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာလဲမရှိတော့ပါဘူးဘုရား။ အတ္တမရှိတော့ ပါဘူးဘုရား။ အနတ္တဆိုက်နေတဲ့ဥစ္စာ ဘာမှမရှိပါဘူးဘုရား။ အနတ္တမဆိုက် လို့ ရှိရင် ဒီဟာဆိုက်နေရပါ သေးတယ်ဘုရား။

(မေး) အရှင်ဘုရား၊ ဘုရားတပည့်တော်တစ်ခုလျှောက်ပါရစေ။ တရားမပွားများမီ၊ မပွားများမီအခါတုန်းက အရှင်ဘုရားစိတ်ဖြစ်ရပ်နဲ့ ယခုတရားပွားများပြီး နောက် ဒီဘက်ဖြစ်ပေါ်နေတဲ့ စိတ်ဖြစ်ရပ်နဲ့ ဒီနှစ်ခုမှာ ဘယ်လိုကွာခြား ပါလဲ။

(ဖြေ) တရားမကျင့်ခင်တုန်းကစိတ်။ တရားကျင့်ပြီးတော့ အခုစိတ်။ အခုပစ္စုပ္ပန် စိတ်နဲ့ဆိုလို့ရှိရင်ဖြင့်ဟိုအတိတ် စိတ်တုန်းကဆိုလို့ရှိရင်ဖြင့် အဲဒီစိတ်ကတော့ ဆင်းရဲတာပေါ့ဘုရား။ အခုပစ္စုပ္ပန်ကာလမှာ တရားကျင့်သုံး ပြီးတော့အခု နေတဲ့ စိတ်ကတော့ နာမ်တရားဟာ ပကတိနာမ်ကနေ ကိလေသာမရှိတော့ ရုပ်နာမ်ချုပ်နေပြီး သဘာဝတရားရောက်နေတော့ ဘာမှမရှိပါဘူးဘုရား။ တစ်ခုတည်းပဲသိနေပါတယ်ဘုရား။ ရပ်နေပေါ်တယ်ဘုရား။ ထွက်နေသေးလို့ ရှိရင်ဖြင့် ဘေးတွေဖြစ်နေပါသေးတယ်ဘုရား။ ဟိုတုန်းက တရားမကျင့်ခင် တုန်းက စိတ်ကတော့ မျက်စိကလဲဝင်သွားတယ်။ ကိလေသာဝင်ပြီးတော့ အဲဒီမှာ ဘေးဖြစ် နေပါတယ် ဘုရား။ မဟုတ်တာတွေ အမှတ် မှား၊

အထင်မှားပြီးအယူမှား မှားနေပါတယ်ဘုရား။ အဲဒီအမှတ်မှား။ အယူမှား။ အထင် မှားတွေပျောက်သွားလို့ သဘာဝဆိုတာ ရပ်သွားတော့ ဒုက္ခမရှိ တော့ပါ ဘူးဘုရား။ ချုပ်သွားပါပြီဘုရား။

(မေး) ဒုက္ခချုပ်တယ်ဆိုတာ သဲအင်းဂူဆရာတော် အမိန့်ရှိတဲ့အတိုင်း တပည့်တော် နားလည်လိုက်တာက ဒီရုပ်ဒီနာမ် တွေဖြစ်ပျက်တာ ချုပ်တာမဟုတ်ဘူး။ ရုပ်နာမ်တွေအပေါ်မှာ ဥပါဒါန်အစွဲချုပ်တာ။ ဒီလိုလားဘုရား။

(ဖြေ) ရုပ်နာမ်ပေါ်မှာဥပါဒါန် အစွဲအကုန်လုံး ဥပါဒါန်တွေ ချုပ်သွားပါတယ်ဘုရား။ ရုပ်နာမ်ဖြစ်ပျက်ချုပ်တာ မဟုတ်ပါဘူးဘုရား။ ဥပါဒါန်အကုန်လုံးဟာဖြင့် မျက်စိ ဥပါဒါန်၊ နားကဥပါဒါန်၊ နှာခေါင်းကဥပါဒါန်၊ ကိုယ်အတွေ့ကဥပါဒါန်၊ ပါးစပ်ဥပါဒါန်။ဒီဥပါဒါန်တွေ အကုန်ချုပ်သွားပါတယ်ဘုရား။ ရုပ်နာမ်ကတော့ မချုပ်ပါဘူးဘုရား။ ဒီဥပါဒါန်တွေချုပ်သွားပါတယ်ဘုရား။

(မေး) ဒါကိုပဲ နိဗ္ဗာန်ခေါ် ရမှာပါဘုရား။

(မေး) နိဗ္ဗာန်ခေါ် လိုက်ပြီဆိုရင် ပညတ်ဖြစ်သွားပါပြီဘုရား။

◇◇◇

## နိဂုံးချုပ်

◆◆◆

ဘဒ္ဒန္တ ဥက္ကဋ္ဌမထေရ် ထေရုပ္ပတ္တိကထာ သဲအင်းဂူ ပဋိပတ္တိ သာသနာ ပထမတွဲတွင် ရေးသား ဖေါ်ပြထားသည့် အကြောင်းအရာများမှာ –

(၁) စာပေမတတ်သည့် တောသားလေး မောင်အောင်ထွန်း

(၂) အပေါင်းအသင်းမှားခဲ့သည့် မောင်အောင်ထွန်း

(၃) ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျခဲ့သည့် မောင်အောင်ထွန်း သည် (၄၆)နှစ် တိုင်တိုင် လူမသမာအဖြစ် အသက်ကြီးပြင်းလာခဲ့ ပါသည်။

သို့သော် –

(၁) စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ဖတ်ရပြီးသည့်နောက် မရှေးမနှောင်းမှာပင် ခားခုတ်ခံရသောကြောင့် တရားအားထုတ်ခဲ့ပါသည်။

(၂) တရားအားထုတ်ခဲ့သည်မှာ မဟာသတိပဋ္ဌာန်(လမ်းစဉ်) အရ

(၃) မိမိ၏ (စွမ်းအင်) ရှိသမျှ လူသေရင်သေ – မသေရင်တရားရ – ရသည့်စိတ်ရှိခဲ့ပါသည်။

(၄) ထို့ကြောင့် တရားထူး – တရားမြတ်ကို ရရှိခဲ့ပါသည်။ ထိုသို့တရားထူးတရားမြတ် ရရှိခဲ့သည်ကို မှော်ဘီမြို့နယ်တဝိုက်က အယုံ အကြည်မရှိခဲ့ပါ။

သို့သော် --

(၁) သန်လျင်ဆရာတော် ဦးတိလောကဉာဏ (P.K)

(၂) ဦးစိန်ခို (ဓမ္မာစရိယ)

(၃) ဘဒ္ဒန္တ ဩဿဝ - ပခန်းဆရာတော် - ဟသ်ာတမြို့

(၄) ဂွတ္တလစ်ဆရာတော် နှင့် ယောဂီအချို့

(၅) ကျောက်သဘော်ဆရာတော်နှင့်အဖွဲ့မှ သဲအင်းဂူဆရာတော်ဘုရား အားကျင့်ကြံအားထုတ်ခဲ့ပုံနှင့် တွေ့ရှိခဲ့သောတရားများကိုမေးမြန်းခဲ့ကြပါသည်။ သဲအင်းဂူဆရာတော်ဘုရားက ဖြေကြားခဲ့ပါသည်။

တနည်းအားဖြင့် -

ပရိယတ်စာပေတတ်ကျွမ်းပြီး -ဝေါဟာရ စကားကြွယ်သူများအဖွဲ့ (ဝါ) ဂန္ထဓုရ-ဝိပဿနာဓုရ စွယ်စုံရတော်မူသော ဆရာတော်များအဖွဲ့နှင့် စာပေမတတ် လူဆိုးဘဝမှ သံဝေဂရပြီး တရားအားထုတ်တော်မူခဲ့သော သဲအင်းဂူဆရာတော် ဘုရား၏ ခန္ဓာကိုယ်တွေ့ အမေးနှင့်အဖြေတို့ကို မူရင်းတိတ်ခွေအတိုင်း ဖော်ပြလိုက်ပါသည်။

**သဘောတရားနှင့် လက်တွေ့ လက်တွေ့နှင့်သဘောတရား။**
မိမိဉာဏ်မှီရာအချက်အလက်များ ကိုလိုသလို အသုံးချနိုင်စေရန် ဖေါ်ပြပြီးသည့်နောက် သဲအင်းဂူဆရာတော်ဘုရား၏ ထေရုပ္ပတ္တိ ပထမတွဲကို ဤနေရာတွင် နိဂုံးချုပ်လိုက်ပါသည်။

ဒုတိယတွဲတွင် ဖော်ပြမည့် အကြောင်းအရာများမှာ သဲအင်းဂူဆရာတော် ပေးသနားတော်မူခဲ့သည့် (ဟောကွက်) နှင့် (ရှုကွက်) များအကြောင်းနှင့် သဲအင်းဂူ ဆရာတော်ဘုရား မရှိသည့်နောက် သာသနာတော်တိုးတက်ဖွံ့ဖြိုးလာပုံ အကြောင်းများဖြစ်ပါသည်။

သာဓက -

(က) သာသနာရေးတွင် အကြောင်းအမျိုးမျိုးတို့ကြောင့် မိမိဦးအောင်ထွန်းကဲ့သို့ မျက်ကန်း သဖွယ်ဖြစ်နေသည့်သူများအား ပေးသည့် (ရှုကွက်)

(ခ) ဘာသာရေးတွင် မိရိုးဖလာမျှ သဘောပေါက်နေသည့် သူများအားပေးသည့် (ရှုကွက်)

(ဂ) ဘာသာရေးတွင် အငယ်တန်းမှအစ ဓမ္မာစရိယဘွဲ့ ရရှိပြီးသည့် အချို့သောရဟန်းတော် များနှင့်လူပြန်ကော် ပညာရှိအချို့အား ပေးသည့် (ရှူကွက်)

(ဃ) ဘာသာရေးတွင် သူပရိသတ်နှင့်သူ နာမည်ကျော်ကြား နေသည့် ဓမ္မကထိကဆရာတော် အချို့အား ပေးသည့် (ရှူကွက်)။

(င) ဘာသာရေးတွင်ဗုဒ္ဓဘာသာဝင်မဟုတ်သော ဘာသာခြား တရားဟောဆရာအား ပေးသည့် (ရှူကွက်)

(စ) ဘာသာရေးတွင် (အနေမြတ်ရန်) နှင့် (အသေတတ်ရန်) ပေးသည့် (ရှူကွက်)

**"ပေးကားပေး၏ မရပါ"** ဆိုသကဲ့သို့မဟုတ်ပါ။ အမည်နာမ၊ နေ့ရက်အစုံဓါတ်ပုံနှင့်တကွ ဖေါ်ပြပါမည်။

သဲအင်းဂူဆရာတော်ဘုရားက ခန္ဓကိုယ်တွေ့ (ရှူကွက်) ပေးရာ၌ သဘောအားဖြင့် အဓိပ္ပါယ်ဖွင့်ဆိုရသော် **"အသုံးလုံး"** သင်တန်း ပေးသည်မှအစ ဘွဲ့လွန်သင်တန်းပေးသကဲ့သို့ ထိုထိုယောဂီ တို့၏ အဆင့်အတန်းအလျောက် ချီးမြှင့်ခဲ့ပါသည်။ ဤကား ရှူကွက် အကြောင်းဖြစ်ပါသည်။

သဲအင်းဂူဆရာတော်ဘုရားအနေဖြင့် ဓမ္မကထိက မဟုတ်သော ကြောင့် တရားဟောရာတွင် ဟောရိုးဟောစဉ် - သုတ် - ဝိနည်း - အဘိဓမ္မာ မဟုတ်စေကာမူ မိမိကိုယ်တိုင် **"လူသေရင် သေ - မသေရင် ကိလေသာ သေ ရမည်"**ဆိုသည့် စိတ်ဓာတ်ဖြင့် အားထုတ်တော်မူခဲ့သည့် ခန္ဓာကိုယ်တွေ့တရားများကို ဟောကြား တော်မူခဲ့ပါသည်။ တရာဟောကွက်များစွာ ရှိသည့်အနက် မြင့်မြင့် မားမား **"မဂ်လေးပါး"** တရားတော်မြတ်ကို ဟောကြားတော်မူခဲ့ ပုံကို ဒုတိယတွဲတွင် ဖော်ပြပါဦးမည်။

ထိုအပြင် ကျား-မ-မရွေး၊ ဘာသာမရွေး၊ လူမျိုး မရွေး နားလည် သဘောပေါက်စေနိုင်သည့် ဆောင်ပုဒ် **"ကိုယ့်စိတ် ကိုယ်စစ်"** စသည့် အသုံးအနှုန်းများဖြစ်ပေါ်လာပုံကို ဒုတိယတွဲ တွင် စုံလင်စွာဆက်လက်ဖော်ပြပါမည်။

◇◇◇

## ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်ကို ပူဇော်လျက်

◆◆◆

ရေး ✦ ဆရာရန်နိုင်စိန်(ဝဏ္ဏကျော်ထင်၊ နိုင်ငံဂုဏ်ရည် (တ))

ဆို ✦ ကိုထွန်းရွှေ–ခင်မြထွေး၊

စောင်း ✦ (ဖျာပုံ)ကိုသိန်းဟံကြီး
(ယဉ်ကျေးမှုကဇာတ်အဖွဲ့)

ဆိုင်း ✦ စိန်အေးမြင့်

၁။ မြတ်ဆရာ သဲအင်း ---------၊ အမြဲလင်း ရောင်ရှိန်ဖြာ၊ ဇွဲတင်းလို့ ဘောင်ချိန်ခါ။ လက္ခဏာရှုပွား---၊ (လေးပါးမဂ် ဟောကွက်နိုင်တယ်) ၂။(တောထွက်ပိုင်ရတဲ့တရား) ---၂။ (သဒ္ဒါကများလျက်ပါ)၊ နားရက်မှာမနား ----- ။ ဖျားလျက်သာ မြတ်တရား၊ ထပ်မနားပြခဲ့ပေရှာ။ တရားမှန် ကိုယ်တွေ့၊ လိုသရွေ့ဟောမိန့်မြွက်ခါ။

**ဟမေးသမျှ ဖြေရာမှာ၊ သေအချာစည်ကြီးသို့၊ မြည်ဟည်းလို့ တုန်တုန်ခါ နတ်ဘုံသို့သာ** = မထေရ်ကြီး ဇွဲတင်းခါ။ သဲအင်းဆရာ တို့ဘုန်းခေါင်မြတ်ဘုရား--- ။
သဲအင်းဆရာ တို့ဘုန်းရှင်မြတ်ဘုရား---။

✧✧✧

# အမှားအမှန် ပြင်ဆင်ဖြည့်စွက်ချက်

| စာမျက်နှာ | ကြောင်းရေ | စာသားအမှား | စာသားအမှန် |
| --- | --- | --- | --- |
| မျက်နှာဖုံးပွင့်ဆိုချက် | ၂၃ | ၂-လတိုင်တိုင် | ၂၁-လတိုင်တိုင် |
| ၃ | ၂ | ပဋိပတ္တိသာသနာ | ပဋိပတ္တိသာသနာ |
| ၁၈ | ၁ | တောမထွက်လျှင် | တာမထွက်လျှင် |
| ၁၈ | ၇ | တောထွက်ခဲ့ရာ | တာထွက်ခဲ့ရာ |
| ၁၉ | ၁ | အနိုင်အမခံ | အနိုင်မခံ |
| ၂၄ | ၉ | မှက်ကိက် | မှက်ကိုက် |
| ၂၄ | ၁၀ | မိမိဝတထားသည့် | မိမိဝတ်ထားသည့် |
| ၂၅ | ၄ | ပေါ်ကတ်ဆိုသူအအိမ် | ပေါ်ကက်ဆိုသူ၏အိမ် |
| ၃၀ | ၈ | မြေမြှုပ်ထားသည့် | မြေမြှုပ်ထားသည့် |
| ၃၁ | ၆ | ဟဲ့ ၏၏ အောင်ထွန်းရဲ့ | ဟဲ့ အောင်ထွန်းရဲ့ |
| ၃၇ | ၄ | ရန်ဆိုင်တွေ့ | ရင်ဆိုင်တွေ့ |
| ၄၃ | ၁၇ | (ထ-၆လုံးအပိုဖြစ်) | |
| ၄၅ | ၂ | ငါလဲကျင့်ရင်းဖြစ်မှာပဲ | ငါလဲကျင့်ရင်ဖြစ်မှာပဲ |
| ၄၈ | ၃ | လက်ညှိဝင်သွား | လက်ညိုးဝင်သွား |
| ၄၈ | ၁၄ | ငါကိုမမျှော်ကိုးနဲ့ | ငါ့ကိုမမျှော်ကိုးနဲ့ |
| ၄၉ | ၉ | ဝရိယ/ အာကာဝရိယ | ဝီရိယ၊ အာတာပီဝီရိယ |
| ၄၉ | ၁၀/၁၁ | စွရိယ | ဝီရိယ |
| ၅၆ | ၁ | လမ်းစဉ်လမ်းစဉ်အရ | လမ်းစဉ်အရ |
| ၅၆ | ၂ | အလုံးစံသော | အလုံးစုံသော |
| ၅၆ | ၁၁ | ဦးဗုမ်၏ | ဦးဗုဝ်၏ |
| ၅၈ | ၂၃ | ဗောဇင်္ဂပဗ္ဗ | ဗောဇ္ဈင်္ဂပဗ္ဗ |
| ၅၈ | အောက်ဆုံးကြောင်း | ဝိစိကိစ္စ | ဝိစိကိစ္ဆာ |
| ၅၉ | ၂ | ရူပခန္ဓာ | ရူပက္ခန္ဓာ |
| ၅၉ | ၆ | ဝိညကန္ခာ | ဝိညာဏက္ခန္ဓာ |
| ၅၉ | ၈ | စက္ခုယတန | စက္ခာယတန |
| ၅၉ | ၁၅ | ဗေဇ္ဈင်တရား | ဗောဇ္ဈင်တရား |
| ၅၉ | ၂၄ | နိယောဓသစ္စာ | နိရောဓသစ္စာ |
| ၆၁ | ၁၁ | အာကာပိ | အာတာပီ |
| ၆၁ | ၁၃ | အာကာပိသမ္ပာနော | အာတာပီသမ္ပဇာနော |
| ၆၅၊ ၆၆၊ ၆၇ | ၁၊ ၁၊ ၁၊ ၂၂ | အာနပါန | အာနာပါန |
| ၆၅ | ၁၁၊ ၁၄၊ ၁၆ | ပရိနိဗ္ဗာန်ရိ | ပရိနိဗ္ဗာရီ |
| ၇၂ | ၁၁ | ဣရိယာမယ | ဣရိယာပထ |
| ၇၂ | ၁၇ | ဝိက္ခမ္ဘနဘာန | ဝိက္ခမ္ဘန |
| ၇၇ | ၁၉ | ဖျက်လိုဖျက်စီး | ဖျက်လိုဖျက်ဆီး |
| ၈၁ | ၉ / ၁၃ | ဗဟိဒ္ဓိ | ဗဟိဒ္ဓ |
| ၈၉ | ၁၉ | ဝိပါတ် | ဝိပါက် |
| ၁၀၁ | အောက်ဆုံးကြောင်း | သင်္ခါရ ရူပက္ခဉာဏ် | သင်္ခါရုပက္ခာဉာဏ် |

## အမှားအမှန် ပြင်ဆင်ဖြည့်စွက်ချက်

| စာမျက်နှာ | ကြောင်းရေ | စာသားအမှား | စာသားအမှန် |
|---|---|---|---|
| မျက်နှာဖုံးဖွင့်ဆိုချက် | ၂၃ | ၂-လတိုင်တိုင် | ၂၁-လတိုင်တိုင် |
| ၃ | ၂ | ပဋိပတ္တိသာသနာ | ပဋိပတ္တိသာသနာ |
| ၁၈ | ၁ | တောမထွက်လျှင် | တာမထွက်လျှင် |
| ၁၈ | ၇ | တောထွက်ခဲ့ရာ | တာထွက်ခဲ့ရာ |
| ၁၉ | ၁ | အနိုင်အမခံ | အနိုင်မခံ |
| ၂၄ | ၉ | မှက်ကိက် | မှက်ကိုက် |
| ၂၄ | ၁၀ | မိမိဝတထားသည့် | မိမိဝတ်ထားသည့် |
| ၂၅ | ၄ | ပေါ် ကတ်ဆိုသူအအိမ် | ပေါ် ကက်ဆိုသူ၏အိမ် |
| ၃၀ | ၈ | မြေမြှုပ်ထားသည့် | မြေမြှုပ်ထားသည့် |
| ၃၁ | ၆ | ဟဲ့ ၏၏ အောင်ထွန်းရဲ့ | ဟဲ့ အောင်ထွန်းရဲ့ |
| ၃၇ | ၄ | ရန်ဆိုင်တွေ့ | ရင်ဆိုင်တွေ့ |
| ၄၃ | ၁၇ | (ထ-၆လုံးအပိုဖြစ်) | |
| ၄၅ | ၂ | ငါလဲကျင့်ရင်းဖြစ်မှာပဲ | ငါလဲကျင့်ရင်ဖြစ်မှာပဲ |
| ၄၈ | ၃ | လက်ညှိုဝင်သွား | လက်ညိုးဝင်သွား |
| ၄၈ | ၁၄ | ငါကိုမမျှော်ကိုးနဲ့ | ငါ့ကိုမမျှော်ကိုးနဲ့ |
| ၄၉ | ၉ | ဝရိယ/ အာကာဝရိယ | ဝီရိယ၊ အာတာပီဝီရိယ |
| ၄၉ | ၁၀/၁၁ | ဗွရိယ | ဝီရိယ |
| ၅၆ | ၁ | လမ်းစဉ်လမ်းစဉ်အရ | လမ်းစဉ်အရ |
| ၅၆ | ၂ | အလုံးစံသော | အလုံးစုံသော |
| ၅၆ | ၁၁ | ဦးဗုမ်၏ | ဦးဗုဝ်၏ |
| ၅၈ | ၂၃ | ဗောဇင်ပဗ္ဗ | ဗောဇ္ဈင်ပဗ္ဗ |
| ၅၈ | အောက်ဆုံးကြောင်း | ဝိစိကိစ္စ | ဝိစိကိစ္ဆာ |
| ၅၉ | ၂ | ရူပခန္ဓာ | ရူပက္ခန္ဓာ |
| ၅၉ | ၆ | ဝိညက္ခန္ဓာ | ဝိညာဏက္ခန္ဓာ |
| ၅၉ | ၈ | စက္ခုယတန | စက္ခာယတန |
| ၅၉ | ၁၅ | ဗေဇ္ဈင်တရား | ဗောဇ္ဈင်တရား |
| ၅၉ | ၂၄ | နိယောဓသစ္စာ | နိရောဓသစ္စာ |
| ၆၁ | ၁၁ | အာကာပိ | အာတာပီ |
| ၆၁ | ၁၃ | အာကာပိသမ္ပာနော | အာတာပီသမ္ပဇာနော |
| ၆၅၊ ၆၆၊ ၆၇ | ၁၊ ၁၊ ၁၊ ၂၂ | အာနပါန | အာနာပါန |
| ၆၅ | ၁၁၊ ၁၄၊ ၁၆ | ပရိနိဗ္ဗာန်ရိ | ပရိနိဗ္ဗာရိ |
| ၇၂ | ၁၁ | ဣရိယာမယ | ဣရိယာပထ |
| ၇၂ | ၁၇ | ဝိက္ခမ္ဘနဘာန | ဝိက္ခမ္ဘန |
| ၇၇ | ၁၉ | ဖျက်လိုဖျက်စီး | ဖျက်လိုဖျက်ဆီး |
| ၈၁ | ၉ / ၁၃ | ဗဟိဒ္ဓိ | ဗဟိဒ္ဓ |
| ၈၉ | ၁၉ | ဝိပါတ် | ဝိပါက် |
| ၁၀၁ | အောက်ဆုံးကြောင်း | သင်္ခါရ ရူပက္ခညာဏ် | သင်္ခါရုပက္ခာဉာဏ် |

| စာမျက်နှာ | ကြောင်းရေ | စာသားအမှား | စာသားအမှန် |
|---|---|---|---|
| ၁၀၃ | ၁၂ | ဝသိပေါ် | ဝသိဘော် |
| ၁၀၃ | ၂၄ | စွဲထား့သော | ဆွဲထားသော |
| ၁၀၈ | ၇ | တစ်အမျိုးပါလား | တစ်မျိုးပါလား |
| ၁၀၈ | ၇၊ ၉၊ ၂၀၊ ၂၃ | ပစ္စုပ္ပန် | ပစ္စုပ္ပါန် |
| ၁၀၉ | ၁၂ | အဂ္ဂနိရ္ဒဘုံကြီး | အကနိဋ္ဌဘုံကြီး |
| ၁၁၀ | ၁၈ | ဝိညာဏ်ကလေးကတော့ | ဝိညာဏ်ကလေးကတော့ |
| ၁၁၀ | ၂၉ | ဘဏ္ဍာနပညတ် | သဏ္ဍာနပညတ် |
| ၁၁၁ | ၁၀ | ဟာတစ်လောကလုံး | ဟောတစ်လောကလုံး |
| ၁၁၃ | ၁၊ ၁၂ | အဂ္ဂနိဃအနိဋ္ဌဘုံ | အကနိဋ္ဌဘုံ |
| ၁၁၅ | ၁၈ | သက်န်းဆီးမယ် | သက်န်းစည်းမယ် |
| ၁၁၈ | ၂၂ | ပဗ္ဗဇိတဘာဝဒုလ္လဘဟူ | ပဗ္ဗဇိတဒုလ္လဘဟူသော |
| ၁၁၉ | ၁၂ | အကွနိဋ္ဌ | အကနိဋ္ဌ |
| ၁၁၉ | ၂၁ | ပဗ္ဗဇိတဘာဝ | ပဗ္ဗဇိတဘာဝ |
| ၁၂၀ | ၁ | ပဗ္ဗဇိတဘာဝဒုလ္လဘ | ပဗ္ဗဇိတဘာဝဒုလ္လဘ |
| ၁၂၄ | ၆ | (ပေ ၇၀) ကျော် | (ကေ ၇၀) ကျော် |
| ၁၃၈ | ၁၆ | ပေါ် လာသလည်း | ပေါ် လာသနည်း |
| ၁၄၅ | ၁၈ | မြင်မြင်တာ မတ်တတ် | မြင်မြင်တာ မတ္တ |
| ၁၄၆ | ၁၊ ၅၊ ၆၊ ၁၅ | မတ်တတ်၊ မတ်တပ် | မတ္တ(ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ-မှ) |
| ၁၄၇ | ၁၂ | ဦးကည္တ့က | ဦးကံညွန့်က |
| ၁၅၀ | ၁၁ | လျှောက်ထားတံအခါ | လျှောက်ထားတဲ့အခါ |
| ၁၆၃ | ၁၁ | ထုံးပါတယ် | ထူးပါတယ် |
| ၁၆၃ | ၁၉ | ဆရာတောက | ဆရာတော်က |
| ၁၆၄ | ၁၀ | ဝေဒနာရဲ့သဘောမျာ | ဝေဒနာရဲ့သဘောများ |
| ၁၆၄ | ၂၀ | လျှောင်ထားတော့ | လျှောက်ထားတော့ |
| ၁၆၅ | ၆ | ကောင်မှုကံကို | ကောင်းမှုကံကို |
| ၁၇၃ | ၂၄ | မနောဝိဉာဏလေးကတော့ | မနောဝိညာဏလေးကတော့ |
| ၁၇၄ | ၉၊ ၁၂ | မနောဝံညာနက္ခန္ဓာ | မနောဝိညာဏက္ခန္ဓာ |
| ၁၇၅ | အောက်ဆုံးကြောင်း | သဉာလိမ်တာ | သညာလိမ်တာ |
| ၁၈၀ | ၂၈ | စိတ်သုန်း | ဆိတ်သုဉ်း |
| ၁၈၃ | ၂၄ | အာနပါနပေ့ါ | အာနာပါနပေါ့ |
| ၁၈၄ | ၁၀ | ရပ်သွားတာပါတယ် | ရပ်သွားပါတယ် |
| ၁၈၈ | ၂၆ | အတ္တဒိဋ္ဌိသက္ကာရ | အတ္တဒိဋ္ဌိသက္ကာယ |
| ၁၈၈ | အောက်ဆုံးကြောင်း | သမဝါယမ၊ သမာသတိ၊ သမာသမာဓိ | သမ္မာဝါယမ္မ၊ သမ္မာသတိ၊ သမ္မာသမာဓိ |
| ၁၉၁ | ၂၀ | နရောဓသစ္စာ | နိရောဓသစ္စာ |
| ၁၉၂ | ၈ | နဗ္ဗာန်ရယ် | နိဗ္ဗာန်ရယ် |
| ၁၉၅ | ၁ | သိန္ဒိသုခ | သန္ဒိသုခ |
| ၁၉၇ | အောက်ဆုံးကြောင်း | သမုဒယစ္စာနဲ့ | သမုဒယသစ္စာနဲ့ |
| ၁၉၈ | ၁ | ပယလို့မရပရမတ်သသစ္စာ | ပယ်လို့မရပရမတ္ထသစ္စာ |
| ၂၀၃ | ၃ | ဒါယဝဇ္ဇာ၏သညာ | ဒါယဝိဇ္ဇာသညာ |

ရဟန္တာပုဂ္ဂိုလ်ထူးဟု ကျော်ကြားခဲ့သော

မူလသဲအင်းဂူဆရာတော်ဘုရားကြီး

ဘဒ္ဒန္တဥက္ကဋ္ဌမထေရ်

၏

ထေရုပ္ပတ္တိကထာ

# ဒုတိယတွဲ

မကြာမီထွက်မည်

# မဟာသတိပဋ္ဌာနသုတ်တော်

၄၀၇ - ရဟန်းတို့၊ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို

ခုနစ်နှစ်ကာလပတ်လုံး၊ ခုနစ်လတို့ကာလပတ်လုံး၊ ခုနစ်ရက်တို့ကာလပတ်လုံးပွားများအံ့၊

မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန်အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ

ဤဖိုလ်နှစ်ပါးတို့တွင် တစ်ပါးပါးသောဖိုလ်ကို (အမှန်ရပေမည်ဟု) အဆိုရှိအပ်၏။

ရဟန်းတို့ --- ဤခရီးလမ်းသည် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန်

(တစ်ကြောင်းတည်းသော ခရီးလမ်းဖြစ်၏)

# တောင့်တခြင်းရှိသောပုဂ္ဂိုလ်

## အာသံသသုတ်အင်္ဂုတ္တိုရ်ပါဠိတော်

တောင့်တခြင်းရှိသော ပုဂ္ဂိုလ်သည် အဘယ်နည်း။

ဤမည်သော ရဟန်းသည် အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် မျက်မှောက်ပြုလျှက်

ရောက်နေသည်ဟုကြား၏။ ထိုအသံကိုကြားသဖြင့် အဘယ်အခါ၌

ငါသည်လည်း ယခုဘဝ၌ပင်လျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်

မျက်မှောက်ပြုလျှက် ရောက်၍နေအံ့နည်း ။

ဤအကြံသည်ဖြစ်၏။

ရဟန်းတို့ --- ဤပုဂ္ဂိုလ်ကို

တောင့်တခြင်းရှိသော ပုဂ္ဂိုလ်ဟုဆိုအပ်၏။

# တောင့်တခြင်းရှိသော

## ဦးအောင်ထွန်း

သဲအင်းဂူ ဆရာတော်အလောင်းလျာသည် စွန်းလွန်းဂူကျောင်းဆရာတော်၏ ထေရုပ

ဖတ်ပြီးနောက် သူရဟန္တာဖြစ်ရင် ငါလည်းကျင့်ရင်ဖြစ်ရမှာပေါ့

(ဤစိတ်အကြံသည်ဖြစ်၏။)